မန္တလေးမြို့

ပရိယတ္တိသာသနဟိတအသင်း



# နှစ်တစ်ရာပြည့်အထူးထုတ်

# စာစောင်

# မန္တလေးမြို့
# ပရိယတ္တိသာသနဟိတအသင်းကြီး၏
# ဓမ္မလက်ဆောင်



မဟာသကျသီဟဘုရား



အရှင်သုဇာတ
မိုးတားသာသနာပိုင်ဆရာတော်

# မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း
# အလုပ်အမှုဆောင်အဖွဲ့
# သန္ဒေသကထာ အမှာစာ

ဤနှစ်တစ်ရာပြည့် စာစောင်တွင် –

သာသနာတော်သက္ကရာဇ် ၂၄၄၂–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၀–ပြည့်နှစ်မှစ၍ သာသနာတော်ကို ချစ်မြတ်နိုးတော်မူကြကုန်သော မိုးထားဆရာတော် အမှူးရှိသည့် ဆရာတော်ဘုရားကြီးများနှင့်၊ ပွဲစားကြီး ဦးထွန်း အမှူးရှိသည့် ဥပသကာများတို့ တိုင်ပင်ညီညွတ်ကြကာ အသင်းကြီးကို စတင် ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။

စတင်ဖွဲ့စည်း တည်ထောင်ချိန်မှစ၍ နှစ်ပေါင်း (၁၀၀) အတွင်း

(၁) အသင်းကြီး၏ ရည်သန်ချက်များ အောင်မြင်ပေါက်မြောက်စေရန် သင်းမလူကြီး အဆက်ဆက်တို့ ကြိုးစားဆောင်ရွက်ခဲ့ကြပုံ၊

(၂) ဤအသင်းကြီးမှ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်ပေါင်း (၁၃၄၂) ပါးတို့ကို မွေးထုတ်နိုင်ခဲ့ပုံ၊

(၃) စေတနာ၊ သဒ္ဓါ၊ ဝီရိယ တရားတို့ ထက်သန်စွာဖြင့် တစ်နှစ်ထက်တစ်နှစ် ဆတက်တန်ဘိုး တိုး၍တိုး၍ လှူဒါန်းခဲ့ကြသော ပါရမီဖြည့်ဖက် အလှူရှင် အဆက်ဆက်တို့၏ နိစ္စဓူဝတ်မပျက် လှူဒါန်းခဲ့ကြပုံ၊

စသည့် အသင်းကြီး၏ သာသနာပြုလုပ်ငန်းများအပေါ် စာပေပညာရှင်၊ ရဟန်းပညာရှိ၊ လူပညာရှိ အသီးသီးတို့က အမြင်အမျိုးမျိုး ရှုထောင့်အဖုံဖုံတို့ဖြင့် ရေးသားပေးပို့ကြသော ဆောင်းပါးများအား အသင်းကြီးမှ ချမှတ်ထားသော မူများနှင့်အညီ အကြိမ်ကြိမ် စိစစ်တည်းဖြတ်ပြီးမှ ရဟန်းရှင်လူ အများပြည်သူတို့ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် ရည်သန်၍ နှစ် (၁၀၀) ပြည့်စာစောင်ကို "ဓမ္မဒါန" အဖြစ် ရိုက်နှိပ် ထုတ်ဝေအပ်ပါကြောင်း။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနဟိတအသင်းကြီး
မန္တလေးမြို့။

# အသင်းတံဆိပ်
# အဓိပ္ပါယ်ဖွင့်ဆိုချက်

(၁) အောက်ခံရောင်

(က) ပရိယတ္တိသာသနဟိတအသင်း၊ မန္တလေးမြို့၊ စိရံတိဋ္ဌတု၊ ဟူသော ပတ်လည်စာတမ်း၏ အောက်၌ အပြာရောင်၊

(ခ) အမှတ်အသား (၆)မျိုးတို့၏အောက်၌ အဝါရောင်၊

(ဂ) သမင်နှစ်ကောင်၌ အနီရောင်ဟူသော အောက်ခံရောင် (၃) မျိုးတို့ကို တွေ့ရပါသည်။

(က) အပြာရောင် ။ ။ အပြာရောင်သည် မိုးကောင်းကင်ကို ကိုယ်စားပြုသော အရောင် ဖြစ်ပါသည်။

ဤအသင်းကြီးသည် သာသနာတော်သုံးရပ်အကျိုး သည်ပိုးဆောင်ရွက်နေကြသူ သာသနာပြုပုဂ္ဂိုလ်အားလုံးတို့၏ စိတ်ကို အစဉ်အမြဲ ကြည်လင်ေးအမြဲ၍ နေစေရန် ဟူသော (ဝါ) နေစေရမည်ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။

(ခ) အဝါရောင် ။ ။ အဝါရောင်သည် ဘုရားရှင်၏ သာသနာတော်အား ကိုယ်စားပြုသည့် အရောင် ဖြစ်ပါသည်။

ဘုရားရှင်၏ သာသနာတော်သုံးရပ်အား အစဉ်အမြဲထွန်းလင်းတောက်ပနေအောင် ဆောင်ရွက်မည်ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။

(ဂ) အနီရောင် ။ ။ အနီရောင်သည် ရဲရင့်ခြင်း၊ စွန့်စားခြင်း၊ ပြတ်သားခြင်းကို သင်္ကေတပြုသည့်အရောင် ဖြစ်ပါသည်။

ဤအသင်းကြီးသည် သာသနာတော်သုံးရပ်၏ အကျိုးကို သည်ပိုးဆောင်ရွက်ရာ၌ ဆရာ, ဒကာ, နှစ်ဘက်လုံးမှ ရဲရဲရင့်ရင့် စွန့်စွန့်စားစား ပြတ်ပြတ်သားသား ဆောင်ရွက်မည်ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။ (သမင်နှစ်ကောင်၌ အနီရောင်ဆိုးထားပါသည်)။

ပတ်လည်စာတမ်းများဖြင့် -

၁။ အသင်းအမည်။

၂။ အသင်းတည်ရာ။

၃။ အသင်းစတင်တည်ထောင်သည့်ခုနှစ်။

၄။ အသင်းကြီး ကြာမြင့်ရှည်စွာ တည်ပါစေဟူသော ဆုတောင်းထားခြင်းတို့ကို ဖေါ်ပြပါသည်။

(၂) အလယ် အဝါရောင်ပေါ်၌ -

(က) ရေ (ဃ) ထီး
(ခ) ကြာ (င) စကြာပုံသုံးခု
(ဂ) ပလ္လင် (စ) သမင်နှစ်ကောင် ဟူသော

သရုပ်ဖေါ် အမှတ်အသား (၆) မျိုးတို့ကို တွေ့ရပါသည်။

(က) ရေ ။ ။ ပရိယတ္တိသာသနဟိတအသင်းတည်းဟူသော ကန်ဘောင်ကန်သင်းရှိနေသမျှကာလပတ်လုံး (ဝါ) ပရိယတ္တိတည်းဟူသော ကန်ဘောင်ကန်သင်းရှိနေသမျှ ကာလပတ်လုံး ပဋိပတ္တိတည်းဟူသော "ရေ" တည်ရှိနေနိုင်သည်ဟူသော အဓိပ္ပါယ်ကို ဖေါ်ဆောင်ပါသည်။

(ခ) ကြာ ။ ။ ပဋိပတ္တိတည်းဟူသော "ရေ" ရှိနေသမျှကာလပတ်လုံး ပဋိဝေဓတည်းဟူသော ဓမ္မမြတ် "ကြာ" တို့လည်း ရှိနေမည်ဟူသော အဓိပ္ပါယ်ကို ဖေါ်ဆောင်ပါသည်။

(ဂ) ပလ္လင် ။ ။ ကြာနှင့်တူသည့် "ပဋိဝေဓ" ကို အလိုရှိသူတို့သည် မဂ္ဂင်ရှစ်ပါးတည်းဟူသော ဓမ္မပလ္လင်၌ ရပ်တည်လျက် နိုင်မြဲစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်ဟူသော အဓိပ္ပါယ်ကို ဖေါ်ဆောင်ပါသည်။
(ပလ္လင်၌ အထက်လေးဆင့်၊ အောက်လေးဆင့် ရှစ်ဆင့်ပါရပါမည်။)

(ဃ) ထီး ။ ။ မဂ္ဂင်ရှစ်ပါးတည်းဟူသော ပလ္လင်ထက်၌ နိုင်မြဲစွာ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်ကြသူများအဘို့ အရဟတ္တဖိုလ်တည်းဟူသော "ထီး" ကို ဆောင်းနိုင်ကြမည်ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။ (ဝါ) အရဟတ္တဖိုလ်တည်းဟူသော ထီးကို လက်ကိုင်ပြုလျက် ဝဋ်ဒုက္ခဝပ်သိမ်းတို့၏ အပြီးသတ် ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည် ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။

(င) စကြာပုံသုံးခု ။ ။ အထက်ပါအကျိုးတရား အဆက်ဆက်ကို ပြီးစေနိုင်ရန် (ဝါ) သာသနာသုံးရပ်တည်လျက် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ရန် အသိ အကျင့် စသည်တို့သည် ပိဋကတ်သုံးပုံဈာန်းဟူသော ဗုဒ္ဓ၏ ပါဝစနများ၌သာ တည်ရှိကြောင်း အဓိပ္ပါယ်ကို ဆောင်ပါသည်။

(စ) သမင်နှစ်ကောင်။ ။ သမင်နှစ်ကောင်တို့သည် တံဆိပ်ဝန်းဘေး၌ ရံလျက် ရှိသော ကျိုးနွံစွာဖြင့် ပျပ်ဝပ်ခစားနေဘိသကဲ့သို့ သာသနာသုံးရပ်၏ အကျိုးကို သည်ပိုးဆောင်ရွက်ကြမည့် သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်များနှင့် သာသနာပြုပုဂ္ဂိုလ်နှစ်မျိုးလုံးတို့သည် (ဝါ) ဆရာ+ဒကာ နှစ်ဦးလုံးတို့သည် အသင်းကြီး၏ ရည်သန်ချက်များ အောင်မြင်ပေါက်မြောက်နိုင်စေရန် အများပြည်သူတို့၏ ကြည်ညိုလေးစား မေတ္တာထားမှုကို အစဉ်အမြဲ ခံယူလျက် ကျိုးနွံရဲဝန့်စွန့်စား ပြတ်သားစွာ ရပ်တည်ဆောင်ရွက်သွားကြမည်ဟူသော အဓိပ္ပါယ်ကို ဆောင်ပါသည်။

မှတ်ချက် ။ ။ သမင်သည် ချစ်စဘွယ်ရှိသည်၊ လျင်မြန်သည်၊ ဖျပ်လပ်သည်၊ အခြားသတ္တဝါများအားလည်း ရန်မမူတတ်၊ မြက်နုကိုသာ စားသည်၊ ပတ္တမြားပင်တွေ့သော်လည်း မိမိအရာမဟုတ်၍ မစား၊ လူတို့က အထူးမြတ်နိုးချစ်ခင်ကြသည်။ ဓမ္မစက္ကပဝတ္တနမိဂဒါဝန အထိမ်းအမှတ်လည်း ဖြစ်ပါသည်။



ဘဒ္ဒန္တမေဓိယာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

နယားကျောင်း

ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။



ဘဒ္ဒန္တဉာဏဝရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
အောင်မြေရတနာကျောင်း
ညောင်ကန်တိုက်၊မန္တလေးမြို့။



ဘဒ္ဒန္တကေလာသာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ

သမ္မတစာချကျောင်း

မဏိရတနာရာမမြတောင်တိုက်၊မန္တလေးမြို့။



ဘဒ္ဒန္တပညာသာမီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ဝိနယနယူပဒေသကျောင်း
မစိုးရိမ်ကျောင်းတိုက်၊မန္တလေးမြို့။



ဘဒ္ဒန္တသာသနာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
သာသနပါလရွှေဝါဝင်းကျောင်း
မဏိရတနာရာမ-မြတောင်တိုက်၊မန္တလေးမြို့။



ဘဒ္ဒန္တတေဇောသာရာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ

နိကာယနယူပဒေသကျောင်း

မစိုးရိမ်ကျောင်းတိုက်၊မန္တလေးမြို့။



ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ

အလယ်တိုက်ကျောင်း

ပေါက်မြိုင်ကျောင်းတိုက်၊မန္တလေးမြို့။



ဘဒ္ဒန္တသီရိန္ဒာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ဓမ္မကာယကျောင်း
မစိုးရိမ်တိုက်သစ်၊မန္တလေးမြို့။



### မန္တလေးမြို့ ဘုရားကြီးတိုက်၊ နယားကျောင်း

## ဆရာတော်ဘဒ္ဒန္တမေဓိယာဘိဝံသ

### (အဘိဓဇမဟာရဋ္ဌဂုရု)၏

## ဩဝါဒကထာ

ဩဝါဒကထာကို နာယူကြသော ပရိသတ်အပေါင်း သူတော်ကောင်းတို့ ပစ္စည်းနှင့် ကောင်းသောအကျင့် နှစ်ပါးတို့တွင် အဘယ်က သာသနာတော်ကို ကာလရှည်မြင့် တည်စေနိုင်သနည်း ဟူသော အမေးစကားနှင့် စပ်လျဉ်းပြီး အင်ကြင်းပင်အစုံတို့၏အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ခင်းထားသော ညောင်စောင်းပေါ်တွင် မြတ်စွာဘုရားသည် လက်ျာခြေတော်၌ လက်ဝဲခြေတော်ကို စဉ်းငယ်လွန်ကာ တင်ထား၍ အပ္ပမာဒ ခေါ် သတိတရားရှိလျှက် သမ္ပဇည ခေါ် ပညာဖြင့် ဆင်ခြင်ကာ လက်ျာနံတောင်းဖြင့် လျောင်းတော်မူ၏။

အောက်မြေအပြင် စကြာဝဠာအနားရေးမှ အထက်ဗြဟ္မပြည်တိုင်အောင် လည်းကောင်း၊ အထက်ဗြဟ္မပြည်မှ အောက်မြေအပြင် စကြာဝဠာအနားရေးတိုင်အောင် လည်းကောင်း၊ မြတ်စွာဘုရားကို ပူဇော်ကုန်အံ့ဟု စည်းဝေးနေကြရာ "မန္ဒာရဝ" မည်သော နတ်ပန်းတို့ကိုလည်းကောင်း၊ စန္ဒကူးနံ့သာမှုန့်တို့ကိုလည်းကောင်း၊ နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကိုယ်တော်ထက်သို့ ကြဲဖြန့်၍ လွှမ်းပြီး ကြဲဖြန့်ကာ မပြတ်မစဲ ကြဲဖြန့် ပူဇော်ကုန်၏။ နတ်တူရိယာတို့လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျှက် ရှိကုန်၏။ နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ ဖြစ်ပေါ်လျှက် ရှိကုန်၏။

အာနန္ဒာ ဤမျှလောက် ပူဇော်ပသမှုဖြင့် ငါဘုရားကို အပြည့်အဝ ပူဇော်ပသသည် မမည်သေးဟု မြတ်စွာဘုရားက မိန့်တော်မူ၏။ ပစ္စည်းဥစ္စာဖြင့် ပူဇော်ခြင်းမည်သည် သာသနာတော်ကို တစ်ရက်မျှလည်းကောင်း၊ ယာဂုတစ်ရွတ်သောက်မျှလည်းကောင်း၊ ကာလမြင့်ရှည် မတည်စေနိုင်၊ အဘယ်မှာလျှင် သာသနာတော်ကို သန့်ရှင်းစင်ကြယ် ပြန့်ပွား အောင် ပြုလုပ်နိုင်အံ့နည်း။

အာမိသပူဇာမှုနှင့်စပ်လျဉ်း၍ ဥပမာပြရလျှင် အနည်းငယ်သော ပစ္စည်းဥစ္စာဖြင့် ပူဇော်ခြင်းမျှသာမဟုတ်၊ သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီးနှင့်တူသော ကျောင်း တိုက်ကြီးပေါင်း အထောင်ကလည်းကောင်း၊ သီဟိုဠ်ကျွန်း မဟာစေတီကြီးနှင့်တူသော စေတီ ကြီးပေါင်း အထောင်ကလည်းကောင်း၊ သာသနာတော်ကို မတည်တံ့စေနိုင်၊ သာသနာတော် ကို သန့်ရှင်းစင်ကြယ်ပြန့်ပွားအောင် မလုပ်နိုင်ရာ၌ကား ပြောဘွယ်မရှိ။ အဘယ်မှာလျှင် သာသနာတော်ကို သန့်ရှင်းစင်ကြယ် ပြန့်ပွားအောင် ပြုလုပ်နိုင်အံ့နည်း၊ ကျောင်းတိုက် ဆောက်လုပ်လှူဒါန်းသူ ကျောင်းဒါယကာ, ကျောင်းဒါယိကာမ, စေတီတည်ထားကိုးကွယ်သူ ဒါယကာ, ဒါယိကာမတို့အားသာလျှင် ကောင်းကျိုးချမ်းသာကို ရနိုင်သည်။

ကောင်းသောအကျင့်သည်ကား မြတ်စွာဘုရားအား ထိုက်တန်သင့်လျော် ပူဇော်ခြင်း မျိုးမည်၏။ ကောင်းသောအကျင့်ကိုသာလျှင် မြတ်စွာဘုရားလိုလားတော်မူသည်။ သာသနာ တော်ကို ကာလမြင့်ရှည် တည်တံ့စေခြင်းငှာလည်း စွမ်းနိုင်၏။ ကောင်းသောအကျင့်သည် သာသနာတော်ကို ကာလမြင့်ရှည် တည်တံ့စေနိုင်သည်သာမက ပြုကျင့်သူ ရဟန်း ရှင် လူ ..ားလည်း ပစ္စည်းအလှူထက်ပိုပြီး လူ နတ် နိဗ္ဗာန် သုံးတန်သောအကျိုးများကို ရရှိစေနိုင် သည်ဟု ဖေါ်ပြထားပါသည်။ ဒီ၊ ၂၊ ၁၁၄။ ဒီ၊ ၄၊ ၂။ ၁၆၉။

ထို့ကြောင့် ဤခေတ်သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ခေတ်ဖြစ်ပြီး ပစ္စည်းလှူဒါန်းပူဇော်ခြင်းဖြင့်သာ ရောင့်ရဲမနေကြဘဲ ခေတ်အားလျော်စွာ ရဟန်း တော်များကလည်းကောင်း၊ နိုင်ငံတော်အစိုးရကလည်းကောင်း၊ ပြည်သူလူထုကလည်း ကောင်း၊ ကောင်းသောအကျင့်ဖြင့် သာသနာတော်ကာလမြင့်ရှည် သန့်ရှင်းတည်တံ့ပြန့်ပွား စေရန် ကောင်းသောအကျင့်ကို ကျင့်ကြရန် တိုက်တွန်းအပ်ပါသတည်း။ ။

ဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဇေမဟာရဋ္ဌဂုရု)
မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ နယားကျောင်း။



## ထားဝယ်မြို့ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်

## ပဓာန နာယက

## နိုင်ငံတော်သြဝါဒါစရိယ

## အဘိဓဇမဟာရဋ္ဌဂုရု   အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# ဆရာတော် ဘဒ္ဒန္တ ဃောသိတာဘိဝံသ ၏

# သြဝါဒကထာ

"ကိစ္ဆောမနုဿပဋိလာဘော" အစရှိသော ဓမ္မပဒကျမ်းလာ ဗုဒ္ဓဒေသနာတော်နှင့်အညီ လူ့အဖြစ်သည် ရခဲလှသော ဒုလ္လဘတစ်ပါး ဖြစ်ပေသည်၊ လူ့အဖြစ်ဟူရာ၌ အဆိုးအကောင်း အကျိုးအကြောင်းကို ဟုတ်တိုင်းမှန်စွာ သိရှိခွဲခြားတတ်သော လူ့အဖြစ်က ပို၍ ဒုလ္လဘဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ထိုဒုလ္လဘအမျိုးအစားတွင်လည်း မျက်မှောက်အကျိုး ဘဝသံသရာအကျိုးနှင့် မဂ် ဖိုလ် နိဗ္ဗာန် ထိအောင် ကောင်းကျိုးရအောင် အားထုတ်ကြိုးပမ်းသော လူ့အဖြစ်ကသာလွန် ဒုလ္လဘဖြစ်သည်ဟု ထပ်မံဆိုနိုင်ပေရာ ရှေးရှေးဘဝ ပုညကုသိုလ်ခိုင်မာသူတို့သာ ထိုသို့သော ဒုလ္လဘကို ရရှိနိုင်ပေသည်။ ထိုရှေးကုသိုလ်ကောင်းသည့် လူကောင်း သူကောင်း အဖြစ်ကို ရစေနိုင်သည့် ပဋိသန္ဓေမျိုးစေ့နှင့်တကွ အမိုကောင်းဟူသော သပ္ပုရိသူ ပနိဿယကိုလည်း ရစေနိုင်သည့်အရပ်ဒေသ၌ ဖြစ်ထွန်းရေးကိုပါ အားပေးထောက်ကူတတ်သဖြင့် "ကိစ္ဆံသဒ္ဓမ္မဿဝနံ" ဟူသော ရခဲလှသော သူတော်ကောင်းတရား နာကြားရခြင်းနှင့် "ကိစ္ဆောဗုဒ္ဓါနမုပ္ပါဒေါ" ဟူသော ကြုံခဲလှသည့် ဗုဒ္ဓမြတ်စွာပွင့်ထွန်းရာ သို့ဇဟုတ် ဗုဒ္ဓသာသနာထွန်းလင်းရာ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ အခါကိုပါ ရရှိစေနိုင်သည်။

မြန်မာနိုင်ငံသည် ထိုဒုလ္လဘမျိုးစုံကို ရစေနိုင်သော ပဋိရူပဒေသကြီးတစ်ခု ဖြစ်သည့်အလျောက် မြန်မာဘုရင်မင်းအဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူတို့သည် ရတနာသုံးပါးကို ဦးထိပ်ထားလျက် မဂ် ဖိုလ် နိဗ္ဗာန်အထိ ကောင်းကျိုးအဖုံဖုံကို ရစေနိုင်သော ဒါန, သီလ, ပညာ အစရှိသော ပါရမီကုသိုလ်တို့ကို အသိအလိမ္မာရှိစွာဖြင့် ဖြည့်ကျင့်ကြိုးပမ်းလာခဲ့သည်၊ မိမိတို့ မှီခိုအားထားရာဖြစ်သော ဗုဒ္ဓသာသနာတော်ကိုလည်း အဖက်ဖက်က အားပေးချီးမြှင့်လျက် ကျောင်းတိုက်ကြီး တည်ဆောက်၍ ပရိယတ် ကျွမ်းကျင် သီလဝန်ထေရ်အရှင်တို့ကို တင်မြှောက်လှူဒါန်း၍ စာမေးပွဲအောင်အရှင်တို့ကို ချီးမြှောက်ပူဇော်ကာ ဗုဒ္ဓသာသနာတော်၏အရင်းအမြစ်ဖြစ်သော ပရိယတ္တိသာသနာတော် ထွန်းတောက်ရေးကိုပါ ဆောင်ရွက်သည်ပိုးလာခဲ့ကြသည်။ သာသနာ့ဥဿျောင်ထိပ်ခေါင်တင်မထေရ်မြတ်တို့သည်လည်း ရှင်ငယ်ရဟန်းငယ်တို့ကို ပြုစုပျိုးထောင်၍ စာပေပို့ချ သွန်သင်ဆုံးမကာ သာသနာတော် အစဉ်ရှင်သန်တည်တံ့ရေးကို ဆောင်ရွက်တော်မူလာခဲ့ကြသည်။

၁၂၄၇–ခုနှစ်တွင်၊ မြန်မာနိုင်ငံတော်သည် ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝသို့ ရောက်ရှိလာသောအခါ ၁၃–နှစ်တာမျှ သာသနာတော် ညှိုးမှိန်သကဲ့သို့ ဖြစ်ခဲ့ရပြီးနောက် ဗုဒ္ဓဘာသာဝင် မြန်မာလူထုသည် အထက်ဖော်ပြပါ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လာခဲ့ရာ ၁၂၆၀–ပြည့်နှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်သည့် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းသည် ပရိယတ်ဒေသနာတော် ထပ်မံစည်ပင်ရေးကို ရှက်ဆောင်အားထုတ်သည့် ရှေးအကျဆုံးအသင်းကြီးတစ်ခု ဖြစ်သည်ဟု ဆိုရပေမည်။

အစိုးရဓမ္မာစရိယနှင့် တိပိဋကစာမေးပွဲများ မပေါ်ပေါက်မီ၌ မန္တလေး၊ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲသည် အခက်ဆုံး အမြင့်ဆုံး စာမေးပွဲအဖြစ် နိုင်ငံတဝန်း၌ ထင်ရှားကျော်ကြားသည့်အလျောက် ယင်းစာမေးပွဲကို ဖြေဆိုအောင်မြင်ကြသော စာရည်ချွန်ပုဂ္ဂိုလ်တို့ကို မန္တလေးမြို့၊ ဗုဒ္ဓဘာသာဝင် စေတနာရှင်အပေါင်းတို့က သောင်းသောင်းဖြဖြ တက်ကြွသဒ္ဓါစေတနာသန့်သန့်ဖြင့် ပူဇော်ချီးမြှောက်လာခဲ့ကြသည်။ ၁၃၁၀–ခုနှစ်၊ အနှစ်ငါးဆယ်မြောက် ရွှေရတုချိန်ခါတွင် ဤအသင်းမှ စာချဓမ္မာစရိယတန်းအောင် သီးခြားစာချ ပုဂ္ဂိုလ် (၁၅၅) ပါး ရှိလာပြီကို အနှစ်ငါးဆယ်မြောက် အသင်းစာစောင်၌ ဂုဏ်ယူဖွယ်ရာ မှတ်တမ်းတင်ပြခဲ့သည်။

၁၃၁၀–ခုနှစ်မှ ယခု ၁၃၆၀–ပြည့်တိုင်အောင် ဒုတိယအနှစ်ငါးဆယ်ကာလအတွင်းလည်း ဤအသင်းမှ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့တံဆိပ်ရ သီးခြားစာချပုဂ္ဂိုလ်များ ထပ်မံတိုးပွားဖြစ်ထွန်းလာခဲ့ပြီဖြစ်ရာ နှစ်ပေါင်းတစ်ရာပြည့် ယခုအချိန်၌ ပေါ်ထွန်းလာကြသော သီးခြားစာချပုဂ္ဂိုလ်များကို ပြန်လည်တွေးတော ဆင်ခြင်ပါက အသင်း၏အောင်မြင်မှုကို တစိစိတွေး တရေးရေးဖြင့် ဝမ်းမြောက်ပီတိ ဂွမ်းဆီထိသို့ ရှိနေကြမည်သာ ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာလက်ထက်တော်၌ ကျွတ်တမ်းဝင်တော်မူခဲ့ကြသော ရဟန္တာအရှင်ထေရ်+ထေရီတို့သည် ဤကဲ့သို့ ရခဲ ကြုံခဲလှသော ဗုဒ္ဓုပ္ပါဒခဏနှင့် တွေ့ကြုံခိုက်တွင် ဒါန, သီလ, ပုညကောင်းမှု ကုသိုလ်အစုစုတို့ကို စတင်ပျိုးထောင် ဆည်းပူးခဲ့သူများ ဖြစ်ကြပေသည်။

သို့ဖြစ်၍ ပရိယတ္တိသာသနာတော် စည်ပင်ထွန်းကားရေးကို ထက်ထက်သန်သန် အားသွန်ကြိုးပမ်း အားထုတ်လျက် သာသနနုဂ္ဂဟကုသိုလ်ကြီးကို အားထုတ်စုဆည်း နေကြသော မန္တလေး ပရိယတ္တိသာသနဟိတအသင်း အသင်းသားတို့သည် ထိုရဟန္တာ အရှင်မြတ်တို့ကဲ့သို့ မိမိတို့လိုရာ ဇောဓိဆုတိုင်အောင်သော ကောင်းကျိုးချမ်းသာတို့ကို ခံစား ရရှိကြမည်ဟု အသိမှန်စွာ ယုံကြည်မှုအခိုင်အမာဖြင့် မိမိတို့အသင်းကြီး ဆက်လက်တည်တံ့ရှင်သန်ရေးနှင့် အသင်းစာမေးပွဲအောင် စာရည်ချွန်ပုဂ္ဂိုလ်ကျော်တို့ တိုးပွားဖြစ်ထွန်းရေးကို စည်းလုံးညီညွတ်စွာ အစဉ်ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေဟု မေတ္တာရှေ့ထားလျက် ဩဝါဒစကားကို ရေးသားလိုက်ပါသည်။

ဘဒ္ဒန္တဃောသိတာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ, ပိဋကတ္တယပါရဂူ
အဘိဓဇမဟာရဋ္ဌဂုရု, အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
နိုင်ငံတော်ဩဝါဒါစရိယ
ဃောသိတာရာမတက္ကသိုလ်ကျောင်းတိုက်
ထားဝယ်မြို့။



ကန်ကြီးပရိယတ္တိတသင်တိုက်၊ ညောင်ရွှေမြို့ ရှမ်းပြည်တောင်ပိုင်း။
အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက

## ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ ၏

## သာရဏီယ သြဝါဒကထာ

(၁) မြန်မာသက္ကရာဇ် ၁၂၄၇–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်နေ့တွင် အင်္ဂလိပ်တို့ မြန်မာဘုရင်သီပေါမင်းတရားကို ခေါ်ဆောင်သွားကြသဖြင့် မြန်မာနိုင်ငံမှာ သာသနာပြုမင်းများ ကင်းသွားခဲ့ရာ ရတနာပုံနေပြည်တော်ကြီး၌ ဆရာတော်ကြီးများနှင့် တိုင်ပင်ဆွေးနွေးကြပြီးလျှင် မန္တလေးမြို့တော်ကြီးတွင် ဆက်လက်၍ ထေရဝါဒ ဗုဒ္ဓသာသနာပြုသွားနိုင်ရန် ရည်ရွယ်ကာ ပရိယတ္တိသာသနဟိတ သာသနာပြုအသင်းကြီးကို ၁၂၆၀–ပြည့်နှစ်၊ ဝါဆိုလပြည့်၊ စနေနေ့မှ စတင်၍ တည်ထောင်ခဲ့ကြသည်။

(၂) ထိုအသင်းကြီးက မြန်မာနိုင်ငံတွင် ရှေးပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်ရောက်သည့်တိုင်အောင် ပရိယတ္တိနှင့်တကွ ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားလာခဲ့ရာ ကျမ်းဂန်တတ်အကျော်အမော်၊ ကျမ်းပြုအကျော်အမော် ဆရာတော်ကြီးများ ထွန်းကားပေါ်ပေါက်၍ လာခဲ့သည့်အားလျော်စွာ ထိုဆရာတော်ကြီးများ၏ သင်ကြားလာခဲ့ကြပုံ၊ ပို့ချလာခဲ့ကြပုံ စနစ်မျိုးစုံတို့ကို မန္တလေးမြို့တော်ရှိ ဆရာတော်ကြီးများနှင့် တိုင်ပင်နှီးနှောကြပြီး စာသင်ဝန်းတစ်တန်း၊ စာချတန်းတစ်တန်းဟု (၂) တန်းခွဲခြားကာ ကျမ်းစာတို့ကို ပြဋ္ဌာန်းကြလျက် "ပရိယတ္တိသာသနဟိတ စာပေးပွဲ" ကို ပြုလုပ်ကျင်းပလာခဲ့ကြသည်။

(၃) ထိုပြုလုပ်ကျင်းပလာခဲ့သော ပရိယတ္တိသာသနဟိတ စာမေးပွဲသည် အလွန်ခက်ခဲနေသောကြောင့် သာမညစာသင်သား ရဟန်းတော်များ ဝင်ရောက်ဖြေဆိုနိုင်ရန် မလွယ်ကူပေ။ ပညာဉာဏ် အဆင့်အတန်းမြင့်မားသော စာသင်သားရဟန်းတော်များလောက်သာ ဝင်ရောက်ဖြေဆိုနိုင်ကြသည်။ ယင်းပုဂ္ဂိုလ်များလည်း စာသင်တန်းတွင် တစ်နှစ်တည်းဖြင့် အောင်ပန်းဆွတ်ခူးသွားနိုင်ကြသော ပုဂ္ဂိုလ်များ အလွန်ပင် နည်းပါးလှသည်။ နှစ်ကြိမ် သုံးကြိမ်လောက် ဝင်ရောက်ဖြေဆိုပြီးမှသာ အောင်မြင်၍ သွားကြသူများ ရှိကြသလို တစ်ချို့ စာသင်သားများမှာ နှစ်ကြိမ် သုံးကြိမ်မက သတ်မှတ်ထားသည့် နှစ်အပိုင်းအခြားအထိ ဝင်ရောင်ဖြေဆိုမှသာ အောင်မြင်ကြသူများရှိသလို လုံးဝမအောင်မြင်သဖြင့် လက်လျှော့လိုက်ကြရသူများလည်း အများအပြားပင်ရှိသည်။

(၄) ထိုသို့ ဖြေဆိုအောင်မြင်သွားကြသော "ပရိယတ္တိသာသနဟိတ အဘိဝံသ" ဘွဲ့ရ ဓမ္မာစရိယ စာချဆရာတော်များသည် မြန်မာနိုင်ငံတော်အရပ်ရပ်၌ သီတင်းသုံးတော်မူကြလျက် ပရိယတ္တိသာသနာတော်ကို ပြုစုချီးမြှောက်၍ နေကြပေပြီ။ ဤကဲ့သို့ မြန်မာနိုင်ငံအရပ်ရပ်တွင် အဘိဝံသဆရာတော်ကြီးများဖြင့် အစားထိုးကာ ပရိယတ္တိသာသနာတော်ကြီးကို ပြုစု၍ နေထိုင်လျက်ရှိနေခြင်းကြောင့် သာသနာပြုဘုရင်များ ကင်း၍ သွားကြသော်လည်း မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ကြီးမှာ မှေးမှိန်သွားခြင်းမရှိဘဲ ထွန်းလင်းတောက်ပြောင်လျက်ပင် ရှိနေသည်။

(၅) ဤသို့ မြန်မာပြည်တွင် သာသနာပြုမင်းများ ကင်းသွားကြသည့်နောက်ပိုင်းတွင် ပရိယတ္တိသာသနာတော်ဆက်လက် ခိုင်ခန့်နေအောင် အားထုတ်ကြိုးစားလာကြသည့် သာသနာပြုအသင်းအဖွဲ့များတွင် သကျသီဟစာမေးပွဲ (ခေါ်) ပရိယတ္တိသာသနဟိတစာမေးပွဲအသင်းကြီးမှာ ရှေ့ဆုံးမှနေရာယူခဲ့ပေသည်။ ပရိယတ္တိသာသနဟိတ စာမေးပွဲအောင်မြင်လာကြသော ပုဂ္ဂိုလ်များကိုလည်း ရှင်လူအများက လေးစားကြသည်။ အထင်ကြီးကြသည်၊ အထင်ကြီးလေးစားအပ်သည့် အတိုင်းပင် အရည်အချင်းလည်း ရှိကြသည်။ စာမေးပွဲကို ရှေးဆရာတော်ကြီးများ၏ နည်းစနစ်အတိုင်း ပြဋ္ဌာန်းထားသောကြောင့် စာတတ်ကြသည်။ စာမေးပွဲကိုလည်း စနစ်တကျ ထိန်းသိမ်းနိုင်ကြသောကြောင့် သန့်ရှင်းသည်။ စာတတ်တွေ အစစ်အမှန်ဖြစ်ကြသည်။ အဘိဝံသ ဆရာတော်များမှာ လူမှန်နေရာမှန် ဆောင်ရွက်သွားနိုင်ကြသည်။ ထို့ကြောင့် အသင်းကြီးကို ထိန်းသိမ်းစောင့်ရှောက်နေကြသည့် သင်းမလူကြီး, သင်းခံလူကြီး, သင်းထောက်လူကြီးများအား အထူးကျေးဇူးတင် ထိုက်ပေသည်။

(၆) နောက်ဆုံးအသင်းကြီးအား မေတ္တာရပ်ခံလိုသည်မှာ ၁၂၆၀-ခုနှစ်မှ စ၍ ၁၃၆၀-ခုနှစ်အထိ နှစ်တစ်ရာကာလပတ်လုံး ပြဋ္ဌာန်းချက်မပြောင်းဘဲ, စနစ်မပြောင်းဘဲ စောင့်ရှောက်လာနိုင်ကြသကဲ့သို့ ရှေ့ကိုလည်း ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက် သွားကြပါဟု ဆန္ဒပြုလျက် မေတ္တာရပ်ခံအပ်ပါသည်။

ဘဒ္ဒန္တဝိမလာဘိဝံသ
အဘိဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ
အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက
ကန်ကြီးပရိယတ္တိစာသင်တိုက်
ညောင်ရွှေမြို့၊ ရှမ်းပြည်တောင်ပိုင်း။



## အောင်မြေရတနာကျောင်း၊ ညောင်ကန်တိုက်
## ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။
## အဂ္ဂမဟာပဏ္ဍိတ
# ဆရာတော် ဦးဉာဏဝရာဘိဝံသ ၏
## ဿဝါဒကထာ

"ဥဩတွန်သံသာ မန်းမြို့သံဃာ"

(၁၁၇၆၆) သံဃာအရေအတွက်ရှိသော မန္တလေးမြို့ဟု ဆိုရိုးပြုခဲ့ကြောင်း ဆရာတော်ကြီးများမှ တစ်ဆင့် ကြားသိရပါသည်။

ထိုအရေအတွက်သည် မင်းတုန်းမင်းလက်ထက် အရေအတွက်ဟု ဆိုကြပါသည်။ ယခုအခါနှင့်စာသော် အလွန်မကွာခြားလှဟု ဆိုသင့်ပါသည်။

သီပေါမင်းကို အင်္ဂလိပ်တို့က အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့သို့ ခေါ်ဆောင်သွားပြီး နောက်ပိုင်းတွင် နန်းတော်အရှေ့ဘက်နှင့် မန္တလေးတောင်တော်အနီးရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ စာချ၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာသင်သားသံဃာများသည် "ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်းဟောင်း" ဖြစ်၍ မန္တလေးမြို့တော်တွင် မနေကြမူ၍ မိမိတို့နှင့် သင့်လျော်ရာ ကျေးရွာများသို့လည်းကောင်း၊ မြို့ရွာများသို့လည်းကောင်း၊ ကြွသွားကြသဖြင့် သံဃာတော်များ နည်းပါးသွားသည်ကို မြင်တွေ့ရသော တံဆိပ်တော်ရ, မရ ဆရာတော်ကြီးများနှင့် မင်းကြီး ဦးကောင်း စသော အမှူးပြုသော မန္တလေးမြို့တော်သူ မြို့တော်သားများသည် ရှုပါရုံစသည်ကို အာရုံပြု၍ ဒါနမယ, သီလမယ, ဘာဝနာမယ ကုသိုလ်မျိုးကို အမြဲမပြတ် ပြုလုပ်ခဲ့ကြသူများဖြစ်၍၊ ငါတို့ မြို့တော်ကား သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာတော်

ထွန်းကားရာဖြစ်၍၊ နံနက်အာရုံကျင်း အလင်းသို့ရောက်သောအခါ ဆွမ်းခံကြွလာကြသော သံဃာတော်များ တစ်ကျောင်းတိုက်မှ တစ်ကျောင်းတိုက်သို့ စာပုလွေပိုက်ခါ (စာအုပ်ပိုက်ခါ) ကြွသွားကြသော စာသင်သားသံဃာတော်များကို မတွေ့မမြင်ရသဖြင့် ဤပရိယတ္တိသာသန ဟိတအသင်းကြီးကို ၁၂၆၀–ခုနှစ်တွင် တည်ထောင်၍ တစ်ခြားမြို့ရွာသို့ ကြွစရာမရှိ၍ နေထိုင်တော်မူခဲ့သော စာချဆရာတော်များကို ရှေးဦးစွာ ဆွမ်းဆန်တော်နှင့် ငြုတ်, ကြက်သွန်, ဆီ, ဆား စသည်ကို လစဉ်မပြတ် လှူဒါန်းနိုင်ခဲ့ပြီး စာသင်သား သံဃာတော်များအတွက် တစ်နှစ်လျှင် စာချတန်း စာသင်တန်း စာမေးပွဲ၊ ယခုအခါတွင် သာမဏေကျော်စာမေးပွဲ၊ နိကာယ စာမေးပွဲများကို စည်းမျဉ်းဆွဲ၍၊ တစ်နှစ်လျှင် သုံးကြိမ်ကျင်းပပေး၍၊ ယခုအခါ ကမ္ဘာကျော် ဆဋ္ဌသံဂါယနာတင်ပွဲတွင် ဤအသင်းကြီး၏ ကိုးကွယ်ခံဆရာတော်ကြီးများက သာသနာ့ ခေါင်းဆောင်အဖြစ် သာသနာ့တာဝန်ထမ်းဆောင်ခဲ့သည်မှာ အများသိပြီး ဖြစ်ပါသည်။

ဤသို့လျှင် – ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ၊

ဓမ္မောသုစိဏ္ဏော သုခမာဝဟာတိ။

ဧသာနိသံသော ဓမ္မေသုစိဏ္ဏေ၊

န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။

ဟူသော ဒေသနာတော်ကို ကြားနာကြကုန်သော သူတော်စင်တို့သည် မိမိအလိုအားလျော်စွာ ပြုလုပ်ကြပါဟု ဩဝါဒါနုသာသနီ ပေးလိုက်ရပါသတည်း။ ။

ဆရာတော်ဦးဉာဏဝရာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
အောင်မြေရတနာကျောင်းတိုက်
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။



# ဘဒ္ဒန္တပညာသာမိဘိဝံသ
## အဂ္ဂမဟာပဏ္ဍိတ
## မဝိုးရိမ် မဟာနာယကဆရာတော်၏
## သတိပေးဩဝါဒ အနုသာသနီ

၁။ နံနက်ခင်း အိပ်ယာထ စိတ်နလုံး ပူပူလောင်လောင် မဖြစ်ပါစေလင့်၊ နံနက်ခင်း အိပ်ယာထမှာ မျက်နှာသစ်ရေ အေးအေးကလေးကို စံပြအဖြစ်ထား၍ မေတ္တာ ဖြဟ္မစိုရ် ကမ္မဋ္ဌာန်းကို တစ်ဆယ်မိနစ်မျှ စီးဖြန်းပွားများပါ။ မျက်နှစ်သစ်ရင်း အိုးမင်းဟောင်နှမ်းသည်ကိုလည်း သတိထားပါ။

၂။ နေထွက်ချိန်မှာ ဘုရားအလောင်း ရွှေဥဒေါင်းမင်းကို စံပြအဖြစ်ထား၍ ဘုရားရှိခိုးပါ။ ("ဥဒေတယံ နှင့် ယေ ဗြာဟ္မဏာ" နှစ်ဂါထာကို အရကျက်ထားပါ။)

၃။ နေခက်ဖေးဝင်ချိန်မှာ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများပါ။

၄။ ညအိပ်ယာဝင်မှာ မရဏာဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

ကိုယ်စောင့် (စတုရာရက္ခ) တရားလေးပါး ဟု ခေါ်သည်။

## အမြဲမပြတ်ဆင်ခြင်ပါ

၁။ နေထွက်, နေဝင်၊ ကိုးဂုဏ်ရှင်၊ နေ့စဉ် ရှိခိုးမယ်။

၂။ အနန္တငါး၊ ဂုဏ်တော်များ၊ ညွှတ်တွားကန်တော့မယ်။

၃။ မျက်နှာသစ်လျှင်၊ ပေ့ကိုမြင်၊ မြင်စဉ် မေတ္တာ ပွားပါ့မယ်။

၄။ သစ်ရင်း၊ သစ်ရင်း၊ လျှော့ယိုယွင်း၊ ရုပ်ဆင်း သတိထားပါ့မယ်။

၅။ တန်းတူ တွေ့လျှင်၊ မေတ္တာဝင်၊ မဝင်နိုင်က ပြိုင်တတ်တယ်။

၆။ ပြိုင်မည့်အစား၊ မေတ္တာပွား၊ စိတ်ထားပြုပြင် ပြောင်းပါမယ်။

၇။ ကိုယ့်အောက်တွေ့လျှင်၊ ကရုဏာဝင်၊ မဝင်နိုင်က နိုင်တတ်တယ်။

၈။ နိုင်မည့်အစား၊ ကရုဏာပွား၊ စိတ်ထား ပြုပြင် ပြောင်းပါ့မယ်။

၉။ ကိုယ့်ထက်သာလျှင်၊ မုဒိတာဝင်၊ မဝင် ဣဿာ ယှိုင်တတ်တယ်။

၁၀။ ယှိုင်မည့်အစား၊ မုဒိတာ ပွား၊ စိတ်ထားပြုပြင် ပြောင်းပါ့မယ်။

၁၁။ ရုပ်ကိုလဲပြင်၊ စိတ်လဲပြင်၊ ဆင်ခြင်တိုင်းရ၊ ပြုတိုင်းရ။ သုခနိဗ္ဗာန် တိုင်လိမ့်မယ်။

၁၂။ မသန့်မစင်၊ နောက်ဖေးဝင်၊ ဆင်ခြင် အသုဘ ပွားပါ့မယ်။

၁၃။ ကျင်ကြီး ကျင်ငယ်၊ ရှုံ့စဖွယ်၊ ကိုယ်ဝယ် ပြည့်လျက် မှန်တော့တယ်။

၁၄။ ဖိုးထိုက် ဖိုးတန်၊ ထင်မှားပြန်၊ ဧကန် အပုတ်ကောင်ပါတကား။

၁၅။ မြင်မြင်သမျှ၊ သင်္ခါရ၊ တရာ့သက်တွင်းမှာပါတကား။

၁၆။ သူ, ငါ အားလုံး၊ ပြုတ်ပြုတ်ပြုး၊ သေဆုံး ပျက်စီးမှာပါတကား။

၁၇။ တဏှာ, မာန, ဒိဋ္ဌိ ၈၊ ပယ်မှ အေးကြမည်တကား။

၁၈။ အပါယ်ခြေကန်၊ ဘုံစဉ်စံ၊ နိဗ္ဗာန်ရမှ အေးမည်တကား။

၁၉။ နေ့စဉ်လေ့ကျက်၊ ရည်ရှည် စွဲမြဲ၊ အထုံသဲ၊ အမြဲအားထုတ်ပါမည် ဘုရား။

ဘဒ္ဒန္တပညာသာမိဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
မစိုးရိမ် မဟာနာယကဆရာတော်



## ပဌမဂန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။
## မဟာဝိနယ ပရိယတ္တိ ဝိသာရဒ၊ ဝိနယအကျော်
## သာသနဓဇသိရိပဝရ ဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
# အရှင်သုပညိန္ဒာဘိဝံသ ၏
# ဩဝါဒ အနုသာသနီ

သတ္တဝါဘုံသား အမျိုးမျိုးအစားစားတို့သည် များသောအားဖြင့် တိုးတက်ကြီးပွား ချမ်းသာမှုကို အလိုရှိကြ တောင့်တနစ်သက်၍သာ နေကြကုန်၏။ တိုးတက်ကြီးပွားချမ်းသာမှုကို ပေးစွမ်းနိုင်သော ပုဂ္ဂိုလ်များဆိုလျှင် အားကိုးတကြီး ချဉ်းကပ်မှီဝဲတတ်ကြ၏။ အစစ် အမှန် တိုးတက်ကြီးပွားချမ်းသာအောင် နည်းလမ်းညွှန်ပြပေးစွမ်းနိုင်သော ပုဂ္ဂိုလ်မှာကား ရှာမှ ရှားပေသည်။ နည်းလမ်းညွှန်ပြ ပုဂ္ဂိုလ်အမှီမရသူတို့မှာ တိုးတက်ကြီးပွားချမ်းသာမှု မရရှိဘဲ ဖြစ်တတ်၏။ သက်ရှိများကိုပင် မဆိုထားဘိ သက်မဲ့သစ်ပင်တို့သည်လည်း နည်းလမ်းညွှန်ပြ ပြုစုစောင့်ရှောက်ပေးတတ်သူ ဥယျာဉ်မှူး မရရှိခဲ့ပါလျှင် ဖွံ့ဖြိုးတိုးတက် ပွင့်သီးမှု မဖြစ်ဘဲ ရှိတတ်၏။ နေမင်း လမင်းပမာ ဗုဒ္ဓအဆုံးအမသာသနာ ထွန်းလင်းသာယာပြည်မြန်မာဝယ် ဥယျာဉ်မှူးနှင့်တူတော်မူသော ဗုဒ္ဓ+သာဝကသံဃာတော်များ၏ နည်းလမ်းညွှန်ပြ ဩဝါဒတို့ကြောင့်၊ သတ္တဝါဘုံသား အမျိုးမျိုးအစားစားတို့သည် ကြီးပွားချမ်းသာမှုကို အလွှာအသီးသီး ခြားနားမှုများဖြင့် ခံစားနေကြရပေ၏။ ထို့ကြောင့် "ကမ္မံသတ္တေ ဝိဘဇတိ ယဒိဒံ ဟိနပဏီတတာယ" ဟု ဗုဒ္ဓက မိန့်တော်မူရသည်။ (ပြုလုပ်မှုကံသည် သတ္တဝါတို့ကို အယုတ်အမြတ်၏ အဖြစ်ဖြင့် ခွဲခြမ်းဝေဘန်တတ်၏) ဤနေရာ၌ ဗုဒ္ဓ+သာဝက နည်းလမ်းညွှန်ပြ အမြွက်မျှကို အသိပေးပြောပါရစေ၊ ဟိုတစ်ချိန် တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ဗောဓိသတ္တအလောင်းတော်ဟာ သူဌေးကြီးဖြစ်ခဲ့တယ်။ သူ့မှာ အသိပညာနဲ့ ပြည့်စုံတဲ့

ခုနစ်နှစ်အရွယ်ရှိ သားတစ်ယောက်ရှိခဲ့တယ်။ တစ်နေ့ကျတော့ ဖခင်ကို တိုးတက်ကြီးပွား ကြောင်း နည်းလမ်းကောင်းကို မေးတယ်။ ချစ်သား တိုးတက်ကြီးပွားချမ်းသာလိုလျှင် –

အာရောဂျ မိစ္ဆေ ပရမဉ္စလာဘံ၊ သီလဉ္စ ဝုဒ္ဓါနုမတံ သုတဉ္စ။

ဓမ္မာနုဝတ္တိစ အလီနတာစ၊ အတ္ထဿဒွါရာ ပမုခါ ဆဠေတေ။

၁။ အနာရောဂါကင်းရှင်းရမယ်၊ ၂။ ကိုယ်ကျင့်သီလရှိရမယ်၊ ၃။ ပညာရှိတို့၏ ဩဝါဒကို နာယူရမယ်၊ ၄။ ဗဟုသုတအကြားအမြင်များရမယ်၊ ၅။ သုစရိုက်တရားကို ကျင့် နိုင်အောင်ကျင့်ရမယ်၊ ၆။ လုံ့လဝီရိယရှိရမယ်။ အနာရောဂါကင်းရှင်းရမယ်ဆိုတဲ့နေရာ မှာလည်း ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ အနာရောဂါမှ ကင်းခြင်းလို့ နှစ်မျိုးရှိတယ်။ အကယ်၍ ရုပ်ခန္ဓာနေမကောင်းလျှင် မရသေးတဲ့ စည်းစိမ်ဥစ္စာကို ရရှိအောင်မဆောင်ရွက်နိုင်၊ ရရှိပြီး စည်းစိမ်ဥစ္စာကိုလည်း မသုံးဆောင်နိုင်၊ ရုပ်ခန္ဓာနေကောင်းရင်တော့ နှစ်မျိုးစလုံး ရယူခံစား နိုင်တယ်။ ကိလေသာတွေက နှိပ်စက်နေတဲ့ စိတ်ကို၊ နာမ်ခန္ဓာနေမကောင်းဘူးလို့ ဆိုလိုပါ တယ်။ နာမ်ခန္ဓာနေမကောင်းလျှင် ဈာန်သမာပတ် စသည်ကို မပွားများ, မဝင်စားနိုင်သော ကြောင့် မရသေးတဲ့ ဈာန်သမာပတ်ကိုလည်း မရနိုင်၊ ရပြီးတဲ့ ဈာန်သမာပတ်ကိုလည်း မဝင် စားနိုင်၊ နာမ်ခန္ဓာနေကောင်းလျှင်တော့ နှစ်မျိုးလုံးကို ရယူခံစားနိုင်သောကြောင့်၊ ၁။ အနာ ရောဂါကင်းရမယ်လို့ ဆိုလိုပါတယ်။ ၂။ ကိုယ်ကျင့်သီလရှိရမယ်ဆိုတာကလည်း လောက စာရိတ္တ သီလ ရှိရမယ်လို့ ဆိုလိုပါတယ်။ ၃။ သူတော်ကောင်းကို ပေါင်းဖော်မှီဝဲ ဆည်းကပ်ခဲ့ လျှင် – သူတော်စင်ပညာရှင်တို့ မိန့်ကြားစကားတစ်ခွန်းကြားက ပတ္တမြားဆန်ကျိုး အဘိုးပြည် တန် ဧကန်မုချ တစ်လုံးရသို့ အနဋ္ဌဘိုးမွန် ကျိုးကဲလွန်၏ ဟူသော မဃဒေဝလင်္ကာအရ– ပညာရှိ သူတော်ကောင်းထံမှ ဩဝါဒကို ရခဲ့လျှင် ပြည်တန်ပတ္တမြားလို လောကီကောင်းကျိုး အမျိုးမျိုး ရရှိခြင်း၊ ဒုက္ခအားလုံးမှ လွတ်မြောက်ရခြင်းဟူသော လောကုတ္တရာကောင်းကျိုး ချမ်းသာ အမျိုးမျိုး ရရှိနိုင်သောကြောင့် ပညာရှိတို့၏ ဩဝါဒကို နာယူရပါမည်။ ၄။ အကြား အမြင် ဗဟုသုတရှိလျှင် အမှား အမှန်ကို ခွဲခြားဝေဘန်၍ သိနိုင်သောကြောင့် ဗဟုသုတ အကြားအမြင်များ ရမည်ဟု ဆိုလိုပါတယ်။ ၅။ သုစရိုက်တရားကို ဖြည့်ကျင့်ပွားများခဲ့လျှင် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရှိနိုင်သောကြောင့် သုစရိုက်တရားကို ကျင့်နိုင် အောင်ကျင့်ရမည်ဟု ဆိုလိုပါတယ်။ ၆။ မပျင်းမရိဘဲ လုံ့လဝီရိယ ရှိသူ၏ စိတ်နှလုံးသည် အေးငြိမ်းမှုကို ရရှိနိုင်ခြင်း၊ ထကြွလုံ့လဝီရိယရှိလျှင် စီးပွားဥစ္စာကို ရရှိနိုင်ခြင်းတို့ကြောင့် ဇွဲ လုံ့လ ရှိရမည်ဟု ဆိုလိုပါတယ်။

ချစ်သား အဲဒီ ခြောက်မျိုးဟာ လောကီ လောကုတ္တရာ အမြတ်ဆုံး ကြီးပွားကြောင်း ဖြစ်တယ်ဟု အတ္ထဿဒွါရ ဇာတ်တော်မှာ ဗုဒ္ဓညွှန်ကြားတော်မူခဲ့ပါတယ်၊ တိုးတက်ကြီးပွား ချမ်းသာမှုကို အလိုရှိကြ တောင့်တကြကုန်သော သတ္တဝါဘုံသား အမျိုးမျိုး အစားစားတို့သည် အတ္ထဿဒွါရ ဇာတ်တော်လာ အမြတ်ဆုံး လောကီ လောကုတ္တရာ ကြီးပွားချမ်းသာကြောင်း ခြောက်မျိုးနှင့် ပြည့်စုံအောင် ကျင့်နိုင်ကြပါစေ ဟု အေးမြကြည်လင် မေတ္တာနှင့်ယှဉ်သော စိတ်အစဉ်ဖြင့် ဩဝါဒရေစဉ် ရေကောင်းကို သွန်းလောင်းလိုက်ရပါတော့ သတည်း။ ။


အရှင်သုပညိန္ဒာဘိဝံသ
(မဟာဝိနယ ပရိယတ္တိ ဝိသာရဒ၊ ဝိနယအကျော်)
(သာသနဇောတိကဓဇ ပဝရ ဓမ္မာစရိယ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
ပဋ္ဌာနက္ခန္ဓာရုံကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။



မန္တလေးမြို့

မဂိုးရိမ်ကျောင်းတိုက်၊ နိကာယနယ့ူပဒေသကျောင်း

ပရိယတ္တိသာသနဟိတ (သံ:ခြား:ဓမ္မာစရိယ)

# ဆရာတော် ဦးတေဇောသာရာဘိဝံသ ၏

## ဩဝါဒကထာ

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။

သမဂ္ဂါ သခိလာဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဝိဝါဒံ – အသင်းသူ အသင်းသားအချင်းချင်း ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ အထင်အမြင်လွဲခြင်း၊ သဘောထားကွဲလွဲခြင်း ကို၊

ဘယတော – ကြောက်ဖွယ်မဟေး ဘေးကြီးဟူ၍။ ဒိသွာ – မြင်ကြကုန်၍။ အဝိဝါဒဉ္စ – အသင်းသူ အသင်းသား အချင်းချင်း မငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ အထင်အမြင် မလွဲခြင်း၊ သဘောထား မကွဲလွဲခြင်း ကို၊

ခေမတော – အသင်းကြီး တိုးတက်ရာ တိုးတက်ကြောင်း ကောင်းမြတ်သော ငြိမ်းချမ်းရေး လမ်းစဉ်ကြီးဟူ၍ ဒိသွာ – မြင်ကြကုန်လျှက်၊

သမဂ္ဂါ – ညီညွတ်ကြကုန်သည်။ သခိလာ – ပြေပြေပြစ်ပြစ် ဆက်ဆံကြကုန်သည်။ ဟောတ – ဖြစ်ကြကုန်လော့။ ဧသာ – ဤသည်ကား။ ဗုဒ္ဓါနံ – ဘုရားရှင်တို့၏။ အနုသာသနိ – အဆုံးအမတော်တည်း။

ဘုန်းကြီး ပရိယတ္တိအသင်းကြီးနှင့်တွေ့သိလာတာ နှစ်ပေါင်းငါးဆယ်နီးပါးရှိပါပြီ။ နှစ်ပေါင်း (၅၀) အတွင်းမှာ အသင်းဒကာကြီးများ ရုပ်ပျက် ဆင်းပျက်ဖြစ်အောင် သဘောထား

ကွဲလွဲတယ်ဆိုတာ မကြားခဲ့ဘူးဖူး။ ဘယ်ကိစ္စမှာမဆို တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ်နဲ့ ဝုပေါင်းဆောင်ရွက်ကြတယ်လို့သာ ကြားဘူးတယ်။ ဒါ အင်မတန်ကောင်းတဲ့ အစဉ်အလာဘဲ၊ ဒီအစဉ်အလာကောင်းကြောင့်လည်း နှစ်ပေါင်း (၁၀၀) အထိ သာသနာပြုအသင်းကြီးဟာ မားမားမတ်မတ် ရပ်တည်နိုင်တာပေါ့။ ဒီအစဉ်အလာကောင်းကို ဆက်လက်မထိန်းသိမ်းဘဲ ထင်ရာစိုင်းကြမယ်ဆိုရင် အသင်းကြီး ပျက်စီးသွားမှာဘဲ၊ သာသနာပြုအသင်းဆိုတာ အုပ်စု မဖွဲ့ရပါဘူး။ အသင်းမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ ဥက္ကဋ္ဌတို့ ၊ ဒု-ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူး တို့ကလည်း ငါ ဥက္ကဋ္ဌဘဲ၊ ငါဒု-ဥက္ကဋ္ဌဘဲ၊ ငါ အတွင်းရေးမှူးဘဲ ဆိုပြီး ထင်ရာ မလုပ်ရပါဘူး တိုင် ပင်ညှိနှိုင်းပြီး ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ကြရပါတယ်။

ဒီလိုဆောင်ရွက်မှသာလျှင် အသင်းကြီး ကြီးပွားတိုးတက်နိုင်ပါတယ်။ အချင်းချင်း ငြင်းခုံရန်ဖြစ် အထင်အမြင်လွဲ သဘောထားကွဲနေတဲ့အသင်းဟာ ဘယ်တော့မှ မတိုးတက် ပါဘူး၊ မကြီးပွားပါဘူး၊ ဒါ့ကြောင့် -

ဝိဝါဒံ ဘယတော ဒိသွာ - တို့အချင်းချင်း ငြင်းခုံခြင်း၊ သဘောထားကွဲလွဲခြင်းဟာ ကြောက်ဖွယ်မဟေး ဘေးကြီးဘဲလို့ မြင်ကြပါ။

အဝိဝါဒဥ္စ ခေမတော - အချင်းချင်း မငြင်းခုံ၊ သဘောထားမကွဲဘဲ တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် ဆောင်ရွက်ခြင်းဟာ အသင်းကြီး တိုးတက်ရာ တိုးတက်ကြောင်း ကောင်း မြတ်သော ငြိမ်းချမ်းရေး လမ်းစဉ်ကြီးဘဲလို့ မြင်ကြဘို့ ဩဝါဒပေးလိုပါတယ်။

ဆရာတော်ဦးတေဇောသာရာဘိဝံသ
ပရိယတ္တိသာသနဟိတ (သီးခြား ဓမ္မာစရိယ)
မစိုးရိမ်ကျောင်းတိုက်၊ နိကာယနယူပဒေသကျောင်း
မန္တလေးမြို့။



# ဘဒ္ဒန္တကေလာသာဘိဝံသ
## သကျသီဟနှင့် အစိုးရဓမ္မာစရိယ
## အဂ္ဂမဟာပဏ္ဍိတ၏ ပရိယတ္တိသာသနဟိတအသင်း
## နှစ်တစ်ရာပြည့်ပွဲ ဩဝါဒကထာ

၁။ ဒါနသီလ စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆောင်ရွက်ရခြင်းသည် လွယ်လွယ်ကူကူ ပြုလုပ်ဆောင်ရွက်ရသည် မဟုတ်ပါ။ အောက်ပါအကြောင်းများနှင့် ပြည့်စုံပါမှ ဒါန သီလ စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်၊ ဆောင်ရွက်ပြုလုပ်နိုင်သော အကြောင်းများကား –

(၁) ရှေးရှေးသော ဘဝများစွာက ပြုခဲ့ဘူးသော ကောင်းမှုရှိခြင်း။

(၂) ပဋိရူပဒေသ၌ ဖြစ်ရနေထိုင်ရခြင်း။

(၃) ကိုယ်စိတ်နှစ်ပါး ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းဟူသော အတ္တသမ္မာပဏိဓိနှင့် ပြည့်စုံခြင်း။

(၄) သူတော်ကောင်းကို မှီဝဲရခြင်း ဟူသော သပ္ပုရိသူပနိဿယကို မှီဝဲဆည်းကပ်ရခြင်း။

(၅) ဗုဒ္ဓုပ္ပါဒနဝမက္ခဏဟူသော ကာလနှင့်ပြည့်စုံခြင်း။

(၆) သူတော်ကောင်းတရားကို နာကြားရခြင်းဟူသော သဒ္ဓမ္မဿဝနနှင့် ပြည့်စုံရခြင်း။

(၇) သင့်ပြတ်သော နှလုံးသွင်း ယောနိသော မနသိကာရ ဖြစ်နိုင်ခြင်း။

ဤသို့သော အကြောင်း (၇) ချက်ကြောင့်သာ ဒါနစသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ဆောင်ရွက်နိုင်ရပါသည်။

၂။ အကြင်ပုဂ္ဂိုလ်သည် ရှေးရှေးသောဘဝများစွာက ပြုလုပ်ထားခဲ့သော ကောင်းမှုမရှိပါလျှင် ဘုရား, တရား, သံဃာ ရတနာသုံးပါးနှင့် သူတော်ကောင်းတို့ဖြစ်ထွန်းပေါ်ပေါက်ရာ ပဋိရူပဒေသ ခေါ် သင့်တင့်လျှောက်ပတ်ကောင်းမြတ်သော အရပ်ဒေသ၌ မဖြစ်ရ၊ မနေထိုင်ရပါ။ ပစ္စန္တရာဇ် အစွန်အဖျားဖြစ်သော အရပ်တို့၌သာ ဖြစ်ရပါသည်။ ရှေးရှေးသောဘဝများစွာက ပြုလုပ်အားထုတ်ခဲ့သော ကောင်းမှုများ ရှိပါမှသာလျှင် သင့်တင့်လျှောက်ပတ်ကောင်းမြတ်သောအရပ်ဒေသ၌ ဖြစ်ရပါသည်။ ထိုသို့ ပဋိရူပဒေသ၌ ဖြစ်ရ၊ နေထိုင်ရသော သူသည်သာလျှင် ထိုပဋိရူပဒေသ၌သာ ဖြစ်ကြသော သူတော်ကောင်း၊ သူမြတ်ကောင်းတို့ အမူအကျင့်ကို အတုယူလိုက်နာသောအားဖြင့် မိမိ၏ကိုယ်နှင့်စိတ်ကို ကောင်းသောနေရာ၊ ကောင်းသောအာရုံ၌ ထားနိုင်သည်ဖြစ်ပါသည်။ ထိုထားဘို့နိုင်ရန် သူတော်ကောင်း၊ သူမြတ်ကောင်းတို့ကို ကျိုးနွံစွာ မှီဝဲဆည်းကပ်ခွင့်ရပါတော့သည်။ ဆည်းကပ်ခွင့်ရသဖြင့်လည်း သူတော်ကောင်း၊ သူမြတ်ကောင်း ဖြစ်ပေါ်ရာ ဗုဒ္ဓုပ္ပါဒနဝမက္ခဏ၌ တွေ့ကြုံရပါတော့သည်။ ထို ဗုဒ္ဓုပ္ပါဒနဝမက္ခဏ၌ ကြုံကြိုက်ရသဖြင့် ထိုခဏ၌ ဖြစ်ပေါ်ပေါက်သော သူတော်ကောင်းတို့၏ တရားကို နာကြားခွင့် ရပါတော့သည်။ ထိုသူတော်ကောင်းတရားကို နာကြားရသဖြင့် ဤသည်တို့ကို ပြုလုပ်၊ ပြောဆို၊ ကြံစည်ပါက မကောင်း၊ ဤသည်တို့ကို ပြုလုပ်၊ ပြောဆို၊ ကြံစည်ပါက ကောင်းမြတ်ပါသည်။ သင့်တင့်သော နှလုံးသွင်းနှင့် ပြည့်စုံရပါတော့သည်။ ဤသင့်တင့်သော နှလုံးသွင်းရှိပါက ဒါန, သီလ, စသော ကောင်းမှုကုသိုလ်ပြုပါက နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်းဟုသိသော ပညာရှိ၍ ပါဏာတိပါတစသော မကောင်းမှု အကုသိုလ်တို့ကို ပြုလုပ်ပါက အပါယ်လားမည်ဟု သိသော ပညာရရှိကြ၍ သံသရာတလျှောက် သုဂတိဘဝသို့ ကူးပြောင်း၍ နောက်ဆုံး၌ မဂ် ဖိုလ် နိဗ္ဗာန်အထိရောက်၍ ဘဝဇာတ်သိမ်း နိုင်ပါလိမ့်မည်။

၃။ ထို့ကြောင့် ကံကောင်းထောက်မသဖြင့် ပရိယတ္တိသာသနဟိတအသင်း နှစ်တစ်ရာပြည့်ပွဲနှင့် ကြုံကြိုက်ရကား ထိုကြုံကြိုက်ခဲလှသော နှစ်တစ်ရာပြည့်ပွဲကြီးဟူသော အခွင့်ကောင်း အခါကောင်းနှင့် ကြုံကြိုက်သောပွဲကြီး၌ ဒါနစသော ကုသိုလ်ကောင်းမှုမျိုးစေ့ များကို အားပါတရ စိုက်ပျိုးကြပါဟု ဩဝါဒကထာ ချီးမြှင့်လိုက်ပါသည်။

ဘဒ္ဒန္တကေလာသာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
သက္ကျသီဟနှင့် အစိုးရဓမ္မာစရိယ



# ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ
## အဂ္ဂမဟာပဏ္ဍိတ၏
## ဩဝါဒကထာ

### ကျက်သရေမင်္ဂလာ

ကျက်သရေ မင်္ဂလာ ဟူသော ဝေါဟာရ စကားလုံးသည် မြန်မာပြည်သူတို့၏ နှုတ်ဖျား၌ အလွန်တရာ ရေပန်းစားလျက်ရှိသည်။ ၎င်းကျက်သရေ မင်္ဂလာဟူသော ဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို ကြည့်ပြန်လျှင်လည်း စကားလုံးလေးများ လှသလောက် အနက်အဓိပ္ပါယ်လည်း လှပလျက် အလွန်တရာ ကြည်နူးဘွယ်ကောင်းကြောင်း တွေ့မြင်ရပေမည်။ သို့ရာတွင် ကျက်သရေ–ဟူသော ဝေါဟာရ, မင်္ဂလာ–ဟူသော ဝေါဟာရတို့ကို ကွဲပြားခြားနားအောင် သိရှိဘို့ လိုအပ်ပေသည်။

မင်္ဂလာ–ဟူသော ဝေါဟာရသည် နှစ်မျိုးရှိသည် –

(၁) ဘုရားမပွင့်မီ အချိန်မှစ၍ ယခုအချိန်ထိ လူတို့ ယူဆ သုံးစွဲနေသော မင်္ဂလာ ဟူသော ဝေါဟာရတစ်မျိုး၊

(၂) ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားအပ်သော မင်္ဂလာ–ဟူသော ဝေါဟာရ တစ်မျိုး အားဖြင့် နှစ်မျိုးနှစ်စား ကွဲပြားလျက်ရှိသည်။

ထိုတွင် ဘုရားရှင်မပွင့်မီ အချိန်ကာလမှ ယနေ့ကျအောင် လူတို့ယူဆသုံးစွဲနေသော "မင်္ဂလာ" ဟူသော ဝေါဟာရကား ဒိဋ္ဌ, သုတ–စသော မင်္ဂလာကို "မင်္ဂလာ" ဟု သုံးစွဲသည်။

"ကောင်းသော အာရုံသည် မင်္ဂလာ၊ မကောင်းသော အာရုံသည် အမင်္ဂလာ၊။"

မှတ်ချက်။ ။ အာရုံကို မင်္ဂလာ–ဟုဆိုလျှင် အဝိနာဘာဝနည်းအားဖြင့် အာရမ္မဏိကစိတ်ကိုလည်း မင်္ဂလာ–ဟုဆိုသင့်ပေ့ကား၊ (တနည်း) ကောင်းသောအာရုံနှင့် တွေ့ကြုံရခြင်းသည် မင်္ဂလာ၊ မကောင်းသောအာရုံနှင့် တွေ့ကြုံရခြင်းသည်လည်း အမင်္ဂလာမည်၏။

ဥပမာ။ ။ အလှူမဏ္ဍပ်ကြီးသည် မင်္ဂလာမည်၏။ ထိုမဏ္ဍပ်ကြီးကို မြင်ရခြင်းသည်လည်း မင်္ဂလာမည်၏ဟု ဆိုရသကဲ့သို့တည်း။

အဆိုပါကောင်းသောအာရုံသည်လည်းကောင်း၊ ကောင်းသောအာရုံကို တွေ့ကြုံရခြင်းသည်လည်းကောင်း မင်္ဂလာမည်၏။ မကောင်းသောအာရုံသည်လည်းကောင်း၊ မကောင်းသော အာရုံကို တွေ့ကြုံရခြင်းသည်လည်းကောင်း အမင်္ဂလာ မည်၏ဟု လူတို့ ယူဆသုံးစွဲခြင်းသည် မင်္ဂလာတရားအစစ်အမှန်မဟုတ်၊ ဘုရားရှင်မပေါ်မီ, မင်္ဂလာတရား အစစ်အမှန်ကို မသိရမီ အချိန်ကာလက လူအများ ယော်ရမ်းမှန်းဆကာ ယူဆသုံးစွဲခြင်းသာ ဖြစ်သည်။

ထိုသို့ အယူမှားပင် ဖြစ်သော်လည်း ယခုအချိန်ကာလတိုင်အောင် ကောင်းသောအာရုံသည်လည်းကောင်း၊ ကောင်းသောအာရုံကို တွေ့ကြုံရခြင်းသည် လည်းကောင်း၊ မင်္ဂလာ–မည်၏။ မကောင်းသောအာရုံသည်လည်းကောင်း၊ မကောင်းသော အာရုံကို တွေ့ကြုံရခြင်းသည် လည်းကောင်း အမင်္ဂလာ–မည်၏ဟု ယူဆသုံးစွဲခြင်းကို သဘောကျ နှစ်ခြိုက်လျက် အမြင်ရှင်းပြီး ခံတွင်းတွေ့နေကြသည်။

(ကောင်းသော ရူပါရုံကို မြင်ရခြင်းသည် ဒိဋ္ဌမင်္ဂလာ၊

ကောင်းသော သဒ္ဒါရုံကို ကြားရခြင်းသည် သုတမင်္ဂလာ၊

ကောင်းသောအနံ့, အရသာ, အတွေ့အထိ, အာရုံများကို ခံစားရခြင်းသည် မုတမင်္ဂလာ မည်၏။)

(သုတ္တနိ၊ဋ္ဌ၊၂၁၀–၂)

မင်္ဂလံ ပစ္စေတိ နေဝ ကမ္မံ။

အံ့၊၂၁၈၁။ ဒိဋ္ဌ၊၁၊၂၁၀။ မ–ဋ္ဌ၊၁၊၁၄၀။ အံ၊ဋ္ဌ၊၃၊၆၂။

မင်္ဂလံ ပစ္စေတီတိ ဒိဋ္ဌမင်္ဂလာဒိဘေဒံ မင်္ဂလမေဝ ပတ္တိယာယတိ။

(ဒီ–ဋီ၊၁၊၂၈၃၊ သီ–ဋီ–သစ်၊၂၁၉၁၊ မဋီ၊၁၊၂၄၀။ အံ–ဋီ၊၂၊၂၅။ အံ–ဋီ၊၃၊၅၃)

ဤပြဆိုခဲ့ပြီးသော နည်းအားဖြင့် –

ဘုရားရှင် မပွင့်မီကာလမှ ယနေ့ကျအောင် လူတို့ယူဆသုံးစွဲလာသော မင်္ဂလာ ဟူသော ဝေါဟာရသည် ကောင်းသော အာရုံသည်လည်းကောင်း၊ ကောင်းသောအာရုံကို တွေ့ကြုံရခြင်းသည်လည်းကောင်း၊ မင်္ဂလာ မည်၏။ မကောင်းသော အာရုံသည်လည်းကောင်း၊ မကောင်းသော အာရုံကို တွေ့ကြုံရခြင်းသည်လည်းကောင်း အမင်္ဂလာ မည်၏ဟု ပိုင်နိုင်စွာ မှတ်သားထားနိုင်ပါ။ ဘုရားရှင်ဟောကြားအပ်သော မင်္ဂလာ ဟူသော ဝေါဟာရနှင့် မရောထွေးစေရန် ဖြစ်သည်။

ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော မင်္ဂလာ ဟူသော ဝေါဟာရကား –

ကုသိုလ်တရားတို့ကို မင်္ဂလာ ဟု ဟောတော်မူ၏။ ဘုရားရှင်၏ အလိုအားဖြင့် ကုသိုလ်ကို မင်္ဂလာ၊ အကုသိုလ်ကို အမင်္ဂလာ ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။

မှန်၏။ ကုသိုလ်တရားတို့သည် တိုးတက်ပြီးမြောက်ကြောင်း, ကြီးပွားကြောင်း ဖြစ်သောကြောင့် အလုံးစုံသော စည်းစိမ်ချမ်းသာ ဖြစ်ကြောင်း ဖြစ်သောကြောင့် မင်္ဂလာ ဟု ဆိုအပ်ကုန်၏။

မင်္ဂလန္တိ မဟန္တိ ဣဒ္ဓမေဟိ သတ္တာတိ မင်္ဂလာနိ၊ ဣဒ္ဓိ, ဝုဒ္ဓိ စ ပါပုဏန္တီတိ အတ္ထော။

(ခုဒ္ဒကာ၊ဋ္ဌ၊၁၀၃။)

မင်္ဂလန္တိ ဣဒ္ဓိကာရဏံ၊ ဝုဒ္ဓိကာရဏံ၊ သဗ္ဗသမ္ပတ္တိ ကာရဏံ။

(ခုဒ္ဒကာ၊ဋ္ဌ၊၁၀၄၊ သုတ္တနိ၊ဋ္ဌ၊၂၉။ မဟာနိ၊ဋ္ဌ၊၁၈၇။)

ကျက်သရေ – ဟူသော ဝေါဟာရကား သိရီ–ပုဒ်မှ ဆင်းသက်လာသော စကား ဖြစ်သည်။

သိရီ–ပုဒ်၏ အနက်များမှာ .....

၁။ အစိုးရသူ၏အဖြစ် စည်းစိမ်ဥစ္စာ၊

၂။ လုပတင့်တယ်ခြင်း၊

၃။ အခြံအရံ စသည်နှင့် ပြည့်စုံခြင်း၊

၄။ တန်ခိုးအစွမ်းအာနုဘော်၊

၅။ အလင်းအရောင်၊

၆။ ရူပကာယသမ္ပတ္တိ–ဘုရားရှင်၏ ရုပ်အဆင်းနှင့် ပြည့်စုံခြင်း။

ယင်းတို့၏ သာဓကတို့ကား –

(၁) သံ၊ဋ္ဌ၊၁၊၉၄။ သံ၊ဋီ၊၁၊၁၄၀။

(၂) သံ၊ဋ္ဌ၊၁၊၂၃၀။ သံ၊ဋီ၊၁၊၂၇၀။

(၃) ဝိမာန၊ဋ္ဌ၊၅၇။ ဇာ၊ဋ္ဌ၊၃၊၄၂၂။

(၄) သံ၊ဋ္ဌ၊၁၊၃၀။

(၅) ဇာ၊ဋ္ဌ၊၂၊၃၇၆။

(၆) ဝိ–ဋ္ဌ၊၁၊၉၆။ ဝိသုဒ္ဓိ၊၁၊၂၁၅။

အဆိုပါ သိရီ–ပုဒ်၏ အနက်တို့သည် "ကျက်သရေ" ဟူသော မြန်မာစကား အရတွင် ပါဝင်ပြီးဖြစ်သည်။

မှန်၏။ – အစိုးရမှု, စည်းစိမ်ဥစ္စာရှိမှု, လုပတင့်တယ်မှု, အခြံအရံပြည့်စုံမှု, တန်ခိုး အစွမ်းအာနုဘော်နှင့် ပြည့်စုံမှု, အလင်းအရောင်ရှိမှု, ရူပကာယ၏ တင့်တယ်မှုတို့သည် ကောင်းမှုကုသိုလ်ကံကြောင့် ဖြစ်ကြရသော အကျိုးတရားချည်းသာ ဖြစ်သည်။

ထင်ရှားစေဦးအံ့။ – ၎င်းသိရီ–ပုဒ်ကို "အထဝါ ပန ပုညနိဗ္ဗတ္တာ သရီရသောဘဂ္ဂါဒိ သမ္ပတ္တိ ကတပုညံ နိဿယတိ၊ ကတပုညေဟိ ဝါ နိဿီယတီတိ သိရီ တိ ဝုစ္စတိ။"

(ဝိမာန၊ဋ္ဌ၊ ၇၅။ မူလဋီ၊၁၊၉။)

အထဝါ ပန = တစ်နည်းသော်ကား၊ ပုညနိဗ္ဗတ္တာ = ကောင်းမှုကြောင့်ဖြစ်သော၊ သရီရသောဘဂ္ဂါဒိသမ္ပတ္တိ = ခန္ဓာကိုယ်၏ တင့်တယ်ခြင်း စသော ပြည့်စုံမှုသည်၊ ကတ ပုညံ = ပြုအပ်သော ကောင်းမှုရှိသူကို။ နိဿယတိ = မှီတတ်၏။

ဝါ = တစ်နည်းကား၊ ကတပုညေဟိ = ပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့သည်၊ သရီရသောဘဂ္ဂါဒိသမ္ပတ္တိ = ခန္ဓာကိုယ်၏ တင့်တယ်ခြင်း စသော ပြည့်စုံမှုကို၊ နိဿိ ယတိ = မှီအပ်၏၊ ဣတိ = ထို့ကြောင့်၊ သိရီတိ = သိရီ ဟူ၍၊ ဝုစ္စတိ = ဆိုအပ်၏။

သိရီတိ ကတပုညေဟိ သေဝိယတိ တေဟိ ပဋိလဘီယတီတိ သိရီ။

(သံ၊ဋီ၊၁၊၁၄၀။)

သိရီတိ = သိရီဟူသည်ကား၊ ကတပုညေဟိ = ပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့သည်။ သေဝိယတိ = မှီဝဲအပ်၏၊ တေဟိ = ထိုပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့ သည်၊ ပဋိလဘီယတိ = ရအပ်၏။ ဣတိ = ထို့ကြောင့်၊ သိရီ=သိရီ မည်၏။

ကထပုညေဟိ သေဝီယတေ တေ ဝါ သေဝတီတိ သိရီ။ (ခုန်-ဋီ၊၈၂။)

ကတပုညေဟိ = ပြုအပ်ပြီးသော ကောင်းမှုရှိသောသူတို့သည်။ သေဝိယတေ = မှီ ဝဲအပ်၏။ ဝါ = တစ်နည်းကား၊ တေ = ထိုပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့ကို၊ သေဝ တိ = မှီဝဲတတ်၏။ ဣတိ = ထို့ကြောင့်။ သိရီ = သိရီ မည်၏။

ဤအဋ္ဌကထာ, ဋီကာဝစနတ္တများကို ထောက်ရှုပါက သိရီ-ပုဒ်၏ အနက်အရသည် အကျိုးတရားများသာ ဖြစ်သင့်ကြောင်း ပေါ်လွင်ထင်ရှားလှပါသည်။

မှတ်ချက်။ ။ သိရီ-ပုဒ်ကို ဝိမာန-ဋ္ဌ၊ ၇၅ ၌ "သိရီတိ ဗုဒ္ဓိပုညာနံ အဓိဝစနန္တိ ဝဒန္တိ" ဟူ၍ လည်းကောင်း၊ မူ-လဋီ၊ ၁၊ ၉ ၌ "သိရီတိ ပညာပုညာနံ အဓိဝစနန္တိ ဝဒန္တိ" ဟူ၍ လည်း ကောင်း ဖွင့်ပြခြင်းတို့ကား ပညာ, ဘုန်းကံတို့သည် အကြောင်းတရားများသာ ဖြစ်သော ကြောင့် သိရီ-ပုဒ်အရ မုချမဟုတ်၊ ကာရဏူပစာတို့သာတည်း။

ပြဆိုခဲ့ပြီးသော စကားရပ်များကို ထောက်ရှုပါက အဘယ်အရာကို ကျက်သရေ ဟု ခေါ်ဆိုရသနည်း။ ကောင်းကျိုးဟူသမျှကို, တစ်နည်း - ကောင်းသော ဖြစ်ရပ်မှန်သမျှကို ကျက်သရေ ဟု ခေါ်ဆိုရသည် ဟု ပေါ်လွင်ထင်ရှားစွာ သိမြင်လာနိုင်ပါသည်။

ရှင်းဦးအံ့။ – ကျက်သရေ ဟူသည် ကောင်းမှုကြောင့် ဖြစ်ပေါ်လာရသော ကောင်းကျိုး များဖြစ်သောကြောင့် –

၁။ အသက်ရှည်ခြင်းသည်လည်း ကျက်သရေ။

၂။ အနာရောဂါ ကင်းခြင်းသည်လည်း ကျက်သရေ။

၃။ အဆင်းလှခြင်းသည်လည်း ကျက်သေရ။

၄။ အသံသြဇာကောင်းခြင်းသည်လည်း ကျက်သရေ။

၅။ တန်ခိုးအစွမ်းအာနုဘော်ရှိခြင်းသည်လည်း ကျက်သရေ။

၆။ အမျိုးမြတ်ခြင်းသည်လည်း ကျက်သရေ။

၇။ ဉာဏ်ပညာ ကောင်းခြင်းသည်လည်း ကျက်သရေ။

ချည်းသာဖြစ်ရကား ကောင်းသောဖြစ်ရပ်မှန်သမျှကို "ကျက်သရေ" ဟု ခေါ်ဆို ထိုက်ကြောင်း သိသာနိုင်တော့သည်။

ဥပမာအားဖြင့် ရုပ်ရည်ချောမောသူကို ကြည့်၍ ရုပ်အဆင်းကား လွန်စွာ ကျက်သရေ ရှိပါပေသည် ဟူ၍ လည်းကောင်း၊ အသံကောင်းသူကို ကြည့်၍ အသံသြဇာ လွန်စွာ ကျက်သရေ ရှိပါပေသည်ဟူ၍လည်းကောင်း၊ ချီးမွမ်းထောမနာ ပြုကြခြင်း ဖြစ်တော့သည်။

လူတို့အခေါ် သမုတ်အပ်သော မင်္ဂလာ ဟူသော ဝေါဟာရနှင့် ကျက်သရေ ဟူသော ဝေါဟာရ အရတူသောကြောင့် ကျက်သရေ ဟူသော ဝေါဟာရ နှင့် မင်္ဂလာ ဟူသော ဝေါဟာရ နှစ်ခုတွဲစပ်၍ ကောင်းသော ဖြစ်ရပ်တစ်ခုခုကို ကျက်သရေ မင်္ဂလာရှိသည်ဟု ပြောဆိုပါက သူ့နည်း သူ့ဟန် အမှန်ပင် ဖြစ်တော့သည်။

ဘုရားရှင်ဟောကြားတော်မူအပ်သော မင်္ဂလာ ဟူသော ဝေါဟာရကား အကြောင်း ဖြစ်သော ကောင်းမှုကုသိုလ်၊ ကျက်သရေ ဟူသော ဝေါဟာရကား ကောင်းကျိုးဖြစ်ရပ်များ ဖြစ်၍ အရမတူဘဲ တစ်ခြားစီ ဖြစ်ရကား မင်္ဂလာ ဟူသော ဝေါဟာရနှင့် ကျက်သရေ ဟူသော ဝေါဟာရ တွဲစပ်၍ အသုံးမပြုသင့်ပေ။

ထို့ကြောင့် ဘုရားရှင်ဟောကြားတော်မူအပ်သော မင်္ဂလာ ဟူသော ဝေါဟာရအရ ကုသိုလ်တရားတို့ကို တိုးပွားအောင် ကျိုးစားအားထုတ်ပြီးလျှင် ကျက်သရေ ဟူသော ဝေါဟာရအရ လောကီ, လောကုတ္တရာ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တိုင်အောင် ချမ်းသာသုခတို့ကို ခံစားနိုင်ကြပါစေ။ ။

ဆရာတော်ဘဒ္ဒန္တသိရိန္ဒာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယက–ဒုတိယဥက္ကဋ္ဌ
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။



ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မန္တလေး။
သကျသီဟသိုးခြားစာချနှင့်
သာသနဓဇသိရိပဝရဓမ္မာစရိယ

## ဘဒ္ဒန္တသာသနာဘိဝံသ ၏ ဩဝါဒကထာ

## ထေရဝါဒသာသနာ အစဉ်မပျက် ထိန်းသိမ်းစောင့်ရှောက်ကြရန်

ဗုဒ္ဓရှင်တော်မြတ်သည် မဟာသက္ကရာဇ် (၁၀၃) ခု၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအဖြစ်ပွင့်ထွန်းတော်မူပြီးနောက် ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာတရားဦး ဒေသနာဟောကြားတော်မူပြီး အရှင်ကောဏ္ဍညအမှူးရှိသော ဖေတိဘိက္ခုရဟန်းသံဃာအဖွဲ့အစည်းကြီးကို စတင် တည်ထောင်တော်မူခဲ့ပါသည်။ ထိုအဖွဲ့အစည်းကြီး၏ အရေအတွက်မှာ နှစ်သောင်းရှစ်ထောင်ခြောက်ရာလေးဆယ့်တစ်ပါး ရှိသည်ဟု ပါရာဇိကဏ်ဍဋ္ဌကထာ ဆရာတော်က ရေတွက်ပြတော်မူခဲ့ရာ ကနဦး ထေရဝါဒသာသနာပြုအဖွဲ့ကြီး ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူပြီး၍ ကိုးလခန့်အကြာ မဟာသက္ကရာဇ် (၁၀၃) ခု၊ တပို့တွဲလ၌ ရာဇဂြိုဟ်ဝေဠုဝန်ကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေတော်မူစဉ် ရာခအမျိုးသားကြီးအား ပထမဦးစွာ ဥတ္တိစတုတ္ထရဟန်းအဖြစ်ခွင့်ပြု ပညတ်တော်မူ၍ သာသနာတော်ကွယ်ပချိန်အထိ သာသနာတော်သန့်ရှင်းတည်တံ့ထွန်းကား ပြန့်ပွားရေးကို လက်ဆင့်ကမ်းထမ်းဆောင်မည့် ဥတ္တိစတုတ္ထရဟန်းသံဃာအဖွဲ့အစည်းကြီးကို စတင်တည်ထောင်တော်မူခဲ့သည်။ မဟာသက္ကရာဇ် (၁၀၄) ခု၊ ကဆုန်လပြည့်ကျော် (၇) ရက်နေ့တွင် သားတော်ရာဟုလာအားသာသနာ့အမွေပေး၍ သိက္ခာ်ပုဒ် (၁၀၃) ပါးထက်ပိုလွန်သော ကိုယ်ကျင့်သိက္ခာပုဒ်များကို

ထိန်းသိမ်းစောင့်ရှောက်လျက် သာသနာ့တာဝန်ကို ရဟန်းတော်များနှင့် ယှဉ်တွဲထမ်းဆောင်နိုင်မည့် ရှင်သာမဏေအဖွဲ့အစည်းကြီးကိုလည်း စတင်တည်ထောင်တော်မူခဲ့ပါသည်။

ဗုဒ္ဓရှင်တော်မြတ်သည် မဟာသက္ကရာဇ် (၁၀၇) ခု၊ ဝါဆိုခေတ်တွင် ဝေသာလီမြို့ ကူဋာဂါရကျောင်းတော်ကြီး၌ ဝါကပ်သီတင်းသုံးတော်မူစဉ် မိထွေးတော် ဂေါတမီအမှူးရှိသော သာကီဝင်မင်းသမီးငါးရာတို့ လာရောက်ကြ၍ (ဘိက္ခုနီ) ရဟန်းမအဖြစ် စိတ်အားထက်သန်စွာ တောင်းပန်ကြသဖြင့် မိထွေးတော်ဂေါ်မတီအား လေးနက်သော တရားရှစ်မျိုးကို ဝန်ခံသော အဋ္ဌဂရုဓမ္မပဋိဂ္ဂဟ ဘိက္ခုနီအဖြစ် ခွင့်ပြုတော်မူ၍ နောက်ပါ သာကီဝင်မင်းသမီးငါးရာတို့အား ဧကတောဉပသမ္ပန္နဉ တ္တိ စတုတ္ထရဟန်းမအဖြစ် ခွင့်ပြုပြည်တော်မူလျက် ဘိက္ခုနီသံဃာ့အဖွဲ့အစည်းကြီးကို စတင် တည်ထောင်တော်မူခဲ့ပါသည်။ မရှေးမနှောင်းပင် ဘိက္ခုနီအဖြစ်သို့ တက်လှမ်းနိုင်ရန် ကျင့်ဆဲဖြစ်သော သိက္ခမာန်အဖွဲ့အစည်းနှင့် သာမဏေယောကျ်ားနည်းတူ ကျင့်သုံးရသော သာမဏေရီ အဖွဲ့အစည်းကိုလည်း တည်ထောင်တော်မူခဲ့သဖြင့် သီတင်းသုံးဖေါ်ငါးဦး အဖွဲ့အစည်းကြီးငါးဖွဲ့တို့က သာသနာတော်နှစ်ပေါင်း တစ်ထောင်ကျော်တိုင်တိုင် တက်ညီလက်ညီ ကိုယ်ရောစိတ်ပါ တက်တက်ကြွကြွ စဉ်ဆက်မပြတ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့ကြပါသည်။

ယခုအခါ ထေရဝါဒသာသနာတော်ကြီးကို ထမ်းဆောင်တော်မူကြသည့် (၇) နိုင်ငံအနက် မြန်မာနိုင်ငံ၌သာ ဗုဒ္ဓအလိုကျ ပီပီပြင်ပြင်ရှိတော့သည့်အတွက် ဉ တ္တိစတုတ္ထရဟန်းတော်အဖွဲ့နှင့် ရှင်သာမဏေအဖွဲ့ နှစ်ဖွဲ့တို့က တတ်စွမ်းသမျှ လုံ့လကြိုးကုတ် အားထုတ်လျက် ပရိယတ်, ပဋိပတ် သာသနာတော်နှစ်ရပ်ကို ဦးပိုင်းမှ ရှေ့ဆောင်ရှေ့ရှုက် ထမ်းဆောင်နေသည့်အချိန် ထေရဝါဒဗုဒ္ဓဘာသာ့ဝင် ဒကာ, ဒကာမအပေါင်းတို့က စတုပစ္စယာနုဂ္ဂဟဖြင့်သာ ကျေနပ်မနေဘဲ ပရိယတ်, ပဋိပတ် သာသနာတော်နှစ်ရပ်ကိုလည်း ရဟန်း သာမဏေများနည်းတူ ပုဂ်အနေဒ်ရထာမင်းလက်ထက် အတုယူကာ တတ်စွမ်းသမျှ လှူဝတ်ကြောင်းဖြင့် သာသနာပြုကြရန် တိုက်တွန်းလိုက်ရပေသတည်း။ ။

ဘဒ္ဒန္တသာသနာဘိဝံသ
သကျသီဟသီးခြားစာချနှင့်
သာသနဓဇသိရီပဝရ ဓမ္မာစရိယ
ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊ မန္တလေး။



# ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ

## အဂ္ဂမဟာပဏ္ဍိတ၏

## ဩဝါဒကထာ

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။ (ဓမ္မပဒဗုဒ္ဓဝဂ္ဂ)

ဗုဒ္ဓါနံ – ဘုရားရှင်တို့၏။ ဥပ္ပါဒေါ – ဖြစ်ထွန်းပွင့်ပေါ်တော်မူလာခြင်းသည်။ သုခေါ – ရှေးဦးအစ ပထမဖြစ်သော သုခချမ်းသာမင်္ဂလာကြီး ဖြစ်ပါပေ၏။ သဒ္ဓမ္မဒေသနာ – ဘုရားရှင်တို့၏ သဒ္ဓမ္မသုံးဖြာ သာသနာသုံးရပ်တရားတော်မြတ်ကို ဟောကြားတော်မူခြင်းသည်။ သုခါ – နှစ်ကြိမ်မြောက် ဒုတိယဖြစ်သော သုခချမ်းသာ မင်္ဂလာကြီး ဖြစ်ပါပေ၏။

သံဃဿ – ရှင်အပေါင်း၊ လူအပေါင်း၊ ရှင်လူအပေါင်း၏။ သာမဂ္ဂီ – ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြခြင်းသည်။ သုခါ – သုံးကြိမ်မြောက် တတိယဖြစ်သော သုခချမ်းသာ မင်္ဂလာကြီး ဖြစ်ပါပေ၏။

သမဂ္ဂါနံ – ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြသူ ရှင်လူအပေါင်းတို့၏။ တပေါ – ကောင်းမြတ်သော ကိစ္စအဝဝကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည်။ သုခါ – လေးခုမြောက် စတုတ္ထဖြစ်သော သုခချမ်းသာ မင်္ဂလာကြီး ဖြစ်ပါပေ၏။

၁။ ဘုရားရှင်တို့ ပွင့်တော်မူလာသည်ရှိသော် သတ္တဝါတို့ကို ကူးမြောက်နိုင်ခဲသော ရာဂကန္တာရစသော ခရီးခဲကြီးများကို ကူးမြောက်စေနိုင်သောကြောင့် ဘုရားရှင်တို့ ပွင့်တော်မူလာခြင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာကြီး ဖြစ်ပါပေ၏။

၂။ ဘုရားရှင်တို့၏ သဒ္ဓမ္မသုံးဖြာ ဒေသနာတော်ကို အကြောင်းပြု၍ ဇာတိသဘော စသည်ရှိသော သတ္တဝါတို့သည် ဇာတိဘေးစသည်တို့မှ လွတ်မြောက်ရသောကြောင့် ဘုရားရှင်တို့၏ သဒ္ဓမ္မသုံးဖြာဒေသနာကို ဟောကြားတော်မူခြင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာကြီး ဖြစ်ပါပေ၏။

၃။ နှစ်ဦးတည်းပင် ဖြစ်စေကာမူ မညီညွတ်လျှင် မချမ်းသာသောကြောင့် မိသားစု၊ အသင်းအပင်း၊ အဖွဲ့အစည်းဟူသော ရှင်လူအပေါင်း၏ စိတ်တူကိုယ်တူ ညီညွတ်ကြခြင်းသည် ကောင်းမြတ်ချမ်းသာ မင်္ဂလာကြီး ဖြစ်ပါပေ၏။

၄။ စိတ်တူ ကိုယ်မျှ ညီညွတ်ကြသော ရှင်လူအပေါင်း၏ ကောင်းမြတ်သော ကိစ္စအဝဝကို ညီညွတ်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်မှုသည် ကိစ္စအဝဝကိုချမ်းချမ်းသာသာ အောင်အောင်မြင်မြင် ပြီးစီးနိုင်ကြောင်းဖြစ်၍ ကောင်းမြတ်ချမ်းသာ မင်္ဂလာကြီး ဖြစ်ပါပေ၏။

ဤဒေသနာတော်အရ ရှေးကုသိုလ်ကံထောက်မ၍ ဗုဒ္ဓုပ္ပါဒ ပထမသုခကြီး၊ သဒ္ဓမ္မဒေသနာ ဒုတိယသုခကြီးများကို ရရှိပြီး ဖြစ်ကြသော ပရိယတ္တိသာသနဟိတအသင်းသူ အသင်းသားအပေါင်းနှင့်တကွ အားလုံးသော ဒကာ, ဒကာမ သူတော်ကောင်းအပေါင်းတို့သည် မိမိတို့ အချင်းချင်း ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြခြင်းတည်းဟူသော တတိယသာမဂ္ဂီသုခနှင့် ကောင်းမြတ်သော ဘာသာရေး, သာသနာရေး, လူမှုရေး ကိစ္စအဝဝကို ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဟူသော စတုတ္ထ တပေါသုခတို့ကို ရရှိအောင်ကြိုးစား၊ လေးပါးသော သုခအရသာကို ခံစားသုံးဆောင်ကြလျက် နိဗ္ဗာန် ပရမံ သုခံ အရ အမြတ်ဆုံးဖြစ်သော သန္တိသုခ နိဗ္ဗာနဓာတ် အငြိမ်းဓာတ် အအေးဓာတ် ချမ်းသာမြတ်ကြီးကို သုံးဆောင်နိုင်ကြစေသတည်းဟု အာသီသပတ္တနာ ဆုပန်ထွာ၍ ဩဝါဒကထာအစဉ်ကို ဤတွင်ပင် နိဂုံးအုပ်အပ်ပါသည် သူတော်ကောင်းအပေါင်းတို့။ ။

ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ
တိပိဋကဓမ္မောဩဝါဒါစရိယ၊ ပရိယတ္တိသာသနဟိတဩဝါဒါစရိယ။
ပရိယတ္တိသာသနဟိတဓမ္မာစရိယ သီးခြားစာချ
သာသနဇောတိကပဝရ ဓမ္မာစရိယ သိရောမဏိ။
နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်
တိုက်အုပ်ဆရာတော်
အလယ်တိုက်ကြီး၊ ပေါက်မြိုင်တိုက်
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

# မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း
# အဘိဝံသဘွဲ့နှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်ရ
# မူလစာချ ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တရေဝတာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ညောင်ရမ်းကျောင်း မိုးကောင်းတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။
(၁၂၆၃–ခုနှစ် ကိုးကွယ်သည်)

၂။ ဘဒ္ဒန္တစန္ဒာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သက်တော်ရှည်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ (စံကင်းဆရာတော်) အနောက်ပြင်၊ မန္တလေးမြို့။
(၁၂၈၇–ခုနှစ် ကိုးကွယ်သည်)

၃။ ဘဒ္ဒန္တနန္ဒမဠ္ဌာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရတနာ့ဗိမာန်ကျောင်း၊ ချမ်းသာကြီးတိုက်၊ မန္တလေးမြို့။
(၁၃၀၀–ပြည့်နှစ် ကိုးကွယ်သည်)

၄။ ဘဒ္ဒန္တဇာနေယျဗုဒ္ဓိဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပိုက်ကျုံးကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။
(၁၃၀၉–ခုနှစ် ကိုးကွယ်သည်)

၅။ ဘဒ္ဒန္တနန္ဒိသေနာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မဟာနန္ဒိသေနာရာမတိုက်၊ တောင်ပြင်၊ မန္တလေးမြို့။
(၁၂၉၇–ခုနှစ် ကိုးကွယ်သည်)

၆။ ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပါဠိနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးမြို့။
(၁၃၀၈–ခုနှစ် ကိုးကွယ်သည်)

၇။ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေးဝန်းကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးမြို့။
(၁၃၂၈–ခုနှစ် ကိုးကွယ်သည်)

**"သီးခြားစာချ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်ကြီးများ"**

၁။ ဘဒ္ဒန္တသူရိယာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မစိုးရိမ်ကျောင်းတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့။
(၁၂၇၀–ခုနှစ်အောင်)

၂။ ဘဒ္ဒန္တဃောသိတာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဃောသိတာရာမကျောင်းတိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
(၁၂၉၁–ခုနှစ်အောင်)

၃။ ဘဒ္ဒန္တအာနန္ဒာပဏ္ဍိတာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဇာရဏသီကျောင်းတိုက်၊ ပြည်မြို့။
(၁၂၉၁–ခုနှစ်အောင်)

၄။ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး။
(၁၂၉၆–ခုနှစ်အောင်)

၅။ ဘဒ္ဒန္တမေဓိယာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့။
(၁၂၉၉–ခုနှစ်အောင်)

၆။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သပြေကန်ကျောင်းတိုက်၊ ရန်ကုန်တိုင်း၊ ရန်ကုန်မြို့။
(၁၃၀၀–ပြည့်နှစ်အောင်)

၇။ · ဘဒ္ဒန္တနာဂသေနာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ တောင်လေးလုံးကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
(၁၃၀၀–ပြည့်နှစ်အောင်)

၈။ ဘဒ္ဒန္တဝိမလာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်သာသနာပိုင်ဆရာတော်၊ ကန်ကြီး ပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့။
(၁၃၀၂–ခုနှစ်အောင်)

၉။ ဘဒ္ဒန္တသုပညိန္ဒာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဥပဥက္ကဋ္ဌ၊ ရွှေကျင်ပဌမဂဏ္ဍာရုံချောင်၊ စစ်ကိုင်းတောင်။
(၁၃၁၁–ခုနှစ်အောင်)

၁၀။ ဘဒ္ဒန္တဉာဏာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးမြို့။
(၁၃၁၂–ခုနှစ်အောင်)

၁၁။ ဘဒ္ဒန္တသူရိယာဘိဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ စိန်မပါဠိတက္ကသိုလ်၊ မော်လမြိုင်၊ မွန်ပြည်နယ်။
(၁၃၁၅–ခုနှစ်အောင်)



ဘဒ္ဒန္တရေဝတာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ညောင်ရမ်းကျောင်း၊ မိုးကောင်းတိုက်



ဘဒ္ဒန္တ သူရိယာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
မစိုးရိမ်တိုက်



ဘဒ္ဒန္တစန္ဒာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
စံကင်းဆရာတော်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်



ဘဒ္ဒန္တ ဇောတိကာဘိဝံသ

အဘိဓဇမဟာရဋ္ဌဂုရု

ဒေးဝန်းဆရာတော်၊ မိုးကောင်းတိုက်



ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
သပြေကန်ဆရာတော်



ဘဒ္ဒန္တ အာနန္ဒာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု
ပြည်ဗာရာဏသီ



ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ပဋ္ဌာန်းဆရာတော်



ဘဒ္ဒန္တနန္ဒမဉ္ဇူဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ရတနာဗိမာန်ကျောင်း၊ ချမ်းသာကြီးတိုက်



ဘဒ္ဒန္တနန္ဒိသေနာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
မဟာနန္ဒိသေနာရာမတိုက်



ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ
အဘိဓဇမဟာရဋ္ဌဂုရု
မဟာဝိသုဒ္ဓါရုံတိုက်သစ်



ဘဒ္ဒန္တဉာဏာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု
ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်

# ပရိယတ္တိသာသနဟိတအသင်း
# နှစ်တစ်ရာအတွင်းထမ်းဆောင်ခဲ့သော
# ပုဂ္ဂိုလ်ကြီးများ



ဦးထွန်း ( ဥက္ကဋ္ဌ )
(၁၂၆၀–၁၂၆၇)

ရွှေကုန်သည် ဦးကျော် ( ဥက္ကဋ္ဌ )
(၁၂၆၈–၁၂၈၅)



ရွှေကုန်သည် ဦးကျောက်နီ ( ဥက္ကဋ္ဌ )
(၁၂၈၆–၁၂၉၆)



ကုန်သည်ကြီး ဦးကျောက် ( ဥက္ကဋ္ဌ )
(၁၂၉၇–၁၃၀၁)



ပင်စင်စာရေးကြီး ဦးသာခ ( ဥက္ကဋ္ဌ )
(၁၃၀၂)



ပွဲစားကြီးဦးပေါ ( ဥက္ကဋ္ဌ )
(၁၃၀၃–၁၃၀၈)



ရွှေကျောက်ကုန်သည်ကြီး ဦးစံထိုက် ( ဥက္ကဋ္ဌ )
(၁၃၀၃–၁၃၀၈)



ဦးဘိုးလူ ( ဥက္ကဋ္ဌ )
(၁၃၀၉)



ဦးဆိုင် (ဗိသုကာဆရာကြီး) ( ဥက္ကဋ္ဌ ) (၂-ကြိမ်)
(၁၃၀၉-၁၃၂၀)



ရွှေပြည် ဦးမောင်ကြီး ( ဥက္ကဋ္ဌ )
(၁၃၂၁)



A.T.M ဦးစိန် ( ဥက္ကဋ္ဌ )
(၁၃၂၂-၁၃၂၄)



ရွှေကုန်သည် ဦးအောင်သာ ( ဥက္ကဋ္ဌ )
(၁၃၃၁-၁၃၄၆)



ဦးသာလှိုင် ( ဥက္ကဋ္ဌ )
(၁၃၄၇-၁၃၅၁)



ရွှေကုန်သည် ဦးချစ်မောင် ( ဥက္ကဋ္ဌ )
(၁၃၅၁-၁၃၅၄)



ဦးဘသိုက်
(အတွင်းရေးမှူး)




ဦးဘမို
(အတွင်းရေးမှူး)



ဦးထွန်းကြည်
(အတွင်းရေးမှူး)



ဦးမြသင်း
(အတွင်းရေးမှူး)



နိုင်ငံကျော် ဦးလှသိန်း (ဓမ္မကထိက)




▶ အလုပ်အမှုဆောင်အဖွဲ့ (၁၉၆၀)



အလုပ်အမှုဆောင်အဖွဲ့ (၁၉၈၆) ◀



▶ အလုပ်အမှုဆောင်အဖွဲ့ (၁၉၉၇)

# အလုပ်အမှုဆောင်အဖွဲ့ဝင်များ



ဦးဟန်ထွန်း

ဥက္ကဋ္ဌ



ဦးထွန်းသိန်း (ငွေတာရီ)

ဒု-ဥက္ကဋ္ဌ



ဦးစိန်တင်

ဒု-ဥက္ကဋ္ဌ



ဦးအေးကို
အတွင်းရေးမှူး



ဦးကျော်ငွေး
တွဲဘက်အတွင်းရေးမှူး



ဦးမောင်နီ
တွဲဘက်အတွင်းရေးမှူး



ဦးထွန်းသိန်း (မလွန်)
ငွေထိန်း



ဦးမျိုးထွန်း
စာရင်းစစ်



ဦးသန်းမောင်
စာရင်းစစ်



ဦးမောင်မောင်
စာရင်းစစ်



ဦးအောင်ကျော်သက်
စာရင်းစစ်



ဦးဉာဏ်ထွန်း
အမှုဆောင်



ဦးဘသန်း
အမှုဆောင်



ဦးရှမ်း
အမှုဆောင်



ဦးကံညွန့်
အမှုဆောင်

ပရိယတ္တိသာသနဟိတအသင်းကြီး
နှစ် (၁၀၀) ပြည့်ပွဲတော် ဖြစ်မြောက်ရေး
" ဗဟိုရ်ကော်မတီ "



ရှေ့တန်းဝဲမှယာ – ဦးဉာဏ်ထွန်း၊ ဦးဘသန်း၊ ဦးအေးကို၊ ဦးစိန်တင်၊ ဦးဟန်ထွန်း၊ ဦးထွန်းသိန်း (ငွေတာရီ)၊ ဦးထွန်းသိန်း (မလွန်)၊ ဦးမောင်မောင်၊ ဦးကျော်ငွေ။

နောက်တန်းဝဲမှယာ – ဦးမောင်နီ၊ ဦးကံညွန့်၊ ဦးသန်းမောင်၊ ဦးကြည်အောင်၊ ဦးမျိုးထွန်း၊ ဦးအောင်ကျော်သက်၊ ဦးရှမ်း။



**မှတ်တမ်းစာအုပ်ပြုစုထုတ်ဝေရေးအဖွဲ့**

ရှေ့တန်းဝဲမှယာ – ဦးမြမောင်၊ ဦးလှကျော်၊ ဦးဉာဏ်ထွန်း (အတွင်းရေးမှူး)၊ ဦးစိန်တင် (ဥက္ကဋ္ဌ)၊ ဦးစိန်မင်း၊ ဦးခင်မောင်၊

နောက်တန်းဝဲမှယာ – ဦးတင်မောင်ရီ၊ ဦးသန်းမောင်၊ ဦးမြတ်ထွန်း၊ ဦးအောင်သန်း၊ ဦးညွန့်မောင် (ဇရာထွန်း)၊ ဦးမောင်နီ၊ ဦးအောင်ကျော်သက်၊ ဦးနေဝင်း၊



**ရုံးဝန်ထမ်းများ**

ရှေ့တန်းဝဲမှယာ – ဦးအောင်သိန်း (စာရေးကြီး)၊ ဦးကျော်မင်း (ရုံးအဖွဲ့မှူး)၊ ဦးသာဌေး (စာရေးကြီး)၊

နောက်တန်းဝဲမှယာ – ဦးတင်မောင် (သန့်ရှင်းရေး)၊ ဦးဌေးကျုန် (လုံခြုံရေး)၊ ဦးတင်ဆိုင် (နိဗ္ဗာန်ဆော် )၊ ဦးတင်ခိုင် (ဓာတ်လှေခါး) ဦးသြ (လုံခြုံရေး)၊ ဦးသန်းမောင် (စာရေးကြီး)။

# ပရိယတ္တိသာသနဟိတအသင်း

## နှစ်တစ်ရာပြည့် အထူးထုတ်စာစောင်


၁ အသင်းချုပ်ဆရာကြီး ဥယျောဇနကထာ

၃ ပုဂံသာသနာမှသည် ရတနာပုံသာသနာသို့

၅ ကန်တော့ပန်း

၆ မေတ္တာလက်တွဲရာပြည့်ပွဲ

၉ သကျသီဟနှင့်သကျသီဟ

၁၁ ပရိယတ္တိသာသနဟိတအသင်းကြီး ပတ္တမြားရတု အခါတော်

၁၂ မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာနှင့် ပရိယတ္တိသာသနဟိတအသင်း

၁၇ စိန်နှလုံးသားပိုင်ရှင်များ

၂၀ ပရိယတ္တိသည်သာ မာနမြစ်သည်

၂၅ မဟာဂုဏ် ကျေးဇူးတော်

၃၂ နှစ် (၁၀၀) အဖြစ်သို့ရှင်သကာ" ဘွဲ့ပုံရှင်များ

၄၉ ထိပ်တန်းကနေရာတွေမှာ

၅၂ ကျွမ်းကျင်ရာ

၅၅ အရှိန်အဝါကြောင့် မန္တလေးသာသနာ

၅၈ ပရိယတ္တိအလင်းရောင် ပရိယတ္တိသာပဓာန

၆၃ လွမ်းစရာ သကျသီဟ

၆၅ ကျေးဇူးကြီးလှ ပ-သ-အ

၆၈ ပရိယတ္တိသာသနဟိတအသင်းနှင့် ဗုဒ္ဓဘာသာ

၇၄ ဟို လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀) တုန်းက

၇၈ ရာပြည့်မှသည် သာသနာတည်သရွေ့ ဆောင်ရွက်နိုင်ပါစေ

၈၁ ပိုးသာကုန် မောင်ပုံ စောင်းမတတ်

၈၄ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး နှစ်တစ်ရာပြည့်ဂုဏ်ပြုမော်ကွန်းရတုပိုဒ်စုံနှင့် ရှစ်ဆယ်ပေါ် တေးထပ်

၈၆ ပရိယတ္တိသာသနဟိတအသင်းကြီး ထောင်သောင်းနှစ်ရှည် တည်ပါစေ

၉၀ လူအချင်းချင်း မတူညီခြင်း

၉၃ မန္တလေးသာသနာ

၉၇ ရာတစ်မှသည် ရာပေါင်းများစွာသို့

၁၀၁ သာ(ဓ)ကျောင်းအာရာမနှင့် ...

၁၀၅ ပရိယတ္တိ(၁၀၀) ...

၁၀၇ စစ်မှန်သော သာသနာပြုအသင်းကြီး

၁၁၁ သာသနအကျိုးဆောင် ထိပ်ခေါင်းသူနှင့်း ရာပြည့်သင်း

၁၁၄ တင့်တယ်အေးကြည် ကြာရေတည်သည့် တစ်ဖက်ဆည်ကန်ပမာ

၁၁၈ တတိယမျက်လုံး

၁၂၁ အလင်္ကာရ၊ အဘိဓါန်၊ ဝိဇ္ဇာသကာ

၁၂၄ သကျသီဟစာမေးပွဲနှင့် ... ဒိပဲရင်း၊ တန့်ဆည်

၁၂၆ မင်းတုန်းမင်းနှင့် သကျသီဟပရိယတ္တိအသင်း

၁၃၀ သာသနာ့ခရီးနှင့် ...

၁၃၇ ပရိယတ္တိ ... အလေးစားခံရဆုံးနှင့် ... အကျိုးပြုဆုံးအသင်းကြီး

၁၄၂ ... နှင့် ကာရကတာဝန်

၁၄၆ ... နှင့်ကမ္ဘလမ်း

၁၄၈ ဗိမာန်တော်ကြီးကို တည်ဆောက်သူ

၁၅၃ အဘိဓါသဘွဲ့ရ လူပညာရှိများ

၁၅၅ ရတနာပုံမန္တလေးမြို့တော်မှာ ပရိယတ္တိသာသနာ

၁၆၁ မြန်မာနိုင်ငံတွင် ဘုရားပွင့်နေဆဲပါ

ကျေးဇူးစကားဆိုပါမည်

၁၆၈ ဤအရှင်မျိုး အများကြီးလိုပါသည်

၁၇၀ နိကာယ်စာတော်ပြန်ပွဲ အတိတ်သမိုင်းကို ပြန်ကြည့်ခြင်း

၁၇၅ နှစ်တစ်ရာပွဲ နွဲကြစို့ (ကဗျာရှည်)

၁၇၈ ရာပြည့်တေးသံ

၁၇၉ ရာပြည့်အောင်လံ သာခုသံ
၁၈၂ ဥက္ကဋ္ဌကြီး၏ ရာပြည့်ကျောက်စာလျှောက်ထားလွှာ
၁၈၄ ရာပြည့်ကျောက်စာမော်ကွန်း
(မြန်မာ၊ ပါဠိ၊ အင်္ဂလိပ်၊ သက္ကတ)
၁၉၄ ဦးမောင်ကြီး အလှူတော်ရုံပုံငွေ
၂၀၀ ပဒေသာပင် အလှူရှင်များ
၂၀၃ ပရိယတ္တိအသင်းစာမေးပွဲနှင့် ရာသက်ပန်
ဆွမ်းအလှူရှင်များ
၂၀၆ ပရိယတ္တိသာသနဟိတအသင်းကြီး နှစ်(၁၀၀)ပြည့်
ပူဇော်ပွဲတော်ဘွဲ့ ရတုပိုဒ်စုံ
၂၀၈ ထုတိဩဘာမင်္ဂလာပိုဒ်စုံရတု
၂၁၂ ဘဝကိုတန်ဖိုးရှိစွာ အသုံးချ၍နေသူများ
၂၁၄ ပရိယတ္တိသာသနဟိတအသင်းကြီးနှင့်ကျွန်တော်
၂၁၆ ထုတိဝေဒလ္လမင်္ဂလာဂါထာ
၂၁၉ နိဂုံး
၂၂၀ နှစ်(၁၀၀)ပြည့် ပတ္တမြားရတု နိဂုံးသံပိုင်းလင်္ကာ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄/၉၈ (၁၂)
စာမူခွင့်ပြုချက်အမှတ် - ၄၆/၉၈ (၁၀)

၁၉၉၉-ခုနှစ်
ဇန်နဝါရီလ
အုပ်ရေ (၁၅၀၀)

ထုတ်ဝေသူ ဦးအေးကို
အတွင်းရေးမှူး
ပရိယတ္တိသာသနဟိတအသင်း

ပုံနှိပ်သူ ဦးစိန်တင်
သုခဝတီစာပုံနှိပ်တိုက်
ပုံနှိပ်မှတ်ပုံတင်အမှတ် (၀၁၅၈၈)
၈၄လမ်း၊ ၃၁လမ်းထောင့်
မန္တလေးမြို့။ ဖုန်း-၀၂-၂၁၆၇၆

အတွင်းပလင်
တက်လူ

သရုပ်ဖော်ပန်းချီ
ပန်းသမုဒ္ဒရာ

ကွန်ပျူတာစာစီ
ထွန်းထွန်း

စာအုပ်ချုပ်
လှိုင်မိသားစု

"ဓမ္မဒါန"



## ပရိယတ္တိသာသနဟိတအသင်း
## ဥက္ကဋ္ဌ ဦးဟန်ထွန်း၏ ဥယျောဇဉ်

၁၂၆၀–ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့၌ ဤပရိယတ္တိသာသနဟိတအသင်းကြီးကို စတင်တည်ထောင်ခဲ့ပြီးနောက်၊ ပဌမဆုံးအသင်းဥက္ကဋ္ဌကြီးဖြစ်သော ပွဲစားကြီးဦးထွန်း အစရှိသော အသင်းလူကြီးများ အဆက်ဆက်သော ဥက္ကဋ္ဌကြီးများနှင့် အသင်းလူကြီး တို့သည်၊ ဘုရားရှင်၏ ပရိယတ္တိသာသနတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားတိုးတက်ရေး အတွက်၊ မိုးတားသာသနာပိုင်ဆရာတော်ဘုရားကြီးစသော ပရိယတ္တိအရာ၌ ကျွမ်းကျင် ရှိရှင် တော်မူကြသော ပရိယတ္တိဝိသာရဒဂုဏ်၊ ပိဋကတ်သုံးပုံ၌ လိမ္မာကျွမ်းကျင်တော် မူကြသော ပိဋကတ္တယဆေကဂုဏ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ဂဏ္ဌိ စသော ကျမ်းဂန်အမျိုးမျိုး၌ တတ်သိကျွမ်းကျင်တော်မူကြသော ဂန္ထန္တရ၊ ဝိဒူဂုဏ်စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသည့် အဆက်ဆက်သော စာချဆရာတော်ကြီးတို့အား မူလစာချအဖြစ် ရွေးချယ်ကိုးကွယ်၍ အဘိဝံသ ဘွဲ့လက်မှတ်ကို ဆက်ကပ်လျက် လစဉ်မပြတ်၊ ဆွမ်းဆန်တော်စသော နိဗဒ္ဓ အလှူတော်တို့ကို လှူဒါန်းခဲ့ကြပေသည်။

ထို့ပြင် ၁၂၆၅–ခုနှစ်၊ နယုန်လမှစ၍ စာသင်တန်းစာမေးပွဲနှင့် ၁၂၆၇–ခုနှစ်မှစ၍ စာချတန်းစာမေးပွဲများကို (၈၂) ကြိမ်အထိကျင်းပနိုင်ခဲ့ကာ စာချတန်းအောင်မြင်တော်မူ ကြသော ရဟန်းတော်တို့အား အဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့လက်မှတ်ကို ဆက်ကပ်လျက် အသင်း၏သီးခြားစာချအဖြစ် ကိုးကွယ်ကာ ဆွမ်းဆန်တော်စသော နိဗဒ္ဓအလှူတို့ကို လစဉ်မပြတ် လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ၁၃၁၁–ခုနှစ်၊ ပြာသိုလမှစ၍ သာသနာ့လင်္ကာရ သာမဏေကျော်စာမေးပွဲကို သုံးဆင့်ခွဲလျက် (၄၉)ကြိမ်အထိ ကျင်းပပူဇော်ခဲ့သည့်အပြင် ၁၃၃၁–ခုနှစ်၊ တပေါင်းလမှစ၍ နိကာယ်စာမေးပွဲကို (၂၉)ကြိမ်တိုင်အောင် ကျင်းပလျက် လှူဒါန်းပူဇော်ခဲ့ကြပေသည်။

ဤသို့ ပရိယတ္တိသာသနာအကျိုးကို သည်ပိုးဆောင်ရွက်နိုင်ခဲ့ကြသဖြင့် မြန်မာ နိုင်ငံ၌ ဆဋ္ဌသံဂါယနာတင်ပွဲကြီးပြုလုပ်ရာတွင် ဤအသင်းကြီးမှ ကိုးကွယ်သော ညောင်ရမ်း ဆရာတော်ဘဒ္ဒန္တရေဝတာဘိဝံသနှင့် ပစိုးရိပ်ဆရာတော်ဘဒ္ဒန္တသူရိယာဘိဝံသမထေရ်ကြီး တို့သည် ပဌမဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ကြရုံသာမက ဤအသင်းကြီးမှ

အဘိဝံသ ဘွဲ့ရခဲ့ကြသော ရန်ကုန်မြို့ ဗားကရာဆရာတော် ဘဒ္ဒန္တ နာဂဝံသာဘိဝံသနှင့် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသတို့သည်လည်း ပဌမအကျိုးတော်ဆောင်၊ တွဲဘက်အကျိုးတော်ဆောင်အနေဖြင့် ဆောင်ရွက်တော်မူခဲ့ကြပေသည်။

ထို့ပြင် ဤအသင်းကြီး၏ ပဌမဆုံး ဝင့်သကာ ဘွဲ့ရရှိတော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအရှင်မြတ်သည် ပဌမသံဂါယနာတင်စဉ်က အရှင်အာနန္ဒာအလား ဝိသဇ္ဇက အဖြေဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပေသည်။

ထို့ပြင် ဤအသင်းကြီးမှ အဘိဝံသ ဘွဲ့ရရှိတော်မူခဲ့ကြသည့် အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီးများသည်လည်း ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင်၊ ပါဠိဝိသောဓက၊ ပဋိဝိသောဓက စသော လုပ်ငန်းအရပ်ရပ်ကို ကျေပွန်စွာ ဆောင်ရွက်ပေးတော်မူခဲ့ကြပေသည်။

ဤကဲ့သို့ သာသနာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်တော်မူနိုင်ခဲ့ကြခြင်းမှာ ဤအသင်းကြီး၏ ပရိယတ္တိသာသနာပြုလုပ်ငန်းများကြောင့်ဖြစ်သည်ဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် မန္တလေးရွှေမြို့တော်နေ ဗုဒ္ဓဘာသာဝင်များနှင့် မျိုးဆက်သစ်များအပြင် မြန်မာပြည်အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်တို့နှင့် မျိုးဆက်သစ်များသည် ဤအသင်းကြီး၏ သာသနာပြုလုပ်ငန်းများကို နောင်ရာစုနှစ်ပေါင်းများစွာ ဆက်လက် အားပေးနိုင်ကြစေရန် ဤဥယျောဇဉ်စကားကို ရေးသားတိုက်တွန်းအပ်ပါကြောင်း။ ။

ဟန်ထွန်း
စ–အ–ဓမ္မာစရိယ၊ဘီအေ–ဘီအီး ဒီ
(ဥက္ကဌ)
ပရိယတ္တိသာသနဟိတအသင်း
မန္တလေးမြို့။



# ပုဂံသာသနာမှသည် ရတနာပုံသာသနာသို့

ဗိုလ်စုံရှာ

၁။ သုဝဏ္ဏဘုံ၊ မြို့သထုံမှ၊ ကုံလုံကြွယ်ဝ၊ သာယာလှသည့်၊
တမ္ပဒီပ၊ ရာဇဌာနီ၊ သညီခေါ်ကြ၊ တိုင်းဌာနသို့၊
ဗုဒ္ဓမြတ်စွာ၊ စေသတ္ထာ၏၊ သာသနာရောင်ထွန်းပြောင်ထိန်လင်း
နေမင်းပမာ၊ လမင်းအတူ၊ ဇမ္ဗူကျွန်းလုံး၊ ရောင်လျှံဖုံးရန်
ရည်စိတ်သန်ကာ၊ အာကာခရီး၊ ချာန်ယာဉ်စီးလျက်၊ အပြီးရောက်လာ
ရဟန္တာသခင်၊ အရှင်အရဟံ၊ မိန့်ခွန်းသံကို၊ နာခံရဘိ
အနိရုဒ္ဓ ခေါ် အနော်ရထာ၊ မင်းရာဇာသည်၊ ထေရဝါဒ
ဗုဒ္ဓသာသနာ၊ ပြည်ပေါ်ကွာ၍၊ ပြန့်ပွားလာရေး မြော်ကာတွေး၍
လောကီရေးရာ၊ အဖြာဖြာနှင့်၊ ရောကာယှက်တင်၊ အရှင်မထီး
အရည်းကြီးများ၊ အပြီးဖယ်ရှား၊ စွန့်ပယ်ထားလျက်၊ သုံးပါးသာသနာ
ခွန့်ရှည်ကြာအောင်၊ ရွက်ကာဆောင်သည်၊ အဝိဇ္ဇာမှောင် ကင်းရန်တည်း။
၂၊ ပြုရန်ကစုံ၊ အဖုံဖုံတည့်၊ လူ့ဘုံ လူ့ဘဝ၊ လူ့ဌာနဌ
ရောက်ရခိုက်ကာ၊ ပြုကြရာသား၊ သာသနာရေး၊ ဘာသာရေးကို
ကိုယ့်ရေးကိုယ့်ရာ၊ ကိုယ့်ဝန်တာဟု၊ စိတ်မှာစွဲကပ်၊ အမြဲမှတ်လျက်
မပြတ်နိစ္စ၊ ပြုကုန်ကြ၍၊ ပုဂံ ပင်းယ၊ အင်းဝ မြင်းစိုင်း
စစ်ကိုင်း ကုန်းဘောင်၊ မြန်ပြည်ထောင်၌၊ ထွန်းပြောင်သာသနာ
ထိန်ထိန်သာ၍၊ သုံးဖြာပိဋကတ်၊ ငါးရပ်နိကာယ်၊ အသွယ်သွယ်ပါ
အဋ္ဌကထာနှင့်၊ ဋီကာအနု၊ မဓုယောဇနာ၊ အလင်္ကာဆန်း
သဒ္ဒါကျမ်းကို၊ ဖြန်းဖြန်းကွဲမျှ၊ ကျွမ်းကျင်လှဘိ၊ ကဝိဂုဏ်မြောက်
မုံသောက်မာတင် ထေရ်အရှင်များ၊ လွန်ထွန်းကား၍၊ မြတ်ဘုရားသာသနာ
ပြုဘွယ်တာကို၊ ဆရာဒကာ၊ လက်တွဲကာပင်၊ ပြုကြအင်ကြောင့်
အစဉ်ထွန်းလာ၊ သာသနာသည်၊ ဝိဇ္ဇာဉာဏ်ရောင် လင်းရန်တည်း။
၃။ လူ့ကံကဆုံ၊ လူတို့ဘုံ၌၊ ကြိုက်ကြုံခိုက်မှာ၊ ဘာဝနာနှင့်
ဒါန သီလ၊ ပြုလုပ်ကြရေး၊ ကိုယ့်အရေးဟု၊ မြော်တွေးဆင်ခြင်
ဉာဏ်သက်ဝင်ကာ၊ လွန်သာယာသည့်၊ ရတနာပုံ၊ မန်းရွှေဘုံတည့်၊
မင်းတုန်းမည်သား၊ မင်းတရားသည်၊ သုံးပါးသာသနာ၊ ငါးထောင်ကြာအောင်
ကောင်းစွာတည်ရေး၊ မြော်ကြံတွေးလျက်၊ ကျောက်ရေးအကွရာ၊ ကျောက်ထက်စာဖြင့်
သုံးဖြာပိဋကတ်၊ ရေးထိုးလတ်၍၊ ရွတ်ဖတ်ညီညာ၊ သံဂါယနာ
ငါးခါကြိမ်မြောက်၊ တင်ပြီးနောက်လည်း၊ သားတော်ရောက်တိုင်၊ ကြံ့ခိုင်သာသနာ
ပွင့်လင်းသာ၏၊ ရတနာဂီရိ၊ မင်းမိဖုရား၊ ပါသွားသည့်ခါ၊ သာသနာရောင်
မပြောင်မလန်း၊ မှောင်ယှက်သန်း၍၊ ဦးထွန်းစသား၊ တကာများနှင့်
မိုးထားစရှိ၊ ရာဇာဓိရာဇ၊ ဘွဲ့ရထေရ်ရှင်၊ ညီတိုင်ပင်ကာ၊
သာသနာကျိုး၊ ထမ်းသည်ပိုးရာ၊ ချိန်အခါကား၊ တစ်ရာပြည့်မြောက်
နှစ်သို့ရောက်လာ၊ များသူငါသည် ... နိဗ္ဗာန်ကမ်းသောင် နင်းရန်တည်း။ ။

မိုးနံ့ဆရာကြီး

# ကန်တော့ပန်း

နှစ်ပေါင်း ၂၅၀၀ ကျော်
ရိုက်သော် မုန်တိုင်း
မိုးရိုင်း ချုန်းထစ်
စစ်တောကြီးတွေ
အသယ်အဖြတ် ချောက်ကမ်းပါးတွေ
အငတ်အပြတ် ကန္တာရတွေ
ပက်ပက်စက်စက် ဖိနှောင့် ပေါက်ချက်တွေ
ယုံကြည်မှုအပြိုင် စိန်ခေါ်တာတွေ
ဝဋ္ဋကာမ လာဘ်လာဘ ညွတ်ကွင်းတွေ
ဓား လှံ လက်နက် ရေမြေတွေမှာ
မကြွေတဲ့ သစ္စာပန်းကို ဆင်
ခြိုးခြံသည်းခံမှု ကိုယ်ရံတင်လို့
ကောင်းကင်လို ကျယ်တဲ့မေတ္တာ
သမုဒ္ဒရာလို ကြီးတဲ့ လုံ့လ ဝီရိယနဲ့
ဗုဒ္ဓရဲ့ မုက္ခပါဠ်
ခဲခဲ ကတ်ကတ်
ပျပ်ဝပ် ဒူးတုပ်
ဦးစွန်းဖုတ် အရှယ်က
နှစ်ရာ့နှစ်ဆယ် ခုနှစ်သွယ်သိက္ခာတင်
ထေရ်အရှင်အရှယ်ထိ
ပိဋကတ်တော်သုံးရပ်
ယုတ်မြတ် နှုတ်ငုံ
ကျောကုံ ကျက်မှတ်
သဘောဓာတ် ဆင်ခြင်
တရားဥယျာဉ် စိုက်ပျိုး
ဝိမုတ္တိ တောင်တော်ရိုးသို့
တစ်လုံး တစ်ပါဒ မပျက် မကျိုး
တမ်းပိုး သယ်ယူ
သံဃာတော် အဆူဆူကို
လှိုင်ကြူ ဦးထိပ်တင်
ပန်းရွှေစင် ဝန္ဒနာနဲ့
သဒ္ဓါညွတ်ကျိုး
အခါခါရှိခိုး ကန်တော့ပါ၏ ဘုရား။ ။

အံ့မောင်



# မေတ္တာလက်တွဲ ရာပြည့်ပွဲ



[ဝိသုဒ္ဓါရုံ တိပိဋကအရှင် သိရိန္ဒာဘိဝံသ]

ယင်ကောင်ပမာ၊ ရှုပ်ထွေးစွာ ကောင်းတာ မစုက။
ခုရောနောင်ပါ၊ ပူလောင်ကာ၊ ချမ်းသာ ဆုံးရှုံးရ။
ပျားကောင်ပမာ၊ ဖြောင့်မှန်စွာ၊ ကောင်းတာ စုထားမှ။
ခုရောနောင်ပါ၊ အေးမြကာ၊ ချမ်းသာရနိုင်ကြ။
သတိပညာ ချိန်သီးမှာ၊ ကောင်းစွာတပ်ထားမှ။
လုံ့လ သဒ္ဓါ၊ လက်တံမှာ၊ မှန်စွာလည်ပတ်ကြ။
လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းမှ ရနိုင်ကြ။
သစ်တစ်ပင်ကောင်း၊ ငှက်ပေါင်းများစွာ၊ မှီခိုရာသို့၊
သဒ္ဓါကောင်းသူ စိတ်ကြည်ဖြူလျှင် (မေတ္တာကောင်းသူ၊
စိတ်ကြည်ဖြူလျှင်)၊ ရှင်လူ ရဟန်း စိတ်အေးချမ်း၊
မှီငြမ်း ခိုလှုံရ။

၁။ တိကျ လေးနက်၊ ခံယူချက်၊ မြင့်တက်တူညီရ။
၂။ စည်းကမ်း သစ္စာ၊ စောင်းထိန်းကာ၊ ဖြောင့်စွာ ကြိုးစားရ။
၃။ ကိုယ်ကျိုးစွန့်ခွါ၊ ပေးကမ်းကာ၊ နစ်နာခံတတ်မှ။
၄။ အသိမှန်ကန်၊ ပညာဉာဏ်၊ ဝေဖန်နိုင်းချိန်ရ။
၅။ အများပေါင်းစု၊ ဤလေးခု၊ ရှေးရှု ညီညွတ်ကြ။
၆။ (၄) မျိုးရှိလျှင်၊ စွမ်းအားရှင်၊ အောင်မြင် တိုးတက်ရ။
ခုရော နောင်ပါ၊ အေးမြကာ၊ ကောင်းစွာ တွေ့ဆုံရ။
ပရိယတ္တိ အသင်း၏ ရာပြည့် အောင်ပွဲရ။ ။



# မေတ္တာလက်တွဲ၊ ရာပြည့်ပွဲ၊ ထူးကဲဂုဏ်ရှိလှ

ယင်ကောင်ပမာ၊ ရှုပ်ထွေးစွာ ဖွဲ့စည်းနေကြသော လူ့အဖွဲ့အစည်း၊ ပျားကောင်ပမာ ဖြောင့်မှန်စွာ ဖွဲ့စည်းထား သော လူ့အဖွဲ့အစည်းဟု လူ့အဖွဲ့အစည်း (၂) မျိုးရှိသည်။

ယင်ကောင်သည် အများပေါင်းစု နေတတ်သော်လည်း –

(၁) ခံယူချက်၊ ဦးတည်ချက်မရှိ

(၂) စည်းကမ်းသစ္စာ လုံးဝမရှိ

(၃) ခွဲဝေအသုံးချမှု၊ အနစ်နာခံမှု လုံးဝမရှိ

(၄) သဘာဝအသိတရား မရှိ၊ ပမာဏ မသိ၊ ကြုံရာသွား၊ ကြုံရာနား ကြုံရာစား၍ တရုန်းရုန်း အဓိပ္ပါယ် ကင်းမဲ့စွာ နေတတ်သည်။

ယင်ကောင်၌ အဆိပ်မရှိသော်လည်း အဆိပ်တက် ကြောက်ဖွယ်ကောင်းသည့် စည်းကမ်း သစ္စာမဲ့မှုကြောင့် ယင်ကောင်ကို မည်သူမျှ မယုံကြည်ကြ၊ သုတ်သင်ပစ်ရမည့် အန္တရာယ်ကောင်အဖြစ်သာ မြင်ကြသည်။

ထို့အတူ ဖွဲ့စည်းပုံ စနစ်(၄)ချက် မရှိဘဲ၊ ရှိသော်လည်း ပလိုက်နာဘဲ ယင်ကောင်ပမာ ရှုပ်ထွေးစွာ ဖွဲ့စည်းနေကြသော လူ့အဖွဲ့အစည်းကို မည်သူမျှ အားမကိုးကြချေ၊ အယုံအကြည်လည်း ပရှိကြချေ၊ ကြာရှည်လည်း မခံချေ။

ပျားကောင်သည် တိရိစ္ဆာန်ပင် ဖြစ်သော်လည်း –

(၁) အမျိုးအတွက် ကောင်းမွန်သော ခံယူချက်၊ ဦးတည်ချက် ရှိသည်။

(၂) စည်းကမ်း သစ္စာ ရှိသည်၊ မခို မကပ် အလုပ်လုပ်သည်၊ ညီညွတ်သည်။

(၃) ခွဲဝေအသုံးချမှု၊ အနစ်နာခံမှု ရှိသည်၊

(၄) သဘာဝအသိတရားရှိသည်၊ ပမာဏကို သိသည်။ ယင်ကောင်ကဲ့သို့ ထင်ရာ ကြုံရာ ဦးတည်ရာ မသွားပဲ ပန်းပွင့်ရှိရာသွား၍ ချိုမြိန်ကောင်းမြတ်သော ပန်းဝတ်ရည် ကိုသာ စုပ်ယူတတ်သည်။

ပျားကောင်၌ အဆိပ်ရှိသော်လည်း စည်းကမ်း သစ္စာ ရှိမှုကြောင့် အများက ယုံကြည်စိတ်ချ အားကိုးကြသည်။ မွေးမြူ စုဆောင်း၍ပင် ထားကြသည်၊ ပျားကောင်က စုဆောင်းထားသည့် ပျားရေကို အသက်ရှည်ကြောင်း၊ ကျန်းမာကြောင်း ဆေးဝါးအဖြစ် ယုံကြည်စိတ်ချစွာ အသုံးပြုကြသည်။

ထို့အတူ ဖွဲ့စည်းပုံစနစ်(၄)ချက်ဖြင့် ပျားကောင်ပမာ ဖြောင့်မှန်စွာ ဖွဲ့စည်းနေထိုင် လုပ်ကိုင်နေကြသော လူ့အဖွဲ့စည်းကို အများက ယုံကြည်စိတ်ချ အားကိုးနေကြသည်။ ခုရော

နောင်ပါ အေးချမ်း၍ ကြာရှည်လည်းခံသည်။

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးသည် အမျိုးဘာသာ သာသနာအတွက် အားကိုးရသည့် တိကျခိုင်မာလှသည့် သာသနာ့ကျက်သရေဆောင်၊ မြန်မာ့ကျက်သရေဆောင် အသင်းကြီးဖြစ်သည်။ သာသနာ့အာဇာနည်ရှင်ရဟန်းတို့၏ ဉာဏ်အရည်အသွေးကို ထက်မြက်အောင် သွေးပေးသည့် ဌာနကြီးဖြစ်သည်။ ဖွဲ့စည်းပုံစနစ်(၄)ချက်ဖြင့် ဖွဲ့စည်းထားသောကြောင့် ခိုင်မာသည်၊ ခန့်ညားထည်ဝါသည်။

(၁) အမျိုး ဘာသာ သာသနာအတွက်၊ အထူးအားဖြင့် သာသနာတော်အတွက် တိကျပြတ်သား လေးနက်သော ခံယူချက်ရှိသည်၊ မြင့်မားသော ဦးတည်ချက်ရှိသည်။
(၂) စည်းကမ်း သစ္စာရှိသည်၊ ခိုင်မာထူးခြားသော စည်းကမ်းစနစ်ရှိသည်၊ တိကျပြတ်သားသော စည်းကမ်းစနစ်ဖြင့် ဖွဲ့စည်းထားသည်။ သာသနာအပေါ်၊ အများအပေါ် သစ္စာရှိသည်။
(၃) ကိုယ်ကျိုးမဖက်၊ သာသနာအတွက်သာ ဆောင်ရွက်တတ်သည်၊ စစ်မှန်သော သဒ္ဓါ မေတ္တာဖြင့် ပေးကမ်းစွန့်ကြဲ ချီးမြှောက်တတ်သည်၊ အနစ်နာခံတတ်သည်။
(၄) စဉ်းစား နှိုင်းချိန်၊ ချင့်ချိန်၊ ချိန်တွယ်ဆန်းစစ် ဝေဖန်တတ်သည်၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ လမ်းညွှန်ချက်ကို အမြဲဦးထိပ်တင်ကြသည်၊ အချင်းချင်း အသိချင်းဖလှယ်ကာ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့ကြောင့်ပင် ရာပြည့်ခရီးကို တည်ငြိမ်ရင့်ကျက်စွာ ကျော်ဖြတ်ချီတက်လာနိုင်ခြင်းဖြစ်သည်၊ မေတ္တာလက်တွဲသော ရာပြည့်ပွဲ ဖြစ်သောကြောင့်လည်း ထူးခြားလေးနက်မှုရှိသည်၊ အများ၏ ယုံကြည်စိတ်ချ အားကိုးမှုကို အပြည့်အဝ ခံယူရသည်၊ မေတ္တာသာသနာကိုမှီ၍ မေတ္တာလမ်းစဉ်ဖြင့် ဆောင်ရွက်နေသောကြောင့်လည်း ပိုမို၍ အေးချမ်းသာယာ ထည်ဝါမှုရှိပေသည်။

သာသနာပြုလုပ်ငန်းသည် မေတ္တာပြဋ္ဌာန်းသဖြင့် မေတ္တာပန်းခိုင်(၃)ပွင့်ဆိုင်ပုံစံဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်မှ အနှစ်သာရပြည့်ဝ၍ တာရှည်ခံမည်ဖြစ်သည်။

(၁) ဟောပြောပို့ချပေးသူ
(၂) သင်ယူ နာကြားသူ
(၃) ပစ္စည်းလေးပါး ထောက်ပံ့ချီးမြှောက်သူ (တစ်နည်းအားဖြင့်)
(၁) သာသနာ့ဝန်ထမ်း ရှင်ရဟန်း
(၂) ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့သူ
(၃) နိုင်ငံတော်အစိုးရ စသော အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်

ဤမေတ္တာပန်း(၃)ပွင့် မျက်နှာချင်းဆိုင်ကာ စိတ်ထားကြည်ဖြူ ညီညွတ်စွာဖြင့် ဝိုင်းဝန်းချီးမြှောက် စောင့်ရှောက်အားပေးခြင်းကြောင့်သာ သာသနာ တည်နေရပေသည်။

အရှင်သိရိန္ဒာဘိဝံသ





# သကျသိဟနှင့်သကျသိဟ

**ပါရဂူ**

လူ့သမိုင်း၏ အတိုင်းအတာအရ ကြည့်မည်ဆိုလျှင် နှစ်တစ်ရာသည် တစ်နာရီ တစ်မိနစ်မျှပင် ကြာသည်ဟု မထင်ရပေ။ သို့သော်လည်း လူတစ်ဦးတစ်ယောက်၏ သက်တမ်းကို ကြည့်မည်ဆိုလျှင်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခုခု၏ သက်တမ်းကို ကြည့်မည်ဆိုလျှင်လည်းကောင်း နှစ်ပေါင်းတစ်ရာသည် မီးကုန် ယမ်းကုန် ရှည်ကြာသော အချိန်ကာလဟု ဆိုရမည်။

လွန်ခဲ့သော နှစ်တစ်ရာခန့်က မွေးဖွားသောလူများထဲက ယခု ဤလောက၌ သက်ရှိထင်ရှားရှိနေသူဟူ၍ မရှိသလောက်ပင်ရှားသည်။ လွန်ခဲ့သော နှစ်တစ်ရာခန့်က ပေါ်ပေါက်ခဲ့သော အသင်းအပင်းအဖွဲ့အစည်းများသည်လည်း ယခု ဇိုဝိန်ချုပ်ကုန်ကြပြီ။ သို့သော်လည်း မန္တလေးမြို့၊ ပရိယတ္တိသာသနအသင်းကြီးမှာမူ ချွင်းချက်ဖြစ်သည်။ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးသည် နှစ်တစ်ရာပြည့်တော့မည်။ ၁၉၉၈–ခုနှစ်တွင် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ရာပြည့်ပွဲတော်ကို ဆင်ယင်ကျင်းပတော့မည်။

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို လွန်ခဲ့သော နှစ်တစ်ရာခန့်၊ ၁၈၉၈–ခုနှစ်က သာသနာပိုင်ဆရာတော်ကြီးများ၊ မဟာဓမ္မရာဇဓိရာဇာဂုရုဆရာတော်ကြီးများ အပါအဝင် ဆရာတော်ကြီး(၁၈)ပါး၏ ဩဝါဒကို ခံယူလျက် မြို့မျက်နှာဖုံး ပုဂ္ဂိုလ်ကြီး(၁၂)ဦးတို့ ဦးစီးဦးဆောင်ပြုပြီးလျှင် စတင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အသင်းကြီး ဖွဲ့စည်းတည်ထောင်ခြင်း၏ ရည်ရွယ်ချက်များမှာ –

(၁) ဂန္ထဓုရဝန်ကို ထမ်းရွက်နေကြသော သံဃာတော်များအား ဆွမ်းနှင့်ဆေးဝါး လှူဒါန်းရန်၊

(၂) ပရိယတ္တိသာသနာတော်စောင့် စာချပုဂ္ဂိုလ်များ အဆက်မပြတ်သွားစေရန်အတွက် လက်ရွေးစင် စာသင်သားပုဂ္ဂိုလ်များကို မြေတောင်မြှောက်ပေးရန်၊

(၃) ပရိယတ္တိသင်ကြားဆည်းပူးသော ရဟန်းများနှင့် ရှင်သာမဏေများအား ဆွမ်းဆန်ထောက်ပံ့ လှူဒါန်းရန်၊

(၄) စာချဆောင်ကျောင်း အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရန်၊

(၅) စာသင်သားများအတွက် အသုံးဝင်သော သင်ရိုး ပိဋကတ်ကျမ်းစာများကို ပြုစုရေးသားခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း ပြုလုပ်ရန်နှင့် လှူဒါန်းသည့်ကျမ်းစာများကို လက်ခံလျက် ပိဋကတ်တိုက် တည်ထောင်ဖွင့်လှစ်ရန်တို့ ဖြစ်ကြသည်။

ပရိယတ္တိသာသနဟိတအသင်းကြီးသည် အသင်းကြီး၏ သက်တမ်းတလျှောက်၌ ချမှတ်ထားသော ရည်ရွယ်ချက်အတိုင်း ပရိယတ္တိသာသနာတော် ထွန်းကားရေးအတွက် လုပ်ငန်းကြီးများကို အောင်မြင်ထက်မြက်စွာ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းလုပ်ငန်းများထဲက အထိရောက်ဆုံး၊ အကျယ်ပြန့်ဆုံး၊ အအောင်မြင်ဆုံး လုပ်ငန်းကြီးတစ်ခုမှာ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယစာချတန်းစာမေးပွဲဖြစ်သည်။ ယင်းစာမေးပွဲကို ပရိယတ္တိသာသနဟိတစာမေးပွဲအဖြစ် အဆိုနည်းပြီး သကျသီဟ ဘုရား ပရိဝုဏ်အတွင်းရှိ ဓမ္မသာလာဇရပ်ကြီးတွင် စတင်ကျင်းပ သောကြောင့် သကျသီဟ(စကြသီဟ)စာမေးပွဲဟူ၍ အများအား ဖြင့် ခေါ်ကြသည်။

သကျသီဟဓမ္မာစရိယစာချတန်းစာမေးပွဲ အောင်သူအား "အဘိဝံသ" ဘွဲ့ ဆက်ကပ်သည်။ အဋ္ဌကထာကျမ်းကြီး သုံးကျမ်းတစ်နှစ်တည်းနှင့် နှစ်ချင်းပေါက်အောင်သူအား "ဝံ့သကာ" ဘွဲ့ထူး ထပ်ဆင့် ချီးမြှင့်သည်။

သကျသီဟဓမ္မာစရိယစာချတန်းစာမေးပွဲသည် ပရိယတ္တိ ကျွမ်းကျင်တတ်မြောက်မှုကို တိုင်းတာသည့် ကိုက်တံသဖွယ် ဖြစ်နေသည်။ မြန်မာနိုင်ငံတဝန်း ပရိယတ္တိသာသနာတော်၌ ပရိယတ္တိအကျော်အမော် စာချဆရာတော်များထဲတွင် ဦးရေ အတော်များများသည် သကျသီဟဓမ္မာစရိယစာချတန်းအောင် ပြီး ပုဂ္ဂိုလ်များဖြစ်ကြသည်။

မြန်မာနိုင်ငံသာသနာတော်၌ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ထိပ်တန်းဆရာတော်ကြီးများထဲတွင်လည်း သကျသီဟဓမ္မာစရိယ စာချတန်းစာမေးပွဲ အောင်မြင်ပြီး "အဘိဝံသ" ဆရာတော်များက အများစုဖြစ်သည်။ "အဘိဝံသ" ဘွဲ့ပေါ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ် သရဖူ ဆောင်းထားသော ဆရာတော်များဖြစ်ကြသည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဖြစ်ကြသော မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသုရိယာဘိဝံသ၊ တိပိဋကဓရ၊ ဓမ္မာဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ရွှေကျင်ဂိုဏ်း ဒု-သာသနာပိုင် ပရိတ်ကြီး နိဿယကျမ်းပြု ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ ယခုလက်ရှိ ရွှေကျင် ဂိုဏ်းသာသနာပိုင် ဘဒ္ဒန္တဝိမလာဘိဝံသ စသော ဆရာတော် များသည်လည်း ကောင်း၊ မြန်မာနိုင်ငံ ပရိယတ္တိသာသနာတော်၌ နေတစ်ဆူ လတစ်ဆူ ထင်ပေါ်ကျော်ကြားသော မဟာဂန္ဓာရုံဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသည်လည်းကောင်း၊ သကျသီဟဓမ္မာစရိယ စာချတန်းစာမေးပွဲ အောင်မြင်ပြီးသော ဆရာတော်များဖြစ်ကြ သည်။ ယင်းသို့အားဖြင့် မြန်မာနိုင်ငံ သာသနာတော်၌ အထင် ကရ ဆရာတော်ကြီးများနှင့် စာချဆရာတော်များသည် "အဘိဝံသ" ဘွဲ့ ရရှိခဲ့သူများ ဖြစ်ကြသည်ကိုထောက်၍ သကျသီဟစာမေးပွဲ၏ အတိမ်အနက်ကိုလည်းကောင်း၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ အောင်မြင်မှုကိုလည်း ကောင်း ခန့်မှန်းသိသာနိုင်ပေသည်။

၁၉၄၀-ခုနှစ်တွင် နိုင်ငံတော်အစိုးရ ပါဠိပညာရေးအဖွဲ့က ကြီးမှူး၍ အစိုးရဓမ္မာစရိယ စာချတန်းစာမေးပွဲကို စတင် ကျင်းပသည်။ အစိုးရဓမ္မာစရိယစာမေးပွဲသည် သကျသီဟ စာမေးပွဲပုံစံအတိုင်းဖြစ်သည်။ ပြဋ္ဌာန်းကျမ်းစာအုပ်များလည်း အတူတူပင်ဖြစ်သည်။ သကျသီဟစာချတန်းစာမေးပွဲအောင်သူ အား "ဓမ္မာစရိယ" ဘွဲ့တံဆိပ် ပေးအပ်သည်။ သကျသီဟ စာမေးပွဲ အဋ္ဌကထာကျမ်းကြီးသုံးကျမ်း နှစ်ချင်းပေါက်အောင်သူ အား၏ တစ်နှစ်တည်းနှင့် အဋ္ဌကထာကျမ်းကြီးသုံးကျမ်းစွဲသူ အား "ဝံ့သကာ" ထပ်ဆင့် ဘွဲ့ထူး ချီးမြှင့်သကဲ့သို့ပင် အစိုးရ ဓမ္မာစရိယ စာချတန်းစာမေးပွဲ အဋ္ဌကထာကျမ်းကြီးကိုးကျမ်း နှစ်ချင်းပေါက်အောင်သူအား၊ တစ်နှစ်တည်းနှင့် အဋ္ဌကထာ ကျမ်းကြီး ကိုးကျမ်းစွဲသူအား "သိရောမဏိ" ထပ်ဆင့် ဘွဲ့ထူး ချီးမြှင့် သည်။

သို့သော်လည်း အစိုးရ ဓမ္မာစရိယ စာချတန်းစာမေးပွဲ ပေါ်လာသောကြောင့် သကျသီဟ ဓမ္မာစရိယ စာချတန်းစာမေး ပွဲသည် မှေးမှိန်မသွားပေ။ တောက်ပမြဲ တောက်ပနေသည်။

လူတစ်ဦးတစ်ယောက်သက်တမ်း၌ နှစ်တစ်ရာသည် မီးကုန် ယမ်းကုန် ရှည်ကြာခြင်းဖြစ်သည်။ အသင်းအပင်း အဖွဲ့ အစည်းတစ်ခုခု၏ သက်တမ်း၌ နှစ်တစ်ရာသည် မီးကုန် ယမ်းကုန် ရှည်ကြာခြင်းဖြစ်သည်။ သို့သော်လည်း မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးကား မီးဇာလည်း မကုန် သေး၊ ဆီလည်း မခန်းသေးပေ၊ ယမ်းလည်း ပြည့်ပြီးရင်း ပြည့်နေ သည်။ အစွန့်ရှည်စွာ ဆက်လက်ဝင်းလက် တောက်ပနေမည် သာဖြစ်သည်။

ပါရဂူ

၂၈-၁၁-၉၆

ဂေါတမရှင်တော်ဘုရား၏ ဗုဒ္ဓဝင်ကို လေ့လာလိုက်သောအခါ ဂေါတမဘုရားရှင်သည် သစ္စာလေးပါး သိရန်အတွက် အသင်္ချေယနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ဖြည့်ကျင့်ရကြောင်း သိရပါသည်။

အသင်္ချေဆိုသောစကားသည် မရေတွက်နိုင်သောကိန်းကြီးဖြစ်၏။ ၎င်းအသင်္ချေယျကိန်းကြီးတစ်ခုလျှင်၊ တစ်နောက် သုညပေါင်း(၁၄၀)ရှိကြောင်း သိရပါသည်။ ထိုအသင်္ချေယျများကား အခြားမဟုတ်၊ ကမ္ဘာများဖြစ်ကြပါသည်။

ကမ္ဘာတစ်ခု၏ အသက်သည် အန္တရကပ်ပေါင်း ၆၄–ကပ်ရှည်ကြာကြောင်း သိရပါသည်။ ထို့ကြောင့် တစ်ကမ္ဘာအတွင်း ဖြစ်ရသော ဘဝပေါင်းကား သောင်း သင်္ချေကိန်း မသိ၊ အလွန်များပြားလှပါသည်။

ဂေါတမဘုရားရှင်သည် ထိုမျှများပြားသော ကပ်ကမ္ဘာတို့ ကာလပတ်လုံး ဒါနစသော ပါရမီတော်များကို ဖြည့်ကျင့်၍ သစ္စာလေးပါးကို သိမြင်ရန် ကြိုးစားတော်မူခဲ့သည်။

ဤနေရာ၌ သစ္စာလေးပါးအသိ(၃)မျိုးကို ဖေါ်ပြပါဦးမည်။

သစ္စာလေးပါးကို သိခြင်းသည် –

(၁) ဆရာ့ထံမှ သင်ယူ၍ သိခြင်း၊

(၂) ဆရာမလို ကိုယ်တိုင်သိအောင် အားထုတ်၍ ကိုယ်အားကိုးခဲ့သည်ကို ပြန်လည်မပြောပြနိုင်သော သိခြင်း၊

(၃) သစ္စာလေးပါးကို ကိုယ်တိုင်သိခြင်း၊ ပြန်လည်၍ ပြောပြနိုင်အောင်သိခြင်းဟု သိခြင်း (၃)မျိုး ပြားပါသည်။

ဆရာ့ထံမှသင်ယူ၍သိခြင်းကို သာဝက ဗုဒ္ဓဟု ခေါ်ပါသည်။

ဆရာမလို ကိုယ်တိုင်သိသော်လည်း ပြန်လည်မပြောပြနိုင်သော သိခြင်းကို ပစ္စေကဗုဒ္ဓဟု ခေါ်ပါသည်။

ကိုယ်တိုင်လည်းသိ၍ ပြန်လည်၍လည်း ဟောပြောနိုင်သော သိခြင်းကို သမ္မာသမ္ဗုဒ္ဓဟု ခေါ်ပါသည်။

ထိုသုံးမျိုးတို့တွင် အခြေခံသာသနာတော်သည်ကား ပရိယတ္တိသာသနာဖြစ်၏။ ပရိယတ္တိကျွမ်းကျင်၍ ပဋိပတ္တိအလုပ်အားထုတ်သော ပုဂ္ဂိုလ်သည်သာ အဓိဂမ ခေါ်သော မဂ်ဉာဏ်/ဖိုလ်ဉာဏ်ကို ရနိုင်ပေသည်။

ထို့ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် ပရိယတ္တိသာသနာသည် လွန်စွာအရေးကြီးလှပါ၏။

အရေးကြီးသော ပရိယတ္တိသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်နိုင်ရန်၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးကား ကောဇာသက္ကရာဇ် ၁၂၆၀–ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခု ၁၃၆၀–ပြည့်နှစ်တွင် နှစ်ပေါင်းတစ်ရာပြည့်ခဲ့လေပြီ။

နှစ်ပေါင်းတစ်ရာ ပြည့်ခဲ့လေပြီဖြစ်၍

## ပရိယတ္တိသာသနဟိတအသင်းကြီး ပတ္တမြားရတုအခါတော်

ထီးချိုင့်မြို့၊ တည်တောဆရာတော်




*ပရိယတ္တိ သာသနဟိတ အသင်းကြီး၏ နှစ်တစ်ရာပြည့် ပတ္တမြားရတု စာစောင်ကြီးသည် ခန့်နားတင့်တယ်စွာ ထွက်ပေါ်လာပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။*



# မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာနှင့် ပရိယတ္တိသာသနဟိတအသင်း

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့ မိုးသောက်ယာမ်တွင် သဗ္ဗညုတဉာဏ်ပိုင်ရှင်၊ အနန္တဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့သည်။ သက်တမ်းတိုတောင်းလှသော ခေတ်တွင် ပွင့်တော်မူရသော ဗုဒ္ဓတစ်ဆူဖြစ်သည်။ ဗုဒ္ဓဖြစ်ချိန်ကစ၍ အင်္ဂါကိုးတန်နှင့်ပြည့်စုံသော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော ပရိယတ္တိဓမ္မတို့ကို (၄၅) ဝါကာလတိုင်အောင် မနေမနား ကြီးမားသော လုံ့လ ဝီရိယတော်ဖြင့် ဟောကြားတော်မူခဲ့ပေသည်။

### ဗုဒ္ဓလက်ထက် တိပိဋကဓရ ပုဂ္ဂိုလ်များ

မြတ်ဗုဒ္ဓ၏ လက်ထက်တော်၌ တိပိဋကဓရ (ပိဋကတ်သုံးပုံ) ကို ဆောင်တော်မူကြသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အစရှိကုန်သော သံဃာတော်တို့မှာ သချာဖွဲ့၍ မရေမတွက်နိုင်အောင်ပင် များပြားခဲ့သည်။ ထူးခြားချက်မှာ သာဝတ္ထိမြို့သား အနာဂါမ်အရိယာဦးဆတ္တပါဏိသည် ပိဋကတ်သုံးပုံကို ဆောင်နိုင်သဖြင့် “တိပိဋကဓရ” ဘွဲ့ထူးဂုဏ်ထူးကို ပန်ဆင်ခဲ့သည်။

ကောဇသိမ္မိမြို့သို့ ဒေါ်ခုဇ္ဇုတ္တရာ အမျိုးသမီးမှာလည်း ပိဋကတ်သုံးပုံဆောင် "တိပိဋကဓရ" ဘွဲ့ထူးအပြင် ဗဟုသုတ အရာ၌ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူး ဂုဏ်ထူးကိုလည်း ပန်ဆင်ခဲ့သူ ဖြစ်ပေသည်။

ဘိုးတော် အဇ္ဇုနာမင်းကြီး ထားတော်မူခဲ့သော မဟာသက္ကရာဇ် (၁၄၈) ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ နံနက်အချိန် ဝိသာခါနက္ခတ်နှင့်စန်းယှဉ်၍ သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါအပြည့်တွင် လောကာဓိပတိမုနိထွတ်ခေါင်၊ မာရ်အောင်ရတနာ မဟာဓမ္မရာဇ်မင်းဆုံးဖြစ်တော်မူသော သဗ္ဗညုတဉာဏ ပိုင်ရှင် မြတ်သခင်သည် ရတနာမဏ္ဍိုင် ဦးခိုင်ကြပ်နှံ့ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူခဲ့လေသည်။

မြတ်ဗုဒ္ဓ နိဗ္ဗာနဓာတ်နန်း စံမြန်းတော်မူရာ အချိန်အခါ၌ စည်းဝေးရောက်လာတော်မူကြသော သံဃာတော် အရေအတွက်ကား သင်္ချာဖွဲ့၍ ရေတွက်ခြင်းငှာ မစွမ်းနိုင်ပါ။

ဂဏာစရိယ၊ ဂဏပါမောက္ခဖြစ်၍ ထင်ရှားကျော်ကြားတော်မူသော သံဃာ့မထေရ်ကြီးပေါင်း (၇၀၀၀၀၀) ခုနှစ်သိန်း အရေအတွက်ရှိလေသည်။

ထိုခုနှစ်သိန်း အရေအတွက်ရှိသော သံဃာ့မထေရ်ကြီးများစွာတို့တွင် အရှင်မဟာကဿပ မထေရ်ကြီးသည် သက်တော်အကြီးဆုံး သံဃာ့မထေရ်ကြီး ဖြစ်တော်မူသည်။

မြတ်ဗုဒ္ဓ နိဗ္ဗာနဓာတ်နန်း စံမြန်းပြီးနောက် (၇) ရက်အကြာတွင် အာတုပြည်သား တောထွက်ရဟန်းကြီး ရှင်သုဘဒ္ဒကို အကြောင်းပြု၍ သာသနဦးသျှောင် အရှင်မဟာကဿပ မထေရ်ကြီးသည် တစ်ပူပေါ် နှစ်ပူဆင့်သလို သာသနာအတွက် စိတ်မချမ်းမသာ ဖြစ်ခဲ့ရလေသည်။

သုဘဒ္ဒရဟန်းကြီးကို အကြောင်းခံ၍ အဓမ္မဝါဒီ အလဇ္ဇီဒုဿီလရဟန်းတော်များ မပြန့်ပွား၊ မကြီးစိုးမီ အမြန်ဆုံး သံဂါယနာတင်ရန် စီစဉ်ရလေသည်။

ပထမဆုံး သံဂါယနာတင်နိုင်ရန် ဂဏာစရိယ၊ ဂဏပါမောက္ခဖြစ်၍ ထင်ရှားကျော်ကြားတော်မူသော မထေရ်ကြီး ခုနစ်သိန်း ပါဝင်သော သံဃာ့အစည်းအဝေးတွင် အရှင်မဟာကဿပမထေရ်ကြီးသည် ပိဋကတ်သုံးပုံ အလုံးစုံကို ဆောင်တော်မူကြရုံသာမက အဘိညာဏ (၆)ပါး၊ ပဋိသမ္ဘိဒါ (၄)ပါး၊ ဝိဇ္ဇာဉာဏ် (၃)ပါး ရရှိတော်မူကြသော တိပိဋကဓရ၊ ဆဠဘိညာ၊ ပဋိသမ္ဘိဒါပတ္တ တေဝိဇ္ဇက ဘွဲ့ထူး ဂုဏ်ထူးပိုင်ရှင် ရဟန်းတော်များ ဖြစ်ကြပြီး များသောအားဖြင့် ဧတဒဂ်ဘွဲ့ထူး ဂုဏ်ထူးကို ရရှိ တော်မူကြသော အရှင်အာနန္ဒာ အပါအဝင် ရဟန္တာငါးရာ တို့ကိုသာ စင်တော်ကောက် ရွေးမြောက်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓ နိဗ္ဗာန်ဓာတ်နန်း စံမြန်းတော်မူပြီးနောက် သုံးလလွန် လေးလအဝင်၊ မဟာသက္ကရာဇ် (၁၄၈)ခု၊ ဝါခေါင်လပြည့်ကျော် (၅) ရက်နေ့မှစ၍ ရာဇဂြိုလ်ပြည်၊ ဝေဘာရတောင်ယံ၊ စရည်းပင်ရောက်ရာလိုဏ်ဂူ၌ အဇာတသတ်မင်းကြီး၏ အထောက်အပံ့ကို ရယူကာ (၇) လတိုင်တိုင် ပထမဆုံး သံဂါယနာ တင်နိုင်ခဲ့ပေသည်။

ဤပထမ သံဂါယနာတင်ပွဲကို ထောက်ရှုသဖြင့် ဗုဒ္ဓလက်ထက် ပရိယတ္တိသာသနာ၏ အရည်အချင်းကို ခန့်မှန်း၍ သိနိုင်၏။ ဗုဒ္ဓလက်ထက်ကပင် ပိဋကသုံးပုံ ပရိယတ္တိဓမ္မကို နှုတ်ငုံဆောင်တော်မူကြသော ရဟန်းတော်တို့ကား များပြားလှပေ၏။

## မထေရ် အဆက်ဆက်တို့ ပရိယတ္တိကို ဆောင်တော်မူကြပုံ

ပထမသံဂါယနာတင်ပြီးနောက် ဗုဒ္ဓ၏ ပရိယတ္တိဓမ္မကို မယိုယွင်း မပျက်စီးရအောင် ပိဋကကို ခွဲဝေသတ်မှတ်၍ ဝိနည်းပိဋကကို အရှင်ဥပါလိမထေရ်မှစ၍ ၎င်း၏တပည့် အရှင်ဒါသက၊ အရှင်သောဏ၊ အရှင်သိဂ္ဂဝ၊ အရှင်မောဂ္ဂလိပုတ္တတိဿ အစရှိသော မထေရ် အဆက်ဆက်တို့က ဆက်လက်၍ ဆောင်တော်မူခဲ့ကြသည်။

ဒီဃနိကာယ်ကို အရှင်အာနန္ဒာမထေရ်မှစ၍ ၎င်း၏တပည့် အရှင်သဗ္ဗကာမိ၊ အရှင်သာဠှ၊ အရှင်ရေဝတ၊ အရှင်ခုဇ္ဇသောဘိတ၊ အရှင်ယသ၊ အရှင်သမ္ဘူတ အစရှိသော မထေရ် အဆက်ဆက်တို့က ဆက်လက်၍ ဆောင်တော်မူခဲ့ကြသည်။

သံယုတ္တနိကာယ်ကို အရှင်မဟာကဿပမထေရ်ကြီးမှစ၍ ၎င်း၏တပည့် အဆက်ဆက်တို့က ဆောင်တော်မူခဲ့ကြသည်။

အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါမထေရ်မှစ၍ ၎င်း၏တပည့် အရှင်သုမန၊ အရှင်ဝါသဘဂါမိ အစရှိသော တပည့်အဆက်ဆက်တို့က ဆောင်တော်မူခဲ့ကြသည်။

အဘိဓမ္မာပိဋကကို အရှင်သာရိပုတ္တရာမထေရ်ကြီးမှစ၍ ၎င်း၏တပည့် အရှင်ဘဒ္ဒဇိ၊ အရှင်သောဘိတ၊ အရှင်ပိယဇာလိ၊ အရှင်ပိယဒဿီ အစရှိသော တပည့်အဆက်ဆက်တို့က တတိယ သံဂါယနာတိုင်အောင် သယ်ဆောင်လာခဲ့ကြသည်။

## ပရိယတ္တိသာသနာ မကွယ်ပျောက်ရအောင် ဆင်းရဲ ပင်ပန်းစွာဆောင်ခဲ့ရပုံ

တတိယ သံဃာယနာနှင့် စတုတ္ထသံဃာယနာ ပေထက်အက္ခရာမတင်မီကြားကာလ အနှစ် နှစ်ရာကျော်အတွင်း သာသနာသက္ကရာဇ် (၄၃၀) ခုနှစ် ဝဋ္ဋဂါမဏိမင်းကြီး နန်းတက်၍ (၅)လ ရှိသောအချိန် သီဟိုဠ်မှာ ဗြဟ္မဏ တိဿဒွန်စဏ္ဍား သူပုန်ဆားကြီး၊ အကြီးအကျယ် ပုန်ကန်ထကြွခဲ့သည်။ တိုင်းပြည်

အလုံးတုန်လှုပ်ချောက်ချားသွား၏။ သီဟိုဠ်၌ မိုးလေဝသ ခေါင်းပါး၍ အစာအာဟာရ ရှားပါးခြင်းဘေးဒုက္ခနှင့် ကြုံတွေ့ရသည်။ ငတ်မွတ်ခေါင်းပါး အစာရှားခဲ့သည်။ ဆွမ်းရေစက် ဝမ်းရေစက်သောကြောင့် ရဟန်းတော်များ ဆွမ်းမစားကြရ။ ထိုအချိန်မှာ ပရိယတ္တိဝန်ဆောင် ရဟန်းတော်တို့အတွက် ရတက်မအေးသူကား သူဇာသက်ထား ဦးသိကြားပင် ဖြစ်ပါ၏။ ဦးသိကြားသည် လူ့ပြည်တခို ကျွန်းသီဟိုဠ်သို့ အဖေါ်မမှီး တစ်ကိုယ်တည်းဖြင့် နတ်ခရီး နှင်ခဲ့ရသည်။



သီဟိုဠ်သို့ရောက်လျှင် ရဟန်းတော်များကို လျှောက်ထားသည်မှာ အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် ဒီသီဟိုဠ်မှာ သီတင်းသုံးနေ၍ ပရိယတ္တိသာသနာကို ဆောင်ရွက်တော်မူနိုင်မည်မဟုတ်။ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူကြပြီး ပရိယတ္တိသာသနာတော်ကို မပျောက်ပျက်အောင် ကြိုးစား၍ ဆောင်တော်မူကြပါ။ တပည့်တော် တာဝန်ယူ၍ ပင့်ဆောင်ပါမည်။

တပည့်တော်၏ တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် အရှင်ဘုရားတို့ တစ်စုံတစ်ခုသော ဘေးရန်အန္တရာယ်ကို မကြုံတွေ့ရဘဲ ဇမ္ဗူဒိပ်ကျွန်းသို့ ချမ်းချမ်းသာသာရောက်အောင် တပည့်တော် ပို့ဆောင်ပါမည်။

သီဟိုဠ်မှာ သူပုန်ဘေးကြီးငြိမ်းအေးပြီး ဝပြောသာယာသောအချိန်မှ ပြန်လည်၍ ကြွတော်မူကြပါဟု ဦးသိကြားလျှောက်ထားလေ၏။

ဦးသိကြား၏ လျှောက်ထားချက်ကို ရဟန်းတော်များတို့ လက်ခံကြ၏။ ဇမ္ဗူဒိပ်ကျွန်းသို့သွားရန် သဘော်ဆိပ်သို့ ကြွတော်မူကြသည်။ သဘော်ဆိပ်သို့ရောက်သောအခါ (၆၀) သော ရဟန်းတော်တို့သည် အရှင်ဘုရားတို့သာ ဇမ္ဗူဒိပ်သို့ ကြွတော်မူကြပါ။ တပည့်တော်တို့ ဒီသီဟိုဠ်မှာပင်နေပြီး စားရသမျှ အာဟာရနှင့်ပင် မျှတ၍ မြတ်ဗုဒ္ဓ၏ အဆုံးအမ ပိဋကသုံးပုံကို မပျောက်ပျက်အောင်စောင့်ရှောက် ထိန်းသိမ်း၍ နေပါမည်ဟု လျှောက်ထားကာ သဘော်ဆိပ်မှ ပြန်လည်ကြွတော်မူကြပြီး သီဟိုဠ်မှာပင် သီတင်းသုံး နေထိုင်ကြ၏။

ထိုရဟန်းတော် (၆၀) တို့သည် သီဟိုဠ်တောင်ပိုင်း ဒက္ခိဏမလယအရပ်သို့ ကြွတော်မူကြပြီး အသီးအရွက် သစ်ဥ၊ သစ်ဖုတို့ကိုသာ ဆွမ်းအာဟာရအဖြစ်မျှတဘုန်းပေးတော်မူကြကာ (၁၂) နှစ်သို့တိုင်တိုင် မြတ်ဗုဒ္ဓ၏ ပိဋကသုံးပုံကို မပျောက်မပျက် အက္ခရာမယိုမယွင်းကြရအောင် အာဂုံနှုတ်တက် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

အစာမစားရ၍ ဆာလောင်ခြင်း ပြင်းပြသောအခါ ရဟန်းတော်များသည် အချင်းချင်း စုပေါင်း၍ မြစ်ဆိပ် ကမ်းနားသဲသောင်များ၌ သဲများကိုစုပုံပြီး ရေဆွတ်၍ သဲစုပေါ်တွင် ဗိုက်မှောက်တင်ကာ ဆင်ခြင်သုံးသပ်ပြန်ဆိုကြရာလေသည်။

ထို့သို့ပင်ပင်ပန်းပန်းဖြင့် (၁၂) နှစ်တိုင်တိုင် အဋ္ဌကထာအပါအဝင် ပိဋကသုံးပုံကို မပျောက်ပျက်အောင် ပြည့်စုံစွာ ဆောင်တော်မူခဲ့ကြလေသည်။

ဇမ္ဗူဒိပ်ကျွန်းသို့ ကြွသွားတော်မူကြသော အရှင်မြတ်တို့သည်လည်း ဇမ္ဗူဒိပ်၌ (၁၂) နှစ်သို့တိုင်တိုင် အဋ္ဌကထာ အပါအဝင် ပိဋကသုံးပုံကို အာဂုံနှုတ်တက် ဆောင်ရွက်တော်မူခဲ့ကြသည်။

သူပုန်ဘေး ငြိမ်းအေးသောအခါ သီဟိုဠ်သို့ပြန်လည် ကြွတော်မူကြ၏။ သီဟိုဠ်တွင် သီတင်းသုံးနေရစ်ခဲ့ကြသော အရှင်မြတ်တို့နှင့် အဌကထာအပါအဝင် ပိဋကသုံးပုံကို အာဂုံ တိုက်ဆိုင် ညှိနှိုင်းကြသောအခါ တစ်လုံးသော အက္ခရာ၊ ပုဒ် ဗျည်းမျှပင် ချို့ယွင်းသည် တိမ်းစောင်းသည် မညီ မညွတ်သည် ကို မတွေ့ရှိရပဲ အလုံးစုံညီညွတ်ကြသည်။ အရှင်မြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကား အဟောတဝ အလွန် အံ့ဩဖွယ် ကောင်းလှပါ၏။

သီဟိုဠ်မှာ သီတင်းသုံး နေရစ်ခဲ့ကြသော သာသနာ့ အာဇာနည် သူရဲကောင်းအရှင်မြတ်တို့၏ ပရိယတ္တိသာသနာ အတွက် ကိုယ်အသက်ကို မငဲ့ကွက်ပဲ ဆောင်ရွက်တော်မူခဲ့ကြသော ဖွဲ့၊ သတ္တိ၊ လုံ့လ၊ ဝီရိယတို့ကား ချီးကျူး၍မကုန်၊ ဂုဏ်ယူ၍ မဆုံး၊ ကြည်ညို၍ မဝ ဖြစ်ရသည်ကား အမှန်ပင်ဖြစ်ပါ၏။

ရင်ထည်း၊ နှလုံးထည်း၌ လှိုက်လှိုက်လှဲလှဲ ခံစားရပါ၏။ ယနေ့ ပရိယတ္တိကို သင်ယူခြင်း၊ ပို့ချခြင်း၊ ကြားနာရခြင်း စသည်တို့ကား ထိုသာသနာ့အာဇာနည် သူရဲကောင်း ဖြစ်တော်မူကြသော အရှင်မြတ်တို့၏ ကျေးဇူးတရားပင် မဟုတ်ပါလော။

## ပရိယတ္တိသာသနဟိတအသင်း

သက္ကရာဇ် (၁၂၄၇)ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် (၈)ရက်၊ တနင်္ဂနွေနေ့တွင် နယ်ချဲ့တို့၏လုပ်ရပ်ကြောင့် မြန်မာ နိုင်ငံ ရတနာပုံနေပြည်တော်၌ နောက်ဆုံးစိုးစံတော်မူသော မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားကြီး နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ ထီးကျိုးစည်ပေါက် ရတနာ ဂီရိသို့ လိုက်ပါကြွရောက်တော်မူခဲ့ရရှာလေသည်။

ထိုအချိန် တိုင်းရေးပြည်ရေး သာသနာအရေးတို့ အလွန် ရှုပ်ထွေးခဲ့၏။ သာသနာ့ဦးသျှောင် ဆရာတော်အချို့ နောက်ပါ တပည့်များနှင့် နေပြည်တော်မှ ထွက်ခွာတော်မူကြကာ မြို့နယ် တောရွာ ကျေးလက်သို့ အသီးသီးကြွရောက် သီတင်းသုံးတော် မူကြသည်။

သာသနာပြုမင်းမရှိသောအခါ မန္တလေးနေပြည်တော်၌ သာသနာတော်အရောင် တစ်နှစ်ထက်တစ်နှစ် မှေးမှိန်လာခဲ့ ပေသည်။ သာသနာတော်ကို ကြည်ညိုကိုးစားအားထားနေကြ သော မြို့မိ မြို့ဖတို့သည် သာသနာအတွက် သောကရတက်ကို ရယ်ဝယ်ပိုက်၍ နေခဲ့ကြရသည်မှာ (၁၃) နှစ်ခရီးကြာခြောင်း ခဲ့လေသည်။

ထိုအချိန် သာသနာ့ရေး ဒို့အရေးဟု သမိုင်းပေးတာဝန် ကျေပွန်စေရန်၊ မန္တလေးမြို့ ဆိုင်းတန်းရပ်၊ ပွဲစားကြီးဦးထွန်း၊ ရုံးစာရေးကြီးဦးခင် စသော သာသနာပြုပုဂ္ဂိုလ်(၁၂)ဦးတို့အဖွဲ့ သည် ရာဇာဂုရုအဲ့တံဆိပ်တော်ရ မိုးထားသာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးပြုသော ဆရာတော်ဘုရားကြီး (၁၈) ပါးတို့၏ ဩဝါဒကို ခံယူကြကာ၊ သက္ကရာဇ် (၁၂၆၀) ပြည့် နှစ်၊ ဝါဆိုလပြည့်နေ့မှာ ဤသာသနာပြု ပရိယတ္တိသာသနဟိတ အသင်းကြီးကို ပထမဦးဆုံး စတင်တည်ထောင်ခဲ့ကြသည်။

(၁၂၆၅) ခုနှစ်မှစ၍ ပရိယတ္တိသာသနဟိတ(သကျသီဟ) စာမေးပွဲကို နှစ်စဉ်ကျင်းပခဲ့ကြသည်။

မြန်မာနိုင်ငံ ပထမပြန်စာမေးပွဲကို အင်းဝမြို့၊ ညောင်ရမ်း မင်းဆက်တွင် သုံးဆက်မြောက် သာလွန်မင်းတရားကြီး လက်ထက် သက္ကရာဇ် (၁၀၀၀) တစ်ထောင်ပြည့်နှစ်တွင် စတင် ကျင်းပခဲ့ကြောင်း မြန်မာရာဇဝင်အရာ သိရ၏။

သို့ဖြစ်၍ စာမေးပွဲသက်တမ်းမှာ နှစ်ပေါင်းသုံးရာကျော်ခဲ့ လေပြီ။ မြန်မာဘုရင်များလက်ထက်က ပထမပြန်စာမေးပွဲတစ် ခုသာ ရှိခဲ့၏။ ယင်း ပထမပြန်စာမေးပွဲသည် ရဟန်းလောင်း၊ ရှင်လောင်းများကို ရွေးချယ်ရာ၌ အဓိကကျသည်။ ရဟန်း လောင်း သာမဏေများပင် သင်္ကန်းဝတ်ဖြင့် ပြန်ဆိုရသည် မဟုတ်၊ မင်းသားအဆောင်အယောင် အဝတ်အစားဖြင့် ပြန်ဆို ရသည်။

(၁၂၆၅) ခုနှစ်မှစ၍ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်း စာမေးပွဲကို အတုယူကာ၊ နိုင်ငံတော်အတွင်းရှိ ထိုထို မြို့ကြီး ပြကြီးတို့၌ နိုင်ငံသူ နိုင်ငံသားတို့သည် အသင်း အဖွဲ့ အသီးသီး ဖွဲ့စည်းတည်ထောင်ကြလျက် ပရိယတ္တိသာသနာ တော် ကြီးပွားထွန်းကားရန် အဓိက ရည်ရွယ်ချက်ဖြင့် စာမေးပွဲ များကို ကျင်းပခဲ့ကြသည်။

အသင်းအဖွဲ့တည်ထောင်၍ ကျင်းပကြသော အသင်း စာမေးပွဲများစွာရှိရာတွင် ဤပရိယတ္တိသာသနဟိတအသင်း (သကျသီဟ) စာမေးပွဲမှာ အာဒိကမ္မိက ပထမဦးဆုံးအသင်း စာမေးပွဲတစ်ခုဖြစ်သည်။

## စာမေးပွဲသုံးရပ်

ပရိယတ္တိသာသနဟိတအသင်း၌ တစ်နှစ်လျှင် စာမေးပွဲ သုံးရပ်နှစ်စဉ်ကျင်းပခဲ့၏။ နယုန်လတွင် သီးခြားစာသင်တန်း၊ သီးခြားစာချတန်းဟူ၍ နှစ်တန်းခွဲခြားပြီး စာလျှောက်မေးခန်းကို ကျင်းပသည်။

ပြာသိုလတွင် (၁၃၃၁) ခုနှစ်မှစ၍ သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲကို ကျင်းပသည်။

တပေါင်းလတွင် (၁၃၃၁) ခုနှစ်မှစ၍ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာမေးပွဲကို ကျင်းပသည်။

စာမေးပွဲသုံးရပ်အနက် နယုန်လ သီးခြားစာလျှောက်မေးခန်းသည် မြန်မာနိုင်ငံစာမေးပွဲလောကတွင် အခက်ခဲဆုံးသော စာမေးပွဲတစ်ခုဟုဆိုရလျှင် မှားမည်မထင်။

သီးခြားစာသင်တန်းအတွက် ပြဋ္ဌာန်းကျမ်းစာ (၁၅) ကျမ်းကျော်ကို အာဂုံပြန်ဆို အောင်မြင်ပြီးမှသာ သဘောရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ရှိသည်။

ရဟန်းတော်များစာမေးပွဲလောကတွင် မေးခွန်းများ နက်နဲခက်ခဲပြီး သက်စွန့်ကြိုးပမ်းအားထုတ်ကြရသောကြောင့် "လူသတ်စာမေးပွဲ" တစ်ခုဟု သာသနာလောကက အမည်ပေးကြ၏။

သကျသီဟအသင်းစာမေးပွဲ အောင်မြင်ပြီးသော ရဟန်းတော်များနှင့် သာသနာ့လင်္ကာရ သာမဏေကျော်တို့ကို အသင်းကြီးက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း (၄)ပါး တို့ဖြင့် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။ လစဉ် ဆွမ်းဆန်တော်နှင့် ဆီ ဆား စသည်တို့ကို လှူဒါန်းလျက် သာသနာ့ပြုနေကြသည်။

ယနေ့ မြန်မာနိုင်ငံသာသနာလောကတွင် ဦးစီး ဦးကိုင်အဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနေကြသော ဆရာတော်ကြီးများနှင့် မြန်မာနိုင်ငံ ပရိယတ္တိစာသင်တိုက်ကြီးတို့၌ ပရိယတ္တိဝန်ဆောင် စာချအကျော် ဆရာတော်များ၊ ကစ္စာယတ္ထိဒီပနီမဟာဋီကာ စသော ကျမ်းပေါင်း (၂၀)ကျော် ပြုစုသွားသော ဘဒ္ဒန္တ ဣန္ဒြိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဆင်တဲဆရာ တော်ဘုရားကြီး၊

ပဋ္ဌာန်းအရေကောက်အကျဉ်းချုပ် စသော ကျမ်းပေါင်းများစွာ ပြုစုသွားသော ဘဒ္ဒန္တ သူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ+အဘိဓဇမဟာရဋ္ဌဂုရု) မစိုးရိမ်ဆရာတော်ဘုရားကြီး။

အဘိဓာန် နိဿယသစ် စသော ကျမ်းပေါင်းများစွာ ပြုစုသွားသော ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) အဘယာရာမ ရွှေကျင်ဆရာတော်ဘုရားကြီး။

မဟာရူပသိဒ္ဓိနိဿယ စသော ကျမ်းပေါင်းများစွာ ပြုစုသွားသော ဘဒ္ဒန္တ ကောသလ္လာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) စည်ရှင်ဆရာတော်ဘုရားကြီး။

ဘဒ္ဒန္တ ဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ကျမ်းပြုအကျော် တောင်မြို့ ဂန္ဓာရုံဆရာတော်ဘုရားကြီး။

မြန်မာနိုင်ငံတွင် အာဒိကမ္မိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အာဒိကမ္မိက ဝင်္ဂသကာ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဗုဒ္ဓဝင်ကျမ်းပြု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီး။

ပိဋကဝိသောဓနီနှင့် သံဝဏ္ဏနာနိယံသစ်ကျမ်း စသည်တို့ကို ရေးသားပြုစုတော်မူသော ဘဒ္ဒန္တ မေဓိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု) ဘုရားကြီးတိုက်၊ နယားကျောင်း ဆရာတော်ဘုရားကြီး။

ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (တိပိဋကဓရ+အဂ္ဂမဟာပဏ္ဍိတ) ယောဆရာတော်ဘုရားကြီးတို့နှင့် အနှစ်တစ်ရာ အတွင်း ထူးခြားစွာအောင်မြင်တော်မူ၍ (ဝင်္ဂသကာ) ရွှေတံဆိပ် ရ၊ ဆရာတော် (၉)ပါး အပါအဝင် ထင်ရှားကျော်ကြားတော်မူကြသော ဆရာတော်ဘုရားကြီးတို့မှာ ဤပရိယတ္တိသာသနာဟိတအသင်းကြီးမှ မွေးထုတ်ပေးလိုက်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများပင် ဖြစ်ကြသည်။

အချုပ်ကိုဆိုရသော် သာသနာ့မိခင်ကြီးနှင့်တူသော ဤပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာသုံးရပ်တွင် အဓိကရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိသာသနာတော်ကြီးကို ထွန်းကားပြန့်ပွားအောင် ကျယ်ပြန့်စွာ သာသနာပြုနေသော သာသနာပြုအသင်းကြီးဖြစ်သည့်အပြင် လာမည့် (၁၃၆၀) ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ အနှစ် (၁၀၀) တင်းတင်းပြည့်မည်ဖြစ်၍ ခြိမ့်ခြိမ့်သဲ ဘိုးသက်ရှည် နှစ်တစ်ရာပြည့်ပွဲကို ကြိုဆိုဂုဏ်ပြုလျက် နှစ်တစ်ရာမှသည် နှစ်ရာ၊ ထောင်မကတည်တံ့ နိုင်ပါစေသတည်း။

အမှာ ။ ။ ဤဆောင်းပါးသည် ဗုဒ္ဓလက်ထက်၌ ပရိယတ္တိ မရှိဟု ပြောဆိုနေကြသော ပုဂ္ဂိုလ်တို့အား ရည်ညွှန်းပါ၏။

(သလ္လာ-ကျော်ထက်)



# စိန်နှလုံးသား ပိုင်ရှင်များ

သာသနာတော်သုံးရပ်၏ နှလုံးသားမှာ ပရိယတ္တိ (စာပေသင်ကြားပို့ချမှု) ဟု ဆိုချင်ပါသည်။ ထိုနှလုံးသားကို "စိန်နှလုံးသား" ဟု ဆင့်ကဲ၍ ညွှန်းလိုပြန်သည်။ ယင်းစိန်သည် ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသော အပြောက်အမွမ်းနှင့် အရောင်အလင်းလက်ရုံ စိန်အမျိုးအစားမဟုတ်။ အရောင်အလျှံလည်းကွန့်၊ ထုသား ပေသားခံ အမာအထန် သယံဇာတ အမတေ အဖိုးတန် ရတနာစိန်မျိုး။ ကျောက်တောင် ကျောက်လွှာ ကျောက်ဖျာ ကျောက်ချပ်တွေကို ပြဲပြဲစင် ကြေမွအောင် ထွင်းဖေါက်နိုင်စွမ်းသည့် "ဝဇိရ" စိန်မျိုး ထိုစိန်မျိုးမှ အဖိုးထိုက် အဖိုးတန်ဟူ၍ ပညာရှင်တို့က အသိအမှတ်ပြုကြပေသည်။

လောကုတ္တရာပညာရေးနယ်ပယ်တွင် ဆရာ့ဆရာတော်ကြီးများက "မန္တလေးမဝင် စာမမြင်"၊ "မန္တလေးမရောက် စာမပေါက်" ဟု အမွှမ်းတင် ဆိုစမှတ်ပြုကြပါသည်။ "မန္တလေးဆိုတာ သာသနာတော်ရဲ့ နှလုံးသားကွဲ့" ဟု စိတ်လိုလက်ရ မိန့်မြွက်တော်မူကြပြန်သည်။ ထို့ပြင် "မန္တလေးဆိုတာ စာတတ်ပေတော် ပုဂ္ဂိုလ်အကျော်အမော် ဆရာတော်တွေနဲ့ ပြည့်စုံတဲ့ မြို့တော်ကြီး" ဟု ဆိုကြပြန်သေးသည်။

မှန်ပေသည်၊ ယနေ့ မျက်မှောက်ခေတ် သာသနာရေးလောကတွင် ထင်ရှားကျော်ကြားနေသော ပိဋကတ်ပညာရှင် ဆရာတော်ကြီးတို့၏ အတ္ထုပ္ပတ္တိများ ဖတ်ရှုကြည့်ညိုရတိုင်း ငယ်ရွယ်စဉ် ပညာသင်ဘဝဝယ် မန္တလေးနှင့် ကင်းနိုင်ခဲလှကြောင်း သိရှိရပါသည်။ မန္တလေးမြို့တော်၏ ပညာရင်ငွေ့ကို တွယ်မက်စွာ ပွေ့ဖက်လေ့ကျက်ခဲ့ကြသည့် ပုဂ္ဂိုလ်တို့သာ အများအပြား တွေ့မြင်ရပါသည်။ ထို့ကြောင့် မန္တလေးသည် ခေတ်အဆက်ဆက် သာသနာဖွံ့ထွားစည်ပင်လာခဲ့ပေသည်။ ထို့ကြောင့် မန္တလေးမြို့ကို "သာသနာ့နှလုံးသားမြို့တော်" ဟု တင်စားကာ သညာ သွေးခဲ့ကြဟန်တူသည်။

မြန်မာပြည်သည် ဖားကန့်ရတနာမြေ၊ မိုးကုတ် ရတနာမြေ၊ မိုင်းရှူးရတနာမြေ စသည်တို့ဖြင့် အနဂ္ဃထိုက်သော တွင်းထွက်ရတနာများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်၏။ ထို့အတူ မန္တလေးမြို့သည်လည်း ပိဋကတ်စာပေ ဖြန့်ဝေပို့ချသော အရှင်တို့ မပြတ်မလပ် ဗိုလ်ငါးဝလက်နက်တို့ဖြင့် တူးဖေါ်သဖြင့် ပိဋကတ်တွင်း၊ ပိဋကတ်အသင်းတို့မှ ထွက်ရှိသော ပရိယတ္တိအရည်ကောင်း အသွေးမှီ စံချိန်ညီ သာသနာ့အာဇာ

နည် သံဃာရတနာများ ကြွယ်ဝပြည့်စုံသော မြို့တစ်မြို့ဖြစ်သည်။

မြန်မာ့ကျောက်မျက်ပညာရှင်များက "အစိမ်း" ဟု လွယ်လင့်တကူခေါ်သော ကျောက်စိမ်းကိုပင် မြော်ကြီးထွက်၊ မြော်သေးထွက် စသည်ဖြင့် ခွဲခြားလေ့ရှိသလို "အနီ" ဟု ခေါ်သော ပတ္တမြားကိုလည်း မိုးကုတ်ထွက်၊ မိုင်းရှူးထွက် စသည်ဖြင့် အသီးသီးခွဲခြား ခေါ်ဝေါ်လေ့ရှိ၏။ ခွဲခြားသတ်မှတ် ဈေးဖြတ်လေ့ရှိ၏။ ထို့အတူပင် မန္တလေး၏ ပိဋကတ်ပညာရှင်ဘဝ၊ ပိဋကတ်ပညာသင်ဘဝမှာလည်း "သူက မစိုးရိမ်ထွက်၊ သူက ဂန္ဓာရုံထွက်၊ သူက ဘုရားကြီးတိုက်ထွက်" စသည်ဖြင့် အသီးသီးချီးပင့်၍ ပြောဆိုလေ့ရှိကြသည်။ ပိဋကတ်အရည်အသွေးကို ချိန်ထိုးတိုင်းထွာတတ်ကြပေသည်။

ပိဋကတ်စာပေနှင့် ပတ်သက်လျှင် အက်စစ်အစိမ်ခံ အချွတ်ခံ အဆေးခံလော်ပြီး ဦးပြီးရွှေကဲ့သို့ အာဂုံတစ်မျိုး၊ သဘောရေးဖြေတစ်ဖုံ စစ်ဆေးမေးမြန်းမှုစုံအောင် ခံနိုင်ရည် သာသနာ့အာဇာနည် စံချိန်မီ ရဟန်းတော်များ ထွန်းကားလာစေရန်အတွက်၊ ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့တွင် မိုးထားကျောင်းတိုက် သာသနာပိုင်ဆရာတော်ဘုရားကြီး ဦးသုဇာတ၊ ရွှေရေးဆောင်ကျောင်းတိုက် "ပဏ္ဍိတဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ အမှူးပြုသော ဆရာတော် (၁၈)ပါးကို ပင့်ဖိတ်၍ ဩဝါဒခံယူပြီး၊ မန္တလေးမြို့၊ ဆိုင်းတန်းရပ်၊ ယခု ၂၆-ဘီလမ်း၊ ပွဲစားကြီးဦးထွန်း၏နေအိမ်၌ ပရိယတ္တိသာသနဟိတအသင်းကြီးကို ဖွဲ့စည်းထည်ထောင်ခဲ့ပါသည်။

ပင်ကိုယ် အဖိုးအနဂ္ဃထိုက်သည့် ရတနာဖြစ်လင့်ကစား ပညာပြည့်ဝသည့် ကျောက်သွေးသမားက အပြောက်အမွမ်း အကွက်ဆန်းကလေးတွေပေါ်အောင် သွေးတတ် ပုံဖော်တတ်မှ မြင်သူတိုင်းစွဲမက်ပြီး "လှလိုက်တဲ့ ကျောက်ကလေးဟဲ့" "သွေးထားပုံကလည်း ဆန်းကြွယ်လိုက်ပါဘိ" "အရည်လေးကို လဲ့နေတာပဲရယ်လို့" ချီးမွမ်းအပြောတသောသောနှင့် အံ့သြကြပေမည်။ ထိုရတနာမျိုးကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသူများမှာ "ဟာ" ဆိုသော အာမေဍိတ်စကား စွမ်းအားရှိသလောက် ပြောလိုက်ကြရသည်မို့ နှုတ်ခမ်းနစ်လွှာပင် ပိတ်လိုက်မိကြဟန် မထင်။

မန္တလေးမြို့လေးပြင် လေးရပ် ဘွဲ့တံဆိပ်တော်ရမရ ဆရာတော်ကြီးများနှင့် ပရိယတ္တိသာသနဟိတအသင်းလူကြီးများ လက်တွဲကာ ၁၂၆၅ ခုနှစ် နယုန်လတွင် စတင်ကျင်းပခဲ့သော ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲမှသည် ယခုကာလတိုင် နှစ်စဉ် ပရိယတ္တိသာသနဟိတအသင်းကြီးမှ ပိဋကတ်ပညာရှင် ဆရာတော်များ ဆန်ကာတင် သွေးထုတ်မွေးထုတ်ပေးလိုက်သည့် "အဘိဝံသ" ဘွဲ့ဟူသော ပတ္တမြားပွင့်စိန်ပွင့်များသည် သံဃာ့ပရိသတ်အလယ်တွင် ပွင့်ပွင့်လင်းလင်း နေတစ်စင်း လတစ်စင်းနှယ် ရောင်ခြည်ကျင်း လင်းလက်ခဲ့ရပေသည်။ သံဃာ့ပရိသတ် သံဃာတော်များ၏နှုတ်ဖျားတွင် "အဘိဝံသ" ဆိုသည်မှာ "အစ္စရိယပုဂ္ဂိုလ်၊ အဗ္ဘုတပုဂ္ဂိုလ်ရယ်" ဟု တဖွဖွပြော၍ မဝနိုင်ကြ။

အဖိုးထိုက် အဖိုးတန် နန်းစဉ်ရတနာမျိုးကို အတော်အသင့် ကြွယ်ဝချမ်းသာသည့်ပုဂ္ဂိုလ်တွေ မထိရဲ မတို့ရဲ မဟာရဲ ကြဘဲ ရှဲသွားကြသည့်နှယ် မိမိဥပဇ္ဈာယ်ဆရာ ချီးမြှင့်ကင်းပွန်းတပ်ပေးလိုက်သည့် ဘွဲ့တော်နောက်ဆွယ်တွင် "အဘိဝံသ" ဆိုသည့် ရတနာဦးသျှောင်ကို မြင်လိုက်ရ သိလိုက်ရသည်နှင့် ပိဋကတ်ပညာရေးနယ်ပယ်ရှိ ပုဂ္ဂိုလ်တို့မှာ သဒ္ဒါအနေ စာအနေနှင့် ပတ်သက်၍ တို့ကနန်း ဆိတ်ကနန်း အကဲ မစမ်းဝံ့ကြပေ။ စင်စစ် ပါရမီရှင် ဉာဏ်ကြီးရှင်တို့ ခဲယဉ်းပင်ပမ်းစွာ ကြိုးစားအားထုတ်ပါမှ ရင်ခွင်ပိုက် ရရှိနိုင်သည့် ဘွဲ့တံဆိပ်တော်မျိုးဖြစ်၍ "အဘိဝံသဘာဝေါ ဒုလ္လဘော" ဟုပင် ဆိုရပါမည်။

"အဘိဝံသ"ဆိုသည့် ပန်းအယဉ်ကို ဆင်မြန်းနိုင်ကြရန် ကြိုးပမ်းနေရသည့် ရဟန်းတော်တို့ဘဝသည် လွန်စွာဆင်းရဲပန်းနယ်လှပါသည်။ ဖြတ်ကျော်လျှောက်လှမ်းရသည့် ခရီးသည်လည်း ခက်ခဲကြမ်းတမ်း ခရောင်းလမ်းတမျှ ဖြစ်ပါသည်။ ရှေးဦးစွာ ဖြေဆိုရသည့် "စာသင်တန်း" အောင်မြင်သည့်ဘဝ ရရှိထားပြန်လျှင်လည်း "အဘိဝံသ" ဘွဲ့အတွက် "သီးခြားစာချတန်း" ခရီးဆက်ကြရပြန်သည်။ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ဂဏ္ဌိ၊ ယောဇနာ ခရီး ဝန်စည်စလွယ်တွေကလည်း တနင့်တပိုးနှင့် များပြားလှပါဘိ။ ရွှေတွင်း ကျောက်တွင်း တူးမည့်သူများ၏ မပါမပြီး ခရီးဆောင် ပစ္စည်းသယ်ယူရသည့်နည်းနှင်နှင်သာဖြစ်သည်။

စာသင်တန်းပြီး၍ သီးခြားစာချတန်း (အဘိဝံသ) အတွက် ခွင့်ပြုသတ်မှတ်ထားသည့် သက်တမ်းမှာ သက်တော် (၃၅)နှစ်၊ ဝါတော် (၁၅)ဝါအတွင်းသာ ခွင့်ပြုပြန်သည်။ အချို့ပုဂ္ဂိုလ်တို့မှာ ခွင့်ပြုသက်တမ်းကာလအတွင်း "အဘိဝံသဘွဲ့" ကို အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့ကြသည်။ "အဘိဝံသ စိန်ကောင်း ကျောက်ကောင်းထွက် ပရိယတ္တိသာသနဟိတကျောက်တွင်း၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ဂဏ္ဌိ၊ ယောဇနာ လက်နက်တို့ဖြင့် "အဘိဝံသ" ကျောက်ကောင်း စိန်ကောင်းကို အောင်မြင်စွာတူးဖော်နိုင်ခဲ့ကြသည်။ အချို့ပုဂ္ဂိုလ်တို့မှာ နှစ်ရှည်

လများ တူးဖေါ်သော်လည်း ကျောက်ကောင်း စိန်ကောင်း မရနိုင်သော ကျောက်တူးသမားကဲ့သို့ စာမေးပွဲသက်တမ်းကုန်ဆုံးကာ လောကုတ္တရာပညာရေးလောကနှတ်ဖျားတွင် "ဘိပြုတ်" ဟူ၍လည်းကောင်း၊ "အသင်းပြုတ်" ဟူ၍ လည်းကောင်း ဘွဲ့တံဆိပ်နာမံတော်ဖြင့် မချင့်မရဲ ကျေနပ်နှစ်သိမ့်လိုက်ရရှာသည်။

ဤမျှခက်ခဲရခဲသော "အဘိဝံသ" ဘွဲ့မျိုးဖြစ်၍ "အဘိဝံသဘာဝေါ ဒုလ္လဘော" ဟု စာရေးသူ ဆိုလိုက်ခဲ့ရခြင်း ဖြစ်ပါသည်။ ပင်ပမ်းတကြီး အရိုးကြေကြေ အရေခမ်းခမ်း ကာယမဋ္ဌေရ မယှက်မသမ်းပဲ ပင်ပမ်းစွာကြိုးစားသော်မှ "အဘိဝံသ" ဘွဲ့ ရရှိရန် ကံသေကံမ မသေချာနိုင်သည့် စာမေးပွဲမျိုးဖြစ်သည့်အတွက် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက "မန္တလေး လူသတ်ပွဲကြီး" ဟုပင် မိန့်တော်မူခဲ့ပေသေးသည်။

ပရိယတ္တိသာသနဟိတအသင်းကြီးထွက် "အဘိဝံသ" မဆိုထားနှင့် "အဘိဝံသဘွဲ့" မရပဲ ခွင့်ပြုသတ်မှတ်နှစ်ပြည့်၍ ရပ်နားလိုက်ရသည့် "ဘိပြုတ်" "စာသင်တန်းပြုတ်" တို့ကိုပင် လောကုတ္တရာပညာရေးနယ်ပယ် စာသင်သားလောကတွင် အထင်သေး အမြင်သေး မဖြစ်ရဲကြ။ ထိုပုဂ္ဂိုလ်တို့ဖြတ်သန်းခဲ့ရသည့် လမ်းစဉ်နှင့်လေ့လာပြွမ်းတီးခဲ့ရသည့် စာပေတို့ကြောင့် ဂုဏ်ဟိတ်ကြီးနေဆဲဖြစ်သည်။ ထိုပုဂ္ဂိုလ်မျိုးတို့သည် အစိုးရအဘိဓမ္မာစရိယစာမေးပွဲကို လွယ်လင့်တကူအောင်မြင်တတ်ကြ၏။ သဒ္ဒါရေးထင်လှမြင်လှသောကြောင့်ဟု ဆိုရပါမည်။

ပိဋကတ်သုံးပုံအလုံးစုံကို ထွင်းထွင်းဖောက်ဖောက် အောင်မြင်အောင်လေ့လာဘို့ဆိုလျှင် သဒ္ဒါသည် အဓိကအခန်းကဏ္ဍာတွင် ပါဝင်နေပါသည်။ ပိဋကတ်ထုထည်ကို ထွင်းဖောက်ရာတွင် သဒ္ဒါသည် "စိန်သွား" ဟု ဆိုရပါမည်။ ထို့ကြောင့် ပရိယတ္တိသာသနဟိတအသင်းကြီးက ကျင်းပသည့် စာမေးပွဲဖြေတော့မည်ဆိုလျှင် ကစ္စည်းသဒ္ဒါ၊ ကစ္စာယနသာရ၊ ဆောဒစိန္တာ၊ သဒ္ဒနီတိ အစရှိသော သဒ္ဒါနှင့်နီးနွယ်သည့်ကျမ်းအစုံစုံကို ဘရာအစုံစုံနည်းအဖုံဖုံတို့ဖြင့် လေ့လာကျက်မှတ်အားကောင်းပါမှ သဒ္ဒါဉာဏ်ရည် စံချိန်မှီပေမည်။ ပိဋကတ်စာပေသည် "ကျမ်းမှာပါ၌လျှောက်နက်ရောက်မျှသာ၊ လေ့လာပြွမ်းတီး။ အာသာပြီးလတ်၊ သိရုံမှတ်က၊ စာတတ်မမည်" ဆိုသည့်အတိုင်း ပါဠိအဋ္ဌကထာ ပါဌ်လျှောက်မျှသာ သိရုံမျှဖြင့် စာတတ်ပေတတ်မမည်ပေ။ အက္ခရာ၌ လိမ္မာသည့် ဝါကျကောသလ္လဉာဏ်၊ ပုဒ်၌လိမ္မာသည့် ပဒကောသလ္လဉာဏ်၊ စကားဝါကျ၌ လိမ္မာသည့် ဝါကျကောသလ္လဉာဏ်၊ အဆုံးအဖြတ်၌ လိမ္မာသည့် ဝိနိစ္ဆယကောသလ္လဉာဏ် ဟူသော အဆင့်လေးဆင့်ကို ပြိုင်ပြိုင်ဆိုင်ဆိုင် နိုင်နိုင်နင်းနင်း ရှိမှသာ သဒ္ဒါတတ် စာတတ် ပေတတ်မည်ဖြစ်ကြောင်း ဆရာအဆက်ဆက်တို့ ခွန်းဆင့်ခြွေ မိန့်မြွက်တော်မူကြပေသည်။

ထို့ပြင် "သဒ္ဒါမသင်၊ စာမမြင်ပဲ၊ သုံးအင်ပိဋကတ်၊ သင်တုံလတ်က၊ ပုဒ်ပါဌ်ထွေထွေ၊ ယုံမှားလေ၍၊ တောခြေဆင်ကန်း၊ တရမ်းရမ်းနှင့် လမ်းမှန်မသိ၊ တိုးလေ၏သို့" ဟူသည်နှင့်အညီ အက္ခရကောသလ္လဉာဏ် ရင့်သံပြည့်လျှံပါမှ ပိဋကတ်တော်လာ ပါဠိတော် အဋ္ဌကထာတို့ကို လေ့လာကြည့်ရှုရာ၌ မှန်ကန်သော အနက်အဓိပ္ပါယ်ကို မြင်စွမ်းသိစွမ်းနိုင်ပေမည်။ ထိုသို့ မဟုတ်ပဲ သဒ္ဒါမသင် စာမမြင်သည့် အန္ဓစက္ခုဖြင့် ပိဋကတ်တော်လာ ပါဠိတော် အဋ္ဌကထာတို့ကို အားကြိုးခန့်ကြ ကြည့်ရှုလေ့လာပါသော်လည်း ပုဒ်တိုင်း ပိုဒ်တိုင်း နားမလည်ပဲ ဆင်ကန်းတောတိုးသည့်နယ် လိုရာခရီးမရောက် မပေါက်နိုင်တော့ပေ။

ထို့ကြောင့် သဒ္ဒါကို အရေးထား တလေးတစား သင်ယူစေရန် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက "သဒ္ဒါတတ်မှ စာတတ်လှ၊ အတ္ထအမှန်သိ၊ အနက်မြင်သန်၊ အကျင့်မှန်၊ နိဗ္ဗာန် မလွဲဘိ" ဟူ၍ မိန့်ဆိုခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ပိဋကတ်သုံးဖြာ ဒေသနာတော်များသည် –

(၁) သာတ္ထ = အနက်နှင့်ပြည့်စုံခြင်း၊

(၂) သဗျဉ္ဇန = သဒ္ဒါနှင့်ပြည့်စုံခြင်း၊

(၃) ကေဝလပရိပုဏ္ဏ = ဖြည့်စွက် ပယ်ဖျက်ဖွယ်မရှိ အလုံးစုံ ပြည့်စုံခြင်း၊

(၄) ပရိသုဒ္ဓ = ကဲ့ရဲ့ဖွယ် အပြစ်မတင်၊ စင်ကြယ်ခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒေသနာတော်များဖြစ်ပါသည်။ ထိုသို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဗုဒ္ဓ၏ပိဋကတ်တော်လာ ပါဠိတော်တို့ကို သဒ္ဒါ မျက်ကန်းဉာဏ်စွမ်းချိနဲ့စွာ ဆည်းပူးသင်ယူမိခဲ့ပါက စစ်မှန် သော သဒ္ဓမ္မကို မတွေ့မြင် မသိရှိ နိုင်တော့ပေ။

ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင် သဒ္ဒါနှင့်ပတ်သက်၍ "ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ။ အယံ ဘိက္ခဝေ ပဌမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ" ဟူ၍ ပုဒ် ဗျည်း မမှန်ကန်ခြင်းများသည် သဒ္ဓမ္မကွယ်ကြောင်းတို့ဖြစ်ကြောင်း မိန့်တော်မူထားပေသည်။ ပါဠိတော် ပုဒ်တစ်ပုဒ် တွေ့မြင်မိသည်နှင့် မိမိတွေ့မြင်သော ပါဠိတော်၏ မှန်ကန်မှုရှိ မရှိကို သဒ္ဒါနည်း သဒ္ဒါဉာဏ်ဖြင့်သာ ကြုံဆမှ သိနိုင်လေသည်။ တိုင်းထွာချိန်ထိုး၍ ရနိုင်လေသည်။ သဒ္ဒါတည်းဟူသော စိန်သွားဖြင့် ပိဋကတ်တော်ထုထည်ကို ထွင်းဖောက်နေခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသာနာတော်ကြီး ရှည်ကြာလေးမြင့်စွာ တည်တံ့နိုင်ခြင်း၏ အကြောင်းများပင်ဖြစ်ပါသည်။

မျက်မှောက်ခေတ် လောကုတ္တရာပညာရေးလောကတွင် မန္တလေးပရိယတ္တိသာသနဟိတအသင်းထွက် "အဘိဝံသ" အရှင်မြတ်တို့သည် သဒ္ဒါစွမ်းအား ထူးခြားထက်မြက်လှသော နှလုံးသားပိုင်ရှင်များဖြစ်သည်။ သဒ္ဒါစိန်သွားဖြင့် ပိဋကတ်သုံးအင်ကို ပြဲပြဲစင် ထွင်းဖေါက်တော်မူနိုင်မည့် ပုဂ္ဂိုလ်များဖြစ်ပါသည်။ သဒ္ဒါဉာဏ်စွမ်းဖြင့် ပုဒ်၊ ပါဠိထွေထွေတွေ့လေသမျှများ၏ မှန်၏ ဆန်းစစ်ကြည့်နိုင်သည့် ရှုးရှထက်မြက် လင်းလက်သော မျက်ဝန်းပိုင်ရှင်များဖြစ်သည်ဟု ထပ်ဆင့်၍ ဆိုချင်ပါသည်။

တစ်ခါက စာရေးသူ ရေရှားပါးသောအရပ်ဒေသသို့ ရောက်စဉ် နိုင်ငံတော်စီမံကိန်းဖြင့် ဆည်မြောင်းဌာနမှ စက်ယန္တရားကြီးများနှင့် ရေတွင်းတူးဖေါ်နေပုံကို ဗဟုသုတအဖြစ် ကြည့်ရှုခဲ့ဘူးပါသည်။ အပေါ်ယံမြေလွှာအောက်တွင် ကျောက်ဖျာ ကျောက်လွှာများ ခံနေ၍ အင်ဂျင်နီယာနှင့် လုပ်သားများ အခက်တွေ့နေကြောင်း သိရှိရပါသည်။ အဆုံးတွင် "စိန်သွား" ဟုခေါ်သည့် အရာဝတ္ထုနှင့် တူးဖေါ်ထွင်းဖေါက်သဖြင့် အပေါ်ယံမြေလွှာအောက်ရှိ ကျောက်ဖျာ ကျောက်လွှာ ကျောက်ချပ်များ ပြိုကွဲ ကြေမွလျက် အေးမြကြည်လင်သောရေများ ထွက်ရှိလာပါသည်။ စာရေးသူသည် သဘောအကျကြီး ကျမိသဖြင့် အင်ဂျင်နီယာအား "စိန်သွား" နှင့်ပတ်သက်၍ သိလိုသော အကြောင်းအရာများကို မေးမြန်းရာတွင် "စိန်သွား" အစွမ်းထက်ပုံနှင့် မည်သည့် ကျောက်ဖျာ ကျောက်လွှာကိုမဆို သည်လိုစိန်သွားနှင့်တွေ့လျှင် ပြိုကွဲ ကြေမွနိုင်ကြောင်းစုံလင်စွာ ပြောပြပါသည်။ အင်ဂျင်နီယာတို့ အသုံးပြုသည့် ကျောက်ဖျာတွင် ဖေါက်သောစိန်သွားသည် ကျောက်ဖျာ ကျောက်လွှာတို့ကို ကွဲအက်ကြေမွစေ၍ လိုအပ်သော ရေကို ရရှိနိုင်ခဲ့ကြပေ၏။

ပရိယတ္တိသာသနဟိတအသင်းထွက် "အဘိဝံသ" နှလုံးသားပိုင်ရှင်တို့သည် ပိဋကတ်သုံးပုံ ကျောက်ဖျာ ကျောက်လွှာသုံးထပ်ကို သဒ္ဒါစိန်သွားဖြင့် ထွင်းဖေါက်လျက် ပိဋကတ်တော်၏ မြင့်မြတ်သော အဓိပ္ပါယ်ကို တွေ့ရှိနိုင်ကြပါသည်။ ရဟန်းဟူသည် အကျင့်ဖြင့် ဘဝကို တည်ဆောက်နေကြရသည့် ပုဂ္ဂိုလ်များဖြစ်၍ စရဏလမ်းစဉ် မှန်ကန်ရန် လွန်စွာအရေးကြီးလှပါသည်။ စရဏလမ်းစဉ် မှန်ကန်မှု၏ ရေသောက်မြစ်ဖြစ်သည့် ဘုရားဟော ပါဠိတော်၏မြင့်မြတ်သောအနက်အဓိပ္ပါယ်ကို သိရှိခြင်းတို့ဖြစ်နေပြန်၍ စရဏအမှန်တူးဖေါ်ရန်အတွက် မရှိမဖြစ် အဓိကအလိုအပ်ဆုံးသော လက်နက်မှာ "သဒ္ဒါစိန်သွား" ပင်ဖြစ်ကြောင်းရေးသားတင်ပြလိုက်ပါသတည်း။

ဤဆောင်းပါးဖြင့် စိန်နှလုံးသားပိုင်ရှင် "အဘိဝံသ" အရှင်မြတ်တို့အား နဖူးတိုက် ဦးခိုက် ပူဇော်ပါသည်။

အရှင်ပညာဝံသ (သာသနာ့တက္ကသိုလ်)



# ပရိယတ္တိသည်သာ ပဓာနဖြစ်သည်

## တောင်စလင်း ဦးတိက္ခ



ကျောင်းသို့ရောက်လာသူ လူထုဒေါ်အမာ

၁၃၅၈–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၃)ရက်ခန့်က ဖြစ်၏။ ဒါယိကာမကြီးလူထုဒေါ်အမာသည်၊ ဤအရှင်တို့၏ကျောင်းတိုက်သို့ ရောက်လာ၏။ အာလာပ သလ္လာပ ပြောဆိုကြပြီးနောက် "မန္တလေးမြို့ အရှေ့ပြင်ရှိကျောင်းတိုက်ကြီး တစ်ဆယ့်ရှစ်တိုက် ရာဇဝင်ကို သိလိုပါကြောင်း" လျှောက်ထား၏။ ဤအရှင်မှ "ပခုက္ကူအရှင်ကေလာသရေးသော မန္တလေး သာသနာဝင်နှင့် နိုင်ငံသမိုင်းသုတေသနစာစောင်များကို ရှာဖွေဖတ်ရှုရန်" ပြောပြရသည်။ ဒါယိကာမကြီးမှ "တပည့်တော်တို့ ပရိယတ္တိသာသနဟိတအသင်းကြီးသည် ၁၃၆၀–ပြည့်နှစ်တွင် အနှစ်တစ်ရာတင်းတင်းပြည့်ပါတော့မည်၊ တပည့်တော်တို့ စာပေအတွက် ဦးဆောင်၍ ရာပြည့်အကြိုစာစောင် ထုတ်ဝေကြပါမည်၊ အဆိုပါစာစောင်အတွက် ဆရာတော်မှ ပရိယတ္တိဆိုင်ရာ ဆောင်းပါးတစ်ပုဒ်ရေးသား ချီးမြှင့်ပေးပါမည့်အကြောင်း" တစ်ဆက်တည်း လျှောက်ထားလေသည်၊ ဤအရှင်မှ "ကြိုးစားပေးပါမည်"ဟု ဝန်ခံပြီးနောက် ဒါယိကာမကြီး ပြန်သွားလေသည်။

ဤအရှင်သည် "ဆောင်းပါးများမရေးဖြစ်ခဲ့သည်မှာ ကြာပေပြီ၊ မည်သို့သော အချက်အလက်များကို ရေးသားရရင်

ကောင်းပါမည်နည်း” ဟု စဉ်းစားဆင်ခြင်နေမိ၏။ ၁၃၅၆–ခုနှစ် ဝါဆိုလဆန်း (၅)ရက်ညတွင် ပရိယတ္တိအသင်း၏ပင့်လျှောက်မှုအရ ပရိယတ္တိသည်သာ ပဓာနမည်သော တရားဟောကြားခဲ့သည်ကို သတိရမိတော့၏။ အဆိုပါတရားမှာ အင်္ဂုတ္တရ အဋ္ဌကထာသုတ်ပါဠိတော် အဋ္ဌကထာ သာရတ္ထဋီကာ တို့၌ ပရိယတ္တိဆိုင်ရာ ဖွင့်ဆိုချက်တရားတော်ဖြစ်၏၊ “ယင်းတရားတော်ကို အကျဉ်းချုံးရေးသားရပါမှ ကောင်းမည်” ဟု ဆင်ခြင်ကာ ဆုံးဖြတ်မိတော့၏၊ သို့အတွက် တရားပွဲအားလပ်သည့် တစ်နေ့မှာ ဤဆောင်းပါးကို ရေးဖြစ်တော့သည်။

### သမုဒ္ဒရာတစ်ဘက်ကမ်း ကူးကြွလှမ်း

ယခင်က ဇမ္ဗူဒီပမည်သော သီဟိုဠ်ကျွန်းတွင် စဏ္ဍာလတိဿမည်သော မင်းအုပ်ချုပ်စဉ် ဒုဗ္ဘိက္ခန္တရဘေးကြီး ဆိုက်ရောက်တော့မည်ကို သိကြားမင်းသည် ကြိုတင်သိမြင်သဖြင့် သမုဒ္ဒရာဆိပ်ကမ်း၌ လှေဖေါင်ကြီးကို ဖန်ဆင်း၍ ကျောင်းတိုက်အသီးသီးသို့ နတ်တို့အားသွားရောက် လျှောက်ထားစေသည်။

“အရှင်တို့ ကြီးစွာသော ဒုဗ္ဘိက္ခဘေးကို ဆိုက်ရောက်ပါတော့မည်၊ မိုးသည်လည်း ကောင်းစွာရွာသွန်းတော့မည် မဟုတ်ပါ၊ သံဃာတော်တို့သည် ပစ္စည်းလေးပါးဖြင့် ပင်ပမ်းကြသောကြောင့် ပရိယတ္တိသာသနာတော်ကို တည်တံ့အောင် ထမ်းဆောင်နိုင်ကြတော့မည်မဟုတ်ပါ၊ သမုဒ္ဒရာဟိုမှာဘက်ကမ်းသို့ ကြွရောက်ကြ၍ အရှင်တို့၏အသက်ကို စောင့်ရှောက်ကြခြင်းငှာ သင့်၏၊ လှေဖေါင်ကြီးပေါ်သို့ တက်စီးတော်မူကြ၍ ကြွရောက်တော်မူကြပါ၊ လှေဖေါင်ကြီးပေါ်၌ ထိုင်နေစရာ နေရာ မရပါမူ သစ်တုံး ထင်းတုံး ဝါးလုံးတို့အပေါ်၌ ရင်ဘတ်ကို အပ်လျက် ကူးခတ်ကြွတော်မူကြပါ၊ ဤသို့ကြွတော်မူကြမှသာလျှင် သံဃာတော်များ ဒုဗ္ဘိက္ခန္တရကပ်ဆိုးကြီးမှ လွတ်မြောက်ကြပါ လိမ့်မည်” ယင်းသို့လျှောက်ထားချက်အရ သံဃာတော်တို့သည် သမုဒ္ဒရာဆိပ်ကမ်းသို့ ရောက်လာကြသည်၊ လှေဖေါင်ကြီးပေါ်သို့ သံဃာတော် ခုနစ်ရာရောက်ရှိကြ၏၊ အချို့ လှေများဖြင့် အချို့ထင်းတုံးများဖြင့် အချို့ဝါးများဖြင့် ကူးခတ်၍ ကြွတော်မူကြ၏။

### သာသနာ့အာဇာနည် ခြောက်ကျိပ်မထေရ်

ခြောက်ကျိပ်မျှသော သံဃာတော်တို့သည်လည်း သမုဒ္ဒရာဆိပ်ကမ်းသို့ ရောက်ရှိကြလျက် “ငါတို့အား ဤကျွန်းမှ အရပ်တစ်ပါးသို့ မသွားသင့်၊ ဤကျွန်းမှာပင် ချန်နေရစ်ကြလျက် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ်ကို ရွတ်ဖတ်ကာ စောင့်ရှောက်ကြကုန်တော့အံ့” တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ကြ၍ ဒက္ခိဏမလယ ဇနပုဒ်အရပ်သို့ ပြန်ကြွလျက် တောကျောင်းတစ်ခု၌ သီတင်းသုံးတော်မူကြလေသည်။

ထိုအချိန်မှစ၍ သီဟိုဠ်ကျွန်း၌ ဒုဗ္ဘိက္ခန္တရဘေးကြီး ဆိုက်ရောက်လေတော့၏၊ မိုးသည်လည်း လုံးဝမရွာတော့ချေ၊ သံဃာတော် ခြောက်ကျိပ်တို့ ဆွမ်းခံ၍ မရကြပေ၊ ကျွန်းသူ ကျွန်းသားများ ငတ်ပြတ်သည့်ဘေးနှင့်ဆိုက်ကာ သေဆုံးကြရတော့သည်၊ သံဃာတော်ခြောက်ကျိပ်တို့သည် ဆွမ်းခံ၍မရတော့သဖြင့် သစ်မြစ် သစ်ဉ သစ်ရွက်တို့ကို ဘုန်းပေးကြလျက် ပရိယတ္တိကို စောင့်ရှောက်တော်မူကြကုန်၏။ ခန္ဓာကိုယ်တောင့်တင်းခိုင်မာသေးသည့်အခါ ဝိုင်းဖွဲ့ကာထိုင်နေကြလျက် ပိဋကတ်ကို နှုတ်တက်အာဂုံ သရဇ္ဈာယ်ကြလေသည်။ ခွန်အားဗလမရှိ ချိနဲ့ကြသည့်အခါ သဲချောင်းသို့ဆင်းကြ၍ သဲများကိုစုပုံပြီးလျှင် အဆိုပါသဲပုံကို ဝိုင်းရံ၍ ခေါင်းအုံးပြုကြကာ ပရိယတ္တိကို မပျောက်ပျက်ရအောင် စိတ်ဖြင့် ဆင်ခြင်သုံးသပ်လျက် နေတော်မူကြ-သည်။ ဤသို့လျှင် သာသနာတော်ကို အသက်ပေး၍ ပရိယတ္တိကို ထမ်းဆောင်နေခဲ့ကြသည်မှာ တစ်ဆယ့်နှစ်နှစ်ကြာညောင်းခဲ့လေသည်။

### တစ်ဆယ့်နှစ်နှစ်ကြာမှ မိုးဖြိုင်ဖြိုင်ရွာသွန်းချ

တစ်ဆယ့်နှစ်နှစ်ကြာသောအခါ မိုးဖြိုင်ဖြိုင်ရွာသွန်းချလေတော့သည်။ ဒုဗ္ဘိက္ခန္တရငတ်မွတ်သည့်ဘေးကြီးမှ ငြိမ်းအေးလေတော့၏။ သမုဒ္ဒရာဟိုမှာဘက်ကမ်းသို့ ကြွရောက်ခဲ့ကြသည့် သံဃာတော်အားလုံးတို့သည်လည်း မိမိတို့ သီတင်းသုံးခဲ့ရာ အရပ်ဒေသများ၌ အဋ္ဌကထာနှင့်တကွ ပါဠိ ပိဋကတ်များကို အက္ခရာ တစ်လုံးဗျည်းတစ်လုံးမှ မချွတ်ယွင်းစေမူ၍ နှုတ်တက်အာဂုံ ဆောင်ခဲ့ကြလျက် ဇမ္ဗူဒီပခေါ်သီဟိုဠ်ကျွန်းသို့ (ယခု သီရိလင်္ကာ) ပြန်ကြွလာခဲ့ကြလေသည်။ ကလ္လဂါမဇနပုဒ်အရပ်ရှိ မဏ္ဍလာရာမကျောင်းတိုက်၌ စုရုံးသီတင်းသုံးတော်မူကြလေသည်။ ကျွန်းကြီးပေါ်၌ ချန်ရစ်ခဲ့ကြသည့် ခြောက်ကျိပ်သော သံဃာတို့သည်လည်း အားအင်ဗလများ တဖြည်းဖြည်း ပြည့်လာပြီးဖြစ်၍၊ “မထေရ်တို့ ပြန်ကြွလာကြပြီဖြစ်ကြောင်း သတင်းကြားရသဖြင့် မဏ္ဍလါရာမကျောင်းသို့ ဖူးမျှော်ကြရန် ကြွရောက်လာကြလေသည်။ မထေရ်ကြီးတို့နှင့် ဝမ်းမြောက်ဖွယ်စကားပြောကြားကြ၍ မထေရ်တို့နှုတ်ဝယ်ဆောင်ခဲ့ကြသည့် ပိဋကတ်နှင့်အရှင်မြတ်တို့ ပင်ပန်းစွာ နှုတ်ဝယ်ဆောင်ထားသည့် ပိဋကတ်တော်တို့ကို ညှိနှိုင်းတိုက်ဆိုင် သုတ်သင်ကြလေသည်၊ အက္ခရာတစ်လုံး ဗျည်းတစ်လုံးတလေမျှ မတူညီသည်ကို မတွေ့မမြင်ရသော ဟူ၏။ အားလုံးတစ်ထပ်တည်း

တူညီနေသည်ကို တွေ့ရပေသည်၊ ပရိယတ္တိသာသာသနာကို အသက်စွန့်၍ ထမ်းဆောင်တော်မူကြသည့် အရှင်မြတ်များပါတကား။

### ပရိယတ် ပမာနလော၊ ပဋိပတ် ပမာနလော

ထိုသို့ သံဃာတော်တို့ စုဝေးကြရာ၌ ပရိယတ္တိက မူလပမာနလော၊ ပဋိပတ္တိက မူလပထမလော ဟူသော အမေးပုစ္ဆာပြဿနာဖြစ်ခဲ့၏။ ပံသုကူစုတင်ဆောင် ပဋိပတ်ကျင့်နေကြသည့် အရှင်မြတ်တို့က "ပဋိပတ္တိသည်သာ မူလပမာနဖြစ်သည်" ဟု တင်ပြ ပြောဆိုကြ၏၊ ဓမ္မကထိက စာသင်စာချ ပရိယတ်ဝန်ဆောင်အရှင်မြတ်တို့က "ပရိယတ္တိသည်သာ မူလပမာနဖြစ်သည်" ဟု တင်ပြ ပြောဆိုကြပြန်၏။ ပရိယတ္တိပမာနအုပ်စုနှင့် ပဋိပတ္တိပမာနအုပ်စုတို့ ပဋိပက္ခနှစ်ခုဖြစ်ကြ၍ ငြင်းခုန်ကြလေတော့သည်။ မထေရ်ကြီးများက "ငါ့ရှင်တို့ နှစ်ပက္ခဖြစ်နေကြသည့် ငါ့ရှင်တို့၏ ငြင်းခုန်ပြောဆိုနေကာမျှနှင့် ပြဿနာ မပြေငြိမ်းနိုင်ပါ၊ ဘုရားဟောသည့် သုတ္တန်အကိုးသာဓကကို ရွတ်ဆိုပြကြပါ" ဟု မိန့်တော်မူကြသည်၊ ပဋိပတ်မထေရ်များ ရွတ်ဆိုလျှောက်ထားသည်။ ထိုသို့ဆိုရင် "ဝန်မလေးပါဘုရား"ဟု လျှောက်၏။

### ပဋိပတ်မထေရ်များ ရွတ်ဆိုလျှောက်ထား

ပဋိပတ္တိဝန်ဆောင်သံဃာတော်တို့က အောက်ပါအကိုးသာဓကပါဠိကို လျှောက်ထားကြလေသည်။

သုဘဒ္ဒ ဤသာသနာတော်၌ ရဟန်းသံဃာတော်တို့သည် ကောင်းစွာတရားကျင့်၍ နေကုန်ငြားအံ့ ဤလောကကြီးသည် ရဟန္တာတို့မှ မဆိတ်သုံးနိုင်ချေ။"

(ဒီ၊ ၂၊ ၁၂၅)

မိလိန္ဒမင်းကြီး မြတ်စွာဘုရားသာသနာသည် ပဋိပတ္တိသာမူလပမာနဖြစ်၏၊ ပဋိပတ္တိသာလျှင် အနှစ်သာရဖြစ်၏၊ ပဋိပတ္တိတည်တံ့သည်ရှိသော် သာသနာတည်တံ့၏။

(ခု၊ ၁၁၊ ၁၃၆)

ပဋိပတ္တိသာ ပမာနဖြစ်ကြောင်း အထက်ပါအတိုင်း တင်ပြလျှောက်ထားကြလေသည်။

### ပရိယတ္တိ ပမာနကိုးကား ရွတ်ဆိုပြ

ပရိယတ္တိဝန်ဆောင် သံဃာတော်တို့ကလည်း မိမိတို့ ပရိယတ္တိပမာနဖြစ်ကြောင်း နိုင်မာစေရန် အကိုးသာဓက ရွတ်ဆိုပြတော်မူကြ၏။

(က) "အကြင်အခါ၌ သုတ္တန်အဘိဓမ္မာ ပိဋကတ်တို့ တည်ရှိကုန်၏။ ဝိနည်း ပိဋကတ်သည်လည်း ထွန်းတောက်ပ၏။ ထိုအခါ နေထွက်သည့်အခါ အလင်းရောင်တောက်ပသကဲ့သို့ သာသနာအလင်းရောင်ကို မြင်တွေ့နိုင်ကုန်၏။"

(ခ) "သုတ္တန် အဘိဓမ္မာ ဝိနည်း ပိဋကတ်တို့ ကွယ်ပသည်ရှိသော် နေကွယ်ရာ၌ အမှောင်ဖုံးသကဲ့သို့ ဤလောကကြီး၌ အဝိဇ္ဇာ ဖုံးခြင်းဖြစ်ပေလိမ့်မည်။"

(ဂ) သုတ္တန် အဘိဓမ္မာ ဝိနည်း ပိဋကတ်များကို မပျောက်ပျက်အောင် စောင့်ရှောက်ခဲ့သည်ရှိသော် ပဋိပတ်ကို စောင့်ရှောက်ပြီးဖြစ်တော့၏။ ပဋိပတ်အကျင့်မြတ်၌တည်သော ပညာရှိသည် ယောဂကုန်ရာ နိဗ္ဗာန်ဟူသော ပဋိဝေဓမှ မဆုံးနိုင်ချေ။

(အံ့၊ ၁။ ၇၁။ သာဋီ၊ ၃။ ၉၁။ သာရသင်္ဂဟ၊ ၄၊ ၃၃။ အဘိ၄၊၂၊ ၄၁၂။ ဒီ၊ ၄၊ ၃၊ ၈၂။ မ၊ ၄၊ ၄၊ ၈၀။ သာ၊ ဋီ၊ ၃၊ ၄၄၁)

အထက်ပါအတိုင်း သာဓကသုတ္တန်ကို ထုတ်ပြသည့်အခါ ပဋိပတ်ဝန်ဆောင်သံဃာတော်တို့သည် ရှုံးနိမ့်ကြသဖြင့် နှုတ်ဆိတ်တော်မူကြလေ၏။

### ဤအရှင်ထုတ်ပြ ပါဠိတော်အကိုးသာဓက

ပရိယတ္တိဝန်ဆောင် အရှင်မြတ်တို့ရွတ်ဆိုတင်ပြရန်သင့်တော်သည်ဟု ယူဆရသည့် မဟာဝါ ပါဠိတော်၌လာသည့် ပရိယတ္တိပမာနနှင့်ပတ်သက်၍ တိကျခိုင်မာသည့် အောက်ပါအကိုးအကား သာဓကကို စာရေးသူ ဤအရှင်မှ ဖြည့်စွက်တင်ပြအပ်ပါပေသည်။

"အာနန္ဒာသာသနာသည် ဆရာသမားကွယ်လွန်ခဲ့ပြီ၊ ငါတို့အား ဆရာသမား မရှိတော့ပြီဟူ ဤသို့သော စိတ်အကြံဖြစ်ရာ၏၊ ဤသို့မယူဆအပ်ပေ၊ အာနန္ဒာ ငါတို့ဘုရားသည် အကြင်သုတ္တန်နှင့် အဘိဓမ္မာတရားကိုလည်း ဟောကြားအပ်ပြီ၊ ဝိနည်းတရားကိုလည်း ပညတ်တော်မူအပ်ပြီ၊ ထိုသုတ္တန် အဘိဓမ္မာ ဝိနည်းတရားတော်များသည် ငါဘုရားမရှိသည့်နောက်မှာ သင်တို့၏ ဆရာသမားဖြစ်ပေသည်" (သုတ်မဟာဝါပါဠိ ၁၂၆)

ပရိယတ္တိဝန်ဆောင် သံဃာတို့ကိုးကားရွတ်ဆိုကြသည့် အထက်ပါ (က)၊ (ခ)၊ (ဂ) ဂါထာများသည် အဋ္ဌကထာ ဋီကာဆရာများ၏ စကားရပ်မျှသာဖြစ်သည်ဟု ယူဆရပေသည်၊ ပါဠိတော်များ၌ အဆိုပါဂါထာများကို ရှာဖွေ၍မတွေ့ချေ။ အဆိုပါ ပရိယတ္တိဝန်ဆောင် သံဃာများကိုးကားသည့် မဟာဝါပါဠိတော်

(နှာ-၁၂၆) ၌လာရှိသည့် ဗုဒ္ဓ၏ ပရိနိဗ္ဗာန်ပြုခါနီး မိန့်ဆိုချက်သည် ပရိယတ္တိပဓာနဖြစ်ကြောင်း အထက်ပါ (က)၊ (ခ)၊ (ဂ) အဋ္ဌကထာ ဋီကာ စကားရပ်များထက် ခိုင်လုံလှပေသည်၊ သို့အတွက် ဤအရှင်မှဖြည့်စွက် တင်ပြရခြင်းဖြစ်ပါသည်။

### အဋ္ဌကထာဋီကာ မိန့်မြွက် ထပ်ဆင့် ထောက်ခံချက်

ပရိယတ္တိဝန်ဆောင် သံဃာတော်တို့၏ ယင်းအဆိုမှန်ကန်ကြောင်းကို အဋ္ဌကထာဋီကာဆရာများက အောက်ပါအတိုင်း ဆက်လက်ဖွင့်ဆိုကြလေသည်။

"မှန်၏ တစ်ရာမျှလောက်သော နွားအုပ်၏လည်းကောင်း။ တစ်ထောင်မျှလောက်သော နွားအုပ်၏လည်းကောင်း၊ အဆိုပါနွားတို့၏အတွင်း၌ အစဉ်အဆက်ကို စောင့်ရှောက်တတ်သည့် နွားမ မပါရှိခဲ့သော် နွားအုပ်တို့၏ အဆက်အနွယ်သည် ထာဝရမတည်နိုင်သကဲ့သို့ ဤအတူ ဝိပဿနာအလုပ်အားထုတ်ကြကုန်သော ရဟန်း သံဃာတော်တို့၏ အရာအထောင်ရှိသော်လည်း ပရိယတ္တိမပါရှိခဲ့သော် အရိယာမဂ်ကို ထိုးထွင်း၍ သိမြင်နိုင်ခြင်းမရှိချေ။ (အာရဒ္ဓ ဝိပဿကာနံ ဘိက္ခူနံ သတေပိ သဟဿေပိ ဝိဇ္ဇမာနေ (ပ) ပရိယတ္တိယာ အသတိ အရိယမဂ္ဂပဋိဝေဓောနာမနဟောသိ)

ဤစကားရပ်ဖြင့် ပရိယတ္တိသာ ပဓာနဖြစ်ကြောင်း သိသာလှပေသည်။ သို့သော်လည်း မြဲရာသံပတ်ဆိုဘိသို့ ခိုင်မာသည်ထက်ခိုင်မာအောင် အောက်ပါအတိုင်း ထပ်ဆင့်၍ ထောက်ခံတင်ပြတော်မူပြန်ပါသည်။

"ဥပမာ မြေ၌ မြှုပ်ထားသည့် ရွှေအိုးကြီးကို မှတ်သားမိစေရန် ကျောက်ဖျာအပြင်၌ အက္ခရာစာလုံးများ ထွင်းထုထားရာ၏၊ အက္ခရာစာလုံးများသည် မပျက်ပဲ ထင်ရှားရှိနေသမျှ ရွှေအိုးကြီး ပျောက်ဆုံးသည် မမည်ချေ။ ထို့အတူ ပရိယတ္တိစာပေသင်ကြားပို့ချမှု ထွန်းကားနေသမျှကာလပတ်လုံး သာသနာကွယ်ပျောက်ခြင်းမည်သည် မဖြစ်နိုင်ပေ။ (ပရိယတ္တိယာဓရမာနာယ သာသနံ အန္တရဟိတံ နဟောတိ)

မန္တလေးတောင်ခြေရှိ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုကုသိုလ်တော်ဘုရား ပရိဝုဏ်အတွင်းရှိ ပါဠိ ပိဋကတ်ကျောက်စာများနှင့် ရသေ့ကြီး ဦးခန္တီ၏ စန္ဒာမုနိဘုရား ပရိဝုဏ်အတွင်းမှ အဋ္ဌကထာကျောက်စာများသည် အထက်ပါ အင်္ဂုတ္တရအဋ္ဌကထာနှင့် သာရတ္ထဋီကာတို့၏ ဖွင့်ဆိုချက်များနှင့် အညီ ထွင်းထု ပူဇော်ထားခြင်းဖြစ်သည်ဟု ယူဆရပေသည်။

### အဋ္ဌကထာ ပါဠေယျ ခိုင်လုံစွာ ဖွင့်၍ပြ

ထို့ပြင် ပါဠေယျအဋ္ဌကထာ ဆရာကလည်း ပရိယတ္တိသာလျှင် ပဓာနဖြစ်ကြောင်း အောက်ပါဖွင့်ဆိုချက်ဖြင့် ကျစ်လျစ်ခိုင်မာစေတော်မူပေသည်။

"တစ်ခါတစ်ရံ၌ မဂ် ဖိုလ်ကို ထိုးထွင်းသိကြသည့် အရိယာပုဂ္ဂိုလ်တွေ အလွန်များပြားခဲ့ကြကုန်၏။ ဤပုဂ္ဂိုလ်သည် ပုထုဇဉ်တည်းဟု လက်ညှိုးထိုးပြရလောက်အောင် ဖြစ်ခဲ့ဘူး၏။ ဤဇမ္ဗူဒိပ်ကျွန်း၌ တစ်ကြိမ်က ပုထုဇဉ်ရဟန်းမည်သည် မရှိခဲ့ဘူးချေ။ ပဋိပတ်ဖြင့်ကျင့်သူတို့သည် ရံခါများပြား၍ ရံခါနည်းပါးကြကုန်၏။ ပရိပတ္တိနှင့် ပရိဝေဓတို့သည် ထင်ရှားသည့်အခါလည်း ရှိ၏။ မထင်ရှားသည့်အခါလည်း ရှိ၏။ သာသနာတော်၏ တည်တံ့ခြင်းသည် ပရိယတ္တိသာလျှင် ပမာဏ ပဓာနဖြစ်ပေ၏။ (သာသနဋ္ဌိတိယာပန ပရိယတ္တိယာ ပမာဏ) (ပါဠေယျအဋ္ဌကထာ၊ နှာ-၈၁)

### ပရိယတ္တိအသင်းတော် ငါးထောင်ကျော် ဆောင်ရွက်နိုင်စေသော်

ယင်းသို့ ပါဠိ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်အရ ပရိယတ္တိသာသနာသည်သာလျှင် မူလ ဘူတ ပမာဏ ပဓာနဖြစ်လေသည်၊ သာသနာသုံးရပ်တွင် ပရိယတ္တိသာလျှင် မူလပဓာနဖြစ်ခဲ့လေသောကြောင့် ၁၂၆၀-ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်ခဲ့ကြ၍ သာသနာတော်ကို ချီးမြှောက်ခဲ့ကြသည်မှာ ၁၃၆၀-ပြည့်နှစ်တွင် နှစ် (၁၀၀) တင်းတင်းပြည့်ပြီဖြစ်၍ ရာပြည့်ပူဇော်ပွဲ ကျင်းပပူဇော်ကြခြင်းဖြစ်ပေသည်၊ ပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာတော်ခေတ် (၅၀၀၀) ကျော်သည့်တိုင်အောင် ပရိယတ္တိလုပ်ငန်းကြီးကို ဆရာ ဒကာ ညီညွတ်စွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ပတ္ထနာပြုအပ်ပေသည်။

တောင်စလင်း ဦးတိက္ခ
မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ
ထေရဝါဒ ဝံသာလင်္ကာရ ဗုဒ္ဓရဋ္ဌ သာသနဓဇ (သီရိလင်္ကာ)



# မဟာဂုဏ်ကမ္ဘာတွန်ပါဘုရား

စိုးနိုင်မန်းတက္ကသိုလ်

မွန်မြတ်ကြီးကျယ်သန့်စင်တဲ့ ဂုဏ်သိက္ခာတွေနဲ့ ကမ္ဘာကျော်ဖို့ဆိုတာ ဒုလ္လဘတစ်ပါးလို့ပြောနိုင်ကောင်းပါတယ်။ ဒီကိစ္စဟာ ဒီလောကီဖက်မှာ မလွယ်ကူသလို လောကုတ္တရာဖက်မှာဆို ပိုပြီး ခက်ခဲတဲ့အရာပါ။ သဗ္ဗညုဘုရားတစ်ဆူ လူ့ပြည်လူ့လောကမှာ တစ်ခါပွင့်ထွန်းပေါ်ပေါက်ဖို့ လိုအပ်တဲ့အနည်းဆုံးကာလဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဖြစ်တာမို့ လောကုတ္တရာ ရတနာသည်သာ ရတနာအစစ်ဆိုတာ သဘောပေါက်လျှင် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ရဲ့ သတ္တိကို ထောက်ဆနားလည်နိုင်လောက်စရာ ရှိပါတယ်။ ဒီလိုဆိုလျှင်လည်း ပရိတ်ကြီး (၁၁) သုတ်ထဲက "ရတနသုတ်တော်" ရဲ့ အာနုဘော်ဟာ အစိန္တေယျ၊ အပ္ပမေယျ၊ အနန္တဂုဏ်ဒြပ်နဲ့ ပြည့်စုံလှပုံကို မမိုတ်မသုန် ကြည်ညိုသက်ဝင်နိုင်စွမ်း ရှိကြမှာပါ။

"ရတနာ့သုတ်တော်" ကို ကြည်ညိုကြည့်တဲ့အခါ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ စတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးရဲ့ မွန်မြတ်ကြီးကျယ် သန့်စင်လှပုံဟာ ဧကန်စင်စစ်ဖြစ်ကြောင်း "သစ္စာ" ပြု သက်သေထူထားတာကို ထင်ထင်ရှားရှား ပြတ်ပြတ်သားသား ငြင်းချက်ထုတ်စရာ၊ စောဒကတက်စရာ မရှိ၊ ပရမတ္ထသစ္စာအနေနဲ့ အခိုင်အမာ တွေ့ကြရပါတယ်။ ဒီအထဲမှာ ဗုဒ္ဓရတနာနဲ့ ပတ်သက်ပြီး (၃) ပိုဒ်၊ ဓမ္မရတနာနဲ့ ပတ်သက်ပြီး (၂) ပိုဒ်၊ သံဃရတနာနဲ့ ပတ်သက်ပြီး (၇) ပိုဒ် တွေ့ကြရမှာဖြစ်လို့ သံဃာရတနာကို အများဆုံးထည့်သွင်း ဟောကြားတော်မူပြီး သစ္စာပြုတာကို သတိပြုမိကြပါလိမ့်မည်။

သံဃာလို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် စိတ်ထဲမှာ ပေါ်လာတာက တရားစစ်သူကြီး ဖြစ်တော်မူတဲ့ အရှင်မဟာသာရိပုတ္တရာနဲ့ ဘဏ္ဍာစိုးဖြစ်တော်မူတဲ့ အရှင်အာနန္ဒာ၊ တတိယ မဟာသာဝကကြီးဖြစ်တော်မူတဲ့ အရှင်မဟာကဿပ ဒီကမ္ဘာမှာ ဒီသာသနာမှာ သံဃာရတနာရဲ့ အဦးအစဖြစ်တော်မူတဲ့ အရှင်ကောဏ္ဍညနဲ့ ပဉ္စဝဂ္ဂီ (၅)ပါးစတဲ့ ရဟန္တာ မထေရ်ကြီးများဖြစ်ကြပါတယ်။ ဒီအထဲမှာ အရှင်အာနန္ဒာမထေရ်မြတ်ကြီးဟာ ဘုရားတစ်ဆူရဲ့ မျက်မှောက်တော်မှာ ရနိုင်ခဲလှတဲ့ ဧတဒဂ်ဘွဲ့ထူးခံ ရဟန္တာအရှင်မြတ်တွေထဲမှာ ထူးထူးချွန်ချွန် ဧတဒဂ်ဘွဲ့ထူးကြီး (၅)မျိုးကို ပိုင်ပိုင်ကြီး ရရှိထားတော်မူပြန်ပါတယ်။ ဧတဒဂ်ဘွဲ့ဆိုတာ (၁)မျိုးရဘို့ကို လွယ်တဲ့ကိစ္စမဟုတ်တဲ့အတွက် (၅)မျိုးရဘို့ဆိုတာကတော့ ဒုလ္လဘများရဲ့ ဒုလ္လဘလို့ ဆိုရတော့မှာပါ။

အရှင်အာနန္ဒာမထေရ်မြတ်ကြီးဟာ–

(၁) အကြားအမြင်များခြင်း (ဗဟုသုတ)

(၂) သတိရှိခြင်း (အဓိမတ္တသတိ)

(၃) အသိပညာရှိခြင်း (အဓိမတ္တ ဂတိမာ)

(၄) လုံ့လ ဝီရိယရှိခြင်း (အဓိမတ္တ ဓိတိမာ)

(၅) ဘုရားရှင်ကို ပြုစုလုပ်ကျွေးခြင်း (ဥပဋ္ဌာက) စတဲ့ အရာတွေမှာ အသာဆုံး အမြတ်ဆုံး (ဧတဒဂ်)ဘွဲ့ထူး (၅)မျိုး ရရှိထားတော်မူပါတယ်။

အရှင်အာနန္ဒာမထေရ်ကြီးနဲ့ အလားသဏ္ဍာန်တူတော်မူတဲ့ သမုတိနွယ်လာ ရဟန်းသံဃာတော်မြတ်တစ်ပါးဟာ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီး နှစ်ပေါင်း ၂၄၉၇ ခုနှစ်ကြာကာလမှာ ကျွန်တော်တို့မြန်မာနိုင်ငံတော်မှာ ပေါ်ပေါက်ဖူးပွင့်ခဲ့ဘူးပါတယ်။ ဒီမဟာထေရ်မြတ်ကြီးဟာ သာသနာတော်သက္ကရာဇ် ၂၄၅၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့မှာ မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာသူကြီး ဦးဆုံနဲ့ ဇနီး ဒေါ်ခင်တို့က မွေးဖွားသန့်စင်တော်မူခဲ့ပါတယ်။ အားလုံးသိရှိကြည်ညိုပြီးဖြစ်တဲ့ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး (ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ) ပါပဲ။

အရှင်အာနန္ဒာနဲ့ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ကွာခြားချက်က အရိယာသံဃာနဲ့ သမုတိသံဃာဆိုတဲ့ အချက်ဖြစ်ပြီး တူညီတဲ့အချက်ဟာ ဓမ္မဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုး ဖြစ်တော်မူကြပုံပါ။

ဆရာတော်ဘုရားကြီးဟာ သာသနာတော်နှစ် ၂၅၀၀ အကြိုကာလမှာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ထားတဲ့ သာသနာ့အာဇာနည် ဖြစ်ပါတယ်။ ဘုရားပရိနိဗ္ဗာန်ပြုအပြီး နှစ်ပေါင်းထောင်ချီနေပြီဖြစ်တဲ့ ခရီးရှည်ကြီးမှာ သမုတိသံဃာ အနေနဲ့ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်တယ်ဆိုတဲ့ ဂုဏ်ရည်ဉာဏ်သွေးဟာ ဖြစ်နိုင်ခဲတဲ့အရာပါ။ အရိယာသံဃာ ဖြစ် ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်တယ်ဆိုရင် ဂုဏ်နဲ့ဒြပ် အဟတ် မကွာလှလို့ အံ့သြချင်မှ အံ့သြကြမှာဖြစ်ပေမယ်၊ သမုတိသံဃာက ဒီလိုစွမ်းဆောင်နိုင်တယ်ဆိုလိုက်တော့ တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်ဆိုသလို ဒီအခြေအနေကို သိမိလိုက်သူတွေ ရင်သပ်ရှုမော အံ့သြလောက်အောင် တုန်လှုပ်ဝမ်းမြောက်ပြီး ကြည်ညိုလို့မဆုံး ဖြစ်ခဲ့ကြရတာပါ။

ဆရာတော်ဘုရားကြီးကို ကျွန်တော်ကောင်းကောင်း သိမိလိုက်တာမို့ စာပေတစ်ဆင့် ကြည်ညိုရပုံမျိုးမဟုတ်ပဲ၊ မျက်ဝါးထင်ထင် နီးနီးကပ်ကပ်ကြည်ညိုပူဇော်ကန်တော့ခွင့်၊ လှူဒါန်းခွင့်၊ တရားနာခွင့်၊ သီလဆောက်တည်ခွင့်တွေ အခါအားလျော်စွာ ရရှိခဲ့လို့၊ ငါရတဲ့လူ့ဘဝဟာ သာသနာ့ဘုန်းကံ အရှိန်ညီးညီး တောက်ပရှင်သန်နေချိန်နဲ့ တိုက်ဆိုင်ကြုံတွေ့နိုက်၊ အလိုက်သင့် ဖြစ်ရပုံကို တွေးမိတိုင်း ရဲရင့်တဲ့ပီတိမျိုး ဖြစ်ပေါ်ခဲ့ရဘူးပါတယ်။

လူ့ဘဝဆိုတာ ဘေးရန်ပေါလှတဲ့ လောကထဲမှာ လူးလွန့်လှုပ်ရှားရတာမို့ ကြောက်ရွံ့မှုဆိုတာ ရှိတတ်ကြမြဲပါ။ ဒီအထဲက နေပြီး ကိုယ့်စိတ်ဓာတ်ကို ကိုယ်အားပေး မြှင့်တင်ပေးနိုင်တဲ့ အနေအထားတွေထဲမှာ "ဓမ္မ" လောက် ဘယ်ဟာကမှ အားကိုးလောက်တာ မဟုတ်ပါဘူး။ "ဓမ္မ" ကို ဆောင်ထားတဲ့ "ဓမ္မ ဘဏ္ဍာဂါရိက" ကို ဖူးတွေ့ရတယ်ဆိုတော့ အနုတ်လက္ခဏာတွေဟာ အပေါင်းလက္ခဏာဖြစ်ဖြစ်လာပြီး လောကကို ရင်ဆိုင်ရဲတဲ့သတ္တိက ဘတ္တရီအားသွင်းသလို ပြည့်ပြည့်လာတဲ့အခါ သံသရာကိုပါ ဆက်လျှောက်ရဦးမယ်ဆိုစေတော့ သင့်တင့်လျောက်ပတ်တဲ့ ရိက္ခာထုပ်နဲ့မို့ သိပ်ပူနေစရာတော့

မလိုလှဘူးပေါ့။

ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတော်တွေဟာ အကျဉ်းရုံးကြစို့ဆိုရင်လည်း သာသနာ့အာဇာနည် ပိဋကတ်သုံးပုံဆောင် မဟာထေရ်ဆိုရင်ပြီးပါတယ်။ အကျယ်ကို ကြည်ညို ကြည့်ကြစို့ဆိုရင်တော့ ဆုံးမှာ မဟုတ်ပါဘူး။ ဒီလို မပြီးနိုင်၊ မစီးနိုင်၊ မကုန်နိုင်၊ မခမ်းနိုင်တဲ့ ဂုဏ်ပုဒ်တွေထဲမှာ ဘယ်လိုမှ ချန်ခဲ့လို့ မဖြစ်တဲ့ အရာကတော့ "ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (ဝင့်သကာ) ဆိုတဲ့ ဂုဏ်ထူးဝိသေသပါ။

ဒီ "ဝင့်သကာ" ဆိုတဲ့ စာလုံးကို ကျွန်တော်တို့တတ္တသိုလ်ရောက်စနစ်မှာပဲ စပြီးတွေ့ခဲ့ဘူးပါတယ်။ "တြိလောက ဝင့်သကာဒေဝီ" ဆိုတာပေါ့။ စာကြောင်းအပြည့်အစုံဆိုရင်တော့ "ထိုမင်း၏ မိဖုရားတစ်ယောက်ကား တြိလောက ဝင့်သကာဒေဝီ မည်၏" လို့ ဆိုရမှာပါ။ ပုဂံပြည်ကြီးရဲ့ ရှင်ဘုရင်ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးရဲ့ မိဖုရား၊ ရာဇကုမာရဲ့မယ်တော် ရရှိခဲ့တဲ့ ဘွဲ့မည် ဘွဲ့ရည်ဖြစ်ပါတယ်။ မြန်မာလိုဆိုရင် "သုံးလောကဦးဆောက်ပန်း" လို့ အဓိပ္ပါယ်ရပါတယ်။ ဒီစာလုံးပါတဲ့ ရာဇကုမာရ်ကျောက်စာဟာ မြန်မာသက္ကရာဇ် ၄၇၅ ခုနှစ်လောက်မှာ ရေးထိုးတယ်လို့ သမိုင်းပညာရှင်များက ယူဆကြတာမို့ ဆရာတော်ဘုရားကြီး ဒီဘွဲ့ရတဲ့ သက္ကရာဇ် ၁၂၉၆ ခုနှစ်အထိ တွက်ချက်လိုက်ရင် နှစ်ပေါင်း (၈၂၁) အကြာမှာ ဒီ "ဝင့်သကာ" ဆိုတဲ့ စာလုံးကို နောက်တစ်ကြိမ် ထပ်ပြီးတွေ့ကြရတဲ့သဘောပါပဲ။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဒီကြားထဲမှာ ဒီစာလုံးမျိုး သုံးနှုန်းခဲ့တာ ရှိကောင်း ရှိနိုင်ပေမယ့် လူသိရှင်ကြား ထင်ထင်ရှားရှားအနေနဲ့ကတော့ မိဖုရားကြီး သမ္မုလနဲ့ မင်းကွန်းဆရာတော်ဘုရားကြီး (၂) ဦးသာဖြစ်ပြီး၊ တစ်ဦးက အမျိုးသမီး လောကီအဆောင်အယောင်၊ နောက်တစ်ဦးက ဘုရားသားတော် ရဟန်း လောကုတ္တရာအဆောင်အယောင် အဖြစ်နဲ့မို့ ဂုဏ်အနေနဲ့ အသုံးအနှုန်းတူပေမယ့် အရည်အချင်း အနေနဲ့ မိုးနဲ့မြေ ခြားနားပါတယ်။

"ဝင့်သကာ" လို့ဆိုလိုက်တာနဲ့ မန္တလေးက သကျသီဟအသင်းကြီးလို့ အရပ်ခေါ် ခေါ်ကြတဲ့ "ပရိယတ္တိအသင်းကြီး အကြောင်း နည်းနည်းပြောမှ ကောင်းပါလိမ့်မယ်။ ဒီအသင်းကြီးဟာ မန္တလေးမြို့၊ မလွန်ရပ် (ရတနာဘုမ္မိ အံနောက်) အကွက်အမှတ် (၅၅၀)၊ ၈၅လမ်းနဲ့ ၃၅လမ်းထောင့်မှာ တည်ရှိပြီး၊ ဧရိယာ အကျယ်အဝန်း (၂.၃၁)ကေရှိပါတယ်။ ဒီအသင်းကြီးဟာ ပါတော်မူပြီး (၁၃) နှစ်အကြာ မြန်မာသက္ကရာဇ် ၁၂၆၀–ပြည့်နှစ်၊ ခရစ်နှစ် ၁၈၉၈ ခုနှစ်မှာ စတင်ပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။ သူ့ကျွန်ခေတ်မှာ သာသနာတော် ညှိုးမှိန်လာလို့ မျိုးချစ်စိတ်၊ သာသနာစိတ်ရှိကြတဲ့ မြန်မာဗုဒ္ဓဘာသာတွေက ကိုယ့်ဒူးကိုယ်ချွန်ပြီး သာသနာတော် စည်ပင်ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့ကြတာ ဖြစ်တယ်လို့ ခပ်ကျဉ်းကျဉ်း ဖေါ်ပြလိုပါတယ်။



မြန်မာနိုင်ငံ သာသနာမှာ ပါတော်မူနောက်ပိုင်း ပရိယတ္တိသာသနာဆိုင်ရာ စာမေးပွဲတွေထဲမှာ စာဖြေသံဃာတွေ အကြောက်ဆုံးစာမေးပွဲကို ပြောပါဆိုရင် ဒီသကျသီဟစာမေးပွဲပဲလို့ ချွင်းချက်မရှိ ဖြေဆိုရပါလိမ့်မယ်။ စာပေ ပရိယတ္တိနဲ့ ပတ်သက်လာလျှင် အစိုးရဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယနဲ့ သကျသီဟ ဓမ္မာစရိယ ဆိုပြီး အသီးသီး ရှိကြပါတယ်။ ဒီအထဲမှာ ဒီပရိယတ္တိသာသနဟိတအသင်းကြီးက ကြီးမှူးကျင်းပတဲ့ "သီးခြားစာချတန်း" စာမေးပွဲဟာ အဋ္ဌကထာကြီး သုံးကျမ်းကို ရေးဖြေ ဖြေဆိုတော်မူရတဲ့ အခက်ဆုံးစာမေးပွဲကြီးပါဘဲ။ အဋ္ဌကထာကြီး (၃) ကျမ်းဆိုတာ ပါရာဇိကဏ်အဋ္ဌကထာ၊ သီလက္ခန်အဋ္ဌကထာနဲ့ အဋ္ဌသာလိနီ အဋ္ဌကထာတို့ ဖြစ်ကြပါတယ်။ ဒီစာမေးပွဲကို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ အောင်မြင်လျှင် "သာသနာတော်၏ ထူးကဲသော အဆက်အနွယ်" ဟု အဓိပ္ပါယ်ရတဲ့ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (အဘိဝံသ) ဆိုတဲ့ ဘွဲ့တံဆိပ် ဆက်ကပ်ပူဇော်ခြင်း ခံရပါတယ်။

ဒါကြောင့် ဒီစာမေးပွဲဖြေဆို အောင်မြင်တော်မူကြတဲ့ သံဃာတော် အရှင်မြတ်တွေရဲ့ ဘွဲ့(အမည်) ရဲ့နောက် (ဘိဝံသ) ဆိုပြီး တွေ့ကြရမှာ ဖြစ်ပါတယ်။

ဥပမာ–"အရှင်ဝိစိတ္တသာရ" ဆိုပါတော့

ဒီဆရာတော်ဟာ စာမေးပွဲကြီးကို အောင်မြင်ပြီ ဆိုပါတော့။

ဆရာတော်ရဲ့ ဘွဲ့(အမည်)ဟာ "အရှင်ဝိစိတ္တသာရ"က နေ အရှင်ဝိစိတ္တသာရာဘိဝံသ" ဖြစ်သွားပါတယ်။

တစ်ခါ အဋ္ဌကထာကြီး (၃) ကျမ်းကို နှစ်မခြားပဲ တစ်နှစ်တည်းနဲ့ အောင်မြင်ပြီဆိုရင်တော့ သာသနာ့အာဇာနည်ဖြစ်တော်မူတဲ့ (အဘိဝံသ) အဖြစ်ကနေ အမြင့်ဆုံး ဂုဏ်ထူးဝိသေသ သရဖူဆောင်ပြီး "အရှင်ဝိစိတ္တသာရာဘိဝံသ၊ ပရိယတ္တိသာသန ဟိတ ဓမ္မာစရိယ (ဝင့်သကာ)" ဆိုတဲ့ ဘွဲ့ထူးနဲ့ သာသနာ့အာဇာနည်များရဲ့ (ဦးဆောက်ပန်း)အဖြစ် သာသနာတော်ရဲ့ ကျက်သရေကို ဂုဏ်ထူးနဲ့တကွ ဆောင်တော်မူတဲ့ သံဃာတော် အရှင်မြတ်အဖြစ် ဖူးတွေ့ကြရတော့တာပါပဲ။

ဒီ "ဝင့်သကာ" ဘွဲ့ဟာ မင်းကွန်းဆရာတော်ဘုရားကြီးကို အကြောင်းပြုပြီး ပေါ်ပေါက်ခဲ့ရတာပါ။ ရှေးကမရှိခဲ့ဘူးပါ။ နှစ်ခြားပြီးပဲ အောင်မြင်တာဖြစ်လို့ "ဝင့်သကာ"ဘွဲ့ ဆက်ကပ်နိုင်ခြင်းမရှိပဲ ဆရာတော်ကြီးဖြေဆိုတော်မူမှသာ တစ်နှစ်တည်းနဲ့ အောင်မြင်တော်မူခဲ့လို့ ထေရဝါဒမြန်မာ့သာသနာနယ်ပယ်မှာ "ဝင့်သကာ"ဘွဲ့ထူးရဲ့ အဦးအစ သံဃာတော်မြတ်ကြီး ဖြစ်တော်မူပါတယ်။ ဒီဘွဲ့ထူး ဆွတ်ခူးတော်မူချိန်က ဆရာတော်ဘုရားကြီးရဲ့သက်တော်ဟာ (၂၃) နှစ်သာ ရှိတော်မူပါသေးတယ်။ ယခုအချိန်ထိ ဒီပရိယတ္တိသာသနဟိတအသင်းကြီးရဲ့ သက်တမ်းအနှစ် (၁၀၀) မှာ ဆရာတော်ကြီးအပါအဝင် ဒီ "ဝင့်သကာ" ကို ဆွတ်ခူးနိုင်သူဟာ (၉) ပါးပဲ ရှိပါသေးတယ်။ ဒီ (၉)ပါးထဲမှာလည်း အသက်(၂၃)နှစ်နဲ့ ဒီဘွဲ့ရတယ်ဆိုတာ ဆရာတော်ဘုရားကြီး (၁)ပါးသာလျှင် ရှိတော်မူသေးတာမို့ သက်တော်အားဖြင့်လည်း စံချိန်တင်ထားဆဲဖြစ်ပါတယ်။

ဒါပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ ကမ္ဘာကျော် စွမ်းရည်တော်က ဆဋ္ဌသင်္ဂါယနာရဲ့ အဖြေဆရာတော် "ဆဋ္ဌသင်္ဂါယနာ ဓမ္မဝိသဇ္ဇက" ဆိုတာကို ဆက်ပြီး ကြည်ညိုကြည့်ကြရအောင်။ ဆရာတော်ဘုရားကြီးရဲ့ ပါရမီတော်ထူးကဲမြင့်မြတ်လှပုံဟာ ဒီနေရာမှာ ပေါ်လာပါပြီ။ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်တယ်ဆိုတာ ပိဋကတ်သုံးပုံကို အရင်ဆုံးကျက်မှတ်ရပါတယ်။ ဒီလိုကျက်မှတ်တယ်ဆိုတာ ပိဋကတ်သုံးပုံကို ပထမအကြိမ် ဆောင်တော်မူတာပါ။ ပြီးရင် နှုတ်ဖြေ ရေးဖြေ ဖြေတော်မူရတယ်ဆိုတော့ ဒါဟာ ဒုတိယအကြိမ် ဆောင်တော်မူတာပါပဲ။ မည်သည့် သံဃာတော်ဖြစ်စေ ပိဋကတ်နဲ့ပတ်သက်လျှင် ဒီ (၂)ကြိမ်ပဲ ဆောင်ဖို့အခွင့်အရေးရှိပါတယ်။ ကျက်မှတ်တယ်။ ဖြေဆိုမယ် ပေါ့။ ဆရာတော်ဘုရားကြီးကျမှ အခွင့်ထူးကြီးနဲ့ ကြုံရပလေတယ်။ ဒါက သံဂါယနာတင်ပွဲနဲ့ ဆုံဆည်းခွင့်ရတဲ့ မဟာ့ မဟာ ကုသိုလ်ထူးကြီးပဲပေါ့။ ကြုံလိုက်ရတဲ့ သာသနာ့အောင်ပွဲကြီးကလည်း သံဂါယနာ (၆)တန်မှာ ပိဋကတ်တော်ကို ပေစာကျောက်စာကနေ၊ စာအုပ်ပေါ်မှာ မှတ်တမ်းတင်မယ့် "ဆဋ္ဌသံဂါယနာ" ပွဲကြီးပါ။ ဒီပွဲကြီးမှာ ဆရာတော်ဘုရားကြီးက ပိဋကတ်သုံးပုံကို ပြန်နွှေးခွင့် (Revision) ရခဲ့တာကတော့ ကမ္ဘာ့စံချိန်စံညွှန်း စာအုပ်ကြီးထဲမှာကို မှတ်တမ်းတင်ယူခဲ့ရတာပါပဲ။ မဟာစည်ဆရာတော်ဘုရားကြီး မေးလေသမျှကို အာဂုံ (အလွတ်) ဖြေဆိုတော်မူခဲ့တာပါ။ စာအုပ်ကြည့်ပြီး ဖြေနေသလိုမို့ ကမ္ဘာနဲ့ အဝှမ်း ဟာကနဲ အံ့အားသင့်ကြရပြီး ရင်သပ်ရှုမောပူဇော်ခဲ့ကြရတာပါ။

အားမနာတမ်းပြောရလျှင် "ဆဋ္ဌသံဂါယနာ" ကို ကျွန်တော်တို့နိုင်ငံမှာ ကျင်းပခွင့်ရခဲ့တယ်ဆိုတာ ဆရာတော်ဘုရားကြီးရဲ့ စွမ်းရည်ကြောင့်ပါ။ နို့မို့ဆို ဒီအခွင့်အရေးကို တစ်ခြားနိုင်ငံတစ်ခုခုက ရသွားနိုင်စရာ ရှိပါတယ်။ သူတို့ဆီမှာက ပိဋကတ် (၃)ပုံကို နှုတ်ငုံဆောင်နိုင်တဲ့ သံဃာတော် မရှိဘူးပေ။

ဒီတော့ ကွင်းဆက်ကလေးနဲ့ စဉ်းစားကြည့်လိုက်တော့ ဆရာတော်ဘုရားကြီး ပိဋကတ် (၃)ပုံ အာဂုံဆောင်နိုင်တယ်ဆိုတာ ဘာ့ကြောင့်လဲ။ မန္တလေးက ပရိယတ္တိသာသနဟိတ အသင်းကြီးရဲ့ (အဘိဝံသ) စာမေးပွဲကြီးက မူလအကြောင်းရင်းခံပါပဲ။ ဒီစာမေးပွဲပုံစံက သာသာနာတော်ရဲ့ ထူးကဲတဲ့အနှယ် အဆက်ကို ဖြစ်စေတာမို့ တစ်ခြားစာမေးပွဲနဲ့ အရည်အသွေးချင်း မတူပါဘူး။ ဒါကြောင့် ဒီအသင်းကြီး နှစ် (၁၀၀)ပြည့်ပွဲကျင်းပဖို့ (အဘိဝံသ) မဟာထေရ်ကြီး (၉)ပါးထံက ဩဝါဒတော်ခံယူစဉ် (၁၁၊ ၅၊ ၉၆) နေ့က မန္တလေး မိုးကောင်းတိုက် သိန်းသန်းရတနာအုဋ်ကျောင်းဆရာတော် စာချအကျော် "အရှင် ပဏ္ဍိစ္စာဘိဝံသ" မဟာထေရ်ကြီးက ဒီလို အမိန့်ရှိတော်မူပါတယ်။

"ဆဋ္ဌသံဂါယနာတင်စဉ်က ဆရာတော်ကြီးတစ်ပါး က "ပရိယတ္တိသာသနဟိတအသင်းကြီးရှိလို့ သံဂါယနာ တင်နိုင်တာ" လို့ အမိန့်ရှိခဲ့ပုံကို ပြန်ပြောင်းမိန့်ဆိုပြီး ဩဝါဒ ပေးတော်မူသွားပါတယ်။"

ဒါကြောင့်ထင်ပါရဲ့ မင်းကွန်းဆရာတော်ကြီးက ဒီအသင်းကြီးကို "မန္တလေးက သာသနာ့ဖခင်" လို့ ဘွဲ့ချည်တော်မူသွားရှာတာ ဖြစ်ပါလိမ့်မယ်။ တကယ်တန်းတော့ မလွန်ဆန်လှ အသင်းကြီးနဲ့ ပရိယတ္တိသာသနဟိတအသင်းကြီး (၂)သင်းဟာ

မြန်မာနိုင်ငံ ထေရ်ဝါဒသာသနာတစ်ရပ်လုံးရဲ့ မိခင်နဲ့ဖခင်ဆိုတာ သဘောပေါက်ကြစေချင်လို့သာ ဒီလို ဘွဲ့တော် ချည်တာဖြစ်မှာပါ။

ဆဋ္ဌသံဂါယနာဟာ ရှေ့က ငါးတန်သော သံဂါယနာများနဲ့ မတူပဲ ထူးခြားတဲ့လုပ်ငန်းစဉ်များဖြင့် တန်ဆာဆင်ထားတာကိုလည်း သတိနဲ့ကြည့်ရင် သိနိုင်ပါတယ်။ ဒါကလည်း ဆရာတော်ဘုရားကြီးသာလျှင် အကြီးအမှူးအကြောင်းရင်း ဖြစ်နေပြန်ပါတယ်။ ပိဋကတ် (၃)ပုံကို (၃)ခါပြန် နှုတ်ငုံဆောင်တော်မူရာက ရရှိခဲ့တဲ့ အကျိုးတရားပါပဲ။ သူဌေးကြီး ဆာဦးသွင်နဲ့ တာဝန်ရှိသူ၊ တာဝန်သိသူတစ်ချို့ရဲ့ သစ္စာ၊ ဇွဲ၊ လုံ့လ၊ ဝီရိယ စတဲ့ ပယောဂလည်းပါတာပေါ့။ ဒါကတော့ ဒီပိဋကတ် (၃)ပုံကို ဟောကြားခဲ့တဲ့ဘုရားဟာ ဘယ်လိုဘုရားမျိုးလည်းဆိုတာကို ဖော်ပြတဲ့ "မဟာဗုဒ္ဓဝင်ကျမ်း" ကြီး ထွက်ပေါ်လာတာလို့ ပြောရမှာပါ။ သာသနာ (၂၅၀၀) ဆိုတဲ့ ခရီးကြမ်း ခရီးရှည်ကာလကြီးမှာ ဒီလိုစာအုပ်မျိုး ရှေးယခင်က လုံးဝမရှိခဲ့တာ အားလုံးသိကြပါတယ်။ စာအုပ်အနေနဲ့ (၈)အုပ်၊ အတွဲ (၆)တွဲ စွယ်စုံကျမ်းဆိုက်ကြီးမျိုးဖြစ်ပြီး "ဗုဒ္ဓမြတ်စွာ" နဲ့ ပတ်သက်လို့ အသေးစိတ်၊ အနုစိတ်ဖွင့်ဆို ရှင်းပြထားတာမို့ ဆရာတော်ဘုရားကြီးက ဒီပိဋကတ် (၃)ပုံကို အကျယ်ကနေ အကျဉ်းချုပ်ပြသလို ဖြစ်နေပြန်ပါတယ်။ အတွဲ (၆)တွဲက ဆဋ္ဌသံဂါယနာကို ရည်ညွှန်းပြီး စာအုပ်ကြီး (၈)အုပ်နဲ့ ဖွဲ့စည်းထားတာက မဂ္ဂင် (၈)ပါးကို ကိုယ်စားပြုတာပါ။ ဒီစာအုပ်ကြီး (၈)အုပ်ကို စာပေဝါသနာပါလို့ အကြမ်းဖျဉ်းတစ်ခေါက်ပြီးအောင် ဖတ်မယ်ဆိုရင် တစ်နှစ်ခွဲ နှစ်နှစ်လောက် အချိန်မယူလို့ မရပါဘူး။ ဂရုတစိုက် လေးလေးစားစားဖတ်မယ်ဆိုရင် သုံးလေးနှစ်အသာလေး အချိန်ပေးရပါလိမ့်မယ်။ မြန်မာစာတတ်တဲ့သူမှန်သမျှ ဖတ်နိုင်တာမို့ ဗုဒ္ဓဘုရားဟာ ဘယ်လိုသတ္တိနဲ့ ပြည့်စုံတဲ့ဘုရားလဲ သိလိုပြီး ဓမ္မ၊ သံဃာဆိုတာကို ကောင်းကောင်းနားလည်ချင်သူတွေအနေနဲ့ ဖတ်ဖြစ်အောင်ဖတ်ဖို့ တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် ဒီဆဋ္ဌသံဂါယနာရဲ့နောက်ဆက်တွဲ ကျေးဇူးတရားတစ်ခုက ပိဋကတ် (၃)ပုံကို အင်္ဂလိပ်လို ဘာသာပြန်ဘို့ဆိုပြီး ကမ္ဘာအနှံ့ ဖြန့်ဝေဖို့ဆိုတဲ့ သာသနာပြုလုပ်ငန်းကြီးတစ်ခုဖြစ်ပြီး အခုဆိုရင် ပြီးစီးအောင်မြင်သလောက် ဖြစ်နေပါပြီ။

ဒါ့အပြင် ဆရာတော်ဘုရားကြီးဟာ "အဘိဓဇ အဂ္ဂမဟာ ဓမ္မကထိက ဗဟုဇနဟိတဓရ" လို့ ပူဇော်ချင်ပါသေးတယ်။ ဆရာတော်ကြီး တရားဟောပုံက "ဓမ္မ" သက်သက်ကိုသာ ပါဠိရွတ်လိုက် အနက်ပေးလိုက်နည်းမျိုးနဲ့ ကြည်ညိုဖွယ် ဖြစ်အောင် ဟောကြားတော်မူတာပါ။ ပိဋကတ်အပြင်ဘက်ကို ရောက်မသွားပါဘူး။ ဓမ္မာသနပလ္လင်ပေါ်ထိုင်ပုံကလည်း ဒူးတုပ်လျက်ပါ။ တရားပွဲ မပြီးမချင်း ဒီအနေအထားကိုမပြင်ပါဘူး။ မြန်မာပြည်အနှံ့ ခရီးဆန့်ရတာမို့ ခြေလျင်၊ လှည်းယာဉ်၊ ဆိုက်ကား၊ လေယာဉ်၊ သင်္ဘော၊ မီးရထားကြုံရာနဲ့ ကြွရပါတယ်။ အကြိုအထောက်မရှိတဲ့နေရာမှာ ကိုယ့်ဖာသာကိုယ် ပလ္လင်ပေါ်တက်ထိုင်ပြီး တရားဟောခဲ့ရတာတွေလည်း ဒီထဲ ပါပါတယ်။ ဒီလိုနေရာမှာ သည်းခံစိတ်ကြီးကြီးရင့်ရင့် မြင့်မြင့်မားမား မရှိရင် ပြဿနာပါပဲ။ ဆရာတော်ကြီးက အင်မတန်သည်းခံနိုင်တဲ့ ပါရမီထူးနဲ့မို့ အဆင်မပြေ မရှိပါဘူး။ ဒီတရားပွဲတွေကတစ်ဆင့် ဖြစ်လာတဲ့ တိတ်ခွေတွေ၊ စာအုပ်တွေများလွန်းလို့ စာရင်းမှ ပြုစုထားကြရဲ့လား မသိနိုင်ပါ။

ဒီတရားပွဲတွေနဲ့ပတ်သက်ပြီး ကျွန်တော့မျက်စိနှစ်လုံးနဲ့ အသေအချာမြင်ဘူးလို့ ဘယ်လိုကြည်ညိုမိမှန်း မသိအောင် ကြည်ညိုလိုက်ရတဲ့မြင်ကွင်းကတော့ ဆရာတော်ဘုရားကြီးဟာ ဓမ္မာသနပလ္လင်ပေါ်အကြွမှာ တရားနာလာတဲ့ ပရိတ်သတ်ထဲက သံဃာပရိတ်သတ်ကြီးကို လက်အုပ်ချီပုံနဲ့ တရားပွဲအပြန်မှာ တစ်ခါထပ်ပြီး လက်အုပ်ချီသွားပုံပါပဲ။ ဓမ္မကို ဆောင်ထားတဲ့ ပုဂ္ဂိုလ်မြတ်က ဓမ္မကိုဆောင်ပြီး သာသနာ့ဝန်ထမ်းနေတဲ့ သံဃာကို အလေးအမြတ်ပြုတော်မူပုံဟာ ဘုရားသားကြီးရတနာ အဖြစ် ဖွင့်လှစ်ပြသလိုပါပဲ။

လောကမှာ ဝိဇ္ဇာပညာဖြစ်စေ၊ သိပ္ပံပညာဖြစ်စေ ပညာတစ်ရပ်ကို ပါရဂူမြောက်လောက်အောင် တတ်ပြီဟော့ဆိုလျှင် နောက်ကနေအရိပ်လို သိသိသာသာဖြစ်ဖြစ် မသိမသာဖြစ်ဖြစ် လိုက်ပါလေ့ရှိတဲ့ အရာကမာနဖြစ်ပါတယ်။ ပညာကြီးသလို မာနကြီးနေသူတွေကို လူတွေက သူ့ပညာကိုလေးစားပြီး သူ့မာနကို အလွယ်တကူ ခွင့်လွှတ်လေ့ရှိကြပါတယ်။ အသာအကြည် ခွင့်လွှတ်ကြတာတော့ မဟုတ်ပါဘူး။ ဆရာတော်ဘုရားကြီးကျတော့ ဘယ်တော့ကြည့်လိုက်ကြည့်လိုက် ထိုးထိုးထောင်ထောင် ပပလွှားလွှား အတွင်းရော အပြင်ပါ တွေ့ကြရတာမဟုတ်ပဲ ကျုံ့ကျုံ့ရုန့်ရုန့်၊ ကျစ်ကျစ်လျစ်လျစ်၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ရှိလှတဲ့ အဇ္ဈတ္တ၊ ဗဟိဒ္ဓနှစ်ဖြာကိုသာ ကြားရမြင်ရ တွေ့ရသိရ ဖူးရ မြော်ရလို့ အလွယ်တကူ ခွင့်လွှတ်နေစရာလုံးဝ မလိုပဲ အကြည်အသာ နဖူးတိုက် ဦးတိုက် ရှိခိုး ကန်တော့လိုက်ကြရတာချည့် မဟုတ်ပါလား။

ဆရာတော်ဘုရားကြီးမှာ သာသနာတော်ဆိုင်ရာ ဘွဲ့မည်၊ ဘွဲ့ရည် (၃၃)ခုကို အလှူခံရရှိထားတော်မူပြန်ပါတယ်။ ကမ္ဘာ့စံချိန် ဂုဏ်ညွှန်းများအရ သံဃာတော်အဖြစ်ဖြင့် ဘွဲ့ထူး ဂုဏ်ထူး အများဆုံးမထေရ်ကြီးဖြစ်တော်မူပြီး သာမဏေဘဝအသက် (၁၃)နှစ်ကနေ သက်တော်(၈၀)နားအတွင်း (၆၇)နှစ်ဆိုတဲ့ကာလတစ်လျှောက်မှာ စဉ်ဆက်မပြတ်ဆိုသလို ဆက်ကပ်

ပူဇော်တာကို ခံယူနေရပုံကလည်း ကမ္ဘာ့အံ့ဖွယ်တစ်ပါးပါပဲ။

ဆရာတော်ဘုရားကြီးဟာ သာသနာပြုတဲ့နေရာမှာ စီမံခန့်ခွဲ ဆောင်ရွက်ပုံအရပ်ရပ်ကလည်း အကျိုတ်အခဲမြဲမြဲအောင် အနာဂတ်ကို မျှော်ခေါ်ပြီး ဆောင်ရွက်သွားတော်မူတာပါ။ နည်းလမ်းအသွယ်သွယ်နဲ့ တစ်ပင်ကို တစ်ပင်ယှက်ပြီး အနွယ်အဆက်ဖြစ်အောင် ပုံလောင်းပေးတော်မူခဲ့တာပါ။ ရှင်းရှင်း လင်းလင်းတင်ပြရရင် သာသနာပြုတယ်ဆိုတာ ပရိယတ္တိသာသနာတော် ထွန်းကားစည်ပင် ပြန့်ပွားတည်တံ့အောင် ဆောင်ရွက်နိုင်မှသာ "သာသနာပြု" ပုဂ္ဂိုလ်လို့ ကမ္ဗည်းထိုး ထိုက်တာပါ။

ဆရာတော်ဘုရားကြီး သာသနာပြုပုံက –

(က) ပရိယတ္တိကို ကိုယ်တော်တိုင် အမြင့်မားဆုံးအဆင့်မှာ ဆောင်ထားတော်မူပါတယ်။

(ခ) မြန်မာပြည်အနှံ့ တရားဟော ပြောဆိုဆုံးမခြင်း (ဓမ္မကထိက)လုပ်ငန်းဖြင့် သာသနာပြန့်ပွားအောင် ဖြန့်ဝေတော်မူပါတယ်။

(ဂ) မိမိကိုယ်တော်တိုင် ဂဏဝါစက(စာချပုဂ္ဂိုလ်)အဖြစ် ရဟန်းတော်များကို သင်ကြားပို့ချပေးတော်မူပါတယ်။

(ဃ) ဓမ္မသာမိ(တရားပိုင်ရှင်)ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဆိုတာ ဘယ်လိုဂုဏ်တော် ကျေးဇူးတော်၊ မေတ္တာကရုဏာတော်၊ ဉာဏ်တော် စသည်တို့တွင် "အနန္တ" ဂုဏ်ဒြပ်ဖြင့် ပြည့်စုံစေရန် စိတ်ဖြင့်ဆုတောင်းခဲ့သော ကာလကစ၍ သဗ္ဗညုတဉာဏ်တော်ရရှိသည်က ပရိနိဗ္ဗာန်ပြုပြီးသည်အထိ သာသနာ(၂၅၀၀)ကာလတွင် တစ်ကြိမ်မျှ မထွက်ပေါ်ခဲ့ဘူးသော "မဟာဗုဒ္ဓဝင်" ကျမ်းကြီး ပြုစုရေးသားတော်မူပြီး ပရိယတ္တိသာသနာပြု လုပ်ငန်းများတွင် လိုအပ်နေသော ကျောက်စာတိုင်ကြီး တစ်ခု စိုက်ပေးတော်မူခဲ့ပါတယ်။

(င) မလွန်ဆန်လှူသင်းနှင့် ပရိယတ္တိသာသနဟိတအသင်းကြီးများကဲ့သို့ သာသနာ့မိခင်၊ ဖခင်များသဖွယ်ဖြစ်သော "သာသနာပြု"အဖွဲ့အစည်းကြီးများရဲ့ အမြဲတမ်း ဓမ္မကထိကနဲ့ ဩဝါဒါစရိယဆရာတော်ကြီးအဖြစ် ရာသက်ပန် ဆောင်ရွက်သွားတော်မူခဲ့ပါတယ်။

(စ) မိမိကဲ့သို့ ပိဋကတ်(၃)ပုံဆောင် သာသနာ့အာဇာနည် ရဟန်းတော်များ စဉ်ဆက်မပြတ် ပေါ်ပေါက်စေရန် မင်းကွန်းမိုးမိတ်ကုန်းမြေတွင် ပစ္စည်း(၄)ပါး ပြည့်စုံစွာ ဖြည့်ဆည်း၍ "တိပိဋက နိကာယ" ဗုဒ္ဓတက္ကသိုလ်ကြီးကို အရှည်ခန့်၍ တည်တံ့အောင် ဆောင်ရွက် တည်ထောင်သွားတော်မူပါတယ်။

(ဆ) တိပိဋက သာသနာ့အာဇာနည်များအတွက် မိမိ၏ တိပိဋကလောင်းလျာဘဝကဲ့သို့ ခက်ခဲမှုမရှိစေရန်နှင့် ပိဋကဆောင် ပုဂ္ဂိုလ်များအဆက်ပြတ်မသွားစေရန် စာမေးပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖြစ်သင့်ဖြစ်ထိုက်သော အနေအထားမျိုးဖြင့် ပြင်ဆင်သတ်မှတ်ပေးတော်မူပါတယ်။

(ဇ) ပြောင်းလဲလာသော ခေတ်အခြေအနေနှင့်အညီ ပြည်တွင်း ပြည်ပသာသနာပြုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် မန္တလေးမြို့နှင့် ရန်ကုန်မြို့ကြီး (၂) မြို့တွင် "ပရိယတ္တိသာသနာ့တက္ကသိုလ်" ကြီး များ တည်ထောင်ဖွင့်လှစ်တော်မူခဲ့ပြီး ကမ္ဘာတဝန်း သာသနာလွှမ်းနိုင်ရန်အတွက် ကြီးမားလေးလံလှသော သာသနာပြုတာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်တော် မူခဲ့ပါတယ်။ ဒီတက္ကသိုလ်ကြီးတွေနဲ့အတူ ဇီဝိတဒါနသံဃ ဆေးရုံတော်ကြီးများကိုပါ ဖွင့်လှစ်ပေးတော်မူခဲ့တာဖြစ် ပါတယ်။ ဤတက္ကသိုလ်ကြီးများရဲ့ ဒု–အဓိပတိအဖြစ် ဆောင်ရွက်တော်မူခဲ့ပါတယ်။

(ဈ) ပဉ္စနိကာယ နိကာယ်ငါးရပ်သာသနာ ထွန်းကားပြန့်ပွားစေရန် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲများ ကျင်းပရန်အတွက် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ အသင်းကြီးက ကြီးမှူးကျင်းပရန် စီမံဆောင်ရွက် ပေးတော်မူခဲ့ပါတယ်။

ဒီနိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲကျင်းပပြု လုပ်ပေးရခြင်းအတွက် ဆရာတော်ဘုရားကြီး ဩဝါဒ ပေးတော် မူပုံမှာ –

"စာသင်တန်းမှာ သင်ကြရတဲ့ သဒ္ဒါတို့၊ သင်္ဂြိုလ်တို့ဆိုတဲ့ ဘုန်းကြီးတို့ သကျသီဟစာမေးပွဲနဲ့ ပြောမယ်ဆိုရင် အဘိဓာန် အလင်္ကာ၊ ဆန်းဆိုတဲ့ စာပေတွေဟာ အမှန်တော့ အခြေခံ စာပေလေးတွေပါပဲ။ တစ်ခါ စာချတန်းဆိုတဲ့ အဋ္ဌကထာကြီး သုံးကျမ်းတက်ရောက် ပြီး ဖြေကြရတယ်ဆိုတာကလည်းပဲ အမှန်တော့ စာချ တတ်တဲ့၊ စာချနိုင်တဲ့ဉာဏ် ရှိ မရှိနဲ့ ပိဋကတ်ပါဠိ တော်ကြီးများကို ချဉ်းကပ်သက်ဝင်ဉာဏ် ရှိ မရှိ စမ်းတဲ့ စာမေး ပွဲလောက်ပဲ ရှိပါသေးတယ်။ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို ချဉ်းကပ်သက်ဝင်ပြီးတော့ မသွားရသေး ဘူး။ ဒီတော့ သာသနာမှာ ဘာလိုအပ်နေသေးသလဲဆို တော့ တကယ့်ကိုပဲ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အဟုတ်ကိုသွားနိုင်ပြီဆိုတာ ထင်ရှားစွာပြတဲ့ ဓမ္မသဘင်

တစ်ခု တတိယဆင့်အနေနဲ့ စာမေးပွဲတစ်ခု လိုနေသေးတာအမှန်ပဲ။ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ (ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်) အာဂုံရေးဖြေ စာပြန်ပွဲကျင်းပခြင်းဟာ အဲဒီလိုအပ်နေတဲ့ တတိယဆင့် နိကာယ်ဉာဏ်တွေ ပွင့်လာအောင် နိကာယ်ဉာဏ်တည်းဟူသောပဒုမ္မာကြာပန်းတွေ ဘုရားသာသနာတည်းဟူသောရေကန်ထဲမှာ ပွင့်လာအောင် ဆောင်ရွက်ပေးတာပါပဲ" ဟူ၍ ဖြစ်ပါတယ်။

(နှစ်တစ်ရာပြည့်အကြို အမျှဝေစာတမ်း၊ စာ-၁၁၃-၁၁၄)

(ည) ဆရာတော်ဘုရားကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရဲ့ အကျိုးတော်ဆောင်ချုပ်တာဝန်ကြီးကိုပါ ကျေကျေပွန်ပွန် လေးလေးနက်နက် ထမ်းရွက်သယ်ပိုးသွားတော်မူပါတယ်။

ဒီတာဝန်တွေဟာ ဘုန်း၊ ကံ၊ ပါရမီ၊ ဖွဲ၊ လုံ့လ၊ ဝီရိယအရာ မှာ ထိတ်ထိတ်ကျဲ ပြည့်ဝုံတဲ့ ရှာမှရှား မဟာအာဇာနည်ရဟန်း မှသာ တည်တည်ငြိမ်ငြိမ်နဲ့ ထမ်းဆောင်နိုင်မှာဖြစ်လို့ "သာသနာ့အာဇာနည်များရဲ့ အဓိပတိ" "သာသနာ့အာဇာနည်များရဲ့ ဥတ္တမ" "သာသနာ့အာဇာနည်များရဲ့ ပဓာန နာယက" ဟူ၍သာ အထူးအားဖြင့် ကြည်ညိုပူဇော်အပ်ပါတယ်။

ဒါ့အပြင် အင်္ဂလန်နိုင်ငံမှ ထုတ်ဝေတဲ့ **"THE GUINESS BOOK OF RECORD 1985"** မှာ ကမ္ဘာနဲ့ချီပြီး ဆရာတော်ဘုရားကြီးကို ပူဇော်ထားပုံက "BHANDANTA VICITASARA RECITED 16,000 PAGES OF BUDDHIST CHRONICAL TEXTS IN RANGOON, BURMA, IN MAY 1954. RARE INSTANCES OF EIDETIE MEMORY THE ABILITY TO REPROZEET AND HENCE VISUALLY RECELL METERIAL ARE KNOWN TO SCIENCE".ဆိုပြီး အံ့သြဘွယ်ရာမှတ်ဉာဏ်ကောင်းပုံကို မှတ်တမ်းတင်မော်ကွန်း ထိုးထားတာတွေ့ရပါတယ်။ (ရုပ်ရှင်အောင်လံ-၁၉၉၃ ခု၊ ဇူလိုင်)

ကျွန်တော့အတွေးထဲမှာတော့ ဒီလောက်နဲ့ မတင်းတိမ်မိတာအမှန်ပါပဲ။ ဒီလိုအချိန်အခါမှာ သက်တော်ထင်ရှားမြတ်စွာ ဘုရားသာဆိုလျှင်တော့ သာသနာ (၂၅၀၀) ကာလတွင် ငါဘုရားသာသနာကို တည်တံ့ထွန်းကား ပျံ့နှံ့အောင်ပစ္စည်းလေးပါး အထောက်အပံ့နှင့်တကွ ပြုစုလုပ်ကျွေးပေးနိုင်အောင် ငါ၏ တပည့်သားရဟန်းများထဲတွင် မြန်မာပြည်



စစ်ကိုင်းတိုင်း မင်းကွန်းဓမ္မနာဒကျောင်းတိုက်က "အရှင်ဝိစိတ္တသာရ" သည် "အသာဆုံး အမြတ်ဆုံးဖြစ်ပေသည်" လို့ တောင်ဂ်ထားတော်မူမှာ သေချာတယ်လို့စိတ်ထဲမှာ အားပါးတရ ပူဇော်မိရင်း ဤဆောင်းပါးငယ်ဖြင့် ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ အဘိဓဇဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်အပေါင်းကို ရှိသေကျိုးနွံစွာ ရှိခိုးကန်တော့ အပ်ပါသည်ဘုရား ...။ ။

စိုးနိုင် (မန္တလေးတက္ကသိုလ်)



# နှစ်(၁၀၀)အတွင်း ပရိယတ္တိသာသနဟိတအသင်းကြီး၏ ဝင်္ဂသကာဘွဲ့ပုံရှင်များ

အထူးသိအပ် ပုဂ္ဂိုလ်မြတ်။ ။“ပုဂ္ဂလဝိသော ဇာနိတဗ္ဗော” ထူးခြားပြောင်မြောက်သည့် ပုဂ္ဂိုလ်တို့တွင် ပုဂ္ဂိုလ်မြတ်များအား သိထားအပ်၏။ ကျမ်းဆိုရှိသည် နှင့်အညီ သာမန်ပုဂ္ဂိုလ်တို့ထက် ထူးခြားပြောင်မြောက်သည့် ပုဂ္ဂိုလ်ထွန်း ပုဂ္ဂိုလ်မြတ်များကို သိထားအပ်ရုံမျှမက သမိုင်းမှတ်တမ်းများ ထားရှိရန်လည်း လိုအပ်ပါသည်။

ဆိုထိုက်၏ ထိုပုဂ္ဂိုလ်ထွန်း ပုဂ္ဂိုလ်မြတ်များကား ပါရမီထူး၍ ကံထူးကြရပါသည်။ ကံထူး၍ ဉာဏ်ထူးကြရပါသည်။ ဉာဏ်ထူး၍ ဘဝဖြစ်စဉ်များကလည်း ထူးကြရသူများ ဖြစ်ကြပါသည်။

မှန်ပါသည်။ ဘုရားရှင်လက်ထက် ရဟန္တာထေရ်ကြီးပေါင်း ရဟန္တာမထေရ်ရီပေါင်း၊ ဉပသကာအရိယာပေါင်း၊ ဉပသကီ အရိယာပေါင်း သိန်း သန်း ကုဋေမက ရေတွက်၍ မရနိုင်အောင် ရှိခဲ့သော်လည်း “ဧတဒဂ်” ခေါ် ဘွဲ့ပုံတော် အထွဋ်အမြတ်ကို ရရှိတော်မူကြသည့် ထေရာ၊ ထေရီ၊ ဉပသကာ၊ ဉပသကီ အပေါင်းတို့ကား နည်းပါးလှပါသည်။ ရေတွက်၍လည်း ရပါသည်။

အဆိုပါ ထေရာ၊ ထေရီ၊ ဉပသကာ၊ ဉပသကီ ပုဂ္ဂိုလ်ထွန်း ပုဂ္ဂိုလ်မြတ်များအား “ဧတဒဂ်” ဝင်ဖြင့် အဂုံတ္တိုရ်ပါဠိတော်တွင် တသီးတခြား ပါဠိမှတ်တမ်းများ ထား၍လည်းကောင်း၊ ထေရာပါဒါန်၊ ထေရီပါဒါန်ဟူ၍ ကိုယ်ရေးအတ္ထုပ္ပတ္တိများကို ပိဋကတ်သမိုင်းတင်၍လည်းကောင်း၊ သာသနာတော်တွင် အထင်အရှား ထားရှိခဲ့ကြပါသည်။

(က) ဧတဒဂ်ရ ရဟန္တာထေရ်ကြီးပေါင်း (၄၂) ပါး
(ခ) ဧတဒဂ်ရ ရဟန္တာမထေရီပေါင်း (၁၃) ပါး



(ဂ) ဧတဒဂ်ရ ဥပသကာပေါင်း (၁၀) ပါး
(ဃ) ဧတဒဂ်ရ ဥပသကီပေါင်း (၁၀) ပါး
ပေါင်း (၇၅) ပါး ဖြစ်ပါသည်။

ဧတဒဂ်ဘွဲ့တော်ပေါင်း(၈၀)ရှိသော်လည်း အရှင်အာနန္ဒာ မထေရ်ကြီးက (၅)ထပ်ကွမ်းဘွဲ့၊ အရှင်စူလပန္ထက မထေရ်ကြီးက (၂) ထပ်ကွမ်းဘွဲ့များ ရယူထားသည့်အတွက် ဧတဒဂ်ရ ဦးရေ (၇၅) ပါးဖြစ်ရပါသည်။

နှစ်ပေါင်းတစ်ရာ ကိုးပါးသာ။ ။ ဤအသင်းကြီး၏ ၁၂၆၀–ခုနှစ်မှစ၍ ၁၃၆၀–ခုနှစ်တိုင် နှစ်ပေါင်း (၁၀၀) အတွင်း ကျင်းပခဲ့သည့် စာလျှောက်မေးခမ်းအကြိမ်ပေါင်း (၉၂)ကြိမ်တို့၌ "ဝံ့သကာ" အပြည့်အစုံဖေါ်ပြရသော် "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝံ့သကာ" ဟူသော ဘွဲ့ပုံတော်မြတ်ကို ထူးခြားပြောင်မြောက်စွာ ရရှိတော်မူခဲ့ကြသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်များမှာ အလွန်ပင် နည်းပါးလှပါသည်။

အကြောင်းဆိုသော် ဤ "ဝံ့သကာ" ဘွဲ့သည် သာမန်အောင်ပုဂ္ဂိုလ်တို့ထက် ထူးကဲလျက် သီးခြားစာသင်တန်းအောင်မြင်ပြီးနောက် နှစ်မခြားပဲ သီးခြားစာချတန်း၌ ပြဋ္ဌာန်းထားသည့် –

(က) ပါရာဇိကဏ္ဍ အဋ္ဌကထာ
(ခ) သီလက္ခန္ဓ အဋ္ဌကထာ
(ဂ) အဋ္ဌသာလိနီ အဋ္ဌကထာ ဟူသော ကျမ်းကြီး (၂) ကျမ်းလုံးကို တစ်နှစ်တည်း တစ်ကြိမ်တည်းဖြင့် နှစ်ချင်းပေါက် ဖြေဆိုအောင်မြင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော် သာသနာ့

| ဝဉ် | ခုနှစ် | အကြိမ် | ဘွဲ့တော် | ကျောင်းတိုက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၁၂၉၆ | ၃၁ | အရှင်ဝိစိတ္တသာရာဘိဝံသ | ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်း | ပျံလွန်(၁၃၅၄) |
| ၂။ | ၁၂၉၉ | ၃၄ | အရှင်ဉတ္တမာဘိဝံသ | ညောင်ရမ်းကျောင်း၊ မိုးကောင်းတိုက် | ကွယ်လွန် (ဂျပန်ခေတ်) |
| ၃။ | ၁၃၀၉ | ၄၄ | အရှင်လက္ခဏာဘိဝံသ | ညောင်ရမ်းကျောင်း၊ မိုးကောင်းတိုက် | ဦးကျော်ရှိန် (ပရိသုဒ္ဓ) |
| ၄။ | ၁၃၁၄ | ၄၉ | အရှင်သုမနာဘိဝံသ | ဇောတိကာရုံကျောင်း၊ တောင်ပြင်ထီးလင်းတိုက် | ဦးသောင်းလွင် (ပရိသုဒ္ဓ) |
| ၅။ | ၁၃၁၅ | ၅၀ | အရှင်ကုမာရာဘိဝံသ | နယားကျောင်း၊ ဘုရားကြီးတိုက် | ဇန်းမော် ဆရာတော် |
| ၆။ | ၁၃၁၅ | ၅၀ | အရှင်သုနန္ဒာဘိဝံသ | ဦးကြယ်ကျောင်း၊ ဘုရားကြီးတိုက် | ဦးရွှေအောင် (ကွယ်လွန်) |
| ၇။ | ၁၃၁၅ | ၅၀ | အရှင်နာရဒါဘိဝံသ | ပတ္တမြားကျောင်း၊ မြင်းဝန်တိုက် | ဦးထွန်းလှိုင် (ကွယ် ွန်) |
| ၈။ | ၁၃၁၇ | ၅၂ | အရှင်ကစ္စာယနာဘိဝံသ | ယင်းမာကျောင်း၊ ဘုရားကြီးတိုက် | ဗိုလ်ကြီး ကျော်နိုင် (အငြိမ်းစား) |
| ၉။ | ၁၃၈၄ | ၈၃ | အရှင်ကေသရာလင်္ကာရာဘိဝံသ | မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရ | အောင်ချမ်းသာ ဆရာတော် |

ဖေါ်ပြပါဇယားပုံအရ သာသနာ့ဝန်ထမ်း ရဟန်းတော်များအနက် ဆရာတော်အရှင် ဝိစိတ္တသာရာဘိဝံသနှင့် အရှင်ဉတ္တမာဘိဝံသတို့သည် သက်တော်ထင်ရှား မရှိကြတော့ပဲ ဆရာတော်အရှင်ကုမာရာဘိဝံသနှင့် အရှင်ကေသရာလင်္ကာရာ ဘိဝံသတို့သာ သက်တော်ထင်ရှားရှိကြလျက် သာသနာ့တာဝန်များကို အားသွန်ကြိုးပမ်း ထမ်းဆောင်လျက် ရှိကြပါသည်။

သာသနာ့ဘောင်မှ ပရိသုဒ္ဓပြုပြီး (လူထွက်ပြီး) ပုဂ္ဂိုလ်များအနက် ဆရာကြီးဦးရွှေအောင်နှင့် ဦးထွန်းလှိုင်တို့မှာ ကွယ်လွန်ခဲ့ပြီ၊ ဆရာကြီးဦးကျော်ရှိန်၊ ဆရာကြီးဦးသောင်းလွင်၊ ဗိုလ်ကြီးကျော်သက်နိုင် တို့သုံးဦးမှာ အသက်ထင်ရှားရှိကြလျက် သာသနာ့တာဝန် နိုင်ငံတော်တာဝန်များကို အသီးအသီး ထမ်းဆောင်လျက် ရှိကြပါသည်။

အာဇာနည်များအားသာ ဆက်ကပ်သော ဘွဲ့ပုံတော်ဖြစ်ပါသည်။ သာမန်ပုဂ္ဂိုလ်တို့ အဘို့မှ တစ်ကျမ်း တစ်ဖွဲ့ စွဲရန်ပင် အလွန် ခက်ခဲနေသည့် စာလျှောက်မေးပွဲ ဖြစ်သောကြောင့်တည်း။

အဆိုပါ "ဝံသကာ" ဘွဲ့ပုံတော်ကို နှစ်ပေါင်း (၁၀၀) အတွင်း ရရှိတော်မူခဲ့ကြသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်တို့ကား (၉)ပါးသာ ရှိခဲ့ပါသည်။

ထိုသာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်များအား သမိုင်းမှတ်တမ်းထားရှိပေးရန်မှာ ဤအသင်းကြီး၏ မုချပြုလုပ်ပေးရမည့် ကေန္ဒတာဝန်ကြီးတစ်ရပ်လည်း ဖြစ်ပါသည်။

ထို့ကြောင့် သက်တော်ထင်ရှားရှိတော်မမူကြသည့် ပုဂ္ဂိုလ်ကျော်များအတွက် အသင်းကြီးမှ တာဝန်ယူ၍လည်းကောင်း၊ သက်တော်ထင်ရှားရှိတော်မူကြသည့် ပုဂ္ဂိုလ်ကျော်များအတွက် ကာယကံရှင်များ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများဖြင့်လည်းကောင်း အောက်ပါအတိုင်း သာသနာ့အာဇာနည် သမိုင်းကို မှတ်တမ်းတင်အပ်ပါသည်။

အစ္ဆရိယံ ဝတ ဘော –

အနုရေ သတဝဿဿ၊ ဝိသိဋ္ဌာ ဉာဏပုညဝါ

ဝံသကာ အဂ္ဂါ နဝ၊ ဥဂ္ဂတာ ပရိယတ္တိယာ။ ။



ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင့်သကာ

# ဝင့်သကာဘွဲ့ပုံရှင်များ



ဘဒ္ဒန္တ ဥတ္တမာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင့်သကာ



ဘဒ္ဒန္တလက္ခဏာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင့်သကာ



ဘဒ္ဒန္တသုမနာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင့်သကာ



ဘဒ္ဒန္တသုနန္ဒာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင့်သကာ



ဘဒ္ဒန္တနာရဒါဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင့်သကာ



ဘဒ္ဒန္တကစ္စာယနာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင့်သကာ

## အရှင်ဝိစိတ္တသာရာဘိဝံသ (အာဒိကမ္မိက ဝင်္ဂသကာ)၏ ထေရုပ္ပတ္တိ (အကျဉ်း)



ဖွားမြင်ခြင်း။ ။ ဆရာတော်သည် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျီးပင်ရွာ ခမည်းတော်-သူကြီးဦးဆုံ၊ မယ်တော်-ဒေါ်ဆင်တို့မှ ၁၂၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့ (၃)နာရီကျော်တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ငယ်နာမည် မောင်ခင်ဟုခေါ်၍၊ ဇာတာတွင် မောင်ရန်ရှင်း ဖြစ်ပါသည်။

သာသနာ့ဘောင်ဝင်ရောက်ခြင်း။ ။ မောင်ခင် (၅)နှစ်သားအရွယ်တွင် ကျိုးပင်ရွာကျောင်း ဆရာတော်ဦးသာသနထံ အပ်နှံလျက်၊ ၁၂၇၈-ခု (၆)နှစ်သားတွင် တစ်ကြိမ်၊ ၁၂၇၉-ခု (၇)နှစ်သားအရွယ်တွင် မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုဒေါင့်ကျောင်းဆရာတော် ဦးသောဘိတထံ အပ်နှံလျက်၊ ၁၂၈၂-ခု၊ (၁၀)နှစ်သား အရွယ်တွင် တစ်ကြိမ်ရှင်ပြုကာ "ရှင်ဝိစိတ္တ" ဟု ဘွဲ့အမည် ပေးခဲ့ကြပါသည်။

၁၂၉၁-ခုနှစ်သို့ ရောက်သောအခါ မင်းကျောင်းဆရာတော် ပျံလွန်တော်မူသည့်အတွက် ဆရာတော်ကြီး (၆)ပါးတို့ တိုင်ပင်ညီညွတ်ကြကာ ဦးဣန္ဒာယောကမှ တာဝန်ယူစေ၍၊ မင်းကွန်းဓမ္မနာဒတိုက်ဆရာတော် ဦးပညာစက္ကထံ သွားရောက် အပ်နှံကြပါသည်။

၁၂၉၂-ခုနှစ်၊ နှောင်တန်ခူးလဆန်း (၆)ရက်နေ့၊ မင်းကွန်းငွေတောင်တောရ ရွှေကျင်တိုက် ခဏ္ဍာသိမ်တော်ကြီး၌ ဓမ္မနာဒ ဆရာတော် ဦးပညာစက္ကအား ဥပဇ္ဈာယ်ပြုလျက်၊ မင်းကွန်းဝါးချက် မန္တလေး မြင်းခြံမြို့တို့မှ ဆရာတော် အကျော်အမော်တို့၏ ချီးမြှောက်မှုဖြင့်၊ ဆရာကြီး ဒေါ်ဓမ္မစာရီ အမှူးပြုသည့် သေဌေးကြီးဆာဦးသွင်+သူဌေးကတော်ကြီးဒေါ်ဒေါ်သိန်း တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဝင်္ဂသကာဘွဲ့ ရရှိခြင်း။ ။ "သက္ကျသီဟ" ခေါ် ပရိယတ္တိသာသနဟိတအသင်းကြီးမှ စာလျှောက်မေးပွဲများ စတင်ကျင်းပခဲ့သည့် ၁၂၆၅-ခုနှစ်မှ၊ ၁၂၉၅-ခုနှစ်အထိ နှစ်ပေါင်း (၃၀) အတွင်း ဝေစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဘူးသော "အဗ္ဘုတဘူတ" ဖြစ်ရပ်ဆန်းတစ်ခု အံ့သြဖွယ် ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ ဖြစ်ရပ်ဆန်းကား သက်တော် (၂၃)နှစ်၊ ဝါတော် (၃)ဝါသာ ရရှိတော်မူသေးသည့် "အရှင်ဝိစိတ္တသာရ" သည် ၁၂၉၆-ခုနှစ်၊ (၃၁)ကြိမ်မြောက် စာလျှောက်မေးပွဲကြီး၌ စာသင်တန်းအောင်မြင်ပြီးနောက် သီးခြားစာချတန်းကို နှစ်မခြားပဲ ဆက်တိုက်အဋ္ဌကထာကြီးသုံးကျမ်းလုံး အောင်မြင်တော်မူသည့်အတွက် "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝင်္ဂသကာ" ဘွဲ့ပုံတော်ကို ပဌမဦးစွာ ထူးထူးခြားခြား ရရှိခြင်းပင် ဖြစ်ပါသည်။

၁၂၉၉-ခုနှစ်၊ တော်သလင်းလဆုတ် (၉)ရက်နေ့၌ ပဌမ ဓမ္မနာဒ ဆရာတော်ဦးပညာစက္က ပျံလွန်တော်မူပြီးနောက်၊ ၁၂၉၉-ခု၊ နတ်တော်လပြည့်ကျော် (၁)ရက်၊ စနေနေ့တွင် ညောင်ကန်ဆရာတော်အမှူးရှိသည့် ဓမ္မနာဒသာသနာပြု သံဃအစည်းအဝေးကြီးမှ ဆရာကြီးဒေါ်ဓမ္မစာရီနှင့် ညှိနှိုင်းလျက်၊ (၇) ဝါသာရသေးသော အရှင်ဝိစိတ္တသာရအား ဓမ္မနာဒကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော်အဖြစ် တင်မြှောက်ကြသည့်အတွက် ထိုအချိန်မှစကာ ဓမ္မနာဒ ဆရာတော်ဟု မြန်မာတဝှမ်းသာမက ကမ္ဘာသို့ လွှမ်းအောင်ပင် ထင်ပေါ်ကျော်ကြားခဲ့ပါသည်။

### သာသနတာဝန်များထမ်းဆောင်တော်မူခြင်းနှင့် ဘွဲ့ပုံတော်များ ရရှိခြင်း

ဆရာတော်ဘုရားကြီးသည် ရဟန်း (၇)ဝါမှစ၍၊ သက်တော် (၈၂)ဝါတော် (၆၂) တိုင်အောင် ဖြူစင်သော သီလ၊ တည်တန့်ခိုင်မြဲသော သမာဓိ၊ ကျယ်ဝန်းနက်ရှိုင်းသော ပညာ၊ ဖြူကြည်လင်သော မေတ္တာ၊ ကြီးမားကျယ်ပြန့်သော စေတနာ၊ သင်းပျံ့မွှေးကြိုင်သော ဂုဏ်သတင်း၊ နောက်မဆုတ်သော ဝီရိယ၊ မတုန်လှုပ်သော သဒ္ဓါတို့ဖြင့် သာသနာတော်၏ ကြီးမားလှသော တာဝန်များကို စဉ်ဆက်မပြတ် ထမ်းဆောင်တော်မူခဲ့ပါသည်။

ထို့ကြောင့် တိပိဋကဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဟူသော သာသနာ့အမြင့်ဆုံးဘွဲ့ပုံတော်များနှင့်တကွ ပုံတော်ပေါင်း (၃၃)မျိုးတို့ကို ရရှိတော်မူပါသည်။

ထိုမှတစ်ပါး ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီး၌ "ဝိသဇ္ဇက" အဖြေဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး၊ ဗုဒ္ဓဖြစ်စဉ်တော်များကို အကျယ်တဝင့် ဖေါ်ပြထားသည့်အတွဲ (၆)တွဲ၊ အုပ်ရေ (၈) အုပ်ရှိ "မဟာဗုဒ္ဓဝင်"ကျမ်းကြီးကို ပြုစုခဲ့ရုံမျှမက ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ခြင်း၊ ဗိပိတဒါနသံဃာ့ဆေးရုံကြီးများ တည်ဆောက်ခြင်း၊ ပိဋကတ်သုံးပုံဆောင် အရှင်မြတ်များ အစဉ်မပြတ်စေရန် ဟူသော ရည်ရွယ်ချက်ဖြင့် တိပိဋကနိကာယကျောင်းတိုက်ကြီးများ တည်ထောင်ခြင်းစသော သာသနာပြုလုပ်ငန်းကြီးများကို သူမတူအောင် အံ့ဩဖွယ်ဆောင်ရွက်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် အခြားအခြားသော ဘွဲ့ပုံတော်များရှိပါလျက် ဤအသင်းကြီးမှ ရရှိသော "ဝင်္ဂသကာ" ဘွဲ့ကို အမြတ်တနိုးပြုကာ မိမိ၏ ဘွဲ့တော်နောက်၌ "အာဒိကမ္မိက ဝင်္ဂသကာ" ဟု အမြဲ ဂုဏ်ယူဖေါ်ပြလေ့ ရှိပါသည်။

နိုင်ငံတော်မှ ကျင်းပသည့် တိပိဋကဓရ စာပြန်ပွဲကြီး၌လည်း ပိဋကသုံးပုံကို ပဌမဦးဆုံး ဖြေဆိုအောင်မြင်တော်မူသည့်အတွက် "အာဒိ ကမ္မိက တိပိဋကဓရ" လည်း ဖြစ်ပါသည်။

မင်းကွန်းတောင်ရိုး ဓမ္မနာဒဆရာတော်ဟု ထင်ရှားကျော်ကြားလျက် ကမ္ဘာပေါ်တွင် မှတ်ဉာဏ်အကောင်းဆုံး ပုဂ္ဂိုလ်ဟုလည်း မှတ်တမ်းတင်ထားခြင်း ခံရပါသည်။

ဖေါ်ပြခဲ့ပြီးသော ဂုဏ်ကျေးဇူးတော်အနန္တတို့ကြောင့် နောင်းခေတ် ခုခေတ်၊ နောင်တခေတ်တို့၌ တုဘက်နှိုင်းယှဉ်ပြိုင်သူပင် မပေါ်နိုင်လောက်အောင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် သာသနာ့တာဝန်များကို ထူးချွန်စွာ ဆောင်ရွက်တော်မူလျက် သက်တော် (၈၂)နှစ်၊ ဝါတော် (၆၂)ဝါသို့အရောက် သက္ကရာဇ် ၁၃၅၄–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်၊ အင်္ဂါနေ့ ညနေ (၅)နာရီ၊ (၄၄)မိနစ်အချိန် မရဏန္တိက ဒုက္ခဝေဒနာများကို ပွားများရှုမှတ် ဆင်ခြင်တော်မူကာ တစ်ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူပါသည်။

အမှာ။ ။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များကို ယခုထက်ပိုမို ပွားများကြည်ညိုနိုင်ရန် ဤစာအုပ်ပါ၊ စိုးနိုင် (မန္တလေးတက္ကသိုလ်)၏ မဟာဂုဏ် ကမ္ဘာ တုနံပါဘုရားဆောင်းပါးကို ဖတ်ရှုကြပါကုန်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး
ဝင်္ဂသကာဘွဲ့တော်ရ
အရှင်ဥတ္တမာဘိဝံသ၏ အတ္ထုပ္ပတ္တိအကျဉ်း



အရှင်ဥတ္တမ၏ အတ္ထုပ္ပတ္တိကို အနည်းငယ်မျှသာ စုံစမ်းသိရသည်။ အောက်ပြည်ရောက်စဉ်၊ ပေါင်းတည်မြို့အနီး၊ တောင်လွှဲရွာ ဦးမောင်ခွေးထံမှ ကြားသိရသမျှ မှတ်တမ်းတင်အပ်ပါသည်။ (ဗန်းမော်ဆရာတော်)

အရှင်ဥတ္တမကို၊ ပဲခူးတိုင်း၊ ပေါင်းတည်မြို့၊ ချောင်းနားရွာ အဖဦးသာထွန်းဦး+အမိ (                ) တို့မှ မွေးဖွားပါသည်။ မွေးချင်း (၅) ယောက်ရှိသည်။ ၎င်းတို့မှာ (၁) ဒေါ်အေးညို၊ (၂) ဦးသာသန၊ (၃) ဒေါ်စိန်ထွေး၊ (၄) ဦးဥတ္တမ၊ (၅) ဦးကျော်လေး တို့ ဖြစ်ပါသည်။ မိဘများမှာ တောင်သူလယ်သမား မျိုးရိုးဇာတိဖြစ်ကြသည်။ ဦးဥတ္တမ၏ ငယ်နာမည်မှာ မောင်ပေါ်ဒင် ဖြစ်သည်။ ကျောင်းသားဘဝ (၄) တန်းအောင်မြင်သည်။ ၎င်းနောက် တောင်လွှဲကျေးရွာဆရာတော် ဦးတေဇထံမှာ သင်္ကန်းဝတ်သည်။ ဉာဏ်ပညာအလွန်ထက်မြက်သည်။ ဆရာတော်ကပေးသောစာကို တစ်ခေါက်နှစ်ခေါက်ကျက်ရုံမျှဖြင့် အလွတ်ရသည်။ နောင်တော်ဖြစ်သူ ဦးသာသနထံမှာ လောကုတ္တရာစာပေများ ဆက်လက်သင်ယူသည်။ ဉာဏ်ပညာထက်မြက်လှသဖြင့် မန္တလေးသို့ ပညာသင်စေလွှတ်သည်။ မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ ညောင်ရမ်းဆရာတော်ထံနေ၍ လောကုတ္တရာစာပေ



ဘဒ္ဒန္တကုမာရာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝံ့သကာ

များသင်ယူသည်။ ၁၂၉၈-ခုနှစ်၌ မန္တလေးမြို့ ပရိယတ္တိအသင်း စာမေးပွဲ၌ ၂ ပါးမြောက်အနေဖြင့် "ဝံသကာ" ဘွဲ့တံဆိပ်ကို ရသည်။ အသင်းမှ ရွှေတံဆိပ်ဖြင့် ပူဇော်ကြသည်။

### သာသနာရေး ဆောင်ရွက်ချက်များ

မန္တလေးမြို့၊ မိုးကောင်းကျောင်းတိုက်၌ ဆရာတော်ကြီး၏ လက်ထောက်စာချအနေဖြင့် လောကုတ္တရာစာပေများ ပို့ချပေးသည်။ ဂျပန်ခေတ်၌ ပရိသုဒ္ဓပြု၍ မကြာမီ မတင်ညွှန့်ခေါ် အမျိုးသမီးနှင့် မင်္ဂလာဆောင်သည်။ ဂျပန်ခေတ်၌ ကွယ်လွန်သည်။

### မန္တလေးမြို့ ဝန်းမော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရာဘိဝံသ-ဝံသကာ ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်



(သက်တော် ၆၉ နှစ်၊ သိက္ခာတော် ၄၉ ဝါ)

ဖွားမြင်တော်မူခြင်း။ ။ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသသည် မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ် ရဘဲကျေးရွာ၌ ခမည်းတော် ဦးဘိုးသစ် + မယ်တော် ဒေါ်အေးသိုက်တို့မှ ၁၂၉၁ ခု၊ တော်သလင်းလဆန်း (၁၄) ရက်၊ တနင်္လာနေ့ဝယ် မိုးရှုးသန့်စင် ဖွားမြင်ခဲ့ပါသည်။ မွေးချင်း ရှစ်ယောက်အနက် ဆရာတော်သည် စတုတ္ထသားရတနာဖြစ်၍ ငယ်မည် မောင်ကျော်စိန် ဖြစ်ပါသည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားအရွယ်ငယ်စဉ်က ဆင်မင်းရွာ မူလတန်းကျောင်းမှ စတုတ္ထတန်းအောင်မြင်ခဲ့သည်။ ၎င်းနောက် တောင်သာနယ် ဇဂျမ်း ကံမြဲရွာကြီးရှိ အလယ်တန်းကျောင်းမှ သတ္တမတန်းအောင်မြင်ခဲ့သည်။ ဂျပန်ခေတ်ဝယ် ရွာသစ်ရွာအထက်တန်းကျောင်းမှ အဌမတန်းအောင်မြင်ပြီးနောက် တိုင်းပြည်မငြိမ်မသက်ရှိသဖြင့် မယ်တော်ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေဘောင် ဝင်ရောက်ခဲ့သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်ကုမာရ ဖြစ်ပါသည်။ ၁၃၁၀-ခု၊ တပို့တွဲလဆန်း (၁၀) ရက်နေ့၌ ရဟန်းဘောင် တက်ခဲ့သည်။

### စာပေ ပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ရှင်ကုမာရသည် အဌမတန်းအောင်မြင်ပြီးမှ ရှင်သာမဏေပြုခဲ့သူဖြစ်သဖြင့် လောကုတ္တရာစာပေအရာ၌လည်း စနစ်တကျဇယားချပြီး သဒ္ဒါကြီးကို (၁၁) လဖြင့် အားလုံးအနက်တက် ရုပ်တွက် အာဂုံဆောင်အထိ ရရှိသည်။ ထို့နောက် သင်္ဂြိုဟ်ကျမ်း စသည်ကိုလည်း မပင်မပန်း အနက်အဓိပ္ပါယ် အာဂုံအလွန်ရရှိတော်မူသည်။ ဤသို့ဖြင့် အခြေခံစာပေများ အဆင်သင့်ရှိနေချိန် ပဌမပြန်စာမေးပွဲများ ပေါ်ပေါက်လာသဖြင့် ဝင်ရောက်ဖြေဆိုရာ ပဌမငယ်တန်း၊ ပဌမလတ်တန်း၊ ပဌမကြီးတန်း တို့ကို အလွယ်တကူ အောင်မြင်တော်မူသည်။ ထို့နောက် မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ နယားကျောင်းသို့ ရွှေ့ပြောင်းပြီး မြန်မာပြည်ဝယ် အခက်ဆုံးစာမေးပွဲဟု တစ်ပြည်လုံးက အသိအမှတ်ပြုရသော ပရိယတ္တိသာသနဟိတ သကျသီဟ စာမေးပွဲအတွက် စာဝါများလိုက်၍ သင်ယူဆည်းပူးသည်။ ၁၃၁၄-ခုနှစ်တွင် သကျသီဟစာသင်တန်း၌ အမှတ်အများဆုံး နံပါတ်တစ်မှ အောင်မြင်သည်။ စတိုင်ပင်ဆုများ ချီးမြှင့်ခြင်း ခံရသည်။

၁၃၁၅ ခုနှစ်တွင် သကျသီဟ စာချတန်း၌ အဋ္ဌကထာကျမ်းကြီး (၃) ကျမ်းကို နှစ်မခြားပဲ တစ်နှစ်တည်းဖြင့် အောင်မြင်သဖြင့် "ဝံသကာ" ဟူသော ဂုဏ်ထူးဖြင့် ရွှေတံဆိပ်ချီးမြှင့်ခံရသည်။ အစိုးရဓမ္မာစရိယတန်း၌လည်း အဋ္ဌကထာကျမ်းကြီး (၉) ကျမ်းလုံးကို တစ်နှစ်တည်း ပါဠိဘာသာဖြင့်အောင်မြင်သဖြင့် "သိရောမဏိ" ဟူသော ဂုဏ်ထူးဖြင့် ဆုငွေများ ပို၍ ချီးမြှင့်ခြင်း ခံရသည်။ မြန်မာတစ်နိုင်ငံလုံး၌ ပါဠိဘာသာဖြင့် "သိရောမဏိ" ဘွဲ့ရရှိသူမှာ ဤဆရာတော်တစ်ပါးတည်း ရှိပါသည်။

### အောင်မြင်ခဲ့သော စာမေးပွဲများ

ပြဆိုခဲ့သည့်အတိုင်း ၁၃၀၈ ခုနှစ်၊ ပဌမငယ်တန်း၊ ၁၃၀၉ ခုနှစ်ပဌမလတ်တန်း၊ ၁၃၁၃ ခုနှစ် ပဌမကြီးတန်း၊ ၁၃၁၄ ခု

သကျသီဟစာသင်တန်း၊ ၁၃၃၅ ခုနှစ် သကျသီဟ စာချတန်း၊ ပရိယတ္တိဓမ္မာစရိယ "ဝဋံသကာ"ဘွဲ့ နှင့် အစိုးရစာချတန်း "သာသနဓဇသိရိပဝရဓမ္မာစရိယ ပါဠိသိရောမဏိ" ဘွဲ့များကို ရရှိပါသည်။ လောကုတ္တရာစာမေးပွဲများ ပြီးဆုံးပြီးနောက် လောကီအတန်းစာများကို ဆက်လက်လေ့လာရာ မန္တလေး တက္ကသိုလ်မှ ဘီအေ ဘွဲ့ကို ရရှိပါသည်။ ၎င်းနောက် မန္တလေးမြို့ ဘုရားကြီးတိုက် ပုသိမ်ကျောင်းဆရာတော်ထံ သဒ္ဒတ္ထကောမုဒီ မည်သော သက္ကတသဒ္ဒါကျမ်းကို ၃ နှစ်ခန့်ဖြင့် အပြီးသင်ယူခဲ့ပါ သည်။ ၎င်းနောက် ပြာကရိုက်ဘာသာနှင့် အဒ္ဓမာဂဓီဘာသာ တို့ကို အဘယာရာမတိုက် ဆရာတော်ဦးသီလာနန္ဒ၏ အကူ အညီအနည်းငယ်ဖြင့် လေ့လာသင်ယူခဲ့ပါသည်။

## ပရိယတ္တိစာပေ ကျမ်းဂန်ပို့ချခြင်း

ဆရာတော်သည် စာချတန်း (ဓမ္မာစရိယ) စာမေးပွဲများ ကို ထူးချွန်စွာ ဂုဏ်ထူးအဆင့်ဆင့်ဖြင့် အောင်မြင်ပြီး မန္တလေးမြို့ ဘုရားကြီးတိုက် နယားကျောင်းမှာနေပြီး ပါဠိတက္ကသိုလ် စာဝါ များကို၎င်း၊ အခြေပြု ဓမ္မာစရိယအဖွဲ့ဝင်အနေဖြင့် ငယ်, လတ်, ကြီး စာဝါများကိုလည်း အားကြိုးမာန်တက် ပို့ချဆောင်ရွက်ပေး ခဲ့ပါသည်။ ဆရာတော်၏ထံမှ စာလိုက်ပြီး စာမေးပွဲအဆင့်ဆင့် အောင်သွားကြသည့်ပုဂ္ဂိုလ်များ အလွန်တရာများပြားပါသည်။ ယခုအထိလည်း ဖန်းမော်ကျောင်းတိုက်ကြီးကို ဦးစီးပြီး စာလိုက် သံဃာများအား အုပ်ချုပ်ပြီး စာပေများ နေ့ဝါ ညဝါ မလပ် ပို့ချ လျက်ရှိပါသည်။

## သာသနာရေး ဆောင်ရွက်တော်မူချက်များ

ပြဆိုခဲ့သည့်အတိုင်း စာသင်သားသံဃာများအား နေ့ဝါ ညဝါ စာဝါများကို ပို့ချပေးခြင်း၊ ဘုန်းတော်ကြီးကျောင်း ပညာ ရေး စနစ်ခေတ်က မူလတန်းကလေးသူငယ် မရှိဆင်းရဲသူ သား သမီး တို့ကို မူလတန်း အခမဲ့ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

ဆဋ္ဌသံဂါယနာခေတ်က ၁၃၁၈ ခုနှစ်၊ ၁၃၂၃ ခုနှစ်အထိ ၅ နှစ်တိုင်တိုင် ဆဋ္ဌသံဂါယနာစာမူများ ကောင်းမွန်ရေးအတွက် ဩသာနပတ္တပါဠိ၊ ဩသာနသောဓေယျက ပုဂ္ဂိုလ်အနေဖြင့် စာမူများကို သုတ်သင်ပြင်ဆင်ပေးခဲ့ပါသည်။

သာသနာတော် သန့်ရှင်းတည်တန့်ပြန့်ပွားရေးဂိုဏ်း ပေါင်းစုံအဖွဲ့ကြီး စတင်ဖွဲ့စည်းရန် ဥသျှောင်ဆရာတော်များအဖွဲ့ မှာ၎င်း၊ တစ်နိုင်ငံလုံးမှ ၆၆ ပါးသော ဗဟိုဝန်ဆောင်များအဖွဲ့မှာ ၎င်း၊ အဖွဲ့ဝင်တစ်ပါးအနေဖြင့် လိုက်လံစည်းရုံးဟောပြောပေး ခဲ့ပါသည်။

ဝိနည်း ဓမ္မကံမှုခင်းဆိုင်ရာ ဥပဒေရေးဆွဲရာ၌ ဆရာတော် သည် အတွင်းရေးမှူးအနေဖြင့် ပြီးမြောက်အောင်မြင်သည် အထိ ဆောင်ရွက်ပေးခဲ့ပါသည်။ ယခုအထိလည်း နိုင်ငံတော် ဗဟိုသံဃ ဝန်ဆောင်တစ်ပါးအနေဖြင့် သာသနာရေးကိစ္စများ ကို ဆောင်ရွက်ပေးနေပါသည်။

ဓမ္မနီတိ မိစ္ဆာဝါဒများကိုလည်း သီးခြား ဝိနည်းဓိုရ်အနေ ဖြင့် နိုင်ငံတော်အစိုးရ၏ တောင်းပန်ချက်ဖြင့် ဆုံးဖြတ်ပေးခဲ့ပါ သည်။

နိုင်ငံတော်အရပ်ရပ်မှ မပြီးပြတ်ပဲရှိနေသည့်မှုခင်းများကို လည်း နိုင်ငံတော်ဝိနည်းဓိုရ် အနေဖြင့် ဆုံးဖြတ်ပေးပါသည်။

## ပြုစုခဲ့သောကျမ်းစာများ

၁။ သိမ်တောင် သာသနာဝင်ကျမ်း
၂။ နိုင်ငံတော်အစိုးရ၏ လျှောက်ထားချက်အရ ပြုစုသော တိပိဋက ပါဠိပဒကျမ်းညွှန်း အ-ဝဂ် စာအုပ် ၄ အုပ် (အဖွဲ့ ဝင်အဖြစ် ပြုစုသည်)
၃။ ထေရီအပဒါနဒီပနီ (ပါဠိဘာသာဖြင့် ပြုစုသည်)
၄။ ယမိုက်ပါဠိတော် (၁၀) ကျမ်း (အင်္ဂလိပ်ဘာသာ)
၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အ-ဝဂ် ၄ အုပ် ရိုက်ဆဲ
၆။ မောဂ္ဂလာန်သဒ္ဒါကျမ်း၏အဖွင့် ပယောဂသိဒ္ဓိနိဿယကျမ်း ပ-ဒု၊ ၂ အုပ်ရိုက်ပြီး
၇။ မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်းကျမ်းကို ပါဠိ ဘာသာပြန်ဆိုသည်။ ပ-ဒု၊ ၂ အုပ်။
၈။ တိပိဋကဓရ မေးခွန်းများ၏အဖြေလွှာ ဝိနည်း ၅ ကျမ်း၊ ၅ အုပ်။

## ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များ

ဆရာတော်သည် အမြင်အားဖြင့် စာချ၊ စာပြန်၊ တရား ဟောအလုပ်တွေကိုသာလုပ်နေသည်ဟု မြင်တွေ့နေရပါသည်။ ပရိယတ္တိသာသနာအနေဖြင့် သာသနာ့ကျက်သရေဆောင် ကြည်ညိုဖွယ်ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ပါသည်။ အမှန်မှာ ဆရာတော်သည် ၄ ဝါရ (၂၄ နှစ်) မှစ၍ ပဋိပတ္တိသာသနာ့ရိပ် သာ ဌာနအသီးသီးသို့ သွားရောက်လေ့လာကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သူဖြစ်ပါသည်။ တစ်နေ့မှ တရားအားမထုတ်ပဲ အချိန်မကုန်စေပါ။ နေ့စဉ် စာချ၊ စာပြန်၊ ပြီးတိုင်း ခန္ဓာကိုယ်မှာ ဉာဏ်စိုက်ပြီး ဝိပဿနာတရားပွားများနေသည်သာများပေသည်။ လောဘ, ဒေါသ, မောဟ, မာန်, မာနအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံများ မဖြစ်ပွားအောင် အထူးထိန်းသိမ်းစောင့် ရှောက် နိုင်ပါပေသည်။ ဘုရားဂုဏ်တော်နှင့် မေတ္တာကမ္မဋ္ဌာန်း



ဘဒ္ဒန္တကေသရာလင်္ကာရာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝင်္ဂသကာ

များကို အမြဲလက်ကိုင်ထားပြီး တပည့် ဒကာ ဒကာမများကိုလည်း သွန်သင်ဟောပြပေးနေသဖြင့် ဖူးတွေ့ရသူတိုင်း ကြည်ညို လေးစားကြပါသည်။

ယခုအခါ (၁၃၅၉–၁၉၉၇) ခု၊ သက်တော် ၆၉ နှစ် ရှိလာပြီဖြစ်၍ ပရိယတ္တိထက် ပဋိပတ္တိကို ဦးစားပေးပြီး သာသနာတော်ကို အားပေးထောက်ပံ့ ပူဇော်လျက်ရှိလေသည်။ ။

ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယ ဝင့်သကာ
အရှင်ကေသရာလင်္ကာရာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း
သက်တော် ၂၄၆၊ သိက္ခာတော် ၁၄၆ ဝါ



အရှင်ကေသရာလင်္ကာရာဘိဝံသသည် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်၊ တမာပင်ခွရွာ ညောင်ပင်ကြီးအုပ်စု ခမည်းတော် ဦးထွားမောင် + မယ်တော် ဒေါ်မယ်အိ တို့မှ ၁၃၂၃ ခုနှစ် နယုန်လဆန်း (၉) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သော စတုတ္ထမြောက်သားရတနာဖြစ်ပါသည်။

၁၃၃၃ ခုနှစ်၊ တပေါင်းလဆန်း (၈) ရက်နေ့တွင် တမာပင်ခွရွာ မဟာဗောဓိဝေယန်ကျောင်း ဆရာတော်အရှင်ပဏ္ဍိစ္စာဘိသိရီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

၁၃၃၉ ခုနှစ် နယုန်လဆန်း (၂) ရက်နေ့မှ စ၍ ၁၃၅၀ ခုထိ (၁၁) နှစ်တိုင်တိုင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကစာချဆရာများထံ၌ ပရိယတ္တိစာပေတို့ကို သင်ယူလေ့လာခဲ့ပါသည်။

၁၃၄၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၃) ရက်၊ အင်္ဂါနေ့တွင် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ပွဲကုန်း ခဏ္ဍသိမ်ဝယ် ဆရာတော်အရှင် စန္ဒောဘာသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ ၂၆ အာဇာနည်လမ်း ဆိုင်းတန်းရပ်နေ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ ပွဲကုန်းသိမ်ကျောင်းဒကာ ဦးသောင်းညွှန့်+ ဒေါ်ခင်လှ (သား) မောင်မြင့်ဇော်၊ မအောင်မေစီ၊ မြေး–မစုစုဇော်၊ မသိရိဇော် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်မြို့နယ် ဦးဘာဘာ+ ဒေါ်တင်တင်လှ မိသားစု၊ ဦးဘင်ကင်း+ဒေါ်နု မိသားစု၊ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိရပ်ကွက်နေ ဦးစိုးအောင်+ဒေါ်ခင်စိုး မိသားစု၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်နေ ဦးရှိန်၊ ဦးသောင်းအေး+ဒေါ်ပိုင် မိသားစု၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနေ ဦးစိုးဝင်း+ဒေါ်စန္ဒာမောင် မိသားစု၊ တာမွေမြို့နယ် ကျောက်မြောင်းကျား ကွက်သစ်ရပ်ကွက်နေ ဦးစိန်လှိုင်+ ဒေါ်စိန်ဝိုင် (သမီး) မဝင်းဝင်းအေး မိသားစု၊ သုံးခွမြို့နေ ဦးမောင်မောင်+ဒေါ်ဆွဲ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပုနောပသမ္ပဒမင်္ဂလာကို ခံယူခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

၁၃၃၉ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကျင်းပသည့် သာမဏေသကျသီဟ ပဌမဆင့်နှင့် အစိုးရ ပဌမငယ်တန်း၊ ၁၃၄၀ ခုနှစ်တွင် သာမဏေသကျသီဟ ဒုတိယဆင့် (ဒုတိယ)၊ ၁၃၄၁ ခုနှစ်တွင် အစိုးရ ပဌမလတ်တန်း၊ သာမဏေသကျသီဟ တတိယဆင့် (ပဌမ) သာသနာလင်္ကာရ သာမဏေကျော်၊ ၁၃၄၂ ခုနှစ်တွင် အစိုးရ ပဌမကြီးတန်း (ဒုတိယ)၊ ၁၃၄၅ခုနှစ်တွင် မြင်းခြံမြို့ သဒ္ဓမ္မပါလမူလစာသင်တန်း (ဒုတိယ)၊ ရန်ကုန်မြို့ စေတိယင်္ဂဏစာသင်တန်း (ဒုတိယ)၊ အစိုးရဓမ္မာစရိယစာချတန်း (ပဌမ–အဂ္ဂမဟာအကျော်)၊ ၁၃၄၇ ခုနှစ်တွင် စေတိယင်္ဂစာချတန်း (တတိယ)၊ မန္တလေးမြို့ သကျသီဟစာသင်တန်း (ပဌမ)၊ ၁၃၄၈ ခုနှစ်တွင် သကျသီဟစာချတန်း (ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယ ဝင့်သကာ)၊ ၁၃၅၄ ခုနှစ်တွင် အစိုးရနိကာယ်စာမေးပွဲ ဝိနယဝိဒူ၊ ၁၃၅၅ ခုနှစ်တွင် ဒီဃနိကာယဝိဒူ (ပဌမ)၊ ၁၃၅၆ ခုနှစ်တွင် မဇ္ဈိမနိကာယဝိဒူ၊ ၁၃၅၇ ခုနှစ်တွင် သံယုတ္တနိကာယဝိဒူဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့ပါသည်။

၁၃၅၁ ခုနှစ်မှ ၁၃၅၈ ခုနှစ်အထိ ရန်ကုန်မြို့ ဆုထူးပန် ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးလျက် မန္တလေး၊ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်ကျွန်း သာမဏေကျော်စာမေးပွဲ တတိယဆင့်

အောင် သာမဏေကျော်ဘွဲ့ရ (၃၁) ပါး၊ ဒုတိယဆင့်အောင် (၁၂၂) ပါး၊ ပဌမဆင့်အောင် (၂၇၃) ပါး၊ အစိုးရနိကာယ်စာမေးပွဲ ဝိနယဝိဒူဘွဲ့ရ (၃၈) ပါး၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့ရ (၁၂) ပါး၊ ဒီဃ မဇ္ဈိမ သံယုတ္တနိကာယဝိဒူဘွဲ့ရ (၃) ပါး တို့ကို မွေးထုတ်ကာ ဆုထူးပန်စာသင်တိုက်ကို ပရိယတ္တိလောက၌ အောင်မြင်သော စာသင်တိုက်တစ်တိုက်အဆင့်သို့ ရောက်စေလျက် မိမိတာဝန် ကျေပြွန်စေခဲ့ပါသည်။

### ကျေးဇူးရှင်ဆရာတော်များ

ယင်းမာပင်မြို့နယ်၊ တမာပင်ခွဲရွာ မဟာဗောဓိဝေယန်ကျောင်း ဆရာတော်အရှင် ပဏ္ဍိတာဘိသိရီ၊ ယင်းမာပင်မြို့ သံဃ နာယကဥက္ကဋ္ဌ ရေဝန်းကျောင်း ဆရာတော် ဦးဥတ္တမ၊ သဲကုန်း ကျောင်းဆရာတော် ဦးနန္ဒာစာရ၊ ဦးစန္ဒိမာ၊ ငါးမောင်းကျောင်း ဆရာတော် ဦးဝါသဝ၊ အမရပူရမြို့ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာဘိဝံသ၊ အရှင်စန္ဒောဘာသ၊ အရှင်မဟိန္ဒ၊ အရှင်ဣန္ဒောဘာသာဘိဝံသ၊ အရှင်အဂ္ဂဝံသ၊ အရှင်ကုဏ္ဍလာ ဘိဝံသ၊ ဦးကလျာဏ၊ ဦးအဂ္ဂဝံသာဘိဝံသ၊ ဦးသုနန္ဒ၊ ဦးဇနပ္ပတိ၊ ဦးဓမ္မပ္ပိယ၊ ဦးဝိမလဗုဒ္ဓိ၊ မင်္ဂလာဒုံမြို့နယ် သရက်ကုန်းကျောင်း ဆရာတော် အရှင် နန္ဒောဘာသာလင်္ကာရ၊ ပေါက်မြိုင်တိုက် ဆရာတော် အရှင် အဂ္ဂဝံသာဘိဝံသ၊ ဘုရားကြီးတိုက် ဦးသြဘာသာဘိဝံသ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်အရှင် ပဏ္ဍိတာဘိဝံသ၊ ဦးပညိန္ဒ၊ ဦးသူရိယ တို့ထံ အခြေခံနှင့် အထက်တန်း စာပေတို့ကို လေ့လာသင်ယူခဲ့ပါသည်။

၁၃၅၉ ခုနှစ်မှစ၍ မန္တလေးမြို့ ၂၆ အာဇာနည်လမ်း ဆိုင်းတန်းရပ်နေ ဦးသောင်းဉာဏ်+ဒေါ်ခင်လှ (သား) မောင်မြင့်ဇော်၊ မအောင်မေစီ (မြေး) မစုစုဇော် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မန္တလေးမြို့ ၆၂ လမ်း စလင်းတိုက်ဟောင်း အတွင်း၌ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်ကို တည်ထောင်လျက် စာပေပို့ချကာ သာသနာ့တာဝန်ကို ထမ်းဆောင်လျှက် ရှိပါသည်။

### မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ဝင့်သကာဘွဲ့တံဆိပ်ရ ဦးကျော်ရှိန် (ဦးလက္ခဏ) ၏ ထေရုပ္ပတ္တိအကျဉ်း

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ အဋ္ဌကထာသုံးကျမ်း စာချတန်းကို နှစ်မခြားပဲ ဖြေဆိုအောင်မြင်သဖြင့် "ဝင့်သကာ" ဘွဲ့တံဆိပ်ကို တတိယမြောက်ပုဂ္ဂိုလ်အဖြစ်ဖြင့် ရရှိခဲ့သူမှာ ဦးကျော်ရှိန် (ဦးလက္ခဏ) ဖြစ်ပါသည်။



ဦးကျော်ရှိန်သည် တနင်္သာရီတိုင်း၊ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ် သပြေရှောင်ရွာ ဦးအေးဖေ+ဒေါ်လှူး တို့မှ ၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၃) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉) နာရီတွင် မွေးဖွားသည့် သားထွေးဖြစ်သည်။ အသက် (၉) အရွယ်တွင် သပြေရှောင်အစိုးရမူလတန်းကျောင်းတွင် စတုတ္ထတန်းအောင်မြင်ပြီးနောက် သပြေရှောင်တိုက်ကျောင်းဆရာတော် ဦးပညာထံတွင် မင်္ဂသုတ်ပါဠိအနက်အစရှိသော အခြေခံဗုဒ္ဓဘာသာသင်ခန်းစာတို့ကို သင်ယူခဲ့သည်။ ၁၂၉၆ ခုနှစ် (၁၃) အရွယ်တွင် လက်ထောက်ဘုန်းကြီး ဦးဝိလာသနှင့်အတူ မန္တလေးမြို့သို့လိုက်ပါပြီး အနောက်ပြင်ထီးလင်းတိုက် တောင်သာကျောင်း (ယခုသဒ္ဓမ္မရံသီကျောင်း) ဆရာတော်ဦးသောဘဏထံ၌ ကစ္စည်း၊ သဒ္ဒါ အစရှိသော အခြေခံပရိယတ်ကျမ်းစာများကို သင်ယူ၍ ၁၂၉၇ ခုနှစ် နယုန်လတွင် သကျသီဟဘုရားဝင်းအတွင်း ကျင်းပသော အမျိုးသားပရိယတ္တိစာမေးပွဲ ပဌမငယ်တန်းကို ကျောင်းသားအဖြစ်ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

### ရှင်သာမဏေအဖြစ်သို့ရောက်ရှိခြင်း

၁၂၉၇ ခုနှစ်၊ ပြာသိုလတွင် မန္တလေးမြို့မှ သထုံမြို့သို့ ရောက်ရှိပြီး လယ်ဝန်ဦးအုန်းဖေကျောင်းတိုက် ပဓာနနာယကဆရာတော်ဦးယောသိတာဘိဝံသထံတွင် ဆရာဘုန်းကြီး ဦးဝိလာသက အပ်နှံခဲ့သည်။ ထိုစာသင်တိုက်၌ ကျောင်းသားအဖြစ်ဖြင့်ပင် ပရိယတ်အခြေခံကျမ်းစာတို့ကို ဆက်လက်သင်၍ ထိုနှစ်တပေါင်းလတွင် မွေးရာဇာတိ သပြေရှောင်ရွာ သပြေရှောင်

ကျောင်းတိုက် ဆရာတော်ဦးပညာကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ထို့နောက် သထုံမြို့ လယ်ဝန်ဦးအုန်းဖေ ကျောင်းတိုက်၌ ပြန်လည်နေထိုင်ကာ ပရိယတ်ကျမ်းစာများကို ဆက်လက်သင်ယူသည်။ ထိုသို့ သင်ယူရင်း ၁၂၉၈ ခုနှစ်မှ ၁၃၀၀ ပြည့်နှစ်များအတွင်း အစိုးရပဌမပြန် စာမေးပွဲ ငယ်, လတ်, အကြီးတန်းတို့ကို နှစ်စဉ်ဆက်လက်အောင်မြင်လာသကဲ့သို့ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်း စာမေးပွဲ မဟာဝေယျာကရဏ်, ဝိနယဓရ, အဘိဓမ္မိကတန်း တို့ကို လည်း အောင်မြင်သဖြင့် သာသနဇောတိပါလ (ဒုတိယစာချ) ဘွဲ့တံဆိပ်ကို ရှင်သာမဏေအဖြစ်ဖြင့် ရရှိခဲ့သည်။ ၁၃၀၁ ခုနှစ် ကဆုန်လဆန်းတွင် ဆရာတော် ဦးဃောသိတာဘိဝံသ သည် လယ်ဝန်ဦးအုန်းဖေကျောင်းတိုက်မှ ထားဝယ်မြို့၌ စာသင်တိုက် သစ်တည်ထောင်ရန် ပြောင်းရွှေ့ထွက်ခွာရာတွင် ဆရာတော်နှင့် အတူ ထားဝယ်မြို့သို့ လိုက်ပါနေထိုင်ခဲ့သည်။

## ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

၁၃၀၂ ခုနှစ်၊ တပို့တွဲလတွင် သထုံမြို့ လယ်ဝန်ဦးအုန်းဖေ ကျောင်းတိုက် ခဏ္ဍသိမ်တွင် ဓမ္မမေဒနီဆရာတော် ဦးသူရိယ (အဂ္ဂမဟာပဏ္ဍိတ) ကို ဥပဇ္ဈာယ်ပြုလျက် သထုံမြို့ ဘူတာရုံလမ်း အထည်ကုန်သည်နှင့် လယ်ပိုင်ရှင် ဦးဟုတ်ဝမ်+ဒေါ်ကျင်သုန် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ထို့နောက်လယ်ဝန်ကျောင်းတိုက်၌ပင် စာချဆရာငယ်အဖြစ်ဖြင့် စာပေပို့ချလျက် ပရိယတ္တိသာသနဟိတဓမ္မာစရိယ ပိဋကတ္တယ ပါရဂူစာချ ဆရာတော်ဦးနာဂသေနထံ၌ စာချတန်းဆိုင်ရာ သီလက္ခန်အဋ္ဌကထာကို ၃ လကျော်မျှ သင်ယူပြီးလျှင် ၁၃၀၃ ခုနှစ် နယုန်လတွင် ရန်ကုန်မြို့၌ ကျင်းပသော အစိုးရဓမ္မာစရိယ စာချတန်းကို ဝင်ရောက်ဖြေဆိုရာ သီလက္ခန္ဓပါဠိအဋ္ဌကထာနှင့် ဂုဏ်ထူးဆောင်ကျမ်း ၃ ကျမ်းကို အောင်မြင်ခဲ့သည်။ ထိုနှစ် ပြာသိုလတွင် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ စတုတ္ထဆင့် ဒီဃ ဘာဏကနှင့်မဇ္ဈိမဘာဏကတန်းကို ဝင်ရောက်ဖြေဆိုသည်။ ထိုအခါ ဒုတိယကမ္ဘာစစ်မီးသည် မြန်မာနိုင်ငံတော်သို့ ကူးစက် ဝင်ရောက်စပြုလာသဖြင့် ထားဝယ်မြို့သို့ ပြန်၍ ဃောသိရာမ စာသင်တိုက်၌ စာချနေထိုင်သည်။ ထိုစဉ် ဂျပန်ခေတ်တွင် အဓိ ပတိအစိုးရက ကျင်းပသော ဝိနယကျော်တန်းကို ဖြေဆို အောင်မြင်ခဲ့သည်။ ၁၃၀၆ ခုနှစ်တွင် ထားဝယ်မြို့မှ သထုံမြို့သို့ ပြန်လာ၍ သထုံစာမေးပွဲ ဆဋ္ဌဆင့် ခုဒ္ဒကဘာဏက (ပဌမပိုင်း) တန်းကို ဖြေဆိုအောင်မြင်ခဲ့သည်။

## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်းက စာမေးပွဲကျင်းပရန် ကြေငြာသည်ကို ထားဝယ်မြို့ ဆရာတော် ဦးဃောသိတာဘိဝံသ သိရှိတော်မူ သောအခါ သထုံမြို့နေ တပည့် ဦးလက္ခဏအား မန္တလေးမြို့ သကျသီဟစာမေးပွဲ သွားရောက်ဖြေဆိုရန် စာရေးညွှန်ကြား တော်မူသည်။ ဆရာတော်ဘုရား၏ ညွှန်ကြားချက်အရ စာသင် တန်းဆိုင်ရာ အာဂုံကျမ်းစာတို့ကို ပြန်လည်ကျက်မှတ်ကာ ၁၃၀၈ ခုနှစ်၊ ကဆုန်လပြည့်ကျော်တွင် မန္တလေးမြို့ရောက်ရှိပြီး တောင်သမန်တိုက် ယာယီလယ်ပေါ်ကျောင်း ဆရာတော် ဦးသာဂရထံ၌ နေထိုင်ကာ ဃောသိတာရာမတိုက်အမည်ဖြင့် နယုန်လတွင် သကျသီဟစာသင်တန်း စာမေးပွဲကို ဝင်နှံဖြေဆို ရာ ပထမစွဲ၍ အောင်မြင်ခဲ့သည်။ ထိုနှစ်တွင် မန္တလေးမြို့၌ အစိုးရဓမ္မာစရိယစာချတန်း စာမေးပွဲ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ ကျမ်းကိုပါ ဖြေဆိုအောင်မြင်ခဲ့သည်။ ထားဝယ်ဆရာတော်၏ အပ်နှံချက်အရ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရား ထံ၌ ဆည်းကပ်နေထိုင်ရန်ရှိသော်လည်း ညောင်ရမ်းဆရာတော် ဘုရားကြီး၏တပည့် စစ်ကိုင်းတောင်ရိုး ရေဦးတိုက်သစ် ဇေယျသိန်ကျောင်း ဆရာတော် ဦးပညိန္ဒာဘိဝံသ ခေါ်တော်မူသ ဖြင့် ညောင်ရမ်းဆရာတော်ဘုရား၏ အခွင့်ပြုမှုကို ရယူကာ ဆရာတော်ဦးပညိန္ဒာဘိဝံသထံ၌ ဆည်းကပ်နေထိုင်လျက် ဆရာတော်ဘုရား ပို့ချသင်ပြတော်မူသော အဋ္ဌသာလိနီအဋ္ဌ ကထာနှင့် မူလကထာတို့ကို ဆရာနည်းကျကျ သင်ယူဆည်း ပူးခဲ့သည်။ ၁၃၀၉ ခုနှစ် သကျသီဟစာမေးပွဲ ကျင်းပချိန် နီးကပ် လာသောအခါ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော်ဘုရား ကြီးထံ၌ ပြောင်းရွှေ့နေထိုင်လျက် သကျသီဟ စာချတန်းစာမေး ပွဲကို ဖြေဆိုရာ အဋ္ဌကထာကျမ်း သုံးကျမ်းလုံးကို တစ်ကြိမ်တည်း ဖြင့် ဒုတိယစွဲ၍ အောင်မြင်သဖြင့် လက္ခဏာဘိဝံသပရိယတ္တိ သာသနဟိတဓမ္မာစရိယ ဝဋံသကာ အဋ္ဌကထာအကျော်ပြန် ရွှေတံဆိပ်ကို ရရှိခဲ့ပါသည်။ ရန်ကုန်မြို့၌ ကျင်းပသော အစိုးရ ဓမ္မာစရိယစာချတန်းတွင်လည်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ ကျမ်းရင်းနှင့် ကျန်ဂုဏ်ထူး ၃ ကျမ်းကိုပါ ဖြေဆိုအောင်မြင်သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့တံဆိပ်ကိုပါ ရရှိခဲ့ပါသည်။

သကျသီဟနှင့် အစိုးရဓမ္မာစရိယစာချတန်းတို့ကို အောင်မြင်ပြီးနောက် မန္တလေးမြို့ တောင်သမန်တိုက် လယ်ပေါ် ကျောင်းတိုက်၌ ဝါဆိုနေထိုင်လျက် သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို ပို့ချပေးခဲ့သည်။ ၁၃၀၉ ခုနှစ်၊ ပြာသိုလတွင် သထုံမြို့ သုဝဏ္ဏ

ဘူမိအသင်း ပဋ္ဌမဆင့် သံယုတ္တနှင့် အင်္ဂုတ္တရဘာဏက စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သည်။ ထို့နောက် ထားဝယ်မြို့ ဃောသိတာရာမတိုက်၌ ခေတ္တမျှပြန်လည်နေထိုင်ပြီးနောက် ရန်ကုန်မြို့ ဝဟန်းမြို့နယ် ဘင်္ဂလားတိုက်အုဒ္ဒလေ့ခါးကျောင်း၌ နေထိုင်၍ လောကီပညာရပ်များကို သင်ယူရာ ၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းနှင့် ၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပစာတန်းစာမေးပွဲတို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။ (ထိုစဉ်က ရန်ကုန်တက္ကသိုလ် ဥပစာတန်းစာမေးပွဲတို့ကို ကျောင်းသားအဖြစ် တက်ရောက်သင်ယူခွင့်ရနေသည်)။ ထို့နောက် ထားဝယ်မြို့ ဃောသိတာရာမတိုက် ကျေးဇူးရှင် ဆရာတော်ဦးဃောသိတထံ၌ ပြန်လည်နေထိုင်ကာ ပရိယတ်ကျမ်းစာ နေ့ဝါ ညဝါတို့ကို ပို့ချသင်ပြသည်။ ယင်းသို့ သင်ပြရင်း ရန်ကုန်တက္ကသိုလ် ဥပစာဝိဇ္ဇာတန်းပထမနှစ် ဒုတိယနှစ်စာမေးပွဲတို့ကို ပြင်ပကျောင်းသားအဖြစ် ဆက်လက်ဖြေဆိုအောင်မြင်သဖြင့် ၁၉၅၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ၁၃၁၅ ခုနှစ်တွင် ဃောသိတာရာမတိုက်သည် ပါဠိတက္ကသိုလ်အဖြစ်သို့ ရောက်ရှိသောအခါတွင်လည်း ကထိကစာချအဖြစ်ဖြင့် ဓမ္မာစရိယတန်းဆိုင်ရာ အဋ္ဌကထာကျမ်းစာတို့ကိုပါ ပို့ချသင်ပြသည်။ ထိုစဉ်အတွင်း ကမ္ဘာအေးကုန်းမြေ၌ ဆဋ္ဌသင်္ဂါယနာတင်ရာတွင် အတွင်းရေးမှူး (၁) ဆရာတော်ဦးဝိသုဒ္ဓ၏ ပင့်ခေါ်တော်မူချက်အရ တပေါင်းလမှ နယုန်လအထိ ပါဠိပဋိဝိသောဓကနှင့် ဩသာနသောဓေယျကအဖွဲ့ဝင်အဖြစ်ဖြင့် နှစ်စဉ်ရွက်ဆောင်သဖြင့် ပါဠိတော်သင်္ဂါယနာတင်အပြီး သာသနာတော် (၂၅၀၀) ပြည့်နှစ်တွင် အခြားသော ဆရာတော်ငယ်များနှင့်အတူ နိုင်ငံတော်အစိုးရ၏ မီးရထားနှင့် သင်္ဘော ပထမတန်းအခမဲ့ စီးနင်းခွင့် လက်မှတ်လှူဒါန်းသည်ကို ခံယူရရှိခဲ့သည်။

၁၃၂၀ ပြည့်နှစ် (၁၉၅၈ ခုနှစ် ဖွန်လ) တွင် ရဟန်းအဖြစ်မှ ထွက်ပြီးနောက် ထိုနှစ် ဩဂုတ်လမှ ၁၉၈၁ ခုနှစ် အောက်တိုဘာလအထိ ရန်ကုန်တက္ကသိုလ်၊ မော်လမြိုင်ကောလိပ် (ယခု မော်လမြိုင်တက္ကသိုလ်)၊ မန္တလေးတက္ကသိုလ် ပါဠိဌာန (ယခု အရှေ့တိုင်း ပညာဌာန)၌ လက်ထောက်ကထိကအဖြစ်ဖြင့် ၂၃ နှစ်တာအထိ လှည့်လည်အမှုထမ်းခဲ့သည်။ ယင်းသို့ထမ်းဆောင်ရင်း ၁၉၆၀ ပြည့်နှစ်တွင် မဟာဝိဇ္ဇာတန်းအရည်အချင်းစစ်စာမေးပွဲနှင့် မဟာဝိဇ္ဇာတန်း စာမေးပွဲတို့ကို ရန်ကုန်တက္ကသိုလ်၌ ဖြေဆိုအောင်မြင်ပြီးနောက် ကျမ်းပြုပြီးစီးသဖြင့် ၁၉၆၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။

၁၉၈၁ ခုနှစ်တွင် အငြိမ်းစားယူပြီးနောက် ထားဝယ်မြို့၌ ပြန်လည်နေထိုင်လျက် ဃောသိတာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် တပည့်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ဘုံသထိန်နှင့် ဝေယျာဝစ္စအဖွဲ့ အတွင်းရေးမှူး၊ ထားဝယ်မြို့ ပရိယတ္တိသာသနဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ၊ ထားဝယ်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း ဒုတိယဥက္ကဋ္ဌ စသည်ဖြင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည့်အပြင် အစိုးရအဘိဓမ္မာစာမေးပွဲဂုဏ်ထူးဆောင်တန်း ဋီကာကျော်ကျမ်းကို ၁၉၈၄ ခုနှစ်မှ စ၍လည်းကောင်း၊ ရတနာမာရ်အောင်သီလရှင်စာသင်တိုက်၌ ပဌမကြီးအောင် သီလရှင်လေးတို့အား ဓမ္မာစရိယတန်းဆိုင်ရာ အဋ္ဌကထာကျမ်းစာတို့ကို ၁၉၉၃ ခုနှစ်မှစ၍လည်းကောင်း နှစ်စဉ် ဓမ္မဒါနအဖြစ်ဖြင့် ပို့ချသင်ပြပေးနေပါသည်။

### အရှင်သုမနာဘိဝံသ
### ပရိယတ္တိသာသနဟိတဓမ္မာစရိယ (ဝင်္ဂသကာ)၏
### အတ္ထုပ္ပတ္တိအကျဉ်း



အရှင်သုမနာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင်္ဂသကာ၏ အလောင်းအလျာ မောင်သောင်းလွင်ကို ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ကြိုပင်ကျေးရွာ၌ အဘဦးပေါ်ထွန်း+အမိဒေါ်သွယ် တို့မှ ၁၂၉၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၉) ရက်၊ သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။

အခြေခံပညာအရေး အဖတ် အတွက်ကို ကြိုပင်ရွာမြောက်ကျောင်းတွင် သင်ယူခဲ့၍ ရှင်မပြုမီကျောင်းသားဘဝမှာပင် လောကနီတိ၊ ပရိတ်ကြီး၊ အဘိဓမ္မတ္ထ သင်္ဂဟပါဠ်နှိသ တို့ကို အာဂုံဆောင်နိုင်ခဲ့သည်။ ကျောင်းသားဘဝမှာပင် အဘိဓမ္မတ္ထ

သင်္ဂဟပါဠိနိဿယကို အာဂုံဆောင်နိုင်သည့် တစ်ဦးတည်းသော ကျောင်းသားဖြစ်သည်။

၁၃၀၃ ခုနှစ်တွင် ရှင်သာမဏေဘောင်သို့တက်ခဲ့၍ ကစ္စည်း သဒ္ဒါကြီးကို စသင်သည်။ ၁၃၀၆ ခုနှစ်တွင် ရွှေကျင်မြို့ လေးထပ်ကျောင်းဆရာတော်အရှင် ကေသရထံတော်သို့ ချဉ်းကပ်၍ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်ဘာသာ တို့ကို ပိုင်ပိုင်နိုင်နိုင် သင်ယူခဲ့သည်။ ရွှေကျင်မြို့ လေးထပ်ဂိုဏ်းဆိုင်ရာ ဝိနည်းစာပြန်ပွဲ+စာမေးပွဲတွင် ရှင်သာမဏေတန်း၌ အမှတ်အများဆုံး ပထမဖြင့်အောင်မြင်၍ နောက်တစ်နှစ် ဝိနယပထမဆင့်တွင် ရဟန်းတော်များနှင့် ယှဉ်ပြိုင်ဖြေဆိုရာ သာမဏေရှင်သုမနက ပထမရသဖြင့် ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ခံခဲ့ရသည်။

အသက် ၂၀ အရွယ် ၁၃၁၀ ခုနှစ်တွင် မြို့ပင်ရွာ ဦးကြာသိုင်း+ဒေါ်နွယ်မြိုင် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းဘောင်သို့ တက်ရောက်ပြီးနောက် (၁၀) ရက်အကြာတွင် မန္တလေးတောင်ပြင် ထီးလင်းတိုက်အုဋ်ကျောင်းသို့ ပြောင်း၍ ပညာသင်ခဲ့သည်။ ၁၃၁၂ ခုနှစ်တွင် ရဟန်းပျိုဥက္ကဋ္ဌချုပ် ဆရာတော် ဦးဇောတိကထံ တပည့်စာသင်သား ၁၅၀ ကျော်အနက် တစ်ပါးတည်းသော သကျသီဟစာသင်တန်း စာမေးပွဲ ဖြေဆိုသူဖြစ်၍ ကျမ်းစာများကြိုးစားကျက်မှတ်လေ့လာနိုင်ရန် ဆွမ်းခံမထွက်စေဘဲ ဆရာတော်က ဆွမ်းအုပ်တစ်အုပ်ချီးမြှင့်ခြင်းကို ခံခဲ့ရသည်။

၁၃၁၃ ခုနှစ်တွင် အစိုးရ ပဌမကြီးတန်းနှင့် သကျသီဟ စာသင်တန်းကို လည်းကောင်း၊ ၁၃၁၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ကျင်းပသော သာသနဓဇသိရီပဝရဓမ္မာစရိယစာချတန်း စာမေးပွဲနှင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကျင်းပသော ဓမ္မာစရိယစာချတန်းစာမေးပွဲနှစ်ပွဲ စလုံးကို တောင်ထီးလင်း ပါဠိတက္ကသိုလ်မှ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့ပါသည်။

အဋ္ဌကထာကြီးသုံးကျမ်းကို နှစ်မခြားပဲ တစ်ကြိမ်တည်းဖြင့် ဖြေဆိုအောင်မြင်ခဲ့သဖြင့် ရန်ကုန်မြို့ သူဌေးကြီးဆာဦးသွင်+လေဒီသွင်တို့၏ အဋ္ဌကထာပြန်အကျော် ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင်္သကာ ရွှေတံဆိပ်နှင့် အသင်း၏ အမှုဆောင်ငွေထိန်းလူကြီး ဦးစိန်+ဒေါ်စိန်တို့၏ ဂုဏ်ထူးဆောင်ငွေနာရီတို့ကို ရရှိခဲ့ပါသည်။ ၄ ယောက်မြောက် "ဝင်္သကာ" ဘွဲ့ရ ဖြစ်ပါသည်။ ထို့နောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် နိုင်ငံတော်အစိုးရက ဖွင့်လှစ်သော ပြည်ပသာသနာ ဓမ္မဒူတဝိဇ္ဇာလယ သာသနာပြုသင်တန်းသို့ တက်ရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ပါဠိဂုဏ်ထူးကျမ်းစာ ဒုသနိကဘာသာတွဲဖြင့် ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။

ရဟန်း ၁၂ ဝါအရတွင် သာသနာဘောင်၌ မပျော်ပိုက်သဖြင့် လူ့ဘောင်သို့ပြောင်းခဲ့သည်။ ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်းတွင် နည်းသစ်ကောလိပ်အလွတ်ပညာသင်ကျောင်းကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ပါဠိ၊ သက္ကတ၊ မြန်မာ အင်္ဂလိပ်သဒ္ဒါ ၄ မျိုးကို နှိုင်းယှဉ်လေ့လာ၍ ယခင်ထွက်ပြီး အင်္ဂလိပ်သဒ္ဒါကျမ်းများနှင့် မတူသော နည်းသစ်အင်္ဂလိပ်သဒ္ဒါ (NEM Method English Grammar) စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

၁၉၉၆ ခုနှစ်တွင် ထိုနည်းသစ်သဒ္ဒါပါ စကားလုံးများ၏ အသံထွက်ကို ဖိုနက်တစ်အသံထွက်များဖြင့် ပြင်ဆင်ရေးသားပြီး အင်္ဂလိပ်စကားကို အင်္ဂလိပ် အမေရိကန် တို့ကဲ့သို့ တက်ကျသံနေ သံထား လေယူ လေသိမ်ဖြင့် ပြောနိုင်ရန် (Intonation) ခေါ် လေယူ လေသိမ် ပုံသေနည်းများဖြင့် ထုတ်ဝေခဲ့ပါသည်။ မြန်မာပြည်တွင် ပထမဆုံးသော အရေးအပြော နှစ်မျိုးသင် အင်္ဂလိပ်သဒ္ဒါစာအုပ် ဖြစ်ပါသည်။

အင်္ဂလိပ်ဖိုနက်တစ်ပညာကို ၁၂ နှစ်လေ့လာ၍ ဖိုနက်တစ်အသံထွက်နည်းသစ် အင်္ဂလိပ် မြန်မာ အဘိဓာန်စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါသည်။ ၄ ရာစု ဘီစီတွင် သက္ကတသဒ္ဒါဆရာကြီး ပါဏိနီရေးသားခဲ့သော ပါဏိနီသဒ္ဒါကျမ်းကြီးမှ ဥစ္စတ္တအနုဒတ္တ ဆွရိတကို အသုံးပြု၍ အင်္ဂလိပ်ဖိုနက်တစ်အသံထွက် ပုံသေနည်းတို့ကို တီထွင်နိုင်ခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်သဒ္ဒါ အင်္ဂလိပ်ဖိုနက်တစ် အင်္ဂလိပ်အဘိဓာန်တို့ကို ရေးသားနိုင်သည်မှာ သကျသီဟစာမေးပွဲအတွက် ပါဠိသဒ္ဒါကို အထူးအားစိုက်လေ့လာခဲ့သောကြောင့် ဖြစ်ပါသည်။

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ပုံနှိပ်တိုက်ဌာနစုမှူးအဖြစ် အမှုထမ်းခဲ့သည်။ ၎င်းဌာနမှ အငြိမ်းစားယူပြီးနောက် သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါသည်။

ပြည်ပသာသနာပြု ဗဟုဇနဟိတဓရ မဟာဓမ္မကထိက ညောင်ကန်အေး ဆရာတော်၏ စကားပြန်အဖြစ် ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါနိုင်ငံများသို့ နှစ်လကြာမျှ သာသနာပြုသွားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ညောင်ကန်အေး ဆရာတော်နှင့်ပင် ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား (၆) နိုင်ငံသို့ သာသနာပြုစကားပြန်အဖြစ် သွားရောက်သာသနာပြုခဲ့သည်။

ညောင်ကန်အေးသာသနာ့ရိပ်သာတွင် ဓမ္မာစရိယအောင်ပြီး ရဟန်းတော်များအား ပြည်တွင်း ပြည်ပသာသနာပြုနိုင်ရန် အင်္ဂလိပ်ဘာသာအထူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျှက်ရှိပါသည်။

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်သော ထေရဝါဒ ဗုဒ္ဓ သာသနာပြု လူပုဂ္ဂိုလ်များသင်တန်းတွင် သင်တန်းဆရာအဖြစ် လိုက်၍ သင်ကြားပို့ချလျှက် သာသနာပြုလုပ်ငန်းကို ဆောင် ရွက်လျှက်ရှိပါသည်။

သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ်ဖြင့် ဗုဒ္ဓ ဘာသာတရားတော် (အခြေခံအဆင့်) (အထက်တန်းအဆင့်) (အဆင့်မြင့်တန်း) စာအုပ်များကို အဖွဲ့ဝင်ဆရာကြီးများနှင့် အတူ ပါဝင်ရေးသားတည်းဖြတ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာတရား တော်များကို နိုင်ငံတကာသို့ ပြန့်ပွားရေးအတွက် ဖေါ် ပြပါ ဗုဒ္ဓ ဘာသာတရားတော်အင်္ဂလိပ်ဘာသာပြန်ဆို စာအုပ် (၃) အုပ် ကို တည်းဖြတ်နေဆဲ ဖြစ်ပါသည်။

ယခုအခါ ဇနီးဒေါ်တင်ရီ သား သမီး ၄ ယောက်နှင့်အတူ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျိုက္ကဆံလမ်း အမှတ် ၂၂၈ တွင်နေထိုင်၍ စာပေများရေးသားကာ နည်းသစ် စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိရေးများ လုပ်ကိုင်လျှက်ရှိပါသည်။

အရှင်သုန္ဒရာဘိဝံသ (ဝဋ်သကာ-၁၃၁၅)

ဦးရွှေအောင် [illegible] ၏ အတ္ထုပ္ပတ္တိ



ဖွားမြင်ခြင်း။ ။ ဦးရွှေအောင်သည် ပဲခူးတိုင်း ကဝမြို့ နယ် ဖလေးရွာ အဖဦးစု+အမိဒေါ်အုန်းရှင် တို့မှ ၁၉၂၈ ခု၊ ဇွန်လ (၇) ရက်၊ သောကြာနေ့၌ ဖွားမြင်ပါသည်။

### သာသနာ့ဘောင်ဝင်ရောက်ခြင်း

၁၉၄၁ ခုနှစ်တွင် ဖလေးရွာအလယ်ကျောင်းဆရာတော် ဦးပဏ္ဍိစ္စထံ ရှင်သာမဏေပြု၍ စပေများ စတင်သင်ယူခဲ့ပါသည်။ ၁၉၄၈ ခု၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ရွှေအိုးဆရာတော် ဦးကေလာသအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိ ခဲ့ပါသည်။ ဘွဲ့တော်မှာ ဦးသုန္ဒရဖြစ်ပါသည်။

### ပညာများသင်ကြားခြင်း

ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ ရန်ကုန်မြို့ မင်းမနိုင်ကွက်သစ် သီပေါမဥ္ဇူကျောင်း၊ အလုံမြို့နယ်၊ အောင်မင်္ဂ လာတိုက်သစ်၊ ဗဟန်းပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် နှင့် မန္တလေးမြို့တောင်ပြင် ဘုရားကြီးတိုက် ဆရာတော်ဦးကြယ် ကျောင်းတို့၌ ပညာများ ဆည်းပူးသင်ကြားခဲ့ပါသည်။

### ဝဋ်သကာဘွဲ့

၁၃၁၅ ခု၊ အကြိမ် (၅၀) စာလျှောက်မေးပွဲကြီး၌ ဘုရား ကြီးတိုက် ဆရာတော်ဦးကြယ်ကျောင်းမှ ဝင်ရောက်ဖြေဆို ရရှိခဲ့ ခြင်းဖြစ်ပါသည်။

### ရရှိခဲ့သည့်ဘွဲ့များ

စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ (ဝဋ်သ ကာ) အစိုးရဓမ္မာစရိယ (သိရောမဏိ) ဘွဲ့များအပြင် ရိုးရိုး သချ်ာ၊ အသုံးချသချ်ာ၊ မြန်မာဝေါဟာရစာပေ၊ အထူးပြုဘာသာ ရပ်များဖြင့် ဝိဇ္ဇာဘွဲ့ကို ၁၉၆၅ ခုနှစ်၌လည်းကောင်း၊ အိန္ဒိယပြည် ဘာဘေတက္ကသိုလ်မှ မဟာဝိဇ္ဇာ (သတ္တဂုဏ) ဘွဲ့ကို ၁၉၇၁ ခုနှစ် ၌လည်းကောင်း၊ "သဒ္ဓမ္မဇောတိကဓဇ" (သာသနာပြု) ဘွဲ့ကို ၁၉၉၂ ခုနှစ်၌လည်းကောင်း အသီးသီး ရရှိခဲ့ပါသည်။

### သာသနာ့တာဝန်များ

မန္တလေးမြို့ ဆရာတော်ဦးကြယ်ကျောင်း၊ ရန်ကုန်မြို့ အိမ်တော်ရာ ဓမ္မရံသီကျောင်းတို့၌ စာပေများ ပို့ချပေးခဲ့ပါသည်။ ဖလေးရွာ အလယကျောင်းနှင့် ပဲခူးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်တို့၌ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူ ခဲ့ပါသည်။

၁၉၇၇ ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ဗုဒ္ဓဂါယာ ဘုရားဖူးအဖွဲ့ အဖွဲ့ခေါင်းဆောင်အဖြစ်ဖြင့် အိန္ဒိယသို့ သွားရောက်ခဲ့ပါသည်။

### ပရိသူဒ္ဓပြုခြင်း

၁၉၆၀ ခုနှစ်တွင် ရဟန်းဘောင်မှ ပရိသုဒ္ဓပြု၍ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သရက်တောရပ် (၂) လမ်းနေ ဦးမောင်ဝင်း+ဒေါ်နိုင် တို့၏ သမီး ဒေါ်ခင်စိန်နှင့် လက်ထပ်ခဲ့ပြီး သားနှစ်ယောက် ရရှိခဲ့ပါသည်။

### နိုင်ငံတော်တာဝန်များ

၁၉၆၇ ခုနှစ်၊ ဗုဒ္ဓသာသနအဖွဲ့ လ/ထ အယ်ဒီတာ၊ ၁၉၇၂ ခုနှစ် သာသနာရေး ဦးစီးဌာန ဌာနစုမှူး (စီမံ)၊ လ/ထ ညွှန်မှူး၊ ဒု-ညွှန်မှူး၊ တွဲဖက် ညွှန်မှူး တာဝန်များကို ထမ်းဆောင်ရင်း၊ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ပြင်ပစာစစ်၊ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ် စည်းမျဉ်းဖြည့်စွက်ရေးအဖွဲ့ (အဖွဲ့ဝင်)၊ ပြဌာန်းစာအုပ်ပြုစုရေးအဖွဲ့ (အဖွဲ့ဝင်) အဖြစ် ဆောင်ရွက်ကာ ၁၉၈၈ ခု သာသနာရေးဦးစီးဌာန တွဲဖက် ညွှန်မှူးအဖြစ်မှ အငြိမ်းစားယူခဲ့ပါသည်။

### အငြိမ်းစားယူပြီးနောက်

၁၉၈၈ ခု၊ အငြိမ်းစားယူပြီးနေ့က် မစ္စတာဂိုအင်ကာ၏ လျှောက်ထားချက်အရ ဆဋ္ဌသင်္ဂါယနာမူ ပါဠိအားလုံးတို့ကို ဒေဝနာဂရီ အက္ခရာသို့ ပြန်ဆိုရေးအတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ အထူးတာဝန်ပေးအပ်ရာ ဆရာတော် ဦးသဒ္ဓယ (အမ်အေ)၊ ဦးလှကြိုင် (စာရေးပါရဂူ) စသည်တို့နှင့် အတူပါဝင်ဆောင်ရွက်ခဲ့ပြီး၊ ၁၉၉၃ ခု၊ ဇွန်လ (၁) ရက်နေ့မှ စ၍ သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်များအဖွဲ့တွင် တာဝန်ထမ်းဆောင်ရင်း ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်) နှင့် (အထက်တန်းအဆင့်) ကျမ်းနှစ်ကျမ်းကို ရေးသားရာတွင် ပါဝင်ခဲ့ပါသည်

### ကွယ်လွန်ခြင်း

ဆရာကြီး ဦးရွှေအောင်သည် သာသနအကျိုး၊ နိုင်ငံ့အကျိုးများကို သည်ပိုးဆောင်ရွက်ရင်း ၁၉၉၄ ခု၊ ဒီဇင်ဘာလ (၂၂) ရက်တွင် ကမ္ဘာအေးသံဃဆေးရုံကြီးတွင် အသည်းရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်စိန်နှင့် သားနှစ်ယောက် ကျန်ခဲ့ပါသည်။

### ပြုစုခဲ့သော ကျမ်းစာအုပ်များ

| | | |
|---|---|---|
| ၁။ | ရသစာပေ၏ ရသ | (၁၉၈၀) |
| ၂။ | အတ္တဝါဒမှ အနတ္တဝါဒ သို့ ခရီးစဉ် | (၁၉၈၆) |
| ၃။ | ပါဏိနိ သိဒ္ဓန္တကော်မုဒီ ပါဠိ နိဿယ အဓိပ္ပါယ် (ပ-တွဲ) | (၁၉၈၉) |
| ၄။ | ဓမ္မပဒ၊ ယမကဝဂ်နှင့် ထေရဝါဒအုတ်မြစ် | (၁၉၉၁) |
| ၅။ | အမြင်များ ပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ | (၁၉၉၄) |
| ၆။ | သောရေယျသူဌေးသားနှင့် ဓမ္မပဒ စိတ္တဝဂ် ဝတ္ထုများ | (၁၉၉၄) |
| ၇။ | ဗုဒ္ဓ လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် ကိုယ်ကျင့် ဗုဒ္ဓဝင် | (၁၉၉၄) |
| ၈။ | ဘဝအမြင်သစ် | (၁၉၉၅) |
| ၉။ | ဗုဒ္ဓ (သို့မဟုတ်) အနှိုင်းမဲ့ | (၁၉၉၅) |
| ၁၀။ | ထေရဝါဒ အုတ်မြစ် (ဒုတိယအကြိမ်) | (၁၉၉၅) |
| ၁၁။ | ချမ်းသာကို ရှာဖွေခြင်း | (၁၉၉၅) |
| ၁၂။ | စာဖတ်သူများ | (၁၉၉၆) |
| ၁၃။ | ကုသိုလ်နှင့် အကုသိုလ် | (၁၉၉၆) |

ဘဝနှင့်စာပေသမိုင်း ဦးရွှေအောင်
(၁၉၂၈-၁၉၉၄) ထို မှတ်တမ်းဖြင့်
ရေးသားပါသည်။
(စာတည်း)

### မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ဝန်ဆောင်သကာဘွဲ့တော်ရ အရှင်နာရဒ၏ အတ္ထုပ္ပတ္တိအကျဉ်း



အရှင်နာရဒသည် ၁၂၈၇ ခုနှစ်တွင် ဖွားမြင်သော ရွှေဘိုခရိုင် တန့်ဆည်မြို့အရှေ့ပိုင်း၊ ဗိုလ်မြရပ် မြေပိုင်ရှင် ဆရာကြီး ဦးဘိုးငို+ဒေါ်ကြီးတို့၏ သားဖြစ်သည်။

၎င်းတန့်ဆည်မြို့ သုံးထပ်ကျောင်းဆရာတော် အရှင်ဝိသုဒ္ဓကို ဥပဇ္ဈာယ်ဆရာပြု၍ ၁၂၉၇ ခုနှစ် ရှင်သာမဏေအဖြစ်၊ ၁၃၀၇ ခုနှစ် ပဉ္စင်းအဖြစ်သို့ရောက်သည်။ ၎င်းဆရာတော်ထံ၌ ပင် အခြေခံပညာများကို သင်ယူသည်။ ထို့နောက် စစ်ကိုင်းမြို့ ဇမ္ဗူမင်္ဂလာချောင်ဆရာတော် အရှင်သေရထံတော်၌ရင်း၊ ရန်ကုန်မြို့ ငါးထပ်ကြီး ဆရာတော်အရှင်ကုဏ္ဍလထံတော်၌ရင်း ပရိယတ္တိပညာများကို ဆည်းပူးသင်ယူသည်။



F·12

၎င်းနောက် ရန်ကုန်မြို့ ပုဇွန်တောင် ဆုတောင်းပြည့် ကျောင်းတိုက် ဆရာတော် အရှင်ပဏ္ဍိစ္စာနန္ဒ အထံ၌ ပရိယတ္တိ စာပေများကို ဆက်လက်ဆည်းပူးစဉ် ပုဇွန်တောင် ဘုရားဖြူ ကျောင်းတိုက် ဝိနယာနုဂ္ဂဟအသင်းစာမေးပွဲကို ဝင်ရောက်ဖြေ ဆိုရာ ၁၃၁၁ ခုနှစ်က အငယ်တန်းတွင် အမှတ်အများဆုံးဖြင့် ပဌမရရှိအောင်မြင်သည်။ ၁၃၁၂ ခုနှစ်တွင်လည်း အလတ်တန်း တွင်အမှတ်အများဆုံးဖြင့် ပဌမရရှိအောင်မြင်တော်မူခဲ့သည်။

ထိုနှစ်များမှပင် အစိုးရပဌမငယ်တန်း၊ ပဌမလတ်တန်းများ ကို အောင်မြင်၍ ၁၃၁၃ ခုနှစ်၌ ပဌမကြီးတန်းကိုရင်၊ ၁၃၁၄ ခုနှစ်၌ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲ၌ စာသင်တန်းကိုရင်း အောင်မြင်သဖြင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝင့်သကာဘွဲ့ကို (၇) ပါးမြောက်အနေဖြင့် အောင်မြင် ပါသည်။ အသင်းမှ ရွှေတံဆိပ် ချီးမြှင့်ပူဇော်ခံရသည်။

## သာသာရေးဆောင်ရွက်ချက်များ

ဆဌသင်္ဂါယနာခေတ်၌ ရန်ကုန်မြို့ အလယ်တောရကျောင်း တိုက် ဆဌသင်္ဂါယနာ အတွင်းရေးမှူး ဆရာတော်ဦးနာဂဝံသ၏ လက်ထောက်ဆရာတော်အနေဖြင့် စာပေများ ပို့ချပေးသည်။ သင်္ဂါယနာတင်ကာလများ၌ ဘာဏကပါဌက ခေါင်းဆောင်အ နေဖြင့် ပါဠိတော် အဋ္ဌကထာ ဋီကာများကို ရွတ်ဖတ်ပူဇော်၍ သင်္ဂါယနာတင်ပွဲ ပဓာနအခန်းမှ ပါဝင်ဆောင်ရွက်ပေးသည်။

သင်္ဂါယနာတင်ပြီးသောအခါ ပရိသုဒ္ဓိပြု၍ အမျိုးကောင်း သမီး ဒေါ်တင်လှနှင့် မင်္ဂလာဆောင်သည်။ လူမည် ဦးထွန်းလှိုင် ဟုခေါ်တွင်သည်။ သား သမီး (၇) ယောက်ထွန်းကားသည်။ ၎င်းတို့မှာ မောင်ခင်မောင်လှိုင် (စက်ဘုပူ)၊ မခင်မေလှိုင်+ ကိုအောင်ကြည် (ဘ-ဓ-ရ ရုံးချုပ် ရန်ကင်း)၊ မခင်ဆွေလှိုင် (သရုပ်ပြ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မခင်ရွှေလှိုင်၊ မောင်ခင်အောင်လှိုင်၊ မောင်ခင်ဇော်လှိုင် (မြန်မာ့ဆက်သွယ် ရေး မိုက္ကရိုဝေ့) တို့ဖြစ်ကြသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ အယ်ဒီ တာချုပ်အနေဖြင့် စာအုပ်များကို ကြီးကြပ်ရိုက်နှိပ်ပေးရသည်။ ၁၉၇၅ ခုနှစ်၌ ပင်စင်အငြိမ်းစားယူသည်။

မြုစုခဲ့သောကျမ်းစာများမှာ

၁။ လူသားတို့၏ ထွက်ရာလမ်း
၂။ ပဌာန်းဂုဏ်ရည်
၃။ လိုတရ ဂါထာမန္တာန်များ (ပ-၃ နှစ်တွဲ)
(မောင်တက်အင်း ကလောင်အမည်)

သာသနာ့ရောင်ခြည် အယ်ဒီတာချုပ်အနေဖြင့် ဆောင်းပါးများစွာကို ရေးသားပြုစုသည်။ ၁၉၉၄ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကွယ်လွန်သည်။

## ဝင့်သကာ ဘွဲ့တံဆိပ်တော်ရ
## အရှင်ကစ္စာယနာ ဘိဝံသ ၏ အတ္ထုပ္ပတ္တိ



အရှင်ကစ္စာယနာဘိဝံသသည် ၁၂၇၆ ခုနှစ်၊ ဒုတိယဝါဆို လဆုတ် ၁၄ ရက်၊ တနင်္လာနေ့တွင် ရွှေဘိုတောင်ဘက် ဝက်လက်မြို့နယ်၊ သရိုင်ရွာတွင် မွေးဖွားခဲ့ပါသည်။ မိဘများမှာ ဦးချစ်ဦး+ဒေါ်ဝံဆွေ ဖြစ်ပါသည်။ မွေးချင်းပေါက်ဖော် ၆ ဦးရှိသည့် အနက် ပဥ္စမမြောက်သားရတနာဖြစ်ပါသည်။ အငယ်ဆုံးမှာ ဦးသိန်းဆွေ ဖြစ်ပါသည်။ ၎င်းသည် ကိုရင်ဘဝဖြင့် အစိုးရစာချ တန်းအောင်မြင်၍ သာသနာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်း ဆောင်လျက်ရှိရာ ယခုအခါ ညွှန်ကြားရေးမှူးအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပါသည်။

အသက် ၅ နှစ်မှ ၁၂ နှစ်ခန့်ထိ သရိုင်ရွာ၊ ပင်းချောင်း ဆရာတော်ထံတွင်လည်းကောင်း၊ သရိုင်ရွာ ဆရာကြီးဦးလှထံ တွင်လည်းကောင်း၊ အခြေခံပညာရပ်များကို သင်ကြားခဲ့ပါ သည်။ အသက် ၁၃ နှစ်ခန့်တွင် ဦးကြီးတော်သူ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသထံသို့ ကျောင်း သားအဖြစ်ရောက်ရှိ၍ ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေပြုခဲ့သည်။ ၁၉၄၈-၄၉ ခုနှစ်တွင် မန္တလေးမြို့သို့ ကရင်သူပုန်များ ရောက်ရှိလာသဖြင့် မိဘရပ်ထံသို့ ပြန်ခဲ့ရ ပါသည်။

သရိုင်ရွာတွင် ခေတ္တခဏနေပြီးနောက်၊ မြို့ရွာအတော် အတန်အေးချမ်းကြောင်းသိရသည့်အခါ ညီအစ်ကို ဝမ်းကွဲတော်

သူ အရှင်ကောဏ္ဍညာ ဘိဝံသ စသည့် ညီအစ်ကိုဝမ်းကွဲများနှင့် အတူ ဝက်လက်မြို့နယ်၊ မကျီးတုံရွာ၊ ပင်းစင်းရွာတို့မှ ဦးကုမာရ၊ ဦးဇနိန္ဒ စသည်တို့နှင့်ပေါင်းစည်း၍ မကျီးတုံမှ လှည်းများဖြင့် စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာဒပ္ပဏချောင်သို့ ရောက်ရှိခဲ့ပါသည်။ တောင်မြို့ မဟာဂန္ဓာရုံသို့ ပြန်လည်မသွားတော့ဘဲ၊ စစ်ကိုင်း တောင်ရိုး ဝိဇ္ဇာဒပ္ပဏချောင်၌ပင် ဆက်လက်နေထိုင်၍ ဆရာ တော်အရှင် အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) ထံတွင် လောကုတ္တ ရာစာပေများကို ဆည်းပူးခဲ့ရာ အောက်ဖော်ပြပါ စာမေးပွဲများ ကို အောင်မြင်ခဲ့ပါသည်။

၁။ ၁၉၄၉ ခုနှစ် (၁၃၁၁-ခု) အစိုးရပဌမပြန်စာမေးပွဲ ပဌမငယ် တန်းနှင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းမှ ကျင်းပသည့် သာမဏေသကျသီဟစာမေးပွဲ ပဌမဆင့်။

၂။ ၁၉၅၀ ခုနှစ် (၁၃၁၂-ခု) တွင် အစိုးရပဌမပြန်စာမေးပွဲ ပဌမလတန်းနှင့် သာမဏေသကျသီဟ စာမေးပွဲ ဒုတိယအဆင့်။

၃။ ၁၉၅၁ ခုနှစ် (၁၃၁၃-ခု) တွင် သာမဏေသကျသီဟ စာမေးပွဲ တတိယဆင့်ကို ဝင်ရောက်ဖြေဆိုရာ အမှတ် အများဆုံးနှင့် အောင်မြင်သဖြင့် သာသနာ့လင်္ကာရ သာမဏေကျော်ဘွဲ့ကို ရရှိခဲ့ပါသည်။

၄။ ၁၉၅၂ ခုနှစ် (၁၃၁၄-ခု) အသက် ၁၈ နှစ်အရွယ်တွင် အစိုးရပဌမပြန်စာမေးပွဲ ပဌမကြီးတန်းကို ဝင်ရောက် ဖြေဆိုရာ တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးနှင့် အောင်မြင်သဖြင့် အစိုးရပဌမကျော်ဘွဲ့ကို ရရှိခဲ့ပါ သည်။

အစိုးရပဌမကျော်ဘွဲ့ကို ရရှိပြီးနောက် ဝိဇ္ဇာဒပ္ပဏ ဆရာ တော်မှ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ ပို့လွှတ် ခဲ့ရာ ဘုရားကြီးတိုက် ဒေါနခြံအုဌ်ကျောင်းသို့ ရောက်ရှိခဲ့ပါ သည်။ ဒေါနခြံအုဌ်ကျောင်းတွင် နေထိုင်၍ ဒက္ခိဏာရာမဘုရား ကြီးတိုက်ရှိ ဆရာတော်ဦးဥက္ကံသ၊ ဆရာတော်ဦးမေဓိယ စသည့် ဆရာတော်ကြီးများထံတွင် ပါဠိတော်နှင့် အဋ္ဌကထာများကို လေ့လာသင်ယူခဲ့ပါသည်။ ၁၉၅၃ ခုနှစ် (၁၃၁၅-ခု) နှစ်တွင် အစိုးရစာချတန်းကို ဝင်ရောက်ဖြေဆိုခဲ့ရာ ပါရာဇိကဏ် အဋ္ဌ ကထာမှတစ်ပါး ကျမ်းရင်း (၂) ကျမ်း နှင့် ဝုဏ်ထူး (၆) ကျမ်းကို အောင်မြင်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ် (၁၃၁၆-ခု) တွင် မန္တလေးမြို့ ဝါးတန်းရပ်ကထိန်အသင်း၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသအား ဥပဇ္ဈာယ်ပြု လျက် စစ်ကိုင်းတောင်ရိုး ရှင်ဖြူ ရှင်လှဆိပ်ကမ်း၊ သဘော ရေသိမ်ပေါ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါ သည်။ ၎င်းနှစ်မှာပင် ကျန်ရှိနေသည့် ပါရာဇိကဏ်အဋ္ဌကထာကို ဝင်ရောက်ဖြေဆိုရာ တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးနှင့် အောင်မြင်သဖြင့် သာသနဓဇသိရိပဝရဓမ္မာစရိယအဂ္ဂမဟာ အကျော်ဘွဲ့ကို ရရှိခဲ့ပါသည်။ တစ်ဆက်တည်း ထိုနှစ်မှာပင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းမှ ကျင်းပသည့် သကျသီဟ စာသင်တန်းကို ဝင်ရောက်ဖြေဆိုရာ အမှတ်အများ ဆုံးဖြင့် အောင်မြင်ခဲ့ပါသည်။

၁၉၅၅ ခုနှစ် (၁၃၁၇-ခု) အသက် ၂၁ နှစ်အရွယ်တွင် သကျသီဟစာချတန်းကို ဖြေမှိုရာနှစ်မခြားဘဲ ကျမ်းရင်း (၃) ကျမ်းလုံးကို အောင်မြင်ခဲ့သဖြင့် "ဘဒ္ဒန္တကစ္စာယနာ ဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင့်သကာ" ရွှေတံဆိပ်ဘွဲ့ကို ရရှိခဲ့ပါသည်။

ထို့နောက် ရန်ကုန်မြို့ ဒေဝသာဂရသိမ်ကုန်းကျောင်း တိုက်တွင် ပြောင်းရွှေ့နေထိုင်၍ စာပေများပို့ချရင်း ၁၉၅၈ ခုနှစ် တွင် ၁၀ တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ၁၀ တန်း စာမေး ပွဲကို အောင်မြင်ခဲ့၍ တစ်ဆက်တည်းပင် ၁၉၆၀ ခုနှစ်တွင် ဥပစာ (ခ) တန်းကို အောင်မြင်ခဲ့ပါသည်။

၁၉၆၀ ခုနှစ်တွင် လူဝတ်လဲခဲ့၍ မန္တလေးတက္ကသိုလ် လက်အောက်ရှိ မကွေးဥပစာကောလိပ် ပါဠိနှင့်ဗုဒ္ဓကျမ်းစာဌာန တွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်ပါသည်။ ၁၉၆၂ ခုနှစ်တွင် ဘီအေစာမေးပွဲအောင်မြင်၍ အဆိုပါ ပါဠိနှင့် ဗုဒ္ဓကျမ်းစာဌာန တွင် လက်ထောက်ကထိကအဖြစ် တိုးမြှင့်ခန့်ထားခံရ၍ ဌာန မှူးအဖြစ် တာဝန်ထမ်းဆောင်ပါသည်။ ၁၉၆၃-၆၄ ပညာ သင်နှစ်တွင် မဟာဝိဇ္ဇာတန်းဖြေဆိုရန် မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရ၍ တက္ကသိုလ်စည်းမျဉ်းအရ၊ လက်ထောက်ကထိ ကမှ နည်းပြအဖြစ် ဆင်းခဲ့ရပါသည်။

၁၉၆၃-၆၄ ခုနှစ်မှာပင် မဟာဝိဇ္ဇာတန်းတက်နေရင်း တပ်မတော်မှ ဗိုလ်လောင်းများခေါ်ဆိုသဖြင့် ဗိုလ်သင်တန်း အပတ်စဉ် (၃၀) သို့ တက်ရောက်ခွင့် ရရှိခဲ့ပါသည်။ ၁၉၆၄ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျောင်းဆင်း၍ ဒုဗိုလ်အဖြစ် ခန့်အပ်ခဲ့ရပါသည်။ ပုသိမ်မြို့ အမှတ် ၂ ချင်းသေနပ်ကိုင်တပ်ရင်း တွင် တပ်စုမှူးအဖြစ် တာဝန်ထမ်းဆောင်ရပါသည်။ ထို့နောက် ဗိုလ်၊ ဗိုလ်ကြီးအဖြစ် တိုးမြှင့်ခံရ၍ တပ်ခွဲမှူး၊ တပ်ထောက်ဗိုလ် ကြီးနှင့် ပုသိမ်ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ အတွင်း ရေးမှူး အစရှိသည့် တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

၁၉၇၀ ခုနှစ်တွင် ပုသိမ်မြို့ ချစ်လေးမောင်စစ်ဆင်ရေး အပြီး၊ ဗဟိုနိုင်ငံရေးတက္ကသိုလ် တက္ကသိုလ်နိုင်ငံရေးနည်းပြ အမှတ်စဉ် (၆) တက်ရောက်ရ၍ ဗဟိုနိုင်ငံရေး တက္ကသိုလ်၊ သဘောတရားရေးဌာနတွင် လက်ထောက်ကထိကတာဝန်ကို ထမ်းဆောင်ပါသည်။ ၁၉၇၆ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစား ယူ၍ ဗဟိုနိုင်ငံရေး တက္ကသိုလ်တွင် ဆက်လက်အမှုထမ်းခဲ့ရာ

ကထိကအဖြစ်တိုးမြှင့်ခံထားခဲ့ရ၍ ၁၉၈၈ ခုနှစ်တွင် အနားယူခဲ့ပါသည်။

ယခုအခါ တောင်ငူမြို့တွင် နေထိုင်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုကော်မတီဝင်အဖြစ်လည်းကောင်း၊ ပဲခူးတိုင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တောင်ငူခရိုင် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ထမ်းဆောင်လျှက်ရှိပါသည်။

ဗိုလ်ကြီးကျော်နိုင် (ငြိမ်း)
ဘူတာ–စားရျော်ဆိုင်အနီး
ကြာနီထန် ၁၈ ရပ်ကွက်
တောင်ငူမြို့။ (ဖုန်းနံ–၀၅၄–၂၁၅၀၅)

## ကျော်လွှားမရ သံသရာ

"ဝဋ်သကာ" ဘွဲ့ပိုရှင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများကို ဖတ်ကြားရင်း ဓမ္မသံဝေဂရယူကြမည်ဆိုလျှင်လည်း ယူနိုင်ပါသည်။ ဝမ်းမြောက်ဝမ်းသာ ဝုဏ်ယူဟစ်ကြွေးမည်ဆိုကလည်း ဟစ်ကြွေးနိုင်ပါသည်။

မှန်ပါသည်။ သံသရာတရားတို့၏ ပြုပြင်စီရင်မှုကို ခံယူထားကြရသည့် သက်ရှိ သက်မဲ့အကျိုးဆက်တရား အားလုံးသည် "သဗ္ဗေ သင်္ခါရာ အနိစ္စာ" အရပဲ ဖြစ်ဖြစ်၊ "အနိစ္စာ ဝတ သင်္ခါရာ" အရပဲဖြစ်ဖြစ် "သင်္ခါရာ သဿတာ နတ္ထိ" အရပဲ ဖြစ်ဖြစ် မပြဲသော ဓမ္မနိယာမကို မကျော်လွှားနိုင်ကြသည့်အတွက် ပြိုကွဲကြရ၊ ပျက်စီးကြရ၊ နောက်ဆုံးဘဝနိဂုံးချုပ်ကြရပြီး သင်္ခါတို့မှ လွတ်ရာသို့ ရောက်သူရောက်၊ ဘဝအသစ်တည်ဆောက်သူက ဆောက်သဖြင့် ဖြစ် ပျက် ပြောင်းလဲမှုသဘောကို အကြိမ်ကြိမ် အောက်မေ့လျက် ဓမ္မသံဝေဂ ရယူကြမည် ဆိုကလည်း ယူနိုင်ကြပါသည်။

တဖန် "ဝဋ်သကာ" ဘွဲ့ပိုရှင်များသည် ရဟန်းဘဝမှာရှိနေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း သူမတူသည့် ဘုန်းရှင် ကံရှင် ဉာဏ်ရှင်များဖြစ်နေကြကြောင်း ဖူးတွေ့ရသလို၊ လူ့ဘဝသို့ ပြောင်းလဲရောက်ရှိကြသူတွေကလည်း လူ့လောကမှာ လူတော် လူမော် လူကျော်တွေ ဖြစ်နေကြရုံမျှမက လောကအကျိုး သာသနာအကျိုး နှစ်မျိုးလုံးတို့ကို သည်ပိုးဆောင်ရွက်နိုင်ကြသူများ ဖြစ်နေကြခြင်းသည် ဤအသင်းကြီး၏ အကြောင်းပစ္စည်းမကင်းဟု ဆိုပါလျှင် အားလုံးဝန်ခံကြမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ဤအသင်းကြီးသည် သာသနာတော်အတွက် အကျိုးထူးပြုနိုင်သလို လောကအတွက်လည်း စာပေအမြွတ် အစွန်းများ ပေါ်ထွက်စေနိုင်ကြောင်း လက်ပမ်းမောင်းခတ်၍ ဝမ်းမြောက် ဝမ်းသာ ဂုဏ်ယူဟစ်ကြွေးမည် ဆိုကလည်း ရဲရင့်စွာ ဟစ်ကြွေးနိုင်ပါသည်။

သာမန်လူများကား ပေါ၏၊ ပညာတတ်ကား ရှား၏။
လူ့ပညာတတ်ကား ပေါ၏၊ လူ့ပညာရှိကား ရှား၏။

ရဟန်းပညာရှိပင်ဖြစ်ဖြစ်၊ လူ့ပညာရှိပင်ဖြစ်ဖြစ် စစ်မှန်သည့် သာသနာ့ပြုပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရန် အဓိကအားဖြင့် "သီလ" ရှိဘို့လို၏။ အခြံအရံအားဖြင့် "သဒ္ဓါ" ရှိဘို့နှင့် "စည်းကမ်း" လိုက်နာဘို့လို၏။

"သီလ" ကား အသက်၊ "သဒ္ဓါ" ကား အားကိုးရာ၊ "စည်းကမ်း" ကား လူ၏ တန်ဘိုးဖြစ်သောကြောင့်တည်း။

"ဝဋ်သကာ" ဘွဲ့ပိုရှင်များကား အထက်ပါ သာသနာ့ပြုအင်္ဂါရပ်များနှင့် ပြည့်ဝကုံလုံနေကြသည့်အတွက် ရဟန်းတော်များရော လူပုဂ္ဂိုလ်များပါ ထိပ်ထိပ်ကြဲ သာသနာ့ပြုပုဂ္ဂိုလ်များဖြစ်နေကြကြောင်း ၎င်းတို့၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများက သက်သေပြုလျက် ရှိပါသည်။

သို့ဆိုလင့်ကစား –

ဘုန်းကံတွေ မည်မျှပင်ကြီးကြီး
ပညာတွေဘယ်လောက်ပင် တတ်တတ်
စည်းစိမ်တွေ မည်မျှပင် ပေါပေါ
အခြွေအရံတွေ ဘယ်လောက်ပင် များများ

ပျက်စီးရမည့် သဘောကား မုချ ပျက်စီး ရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် ဘဝနိဂုံးချုပ်ပြီးသူများအဖို့ ဘဝ၏ သန္တိသုခကို ရကြပါစေ၊ သက်တော်ထင်ရှား ရှိနေကြသူများအဖို့ သာသနာတော်၏အကျိုး၊ လောကလူသားတို့၏ အကျိုးများကို တိုး၍ တိုး၍ ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းရင်း အောက်ပါဂါထာကို ရေရွတ်လျက် ဓမ္မပီတိ ပွားများလိုက်ရပါသည်။

သော ဘောဇ္ဈ နန္တံ နဝဂ္ဂါ
ဟာဒီဟိ ဓောတေန္တ ပဘာသရန္တံ။
ဓဝံ အယံ သံသဒ ဌာတု ခေရံ၊
အတ္တံ စ ထေရေဟိ ဝဋ်သကေဟိ။ ။

အဆုံးအပိုင်းအခြားမရှိသော မိုးကောင်းကင်သည် ဂြိုလ်ကြီး ၉ လုံး စသည်တို့ဖြင့် (ဂြိုလ်ကြီး ၉ လုံး၊ နက္ခတ် ၂၇ လုံး၊ အတွင်းတာရာ အပြင်တာရာ ကြယ်များစွာတို့ဖြင့်) ထွန်းလင်းတောက်ပလျက် လှပတင့်တယ်နေသကဲ့သို့ ဤနည်းအတူ ဤပရိယတ္တိ သာသနဟိတအသင်းတော်ကြီးသည်လည်း

ရွှေတံဆိပ်ရ ဝင့်သကာမဟာစရိယ၊ ရိုးရိုး ဓမ္မာစရိယ၊ နိကာယဘာဏက၊ အလင်္ကာရ၊ သင်းမ ကာရက လူကြီးစသော ဂြိုလ်နက္ခတ် တာရာ ကြယ်တို့ဖြင့် တင့်တယ်လှပကာ သာသနာတော်ကြီး၏ အကျိုးစီးပွားကို ဆောင်လျက် ပထမရာစုနှစ်မှသည် (ငါးထောင်သာသနာ ကြာမြင့်အောင်) တည်ပါစေသတည်း။ ။

"ပဉ္စသဂ္ဂဟ" ဘွဲ့ပိုင်ရှင်များ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိများကို အပတ်တကုတ် ရှာဖွေစုဆောင်းပေးတော်မူသည့် ဇန်းပေါ်ဆရာတော်အား အထူးကျေးဇူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

ဉာဏ်ထွန်း (အမှုဆောင်)
ဒီဃဘာဏက
သိရိပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ
ဆေးကျောင်းဆေးရုံအုပ်ကြီးနှင့်၊ အကြံပေးဂုဏ်ထူးဆောင် (အငြိမ်းစား)



# ထိပ်တန်းကနေရာတွေမှာ

သာမဏေကျော်ရဲ့ အတ္ထုပ္ပတ္တိကို ရလို၍ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်း လူကြီးများအား ယနေ့ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ လာကြပါသည် တဲ့။

ရန်ကုန်မြို့ ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ စာချတာဝန်ဆောင်ရွက်နေတဲ့ အရှင်ဝိမလာစာရာဘိဝံသ ထံက ပဲခူးမြို့နယ် ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ ကျန်းမာရေးအတွက် အနားယူနေတဲ့ စာရေးသူထံ စာလေးတစ်စောင် ရောက်လာပါတယ်။ စာထဲမှာက အတ္ထုပ္ပတ္တိကို ရလိုလို့တဲ့၊ ဘာအတွက်ရချင်တာလဲလို့ တွေးမိတယ်။ အရှင်ဝိမလာစာရာဘိဝံသ ဆက်ရေးထားတဲ့ စာလေးကို ဖတ်ကြည့်တယ်။

"အသင်းရာပြည့်ပွဲ ကျင်းပလို၍ ဖြစ်ပါသတဲ့"

"ပြီးတော့ ရာပြည့်ပွဲ အကြို ဆောင်းပါးကိုလည်း ရလိုပါသတဲ့"

ဒီစာပိုဒ်လေးကို ဖတ်ရတော့မှ အတ္ထုပ္ပတ္တိ တောင်းရခြင်းရဲ့ ရည်ရွယ်ချက်ကို သိရတယ်။ အဆင်သင့်ရေးပြီးသား အတ္ထုပ္ပတ္တိက ရှိတာမဟုတ်လို့ ရေးဖို့ကြိုးစားရအုံးမှာပေါ့။ စာရေးသူဆန္ဒကတော့ တယ်ပြီးရေးမပေးလိုပါဘူး။ ဒါပေမယ့် ပရိယတ္တိသာသနဟိတအသင်းရဲ့ ကျေးဇူးကများလေတော့ ကျေးဇူးကို ငဲ့လို့သာ ရေးပေးရတာပါ။ ဒီပရိယတ္တိသာသနဟိတ အသင်းကြီးကို ကိုရင်ဘဝကလန့်ခဲ့ရတယ်၊ သာမဏေသကျသီဟ တတိယဆင့် (သာမဏေကျော်) လည်း အောင်ပြီးရော



F-13

လန့်စရာမလိုတော့ဘူး။ ဒါပေမယ့် အသင်းကြီးနားဖြတ်သွားရင် လန့်ခဲ့တဲ့အရှိန်က မပြေချင်သေးသလိုတဲ၊ ဒီအသင်းကြီးရဲ့ အရှိန်အဝါက ကြီးမားလှပါပေ့။

ဒီအသင်းကြီးရဲ့ အရှိန်အဝါကြီးသလောက် ကျေးဇူးလည်း ကြီးလှပါပေတယ်။ ဝိနည်း (၅) ကျမ်း၊ အဂုံတ္တိုရ် (၁၁) ကျမ်း၊ ဓမ္မပဒအဋ္ဌကထာ (၂) ကျမ်း အပြင် သဒ္ဒါ၊ သင်္ဂြိုဟ်တွေကိုလည်း အစိုးရဓမ္မာစရိယတန်းနဲ့ အဆင့်အတန်းညီတူညီမျှလောက်ပဲ လေ့လာခဲ့ရတာမို့ ပိဋကစာပေအခြေခံ အတော်လဲခိုင်မာခဲ့ပါတယ်၊ သဒ္ဒါတရားတွေ ပွားများခဲ့ရသလို အသိပညာတွေလည်း မြင့်မားလာပါတယ်။ ဘုရားစကားတော်တွေကို လေ့လာခွင့် ရခဲ့တာမို့ သဒ္ဓါလည်း ပွားခဲ့ရတယ်၊ ပညာလည်းမြင့်မားခဲ့ရတယ်၊ သဒ္ဒါကျမ်းကိုလည်း လေ့လာရတော့ ဝိနည်း၊ အဂုံတ္တိုရ်၊ ဓမ္မပဒအဋ္ဌကထာကျမ်းတွေက ပါဠိသဒ္ဒါစကားတွေအကြောင်း နားလည်ရတယ်။ ဒီသာမဏေကျော်စာမေးပွဲ အောင်ထားသူဟာ အစိုးရဓမ္မာစရိယကိုလည်း လွယ်လွယ်ကူကူ အောင်မြင်တော့တာပဲ၊ ဒီပြင် စာမေးပွဲတွေကိုလည်း လွယ်လွယ်ကူကူ အောင်မြင်တာပဲ။

ဒီ သာမဏေကျော်စာမေးပွဲရဲ့ ကျေးဇူးများပုံကို စာတတ်အကျော်အမော် ဆရာတော်တွေကလည်း ကောင်းချီးသြဘာပေးကြပါတယ်။ ဆရာတော် သံဃာတော်တွေသာမက လူဝတ်ကြောင်တွေကပါ စိတ်ဝင်စားလာကြပါတယ်။ ဒါ့ကြောင့် မန္တလေးမြို့ကတင် မကတော့ဘူး၊ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်ကျွန်းတို့ကပါ သာမဏေကျော်စာမေးပွဲ ကျင်းပပေးလာကြပြီ မဟုတ်ပါလား။ သာမဏေကျော်စာမေးပွဲ (၃) ဆင့်လုံးအောင်ထားရင် အဲဒီ သာမဏေကျော်ရဲ့ အရေအသွေးဟာ သေးတာမဟုတ်လို့ အဘိဝံသဘွဲ့ရ ရဟန်းတော် ဆရာတော်များတောင် လေးစားစရာ ဖြစ်လာပါတယ်။ မြန်မာနိုင်ငံက သာမဏေပေါင်းများစွာထဲမှာ သာမဏေကျော်ဘွဲ့ရပုဂ္ဂိုလ်ဟာ အရေအတွက် မများလှပါဘူး၊ သာမဏေကျော်ဘွဲ့ရ ပုဂ္ဂိုလ်ရဲ့သင်္ကေတ အမှတ်လက္ခဏာအဖြစ် ပါဠိစကားလုံးလေးက "အလင်္ကာရ" တဲ့ "အဆင်တန်ဆာ" လို့ မြန်မာလို အဓိပ္ပါယ်ရပါတယ်။

ဒီပရိယတ္တိသာသနဟိတအသင်းကြီးက သာမဏေတွေကို ပညာနဲ့ တန်ဆာဆင်ပေးလိုက်တာပါ၊ သာမဏေကျော်သို့မဟုတ် အလင်္ကာရဘွဲ့ ရထားတဲ့ပုဂ္ဂိုလ်ဟာ ပညာရဲရင့်တော့ ပွဲလယ်တင့်တယ်တာပေါ့။ ပညာရဲရင့် ပွဲလယ်တင့်နေတဲ့ သာမဏေကျော်တစ်ပါး သို့မဟုတ် အလင်္ကာရဘွဲ့ရ ပုဂ္ဂိုလ်တစ်ပါးကို ညွှန်ပြပါဆိုရင် "တိပိဋကဓရ" ဆိုတဲ့ တကယ့်ထိပ်တန်းစာမေးပွဲကြီးကို အောင်မြင်ထားတဲ့ "အရှင်သုမင်္ဂလာ လင်္ကာရ" ကို ညွှန်ပြရပါလိမ့်မယ်၊ သူဟာ တိပိဋကဓရ ပုဂ္ဂိုလ်ကြီးမို့ အလွန်ပဲ လူသိများလှပါတယ်၊ သူကလည်း သူရဲ့ သာမဏေကျော်ဘွဲ့၊ အလင်္ကာရဘွဲ့ကို မြတ်နိုးပုံပေါ်တယ်။ "အလင်္ကာရ" ဆိုတဲ့ စကားလုံးလေးကို သူ့ဘွဲ့နဲ့တွဲစပ်ပြီး သုံးထားလို့ပါပဲ။ စာရေးသူလည်း စာစရေးစဉ်က ကလောင်နာမည်ကို ရွေးချယ်တဲ့အခါ "သာမဏေကျော်" ဆိုတဲ့ စကားလုံးလေးက စာရေးသူရဲ့ အတွေးထဲ အပြေးပဲ ဝင်ရောက်လာပါတယ်၊ စာရေးသူလည်း သဘောကျတယ်၊ ဒါကြောင့် "သာမဏေကျော်" ဆိုတဲ့ ကလောင်နာမည်နဲ့ စာတွေ ရေးနေပါတယ်။

"သာမဏေကျော်" ဆိုတဲ့ ကလောင်နာမည်နဲ့ စာတွေကို ဒီလိုရေးနေနိုင်တာဟာ ဒီပရိယတ္တိသာသနဟိတအသင်းကြီးရဲ့ ကျေးဇူးမကင်းဘူးလို့ ဆိုချင်ပါတယ်။ စာရေးသူသာ ဒီအသင်းကြီးက ဒီသာမဏေကျော်စာမေးပွဲကို မအောင်ခဲ့ရင် "သာမဏေကျော်" ဆိုတဲ့ ကလောင်နာမည်နဲ့ ရေးဖြစ်ချင်မှ ရေးဖြစ်မှာပါ၊ ရေးချင်မှလည်း ရေးနိုင်မှာပါ၊ သာမဏေကျော်စာမေးပွဲမှာ သင်ယူခဲ့ရတဲ့ဗဟုသုတ၊ အသိပညာတွေကို "သာမဏေကျော်" အမည်နဲ့ စာဖတ်ပရိတ်သတ်တွေထံရောက်အောင် ပို့ပေးခဲ့ရတဲ့အကြိမ်တွေလည်း မနည်းတော့ပါဘူး၊ စာရေးသူကတော့ ကလောင်ရှင်တစ်ဦးအနေနဲ့ စာဖတ်ပရိတ်သတ်တွေအား ကျေးဇူးပြုပေးနိုင်ပါတယ်။ သာမဏေကျော်အောင်ပြီး စာပေပို့ချနေတဲ့ပုဂ္ဂိုလ်တွေလည်း များစွာပဲ ရှိပါတယ်။ သာမဏေကျော်ရဲ့ ကျေးဇူးကြောင့် သူတို့လည်း စာပေပညာတွေကို လက်ဆင့်ကမ်းနေနိုင်ကြတာပါပဲ၊ သာမဏေကျော်အောင်ပြီး တရားဟောကာ ဗုဒ္ဓတရားတွေ ဖြန့်ဝေနေတဲ့ ပုဂ္ဂိုလ်တွေလည်း နည်းမှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံအထက်ပိုင်းမှာရော အောက်ပိုင်းမှာပါ လူကြိုက်များတဲ့ သာမဏေကျော်ဘွဲ့ရ ဓမ္မကထိကတစ်ပါးကို ညွှန်ပြရရင် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော်အရှင် ကုဏ္ဍလာ လင်္ကာရာဘိဝံသပဲ ဖြစ်ပါတယ်။ သူဟာ ဒီပရိယတ္တိသာသနဟိတအသင်းကြီးက ကျင်းပပေးတဲ့ သာမဏေသကျသီဟ (သာမဏေကျော်) နဲ့ ရဟန်း သကျသီဟ (အဘိဝံသ) စာမေးပွဲ နှစ်ခုလုံးကို အောင် .တဲ့ ပုဂ္ဂိုလ်ပါပဲ၊ သူဒီလို နာမည်ကျော်ကြား လူသိများတဲ့ ဓမ္မကထိကဖြစ်လာရာမှာ ဒီအသင်းကြီးရဲ့ ကျေးဇူးမကင်းဘူးလို့ ဆိုရမှာပါပဲ။ သာမဏေကျော်ရဲ့ ကျေးဇူးများပုံတွေကို ဆက်ပြီး ရေးပြနေရင် "သာမဏေကျော်" ဆိုတဲ့ ကလောင်ရှင်က ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်နေတာပါလို့ ဆိုကြလေမလား။ သာမဏေကျော်ရဲ့ ကျေးဇူးများပုံကို ဒီလောက်နဲ့ပဲ တော်ကြဦးစို့။

ဒီ ပရိယတ္တိသာသနဟိတအသင်းကြီးနဲ့ စာရေးသူဟာ

မကုန်သေးတော့ သာမဏေကျော်အောင်ပြီးလည်း အသင်းကြီးနဲ့ ခရီးဆက်ရပြန်ပါတယ်။ ရဟန်း သကျသီဟ ခေါ် အဘိဓံသ စာမေးပွဲအတွက်ပေါ့၊ စာသင်တန်းနဲ့ စာချတန်းဆိုပြီး (၂) တန်း ဖြေရတယ်။ သာမဏေသကျသီဟ ခေါ် သာမဏေကျော် စာမေးပွဲမှာ (၃) ဆင့် ဖြေရတာ။ (၃) ဆင့်လုံးအောင်မှ သာမဏေကျော်ရတာ။ အလင်္ကာရဘွဲ့ရတာ။ (၂)ဆင့် (၁)ဆင့် အောင်ရုံနဲ့တင် မရဘူး။ သူလည်း မလွယ်လှဘူး။ အဘိဓံသ ရောက်တော့ (၂) တန်း ဖြေရတယ်။ (၂) တန်း လုံးအောင်မှ အဘိဓံသ ဘွဲ့ရတယ်၊ အဘိဓံဘွဲ့ရဖို့ ပိုခက်သတဲ့။ ဒီ သကျသီဟ စာမေးပွဲကို လူသတ်စာမေးပွဲလို့တောင် ခေါ်ဝေါ်ကြသတဲ့၊ ဒီ စာမေးပွဲ ဝင်ရင် တချို့ ကျန်းမာရေးချို့တဲ့ပြီး ပျံလွန်တော်မူတတ်ကြလို့ တင်စားခေါ်ကြတာနဲ့ တူပါရဲ့။ တကယ် သေတဲ့သူကတော့ သိပ်ရှိလှမယ် မဟုတ်ပါဘူး။ ကျန်းမာရေးကတော့ ချို့တဲ့တာများတယ်နဲ့တူတယ်။ ကျက်မှတ်စရာ လေ့လာစမှာ စာတွေက များတဲ့အပြင် မေးတဲ့မေးခွန်းတွေကလည်း လွယ်တာမဟုတ်တော့ ကြိုးလည်း ကြိုးစားကြရတာကိုး။ မကြိုးစားလို့ကတော့ မလွယ်ရေးချ မလွယ်ဘဲ။

စာရေးသူ ရဟန်းခံအပြီးမှာ သိမ်ထဲမှာပဲ စာရေးသူရဲ့ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် (အရှင်ဇနကာဘိဝံသ) က စာရေးသူရဲ့ ရဟန်း ဒကာ ဒကာမ တွေကို မိန့်ခဲ့တဲ့ စကားလေးကို သတိရလာမိပါတယ်။

"ယခု ရဟန်းသစ်က စာပေမှာ ထိပ်တန်းရောက်နေပြီ၊ ရှေ့ဆက်ပြီး အဘိဓံသ စာမေးပွဲတို့များ ဝင်ဖို့ မတိုက်တွန်းကြလေနဲ့၊ စာထဲ အသက်ပါသွားမယ်၊ သူ့အသံကမှ သဲ့သဲ့လေးရှိတယ်" တဲ့

သကျသီဟ အဘိဓံသဘွဲ့ရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသဟာ သကျသီဟ အဘိဓံသစာမေးပွဲရဲ့ ခက်ခဲပုံကို ကိုယ်တွေ့သိရှိထားပါတယ်။ ဒါကြောင့် ကျန်းမာရေး အင်အား သိပ်မကောင်းလှတဲ့ စာရေးသူကို အဘိဓံသ စာမေးပွဲ မဝင်ဖို့ရန် သတိပေးတာပါပဲ။ ဒါပေမယ့် စာရေးသူဟာ ဆရာတော်အရှင်ဇနကာဘိဝံသထံ သာမဏေကျော်ဘွဲ့ ရပြီးချိန်မှာ သာမဏေဘဝနဲ့ အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ အနုဋီကာတွေကို ဆိုခဲ့ရ ရေးခဲ့ရတာမို့ သကျသီဟ အဘိဓံသကို (၃) နှစ်နဲ့ဘဲ သိပ်မခက်ဘဲ အောင်မြင်ခဲ့ပါတယ်။ သာမဏေကျော်အောင်မြင်ပြီးစမို့ သာမဏေကျော်တွေကို အထူးချီးမြှောက်တဲ့အနေနဲ့ ကျေးဇူးရှင် မဟာဂန္ဓာရုံဆရာတော်က အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ အနုဋီကာတွေကို ဆိုစေ ရေးစေခဲ့တာပါပဲ။

သကျသီဟအဘိဓံသဘွဲ့ ရသူကိုတော့ "ပရိယတ္တိသာသနဟိတဓမ္မာစရိယ" လို့ ဘွဲ့ပေးပါတယ်။ ဒီ အဘိဓံသဘွဲ့ကို အောင်ထားတဲ့ ရဟန်းဆိုရင်တော့ မခေတော့ဘူးလို့သာ မှတ်ယူကြပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသဟာ ဒီအဘိဓံသကို အောင်ခဲ့တာပါပဲ။ သူဟာ ကျမ်းစာပေါင်းများစွာ ပြုစုရေးသားသွားပါတယ်။ ရှင်ရဟန်းတွေအတွက်ရော လူတွေအတွက်ပါ အလွန်ကျေးဇူးများတဲ့ ကျမ်းစာတွေပါပဲ၊ ဒီလို ကျမ်းစာတွေ ရေးနိုင်ရာမှာ ဒီအဘိဓံသ စာမေးပွဲရဲ့ ကျေးဇူးဟာလည်းများစွာ ပါဝင်ပါလိမ့်မယ်။

ဒီပရိယတ္တိသာသနဟိတအသင်းကြီးရဲ့ ပထမဆုံး ဝင်္ဂသကာဘွဲ့ရ တိပိဋကဘွဲ့ရ မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသဟာလည်း ဒီအဘိဓံသဘွဲ့ရ ပုဂ္ဂိုလ်ပါပဲ။ သူလည်း သာသနာမှာရော လောကမှာပါ အလွန်ကျေးဇူးပြု နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဒီလို ကျေးဇူးပြုနိုင်ရာမှာ ဒီအဘိဓံသ စာမေးပွဲရဲ့ ကျေးဇူးဟာ မပါပဲ မနေပါဘူး။ သူဟာ တရားဟောပြီးတော့လည်း ကျေးဇူးပြုခဲ့တယ်၊ စာရေးပြီးတော့လည်း ကျေးဇူးပြုခဲ့တယ်။ သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဖြစ်နဲ့ အလုပ်လုပ်ပြီးတော့လည်း ကျေးဇူးပြုခဲ့တယ်။ တိပိဋက နိကာယကျောင်းတိုက်တွေ ထောင်ပြီး တိပိဋကဓရတွေ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးပြီးတော့လည်း ကျေးဇူးပြုခဲ့တယ်။ ယခုအခါ ရွှေကျင်သာသနာပိုင်ဖြစ်နေတဲ့ ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော် အရှင်ဝိမလာဘိဝံသ ဟာလည်း ဒီအဘိဓံသဘွဲ့ရ ပုဂ္ဂိုလ်ကြီးပါပဲ။ သူဟာ ဒီလို အခြေအနေရောက်လာပြီး သာသနာ့အလုပ်တွေကို ဒီလို ဆောင်ရွက်နေနိုင်ရာမှာ ဒီအဘိဓံသစာမေးပွဲရဲ့ ကျေးဇူးဟာ ဘယ်မှာ မပါပဲ ရှိမလဲ။

တိပိဋကဓရ ယောအရှင် သိရိန္ဒာဘိဝံသဟာလည်း ဒီ အဘိဓံသဘွဲ့ရ ပုဂ္ဂိုလ်ပါပဲ။ သူကတရားလည်းဟောတယ်၊ စာလည်းချတယ်၊ စာလည်းရေးတယ်၊ ဒီလို အလုပ်လုပ်နိုင်ရာမှာ ဒီအဘိဓံသ စာမေးပွဲရဲ့ ကျေးဇူးဟာ တစ်တပ်တစ်အားပါပဲ။

ပဋိပတ်နယ်ပယ်ဘက်မှာ ပြည်တွင်းမှာရော ပြည်ပမှာပါ ဗုဒ္ဓတရားတွေကို ဖြန့်ဝေပေးနေတဲ့ ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသဟာလည်း ဒီ အဘိဓံသဘွဲ့ရ ပုဂ္ဂိုလ်ပါပဲ။ သူ ဒီလို ဆောင်ရွက်နေနိုင်ရာမှာလည်း ဒီ အဘိဓံသစာမေးပွဲရဲ့ ကျေးဇူးကိုဘေးဖယ်ထားလို့ ဖြစ်မှာမဟုတ်ပါဘူး။ အမေရိကမှာ ဗုဒ္ဓဘာသာဖြန့်ဝေနေတဲ့ အရှင်သီလာနန္ဒာဘိဝံသဟာ ဒီအဘိဓံသ စာမေးပွဲကို အောင်သွားတဲ့ ပုဂ္ဂိုလ်ပါပဲ။ သူဟာ အမေရိကမှာ ဗုဒ္ဓဘာသာကျယ်ပြန့်အောင် ဆောင်ရွက်နိုင်တဲ့ ပြည်ပရောက် ရဟန်းတော်တွေထဲမှာ အစွမ်းဆောင်နိုင်ဆုံးပါပဲ။ "ကမ္ဘာ့ဗုဒ္ဓ

သာသနာပြု” လို့ ပြောနေကြတဲ့ ဆရာတော် ဦးသေဋ္ဌိလာဘိဝံသ ဟာလည်း ဒီအဘိဝံသဘွဲ့ရ ပုဂ္ဂိုလ်ကြီးပါပဲ။

ဒီ သကျသီဟအဘိဝံသ ခေါ် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ရ ပုဂ္ဂိုလ်တွေဟာ ကျမ်းစာရေးတဲ့ နေရာမှာရော၊ တရားဟောတဲ့နေရာမှာရော၊ စာချတဲ့နေရာမှာရော၊ တရားပြတဲ့နေရာမှာရော ထိပ်တန်းကနေရာတွေမှာ ရှိနေကြပါတယ်။ ဒီအသင်းကြီးက သာမဏေကျော်ဘွဲ့ရတွေရော၊ အဘိဝံသဘွဲ့ရတွေရော၊ နိကာယ်အောင်ပုဂ္ဂိုလ်တွေရော သာသနာတော်အကျိုး၊ လောကအကျိုးတွေကို စွမ်းစွမ်းတမံ သယ်ပိုးနေနိုင်ကြတာကို မြင်တွေ့ ကြားသိနေရတဲ့ အဘယ်မည်သောသူဟာ ဒီလို “ပရိယတ္တိသာသနဟိတအသင်း” ဆိုတဲ့ နာမည်နဲ့ အညီ ပရိယတ်သာသနာတော်ရဲ့အကျိုးကို တကယ်ပဲ သယ်ပိုးနိုင်ပါပေစွ၊ ပရိယတ်အခြေခံကာ ပဋိပတ်သာသနာကိုလည်း ကျေးဇူးပြုနိုင်ပါပေစွလို့ ဆိုက ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ကြမှာ မလွဲပါပဲ။ ။

သာမဏေကျော်



# ကျွမ်းကျင်ရာ

တစ်ခါသော် သာလွန်မင်းတရားကြီးသည် မြို့တွင်းသို့ တိုင်းခန်းလှည့်လည်တော်မူရာ ဈေးသည်များ ဈေးရောင်းရာ အရပ်သို့ ရောက်တော်မူလာ၏။ မင်းကြီးသည် ဆင်တော်ကို ခပ်သုတ်သုတ်နှင်ပြီး ဆီရောင်းနေသည့် အမျိုးသမီးအနီး အရောက်တွင် ဆင်တော်ကို ဖြန်းကနဲ လူကို မနင်းမိအောင် ရပ်လိုက်သည်။ ထို့နောက် မင်းကြီးက–

"ငါချွန်းအုပ်တော်မူပေလို့ နို့မဟုတ်ရင် နင်းမိကောင်း နင်းမိမယ်" ဟု ငုံ့ကြည့်ပြီး အမျိုးသမီးငယ်အား မိန့်တော်မူလိုက်သည်။ ထိုအခါ ဆီသည်မက –

"ကျွမ်းကျင်ရာ လိမ္မာပါဘုရား" ဟု တင်လျှောက်လိုက်သည်။ ဤသို့ဖြင့် မင်းကြီးသည် နန်းတော်သို့ ပြန်လည် ကြွသွားသည်။ မကြာမီမှာပင် ဆီသည်မနှင့် မင်းကြီးတို့ တွေ့ကြပြန်ရာ မင်းကြီးက–

"သူငယ်မ နင်ပြောတဲ့ ကျွမ်းကျင်ရာ လိမ္မာဆိုတာ သက်သေပြနိုင်ပါ့မလား" ဟု မေးတော်မူရာ

"ပြနိုင်ပါသည်၊ ကျွန်တော်မျိုးမ၏ ဆီကို မှုတ်နှင့်ကော်ပြီး ဒီ အဝကျဉ်းကျဉ်းအိုးထဲသို့ မဖိတ်အောင် ထည့်ပြတော်မူပါ" ဟု လျှောက်လိုက်သည်။

မင်းကြီးသည် ဆီသည်မ ပြောသည့်အတိုင်း ဆီမှုတ်ကို ကိုင်ပြီး အိုးအတွင်းသို့ထည့်ရာ အတွင်းသို့ ဆီရောက်သည်က နည်းပြီး ဘေးသို့ကျသည်က များနေပေသည်။

ဆီသည်မက မင်းကြီးထံမှ ဆီမှုတ်နှင့် အိုးကိုယူပြီး ဆီကို ထည့်ပြလိုက်သည်။ ဆီများသည် မဖိတ် မစင်ဘဲ အိုးထဲသို့ တန်းတန်းမတ်မတ် ကျသွားသည်။ ဆီသည်မသည် မင်းကြီးအား ပြုံးကြည့်လိုက်သည်။ "မြင်ပြီ မဟုတ်လား" ဆိုသည့် သဘောပင်တည်း။ မင်းကြီးသည် ပြုံးရယ်တော်မူပြီး ဆုလာဘ်များပေးသနားကာ ရွှေနန်းတော်သို့ ပြန်ကြွသွားလေသည်။

ဤတွင် အလိုရှိသည်ကား "ကျွမ်းကျင်ရာ လိမ္မာ" ဟူသော စကားပင် ဖြစ်ပါသည်။ မည်သည့် အတတ်ပညာပင်ဖြစ်စေ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားပါက ပြုလုပ်လိုသည့် အမှုကိစ္စများ၌ အလွယ်တကူ ချောမောစွာ ပြီးဆုံးနိုင်ပါသည်။

မကျွမ်းကျင်လျှင် အချိန်လည်း ကြာ၏၊ ခရီးလည်း မတွင်၊ အရာလည်း မရောက် ဖြစ်တတ်ပေသည်။ အပျက်အစီးလည်း များ၊ ငွေကုန် လူပမ်းလည်း ဖြစ်ရတတ်ပါသည်။ ထို့ကြောင့် လောက၌ မည်သို့သော အလုပ်မျိုးကိုမဆို "ငါးပိဖုတ်ဖျက်" ဖြစ်ခြင်း၊ "ပျော့တူး မနပ်" ဖြစ်ရခြင်းသည် အလုပ်လည်း မငြိမ်း၊ အကဲ့ရဲ့လည်း မလွတ် ဖြစ်တတ်ကြပါသည်။

တစ်ခါက စာပေပညာရှင် ဆရာတော်ကြီးနှစ်ပါးကို တွေ့ရဘူးပါသည်။ ယင်းဆရာတော်ကြီးနှစ်ပါးအား ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေသို့ မြန်မာစာအတွက် ကြွရောက်တော် မူကြစဉ် ဖူးတွေ့ရဘူးခြင်းဖြစ်ပါသည်။ နောင်တွင် မြန်မာစာ ဩဝါဒါစရိယများ ဖြစ်တော်မူသွားကြပါသည်။

ဆရာတော်ကြီးနှစ်ပါးစလုံး စာရေးဆရာ၊ ကျမ်းပြုသုတေသန ပညာရှင်များ ဖြစ်တော်မူကြ၏။

ပထမဆရာတော်သည် ပါဠိသန်တော်မူပြီး ဆန်း၊ အလင်္ကာ တို့ကိုလည်း ပျံ့လွှန်တော်မူသည်တိုင် နှုတ်တက်အာဂုံဆောင်တော်မူပြီး တခဏအတွင်း ကောင်းမွန်သော ပါဠိ ဂါထာများကို ရေးစပ်တော်မူနိုင်ပါ၏။ ဂါထာတစ်ပုဒ်ရေးဘို့ရန် အကြောင်းအရာရှာခြင်း၊ တွေးတောနေရခြင်းမျိုးမရှိချေ။ ကျမ်းပေါင်းသုံးရာကျော် ပြုစုတော်မူသွားသော ဆရာတော်ကြီး ဖြစ်ပါသည်။ ဒုတိယဆရာတော်ကြီးကား သက်တော် ရှစ်ဆယ်ကျော်ရှိလေပြီ၊ ယနေ့ထက်တိုင် စာပေရေးသားတော်မူဆဲ ဖြစ်ပါသည်။ ဆရာတော်ကြီးသည် မိမိရေးစပ်လိုသည့် ကဗျာလင်္ကာ များကို တမုဟုတ်ခြင်း ရေးစပ်တော်မူနိုင်၏၊ တွေးတောကြံဆနေခြင်းများ မရှိချေ။

ထို့ကြောင့် ဆရာတော်ကြီးအား "တော်လိုက်တာ" "ဉာဏ်ကောင်းလိုက်တာ" စသည်ဖြင့် ချီးကျူးကြပါသည်။ တကယ်လည်း ချီးကျူးထိုက်ရုံမျှမက ဆည်းကပ်ကိုးကွယ်ထိုက်သောပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးများ ဤရွေ့ဤမျှ ကျွမ်းကျင်စွာ တတ်မြောက်တော်မူကြခြင်းကား နှစ်ပေါင်း ၄၀ ကျော် ၅၀ အတွင်း၌ လေ့ကျင့်တော်မူကြခြင်းကြောင့် ဖြစ်ပါသည်။ ဆရာတော်ကြီးတစ်ပါးက–

"ငါတို့ဉာဏ်လည်း သူများလို ဉာဏ်ပါပဲ၊ ဒါပေမဲ့ ငါတို့က ဝီရိယကို ပိုထားတယ်၊ မပြတ် မလပ် လေ့ကျင့် ရေးသားတယ်" ဟု မိန့်တော်မူဘူးပါသည်။

လောကနီတိ၌လည်း "အပ္ပကံ နာတိ မညေယျ (လ) ပရိပူရတိ" အကြားအမြင်ကို နည်းသည် များသည် မအောက်မေ့အပ်၊ စိတ်၌မှတ်သားထားသင့်၏၊ ရေစက် ရေပေါက်များသည် ကျဖန်များသဖြင့် မြစ် ချောင်း အင်း အိုင် ဖြစ်လာသကဲ့သို့ လည်းကောင်း။

"ခဇ္ဇောတိ နာတိမညေယျ (လ) ဇီဝိတ ကပ္ပ ကာရဏံ" ကိုယ်မှု နှုတ်မှုတို့သည် ကုန်စင်အောင်တတ်မှု အသက်မွေးဝမ်းကြောင်း ဖြစ်သည်ဟူ၍ လည်းကောင်း မိန့်ဆိုထားပါသည်။"

မည်သည့် အတတ်ပညာဖြစ်စေ တတ်အောင်လည်း သင်ကြားကြရ၏၊ သင်ကြားပြီးသော ထို အတတ်ပညာကိုလည်း ကျွမ်းကျင်အောင် လေ့ကျင့်ခြင်း ပြုလုပ်ကြရလေသည်။ လေ့ကျင့်ခန်း များများပြုလုပ်လေ ပိုမို၍ ကျွမ်းကျင်လေ၊ ပိုမို၍ ကျွမ်းကျင်လာလေလေ မိမိအတွက် ကောင်းကျိုး ခံစားရလေ ဖြစ်ပါသည်။ စင်စစ်အားဖြင့် ကျွမ်းကျင်ခြင်းသည် လေ့ကျင့်မှုပင် မဟုတ်ပါလော။ ၅၅၀ နိပါတ်တော်လာ သာလိတ္တကဇာတ်ကို ထုတ်နှုတ် ဖေါ်ပြပါဦးမည်။

လွန်လေပြီးသောအခါက ဗာရာဏသီပြည်တွင် ကျောက်

ဝရစ်ပစ် အတတ်တွင် ကျွမ်းကျင်စွာ တတ်မြောက်သူတစ်ဦး ရှိပါသည်။ ဗာရာဏသီပြည်မှ လူငယ်တစ်ချို့သည် ပျော်ရွှင်လိုမှု ထိုသူကိုခေါ်၍ ကျောက်ဝရစ်ပညာစွမ်း ပြခိုင်းပြီး ပျော်ကြလေ့ ရှိပါသည်။

တစ်နေ့သောအခါ လူငယ်တစ်စုသည် ထိုကျောက်ဝရစ် ပစ်တတ်သူအားခေါ်၍ ညောင်ပင်ကြီးအောက်သို့ သွားကြပြီး ညောင်ရွက်များကို ကျောက်ဝရစ်ခဲဖြင့် ဆင်ရုပ်၊ မြင်းရုပ် ပြုလုပ် ပြသပါရန် ပြောကြသဖြင့် ဆင်ရုပ်၊ မြင်းရုပ် လုပ်ခါ ပြသ ဖြေဖျော် ပေးလေသည်။

ထိုအချိန်တွင် ဥယျာဉ်တော်သို့ ထွက်ကြွလာသော ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် ဤညောင်ပင်အောက်သို့ ရောက်လာခဲ့သည်။ ထိုအခါ ညောင်ပင်မှထွက်သော အရိပ်သည် အစက်အပြောက်များ ဖြစ်နေသည်ကို မြင်တွေ့လေ၏။ မင်းကြီးသည် အရွက်များကို မော်ကြည့်သောအခါ အပေါက် အပေါက်များ ဖြစ်နေသည်ကို တွေ့ရသဖြင့် မေးမြန်းရာ ညောင်ပင်အောက်၌ အိပ်နေသော လူငယ်ပစ်ကြောင်း သိရှိလေသည်။ ထိုသူငယ်အား အပါးသို့ ခေါ်တော်မူပြီး

"ငါ့ရွှေနန်းတော်အတွင်းသို့ လိုက်ခဲ့ပါ၊ တင်းတိမ်ကို ကာပြီး အပေါက်တစ်ခု ဖေါက်ပေးမယ်၊ အဲဒီအပေါက်ကနေ တစ်နေရာမှ ထိုင်နေသည့် လူ၏ ပါးစပ်အတွင်းသို့ ဆိတ်ချေးများ ဝင်အောင် ပစ်နိုင်ပါ့မလား" ဟု မေးတော်မူ၏။ သူငယ်က

"မိမိ ပြုလုပ်နိုင်ပါကြောင်း" လျှောက်သဖြင့် ထိုသူငယ် အား နန်းတော်သို့ ခေါ်ဆောင်သွားလေသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၌ အမတ်ပုဏ္ဏားတစ် ယောက်ရှိ၏။ ထိုအမတ် ပုဏ္ဏားသည် ညီလာခံရောက်သည့် အခါတိုင်း မည်သူတစ်ဦးတစ်ယောက်မျှ စကားပြောခွင့်မရ အောင် အလွန်စကားများသော အမတ်တစ်ဦးဖြစ်၏။ ညီလာခံ ဝင်သွားရသည် ထိုပုဏ္ဏားအမတ် ပြောစကားတစ်ခုတည်းနှင့် သာ အချိန်ကုန်ကြရ၏။ ထို့ကြောင့် မင်းကြီးမှာ အမြဲစိတ်ဆင်းရဲ နေရရာ၊ သူငယ်နှင့်တွေ့ပြီး အကြံတစ်ခု ရသဖြင့် သူငယ်အား နန်းတော်သို့ ခေါ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

လိုက်ကာတစ်ခုကို အပေါက်တစ်ပေါက် ဖေါက်ထားပြီး စကားများသော အမတ်နေရာကိုလည်း လိုက်ကာနှင့် မနီးမဝေး တွင် ခင်းကျင်းပေးထားလေသည်။ နောက်တစ်နေ့တွင် ညီလာခံ ဝသည်နှင့် ထိုအမတ်သည်လည်း ထုံးစံအတိုင်း စကားကို မရပ် မနား ဘေးလူ ဝင်ဝရာမရှိအောင် ပြောလေတော့၏။ ကျောက် ဝရစ်ပစ်သူကလည်း ထိုအမတ် ပုဏ္ဏား ပါးစပ် ဟသည်နှင့် ဆိတ် ချေးများ အာခံတွင်းသို့ တန်းတန်းမတ်မတ်ဝင်အောင် ပစ်သွင်း လေတော့၏။ အတန်ကြာသောအခါ မင်းကြီးက–

"ပုဏ္ဏားကြီး ရပ်ပါတော့၊ အသင့်ဝမ်းတွင်း၌ ဆိတ်ချေး တစ်ပြည် ဝင်သွားလေပြီ၊ အိမ်ပြန်ပြီး ဝမ်းနှုတ်ဆေးဦးလော့" ဟု ပြောလိုက်ရာ အမတ်ပုဏ္ဏားလည်း ရှက်ပြီး အိမ်သို့ပြန်သွားလေ ၏။ ထို့နောက်တွင် ထိုအမတ်စကားမများတော့ပါချေ။ ကျောက် ဝရစ် ပစ်သူကိုလည်း ဆုတော် လာဘ်တော်များပေးပြီး ပြန်လွှတ် လိုက်လေသည်။

လိုက်ကာပေါက်မှ ပါးစပ်တွင်းသို့ ဆိတ်ချေးများဝင်အောင် ပစ်နိုင်ခြင်း၊ ဆီကို မဖိတ် မဝင်အောင် လောင်းထည့်နိုင်ခြင်း၊ တမဟုတ်ချင်း ဂါထာ ကဗျာ လင်္ကာ တေးတပ် စသည်တို့ကို ရေးသားနိုင်ခြင်း တို့သည် စင်စစ် အလေ့အကျင့်များစွာတို့၏ ကျွမ်းကျင်မှုများပင် ဖြစ်ပါတော့သတည်း။

ထို့ကြောင့် သာသနာတော်တွင်လည်း ပရိယတ် ကျမ်းဂန် ၌ ကျွမ်းကျင် လိမ္မာရန်အတွက် အမြဲမပြတ် လေ့ကျင့်မှတ်သား နေကြရန် အမှန်လိုအပ်ပေသည်။

ထီးချိုင့် ရွှေဥက္ကာ
ဦးဥတ္တရ၊ ကုက္ကိုကုန်းကျောင်း၊ ထီးချိုင့်မြို့။



# အရှိန်အဝါကောင်းသော မန္တလေးသာသနာ

ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ဟု မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ရသော ခေတ်ကြီးခြောက်ခေတ်တို့တွင် ကုန်းဘောင်ခေတ်ကား မြန်မာ့သမိုင်းစဉ်တွင် နောက်ဆုံးခေတ်ဖြစ်သည်။ မန္တလေးမြို့၊ ကုန်းဘောင်ခေတ်၏ နောက်ဆုံးထီးနန်းစိုက်ထူရာမြို့တော်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် သာသနာတော်စည်ပင် ထွန်းကားခဲ့ပါ၏။ ထီးနန်းစိုက်ရာ ရွှေမြို့တော်များတွင် သာသနာသည် အရှိန်အဝါကောင်းခဲ့ပါ၏။ ကုန်းဘောင်ခေတ်၏ နောက်ဆုံးမြို့တော်ဖြစ်သော မန္တလေးသာသနာကား ပို၍ အရှိန်အဝါကောင်းသည်ဟု ယူဆမိပါသည်။

ဘာကြောင့်နည်း၊ မန္တလေးမြို့တော်ကိုတည်ထောင်တော်မူခဲ့သော မင်းတုန်းမင်းတရားကြီးကား သာသနာတော်ကို ရက်ရက်စက်စက် ကြည်ညို၍ ထက်မြက်သော သဒ္ဓါတရားရှိသော မင်းတစ်ပါးဖြစ်သည်။ မြန်မာနိုင်ငံ၏သမိုင်း ခေတ်အဆက်ဆက်တွင် ဘယ်မင်းလက်ထက်တွင်မှ မဆောင်ရွက်နိုင်ခဲ့သော ပဉ္စမသင်္ဂါယနာတင် သာသနာဝင်တွင် သမိုင်းတင်ရသည့် သာသနာပြု လုပ်ငန်းကြီးကို ဆောင်ရွက်တော်မူခဲ့သည်။ ပဉ္စမသင်္ဂါယနာတင် လုပ်ငန်း၏ သာသနာတော်အတွက် ကျေးဇူးများပုံကို အထူးချဲ့ထွင်ရန် မလိုပါပေ၊ အဘယ်အတိုင်းအတာ

အထိ ဆောင်ရှက်ခဲ့သည်ကိုလည်း လောကမာရဇိန်စေတီတော်နှင့် ပိဋကတ်ဂူစေတီတော်များက သက်သေထူလျက်ရှိသည်။

မင်းတုန်းမင်းကြီးသည် နန်းတက်စက အမရပူရမြို့တော်တွင် စံနေခဲ့သည်။ အမရပူရမြို့တော်တွင် စံနေစဉ်က ဘွဲ့တံဆိပ်တောရ အကျော်အမော် ဆရာတော်ဘုရားကြီးများကို ဆည်းကပ်ကိုးကွယ်လျက် သာသနာပြုခဲ့ရာ ထိုအချိန်ကပင် သာသနာတော်၏ အရှိန်အဝါမှာ ထွန်းလင်းတောက်ပလျက်ရှိသည်။

မန္တလေးမြို့တော်သို့ ပြောင်းရွှေ့သောအခါ ကြီးကျယ်ခန့်ငြားလှသော ကျောင်းတိုက်ကြီးများကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ ရှေးကြိုးသတ်မှတ်သော ရတနာပုံမြို့တော်အတွင်း ထင်ရှားကျော်စောသော ကျောင်းတိုက်တော်ကြီး (၁၁၄) တိုက်ကို ဆောက်လုပ် လှူဒါန်းတော်မူသည်။ ထိုကျောင်းတိုက်ကြီးများတွင် သံဃာတော်နှစ်ရာ၊ လေးရာ၊ ခြောက်ရာ၊ ခုနစ်ရာ၊ တစ်ထောင်စသည်ဖြင့် သီးတင်းသုံးတော်မူခဲ့ကြသည်။ မြို့တော် အရှေ့ပြင် မဟာဝိသုတာရာမ ခေါ် တိုက်တော်ကြီးစသော ကျောင်းတိုက်ကြီးများသည် နတ်ဗိမာန်သဖွယ် အလွန်တင့်တယ်လှပါသည်။

ပရိယတ္တိအကျော်အမော် ဆရာတော်ကြီးများ သီတင်းသုံးတော်မူ၍ ပရိယတ္တိစာပေများကို ပို့ချပေးတော်မူရာ စာသင်သားများကား အလွန်များပြားလှပါသည်။ မန္တလေးခေတ်နှောင်းမှာပင် လယ်တီဆရာတော်၊ မဟာဝိသုဒ္ဓါရုံဆရာတော် စသော အကျော်အမော် ဆရာတော်များ ထွန်းကားခဲ့ရာ မန္တလေး၏ ပရိယတ္တိသာသနာ အခြေအနေ ကောင်းခဲ့ပုံကို မှန်းဆနိုင်ပါသည်။

မင်းတုန်းမင်းကြီးသည် သက်တော် ရှည်သမျှကာလပတ်လုံး လှူဒါန်းတော်မူသော အလှူတော်သည် တန်ဖိုးငွေအားဖြင့် "နှစ်ဆယ့်နှစ်ကုဋေ ခြောက်သန်း" ရှိသည်။ ဤမျှ သာသနာတော်အတွက် လှူဒါန်းခဲ့သော မင်းတုန်းမင်းတရားကြီး၏ မန္တလေးသာသနာကား အဘယ်မှာ အရှိန်အဝါမကြီးပဲ ရှိနိုင်မည်နည်း။

မင်းတုန်းမင်းကြီးသည် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်၊ အင်္ဂါနေ့ ၂ ချက်တီးကျော်အချိန်တွင် နတ်ရွာစံတော်မူခဲ့သည်။ သားတော် သီပေါမင်းတရားက ထီးနန်းအမွေကို ခံယူခဲ့သည်။ သာသနာတော်ကိုလည်း ပြုစုတော်မူခဲ့ပါသည်။ သို့သော် မကြာလှပါချေ။ ၁၂၄၇ ခုနှစ်တွင် မြန်မာတို့၏ အရှင်သီပေါဘုရင်ကို နယ်ချဲ့တို့က ဖမ်းသွားခဲ့ကြသည်။

ဘုရင်ခေတ် သခင်ခေတ်မှ ကျွန်ဖြစ်ခဲ့ကြသည်၊ မြန်မာ့ကံဇာတာကား ညှိုးသလို သာသနာ့ကံကလည်း ညှိုးခဲ့ပါသည်။ သခင်အစစ်မှ ကျွန်ဖြစ်ရသော အဖြစ်ကို ထိုခေတ် ထိုအချိန်က ကိုယ်တိုင် တွေ့ကြုံခံစားရသူများသာ သိနိုင်ပေလိမ့်မည်၊ သာမည လူသားတစ်ယောက်ကို မဆိုထားဘိ (စာတတ်အကျော်) ဆရာတော်တစ်ပါးဖြစ်သော ဆိးဘန်နီဆရာတော်ကြီးပင်–

"ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုညာ၊ သုဉ်းသုံးဝဖြင့်ဖြစ်လာရပေ တို့တတွေသည် သေသော်မှတည့် ဩော် ကောင်း၏" ဟု ဖွင့်ထုတ်ပြီး ငြီးငြူတော်မူခဲ့သည်။ မန္တလေးမြို့တော်ကား အဘယ်အခြေအနေ ရောက်နေသည်ကို စဉ်းစားက အထင်းသား မြင်နိုင်ပါသည်။ သာသနာချီးမြှောက်သော ဘုရင်မရှိ၍ ပရိယတ္တိကျမ်းဂန်ဆောင် ဆရာတော်ကြီးများ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအချို့ မြို့တော်မှ ထွက်ခွါတော်မူကြသည်။ ရေမြင့်မှ ကြာမြင့်သလို ဒကာမြင့်မှ သာသနာမြင့်သည်၊ သာသနာတင့်သည်၊ ဆရာတော်ကြီးများ ရွှေမြို့တော်တွင် မရှင်မပျ တောသို့ ကြွတော်မူကြလျှင် ပရိယတ္တိသာသနာ့ ပင်စည်ကြီးကား နွမ်းပါး ပျက်ယိုင် ပေတော့မည်။ "ပရိယတ္တိယာ သာသနဿ" မူလသာသနာတော်၊ ပင်စည် ပရိယတ္တိသာသနာတော်ကြီး ပျက်စီးယိမ်းယိုင်ခဲ့လျှင်–

ပရိယတ္တိယာ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ

ပရိယတ္တိသာသနာ ကွယ်ခဲ့လျှင် ပဋိပတ္တိ ကွယ်ပမည့်ဘေးဆိုးကြီးနှင့် ရင်ဆိုင်ရပေတော့မည်။ ဤအခြေအနေကို စဉ်းစားဆင်ခြင်မိကြသော မန္တလေးမြို့ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်း၊ ရုံးစာရေးကြီး ဦးခင် စသော သာသနာပြုလိုသော ဒကာ (၁၂)ဦးတို့သည် ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၁၈) ပါးတို့၏ ဩဝါဒကို ခံယူကာ မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့တွင် ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင် တည်ထောင်ခဲ့ကြလေသည်။

ထိုဆရာတော်ကြီး (၁၈) ပါးနှင့် မူလအသင်းတည်ထောင်ခဲ့ကြသော ပုဂ္ဂိုလ်ကြီး (၁၂) ဦးတို့၏ အမည်များကို ကျောက်စာမော်ကွန်း ထိုးသင့်လှသည်။ ပရိယတ္တိသာသနဟိတအသင်းကို ၁၂၆၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သော်လည်း ပရိယတ္တိသာသနဟိတအသင်း၏ စာလျှောက်မေးခန်းကို ၁၂၆၅ ခုနှစ်၊ နယုန်လတွင် ပထမဆုံးအကြိမ် စတင် ကျင်းပခဲ့ကြသည်။

ပရိယတ္တိသာသနဟိတအသင်း၏ စာလျှောက်မေးခန်းမှာ စာသင်တန်းနှင့် စာချတန်းဟု နှစ်မျိုးရှိသည်။ "စာမေးပွဲ"ဟု မခေါ်ဝေါ်ပဲ စာလျှောက်မေးဟူသော အမည်ကပင် သာသနာတော်ကို အလေးအမြတ်ပြုရာရောက်သည်။ စာဖြေမည့်အရှင်

မြတ်အား “မေး” သည်ဟု မဆိုပဲ “လျှောက်” လျှောက်ထားသည် ဟူသော အသုံးအနှုန်းကား သာသနာ့ယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုပင် ဖြစ်သည်။ မန္တလေးခေတ်၏ အမွေအနှစ်နန်းဆန်သော ယဉ်ကျေးမှုဟုပင် ဆိုရပေမည်။

မန္တလေး ပရိယတ္တိသာသနဟိတအသင်းမှ ကျင်းပသော စာလျှောက်မေးခန်း စာသင်တန်း စာချတန်းအောင် အရှင်မြတ်တို့၏ စာပေအရည်အသွေးမြင့်မားမှုကိုကား သံဃာအချင်းချင်းသာ ပို၍ သိပေလိမ့်မည်။ ဤစာလျှောက်မေးခန်းကို အောင်မြင်ခဲ့လျှင် “စာတတ် ပေတတ်၊ စာတော် ပေတော်” ပုဂ္ဂိုလ်ကျော်တစ်ပါးအဖြစ် သံဃာများက အသိအမှတ်ပြုကြသည်၊ လေးစားကြသည်။

ဤသို့သံဃာတော်အရှင်မြတ်တို့၏ ပရိယတ္တိစာပေအရည်အသွေး မြင့်တက်လာခြင်းကား ပရိယတ္တိသာသနဟိတအသင်း၏ ကျေးဇူးပင်ဖြစ်သည်။ သာသနာတော်၏ အခြေခံဖြစ်သော ပရိယတ္တိသာသနာတော်ကို စွမ်းစွမ်းတမံ ပြုလိုက်ခြင်းပင်ဖြစ်သည်။ ပရိယတ္တိသာသနဟိတအသင်း၏ ကျေးဇူးထိုမျှသာ မကသေးပေ။

မန္တလေး ပရိယတ္တိသာသနဟိတအသင်းကား “စံပြ” အသင်းကြီးဟုပင် ဆိုရပါမည်။ ယနေ့ မြို့ကြီးများတွင် အသင်းအဖွဲ့ ဖွဲ့စည်း၍ စာမေးပွဲ ကျင်းပနေခြင်းကား ပရိယတ္တိသာသနဟိတအသင်းကြီး၏ “ဦးဆောင်မှုကြောင့်” ဟု ဆိုရသော် လွန်အံ့ မထင်ပေ၊ ပရိယတ္တိသာသနဟိတအသင်း၏ သာသနာပြုလုပ်ငန်းကား အထက်တန်းကျကျ အောင်မြင်လှပါသည်။ ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့သော ပရိယတ္တိသာသနဟိတအသင်းသည် ၁၃၆၀ ပြည့်နှစ်တွင် နှစ် (၁၀၀) ပြည့်ခဲ့ပေပြီ၊ နှစ် (၁၀၀) ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့သည်၊ သာသနာပြုနိုင်ခဲ့သည်၊ ဤကောင်းမြတ်သော အစဉ်အလာကို ရာပြည့်ပွဲမှသည် ရှေ့သို့ ချီ၍ လျှောက်လှမ်းနိုင်ပါစေ ဟု ဂုဏ်ပြု ဆုတောင်းအပ်ပါသည်။

အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)



ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး၍ သာသနာ့ခေတ် နှောင်းပိုင်းကာလ ဖြစ်၏၊ သင်္ဂါယနာတင်မထေရ်တို့ ဗုဒ္ဓ၏တရားအဆီအနှစ်များကို မပျက်သုဉ်းရအောင် စောင့်ရှောက်တော်မူပြီးစ အခါလည်း ဖြစ်၏၊ သီဟိုဠ်ကျွန်း၌ ရဟန်းတော်တို့ ထေရဝါဒသာသနာကို နှုတ်ဆင့်ကမ်းကာ ပခုံးထမ်းသယ်ဆောင်နေစဉ် ကာလလည်း ဖြစ်၏။

ထိုအချိန်တွင် သီဟိုဠ်ကျွန်းသူ/သားတို့ ကံဆိုးမိုးမှောင်ကျကာ အန္တရာယ်ဘေးဆိုးကြီးနှင့် ရင်ဆိုင်ရမည့်အခြေအနေသို့ ရောက်ရှိလည်ခဲ့ပေသည်။ ထိုးဘေးကြီးကား အခြားမဟုတ် "စဏ္ဍာလတိဿ" သူပုန်ဘေးကြီးပင်တည်း။

ထိုအကြောင်းကို သိမြင်တော်မူသော သာသနာကို အစဉ်စောင့်ရှောက်တော်မူသော သိကြားမင်းသည် ရဟန်းတော်တို့အား ဤသို့လျှောက်ထားလေ၏။

# ပရိယတ္တိ အလင်းရောင်

## ပရိယတ္တိသာသပမာန



"အရှင်ဘုရားတို့ စဏ္ဍာလတိဿ ခေါ် သူပုန်ဘေးကြီး ကျရောက်ပါတော့မည်၊ မိုးခေါင်၍ရဟန်းတော်များသည် ပစ္စည်းလေးပါးဖြင့် ပင်ပန်းဆင်းရဲကြပါလိမ့်မည်၊ ပရိယတ္တိတရားတော်များကို မထမ်းဆောင်နိုင်ပဲ ရှိကြပါလိမ့်မည်၊ တစ်ဖက်ကမ်း ဇမ္ဗူဒိပ်ကျွန်းသို့ သွားနေ၍ အသက်ကို စောင့်ရှောက်သင့်ကြပါသည်၊ ဖေါင်ကိုစီး၍ ကြွတော်မူကြပါ၊ ဖေါင်မဆံ့သဖြင့် မလိုက်ပါနိုင်သော ရဟန်းတော်များသည် သစ်တုံး ဝါးလုံးဖြင့်သော်လည်း ကူးသွားတော်မူကြပါ၊ အရှင်ဘုရားတို့ အန္တရာယ်ကင်းအောင် စောင့်ရှောက်ပါမည်" ဟု လျှောက်ထား၍ ကြီးစွာသော ဖေါင်တော်ကို ဖန်ဆင်းပြုလုပ်၍ ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယနိုင်ငံ) သို့ ပို့ပေးလေ၏။

ကျန်ရှိနေသေးသော ရဟန်းတော်ခြောက်ကျိပ်တို့သည် သမုဒ္ဒရာဆိပ်ကမ်းရောက်မှ "ငါတို့သည် သီဟိုဠ်ကျွန်း၌ပင် နေရစ်ခဲ့၍ ပိဋကတ်သုံးပုံကို ထိန်းသိမ်းစောင့်ရှောက်ကြစို့" ဟု အညီအညွတ် ကတိ ကဝတ်ပြုကာ နေရစ်ခဲ့ကြ၏၊ ထိုရဟန်းတော်တို့သည် ဒက္ခိဏာမလယ ဇနပုဒ်သို့သွား၍ ရတတ်သမျှသော သစ်ဥ သစ်ဖု သစ်မြစ် သစ်ရွက်တို့ကိုသာ ဘုဉ်းပေးသုံးဆောင်ကာ နေထိုင်ကြလေ၏၊ ခန္ဓာကိုယ်ခွန်အားရှိသရွေ့ ရွက်ဆောင်နိုင်လျှင် ထိုင်လျက် ပရိယတ္တိတရားတော်ကို ရွတ်အံ သရဇ္ဈာယ်တော်မူကြ၏၊ မစွမ်းဆောင်နိုင်လျှင် သဲပုံကို ခေါင်းခု၍လည်းကောင်း၊ သဲပုံကို ဝမ်းဗိုက်မှောက်ချ၍လည်းကောင်း၊ ခေါင်းချင်းဆိုင်ကာ နှလုံးသွင်း ဆင်ခြင်တော်မူကြ၏။

ဤသို့ဖြင့် ကာလအားဖြင့် (၁၂) နှစ် တိုင်တိုင် ကြာခဲ့ပြီဖြစ်၏၊ ဇမ္ဗူဒိပ်ကျွန်းသို့ ရောက်ရှိနေကြသော ရဟန်းတော်ပေါင်း (၇၀၀) တို့ကလည်း ပရိယတ္တိတရားတော်ကို မပျောက်ပျက်စေပဲ ထိန်းသိမ်းစောင့်ရှောက်တော်မူကြ၏၊ သူပုန်ဘေးကြီး ငြိမ်းအေးသောအခါ ဇမ္ဗူဒိပ်ကျွန်းမှ ပြန်ကြွလာခဲ့ကြသော ရဟန်းတော်ပေါင်း (၇၀၀) တို့နှင့် ကျန်ရှိနေခဲ့သော ရဟန်းတော်ပေါင်း ခြောက်ကျိပ်တို့သည် တွေ့ဆုံ ညှိနှိုင်း၍ ပိဋကတ်သုံးပုံကို တိုက်ဆိုင် ရွတ်ဆိုကြသည်ရှိသော် အက္ခရာ တစ်လုံးတစ်လေမျှ တိမ်းစောင်းလွဲပါး မှားယွင်းမှုကို မတွေ့ရှိကြပေ။

သီဟိုဠ်ကျွန်းနေ ထိုမထေရ်တို့၏ ရဲရဲတောက် သာသနာ့စိတ်ဓာတ်ကား အံ့မခန်းဖြစ်ခဲ့ကြ၏။ ထိုမထေရ်တို့၏ ကျေးဇူးကြောင့်ပင် ယနေ့ကမ္ဘာ၌ ဗုဒ္ဓဘာသာဝင်တို့ ပရိယတ္တိအလင်းရောင်ကို သိမြင်ကြရခြင်းဖြစ်၏။ ဓမ္မရသကို ခံစားနိုင်ကြခြင်းဖြစ်၏၊ အသက်ကိုပင် ပဓာန မထားမူ၍ သာသနာအတွက် ဆောင်ရွက်ခဲ့ကြသေး၏။

မြတ်စွာဘုရား၏ သားတော်တို့သည် ဤသို့ပင် တာဝန်ကျေခဲ့ကြ၏၊ သူတို့စောင့်ရှောက်ခဲ့သည်ကား ပရိယတ္တိလုပ်ငန်းကြီးဖြစ်၏၊ မှန်၏၊ မြတ်စွာဘုရား၏ တပည့် သား တို့ ဆောင်ရွက်ရမည့်တာဝန်မှာ နှစ်မျိုးရှိ၏။ ယင်းမှာ ဂန္ထဓုရ၊ ဝိပဿနာဓုရ ဟူ၍ ဖြစ်၏၊ ဂန္ထဓုရ ဆိုသည်မှာ ဗုဒ္ဓဟောတော်မူအပ်သော ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ တရားတော်များကို ပို့ချသင်ကြားခြင်းဖြစ်၍ ဝိပဿနာဓုရ ဆိုသည်မှာ ပရိယတ္တိအခြေခံသော မဂ် ဖိုလ် နိဗ္ဗာန် ရရန် ပဋိပတ္တိအကျင့် ဖြစ်၏၊ ထိုတွင် ပရိယတ္တိလုပ်ငန်းကြီးမှာ အဆင်းရဲ အပင်ပန်းဆုံးနှင့် အခက်ခဲဆုံးဖြစ်၏။

ထိုမထေရ်တို့သည် ဤသို့ ခက်ခဲ ပင်ပန်းစွာ ပရိယတ္တိတာဝန်ကို ထမ်းဆောင်လာရသည့်အတွက် သံဃာစုံညီရာအခါ၌ ကိုယ်စီ ကိုယ်င အတွေးပေါ်ခဲ့ကြ၏၊ ထိုအတွေးမှာ သာသနာ့သုံးရပ်တွင် ပရိယတ္တိသည် အဓိကလော သို့တည်းမဟုတ် ပဋိပတ္တိသည် အဓိကလော ဟူ၍ပင် ဖြစ်၏၊ ထိုအခါ ဓုတင်ဆောင်ရဟန်းတို့က ပဋိပတ္တိသာလျှင် ပဓာနဟု ဖြေကြပြန်၏၊ တဖန် ဓမ္မကထိကရဟန်းတို့က ပရိယတ္တိသာလျှင် ပဓာနဟု ဖြေကြပြန်၏၊ ဤသို့ဖြင့် ပရိယတ္တိနှင့် ပဋိပတ္တိမည်သည်က သာသနာ့ဇစ်မြစ် ဖြစ်သည်ကို အတိအကျ မခွဲနိုင်ခဲ့ကြပေ။ ဓုတင်ဆောင်ရဟန်းနှင့် ဓမ္မကထိက ရဟန်းတို့သည် မိမိဝါဒအလျောက် ပြောကြခြင်းလည်း ဖြစ်နိုင်၏၊ ခိုင်လုံသော အကြောင်းပြချက်နှင့် အကိုးသာဓကရှိ၍ ပြောခြင်းလည်း ဖြစ်နိုင်၏။

ဝင်စစ်အားဖြင့် မိမိစကားကို ယုံကြည်စေလို အတည်ပြုစေလိုလျှင် အကြောင်းယုတ္တိနှင့် အကိုးသာဓကကို ပြရမြဲ ဖြစ်၏၊ မိမိတင်ပြသော စကားရပ်သည် အကြောင်းယုတ္တိ ခိုင်လုံက ပညာရှိတို့ လက်ခံမည်ဖြစ်၏၊ မိမိကိုးကားသော ကျမ်းတစ်ဆူသည် အလေးဂရုပမာပြုထိုက်သော ကျမ်းတစ်ဆူဖြစ်ပါမူ ပညာရှိအပေါင်းသည် ပို၍ပင် ယုံကြည်လက်ခံကြမည်ဖြစ်၏။

အကယ်၍ မိမိတင်ပြသော အကြောင်းပြချက်နှင့် ကိုးကားသော ကျမ်းတစ်ဆူသည် အလေးဂရု ပမာပြုထိုက်သော ကျမ်းတစ်ဆူ မဟုတ်ခဲ့ပါမူ ပညာရှိတို့သည် စင်စစ် မယုံကြည်နိုင်ရာပေ။

ဤအကြောင်းကို သိမြင်တော်မူကြသော သံဃာတော် (၇၀၀) ကျော်ရှိသော သံဃထုကြီးက "အရှင်ဘုရားတို့ မိမိတို့အယူဝါဒကို ရှေ့တန်းမတင်ကြပါနဲ့၊ ဖိနဘာသိတ မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ စကားရပ်များကို ကိုးကားပြကြပါ" ဟု အဆိုပြုသောအခါ –

ဓုတင်ဆောင်ရဟန်းတို့က

"ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ" ...

"ဣမေဝ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ"

(သုဘဒ္ဒ ဤရဟန်းတို့သည် ကောင်းစွာနေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့ဖြင့် မဆိတ်သုဉ်းရာ) ဟူသော သုတ္တန်နှင့်၊

"ပဋိပတ္တိမူလကံ မဟာရာဇ သတ္ထုသာသနံ ပဋိပတ္တိသာရကံ ပဋိပတ္တိယာ ဓရန္တာယ တိဋ္ဌတိ"

(မင်းကြီး မြတ်စွာဘုရား သာသနာတော်သည် ပဋိပတ္တိလျှင် မူလရှိ၏၊ ပဋိပတ္တိလျှင် အနှစ်သာရရှိ၏၊ ပဋိပတ္တိတည်မှသာ သာသနာတည်နိုင်၏) ဟူသော မိလိန္ဒမင်းအား မိန့်ကြားတော်မူသော ရှင်နာဂသိန်မထေရ်၏ စကားတော်ကို ကိုးကားပြကြ၏။

တစ်ဖန် ဓမ္မကထိက ရဟန်းများကလည်း မိမိတို့အဆိုကို သက်သေထူရန် –

"ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
ယာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတော ယထာ၊

(အကြင်မျှလောက် သုတ္တန်သည် တည်၏၊ အကြင်မျှလောက် ဝိနည်းသည် ထွန်းပ၏၊ ထိုဝိနည်း သုတ္တန် တည်သမျှကာလပတ်လုံး သူရိန် နေမင်း ထွက်ပေါ်သကဲ့သို့ လောကသားတို့သည် အလင်းရောင်ကို မြင်ကြရကုန်၏။)

"သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိစ
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ
ယထာ"

(သုတ္တန်တို့သည် မရှိကုန်သော်၊ ဝိနည်းသည်လည်း ပျောက်ပျက်လေသော်၊ နေမင်းသူရိန် ကွယ်ပျောက်သကဲ့သို့ လောကသည် အမှောင်အတိ ဖြီးရာ၏)

"သုတ္တန္တေ ရက္ခိတေ သန္တေ ပဋိပတ္တိ ဟောတိ ရက္ခိတာ
ပဋိပတ္တိယံ ဌိတော စိရော၊ ယောဂက္ခေမာ န ဓံသတိ"

(ဝိနည်း သုတ္တန် အဘိဓမ္မာကို စောင့်ရှောက်အပ်သည်ရှိသော် ပဋိပတ္တိကို စောင့်ရှောက်သည်မည်၏၊ ပဋိပတ္တိ၌ တည်သော ပညာရှိသည် အာသဝယောဂ တို့၏ ကုန်ခမ်းရာ နိဗ္ဗာန်သို့ ရောက်နိုင်၏)

ဟူသော သုတ္တန်ကို ကိုးကားပြလိုက်သောအခါ ဓုတင်ဆောင်ရဟန်းတို့သည် ခေါင်းငိုက်စိုက်ချလျက် မတုန် မလှုပ်ငုတ်တုတ် နေကြရကုန်၏၊ ရဟန်းပေါင်း (၇၀၀) ကျော်ရှိသော သံဃာထုကြီးကလည်း ပရိယတ္တိသာလျှင် ပဓာနဟူသော စကားရပ်ကို တစ်ခဲနက် ထောက်ခံ အတည်ပြုကြကုန်၏၊ ထိုအခါမှ စ၍ "သာသနဋ္ဌိတိယာ ပရိယတ္တိယေဝပမာဏံ" ပရိယတ္တိသည်သာ သာသနာတည်ခြင်း၏ အဓိကအကြောင်းရင်းဖြစ်၏ (ဝါ) သာသနာတည်ခြင်းသည် ပရိယတ္တိသာလျှင် ပမာဏရှိ၏၊ "ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ" ပရိယတ္တိတည်မှသာလျှင် သာသနာတည်နိုင်၏ ဟူသော ဓမ္မကထိကရဟန်းတို့၏ စကားကို ပညာရှိတို့သည် အသိအမှတ် ပြုကြလေကုန်၏။

ဤအကြောင်းကို အင်္ဂုတ္တရအဋ္ဌကထာလာ ဥပမာစကားရပ်တို့ဖြင့် ထင်ရှားအောင်ပြရပါမူ နွားသိုး ရာ ထောင် ရှိစေကာမူ နွားမျိုးကို အစဉ်စောင့်ရှောက်တတ်သော နွားမတစ်ကောင် တစ်လေမျှ မရှိခဲ့သော် နွားမျိုးဆက်သည် ပျက်သုဉ်းရာသကဲ့သို့ ထို့အတူ ဝိပဿနာအားထုတ်သော ရဟန်းအပေါင်းရာ ထောင် မက ရှိစေကာမူ ပရိယတ္တိ မရှိခဲ့သော် စစ်မှန်သော ပဋိပတ် မရှိနိုင်၍ ပဋိဝေဓ မည်သည် မဖြစ်ပေါ်နိုင်ပေ။

မြေ၌ မြှုပ်နှံထားသော ရတနာ့ရွှေအိုးကို သိစေခြင်းငှာ ကျောက်ဖျာ၌ ရေးထိုးထားသော အညွှန်းအက္ခရာ ကျောက်စာတည်နေသမျှကာလပတ်လုံး ရတနာ့ရွှေအိုးသည် ပျက်စီးသည် မမည်သကဲ့သို့ ထို့အတူ ထို ပရိယတ္တိတည်ရှိသရွေ့ သာသနာသည် ကွယ်ပျောက်သည် မမည်နိုင်ပေ။

ဤဆိုအပ်ခဲ့ပြီးသည့် ဝိနည်း သုတ္တန် အဘိဓမ္မာလာ အဋ္ဌကထာ ဋီကာ ဆရာတော်များ၏ "ပရိယတ္တိသာ ပဓာန" ဟူသော စကားရပ်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ စဏ္ဍာလဘေးကြီးပေါ်ပေါက်လာပုံ

ဤမြန်မာနိုင်ငံ၌လည်း သီဟိုဠ်ကျွန်း၌ကဲ့သို့ သူပုန်ဘေးကြီးတစ်ခု ပေါ်ပေါက်ခဲ့ဖူး၏။ ထိုသူပုန်ဘေးကြီးကား အခြားမဟုတ်၊ နယ်ချဲ့သူပုန် ဘေးကြီးပင်တည်း။ မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်လိုက်ရာ မြန်မာတို့၏ ရွှေထီးသခင်ရှင်ဘုရင်လည်း ပါတော်မူခဲ့ရ၏။ မြန်မာတို့၏ အထွဋ်အမြတ်ထားရာ ရတနာ့ရွှေနန်းတော်ကြီးလည်း ပျက်စီး ဆုံးရှုံးခဲ့ရ၏။ ပညာရှင်သူတော်စင်အပေါင်း ကိန်းအောင်း ပျော်မွေ့ရာ ရတနာပုံ ရွှေမြို့တော်ကြီးလည်း အမြောက်ဒဏ် သေနတ်ဒဏ် လက်နက်ဒဏ်တို့ဖြင့် မရှုမလှ အထီးကျန်ကာ အကျည်းတန်ခဲ့ရ၏။ ထိုအခါ မြန်မာတို့မှာ အိမ်ရှိလျက် အိမ်မပိုင်၊ ယာရှိလျက် ယာမပိုင် ကိုယ့်ဘဝကိုယ်ပင် အနိုင်နိုင်ဖြင့် ကျီးလန့်စာ စားကာ စိုးရိမ် ပူဆွေး ငိုကြွေးကြရကုန်၏။

သာမန်လူပင် မဆိုထားဘိ၊ စာတတ်အကျော်အမော် ဆီးဘန်နီဆရာတော်ဘုရားကြီးသည်ပင် သုသာန်တစပြင်ကဲ့သို့ အသရေမဲ့လှသော နေပြည်တော်ကြီးကို ကြည့်ကာ –

ထီးသုဉ်း နန်းသုဉ်း
မြို့သုဉ်း သုည
သုဉ်း သုံးဝဖြင့်
သုဉ်းရပြန်လစ်
သုဉ်းသည့်ခေတ်တွင်
ဖြစ်လာရပေ
တို့တတွေမှာ
သေသော်မှတည့်

ဩော် ... ကောင်း၏ ဟူသော ကဗျာဖြင့် ရင်တွင်းက ခံစားမှုကို ကြေကွဲဘွယ်အဖြစ် သရုပ်ဖော်ခဲ့ဘူး၏၊ ရက်စက်ယုတ်မာသော နယ်ချဲ့သူပုန်ဘေးကြီးကြောင့် ရဟန်းတော်တို့မှာ ဆောက်တည်ရာ မရဖြစ်ကာ ရေကြည်ရာ မြက်နုရာဆိုသလို နေပြည်တော်မှ တဖြည်းဖြည်း ဖယ်ခွာကြလေကုန်၏၊ ထိုအခါ နေပြည်တော်ကြီးသည် စာအံ စာကျက် ဆိတ်သုဉ်းလုနီးနီး ဖြစ်ခဲ့ရလေသည်။

# ပရိယတ္တိသာသနဟိတအသင်းကြီး စတင်တည်ထောင်ပုံ

သာသနာတော်သုံးရပ်တွင် ပရိယတ္တိသည် ပဓာနဖြစ်၏၊ ပရိယတ္တိတည်က ပဋိပတ္တိတည်နိုင်၏၊ ပရိယတ္တိ ကွယ်က ပဋိပတ္တိလည်း ကွယ်သည်မည်၏၊ သာသနာကွယ်ခြင်းတို့တွင်လည်း ပရိယတ္တိကွယ်ခြင်းသည်သာလျှင် အရင်းမူလ ပဓာနဖြစ်၏၊ ပမာအားဖြင့် ပရိယတ္တိသည် ရေကန်ကြီးနှင့် တူ၏၊ ပဋိပတ္တိသည် ရွှေကြာပန်းနှင့် တူ၏၊ ပရိယတ္တိရေကန်ကြီး မပေါက် မယို လုံခြုံပါက ပဋိပတ္တိ ရေသိတာသည် ထာဝရတည်ရှိနေမည် ဖြစ်၏၊ ပဋိပတ္တိ ရေတည်ရှိနေသရွေ့ ပဋိဝေဓမည်သော ကြာနွယ် ကြာရိုး ကြာမျိုးစုံတို့သည် အစွမ်းကုန် ဖူးပွင့်ဝေဆာ ပွင့်နေကြမည်သာ ဖြစ်၏။

ပရိယတ္တိ ရေကန်ကြီး လုံခြုံဖို့အတွက် စာချ စာသင် အရှင်ကောင်းတို့ စာချ စာသင်ကိစ္စ ဆောင်ရွက်နေဖို့ လိုအပ်၏။ ထိုအရှင်တို့ စာချ စာသင်နိုင်ရန်အတွက် ဒကာ ဒကာမများ၏ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းဖို့ လိုအပ်၏။ သို့မှသာ ပစ္စည်းလေးပါးအတွက် မပင်ပန်းမူ၍ စာချ စာသင်ခြင်းအမှုကို ဆောင်ရွက်နိုင်မည်ဖြစ်၏။ ထိုစာချ စာသင်တို့တွင်လည်း စာချ ဆရာတို့ အစဉ်အမြဲတည်ရှိနေဖို့ လိုအပ်၏။ စာချ ဆရာတို့ ရှိမှသာလျှင် စာသင်သံဃာတို့ကို မွေးထုတ်နိုင်ကုန်ပြန်၏။ စာသင် သံဃာတို့ကို မွေးထုတ်နိုင်မှသာလျှင် ဗုဒ္ဓဝစနဖြစ်သော ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ တို့ကောင်းစွာ တည်နိုင်မည်ဖြစ်၏။ ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာတို့ကောင်းစွာ တည်သမျှကာလပတ်လုံး သာသနာသည် မည်သည့်အခါမျှ မပျောက်ကွယ်နိုင်ရာပေ၊ ဤအကြောင်းကို သိရှိကြကုန်သော သိကြားမင်းတမျှ အမြော်အမြင်ကြီးမားကြကုန်သော ပွဲစားကြီး ဦးထွန်း စသော ဥပါသကာကြီးများသည် "ယခုအခါ၌ မန္တလေးနေပြည်တော်ကြီးသည်ကား ရှင်ရဟန်းများ နည်းပါးကာ စာအံသံ စာကျက်သံများ ဆိတ်သုဉ်းဘိသကဲ့သို့ဖြစ်၏၊ နယ်ချဲ့စစ်မီးကြီးကြောင့် စာချ စာသင် အရှင်များလည်း ပစ္စည်းလေးပါး ပင်ပန်းတော်မူနေ၏၊ ငါတို့သည် ထိုအရှင်တို့အား ထောက်ပံ့လှူဒါန်းခြင်းဖြင့် သာသနာတော်ကို တည်တံ့စေအံ့" ဟု ကြံရွယ်၍ ၁၂၆၀ ခုနှစ်တွင် ဤပရိယတ္တိသာသနဟိတအသင်းကြီးကို စတင်တည်ထောင်ခဲ့လေသည်။

### မူလစာချဆရာတော်များအား ထောက်ပံ့ ပူဇော်ခြင်းနှင့် သက္ကျသီဟ စာမေးပွဲ ဖြစ်ပေါ်လာပုံ

ဤအသင်းကြီးသည် အစပထမ၌ မန္တလေးမြို့၊ လေးပြင်လေးရပ်ရှိ စာချအကျော်အမော် ဆရာတော်ကြီးများကို ထောက်ပံ့လှူဒါန်းခဲ့ကြ၏။ အနာဂတ်၏ ပရိယတ္တိသာသနာသည် လူငယ်ဖြစ်သော စာသင်သားတို့ လက်ထဲ၌ ရှိ၏။ လူငယ်စာသင်သားများသည် အနာဂတ်သာသနာကို ပခုံးပြောင်းကာ ထမ်းဆောင်ကြမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်သာသနာ လှပဝေဆာဖို့ရန်မှာ စာသင်သားတို့အရည်အချင်း ရှိနေဖို့ လိုအပ်၏။ စာသင်သားတို့၏ အရည်အချင်းကို စမ်းသပ်ရာ၌ စာမေးပွဲကျင်းပခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်၏။ စာမေးပွဲထက် ထိရောက်သော စမ်းသပ်မှုမျိုး မရှိနိုင်ပါချေ။ ဤအကြောင်းကို သိရှိကြကုန်သော ပရိယတ္တိသာသနဟိတအသင်း ဥပါသကာကြီးများသည် ၁၂၆၅ ခုနှစ်မှစ၍ စာမေးပွဲကျင်းပကာ အောင်မြင်လာသော သာသနဓဇာနည် အရှင်တို့အား ထောက်ပံ့ပူဇော်လှူဒါန်းလာခဲ့ကြ၏။ မူလက ပရိယတ္တိစာမေးပွဲကြီးကို "မဟာသက္ကျသီဟ ဘုရားကြီး" အတွင်း၌ ကျင်းပခဲ့ရာ ထိုအချိန်မှစ၍ "သက္ကျသီဟ စာမေးပွဲ" ဟု အမည်တွင်ခဲ့လေသည်။

### သက္ကျသီဟအသင်းကြီး၏ သာသနာတော်အား ကျေးဇူးများပုံ

သက္ကျသီဟစာမေးပွဲတွင် သီးခြားစာချတန်း၌ ဝိနည်း သုတ္တန် အဘိဓမ္မာလာ အဋ္ဌကထာကြီးသုံးကျမ်းလုံးကို အောင်မြင်မှသာလျှင် "ပရိယတ္တိသာသနဟိတဓမ္မာစရိယ" ဘွဲ့ကို ဆက်ကပ်ကြသည်။

သိပ္ပံပညာထွန်းကားလာသော ယနေ့ကမ္ဘာ၌ ပိဋကတ်သုံးပုံ တရားတော်များကို ကွန်ပျူတာထဲသို့ ထည့်ထားနိုင်၏။ အင်တာနက်ဖြင့်လည်း အသုံးပြုနိုင်၏။ သို့သော် ထိုပိဋကတ်တော်များ၏ အနက်အဓိပ္ပါယ်ကို မသိက ပတ္တမြားရတနာကို ရရှိထားသော သား သမင်ကဲ့သို့ အဖိုးမတန်ဟု မှတ်ထင်နိုင်၏။ အုန်းသီးကို ရရှိထားသော မျောက်ကဲ့သို့လည်း အသုံးမပြုတတ်ဖြစ်နိုင်၏။ စင်စစ်အားဖြင့် ပိဋကတ်တော်၏ အနက်အဓိပ္ပါယ်ကို မသိရှိခြင်း၊ အသုံးမပြုတတ်ခြင်းသည်ပင် အမှန်အားဖြင့် ပရိယတ္တိသာသနာတော်ကွယ်သည် မည်၏။

ပရိယတ္တိသာသနာတော် မကွယ်ပျောက်ဖို့ရန် ပိဋကတ်တော်၏ အနက်အဓိပ္ပါယ်ကို သိရှိဖို့ လိုအပ်၏။ ပိဋကတ်တော်

၏ အနက်အဓိပ္ပါယ်ကို သိရှိရန်မှာ အဋ္ဌကထာများကို လေ့လာအပ်၏။ မှန်၏။ ပါဠိတော်ကို လေ့လာရာ၌ အဋ္ဌကထာနှင့်ကင်း၍ အနက်အဓိပ္ပါယ်ကို မသိနိုင်ပါချေ။ ထို ပါဠိ အဋ္ဌကထာ ဋီကာ များကို လေ့လာရန်ကား နိရုတ္တိ သဒ္ဒါကျမ်းတို့ကို ကျွမ်းကျင်စွာ သိရှိဖို့ လိုအပ်၏။ မှန်၏။ နယသာဂရ သမုဒ္ဒရာမည်သော ပါဠိ+အဋ္ဌကထာ+ဋီကာ များကို ကူးခပ်ရာ၌ နိရုတ္တိကျမ်းတည်းဟူသော လှေသင်္ဘော ပါမှသာ လွယ်ကူ ချောမောစွာ ခရီးပေါက်နိုင်မည်ဖြစ်၏။

သကျသီဟ စာမေးပွဲဝင် အရှင်များသည် ကစ္စည်း၊ ရူပသိဒ္ဓိ၊ နျာသကျမ်းတို့ကို အစထား၍ မောဂ္ဂလာန်ကျမ်းကိုလည်းကြည့်ရ၏။ သဒ္ဒနီတိကျမ်းကိုလည်း လေ့လာရ၏။ နိရုတ္တိဒီပနီကျမ်းကိုလည်း မှတ်သားရ၏။ ထို့ကြောင့်ပင် ဤအသင်းစာမေးပွဲကြီးကို အောင်မြင်ကြကုန်သော အရှင်မြတ်တို့သည် ပါဠိ+အဋ္ဌကထာ+ဋီကာ ကျမ်းများကို ကျွမ်းကျင်နိုင်နင်းတော်မူကြ၏။ ထို့အပြင် ပိဋကတ်တော်၌ သာသနာတော်၏ ခလုပ်ဆူးငြောင့်သဖွယ်ဖြစ်သော တိမ်းစောင်းလွဲမှား (မှားယွင်း)-နသော အက္ခရာ ပါဠိပဒများကို ရဲရင့်ပြတ်သားစွာ သုတ်သင်ပစ်နိုင်ကြပေသည်။ သာသနာတော်၏ အသက် သွေးကြောသဖွယ်ဖြစ်သော စာသင်တိုက်ကြီးများကို တည်ထောင် ဖွင့်လှစ်တော်မူခဲ့ကြသော စာချအကျော် ဆရာတော်ကြီးများသည် ဤအသင်း စာမေးပွဲကြီးကို အောင်မြင်ခဲ့ကြသူများ ဖြစ်ကြပါသည်။ ထင်ရှားပြရပါမူ မြန်မာနိုင်ငံ၌ ကျမ်းတတ်အကျော်ဆရာတော်ကြီးများဖြစ်ကြသော စာသင်တိုက်ကြီးတို့၏ မိခင်အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (မစိုးရိမ်)၊ ဘဒ္ဒန္တကေသဝါဘိဝံသ (တောင်သမန်)၊ ဘဒ္ဒန္တ ဉာဏာဘိဝံသ (မိုးကောင်း)၊ ဘဒ္ဒန္တမေဓိယာဘိဝံသ (ဘုရားကြီး နယား)၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (တိပိဋကရေ မင်းကွန်း)၊ ဘဒ္ဒန္တဇနကာဘိဝံသ (မဟာဂန္ဓာရုံ)၊ ဘဒ္ဒန္တသူရိယာဘိဝံသ (ရန်ကုန်ညောင်တုန်း)၊ ဘဒ္ဒန္တဃောသိတာဘိဝံသ (ထားဝယ်)၊ စသောဆရာတော်ကြီးများသည်လည်းကောင်း၊ ပဋိပတ္တိနှင့် ကမ္ဘာ့သာသနာပြု ဆရာတော်ကြီးများ ဖြစ်ကြသော ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ (အမေရိကန်)၊ ဘဒ္ဒန္တဇနကာဘိဝံသ (ချမ်းမြေ့)၊ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (ရွှေတောင်ကုန်း) ဆရာတော်ကြီးများသည်လည်း ဤအသင်းကြီး၏ အဘိဝံသဘွဲ့ထူးကို ဆွတ်ခူးခဲ့ကြသူများ ဖြစ်ကြပါသည်။

ဤသို့ပင် ပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာတော်အတွက် ကျေးဇူးကြီးမားခဲ့ပေသည်။



ပရိယတ္တိသည် အလင်းရောင်

သောမတ်အက်ဒီဆင်သည် လျှပ်စစ်မီးကို စတင် တီထွင်နိုင်ခဲ့၏။ အက်ဒီဆင်၏ ကျေးဇူးကြောင့်ပင် ယနေ့ကမ္ဘာ၌ လောက လူသားတို့သည် ညကို နေ့အသွင် ဖန်တီးနိုင်ကြ၏။ စက်ယန္တရားကို လည်ပတ်စေနိုင်ခဲ့၏။ လူထုအကျိုးပြုလုပ်ငန်းကို တိုးချဲ့နိုင်ကြ၏။

အက်ဒီဆင်၏ကျေးဇူးသည်ကား လောကသားတို့အပေါ်၌ အံ့မခန်းဖြစ်ခဲ့၏။ သို့တိုင် အက်ဒီဆင်သည် ပစ္စုပ္ပန်အလင်းရောင်ကိုသာ ပေးစွမ်းနိုင်ခဲ့၏။ မံသစက္ခု၏ အလင်းရောင်ကိုသာ ပေးစွမ်းနိုင်ခဲ့၏။ နိဗ္ဗာန်တိုင်အောင်သော အလင်းရောင်ကိုကား မပေးစွမ်းနိုင်ခဲ့၊ ဉာဏစက္ခု၏ အလင်းရောင်ကိုကား မပေးစွမ်းနိုင်ခဲ့။

ဤအသင်းကြီးမှပေးသော ဉာဏစက္ခု အလင်းရောင်သည်ကား ပစ္စုပ္ပန်သာမက၊ တမလွန်သို့လည်း တိုင်ခဲ့၏၊ သံသရာမက နိဗ္ဗာန်တိုင်အောင်လည်း လင်းနေမည်ဖြစ်၏။

ဩော် ... ဤပရိယတ္တိအသင်းကြီးကပေးသော အလင်းရောင်နှင့် ယှဉ်ပါမူ အက်ဒီဆင်၏ အလင်းရောင်သည် မှေးမှိန်နေမည်သာ ဖြစ်ပါချေတကား။ ။

ဝိရသူ (မစိုးရိမ်)

မြတ်ဗုဒ္ဓ၏ ထေရဝါဒသာသနာ အရှည်ခံ၍ တည်တံ့နိုင်စေရန်အလို့ငှာ ဒေါက်ကြီးသုံးချောင်းဖြင့် ကျားကန် တည်ဆောက်ပေးခဲ့၏။ ထိုဒေါက်ကြီးသုံးချောင်းအနက် ပရိယတ္တိ ဟူသော ဒေါက်တိုင်ကြီးသည် အရေးပါ၍ အဓိကကျလှ၏။ ပရိယတ္တိဒေါက်တိုင်ကြီး ပြိုလဲ ပျက်စီးသွားပါက ကျန်ပဋိပတ္တိ ပဋိဝေဓ ဒေါက်တိုင်များမှာလည်း ကြံ့ကြံ့ခံ၍ တည်တန့်နိုင်တော့မည် မဟုတ်ပေ။

သာသနာတွင် အရေးပါ၍ အဓိကကျလှသော ပရိယတ္တိသာသနာကို တိုးတက်စည်ပင် ပြန့်ပွားအောင် ပြုစုပျိုးထောင်ချီးမြှောက်ထောက်ပံ့နေကြသော သာသနာပြုအသင်းကြီးများနှင့် "စာကျက် စာအံ စာပြန်" အဖန်ဖန်ပြုလုပ်၍ မှန်မှန်အားထုတ်နေကြသော ရဟန်းရှင်လူများ၏ ကျေးဇူးကား ကြီးမားလှပေ၏။

ပရိယတ္တိသာသနာတော်ကို တိုးတက် စည်ပင် ပြန့်ပွားအောင် စောင့်ရှောက်ကြကုန်သော မြန်မာပြည်အရပ်ရပ်ရှိ သာသနာပြုအသင်းများအနက် မန္တလေးမြို့ရှိ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီးသည် အလွန်ပင် ထင်ရှားလှ၏။ ထင်ရှားကျော်စောသလောက်လည်း အရည်အချင်းပြည့်မီသော အသင်းကြီးတစ်ခုဖြစ်၏။ သကျသီဟစာမေးပွဲဝင် အရှင်မြတ်များသာမက မြန်မာပြည်အရပ်ရပ်ရှိ ရဟန်း သံဃာများအားလုံး၏ နှလုံး သည်းပွတ်လည်းဖြစ်၏။ အသင်းကြီး၏ ဂုဏ်နှင့် လိုက်လျောညီထွေဖြစ်မည့် နက်နဲခက်ခဲသော ပုစ္ဆာရပ်များကို ထုတ်နုတ်၍ ဖြေဆိုစေ၏။ ထို့ကြောင့်ပင် သကျသီဟ စာမေးပွဲကို "လူသတ်စာမေးပွဲ" ဟု ကင်းပွန်းတပ်ရလောက်အောင် နာမည်တွင်ရစ်ခဲ့သည်မှာ ရှေးခေတ်ကစ၍ ယနေ့တိုင်အောင်ပင်ဖြစ်၏။ (တစ်ချို့ စာသင်တိုက်မှ ဆရာတော်များသည် ရောဂါရလောက်အောင် ပင်ပန်းခက်ခဲစွာ ကြိုးစားရသဖြင့် ယင်းစာမေးပွဲကို ဖြေဆိုခွင့်မပြုကြောင်း ကြားသိရလေ၏။) သကျသီဟ ဂုဏ်သတင်းကား ဤမျှအထိပင် ပရိယတ္တိနယ်ပယ် သာသနာ့အာဇာနည် ရွေးချယ်ရာတွင် အလွန်ပင် ထင်ရှားလှ၏။

ယခုဆိုလျှင် ပရိယတ္တိသာသနဟိတ(သကျသီဟ)အသင်းကြီး၏ သက်တမ်းသည် နှစ်တစ်ရာသို့ပင် တိုင်ခဲ့ပြီဖြစ်၏။ မဆုတ်မနစ် ပြင်းထန်မြင့်မြတ်သော ဇွဲ လုံ့လ ယုံကြည်ချက်တို့ဖြင့် ခေတ်အဆက်ဆက်ကိုလည်း ဖြတ်ကျော်ခဲ့ပြီးဖြစ်၏။ သာသနာ

# လွမ်းစရာ သကျသီဟ



တော်အတွက် တန်ဘိုး မဖြတ်နိုင်လောက်သော သာသနာ့ အာဇာနည်များကိုလည်း မွေးထုတ်ပေးခဲ့ပြီးဖြစ်၏။ ယခုလည်း မွေးထုတ်နေဆဲဖြစ်ပြီး နောင်လည်း မွေးထုတ်ပေးနေဦးမည်သာ ဖြစ်၏။

ဤအရှင်ကိုလည်း ၁၃၅၄ ခုနှစ်က "ပရိယတ္တိသာသနဟိတ(သကျသီဟ) ဓမ္မာစရိယ" ဘွဲ့ အပ်နှင်း၍ မွေးထုတ်ပေးခဲ့၏။ မအောင်မြင်မီက ဆင်းရဲပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရသမျှ အောင်မြင်ပြီးမြောက်သောအခါ ကြိုးစားရကျိုးနပ်ကြောင်း သိလာရ၏။ လူကျေ ပင်ပန်းခံ ကြိုးစားခဲ့ရသဖြင့် စာလည်းကျေခဲ့ရပါ၏။ ကြိုးစားရခြင်းဖြင့် အောင်မြင်ခြင်း ပန်းတိုင်သို့ ရောက်ခဲ့ရ၏။ ကြိုးစားခြင်းသည် အောင်မြင်မှု၏ အကြောင်းပင်ဖြစ်ချေတော့၏။

ဤအရှင်သည် ပရိယတ္တိဝန်ဆောင်အဖြစ် ပါဠိ အဋ္ဌကထာ ဋီကာ များကို ကြည့်ရှု၍ နေ့စဉ် စာဝါများကို ပို့ချရ၏။ နေ့စဉ်အချိန်မှန် ပို့ချနိုင်ခြင်းမှာလည်း ဤအသင်းကြီး၏ ကျေးဇူးက ရှေ့ဆုံးက ပါဝင်နေ၏။ ဤအကြောင်းများ တွေးမိတိုင်း အတိုင်းမသိ ပီတိဖြစ်ရ၏။ အစားထိုးမရနိုင်သော ကြည်နူးမှုမျိုးလည်း ဖြစ်ပါ၏။ စေ့စေ့တွေး ရေးရေးပေါ် ဆိုသကဲ့သို့ ယနေ့တိုင်အောင်ကြည်နူးဆဲ ဖြစ်နေမိပါ၏။ ကြည်နူးမှု ပီတိလှိုင်းများ အတောမသတ်သောအခါ စာသင်ကာလ အတိတ်ဘဝသည် သတိရလွမ်းချင့်စဖွယ် ဖြစ်လာရ၏။ တ သ အောက်မေ့မိလာတော့၏။ သို့သော် အတိတ်ကား အတိတ်မှာပင် ဖြစ်ပါ၏။ တစ်ဖန် ပြန်၍ မရနိုင်တော့သော စာသင်ဘဝ လွမ်းစများကို မိမိထံ စာဝါလာသော စာသင်ငယ်များကိုကြည့်၍ ကျေနပ်နှစ်သိမ့်ရ၏။ အတောမသတ် မရိုးနိုင်သော ဝမ်းမြောက်စရာ လွမ်းစရာများပင် ဖြစ်ချေတော့၏။

သကျသီဟစာမေးပွဲသည် ဂုဏ်နှင့်လိုက်အောင်ပင် ခက်ခဲနက်နဲမှုများနှင့် ပြည့်နက်နေ၏။ စာမေးပွဲဝင် အရှင်မြတ်များအတွက် ထိုခက်ခဲနက်နဲမှုများကို ဖြတ်ကျော်၍ ထိုးထွင်းသိမြင်နိုင်သော ဉာဏ်ရည် ဉာဏ်သွေးများ ထက်မြက်ဖို့ လိုအပ်၏။ ဉာဏ်ပညာထက်မြက်ရန်အတွက် တည်ကြည်မှု သမာဓိကို တည်ဆောက်ရ၏။ တည်ကြည်မှု သမာဓိကိုလည်း စောင့်ထိန်းမှု သီလဖြင့် ထိန်းကွပ်ရ၏။

ထို့ကြောင့် သကျသီဟစာမေးပွဲဝင် အရှင်မြတ်များ၏ သန္တာန်မှာ သီလ သမာဓိ ပညာ သိက္ခာ သုံးဖြာကို နေ့တာရှဝ အချိန်ပြည့် ထိန်းသိမ်းခဲ့ရ၏။ တစ်နည်းအားဖြင့် ဆိုရပါလျှင် သကျသီဟစာမေးပွဲသည် သိက္ခာသုံးပါးကို ထိန်းသိမ်းပေးနေသော အသင်းစာမေးပွဲကြီးဟုလည်း ပြောလို့ရနိုင်ကောင်း၏။

သိက္ခာသုံးရပ်သည် မြတ်ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပြောင်ရန် အားထုတ်နေကြကုန်သော တပည့်သားသံဃာတော်များအတွက် အလွန်အရေးပါနေပြန်၏။ အရေးပါနေပြန်သော သိက္ခာသုံးရပ်ကို ထူထောင်ထိန်းသိမ်းပေးလျက်ရှိသော ပရိယတ္တိသကျသီဟအသင်းကြီးကိုလည်း အထူးကျေးဇူးတင်ရပြန်၏။ ပရိယတ္တိဒေါက်တိုင်ကြီး ယိုင်လဲမသွားစေရန် သိက္ခာသုံးရပ်ကို ကိုယ်မှာကပ်၍ ကျင့်ကြံ ကြိုးစားပွားများ အားထုတ်နေသော စာချ စာသင် ပုဂ္ဂိုလ်များသည် များစွာ လိုအပ်ပါ၏။ ထို့နည်းတူပင် လက်ရှိသာသနာ တိုးတက် စည်ပင်ပြန့်ပွားစေရန် ပြုစုစောင့်ရှောက်နေကြကုန်သော ဤအသင်းကြီးကဲ့သို့ အသင်းကြီးများလည်း များစွာ လိုအပ်ပါ၏။ စာမေးပွဲရှိမှ စာဖြေလို့ ရရှိနိုင်၏။ စာဖြေသူရှိမှလည်း စာမေးပွဲသည် ထမြောက် အောင်မြင်မည်ဖြစ်ပါ၏။

ထို့ကြောင့် ဆရာ၊ ဒကာ၊ ဒကာ ဆရာနှစ်ဦးကိုယ်စီ လက်တွဲ ညီညာ၊ ကျွန်းသို့ကိုင်းမှီ၊ ကိုင်း ကျွန်းမှီသို့ ပမာမယွင်း တူညီခြင်း ရှိကြကုန်လျက် မြတ်ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာကို အနှစ်ငါးထောင်မကကြာအောင် သည်ပိုး ရှက်ဆောင်နိုင်ကြပါစေ ကုန်သတည်း။ ။

ဘဒ္ဒန္တဉာဏဝရာဘိဝံသ
(သကျသီဟ၊ စေတိယင်္ဂဏ၊ သဒ္ဓမ္မပါလနှင့်အစိုးရဓမ္မာစရိယ)
နိုင်ငံတော်သာစုပရိယတ္တိစာသင်တိုက်
တိုက်အုပ်ကျောင်း၊ နတ်စင်လမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်



# ကျေးဇူးကြီးလှ ပ-သ-အ

ကမ္ဘာပေါ်တွင် လူသားမျိုးနွယ်စု များစွာရှိကြသကဲ့သို့ ယင်းတို့၏ ယုံကြည်ကိုးကွယ်မှု ဘာသာ သာသနာသည်လည်း များစွာ ရှိကြပါသည်။ ယင်းတို့အနက် ယုံကြည်ကိုးကွယ်သူ အများဆုံးဖြစ်သော ဘာသာကြီးမှာ –

(၁) ဟိန္ဒူဘာသာ
(၂) ဗုဒ္ဓဘာသာ
(၃) ခရစ်ယန်ဘာသာ
(၄) မွတ်စလင်ဘာသာ တို့ ဖြစ်ကြပါသည်။

ဘာသာအားလုံးတို့၌

(၁) ဘာသာ သာသနာ၏ အရေးကိစ္စအားလုံးကို အချိန်ပြည့် အားထုတ် ရွက်ဆောင်နိုင်သော သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်။

(၂) ဘာသာ သာသနာ၏ အရေးကိစ္စအားလုံးကို အချိန်ပြည့် အားမထုတ် ရွက်မဆောင်နိုင်ပဲ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်တို့၏ စားဝတ်နေရေးကို ထောက်ပံ့ကူညီပေးကမ်းလှူဒါန်းသော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုး နှစ်စား ရှိကြပါသည်။

ယင်းပုဂ္ဂိုလ်နှစ်မျိုးတို့က မိမိ၏တာဝန်ကို အသီးသီး ကျေပွန်အောင် ထမ်းဆောင်ကြသော ဘာသာသည် တိုးတက်ထွန်းကားကြီးပွား၍ ယင်းပုဂ္ဂိုလ်နှစ်မျိုးတို့တွင် တစ်မျိုးမျိုးက မိမိ၏တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်သော ဘာသာကား လဆုတ်ပက္ခ၌ လမင်းစန္ဒာကဲ့သို့ တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်ရမည်သာ ဖြစ်ပေသည်။ ပုဂ္ဂိုလ်နှစ်မျိုးလုံးက မိမိ၏တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်သော ဘာသာသည်မှုကား "ကောပန ဝါဒေါ" အဘယ် ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင် ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာ၌ ပထမပုဂ္ဂိုလ်အမျိုးအစားကို ဘုန်းကြီး (ဝါ) ရဟန်း ဟု ခေါ်၍ ဒုတိယပုဂ္ဂိုလ်အမျိုးအစားကို ဒါယကာ၊ ဒါယိကာမ ဟု ခေါ်သည်။ ပထမပုဂ္ဂိုလ်အမျိုးအစားဖြစ်သော ဘုန်းကြီး (ဝါ) ရဟန်း တို့၏ တာဝန် (အလုပ်) မှာ ဘုရားဟောဖော် ပါဠိတော်နှင့်တကွ ယင်း၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရ တို့ကို လိမ္မာကျွမ်းကျင်တတ်မြောက်အောင် သင်ယူပို့ချရေးဟူသော ဂန္ထဓုရ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော သမထ ဝိပဿ

နာ နှစ်ဖြာသော အမှုတို့ကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ရေး ဟူသော ဝိပဿနာဓုရ ဟူသော တာဝန် (အလုပ်)နှစ်မျိုးတို့ ဖြစ်ပါသည်။ ဒုတိယပုဂ္ဂိုလ် အမျိုးအစားဖြစ်သော ဒါယကာ ဒါယိကာမတို့၏ တာဝန် (အလုပ်) မှာ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ ချမ်းသာစွာ ရဟန်းတရားအားထုတ်နိုင်ကြစေရန် (ဝါ) ဗုဒ္ဓဘာသာ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရန် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါး တို့ကို ထောက်ပံ့လှူဒါန်းခြင်း (ဝါ) စား ဝတ် နေရေးကို တာဝန်ယူခြင်း ဖြစ်ပါသည်။ စား ဝတ် နေရေး စိတ်မအေးရသော (ဝါ) မပြည့်စုံသော ရဟန်းတော်သည် ဂန္ထဓုရ ဝိပဿနာဓုရဟူသော တာဝန်ကြီးနှစ်ရပ်ကို မည်သို့မှ ထမ်းဆောင်နိုင်မည် မဟုတ်ပါချေ။

ထိုအကြောင်းကို သိမြင်ကြသော ဗုဒ္ဓဘာသာဝင် ရှေးမြန်မာမင်းအဆက်ဆက်တို့သည် နိုင်ငံတဝန်းလုံး၌ ကျောင်းကန် ဘုရား တည်ထား ကိုးကွယ်၍ ရဟန်းတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် မရှား၊ ကုံလုံပြည့်စုံအောင် လှူဒါန်းထောက်ပံ့ခဲ့ကြပေသည်။ ထိုသို့ လှူဒါန်းခဲ့ကြသောကြောင့်လည်း မြန်မာတို့၏ နောက်ဆုံး (သက်ဦးဆံပိုင် ပဒေသရာဇ်) မင်းဖြစ်သော မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားကြီး၏ လက်ထက်ဝယ် မန္တလေး ရတနာပုံရွှေမြို့တော်ကြီး၌ "ဥဩသံသာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းလိမ့်မည်" ဟူသော လင်္ကာအရ စာချဆရာတော်ပေါင်း ၁၁၆၆ (တစ်ထောင် တစ်ရာခြောက်ဆယ့်ခြောက်) ပါးမျှ အရေအတွက် ရှိခဲ့လေသည်။ စာသင်သား ရဟန်း သာမဏေ အရေအတွက်မှာကား ထောင်ပေါင်းများစွာပင် ရှိလိမ့်မည်။ ထိုမျှ အရေအတွက် များပြားသော စာချ စာသင် ရဟန်းတော်အရှင်မြတ်တို့သည် ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်၊ တနင်္ဂနွေနေ့၌ ကံဇာတာ ညှိုးချောက်၍ ထီးကျိုး စည်ပေါက် တိုင်းတစ်ပါး၏ ကျွန်သားပေါက်ဘဝသို့ ရောက်ရသောအခါ ထောက်ပံ့မည့် ဒါယကာ မရှိတော့သဖြင့် ကျေးလက် တောရွာများသို့ ပြောင်းရွှေ့၍ သီတင်းသုံး နေထိုင်တော်မူကြသောကြောင့် သီပေါမင်း ရတနာဂီရိသို့ ပါတော်မူပြီးနောက် (၁၃) နှစ်အတွင်း၌ စာချဆရာတော် အရေအတွက်ထက်ဝက်မက လျော့နည်းသွားခဲ့ပေသည်။

ထိုအချိန်၌ မန္တလေးမြို့ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်းအမှူးရှိသော ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာကြီး (၁၂) ဦးတို့သည် "ယခုအတိုင်း လျစ်လျူရှုထားပါက သာသနာတော်သည် တဖြည်းဖြည်း ညှိုးမှိန်ခမ်းခြောက် ကွယ်ပျောက်သွားပေတော့မည်" ဟု နှလုံးသွင်း မနသိ ရှိကြလေသောကြောင့် "သာသနာတော်သုံးရပ်တွင် အရင်း မူလ ပဓာနဖြစ်သော ပရိယတ္တိသာသနတော်ကြီးကို ချီးမြှောက်ထောက်ပံ့ ကုန်တော့အံ့" ဟု သမ္မာဆန္ဒ အာသီသဖြင့် ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၌ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ မိုးထားသာသနာပိုင် ဆရာတော်ဘုရားကြီးအမှူးရှိသော ဆရာတော်ကြီး ၁၈ ပါးတို့၏ ဩဝါဒကို ခံယူကြကာ မန္တလေးမြို့ ဆိုင်းတန်းရပ် ယခုအခါ ၂၆-ဘီလမ်း ပွဲစားကြီး ဦးထွန်း၏ နေအိမ်၌ "ပ-သ-အ" (ပရိယတ္တိသာသနဟိတ) အသင်းကြီးကို စတင် တည်ထောင်ခဲ့ကြပေသည်။

အသင်းကြီးတည်ထောင်ပြီးနောက် ခုနှစ်လကြာသော အချိန် ၁၂၆၀ ခုနှစ်၊ တပို့တွဲလပြည့်နေ့) မှစ၍ ယနေ့တိုင်အောင် စာချဆရာတော်များအား လစဉ် လတိုင်း ဆွမ်းဆန်တော်တို့ကို ကျောင်းတိုက်အထိ လာရောက်လှူဒါန်းကြလေသည်။ စာချဆရာတော်များက လက်ခံရရှိကြောင်း လက်မှတ်ထိုးသည့် အနေဖြင့် မိမိပို့ချသည့် စာဝါများကို ဇယားစာရွက်၌ ရေးသား၍ ဆွမ်းဆန်တော် လာရောက်ကပ်လှူသော ဒါယကာအား ပြန်လည်ပေးအပ် ချီးမြှင့်ရုံသာ ဖြစ်ပေသည်။

### စာချဆရာတော်သုံးမျိုး

အသင်းကြီးမှ ကိုးကွယ်သော စာချ ဆရာတော်များသည်

၁။ အသင်းကြီးမှ ကျင်းပသော စာချတန်းစာမေးပွဲကို မအောင်မြင်သော်လည်း စာလိုက်သံဃာများသောကြောင့် (ဝါ) စာချ နာမည်ကျော်ကြားသောကြောင့် "ပရိယတ္တိသာသနဟိတ (မူလ) ဓမ္မာစရိယ" ဟူသော ဘွဲ့ပုံတော်လက်မှတ်ကို ဆက်ကပ်ခံရသော မူလစာချဆရာတော်။

၂။ အသင်းကြီးမှ ကျင်းပသော စာချတန်းစာမေးပွဲကို စာသင်တန်းအောင်ပြီးနောက် (၅) ကြိမ် (ဝါ) (၅)နှစ်မျှဖြင့် သုံးကျမ်းလုံးပြီးစီးအောင်မြင်သောကြောင့် "ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဟူသော ဘွဲ့ပုံတော်လက်မှတ်ကို ဆက်ကပ်ခံရသော သီးခြား စာချဆရာတော်၊

၃။ အသင်းကြီးမှ ကျင်းပသော စာချတန်း စာမေးပွဲကို စာသင်တန်းအောင်ပြီးနောက် (၅) ကြိမ် (ဝါ) (၅) နှစ်ထက် ကျော်လွန်၍ (၆) ကြိမ် (၇) ကြိမ် (ဝါ) (၆) နှစ်၊ (၇) နှစ်တိုင်တိုင် ဖြေမှသုံးကျမ်းလုံး ပြီးစီးအောင်မြင်သောကြောင့် "ပရိယတ္တိသာသနဟိတ(သာခ) ဓမ္မာစရိယ" ဟူသော ဘွဲ့ပုံတော်လက်မှတ်ကို ဆက်ကပ်ခံရသော သာခ စာချဆရာတော် ဟူ၍ သုံးမျိုးသုံးစား ရှိပါသည်။

ထိုသုံးမျိုးသုံးစားသော စာချပုဂ္ဂိုလ်တို့တွင် (၁) အမှတ်ပါ စာချပုဂ္ဂိုလ်ကို ဘွဲ့လက်မှတ်ပုံတော် ဆက်ကပ်ခံရပြီးသည်မှစ၍ ပျံလွန်တော်မူသည်အထိ လည်းကောင်း၊ (၂) အမှတ်ပါ စာချပုဂ္ဂိုလ်ကို စာသင်တန်းအောင်မြင်ပြီးသည်မှစ၍ ပျံလွန်တော်မူသည်အထိလည်းကောင်း၊ (၃) အမှတ်ပါ စာချပုဂ္ဂိုလ်ကို စာသင်တန်းအောင်မြင်ပြီးနောက် (၅) နှစ်တာကာလအထိမျှသာလည်းကောင်း ဆန် ဆီ ဆား (ဆွမ်းဆန်တော်) တို့ကို လစဉ်လတိုင်းထောက်ပံ့လှူဒါန်းကြပါသည်။ (၃) အမှတ်ပါ စာချပုဂ္ဂိုလ်အား စာချတန်းစာမေးပွဲကို ဖြေစွမ်းအောင်မြင်ပြီးနောက် စာဝါများကို ကြိုးစား၍ပို့ချနေသောကြောင့် အသင်းကြီးမှ ကြည်ညိုသဒ္ဓါပွားများပါမူကား မူလဓမ္မာစရိယပုဂ္ဂိုလ်ကဲ့သို့ ဆွမ်းဆန်တော်များကို ဆက်လက်၍ လှူဒါန်းထောက်ပံ့ပါသည်။ စာမေးပွဲအောင်စာရင်း ထုတ်ပြန်ရာ၌ (၅) နှစ်လွန်မှ အောင်မြင်သော စာချပုဂ္ဂိုလ်ကို ခရေပွင့်အမှတ်အသားပြ၍ "အထက်ပါ အမှတ်ပြ ပုဂ္ဂိုလ်အား (ဓမ္မာစရိယသာခ) ဘွဲ့လက်မှတ်နှင့် ပဒေသာပင်သာ ဆက်ကပ်လှူဒါန်းပါရန်" ဟူသော အောင်ခြေမှတ်ချက် စာတမ်းကိုပါ ထည့်သွင်းရိုက်နှိပ် ထုတ်ပြန်ပါသည်။ အဆိုပါ စာတမ်း၌ "သာ" ဟူသော ဓဝ သဒ္ဒါ၏ နိဝတ္တေတဗ္ဗ (ဝါ) ဓဝတ္ထဖလကား "န တပ္ပာလုံ ဒါတဗ္ဗံ" ဖြစ်ပါသည်။

## ဝင့်သကာဘွဲ့နှင့် ဘွဲ့ရ ပုဂ္ဂိုလ်များ

စာသင်တန်း အောင်မြင်ပြီးနောက် နှစ်မခြားပဲ ပြဋ္ဌာန်းချက် ကျမ်းစာဖြစ်သော အဋ္ဌကထာကြီး ၃ ကျမ်းလုံးကို တစ်နှစ်တည်းဖြင့် ဖြေစွမ်းအောင်မြင်တော်မူကြသော ပုဂ္ဂိုလ်များအား "ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင့်သကာ" ဟူသော ဘွဲ့ပုံတော်လက်မှတ်ကို ဆက်ကပ် ကိုးကွယ်ကြပါသည်။ ယင်းဘွဲ့ထူးကို ဉာဏ်ရည် ဉာဏ်သွေးမရှိသူများ ရနိုင်ကြသည်မဟုတ်ပေ၊ စာချဆရာတော်က တစ်ထွာလောက်ပြလျှင် တစ်လံလောက် မြင်နိုင်အောင် ဉာဏ်ရည် ဉာဏ်သွေးရှိကြသော အာဇာနည် ပုဂ္ဂိုလ်ကျော်တို့သာ ရနိုင်ကြပေသည်။ အဋ္ဌကထာကြီး (၃) ကျမ်းလုံးကို တစ်နှစ်တည်းဖြင့် ဖြေစွမ်းအောင်မြင်သော်လည်း (၁)နှစ် စသည်ခြားပြီးမှ အောင်မြင်လျှင် ယင်းဘွဲ့ထူးကို မရနိုင်ပါ။ ၁၂၆၆ ခုနှစ်၌ သီးခြားစာသင်တန်းကို အောင်မြင်ခဲ့၍ ၁၂၇၀ ပြည့်နှစ်၌ သီးခြားစာချတန်း အဋ္ဌကထာကြီး (၃) ကျမ်းလုံးကို တစ်နှစ်တည်းနှင့် ဖြေစွမ်းအောင်မြင်သော်လည်း ယင်းဘွဲ့ထူးကို မရသော ဒက္ခိဏာရာမ ဘုရားကြီးတိုက် တိုက်အုပ်ဆရာတော် ကျောင်း၌ သီတင်းသုံးနေသော ဦးသာသန၏ ဖြစ်ရပ်က သက်သေခံ လျက်ရှိပေသည်။ ယင်းဘွဲ့ထူးကို ရရှိသော ပုဂ္ဂိုလ် အရေအတွက်မှာလည်း များလှသည် မဟုတ်ပေ၊ ၁၂၆၇ ခုနှစ်မှ ၁၃၅၉ ခုနှစ်အထိ နှစ်ပေါင်း (၉၀) အတွင်း၌ (၉) ပါးမျှသာ ဖြစ်ထွန်း ပေါ်ပေါက်ခဲ့ပေသည်။

## စာသင်တန်း စာချတန်းအောင် ဆရာတော်များ

ဤအသင်းကြီးမှ ကျင်းပသော စာမေးပွဲများအနက် စာသင်တန်း နှုတ်ထောက် အာဂုံ စာမေးပွဲ၊ ရေးဖြေစာမေးပွဲ ဟူ၍ နှစ်ဆင့်ရှိသည်။ နှုတ်ထောက်အာဂုံ စာမေးပွဲကို အောင်မြင်မှ ရေးဖြေစာမေးပွဲကို ဝင်ခွင့်ရသည်။ ရေးဖြေစာမေးပွဲ အောင်မြင်ချက်ရာနှုန်းမှာ (၅)% မျှလောက်သာ ရှိသည်။ စာမေးပွဲ စတင်ကျင်းပသော ၁၂၆၅ ခုနှစ်မှ ၁၃၅၈ ခုနှစ်အထိ နှစ်ပေါင်း (၉၄) နှစ်အတွင်း၌ စာသင်တန်းအောင်ပုဂ္ဂိုလ် (၅၃၂) ပါးမျှသာ ရှိသည်။ စာချတန်းအောင်ပုဂ္ဂိုလ် အရေအတွက်ကား ယင်းနှစ်အရေအတွက်အတွင်း၌ (၃၂၉) ပါးမျှသာရှိသည်။ စာအောင်ပုဂ္ဂိုလ်အရေအတွက်ကိုလည်းကောင်း၊ ဒီပနီကျမ်းစာကို ပြုစုတော်မူသော မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီး၏ ဤအသင်းစာမေးပွဲကို "လူသတ်ပွဲကြီး" ဟု မေါ်ဝေါ်သမုတ်ခဲ့သော စကားကိုလည်းကောင်း ထောက်၍ ဤအသင်းစာမေးပွဲကြီး၏ စာပေအဆင့်အတန်းကို ခန့်မှန်းနိုင်ပါသ ည်။ မှန်၏။ ဤအသင်းစာမေးပွဲကို ဖြေကြသော ရဟန်းတို့သည် လေနာရောဂါရအောင် ကြိုးပမ်းအားထုတ်ကြရ၍ အသက် ကြရသောကြောင့် ဤအသင်းစာမေးပွဲကို "လူသတ်ပွဲကြီး" ဟု လယ်တီဆရာတော်ကြီးက ကင်ပွန်းတပ်ခဲ့ဟန် တူပေသည်။

နိဂုံးချုပအနေဖြင့် ဆိုရသော် ဤသာသနာပြုအသင်းကြီးကဲ့သို့သော အသင်းများ တိုးပွားပေါ်ပေါက်ကြလျက် နှစ်ပေါင်းအရှည်တည်ကြလျှင် သာသနာတော်သည်လည်း အသင်းကြီးများ တည်သရွေ့နှစ်ပေါင်းသိန်း သန်း မက တည်ပေလိမ့်မည်၊ တည်ပါစေဟူ၍လည်း ဆုတောင်း ပတ္ထနာ ပြုလိုက်ရပါသတည်း။

(သာကီနွယ်)




# ပရိယတ္တိသာသနဟိတအသင်း နှင့်ဗုဒ္ဓဘာသာ

အရှင်ဩဒါတသိရီဘိဝံသ (မဟာဝိသုဒ္ဓါရုံ)

### ဗုဒ္ဓသာသနာ

ဗုဒ္ဓသာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ ဟု သုံးမျိုးရှိပေသည်။

ထိုသုံးမျိုးတို့တွင် မြတ်စွာဘုရားဟောကြားတော်မူခဲ့သည့် တရားတော်တို့ကို စုပေါင်းမှတ်တမ်းတင်ထားသော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် တို့သည် ပရိယတ္တိသာသနာမည်၏။

ကိလေသာနည်းပါးကြောင်း၊ ပယ်ခွါကြောင်းအကျင့်များဖြစ်သည့် သီလ သမာဓိ စတင် ဝိပဿနာ ဟူသော အကျင့် (ကျင့်စဉ်) များသည် ပဋိပတ္တိသာသနာမည်၏။

ထိုသီလ စသော အကျင့်တို့ကို ကျင့်သုံးသဖြင့် ထိုးထွင်းသိမြင်လာသော မဂ် ဖိုလ် နိဗ္ဗာန် တို့သည် ပဋိဝေဓသာသနာမည်၏။

### ပရိယတ္တိသည် ပဓာန

ထိုသာသနာ သုံးရပ်တွင် ပရိယတ္တိသာသနာသည် အခြေခံ ပဓာနအကျဆုံး ဖြစ်ပေသည်၊ ရှင်းပါမည်။

ဗုဒ္ဓမြတ်စွာ သာသနာ၏ နောက်ဆုံးပန်းတိုင်သည် မဂ် ဖိုလ် နိဗ္ဗာန်ဖြစ်၏။ ထို မဂ် ဖိုလ် နိဗ္ဗာန်ဟူသော ပဋိဝေဓ သာသနာကို ရရှိရန် သီလ သမာဓိ စတင် ဝိပဿနာ ဟူသော ပဋိပတ္တိကျင့်စဉ်အမှန်တို့ကို ကျင့်ရသည်။ ထိုကျင့်စဉ်များကို မကျင့်ဘဲ မဂ် ဖိုလ် နိဗ္ဗာန်ကို မရနိုင်ပေ။ ထို ကျင့်စဉ် (ပဋိပတ္တိ) များသည် ပရိယတ္တိ (ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်) ထဲ၌သာ ရှိပေသည်။ ထို ပရိယတ္တိ (စာပေ) ထဲတွင်သာ ထိုကျင့်စဉ်အမှန် (ပဋိပတ္တိ) တို့ကို ရှာဖွေ တွေ့ရှိနိုင်ပေသည်။

ပရိယတ္တိ (စာပေ) မရှိလျှင် ကျင့်စဉ်အမှန်များကို မသိနိုင်ကြပေ၊ အကျင့်မမှန်လျှင်လည်း မဂ် ဖိုလ် နိဗ္ဗာန် ဟူသော ပဋိဝေဓ (နောက်ဆုံးပန်းတိုင်) သို့ မရောက်နိုင်ပေ။

ပရိယတ္တိ (စာပေ) ကွယ်လျှင် ကျင့်စဉ် ပဋိပတ်များလည်း ကွယ်မည်သာ ဖြစ်သည်။

ပဋိပတ်ကွယ်လျှင် မဂ် ဖိုလ် နိဗ္ဗာန် ကို ရနိုင်ခွင့် မရှိတော့ပေ။

ထို့ကြောင့် ပရိယတ္တိသာသနာသည် အခြေခံ ပဓာန အကျဆုံး ဖြစ်ပေသည်။

### စာပေသည်အရေးကြီး

လူမျိုးတစ်မျိုး၌ စာပေသည် အရေးကြီးဆုံး ဖြစ်ပေသည်။ စာပေသည် လူမျိုးတစ်မျိုး၏ အသက် ဝိညာဉ် ဖြစ်သကဲ့သို့ အင်္ဂါလည်း ဖြစ်ပေသည်။ စာပေသည် ယဉ်ကျေးသော အထက်တန်းကျသော လူမျိုးတစ်မျိုး၏ ထင်ရှားသော အမျိုးသားရေး အမှတ်အသားလည်း ဖြစ်ပေသည်။

ထို့ကြောင့် ယဉ်ကျေးသော လူမျိုးတိုင်း မိမိတို့၏ စာပေ ရှင်သန်ထွန်းကားဖို့၊ မကွယ်ပျောက်ဖို့ ကြိုးစားထိန်းသိမ်းကြရပေသည်။ စာပေ မရှင်သန် မထွန်းကားသဖြင့် ကမ္ဘာလောကကြီး၌ ကွယ်ပျောက်သွားပြီးသော လူမျိုးများ များစွာ ရှိပေသည်။

မြန်မာနိုင်ငံ၌ သမိုင်းအစတွင် ထင်ရှားခဲ့သော ပျူလူမျိုးတို့၏ စာပေသည် ကွယ်ပျောက်ခဲ့သဖြင့် ပျူလူမျိုးများလည်း ပျောက်ကွယ်ခဲ့သည်မှာ အထင်အရှား ဖြစ်ပေသည်။

ယနေ့ ဗုဒ္ဓဘာသာဟု ထင်ရှားရှိနေခြင်းမှာ ဗုဒ္ဓစာပေ (ပရိယတ္တိ) များ ထင်ရှားရှိနေသောကြောင့် ဖြစ်၏။ ဗုဒ္ဓဘာသာကို မသက်ဝင် မယုံကြည်သော သူများပင် ဤဗုဒ္ဓစာပေများ ဗုဒ္ဓဘာသာအကြောင်းကို လေ့လာရ သိရသဖြင့် ဗုဒ္ဓဘာသာဝင် ဖြစ်လာကြရသူများလည်း ရှိပေသည်။

ဗုဒ္ဓစာပေ (ပရိယတ္တိ) များ ကွယ်သွားလျှင်ကား ဗုဒ္ဓဆိုသည်ကိုလည်း သိကြတော့မည် မဟုတ်၊ ဗုဒ္ဓဘာသာကိုလည်း နားလည်ကြတော့မည် မဟုတ်ပေ။

ထို့ကြောင့် ဗုဒ္ဓသာသနာ ရှည်ကြာ ထွန်းတောက်ရေးတွင် ပရိယတ္တိသည် လွန်စွာ အရေးကြီးသောအခန်းမှ ရပ်တည်နေကြောင်း သိနိုင်ပေသည်။

### သံဂါယနာတင်ပွဲကြီးများ

ဤနေရာ၌ ဗုဒ္ဓသာသနာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သော သံဂါယနာတင်ပွဲကြီးများ၏ သမိုင်းကြောင်းကိုလည်း သိသင့်ပေသည်။

သံဂါယနာဟူသည် စုပေါင်းရွတ်ဆိုခြင်းဟု အဓိပ္ပါယ်ရသည်။ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် တို့ကို ပရိယတ်+ပဋိပတ် ကျွမ်းကျင်၍ ပဋိဝေဓ တရားကို လက်ကိုင်မိမိ ရရှိတော်မူကြသော ရဟန်း သံဃာ (ရဟန္တာမထေရ်ကြီး) များက စုပေါင်း ရွတ်ဆိုပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်နှုတ်ခြင်း မပြုဘဲဘုရားရှင် ဟောကြားထားသည့်အတိုင်း လက်ခံအတည်ပြုခြင်းကို သံဂါယနာတင်ခြင်းဟု အဓိပ္ပါယ် အပြည့်အစုံ မှတ်သားရပေမည်။

အနည်းငယ်ချဲ့ပြပါမည်။

မြတ်ဗုဒ္ဓ၏သာသနာသည် အခက်အခဲ အတားအဆီး အဟန့်အတားနှင့် ဆန့်ကျင်ဘက်မျိုးမျိုးတို့ကို ကျော်လွှားဖြတ်သန်း၍ ထွန်းတောက်လာသော သာသနာဖြစ်သည်။

သာသနာပြင်ပက ပုဂ္ဂိုလ်များ၊ မိစ္ဆာဝါဒီပုဂ္ဂိုလ်များ၏ အတိုက်အခိုက်ကို ခံရသကဲ့သို့ သာသနာတွင်းသား ခပ်ညံ့ညံ့ ခပ်ရှော်ရှော် ရဟန်းဆိုးများနှင့် ဗြာဟ္မဏဝါဒအစွဲ မကင်းကြသော အတု အယောင်ရဟန်းများ၏ ထိုးနှက်ဖျက်စီးမှုကိုလည်း ခံခဲ့ရပေသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီဟု ကြားရလျှင် ဝမ်းသာအားရဖြစ်ကာ "ငါတို့ရဟန်း ဂေါတမ လက်မှ လွတ်ကြပြီ၊ ဘာတွေမှ စိုးရိမ် ပူဆွေး ငိုကြွေးမနေကြနှင့်၊ ဒီနေ့ကစပြီး ကိုယ်ကြိုက်သလို နေထိုင်သွားလာ ပြုမူနိုင်ပြီ" ဟူသော သုဘဒ္ဒရဟန်းဆိုး၏ သာသနာဖျက်လိုသော သဘောထားကို အကြောင်းပြု၍ ပထမ သင်္ဂါယနာပွဲကြီးကို ဆရာ+ဒကာ လက်တွဲပြီး ကျင်းပခဲ့ရသည်။

ထို့အတူ နေ့လွဲ၍ လက်နှစ်သစ်လွန်သည်အထိ ဆွမ်းစားကောင်းသည်၊ အရက်နုကို ရဟန်းများ သောက်ကောင်းသည်၊ ရွှေ ငွေ ကို ရဟန်းများ ကိုင်ခံကောင်းသည် ... စသော အဓမ္မဝါဒ ဆယ်မျိုးကို ထုတ်ဖော်လာသည့် ဝေသာလီတိုင်းသား ရဟန်းဆိုးများ၏ အန္တရာယ်ကို ကာကွယ်သောအားဖြင့် ဒုတိယသင်္ဂါယနာကို တင်ခဲ့ရသည်။

ဗြာဟ္မဏဝါဒနှင့် တိတ္ထိတို့၏ အကျင့်များကို ဗုဒ္ဓဝါဒယောင်ယောင် ဝါဒဖြန့်၍ ကျင့်သုံးဟောပြောလာသော ဗြာဟ္မဏအစွဲမကင်းသည့်ရဟန်းများကို အကြောင်းပြု၍ တတိယသင်္ဂါယနာတင်ခဲ့ကြရသည်။

စတုတ္ထသင်္ဂါယနာ၊ ပဉ္စမသင်္ဂါယနာပွဲကြီးများသည်လည်း ပရိယတ္တိစာပေများ မကွယ်ပျောက်ရေး၊ သာသနာကွယ်ကြောင်း ဖြစ်သည့်အက္ခရာ၊ ပုဒ်၊ ပါဠိ အမှားအယွင်းများ ကင်းစင်ရေးအတွက် ကျင်းပခဲ့ကြရသည့် သင်္ဂါယနာပွဲကြီးများ ဖြစ်ပေသည်။

ဤသင်္ဂါယနာတင် သမိုင်းကို လေ့လာလျှင်လည်း ပရိယတ္တိ မည်မျှ အရေးကြီးကြောင်း သိနိုင်ပေသည်။ ပရိယတ္တိ ရှည်ကြာတည်တံ့မှ သာသနာတော်အရှည် တည်တံ့နိုင်သည်ကို သိမြင်တော်မူကြသော ရဟန္တာအရှင်မြတ်ကြီးများသည် မိမိတို့၏ ပဋိဝေဓအရသာကို အေးအေးသက်သာ ခံစားတော် မမူကြဘဲ ပရိယတ္တိစာပေများ မကွယ်မပျောက်အောင် သင်္ဂါယနာပွဲကြီးများ ကျင်းပ၍ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြပေသည်။

အကယ်၍သာ သင်္ဂါယနာတင်ပွဲကြီးများ မကျင်းပဘဲ အေးအေးသာ နေထိုင်ခဲ့ကြပါလျှင် သို့မဟုတ် ပဋိပတ် သက်သက်ဖြင့်သာ အေးအေးလူလူ သီတင်းသုံးခဲ့ကြပါလျှင် ယခုအချိန်တွင် ဗုဒ္ဓသာသနာတော်ကို တွေ့ကြရတော့မည် မဟုတ်ပေ။

ထို့ကြောင့် ပရိယတ္တိသည် သာသနာ၏ အခြေခံ ရေသောက်မြစ်ဖြစ်သည်ဟု ရဟန္တာမထေရ်မြတ်ကြီးတို့ အတည်ပြုဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။

## ဂန္ထဓုရတာဝန်

ရဟန်းတော်များ၏ ပဓာနလုပ်ငန်းကြီး နှစ်ရပ် ရှိသည်။ ထိုနှစ်ရပ်မှာ -

၁။ ဂန္ထဓုရ - စာပေ ပရိယတ္တိတို့ကို လေ့လာ သင်ကြားအား ထုတ်ခြင်း၊ ပို့ချခြင်း၊

၂။ ဝိပဿနာဓုရ - ရုပ် နာမ် တို့၏ သဘာဝအမှန်ကို သိမြင်အောင်အဖန်ဖန် ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းတို့ ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ ဟောကြားခဲ့သော စာပေ ပရိယတ္တိတို့ကို သင်ကြားမှု၊ ပို့ချမှု၊ ရွတ် အံ သရဇ္ဈာယ်မှု၊ နှုတ်ရဆောင်ထားမှု၊ သိအောင်ပြုမှု၊ ကျင့်သုံးမှု မရှိလျှင် သာသနာတော်ကွယ်ပျောက်မည်ဖြစ်ကြောင်း မြတ်ဗုဒ္ဓ က ဟောကြားတော်မူခဲ့၏။

ထို့ကြောင့် မြတ်ဗုဒ္ဓသာသနာ ရှည်ကြာ လေးမြင့် တည်တံ့အောင် စာပေ ပရိယတ္တိတို့ကို သင်အံ ပို့ချ လေ့လာဆောင်ရွက်မှုတို့ကို ရဟန်းသာမဏေများက ပဓာနအခန်းမှ ပါဝင်ဆောင်ရွက်နေကြရပေသည်။

ရဟန်း သာမဏေများက ထို ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်ရာဝယ် ပစ္စည်းလေးပါး ချို့ငဲ့မှု မရှိရလေအောင် ဒါယကာ ဒါယိကာမများက ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကူညီမှု ပစ္စယာနုဂ္ဂဟကိစ္စကို ဆောင်ရွက်ကြရပေသည်။

## ပရိယတ္တိသာသနဟိတအသင်း

ပရိယတ္တိသာသနဟိတအသင်းကြီးကား "ပရိယတ္တိသာသနဟိတ" ဟူသော အသင်းအမည်နှင့်အညီ ပရိယတ္တိသာသနာ့တာဝန်ကို (တစ်ဖက်တစ်လမ်းမှ) ထမ်းဆောင်မည် ချီးမြှောက်ထောက်ပံ့မည် ဟူသော ရည်ရွယ်ချက်ဖြင့် ပေါ်ထွန်းလာသော အသင်းကြီးဖြစ်၏။

ပရိယတ္တိသာသနာဟူသော ရေသောက်မြစ် ကောင်းမွန်ပါမှ ပဋိပတ္တိသာသနာဟူသော ပင်စည်ကြီးထွားမည်။ ပဋိဝေဓသာသနာဟူသော အခက် အပွင့် အသီး တို့ ဝေဆာမည်ဟု ယုံကြည်ချက်ရှိသည့် အားလျော်စွာ ပရိယတ္တိသာသနာ အခြေခံ ခိုင်မာတောင့်တင်းရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်၍ ဆောင်ရွက်ကြပေသည်။

ပရိယတ္တိသာသနာ ထွန်းကားရေးအတွက် စာချဘုန်းကြီးများကို အားပေးရမည်။ စာသင်သားများ စာပေအခြေခံ ကောင်းမွန်ရေးအတွက် စာမေးပွဲများ အဆင့်အတန်းမြင့်မြင့် ကျင်းပပေးရမည်။ စာချသူရှိမှ စာသင်သား ဆိုတာ ရှိမည်။ စာချဘုန်းကြီးများ ပစ္စည်းလေးပါး မချို့ငဲ့ရအောင် ထောက်ပံ့ပေးရမည်ဟူသော ခံယူချက်တို့ဖြင့် ပေါ်ထွက်လာသော အသင်းကြီးဖြစ်သည်။

## သမိုင်းပေးတာဝန်

အမှန်စင်စစ် ပရိယတ္တိသာသနဟိတအသင်းကြီးသည် သမိုင်းပေးတာဝန်အရ ပေါ်ထွန်းလာသော သမိုင်းဝင် အသင်းကြီးဖြစ်သည်။

အနည်းငယ် ဖော်ညွှန်းပါမည်။

ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှစ၍ ဘုရင်မင်းမြတ်၏ အားပေးချီးမြှောက်မှုဖြင့် ဗုဒ္ဓသာသနာသည် တစ်နိုင်ငံ

လုံး အတိုင်းအတာဖြင့် ထွန်းကား စည်ပင်ခဲ့သည်။ ပုဂံခေတ်မှ စ၍ ကျမ်းတတ်အကျော် ဆရာတော်များ၊ နာမည်ကျော် ကျမ်းစာများ ထင်ရှားသော စာသင်တိုက်ကြီးများ ပေါ်ထွန်းခဲ့သည်။

ဘုန်းတော်ကြီးများဦးစီးသော စာသင်တိုက်ကြီးများသည် ရဟန်းသာမဏေများကိုသာ ပရိယတ္တိစာပေကျမ်းဂန်တို့ကို သင်ကြားပေးသည်မဟုတ်ဘဲ မင်းညီ မင်းသားမှအစ အရပ်သူ အရပ်သားများအထိ လူ့ဝတ်ကြောင်များကိုလည်း စာပေ သင်ကြားပေးခဲ့သည့် စာသင်တိုက်များ ဖြစ်ခဲ့ပေသည်။

ပုဂံခေတ်၌ ပိဋကစာပေဘက်တွင် ကျွမ်းကျင်တတ်မြောက်သော ကျစွာမင်း၊ သံပျင်မင်းသမီးစသော အထက်တန်းလွှာ ပုဂ္ဂိုလ်များ၊ ပဋ္ဌာန်း ပါဠိတော်ကြီးများကိုပင် နှုတ်တက်အာဂုံ ဆောင်နိုင်သော အရပ်သူ အမျိုးသမီးများ ပေါ်ထွန်းသည်အထိ ပရိယတ္တိသာသနာ အခြေခံ ကောင်းခဲ့ပေသည်။

ထို့ကြောင့် အနော်ရထာမင်းတရား၏ အားပေး ထောက်ပံ့မှုဖြင့် ပွင့်လင်းလာသော ထေရဝါဒ ဗုဒ္ဓသာသနာသည် ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံတွင် အခြေခံကောင်းကောင်းဖြင့် ကြီးပွား ရှင်သန်ခဲ့ရသည်။

ဤသို့ ဘုရင်အဆက်ဆက်၏ အားပေးထောက်ပံ့မှုဖြင့် ထွန်းတောက်လာခဲ့ရသော ဗုဒ္ဓသာသနာတော်သည် မြန်မာ သက္ကရာဇ် ၁၂၄၇ ခုနှစ် (ခရစ် ၁၈၈၅ ခုနှစ်) တွင် ကြမ္မာဆိုးနှင့် ကြုံတွေ့ခဲ့ရသည်။

မြန်မာတို့၏ ဦးစွန်း မြန်မာတို့၏ အသည်းနှလုံးဖြစ်သော သီပေါမင်းကို မိစ္ဆာဝါဒီ နယ်ချဲ့ အင်္ဂလိပ်တို့က ဖမ်းဆီးခေါ်ဆောင် သွားခြင်းကြောင့် မြန်မာနိုင်ငံရေး၊ မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာပါ မိစ္ဆာဝါဒီတို့၏ လက်အောက်သို့ ကျရောက်ခဲ့ ရတော့သည်။

ဤသို့ မိစ္ဆာဝါဒီ အင်္ဂလိပ်နယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရသော မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော်အရေး ကို စိတ်မအေးကြသော မျိုးချစ်ပုဂ္ဂိုလ်တို့က နယ်ချဲ့ အင်္ဂလိပ် မိစ္ဆာဝါဒီတို့ကို ရရာလက်နက်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ အသက်ပေါင်းများစွာ စတေးခဲ့ကြရသည်။

မျိုးချစ်ပုဂ္ဂိုလ်တို့က အင်္ဂလိပ်နယ်ချဲ့ကို နိုင်ငံရေးအရ တွန်းလှန်တိုက်ခိုက်ကြသကဲ့သို့ အချို့သော မျိုးချစ် ဘာသာချစ် ပုဂ္ဂိုလ်တို့ကလည်း အင်္ဂလိပ်လက်အောက်တွင် ဗုဒ္ဓဘာသာ သာသနာတော် မညှိုးမှိန်ရေးအတွက် အချင်းချင်း စည်းရုံး၍ လှုပ်ရှားခဲ့ကြသည်။

ယင်းလှုပ်ရှားမှုများအနက် မန္တလေးမြို့ ဆိုင်းတန်းရပ်မှ ပွဲစားကြီး ဦးထွန်း စသော ပုဂ္ဂိုလ် (၁၂) ဦးတို့၏ လှုပ်ရှားမှုသည် ဗုဒ္ဓဘာသာ သာသနာတော်အတွက် လွန်စွာ လေးနက် ဇီ ရောက်လှပေသည်။ ပွဲစားကြီး ဦးထွန်းစသော မျိုးချစ် ဘာသာ ချစ် ပုဂ္ဂိုလ်ကြီး (၁၂) ဦးတို့သည် ဗုဒ္ဓသာသနာတော်ကို အားပေ ထောက်ပံ့မည့် ဗုဒ္ဓဘာသာ သာသနာပြု ဘုရင်မင်းမြတ် ဆိတ် သုဉ်းနေသဖြင့် ညှိုးငယ်နေသော ဘာသာသာသနာရောင်ကို မြှင့်တင်ကြရန် စိတ်ကူးကြသည်။ သာသနာသုံးရပ်တွင် အခြေခံ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာ စည်ပင်ခိုင်မြဲပါမှ မြတ်ဗုဒ္ဓသာသနာတည်ရှည် ထွန်းတောက်မည်ကို သိရှိပြီးဖြစ်၍ ထိုပရိယတ္တိသာသနာတော်ကို အထူးချီးမြှောက်ထောက်ပံ့ရန် အသင်းဖွဲ့ကြသည်။

မန္တလေးမြို့ရှိ ကျမ်းတတ်အကျော် ဆရာတော်ကြီး ၁၈ ပါး တို့၏ ဩဝါဒ လမ်းညွှန်မှုကို ခံယူကာ ၁၂၆၀ ပြည့်နှစ် (ခရစ် ၁၈၉၈) တွင် "ပရိယတ္တိသာသာနဟိတအသင်း" အမည်ဖြင့် သာသနာပြုအသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပေသည်။

ဤအသင်းကြီးသည် အမှန်စင်စစ် သာသနာပြုဘုရင်မင်း မြတ်၏ သာသနာပြုတာဝန်ကို ဆက်ခံလိုက်သည့် အသင်းကြီး ဟုဆိုသော် မည်သူမျှ ငြင်းချက်ထုတ်နိုင်လိမ့်မည် မထင်ပါပေ။

အဘယ့်ကြောင့်ဆိုသော် ဘုရင်မင်းမြတ်မရှိတော့သဖြင့် ဆိတ်သုဉ်းသွားပြီဖြစ်သော ပထမပြန်စာမေးပွဲ (ပထမ စာတော်ပြန်ပွဲ) ၏ နေရာကို အစားထိုးမည့် ပရိယတ္တိသာသနဟိတ အသင်း စာမေးပွဲကို ပဓာနလုပ်ငန်းအဖြစ် ဆောင်ရွက်မည့် အသင်းဖြစ်သောကြောင့်ပေတည်း။

စင်စစ် ဤပရိယတ္တိသာသနဟိတအသင်းကြီးကို စတင် ဖွဲ့စည်းကြသည့် သာသနာပြု ဒါယကာကြီး (၁၂) ဦး တို့သည် သာသနာပြု ဘုရင်မင်းမြတ်၏ အမွေကို ဆက်ခံကြသည့် သာ သနာပြု အာဇာနည် ပုဂ္ဂိုလ်ကြီးများပင် ဖြစ်ပေသည်။ တစ်နည်း အားဖြင့် သမိုင်းပေးတာဝန်ကို ထမ်းဆောင်ကြသည့် စံပြုထိုက် သည့် ပုဂ္ဂိုလ်ကြီးများ ဖြစ်ပေသည်။

## ရှင်သန်ကြီးထွားလာခဲ့သည်

ကျမ်းတတ်အကျော် ဆရာတော်ကြီး (၁၈) ပါးတို့၏ ဩဝါဒလမ်းညွှန်ချက်ကို ခံယူ၍ ပုဂ္ဂိုလ် (၁၂) ဦးဖြင့် စတင် လှုပ်ရှားခဲ့သော ပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာ အတွက် ရည်မှန်းချက် မှန်ကန်ခြင်း၊ ခေါင်းဆောင်မှု ထက်မြက်ခြင်း၊ ညီညွတ်မှု စည်းလုံးမှု ရှိခြင်း၊ ချမှတ်သော လုပ်ငန်းစဉ်များ၏ အနှစ်သာရ ရှိခြင်းတို့ကြောင့် ဆုတ်ယုတ်သွားသည် မရှိဘဲ တစ်စထက် တစ်စ တိုးတက် ကြီးပွားလာခဲ့ပေ သည်။

အခက်အခဲအမျိုးမျိုး၊ ခေတ်ကာလ အမျိုးမျိုး တို့ကို ဖြတ်သန်းကျော်လွှားကာ နှစ် (၁၀၀) ခရီးသို့ အောင်အောင် မြင်မြင် ချီတက်လာနိုင်သော ဤအသင်းကြီး၏ မှန်ကန်သော အနေအထားကို လွယ်ကူစွာ အကဲခတ်နိုင်ကြလိမ့်မည်ဟု ယူဆပေသည်။

### ထူးခြားသော အသင်းကြီး

မြန်မာနိုင်ငံ သာသနာဝင်၌ ပရိယတ္တိသာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် တစ်နှစ်လျှင် စာမေးပွဲ သုံးကြိမ် ကျင်းပပေးသောအသင်းမှာ ဤ ပရိယတ္တိသာသနဟိတ အသင်းသာ ရှိပေသေးသည်။ မှန်ပေသည်။

ဤ ပရိယတ္တိသာသနဟိတအသင်းကြီးသည် -

(၁) နယုန်လတွင် ရဟန်းတော်များသာ ဖြေဆိုခွင့်ရှိသည့် သီးခြားစာသင်တန်း သီးခြား စာချတန်းစာမေးပွဲ၊

(၂) ပြာသိုလတွင် သာမဏေများသာ ဖြေဆိုခွင့်ရှိသည့် သာမဏေ (ကျော်) စာကျွှောက်မေးခန်း စာမေးပွဲ၊

(၃) တပေါင်းလတွင် ရဟန်း သာမဏေအားလုံး ဖြေဆိုခွင့်ရှိသည့် နိကာယ်ငါးရပ် ပိဋကသုံးပုံ စာမေးပွဲ၊

ဟူ၍ တစ်နှစ်လျှင် သုံးကြိမ်တိုင်တိုင် စာမေးပွဲများ ကျင်းပပေးပြီး ဘွဲ့ပုံတော် လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကာ သာသနာ့အာဇာနည်များကို နှစ်စဉ် မွေးထုတ်ပေးနေသော အသင်းကြီး ဖြစ်ပေသည်။

### အဆင့်အတန်းလည်းမြင့်မားသည်

ဤအသင်းကြီးက ပြဋ္ဌာန်းထားသော စာမေးပွဲပြဋ္ဌာန်း ကျမ်းစာများသည် ပြည့်စုံသကဲ့သို့ မေးမြန်းထုတ်ဆင်သော မေးခွန်းများမှာလည်း အဆင့်အတန်းမြင့်မားပေသည်။

ထို့ကြောင့် ဤအသင်းကြီးက ကျင်းပသော စာမေးပွဲများကို ဉာဏ်ပညာ ထက်မြက်ခြင်း၊ ဖွဲ့ လုံ့လ ကောင်းခြင်း ကျန်းမာရေး ပြည့်စုံခြင်းဟူသော အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များမှသာ ဝင်ရောက်ဖြေဆိုနိုင်ကြပေသည်။

ဤအသင်းကြီး၏ စာမေးပွဲများမှာ အဆင့်အတန်းမြင့်မားသောကြောင့် နယုန်လ စာကျွှောက်မေးခမ်း (သီးခြားစာသင်တန်း၊ သီးခြားစာချတန်း စာမေးပွဲ) ကို ရဟန်းအပါး (၁၀၀၀) လျှင် တစ်ပါးနှုန်းလောက်ပင် မဖြေဆိုနိုင်ကြပေ။ ထို့အတူ ပြာသိုလ သာမဏေကျော် စာမေးပွဲကိုလည်း သာမဏေအပါး (၁၀၀၀) လျှင် တစ်ပါးနှုန်းလောက်သာ ဖြေဆိုနိုင်ကြပေသည်။

ဝင်ရောက်ဖြေဆိုနိုင်သူ နည်းသကဲ့သို့ အောင်မြင်သူလည်း အလွန်နည်းပါးလှသည်။ ၁၂၆၅ ခုနှစ်မှစ၍ ကျင်းပသော နယုန်လ စာကျွှောက်မေးခမ်းတွင် ဘွဲ့ရသည်အထိ အပြည့်အစုံ အောင်မြင်ပေါက်ရောက်သော ပုဂ္ဂိုလ်များမှာ နှစ်ပေါင်း (၈၃) နှစ်အတွင်း (၃၃၆) ပါးမျှသာ ရှိပေသည်။ ထို့ကြောင့် တစ်နှစ်လျှင် (၃) ပါးနှုန်းလောက်သာ အောင်မြင်သည်ဟု ဆိုရမည် ဖြစ်ပေသည်။

ဤသို့ အောင်မြင်ရန် ခက်ခဲသော စာမေးပွဲဖြစ်သောကြောင့် ဤအသင်းကြီးမှ ဆက်ကပ်သော အဘိဝံသ (ဘိဝံသ) ဘွဲ့နှင့် သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ (အလင်္ကာရ= လင်္ကာရဘွဲ့) ကို ရဟန်းတော်တိုင်း သာမဏေတိုင်း လေးစား မြတ်နိုး တန်ဖိုးထားကြပါသည်။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သကျသီဟဓမ္မာစရိယ) (ဘိဝံသ) ဘွဲ့ရ ပုဂ္ဂိုလ်ဆိုလျှင် သံဃာများက လေးစားကြသည်။ အခြားဘွဲ့တွေ ရထားသည့် ပုဂ္ဂိုလ်ထက် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သကျသီဟ ဓမ္မာစရိယ) ဘွဲ့ရ ပုဂ္ဂိုလ်ကို သံဃာတော်များ လောက ကပို၍ အထင်ကြီးကြ လေးစားကြပေသည်။ ထို့အတူ သာမဏေကျော်ဘွဲ့ ရထားသော ကိုရင်ကို ကိုရင်အချင်းချင်းသာမက ဆရာတော် သံဃာတော်များကပင် လေးစားကြ မြတ်နိုးချစ်ခင်ကြပေသည်။

### ထူးခြားသောဘွဲ့များ

ဤအသင်းကြီးက ဆက်ကပ်သည့် အဘိဝံသနှင့် အလင်္ကာရဘွဲ့များသည် ထူးခြားပေသည်။ ထူးခြားသည်ဟု ဆိုရခြင်းမှာ ဆိုခဲ့ပြီးသည့်အတိုင်း ကျမ်းစာများ၏ အဆင့်အတန်းမြင့်မားမှု၊ အောင်မြင်ရန် မလွယ်ကူမှု ဟူသော အကြောင်းများအပြင် ထိုဘွဲ့များကို စာမေးပွဲအောင်မြင်သော ပုဂ္ဂိုလ်၏ ဘွဲ့နာမည်နှင့် တွဲဖက်အသုံးပြုနိုင်မှုကြောင့်လည်း ဖြစ်ပေသည်။

လောကီ တက္ကသိုလ်များက ဘွဲ့များစွာရှိသော်လည်း လူနာမည်နှင့် တွဲ၍ သုံးရသော ဘွဲ့မှာ "ဒေါက်တာဘွဲ့" တစ်ဘွဲ့သာ ရှိသည်။ ဒေါက်တာဘွဲ့ရထားသော ပုဂ္ဂိုလ်သည် ထိုဘွဲ့ကို မိမိနာမည်နှင့်တွဲဖက်၍ "ဒေါက်တာမောင်ဖြူ" စသည်ဖြင့် သုံးနိုင်သည်။

ထို့အတူ ပရိယတ္တိသာသနဟိတအသင်းကြီးက ဆက်ကပ်သော အဘိဝံသဘွဲ့နှင့် အလင်္ကာရဘွဲ့များကိုလည်း မိမိတို့၏ ဘွဲ့အမည်နှင့် တွဲဖက်၍ သုံးနိုင်ပေသည်။ ဥပမာ ဦးပဏ္ဍိတာဘိဝံသ၊ ရှင်သီဟဗလာလင်္ကာရ စသည် -။

ဒေါက်တာဘွဲ့ရသော ပုဂ္ဂိုလ်ကို လူတိုင်းကအထင်ကြီးကြ၊ လေးစားကြသကဲ့သို့ ဘွဲ့ရသူကိုယ်တိုင်လည်း ထိုဘွဲ့ကို လွန်စွာ မြတ်နိုး တန်ဖိုးထားပေသည်။ ထို့အတူ အဘိဝံသဘွဲ့

အလကၤာရဘွဲ့ ရသော ပုဂ္ဂိုလ်ကိုလည်း ရဟန်း သံဃာလောက က လွန်စွာ အထင်ကြီးကြ၊ လေးစားကြပေသည်။ ကာယကံရှင် ကိုယ်တိုင်ကလည်း လေးစားမြတ်နိုး တန်ဘိုးထားသောကြောင့် မိမိတို့၏ဘွဲ့အမည်နှင့် တွဲဖက်အသုံးပြုကြပေသည်။

ထို့ကြောင့်ပင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို ရထားသော ကျမ်းပြုအကျော် ဆရာတော်ကြီးတစ်ပါးသည် ထိုအဂ္ဂမဟာ ပဏ္ဍိတဘွဲ့ကို မိမိဘွဲ့အမည်နှင့် တွဲဖက်၍ တစ်ခါမှမသုံးဘူးသော်လည်း ဤအသင်းကြီးက ဆက်ကပ်ထားသော "အဘိဝံသ" ဘွဲ့ကိုမူ မြတ်မြတ်နိုးနိုး အသုံးပြုထားသည်ကို တွေ့ရပါသည်။

ထို့ပြင် ဤ အဘိဝံသဘွဲ့သည် အများက အထင်ကြီး လေးစားကြသောကြောင့် အများက အထင်ကြီးလေးစားကြ စေလိုသော ပုဂ္ဂိုလ်အချို့သည် (ဘာစာမေးပွဲမျှ မအောင်ဘဲ) မိမိတို့၏ ဘွဲ့မည်ကို အဘိဝံသနှင့် တွဲဖက်အသုံးချနေမှု၊ နောက်မှ ပေါ်လာသည့် စာမေးပွဲအသင်းများက အဘိဝံသဘွဲ့ကို အတု ယူကာ ဆက်ကပ်မှုတို့သည်လည်း ဤအသင်းကြီး၏ အဘိဝံသ ဘွဲ့အဆင့်မြင့်မှု တန်ဘိုးရှိမှုကို ဖေါ်ပြနေခြင်း ဖြစ်ပါသည်။

## နှစ်စဉ် နှစ်စဉ် သံဂါယနာတင်

မြတ်ဗုဒ္ဓသာသနာ ရှည်ကြာတည်တံ့ရေးတွင် သံဂါယနာ တင်ပွဲကြီးများသည် လွန်စွာ ကျေးဇူးပြုခဲ့ကြောင်း ရေးခဲ့ပြီ၊ ထို သံဂါယနာပွဲကြီးများ၏ ကျေးဇူးကြောင့် ယနေ့ မြတ်ဗုဒ္ဓသာသ နာကို တွေ့ကြုံခွင့် ကြည်ညို ကိုးကွယ်ခွင့် ရနေခြင်း ဖြစ်ပေသည်။

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးသည် လည်း သာသနာတော်အရှည် တည်တံ့စေရေးအတွက် နှစ်စဉ် နှစ်စဉ် သံဂါယနာပွဲကြီးများကို ကျင်းပနေသည်ဟု ဆိုလျှင် မှား မည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် မြတ်ဗုဒ္ဓဟောကြား တော်မူခဲ့သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ်တရားတော်များ ရှင်သန် ထွန်းကားရေးအတွက် နှစ် စဉ် နှစ်စဉ် စာမေးပွဲကြီးများ ကျင်းပနေသောကြောင့် ဖြစ်ပေ သည်။

ထို့ကြောင့် နှစ်စဉ် နှစ်စဉ် သံဂါယနာ တင်နေသည်ဟု ဆိုနိုင်ခြင်း ဖြစ်ပေသည်။

## စိရံ တိဋ္ဌတု

လောကဉ္စ ကြီးကျယ်သော အလုပ်တစ်ခုသည် ကျေးဇူး များခြင်း၊ ဦးဆောင်ဦးရွက်ပြုသူတို့၏ ခေါင်းဆောင်မှု မှန်ကန်ခြင်း၊ အများ၏ အားပေးမှုကို ရရှိခြင်း၊ ပုဂ္ဂိုလ်အသီးသီးက ကျရာ တာဝန်ကို မနိ မကပ် ဆောင်ရွက်ခြင်းတည်းဟူသော အရည် အချင်းများ ရှိမှသာ ကြာရှည် လေးမြင့် တည်နိုင်ပေသည်။

ဤပရိယတ္တိသာသနဟိတအသင်းကြီးကား သာသနာ တော်အတွက် ပဓာန ရည်မှန်းချက်ထား၍ ဖြစ်ပေါ်လာသော အသင်းကြီး ဖြစ်ခြင်း၊ သာသနာတော်အား ကျေးဇူးများခြင်း၊ ခေါင်းဆောင်မှု မှန်ကန်ခြင်း၊ ရဟန်းရှင်လူ တို့၏ အားပေးမှုကို ရရှိခြင်း၊ အသင်းဝင်ပုဂ္ဂိုလ်တို့၏ ညီညွတ်မှုနှင့် တာဝန်ကို မနိ မကပ် ရွက်ဆောင်နိုင်ခြင်းတို့ကြောင့် အနှစ် (၁၀၀) ခရီးကို အောင်မြင်စွာ ဖြတ်သန်းလာနိုင်ခဲ့ပေပြီ။

ဤအသင်းကြီး၏ တည်တံ့ ခိုင်မာမှု တက်တက်ကြွကြွ ဆောင်ရွက်မှု မြို့သူ မြို့သားများနှင့်တကွ အနယ်နယ် အရပ်ရပ် မှ ပုဂ္ဂိုလ်များ၏ အားပေးမှုသည် ဗုဒ္ဓမြတ်စွာ သာသနာတော် ကြီး အရှည် တည်တံ့ထွန်းလင်းရေးသာမက အမျိုးဘာသာ သာသနာတော် ရှင်သန် ထွန်းကားရေးကိုလည်း အကျိုးပြုမည် ဖြစ်ရာ ဤအသင်းကြီးသည် နှစ်ပေါင်း ထောင်ပေါင်းများစွာ ရှင်သန် ထွန်းကား တည်တံ့ပါစေဟု အာသီသ ပြုအပ်ပါသည်။

အရှင်ဩဒါဘာသိရီဘိဝံသ
(မန္တလေး မဟာဝိသုဒ္ဓါရုံ)



# ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ တုန်းက

လူထုဒေါ်အမာ

မန္တလေး ပရိယတ္တိသာသနဟိတအသင်းကြီးက ရာပြည့်ပွဲကြီးကျင်းပတော့မှာဆိုတော့ အသင်းကြီးနှစ်ပေါင်း ၁၀၀ လောက်တုန်းက ဘာ့ကြောင့် တည်ထောင်ပေါ်ပေါက်လာရတယ်။ အဲဒီတုန်းက မန္တလေး သာသနာရဲ့ အခြေအနေဘယ်လိုရှိတယ်ဆိုတာ နည်းနည်းခန့်မှန်း ကြည့်ရရင် စိတ်ဝင်စားစရာကောင်းမှာပါ။

၁၃၅၈ ခုနှစ်၊ ၁၉၉၆ ခုနှစ် ဆိုတာ မြန်မာမင်း ပါတော်မူတာ နှစ်ပေါင်း (၁၁၁) နှစ် ရှိပြီဖြစ်တဲ့ နှစ်ပါတကား။

နယ်ချဲ့သမားက မြန်မာမင်းကို ဖမ်းပြီး အိန္ဒိယကို ခေါ်ယူသွားတဲ့အခါတုန်းက အထက်မြန်မာနိုင်ငံကို ပိပိစီးစီး အုပ်ချုပ်ဖို့ မြန်မာမင်းများရဲ့ အုပ်ချုပ်ရေးယန္တရားကြီးက အုပ်စိုးသူ လူတန်းစားတွေ နေထိုင်တဲ့ နန်းမြို့ကြီးကို ပထမဆုံး ရှင်းပစ်လိုက်ပါသတဲ့။

ကျုံးကြီး ပတ်လည်ဝိုင်းပြီး အုတ်မြို့ရိုးကြီးလေးဘက်အခိုင်အလုံ ကာရံထားတဲ့ ဝင်းကြီးကို နန်းမြို့လို့ ခေါ်ပါတယ်။ ဒီနန်းမြို့ကြီးထဲမှာ ဘုရင် မိဖုရားနဲ့ သားတော် သမီးတော်များနေထိုင်တဲ့ နန်းဆောင်များအပြင် မှူးကြီး မတ်ရာ သေနာပတိများနေတဲ့ အိမ်တော် ဝင်းတော်များလည်း ရှိပါတယ်။

အဲဒါတွေကို နယ်ချဲ့ ပြည်သိမ်းတပ်များက "နန်းမြို့တွင်းနေထိုင်သူအားလုံး မြို့ပြင်ထွက်ကြ၊ ရွှေ့ပြောင်းခ စရိတ်တစ်အိမ်ထောင်လျှင် ၁၅ ကျပ် စီ ထုတ်ယူကြ" လို့ အမိန့်ပေးပြီး ချက်ချင်း မြို့ပြင် ထွက်ခိုင်းလိုက်ပါသတဲ့။ ပြီးတော့ နန်းမြို့တွင်းဧရိယာကြီးတစ်ခုလုံးကို "ကန်တိုမင်" တပ်နယ်မြေလို့ သတ်မှတ်ပြီး၊ အရပ်သားအားလုံးရဲ့ ဝင်ထွက်ခွင့်ကို ပိတ်ပင်ပစ်လိုက်ပြီး တပ်တွေအပြည့်ချထားလိုက်ပါသတဲ့။

ပြီးတော့ မန္တလေးမြို့ကို အပေါ်စီးကမြင်ရလို့ မန္တလေးတောင်ကိုလည်း တပ်တွေက သိမ်းယူပြီး မန္တလေးတောင်ခြေအားလုံးမှာလည်း နယ်ချဲ့တပ်တွေ ချရပ်ထားလိုက်ပါတော့တယ်။

မန္တလေးတောင်ဆိုတာ မန္တလေးမြို့ရဲ့ အရှေ့မြောက်ထိပ်မှာ မြို့ထက်ပေ ၅၀၀ ကျော် အမြင့်ရှိတဲ့ တောင်ဖြစ်လေတော့ မြို့ကို စီးထားသလိုမို့ စစ်ရေးစစ်ရာအတွက် အရေးပါတဲ့အပြင် မန္တလေးမြို့သူ မြို့သားတွေအတွက် စိတ်ဓာတ်ရေးရာမှာလည်း အရေးပါပါတယ်။ မန္တလေးမြို့ရဲ့သမိုင်း ဂေါတမဘုရားရှင် ကြွလာတဲ့အခါ မန္တလေးတောင်မှာနေတဲ့ စန္ဒမုခီဘီလူးမက ဘုရားကို လှူဒါန်းစရာ မလွယ်တာနဲ့ သူ့ပန်းစုံကို ဖြတ်ပြီး လှူတော့ ဘုရားရှင်က ဒီဘီလူးမဟာ သာသနာနှစ် ၂၄၀၀ ရောက်တဲ့အခါ ဒီဒေသမှာ သာသနာပြုမင်းတစ်ပါး ဖြစ်လိမ့်မယ်လို့ ဗျာဒိတ် ကြားခဲ့ပါသတဲ့။ ဒါကြောင့် မန္တလေးမြို့ရဲ့ အရှေ့ထိပ် မြို့ရိုးကြီးနဲ့တန်းနေတဲ့ နေရာကို အရပ်တော် ၁၈ တောင်ရှိတဲ့ ဘုရားရပ်တော်မှု ဆင်းတုတော်ကြီးက လက်ညိုးညွှန်နေတဲ့ "ဗျာဒိတ်ပေးကိုယ်တော်ကြီး" ကို တောင်ပေါ်မှာ တည်ထားကိုးကွယ်ပါတယ်။

ပြည်သိမ်းတပ်တွေက မန္တလေးတောင်နဲ့တကွ ဘုရင်မင်းရဲ့ ကျောင်းကန် ဘုရားတွေ ပတ်ခြားဝိုင်းနေတဲ့ တောင်ခြေမှာ အားလုံး ချရပ် တပ်စွဲထားလိုက်တယ်။ ပြီးတော့ "စစ်ဦးဘီလူး" ဆိုတဲ့ စကားနဲ့အညီ အားလုံး ကြမ်းကြမ်းရမ်းရမ်း ဆက်ဆံလုယက် ယူငင်ကြပါတယ်။

မန္တလေးတောင်ခြေမှာ ကုသိုလ်တော်ဘုရားလို့ လူတွေကခေါ်တဲ့ မင်းတုန်းမင်းကြီးရဲ့ တစ်ဆူတည်းသော ကုသိုလ်စေတီတော်၊ လောကမာရဇိန်နဲ့ တစ်ကျောင်းတည်းသော ကျောင်းတော် မဟာအတုလဝေယံ ခေါ် အတုမရှိ ကျောင်းတော်ကြီးရှိပါတယ်။ ဒီဘုရားနဲ့ ဒီကျောင်းတော်ကြီးထဲမှာလည်း နယ်ချဲ့တပ်တွေ ချရပ်ထားတာမို့ အရပ်သား မဝင်ရပါဘူး။ နို့ပေမယ့် ဘုရားကျောင်းကန်တွေထဲမှာ စစ်သားတွေ ထင်တိုင်း ဖျက်ဆီးယူငင်နေကြတယ်လို့တော့ လူတွေကသတင်းတွေကြားနေကြတယ်။ ဒါကြောင့် ရန်ကုန်ကလာတဲ့ အမှုထမ်းတစ်ဦးက ဝိတိုရိယဘုရင်မက သူ့တစ်ပါးဘာသာကို မဖျက်ဆီးရလို့ အမိန့်ထုတ်ထားတယ်လို့ သိရတယ်။ ကျောင်း ကန် ဘုရားတွေကို တိုင်းသူ ပြည်သားတွေလက် ပြန်အပ်ဖို့ အသနားခံစာ တင်ရရင် ကောင်းမယ်လို့ အကြံပြုတာနဲ့ ဘုရင်မဆီ စာတင်ကြသတဲ့။

တင်စာအရ ပထမဆုံး ကုသိုလ်တော်ဘုရားထဲမှာ ချရပ်ထားတဲ့ တပ်တွေ ထွက်ပေးဘို့ ကုသိုလ်တော်ဘုရားကို ပထမဆုံး ဆွမ်းတော်ကြီး ကပ်လှူပွဲကို ၁၂၅၂ ခုနှစ်မှာ ကျင်းပရတယ်။ ၅ နှစ်အကြာမှာပေါ့ ပွဲကျင်းပဘို့ အရပ်သူ အရပ်သားတွေ ဘုရားကြီးထဲ ဝင်ကြတော့ တပ်တွေ မရှိတော့ဘူး ဆိုပေမယ့် လား လား လုယက်ယူငင်သွားကြတာ ကုန်ပါရောလား။

ကုသိုလ်တော်ဘုရားဟာ မြို့တော် နန်းတော်တည်တော့ တပြိုင်နက်တည်း ပန္နက်ရိုက် တည်ဆောက်တဲ့ စေတီတော် မင်းတုန်းမင်းဘုရင်ကြီးရဲ့ အလှူတော်အဖြစ် တစ်ဆူတည်းသော စေတီတော်မို့ လှူဒါန်းထားတာတွေက တန်ဖိုးမဖြတ်နိုင်ခဲ့ဘူး။ နို့ပေမယ့် စေတီတစ်ဆူလုံးရစရာမရှိ ဖျက်ဆီးယူငင်သွားကြပြီလေ။ ယူသွားလိုက်ကြတာ ရွှေ ငွေ အဖိုးတန်မဆိုထားပါနဲ့ ဘုရားရင်ပြင်တော်မှာ ခင်ထားတဲ့ ဖလ်မြေ မှန်မြေ အိတာလျံမှန်အုပ်အချပ်တွေကိုတောင် ခွါယူသွားတယ်။

ကျောက်စာဂူ ၇၃၀ က ထီးတွေမှာ ၉ လုံးစီ တပ်ဆင်ထားတဲ့ ကြေးဆည်းလည်း ၆၅၇၀ ကိုလည်း တစ်လုံး မကျန် ဖြုတ်ယူသွားကြတယ်။

စေတီတော်ကြီးက ထီးဆိုရင် အောက်ချပြီး ရွှေ ငွေ အပြားခတ် ကပ်ထားတာကို ဖြုတ်ခွာယူတယ်။ ငှက်မြတ်နားစိန်ဖူးနဲ့ ချယားသီးမှာ စီချယ်ထားတဲ့ ကျောက်သံ ပတ္တမြားတွေကိုလည်း အားလုံးဖြုတ်ယူပြီး သံကိုင်းချည်း ချန်ထားခဲ့တယ်။ အဖိုး ၂ သိန်းကျော်တန် စိန်ထီးဖြူ၊ အဖိုး ၁ သိန်း ကျော်တန် ဖြဟ္မာဥက္ကဋ္ဌ၊ သုံးသိန်းကျော်တန် ဖြဟ္မာတန်ဆာ စတဲ့ ပစ္စည်းတွေကိုလည်း အားလုံးယူသွားကြတဲ့အပြင် ရွှေ ၃၅ ပိဿာ ကုန် ချထားတဲ့ ဘုရား ရွှေတွေကိုလည်း ပွတ်ယူသွားကြတာတဲ့။

ကုသိုလ်တော်ထဲကတပ်တွေ ထွက်ပေးပေမယ့် မျက်နှာချင်းဆိုင်မှာ ရှိတဲ့ အတုမရှိကျောင်းတော်ကြီးထဲမှာတော့ တပ်တွေကရှိနေဆဲပါ။

အတုမရှိကျောင်းတော်ကြီး ဆိုတာက မင်းတုန်းမင်းကြီးရဲ့အလှူတော် အဖြစ်နဲ့ရှိတဲ့ တစ်ခုတည်းသော ကျောင်းတော်ကြီးပါ။ ဒီကျောင်းကြီးကို မင်းတုန်းမင်းကြီးက ဘုရားရှင်သီတင်းသုံးရာ ကျောင်းတော်ကြီးအဖြစ် တည်ဆောက်လိုတယ်လို့ မိန့်တော်မူပြီး ကျွန်မတို့က ရွှေပြည်မင်းလို့ခေါ်တဲ့ ရွှေပြည်ဝန်ကြီး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်အား ဒီကျောင်းတော်ကြီးကို အတင့်တယ်ဆုံး၊ အခမ်းအနားဆုံး အကြီးကျယ်ဆုံးဖြစ်အောင် ရွှေပြည်ဝန်ကြီးကိုယ်တိုင် ကြီးကြပ် ဆောင်လုပ်ပါလို့ တာဝန်ပေးပြီး ဆောက်လုပ်ခဲ့စေတာဖြစ်ပါတယ်။

ကျောင်းတော်ကြီးဟာ သစ်သားများနဲ့ သစ်သား ပန်းပုလက်ရာများသာမက ပန်းရန်များနဲ့ အနုစိတ်တွေလည်း ပါပြီး ဘုံ ၅ ဆင့် ရှိတဲ့ ၅ ထပ် ကျောင်းတော်ကြီးပါ။ ဒီကျောင်းကြီး

မှာ အမြင့်ပေ ၉၅ ပေရှိတဲ့ ပထမတန်းစား ကျွန်းသား တိုင်ချည်း ၂၄၆ လုံးနဲ့ ဆောက်လုပ်ထားတာပါ။ ပြီးတော့ ကျွန်မတို့ သိမှီတဲ့ မိဖုရားခေါင်ရဲ့ မြတောင် ရွှေကျောင်းကြီး အတွင်းက ရွှေပိန်းချ ကျောင်းတော်ကြီး ဖြစ်ပါသတဲ့။

ရွှေပြည်မင်းကြီးက ၁၈ နှစ် တိုင်တိုင် အချိန်ယူပြီး အနုစိတ် ချယ်သဆောက်လုပ်တာမို့ ၁၂၂၁ ခုနှစ်က ဆောက်တဲ့ မဟာ အတုလဝေယံကျောင်းတော်ကြီးဟာ ၁၂၃၉ ခုနှစ်မှာမှ အပြီး သတ်ပါသတဲ့။

ဘုံ ၅ ဆင့်နဲ့ အတုမရှိကျောင်းတော်ကြီးမှာ တန်ဖိုး အများဆုံးနေရာကတော့ ဘုရားဆောင်ကြီးပဲ ဖြစ်ပါတယ်။

ဘုရားကျောင်းကြီးထဲမှာ ဇောခိသား ရုပ်ပွားတော်တစ်ဆူနဲ့ ဝတ်လဲတော် မံဘုရားတစ်ဆူ ရှိပါတယ်။ ဝတ်လဲတော် မံဘုရားဆိုတာ ရိုးရိုးမံဘုရားများလို လွှစာနဲ့ သစ်စေးနဲ့ မံတာ မဟုတ်ဘူး၊ ဘုရင့်ဝတ်လဲတော်တွေကို ပြာချပြီး မံတာ၊ ဝတ်လဲ တော်ဆိုတာ ရွှေချည် ငွေချည် အစစ်တွေနဲ့ ရက်တာမို့ ရွှေပြာ ငွေပြာတွေနဲ့ မံတဲ့ မံဘုရား။ ပြီးတော့ မြန်မာ့နန်းတွင်းမှာ ဒုတိယ အကြီးဆုံးစိန်ကြီးဖြစ်တဲ့ ရတီ ၁၀၀ ကျော်ရှိတဲ့ “မဟာစိန်တော် ကာလး” ကို ဥဏ္ဏာလုံ မွေ့ရှင်တော်မှာ ကပ်လှူထားတာ။ ပြီးတော့ ဘုရားရှင်တို့ အသုံးအဆောင် သောက်တော်ရေ သုံးတော်ရေ ဆွမ်းခွက် ကွမ်းခွက်မှအစ အားလုံး ရွှေခွက် ငွေခွက် တွေချည်း လှူဒါန်းထားတဲ့ ဘုရားဆောင်။

ဒီဘုရားဆောင်မျိုးရှိတဲ့ အတုမရှိကျောင်းတော်ကြီးဟာ ကျောင်းကြီးပတ်ဝန်းကျင်မှာ စစ်တပ်တွေ ချရပ်ထားရာက ၁၂၅၄ ခုနှစ်မှာ မီးသင့်လောင်လို့ ပြာကျသွားရပါတယ်။ ဘုရား မီးပူဇော်ရာက မတော်တဆ လောင်တာလို့ ဆိုပေမယ့် ဒီစကား ကို လူတွေက မယုံကြပါဘူး။ အတုမရှိကျောင်းတော်ကြီး နောက် မှာလည်း တစ်ခြားဘုန်ကြီးကျောင်းတွေ အများအပြား မီးလောင်ကြပါသေးတယ်။

ဒီကိစ္စတွေ ဖြစ်နေတဲ့အခါ ဗုဒ္ဓဘာသာဝင်တွေ မြန်မာတွေ ရဲ့စိတ်မှာ အဖက်ဖက်က ယူကြုံးမရဖြစ်ရတယ်။ ဒါကို ဗြိတိသျှ အစိုးရက ရိပ်မိတယ် ထင်ပါရဲ့။ ၁၂၅၇ ခုနှစ်မှာ မြန်မာဘုရင် များလက်ထက်မှာကဲ့သို့ ပထမပြန် စာပြန်ပွဲများ ကျင်းပနိုင်ရန် အစိုးရပထမပြန်ကော်မတီကို ဖွဲ့စည်းပေးတယ်ဆိုပြီး သံဃာ တွေ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲများ ဖြေဆိုဖို့ စတင် စီစဉ်ပါသတဲ့။

၁၂၆၀ ခုနှစ် ရောက်တော့ “ပရိယတ္တိသာသနဟိတ အသင်း” ဆိုပြီး မန္တလေးမှာ သံဃာတော်များအတွက် ဖွဲ့စည်းတဲ့အသင်းကြီး ပေါ်ပေါက်လာခဲ့ပါတော့တယ်။ ဒီအသင်း ဘာ့ကြောင့် ဖွဲ့စည်းရတယ်ဆိုတဲ့ အသင်း အထွေထွေပြဋ္ဌာန်းစာစောင် မှာ–

“မာရ်အောင်ရတနာ စေတီတော်ဒါယကာ သီပေါမင်းတရား နန်းစံ (၇) နှစ်၊ သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်း လတွင် မြန်မာတို့ ဦးစွန်းဖြစ်သော မင်း မိဖုရား (၂) ပါး သည် ထီးနန်းဆုံးပါးသော သခ်ါရသဘောကို မလွန်ဆန်နိုင်သဖြင့် ကုလားနိုင်ငံ ရတနာဂီရိကျွန်းသို့ ကြွယွန်း စံမြန်းတော်မူရလေ သည်။

ထိုစဉ်အခါ တိုင်းရေးပြည်ရေး မသာယာဘဲ မြန်မာများ ထိပ်ထက်၌ မြွေဆိပ်တက်၊ မီးလောင်၊ သာသနာတော် အရောင် မှေး၊ ထောက်ပံ့ပြုစုမည့် ဒါယကာ ကင်းဝေး၊ မိစ္ဆာမင်းတို့၏ ရန်ဘေးကိုလည်း မတွေးတတ် မမြင်နိုင်၊ ပြည့်မဏ္ဍိုင် ပြိုကွဲ၍ ဝမ်းနည်း စိုးရိမ်၊ မြန်မာတို့ တန်ခိုးမှိန်သော အချိန်အခါကြီးသို့ ကျရောက်လေတော့သည်။ မင်းတုန်းမင်းတရားကြီး ကောင်းမှု တော် ဖြစ်သော အတုမရှိ ကျောင်းတော်ကြီးမှစ၍ ကျောင်းတိုက် ပေါင်းများစွာ မီးဘေးသင့် ပျက်စီးကြသဖြင့် သံဃာတော်အရှင် မြတ်များ ငြိုငြင် စိတ်ဒုက္ခပွားလျက် တိုင်းတစ်ပါးသား မိစ္ဆာမင်း များလက်ချက် သာသနာတော်ကို ပျက်စီးအောင် ဖျက်ဆီးခြင်း ပြုသည်သာမက၊ မြန်မာတို့ ယဉ်ကျေးမှုဖြစ်သော အနုပညာ များကိုပါ ကမ္ဘာက မသိရလေအောင် အမြစ်ဖြတ် ဖုံးကွယ်စေလို၍ ကျောင်းတိုက်တွေ မီးသဂြိုဟ်ခြင်း ဖြစ်သည်ဟူသော သံသယများနှင့် အရပ်တစ်ပါးသို့ ကြွသွားသီတင်းသုံးတော်မူကြ လေသည်။

မင်းညီ မင်းသား၊ မှူးကြီး မတ်ငယ်၊ သူကြွယ် သူဌေး စသည်တို့သည်လည်း မိမိတို့၏အသက် စည်းစိမ်တို့ကို စောင့် ရှောက်ထိန်းသိမ်းကြရသောအချိန်ဖြစ်၍ ယုံကြည်လေးမြတ် ဆည်းကပ် ကိုးကွယ်သော သာသနာတော်ကြီးကို စိတ်အား ထက်သန်စွာ ပြုစုဖို့ အခွင့်မရဘဲ ဖြစ်ကြလေသည်။

ဆရာတော်ကြီးများအချို့ စိတ်မချမ်းသာဘဲ တောရွာ ကျေးလက်သို့ ကြွထွက်သွားတော်မူလျှင် မှီရာ တပည့်သား စာသင်ယပ်ပုဂ္ဂိုလ်များမှာ အားထားမှီခိုစရာ မရှိသဖြင့် အသီး သီး မိမိတို့နှစ်သက်ရာ ဌာနသို့ ကြွသွားကြလေသည်။ ရတနာ ပုံ မြို့တော်ကြီးမှာ တစ်နေ့တစ်ခြား ရဟန်းတော် သံဃာတော် နည်းပါးခြင်း ဖြစ်ရလေသည်။

ဖေါ်ပြခဲ့သော ကာလပျက်၊ ခေတ်ပျက် ဝိပတ္တိစက်အတွင်း မှာ မိမိတို့၏ စည်းစိမ် အသက် ငုံကွက် ထောက်ထားသဖြင့် ကျရောက်ရမည့် ဘေးအန္တရာယ်များကို တတ်အားသမျှ ကာကွယ် စောင့်ရှောက်နေရသော်လည်း သာသနာတော်၏

အရေးကို တွေးမိတိုင်း ဒေါမနဿလှိုင်း အဟုန်တို့ဖြင့် ရိုက်ခတ်တုန်လှုပ်လျက် သောကစုံရေယဉ်ကြော၌ မျောနေကြရသည်မှာ ၁၃ နှစ်မျှ ကြာရှိလာလေသည်။"

လို့ အဲဒီတုန်းက အခြေအနေကို ရေးသားဖော်ပြထားပါတယ်။

ပြီးတော့မှ လူတွေဘယ်လောက် ဒုက္ခရောက်ရောက်၊ ဘုရားရှင်ရဲ့ ပရိယတ္တိသြဝါဒများ မပျောက်ပျက်ရအောင် ထိန်းသိမ်းရေးက ပိုမိုအရေးကြီးလာလို့ လူ ဒါယကာများက မန္တလေးမြို့မှာ ကျန်သလောက် ကျန်ရှိနေသေးတဲ့ ကျမ်းတတ်ပုဂ္ဂိုလ်အကျော် ဆရာတော်ကြီးများနဲ့ လျှောက်ထားတိုင်ပင်ပြီး ပရိယတ္တိသာသနာဟိတအသင်းကို ၁၂၆၀ ခုနှစ်မှာ စတင်တည်ထောင်ကြပါသတဲ့။

ဒီအသင်းကြီးပေါ်ပေါက်လာအောင် ဦးစီး ဦးဆောင် ပြုတဲ့ မြို့မိ မြို့ဖ (၁၂) ဦးကတော့ -

၁။ မန္တလေးမြို့၊ ဆိုင်းတန်းရပ်၊ ပွဲစားကြီး ဦးထွန်း၊

၂။ ဟော်ကုန်းရပ်၊ အရေးပိုင်ရုံး စာရေးကြီး ဦးခင်၊

၃။ သရက်တော၊ ဝါးတန်းရပ်၊ ပွဲစားကြီး ဦးသာပေါ်၊

၄။ အုတ်တန်းရပ်၊ ပွဲစားကြီး ဦးကျော်ဖံ၊

၅။ ဝုန္နန်ရပ်၊ ဂရန်ရုံး စာရေးကြီး ဦးကျော်ဖော၊

၆။ ရသာတန်းရပ်၊ သင်္ကန်းကုန်သည်ကြီး ဦးဘိုးရင်၊

၇။ ရသာတန်းရပ်၊ ရွှေ ကျောက်ကုန်သည်ကြီး ဦးသက်၊

၈။ ရသာတန်းရပ်၊ ရွှေကျောက်ကုန်သည်ကြီး ဦးကျောက်နီ၊

၉။ ဆေးရိုးဝင်းရပ်၊ ကုန်သည်ကြီး ဦးဖြိုးအောင် (ကျွန်မရဲ့ အဘိုး)

၁၀။ ဝုန္နန်ဆေးရိုးဝင်း။ ပိုးကုန်သည် ဦးတုတ်၊

၁၁။ ရသာတန်းရပ်၊ ပရိက္ခရာကုန်သည် ဦးစု၊

၁၂။ ရသာတန်းရပ်၊ ကုန်သည် ဦးဖော့ တို့ ဖြစ်ကြပါတယ်။

ဒီမြို့မိ မြို့ဖ တွေက-

(၁) မိုးထားသာသာနပိုင်

(၂) မိုင်းနိုင်းဆရာတော်

(၃) မိုးကောင်းတိုက်ဆရာတော်

(၄) တောင်ပြင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် ဦးအာစရ နဲ့

(၅) ဆရာတော်ဦးရန်ကုန်

(၆) ကင်းဝန်မင်းကြီးတိုက် ဆရာတော် ဦးမေ္ဒာဘိဝံသ

(၇) မဟာဝိသုဒ္ဓါရာမဆရာတော်

(၈) တုတ်လှန်းဆရာတော်

(၉) တောင်ခွင်ဆရာတော်

(၁၀) လက်ာရာမဆရာတော် ဦးနန္ဒ

(၁၁) ကျောက်ပန်းတောင်းဆရာတော်

(၁၂) အကောက်ဝန်ဆရာတော်

(၁၃) အနောက်တိုက်တော် တိုက်အုပ်ဆရာတော်

(၁၄) အလ္လကပ္ပတိုက် မြို့သာဆရာတော်

(၁၅) မောက်ကျိုးဆရာတော်

(၁၆) ပေါင်းတော်ကူးဆရာတော်

(၁၇) ဘေးမဲ့ဆရာတော်ဦးရေဝတ

(၁၈) ခေမာသီဝံ ဆရာတော်ကြီးများ အပါအဝင် စာချဆရာတော်ကြီးများကို သာသနာ့ဒါယကာ မရှိတော့လင့် ကစား ရပ်သူ ရပ်သားများအနေနဲ့ တတ်အားသမျှ ဆွမ်း ကွမ်း ပြည့်စုံရေးကို ကြိုးပမ်းပါမယ်။ ဆရာတော်ကြီးများကလည်း ပရိယတ္တိဘက်က မယုတ် မလျော့ရအောင် ရဟန်း သံဃာငယ်များကို ဆက်လက်သင်ကြား ပြသ ဆုံးမပေးပါလို့ လျှောက်ထားပြီး ဆွမ်းဆန် ဆွမ်းဟင်းလျာများ၊ ဆေးများကို လစဉ်လှူဒါန်းတယ်။ ကျောင်းပျက်ရင်၊ သင်္ကန်းလိုရင် သပိတ် စတဲ့ အသုံးအဆောင် ချို့တဲ့ရင် ချို့တဲ့တဲ့ ရဟန်းများကို လှူဒါန်းကြပါသတဲ့။

အဲဒီလို ဆရာတော်၊ သံဃာတော်ကြီးများကို စာသင် စာချ မပျက်ရအောင် တစ်ဘက်က လှူဒါန်းထောက်ပံ့ရင်း ပရိယတ္တိမှာ ထူးချွန်တဲ့ ရဟန်းသံဃာများအတွက်လည်း "သက္ကျသီဟစာမေးပွဲ" လို့ သာသနာမှာ ထင်ရှားကျော်ကြားလာတဲ့ ပရိယတ္တိစာမေးပွဲများကို ၁၂၆၅ ခုနှစ်ကစပြီး အသင်းကြီးက ကျင်းပပေးပါတော့တယ်။

ကျွန်မတို့ ဗုဒ္ဓဘာသာ ရဟန်းများ ပရိယတ္တိစာပေ သင်ကြားရာမှာ အစိုးရပထမပြန်စာမေးပွဲ၊ စေတိယင်္ဂဏ စာပြန်ပွဲ၊ သက္ကျသီဟစာမေးပွဲ ဆိုပြီး စာပြန်ပွဲတွေ ရှိခဲ့ပါတယ်။ ဒီ စာပြန်ပွဲတွေ အားလုံးထဲမှာ သက္ကျသီဟ စာပြန်ပွဲဆိုတဲ့ ပရိယတ္တိသာသနဟိတအသင်းကြီးက ကျင်းပတဲ့ စာပြန်ပွဲဟာ နာမည်အကြီးဆုံးစာမေးပွဲ၊ အောင်မြင်တဲ့ ရဟန်းတော်များအတွက် ဂုဏ်သိက္ခာ အရှိဆုံး စာပြန်ပွဲ ဖြစ်ပါတယ်။

လူထုဒေါ်အမာ




# ရာပြည့်မှသည် သာသာသနာတည်သရွေ့ ဆောင်ရွက်နိုင်ပါစေ

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်ရခြင်း၏ အကြောင်းရင်းကို "နှစ်တစ်ရာပြည့် အမှုဝေစာတမ်း" စာမျက်နှာ (၁၇) ၌ ဖတ်ရှုရသည်။ အချုပ်မှာ "သာသနာတော်သုံးပါးအတွက် အရင်းမူလ ဘူတ ဖြစ်သော ပရိယတ္တိဓမ္မ ဆုတ်ယုတ်ချေက ပဋိပတ္တိဓမ္မနှင့် ပဋိဝေဓဓမ္မတရား နှစ်ပါးလည်း မစည်ကား လျော့ပါး ညှိုးနွမ်း ဆုတ်ယုတ် ကွယ်ပမည်ဖြစ်၍ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ပူဇော် လှူဒါန်းရန် တည်ထောင်ရခြင်း ဖြစ်ပါသည်။

### မြန်နိုင်စေချ ရပေလှ

မြတ်ဗုဒ္ဓသည် အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် ပဓာနသုတ်တော်၌ "ချစ်သားတို့ လောကမှာ ဖြစ်စေနိုင်ခဲ၊ ပြုလုပ်နိုင်ခဲသည့် အားထုတ်မှု နှစ်မျိုးရှိသည်၊ အဘယ်နှစ်မျိုးတို့နည်းဟု ဆိုရလျှင်

(၁) အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြသည့် လူတို့မှာ သာသနာတော်အား ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းထောက်ပံ့ဘို့ရန် ဖြစ်နိုင်ခဲသည်၊ ပြုလုပ်နိုင်ခဲသည်။

(၂) အိမ်ရာတည်ထောင် လူ့ဘောင်ကို ခွါရှောင်ကာ သာသနာတော်မှာ ဝင်ရောက်လာကြသည့် ရဟန်း သာမဏေ တို့အား အလုံးစုံသော ဥပဓိတို့ကို စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်အကျိုးငှာ အားထုတ်ဘို့ရန် ဖြစ်စေနိုင်ခဲသည်၊ ပြုလုပ်နိုင်ခဲသည်။

### သာသနာအတွက် အားတက် ဝမ်းသာ

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင်တည်ထောင်ခဲ့ကြသည့်အချိန်မှစ၍ ယခုအချိန်ထိ အသင်းကြီး၏ လုပ်ငန်းကိစ္စအဝဝကို အသင်းလူကြီးများ/သင်းမလူကြီးများသည် ညီညီညာညာ တက်တက်ကြွကြွ ဝမ်းမြောက်ဝမ်းသာ ကြိုးစား ဆောင်ရွက်ခဲ့ကြသည်၊ ဆောင်ရွက်နေကြသည်၊ ဆက်လက် ဆောင်ရွက်နေကြလိမ့်ဦးမည်ဖြစ်၍ မြတ်ဗုဒ္ဓ သတိပေးမိန့်ကြားတော်မူသည့် နံပါတ် (၁) ဖြစ်စေ ပြုလုပ်နိုင်ခဲသည့် အားထုတ်မှုမျိုးကို ဆည်းပူးအားထုတ်ပြုလုပ်ခွင့် ရကြသည်။ လှူဒါန်းပူဇော်ခွင့် ရကြသည်။

### ဝမ်းသာစကား လာလျှောက်ထား

စာရေးသူအား သင်းမလူကြီး တစ်ဦးက "အရှင်ဘုရားတပည့်တော်တို့ဟာ –

(၁) မန္တလေးမှာ လူလာဖြစ်ရလို့၊

(၂) ပရိယတ္တိသာသနဟိတအသင်းကြီးကလည်း ထင်ရှားရှိနေလို့၊

(၃) အသင်းကြီးရဲ့ ဗုဒ္ဓသာသနာအတွက် ဆောင်ရွက်ချက်တွေကို သိရပြီး အသင်းကြီးနှင့် ပါဝင်ခွင့် ရလို့၊

(၄) ထက်သန်တဲ့သဒ္ဓါတရားလည်း ရှိလို့ အသင်းကြီးနှင့် စပ်ပြီး ကုသိုလ်အရပ်ရပ်တွေ တိုးပွားနေပါတယ်" ဟု အားရဝမ်းသာ လျှောက်ထားဘူးပါသည်။

စာရေးသူက "ဟုတ်တာပေါ့ဒကာကြီး၊ ဒကာကြီးရဲ့ ခံယူချက်အတိုင်း သင်းမလူကြီးများနှင့် အသင်းကြီး၏ ဆောင်ရွက်ချက်ကို နှစ်ထောင်းအားရ ပီတိ သောမနဿပွားကာ လှူဒါန်းပူဇော် ထောက်ပံ့ကြသည့် ရွှေမန္တလေးသူ/ရွှေမန္တလေးသားများ၊ ပြည်သူ ပြည်သားများမှာ အထက်ပါ ခံယူချက် ယုံကြည်ချက်တွေ ကိုယ်စီ ကိုယ်စီ ရှိနေကြပါတယ်။

ဦးပဥ္စင်းတို့ မြတ်ဗုဒ္ဓကလည်း သမ္ပဒါဘာဝ သုတ္တန်မှာ –

(၁) ယုံကြည်ချက်သဒ္ဓါတရား ထင်ရှားရှိခြင်း၊

(၂) မိမိမှာ လှူစရာ ဒါန်းစရာ ပစ္စည်း ဝတ္ထု ထင်ရှားရှိခြင်း၊

(၃) အလှူခံ သံဃာတော်များ ထင်ရှားရှိခြင်း ဆိုသည့် အကြောင်း သုံးမျိုးလုံး ထင်ရှားရှိမှသာ အမျိုးကောင်း/အမျိုးသမီးများအား ကုသိုလ်ကောင်းမှု အစုစုတွေ ဒီရေအလား တိုးပွားနေသည့်အကြောင်း ဟောကြားဆုံးမတော်မူထားပါတယ်" ဟု ပြန်လည် ဖြေရှင်း ပြရသည်၊ ထောက်ခံချက်ပေးရသည်။

### ဗုဒ္ဓစကား ဆက်မိန့်ကြား

စာရေးသူက ဒကာကြီးအား ဆက်လက်၍ အင်္ဂုတ္တိုရ်တိကနိပါတ် ဒုလ္လဘသုတ်မှာ လာရှိသည့် မြတ်ဗုဒ္ဓ ဟောတော်မူထားသည့်တရားတော်များကို ပြောပြမိသည်။

ဒကာကြီး မြတ်ဗုဒ္ဓက –

(၁) လောကမှာ သဗ္ဗညုဘုရားရှင်၏ သာသနာတော်နှင့် ကြုံတွေ့ရဘို့ ခဲယဉ်းသည်။

(၂) မြတ်ဗုဒ္ဓဟောကြားတော်မူသည့် သုတ္တန်, ဝိနည်း, အဘိဓမ္မာ တရားတော်များကို ဟောပြောပြသ သင်ကြားပို့ချပေးသော ပုဂ္ဂိုလ်ရဘို့ ခဲယဉ်းသည်။

(၃) သူ့ကျေးဇူးကိုသိကာ သူ့ကျေးဇူးကို ပြန်လည်တုံ့ဆပ်တတ်သော ပုဂ္ဂိုလ်ကို ရဘို့ခဲယဉ်းသည်" ဟု ဟောတော်မူထားသည်။

မှန်ပါသည်။ ကမ္ဘာတစ်ခွင်ကို မျှော်ကြည့်လိုက်လျှင် သဗ္ဗညုဘုရားရှင် သာသနာတော်နှင့် ကြုံတွေ့ရသူ၊ ဆည်းကပ်ခွင့်ရသူ၊ မကြုံတွေ့ရသူ၊ ဆည်းကပ်မရသူတို့ အဘယ်ကများသလဲဟု မေးလာလျှင် စာရှုသူ ဖြေဆိုနိုင်မည်ပင်။

### ဆရာတော်များ မိန့်သံကြား

တစ်နေ့သော် နံနက်ခင်းအချိန်က မြို့ထဲဆွမ်းစားဝိုင်းမှာ ဆရာတော်ကြီးနှစ်ပါး အာလာပ, သလ္လာပ ပြောဆိုနေကြသံ စာရေးသူကြားရသည်။ ဆရာတော်ကြီးတစ်ပါးက "အရှင်ဘုရား စွန့်လွှတ်စွန့်စားစိတ်ထားနဲ့ ကိုယ် စိတ် အပင်ပန်းခံကာ စာသင်တိုက်တည်ထောင်ပြီး စာပေပို့ချတဲ့ ပုဂ္ဂိုလ်ကရှားတယ်" ဟု အမိန့်ရှိသောအခါ ဆရာတော်တစ်ပါးက "မှန်တယ် ဆရာ

တော်" ဟု **မဆိုင်းမတွပင်** ထောက်ခံချက်ပေးသည်။

**ယနေ့ မြန်မာပြည်သာသနာဝင်မှာ** စာသင်သား သံဃာဦးရေအများဆုံး တိုက်တာကြီးဖြစ်သည့် မစိုးရိမ်တိုက်သစ်မှ နာယက ဆရာတော်တစ်ပါးကလည်း စာရေးသူအား "စာကြိုးစားချာကို့ ယခုခေတ်ပုဂ္ဂိုလ်တွေက စာချရာမှာ ဖျင်းကြတယ်၊ သူ့ဆီက နာယကတွေကိုတောင် စာချဖျင်းရင် ဝေါက်ရတယ် ငန်းရတယ်" ဟု အမိန့်ရှိဘူးသည်။

သို့ဖြစ်၍ သင်းမလူကြီးများနှင့်တကွ ရွှေမန္တလေးသူ ရွှေမန္တလေးသားများ ပြည်သူ ပြည်သားများသည် မြတ်ဗုဒ္ဓ ဟောကြားတော်မူထားသည့် သုတ်, ဝိနည်း, အဘိဓမ္မာ တရားတော်များကို တစ်ဆင့် ပြန်လည်ပြောပြ သင်ကြားပို့ချတော်မူကြသည့် ရဟန်း သံဃာတော်များကို နေ့စဉ် နေ့စဉ် ဆွမ်းတစ်ဇွန်းမှစ၍ သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်းလေးပါးဖြင့် လှူဒါန်းပူဇော်နေကြသည့်အတွက် မိမိတို့မှာ အရိပ်ပမာ ကုသိုလ်ရေ အယာဥ်တွေ တသွင်သွင် စီးဆင်းနေမည်သာ ဖြစ်တော့သည်။

မရိယတ္တိသာ ပဓာန

(၁) ပရိယတ္တိသာသနာ

(၂) ပဋိပတ္တိသာသနာ

(၃) ပဋိဝေဓ သာသနာ ဟု ဆိုအပ်သော သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည်သာ မြတ်ဗုဒ္ဓသာသနာတော်အရှည်ခန့်၍ တည်တံ့ဘို့ရန် အရင်း မူလ ပဓာန ဖြစ်သည်၊ အဓိကဖြစ်သည်။

ထို့ကြောင့် မြတ်ဗုဒ္ဓသည် –

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယောယာဝ ဒိပ္ပတိ။

တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘု ဋ္ဌိတေ ယထာ။

သုတ္တန်, ဝိနည်း, အဘိဓမ္မာ ဟု ဆိုအပ်သော ပရိယတ္တိသာသနာ အထင်အရှား တည်ရှိနေသမျှ ကာလပတ်လုံး နေထွက်လာသည့်အခါ အလင်းရောင်ကို မြင်ကြရသကဲ့သို့၊ ထိုနည်းအတူ မျက်မှောက် သံသရာလောကတစ်ခွင်မှာ ဉာဏ် အလင်းရောင်တွေကို ထာဝစဉ် မြင်တွေ့ကြရပေလိမ့်မည်။

သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။

တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

သုတ္တန်, ဝိနည်း, အဘိဓမ္မာ ဟု ဆိုအပ်သော ပရိယတ္တိသာသနာမရှိတော့လျှင် ကွယ်ပျောက်သွားလျှင် နေဝင်သည့်အခါ အမိုက်မှောင် ဖြစ်လာ ရောက်လာသကဲ့သို့ လောကတစ်ခွင်ဝယ် အမိုက်အတိ ဖြစ်လာလိမ့်မည်။

သုတ္တန္တေ ရက္ခိတေသန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။

ပဋိပတ္တိယံ ဌိတောဓိရော၊ ယောဂက္ခေမာ န ဓံသတိ။

ပရိယတ္တိသာသနာကို စောင့်ရှောက်နေလျှင် ပဋိပတ္တိသာသနာကိုလည်း စောင့်ရှောက်ရာရောက်သည်။ အကျင့်ပဋိပတ်၌တည်သော ပညာရှိသည် ယောဂလေးပါးတို့ကုန်ရာ နိဗ္ဗာန်မှ မလွဲမချော်တော့နိုင်၊ (ဝါ) မြတ်နိဗ္ဗာန်ကို ကေန်ပိုင်ပိုင် ရရှိနိုင်လေသည်ဟု မိန့်ကြားတော်မူသည်။

အဋ္ဌကထာဆရာ အရှင်မြတ်ကလည်း –

ယထာ ဟိ ဂဝသတဿ ဝါ ဂဝသဟဿဿ ဝါ အန္တရေ ပဝေဏိပါလိကာယ ဓေနုယာ အသတိ သောဝံသော သာ ပဝေဏိန ဃဋိယတိ၊ ဧဝမေဝံ အာရဒ္ဓ ဝိပဿကာနံ ဘိက္ခူနံ သတေပိ သဟဿေပိ သံဝဇ္ဇမာနေ ပရိယတ္တိယာ အသတိ အရိယမဂ္ဂပဋိဝေဓော နာမ န ဟောတိ။

ရာပေါင်းများစွာ ထောင်ပေါင်းများစွာသော နွားတို့၏ အလယ်တွင် နွားမျိုးနွယ်အစဉ်အဆက်ကို တည်တံ့တိုးပွားစေနိုင်သော နွားမ မရှိလျှင် နွားမျိုးတုံးသွားသကဲ့သို့၊ ထို့အတူပင် ဝိပဿနာတရားအားထုတ်သော ရဟန်းများ ရာ ထောင် မက ထင်ရှားရှိနေသော်လည်း ပရိယတ္တိ မရှိလျှင် အရိယာ မဂ်ကို ထိုးထွင်း၍ သိခြင်း မည်သည့် (လုံးဝ) မဖြစ်နိုင်။

မြှုပ်နှံထားသည့် ရွှေအိုးကို သိဘို့ရန် ကျောက်ပြင်ကျောက်ချပ်ပေါ်၌စာရေးထားလျှင် စာလုံးများမပျက်သေးသမျှ ကာလပတ်လုံး ရွှေအိုးမပျောက်သကဲ့သို့ ပရိယတ္တိထင်ရှားရှိနေလျှင်သာသနာမကွယ်ပနိုင်ပါ၊ (ဝါ) သာသနာထင်ရှားရှိနေသည် ဟု အဋ္ဌကထာဆရာများ မိန့်ဆိုထားခဲ့ကြသည်။

သို့ဖြစ်၍ နှစ်တစ်ရာပြည့် အချိန်အထိ တည်တည်တံ့တံ့ လျှောက်လှမ်းလာခဲ့သော ပရိယတ္တိသာသနာတော်၏အကျိုးစီးပွားကို ထာဝစဉ် ဆောင်ရွက်လာခဲ့သော "ပရိယတ္တိသာသနဟိတအသင်းကြီး" သည် ဗုဒ္ဓမြတ်စွာ သာသနာတည်ရှိနေသရွေ့ ကာလပတ်လုံး ပရိယတ္တိသာသနာတော်၏အကျိုး စီးပွားကို ဆတက်ထမ်းပိုး တိုးကာတိုးကာ ဆောင်ရွက်နိုင်ပါစေသတည်း။


အရှင်ဣန္ဒိကာဘိဝံသ
မှန်ကင်းပဋ္ဌာနတာရုံ
မန္တလေး

အရှင်ဣန္ဒိကာဘိဝံသ
သာသနာဝင်အမှတ် ၉/မနတ(သ) ၀၀၂၂၂၂
မှန်ကင်းပဋ္ဌာနတာရုံကျောင်းတိုက်
ဉပုသ်တော်ရပ်
အောင်မြေသာစံမြို့နယ်
မန္တလေး။



# ပိုးသာကုန် မောင်ပုံ စောင်းမတတ်

အဂ္ဂပညာသာရာဘိဝံသ
(သ-ဝ-အ ဓမ္မာစရိယ၊ ပါဠိပါရဂူ)

မည်သည့် အလုပ်ကိစ္စမျိုးကိုမဆို အခြေခံ သင်စဉ်းစ နည်းစနစ်မှန်ကန် ကောင်းမွန်ဖို့ လိုအပ်သည်။ နည်းစနစ် မမှန်ကန် မကောင်းမွန်ပါက အချိန်ကုန် လူပန်း ဖြစ်တတ်သည်၊ ပိုးသာကုန် မောင်ပုံ စောင်းမတတ် ဆိုသကဲ့သို့ ဖြစ်သွားတတ်ပါသည်။

ရဟန်း သာမဏေများအဖို့ အခြေခံစာပေ သင်ကြားရာ၌ ထိုကဲ့သို့ အချိန်ကုန် လူပန်း၊ ပိုးသာကုန် မောင်ပုံ စောင်းမတတ် ဖြစ်နေပါက တစ်သက်လုံး အသုံးမကျ၊ သုံးမရ ဖြစ်သွားနိုင်ပါသည်။ သင့်တင့်သော ဉာဏ်ရည် ဉာဏ်စလည်း ရှိပါလျက် မိမိကိုယ်တိုင်ကလည်း ကြိုးစားပါလျက် ထိုကဲ့သို့ အချိန်ကုန် လူပန်းပြီး စာပေသင်ကြားမှု ခရီးမရောက် ဖြစ်နေခြင်းမှာ သင်ကြားလေ့လာပုံ နည်းစနစ် မကောင်းမွန်၊ မမှန်ကန်သောကြောင့် ဖြစ်နိုင်ပါသည်။

ယခုခေတ် စာသင်သားတို့၏ အရည်အသွေးကို စာမေးပွဲ အောင်မြင်ခြင်းဖြင့် အကဲဖြတ်ကြ၏။ ထို့ကြောင့် စာမေးပွဲ အောင်မြင်ရေးအတွက် သူထက် ငါ ကြိုးစားကြသည်ကို တွေ့မြင်ရပါသည်။ သို့သော် စာမေးပွဲအောင်သည်ဆိုတိုင်း အရည်အသွေးကောင်းသည်၊ စာတတ်သည်ဟု မှတ်ယူပါလျှင် တက်တက်စင် လွဲသွားနိုင်ပါသည်။ မှန်ပါသည်။ "ဘာစာမေးပွဲ အောင်သည်၊ ဘာဘွဲ့ရသည်" ဆိုသော အချို့ပုဂ္ဂိုလ်တို့မှာ ထို အောင်မြင်ထား၊ ရရှိထားသော စာမေးပွဲဘွဲ့နှင့် လိုက်ဖက်ညီ သည့် အရည်အချင်းမျိုး မရှိကြပါ။ ထိုပုဂ္ဂိုလ်မျိုး အရေအတွက် သည် အနည်းစု ဆိုပါလျှင် မထောင်းသာလှသော်လည်း အများ စု ဖြစ်နေသည်မှာ သာသနာတော်အတွက် ဝမ်းနည်းစရာ ကောင်းလှပါသည်။

အခြေခံစာပေ သင်ကြားစဉ် နည်းစနစ်ကောင်းကောင်း ဖြင့် မသင်ကြားခဲ့ရသောသူသည် အထက်တန်းကျမ်းစာများကို ကြည့်ရှုလေ့လာရာ၌လည်း အဓိပ္ပါယ် အယူအဆ မတိမကျ မရေရာဘဲ ရှိနေတတ်သည့်အပြင် ခရီးမတွင် ယောင်ဝါးဝါးလည်း ဖြစ်နေတတ်ပါသည်။

စာရေးသူ ဖြတ်သန်းလာခဲ့ရသည့် စာချဘုန်းကြီး သက်တမ်း အတွေ့အကြုံများအရဆိုလျှင် မန္တလေး၊ ပရိယတ္တိ သာသနဟိတအသင်းကြီးမှ ပြုလုပ်သော ပရိယတ္တိသာသနာ လင်္ကာရ (သာမဏေကျော်) စာမေးပွဲကို ဖြေဆိုအောင်မြင် ထားသူများနှင့် အစိုးရပထမပြန်စာမေးပွဲကို ပါဠိဘာသာဖြင့် ဖြေဆိုသူများသည် အခြေခံနည်းစနစ်ကောင်းကို အချိန်တိုတိုနှင့် ရရှိသူများဖြစ်သည်ဟု ဆိုချင်ပါသည်။ သူတို့သည် သဒ္ဒါဆိုလျှင် ကစ္စည်း ရူပသိဒ္ဓိကို သင်ကြားပြီးနောက် မိမိတို့သိရှိထားသော သဒ္ဒါကျမ်းများ အဆိုအမိန့်ဖြစ်သည့် ပုဒ်စပ် ပုဒ်ဖြတ် လိင် ဂိုဏ်း ကာရန် ပုဒ် ဓာတ် ဓာတ်အနက် ပစ္စည်း ဝိဘတ် ကာလ သာဓန ကာရက နာမ်ပုဒ် အာချာတ်ပုဒ် ဥပသာရပုဒ် နိပါတ်ပုဒ် ဝိသေ သန ဝိသေသျ စသည်တို့နှင့် အနက်ပေးပုံ အဓိပ္ပါယ်ယူဆပုံ စသည်တို့ကိုပါ အခြားသောကျမ်းစာများ (ပါဠိ အဋ္ဌကထာ) ၌ လက်တွေ့ လေ့လာကြရသည်။ သဂြိုဟ် အဘိဓာန် အလင်္ကာ ဆန်း စသည်တို့ကိုလည်း ထိုနည်းအတိုင်းပင် လေ့လာကြရ သည်။ ဤအချက်မှာ လက်တွေ့ ကွင်းဆင်းလေ့လာကြည့်သည့် သဘော သက်ရောက်စေပါသည်။ ဤအချက်သည် သူတို့ကို အချိန်တိုတိုလေးနှင့် နည်းစနစ်ကောင်းကို ရရှိစေနိုင်သည့် အဓိကအချက် ဖြစ်ပါသည်။ ဤနေရာ၌ စာရေးသူ ပြောလိုရင်း ကို ပေါ်လွင်စေရန် ထိုစာမေးပွဲနှစ်မျိုးအကြောင်းကို သုံးသပ်ချက် နှင့်အတူ တင်ပြလိုပါသည်။

### သာသနာလင်္ကာရ စာမေးပွဲ

ဤပရိယတ္တိသာသနာလင်္ကာရ ခေါ် သာမဏေကျော် စာမေးပွဲကို ၁၃၁၁ ခုနှစ်မှစ၍ မန္တလေးမြို့ ပရိယတ္တိသာသနဟိ တအသင်းကြီးမှ ကျင်းပ ပြုလုပ်ပေးသည်။ ဤစာမေးပွဲကို ရည်ရွယ်ချက်လေးမျိုးထားရှိပြီး ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(က) အသက် (၂၀) မပြည့်မီ သဘာဝကျနစွာ ကျမ်းဂန် တတ်စေလိုခြင်း။ သဒ္ဒါ၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာ စသည်တို့ဖြင့်သာ စာသင်ချိန် မကုန်လွန်စေဘဲ ပါဠိ တော်များကို သဒ္ဒါနည်းမှန်မှန် အနက် သမ္ဗန်၍ ယင်း ပါဠိတို့က ညွှန်ကြားသော သဘာဝတို့ကို သိနားလည် ရန် ရည်ရွယ်ပါသည်။

(ခ) ပါဠိသင်နည်း၊ ပိဋကတ်သင်နည်းတို့ကို ကွဲပြား ခြားနား စေလိုခြင်း၊ ပါဠိသည် ဒေသဘာသာတစ်မျိုးဖြစ်၍ ပါဠိ ဘာသာရေးသားနည်း၊ သီကုံးနည်း၊ ပြောဆိုနည်း တို့ကို အလေ့အကျင့် ပြုရန်နှင့် ပိဋကတ်၌ ဗုဒ္ဓ ဟော ကြားသော သဘာဝတို့ကို ရိုးရိုး ကောက်ယူနိုင်ရန် ရည်ရွယ်ပါသည်။

(ဂ) သုတ္တန် ဝိနည်း ပါဠိတော်များမှ အဘိဓမ္မာ သဘာဝတ္ထု တို့ကို ထုတ်ယူနိုင်ရန်၊ ပရိယတ္တိသာသနာ၏ အဆီ အနှစ်များကို ပေါ်လွင် ထင်ရှားစွာ ရေးသားဟောပြော နိုင်ခြင်း၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန် တရားတို့၏ သရုပ်များကို တစ်ခုစီ တစ်ခုစီ မှတ်သား နားလည်ပြီး လျှင် ယင်း ပရမတ္ထတရားတို့ အချင်းချင်း ရောနှောပုံ၊ ကျေးဇူးပြုပုံ တို့ကို ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ် များဖြင့် မိမိတို့ သင်ကြားသော သုတ် ဝိနည်း တို့၌ ဝေဖန်တတ် ရန် ရည်ရွယ်ပါသည်။

(ဃ) သာသနာတော်ကို ကြည်ညိုလေးစားသက်ဝင်သော သဒ္ဓါတရားဖြင့် ကိုယ်တိုင် လေ့ကျင့်ပုံ ပြသ၍ အခြား သူတို့အား ကျနစွာ သင်ပြ လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

(နှစ်တစ်ရာပြည့် အကြိုစာစောင် စာမျက်နှာ ၈၆ မှ ယူထားပါ သည်)

ပေါ် ပြပါအသင်းကြီး၏ ရည်ရွယ်ချက်များ အောင်မြင် သည်၊ မအောင်မြင်သည်ကို စာရေးသူ မပြောလို၊ ရန်ကုန် စသည့် အခြားမြို့ရွာ ဒေသ တို့၌ ဤအသင်းကြီး၏ နည်းစနစ် ကို လုံးဝနီးပါး အတုမှီး၍ သာမဏေကျော် စာမေးပွဲများ ပြုလုပ် နေကြခြင်း၊ သာမဏေကျော်စာမေးပွဲကို အဓိကဦးတည်ထား

သင်ကြားပေးသော စာသင်တိုက်များ ဟိုနေရာ ဒီနေရာ ဆိုသလို အလျိုလျို ပေါ်ထွက်လာခြင်းတို့ကို ထောက်၍ ကိုယ်တိုင်ဆုံးဖြတ်ကြရန် ဖြစ်ပါသည်။

စာရေးသူ လက်တွေ့ အောင်မြင်ပုံ သာဓက ထုတ်ပြရသော် ယခုနှစ် (၁၃၅၈–ခု) တွင် (၄၈) ကြိမ်မြောက် သာမဏေကျော် စာမေးပွဲသို့ အောက်မြန်မာပြည်မှ ပထမဆင့် ဝင်ရောက်ဖြေဆိုကြမည့် သာမဏေများ အာဂုံနှုတ်ထောက် အာဂုံ စစ်မေးခြင်းကို ရန်ကုန်မြို့၌ တတိယအကြိမ်အဖြစ် ပြုလုပ်ခဲ့ပါသည်။ ထိုပွဲ၌ စာရေးသူလည်း နှုတ်ထောက်အာဂုံ စစ်မေးသူအဖြစ် ဆောင်ရွက်ခဲ့ရရာ၊ ၁၃–၁၄ နှစ်အရွယ် သာမဏေငယ်များ ဖြေဆိုချက်ကို ထုတ်ဆောင်တင်ပြလိုပါသည်။

စာရေးသူ။ ဝိနည်း မဟာဝဂ္ဂပါဠိတော် စာမျက်နှာ (၅) လာ "အပိဿု ဘဂဝန္တံ ဣမာ အနစ္ဆရိယာ ဂါထာ ယော ပဋိဘံသု ပုဗ္ဗေ အဿုတ ပုဗ္ဗာ" ကို လက်ထောက်ပြ၍ "ကိုရင်လေး ဒီပါဠိတော် စာပိုဒ်ကို အနက် ပြန်စမ်းပါ" (ပါဠိတော်၏ ဆိုလိုရင်း အဓိပ္ပါယ်နှင့် သဒ္ဒါကြီး နာမ်ပိုင်း ကာရကပိုင်းကို နားလည်မှု ရှိ မရှိ သိလို၍ မေးသည်)

သာမဏေငယ်သည် အနက်ကိုမေးသည့်အခါကောင်းစွာ ဖြေဆိုနိုင်သည့်အပြင် သဒ္ဒါဆိုင်ရာကို မေးသည့်အခါ သဒ္ဒါစည်းကမ်း ကျနသည်ကို တွေ့ရသဖြင့် ဝမ်းသာမိသည်။

စာရေးသူသည် ထိုကဲ့သို့ ပြောဆိုရ ဝိနည်း မဟာဝဂ္ဂ ပါဠိတော်ဆိုင်ရာ နှုတ်ထောက်အာဂုံ စမ်းသပ်ခြင်းကို အဆုံးသတ်လိုက်ပါသည်။ ဤ၌ ကြုံတုန်း အကြံပြုလိုသည်မှာ အာချာတပဒမာလာ ကို အာဂုံ ကျက်မှတ်ရာ၌ဖြစ်စေ၊ ရေးသား ဖြေဆိုရာ၌ဖြစ်စေ၊ နှစ်ဂိုဏ်း သုံးဂိုဏ်း စသည်ရှိသော ဓာတ်တို့ကို ရူပသိဒ္ဓိ သဒ္ဒနီတိကျမ်းများမှာ ပြဆိုသလို သူ့ဂိုဏ်းနှင့်သူ သီးသန့်ကျက်မှတ်ခြင်း၊ရေးသားဖြေဆိုခြင်းသာ လွယ်ကူပြီး ရှင်းရှင်းလင်းလင်း ရှိပါသည်။ ဤမျှဖြင့် သာမဏေကျော် စာမေးပွဲအကြောင်းကို တီးခေါက်မိနိုင်လောက်ပြီဟု ယူဆပါသည်။

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

အစိုးရ ပါဠိပထမပြန် စာမေးပွဲကို မြန်မာဘာသာအပြင် မွန်ဘာသာ ပါဠိဘာသာတို့ဖြင့်လည်း ဖြေဆိုခွင့် ပြုထားပါသည်။ ထိုတွင် ပါဠိဘာသာဖြင့် ဖြေဆိုသူဦးရေသည် အလွန်နည်းပါသည်။ မျက်မှောက်ခေတ် အစိုးရ ပထမပြန် အောင်စာရင်းကို အခြေခံ၍ ပြောရလျှင် ဇရာဝတီတိုင်း မြောင်းမြစာဖြေဌာနသည် ပါဠိဘာသာဖြင့် ဝင်ရောက်ဖြေဆိုသူ အများဆုံးဌာနတစ်ခု ဖြစ်နေပါသည်။ ပါဠိဘာသာဖြင့် ဖြေဆိုလိုသူသည် ဆိုင်ရာ ဘာသာရပ်အသီးသီးကို မြန်မာဘာသာဖြင့် ဖြေဆိုသူများလိုပင် ပိုင်နိုင်ထားရသည့်အပြင် ပါဠိဝေါဟာရ ကြွယ်ဝဖို့ လိင်ကွဲဖို့ နာမ်ဂိုဏ်း အာချာတ်ဂိုဏ်းပိုင်ဖို့ ပါဠိဂတိ (ပါဠိသွားလာပုံ နည်း စနစ်) ကို နားလည်ဖို့ အထူးလိုအပ်ပါသည်။ ပါဠိကို ပါဠိလို ဖွင့်၍ အနက်ယောဇနာခြင်း၊ သဂြိုဟ် စသည်၏ သရုပ် အဓိပ္ပါယ်ကို ပါဠိလိုရေးသားရခြင်း၊ ရုပ်တွက်ပုံကို ပါဠိလိုရေးသားရခြင်း၊ မြန်မာဘာသာ ညဝါအရကောက်ဆိုရိုးကို ပါဠိဘာသာသို့ ပြောင်းလဲ ရေးသားရခြင်း စသည်ဖြင့် ဖြေဆိုရမည်ဖြစ်ရာ သဒ္ဒါဆိုင်ရာ အရည်အချင်း ပြည့်ဝဖို့ အထူးလိုအပ်ပါသည်။

## လက်တွေ့အကျိုးရပုံ

စာရေးသူတို့ ငယ်စဉ်က နေထိုင်ခဲ့သော ကျောင်းသည် ထိုစဉ်အခါက ပါဠိဘာသာဖြင့် စာမေးပွဲဖြေဆိုသူ အသင့်အတင့် ရှိသောကျောင်းဖြစ်ပါသည်။ ထိုပတ်ဝန်းကျင်သို့ ရောက်ရှိ၍ စာရေးသူလည်း စာမေးပွဲအတော်များများကို ပါဠိဘာသာဖြင့် ဖြေဆိုဖြစ်ခဲ့ပါသည်။

ထိုသို့ ပါဠိဘာသာဖြင့် ဖြေဆိုဖြစ်သဖြင့် သကျသီဟ စာမေးပွဲအပါအဝင် အထက်တန်းစာမေးပွဲကြီးများကို ဖြေဆို အောင်မြင်နိုင်ခဲ့ပါသည်။ ပါဠိပါရဂူဘွဲ့ယူရန်အတွက်လည်း သက်ဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို တိုက်ဆိုင်၍ သုံးလခန့် စာကြည့်၍ အစမ်းသဘော ဝင်ရောက်ဖြေဆိုရာ အောင်မြင်သွားသဖြင့် ပါဠိပါရဂူဘွဲ့တံဆိပ်ကို ဆွတ်ခူးရယူနိုင်ခဲ့ပါသည်။ စာရေးသူသည် ဉာဏ်ကောင်းလှသူ မဟုတ်ပါ။ ဝီရိယ အသင့်အတင့် ရှိသူမျှသာ ဖြစ်ပါသည်။ အကယ်၍ အခြေခံ သင်စဉ်း၌ ပါဠိ သဒ္ဒါရေး ဆိုင်ရာကို စာမေးပွဲရေးသား ဖြေဆိုနိုင်သည်အထိ မလေ့လာဖြစ်ခဲ့ပါမူ ဓမ္မာစရိယဘွဲ့ သုံးဘွဲ့ကို မဆိုထားနှင့် တစ်ဘွဲ့တောင်မှ ရမည့်သူ မဟုတ်ပါ။ ဤစကားကို စာရေးသူ အခြေအနေကို စာရေးသူကိုယ်တိုင် အသိဆုံး ဖြစ်၍ ရဲရဲကြီး ပြောခြင်းဖြစ်ပါသည်။

နောက်ဆိုရန် ရှိပါသေးသည်၊ ဤဖြစ်စဉ်သည် စာရေးသူ တစ်ပါးတည်းသာမက စာရေးသူ အခြေခံစာပေ သင်ကြားခဲ့ရာ ကျောင်းတိုက်ထွက် စာသင်သားတို့အနက် ပါဠိဘာသာဖြင့် စာမေးပွဲဖြေဆိုဘူးသူတို့သည် ဓမ္မာစရိယဘွဲ့ကို လွယ်လွယ်ကူကူ ရရှိသွားကြသည်ချည်း ဖြစ်ပါသည်။ ပါဠိဘာသာဖြင့် စာမေးပွဲ ဖြေဆိုခြင်းသည် ဤမျှအထိ ခရီးရောက်ရှိစေပါသည်။

အားလုံးကို ခြုံ၍ဆိုရသော် အခြေခံစာပေ သင်ကြားရာ၌ အချိန်ကုန် လူပန်း ပိုးသာကုန် မောင်ပုံ စောင်းမတတ် မဖြစ်ရေး အတွက် အချိန်တိုတိုနှင့် တတ်မြောက်အောင် ကျေးဇူးပြုနိုင်သည့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ပြုလုပ်သော သာမဏေကျော်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခြင်း၊ ပါဠိဘာသာဖြင့် ပထမပြန်စာမေးပွဲ (စသည်) ကို ဖြေဆိုခြင်းတို့ဖြင့် ဂုဏ်ရည်ထွန်းပြောင် သာသနာ့ကျက်သရေဆောင် ပုဂ္ဂိုလ်များ ဖြစ်အောင်ကြိုးစားနိုင်ကြပါသည်။

အရှင်ပညာသာရာဘိဝံသ

အရှင်ပညာသာရာဘိဝံသ
သိမ်ကျောင်း (အောက်ထပ်)
မင်္ဂလာရာမကျောင်းတိုက်
သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

## မန္တလေးမြို့ ပရိယတ္တိသာ သနဟိတအသင်းကြီး အနှစ် (၁၀၀) ပြည့် ဂုဏ်ပြုမော်ကွန်း ရတုပိုဒ်စုံ နှင့် ရှစ်ဆယ်ပေါ်တေးထပ်

အောင်ကြောင်းဝေလျှံ၊ အောင်ဟိတ်ညံ၍၊ ဒအောင်သံလွှင့်ပြား၊ မြတ်ဘုရား၏၊ မိန့်ကြား ဒေသနာ၊ ထွန်းလင်းဖြာ၍၊ တေဇာသတင်း၊ ကျွန်းလုံးလင်းသည့်၊ နေမင်းအထောင်၊ လအာထောင်မျှ၊ အခေါင်ဥတ္တုံ၌၊ မြတ်ထက်မြတ်၍၊ တင့်အပ်စေရာ၊ စီမံလာသည့်၊ သံဃာခေါင်ဖျား၊ ဘုန်းတော်ပွားသည့်၊ မိုးထားထေရ်ရှင်၊ မြတ်သခင်နှင့်၊ ထေရ်မှန်အများ၊ ဆယ့်ရှစ်ပါးတို့၊ ညီထားအမြင်၊ စိတ်အားရွှင်လျက်၊ ဝေလွှင်တင့်ရွှန်း၊သဒ္ဓါမွန်း

သည့်၊ ဦးထွန်းမည်သာ၊ ဒါယကာနှင့်၊ ညီညာစိတ်ဖြာ၊ ဥပသကာတို့၊ သာသနာရှည်ပွား၊ တည်စေငြားဟု၊ သုံးပါးစေတနာ၊ ညီညွတ်စွာဖြင့်၊ သဒ္ဓါမနှောင့်၊ စိတ်ထားဖြောင့်၍၊ တစ်ထောင့်နှစ်ရာ၊ ခြောက်ဆယ်သာမှ၊ မိုးခါတလီ၊ ယှဉ်တွဲမှီ၍၊ ရာသီကရကင့်၊ စင်နက္ခတ်တို့၊ တင့်အပ်ညာပျို့ လ ဝါဆိုတည့်၊ ဝင်းစိုချမ်းမြေ့၊ ထိုလပြေ၏၊ ကြည်မွေ့ရွှင်နွဲ့၊ ရွှန်းရည်လဲ့သည့်၊ နှစ်ဆယ့်ခြောက်လမ်း၊ ရပ်ဆိုင်းတန်းဟု၊ တင့်လျှမ်းဂုဏ်ကြွယ်၊ မြို့နယ်ပါယ်တွင်၊ တင့်တယ်ညီမှန်၊ စည်းဝေးပြန်၍၊ ရည်သန်ငါးချက်၊ ဦးထိပ်ထက်ဝယ်၊ မပျက်စီမံ၊ မြတ်ဗုဒ္ဓံ၏၊ ဓမ္မံဟောဖြာ၊ သာသနာကို၊ ဝေဆာတင့်ဖြိုး၊ ကျက်သရေတိုးမည့်၊ အကျိုးတော်ဆောင်၊ မြတ်ဥသျှောင်ဟု၊ ထွန်းပြောင်ဘွဲ့ခံ၊ သင်းကြီးမှန်သည့်၊ ဝေလျံအောင်ကြောင်း ... ဝင့်စေသော် ... ။

ရောင်မောင်းတေဇံ၊ ရည်သန်စိတ်၍၊ အောင်ရန်အောင်စစ်၊ ရွှန်းဝေလှစ်ကာ၊ တစ်နှစ်ခြောက်ငါး၊ မကာဇာအားဖြင့်၊ ထွန်းကားသာပင်၊ စုပေါင်းယှဉ်၍ စာသင်တန်း ခေါ်၊ ပဋ္ဌင်းကျော်တို့၊ ထွန်းပေါ်သာသနာ၊ စည်ဝေဖြာလျက်၊ သဒ္ဓါတောက်ပ၊ ကြိုးစားကြသည့်၊ စာချတန်းဝင်၊ ထေရ်အရှင်အား၊ အောင်မြင်ထွန်းသည့်၊ ဘွဲ့ထူးရှိသည်၊ အဘိဝံသ၊ နွယ်တော်လှနှင့်၊ ရွှန်းပတောက်ကြွား၊ နှစ်မခြားပဲ၊ အောင်ငြားအမှန်း၊ ဂုဏ်ထူးလျံတည့်၊ ဓနံ့သကာ၊ ဘွဲ့မည်သာနှင့်၊ မဟာဥက္ကဌ်၊ ထွဋ်အမြတ်ကို၊ ဆက်ကပ်သဘင်၊ ပွဲကြီးယင်၍၊ မျှားဖျင်ပူဇော်၊ ရှိကော်ရော်၏၊ ထွန်းသော်နေမင်း၊ ရောင်အလင်းမျှ ရှင်ရင်းမြတ်စွာ၊ စောဗုဒ္ဓါ၏၊ မိန့်မှာရွှေကျမ်း၊ အခန်းခန်းကို၊ တင့်လျှမ်းစေရန်၊ စိတ်ရည်သန်၍၊ နဘံမိုးကျ၊ နယုန်လတွင်၊ စာချစာသင်၊ တန်းပွဲဝင်သည့်၊ ထေရ်အရှင်တော် သံဃာတော်တို့၊ ရွှင်ပျော်ဖြေဆို၊ လပြာသိုဠ်၊ ရှင်ပျိုသမဏ၊ လင်္ကာရဂျွီ၊ တကွစုပေါင်း၊ ဖြေဆိုကြောင်းနှင့်၊ တပေါင်းသာခေါင်၊ လ များနောင်တွင်၊ အခေါင်ဥက္ကဌ်၊ ရွှေကျမ်းမြတ်ဟု၊ ငါးရပ်နိကာယ်၊ အသွယ်သွယ်အား၊ အံ့ဘွယ်အာဂုံရေးဖြေစုံ၍၊ သုံးပုံပိဋကာ၊ မြတ်ဇိနာ၏၊ ဟောပြမဓမ္မကွန်၊ တည်ထွန်းမှန်သည် တေဇံရောင်မောင်း ဝင့်စေသော်။

ထောင်သောင်းခြွေရံ၊ ဩဘာသည်၍၊ မန်းမန္တလာ၊ ဤမြေသာဝယ်၊ ရတနာဘုမ္မိ၊ ရပ်သီရိဟု၊ ဘူမိဗဟို၊ အောင်ရိပ်ခို၍၊ ရွှန်းစိုသာဘိ၊ တိုင်းလုံးသိလျက်၊ ပရိယတ္တိ၊ ဘွဲ့ထူးရှိသည်၊ မြတ်ဘိဗုဒ္ဓါ၊ သာသနာ၏၊ ဝေဖြာအကျိုး၊ ဆထက်တိုး၍၊ ပြည့်ဖြိုးသဒ္ဓါ၊ လှူဒါန်းရာဟု၊ မြတ်စွာဇိန၊ ဘုန်းသကျ၏၊ ဟောပြဓမ္မကွန် တည်ထွန်းရန်တည့်၊ မိဋ္ဌာန်ခြောက်ပါး၊ ဦးထိပ်ထား၍၊ ဆပွားစေတနာ၊ ကြိုးစားပါရ၊ ထက်သန်ကြသည့်၊ သင်းမမှုဆောင်၊ သင်းကျိုးဆောင်တို့၊ ထွဋ်ခေါင် ဝိရိယ၊ စွမ်းလုံ့လနှင့်၊ သာမဏေဆရာ၊ ဒါယကာတို့၊ ညီညာတိုင်ပင်၊ ပွဲကြီးယင်၍၊ သဘင်ခန်းဝါ၊ ထောင့်သုံးရာနှင့်၊ ကောဇာရောက်နှစ်၊ ထွန်းရောင်လှစ်သည့်၊ သက္ကရာဇ်ခြောက်ဆယ်၊ ပြည့်စုံကြွယ်သား၊ ဖြိုးရှယ်ရှိန်ခါ၊ နှစ်တစ်ရာဟု၊ ရောက်လာသက်တမ်း၊ ဂုဏ်ရောင်လွှမ်းလျက်၊ မခန်းအံ့ဘွယ်၊ အသွယ်သွယ်နှင့်၊ စီချယ်လှူဒါန်း၊ စိတ်ရည်မှန်း၍၊ ဘုံနန်းနိဗ္ဗာန်၊ ရောက်လိုပြန်သား၊ စိတ်ကြံရွယ်ရည်၊ သင်းလုံးညီ၍၊ သိင်္ဂီရွှေခွက်၊ ရတနာစွက်၍၊ ရောင်လက်စေကာ၊ မြတ်ဗုဒ္ဓါ၏၊ ဒေသနာပေါင်း၊ တည်စေကြောင်းနှင့်၊ ထောင်သောင်းသိန်းသန်း၊ ကုဋေလျှမ်း၍၊ ဂုဏ်ပေါင်းဝေလျံ၊ တည်ထွန်းမှန်သည် ခြွေရံထောင်သောင်း မြင့်စေသော် ... ။ ။

## ရှစ်ဆယ်ပေါ်တေးထပ်

တစ်ထောင့်နှစ်ရာ၊ နောက်ဝယ်ကြည့်–ခြောက်ဆယ်ပြည့် ကောဇာ ထောက်သွယ်အရှိ ထောပနာမှန်သည်၊ ဩဘာအောင်သံ ညံညံလွှမ်း၊ ပရိယတ္တိအမည်မှန် အဓိကရပြည်တန် အောင်မြို့ဌာန မန်း ။

ရှင်တော်မြတ်ဘုရား ထားရှိသာသနာ များဘိသတ္တဝါ ဝေဖြာလန်း၊ ပွားသည့်သဒ္ဓါ၊ စေတနာလွှမ်း၍ ခေမာသောင်ကမ်း ရောက်စေရာ ...

သမိုင်းသာသနာ လှစ်ကာတွေ့ပါလို့၊ အနှစ်သာရပြည့် ကြံ့တောင့်ကြံ့ခဲ့အခါ ...

ရတနာဘုမ္မိ မြတ်မြေသာဝယ် နတ်ဒေဝတာ၊ သူဇန်ဆင်း၍ ဇမ္ဗူမှာဝင်းရောင်လျှမ်းကြံ့လိမ့်အမှန် ဆောင်ကြွင်န်း ဘုံဗိမာန်။

အသရေလျှမ်း၊ ဗွေကြွင်န်း ရေဖြန်းသဘင်ဝယ် ရွှေမန်းနေပြည် ပွင့်ထွန်းပါတည့်လေး ... ။

သဒ္ဓါရှိသမျှ ဓမ္မာဘိသမယ၊ တစ်ရာပြည့်ရ ခါရတုမှန်တယ် သာဓု အောင်သံ ဘုံဘဝဂ်ညံတည့်လေး ... ။

အနုတ္တရ၊ ဥတ္တမ၊ ဗုဒ္ဓသာသနာကို အနုဂ္ဂဟနှစ်ဖြာ လှူဒါန်းပါစို့လေး ... ။

မောင်မြဝေ (ယောမင်းကြီး)
အမှတ် (၁၁၁)၊ ၂၅လမ်း၊ ၈၈–၈၉လမ်းကြား၊
အကွက် (၁၉၇)၊ သိရိမာလာအရှေ့
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။



F.22

# ပရိယတ္တိသာသနာဟိတအသင်းကြီး
# ထောင်သောင်း နှစ်ရှည် တည်ပါစေ




ဆန့်ကျင်ဘက် ရန်သူဟူသည် အကောင်းအဆိုး မည်သည့် ဌာန၌ မဆိုရှိသည်။ ဝမ်းရေးအတွက် စပါးစိုက်ကြရာမှုလ ပျိုးကြဲစဉ်ကစ၍ ဆန့်ကျင်ဘက် ပိုးမွှားများကို နှိမ်နင်းကြရသည်။

ဆီးပင်၊ သရက်ပင်မှစ၍ စားကောင်းသော သီးနှံပင်တို့ကို ပွင့်ကင်းထွက်သည်မှစ၍ ပိုးနှိမ်နင်းခဲ့ရသည်။

အကယ်၍ ဆန့်ကျင်ဘက် ပိုးများကို မနှိမ်နင်းပါက ကောင်းမွန်သော သီးနှံကို မရနိုင်ပါ။

သူဖြစ်ချင်သလိုဖြစ် ဟု ပစ်ထားပါက မည်သည့်အရာမျှ ကြီးပွားရှင်သန်ခဲ့မည် မဟုတ်၊ အားလုံး ပျက်စီးကြမည်သာ ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်၌လည်း အဖျက်ပိုးများ အလွန်များပြားပါသည်။ သာသနာတော်ကို မယုံကြည်သော မိစ္ဆာဒိဋ္ဌိများကလည်း ဖျက်ဆီးသည်။ သာသနာတော်ကို ယုံကြည်ယောင်ဆောင်သော ဗုဒ္ဓဘာသာဝင်များကလည်း ဖျက်ဆီးသည်။

သာသနာတော်ဝန်ထမ်း ရဟန်းတော်များကလည်း ဖျက်ဆီးသည်။

ဤသို့ ဖျက်ဆီးကြရာ၌ မိစ္ဆာဒိဋ္ဌိများက သိသိသာသာ ဖျက်ဆီး၍ အချို့သော ဗုဒ္ဓဘာသာဝင်များနှင့် အချို့သော ရဟန်းတော်များက မသိမသာ ဖျက်ဆီးကြပါသည်။

သာသနာတော် ဖျက်ဆီးသည်ဆိုခြင်းကား သာသနာ

တော်၌ ပိုးကျခြင်းပင် ဖြစ်ပါသည်။

ပကတိသောသစ်ပင်ကို ပိုးကျသည်ကို ကြည့်နေပါက အားလုံးပိုးစား၍ ဘာမျှ မကျန်ရစ်သကဲ့သို့ သာသနာတော် ပိုးကျသည်ကို ကြည့်နေပါက နောက်ဆုံး သာသနာတော် ပျက်သုဉ်းသည်အထိ ဖြစ်လာနိုင်ပါသည်။

အိန္ဒိယပြည် မဇ္ဈိမတိုက်သည် ဗုဒ္ဓဘုရား ထင်ရှားဖြစ်ပွင့်ရာ ဌာနမှန်ပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးနောက် သာသနာတော်အတွင်း အဖျက်ပိုးများ ကျလာခဲ့ပါသည်။

မူလ အဖျက်ပိုးကား သာသနာတော်ဝန်ထမ်း ရဟန်းတော်များအကျင့် သီလ ပျက်စီးခြင်းတည်း။

ဒုတိယ အဖျက်ပိုးကား ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမ တို့၏ ကိုးကွယ်ယုံကြည်မှု မှားယွင်းခြင်းတည်း။

တတိယအဖျက်ပိုးကား ပသီ၊ ဟိန္ဒူ၊ စသော ဘာသာခြားတို့၏ ခြေမှုန်းတိုက်ခိုက်ခြင်းတည်း။

မူလအဖျက်ပိုးကား သာသနာတော်ဝန်ထမ်း ရဟန်းတို့သည် အစက အသက်ပေး၍ သီလကို စောင့်ထိမ်းကြသည်။

စာမရီသားကောင်သည် အမွေးတစ်ပင်အတွက် အသက်ကို အသေခံသကဲ့သို့ ရဟန်းတော်များကလည်း အသက်ကိုသာ အသေခံသည်။ သီလ၏ အပျက်ကို မခံကြပါ။ နောင်သောအခါ ရဟန်းတော်များ၏ သန္တာန်၌ ရာဂ ဒေါသ မောဟ စသော ကိလေသာတွေ ဖုံးလွှမ်းလာကြသည်။ ဤတရားကို နိုင်အောင် မထိန်းနိုင်ကြ၍ ကိလေသာ၏ အလိုသို့လိုက်ကာ အကုသိုလ်မှုများကို ပြုစုအားထုတ်လာခဲ့ကြသည်။

ဘုရားရှင်က ရှင်မဟာကဿပအား ရဟန်းတော်များကို ငါကဲ့သို့ ဆုံးမပါဟု မိန့်တော်မူသောအခါ ရှင်မဟာကဿပက ယခုရဟန်းတော်များသည် ရှေးရဟန်းတော်များနှင့် မတူညီကြပါ။ လွန်စွာ အပြောရ ခက်လှပါသည်။ ထို့ကြောင့် ယခု ရဟန်းများကို အဆုံးမ မလွယ်ပါဟု လျှောက်ထားလေသည်။ ဤသို့လျှင် နောက် နောက်ရဟန်းတို့သည် များသောအားဖြင့် ရှေးရဟန်းများကဲ့သို့ အကျင့်သီလ မစောင့်တဘဲ ပျက်စီးခဲ့ကြပါသည်။ ဤသို့ သီလပျက်ခြင်းကို သာသနာတော်အတွင်း အဖျက်ပိုးကျသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဒုတိယအဖျက်ပိုးကား ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမ တို့သည် ဘုရား တရား သံဃာ ရတနာသုံးပါး၌ ကြည်ညိုကြပါသည်။ မိမိတို့ တတ်နိုင်သလောက် လှူဒါန်းကြပါသည်။ အချို့မှာ တတ်နိုင်သည်ထက်ပင် ပိုမိုလှူဒါန်းကြပါသည်။ သို့သော် ထိုထို အလှူရှင်များကား သာသနာတော် သန့်ရှင်း ထိန်ဝင်းအောင် လှူဒါန်းသည်ကား မဟုတ်၊ သာသနာဖျက် လှူဒါန်းခြင်းက များပါသည်။

ဥပမာ ရှင်ပြုအလှူ ဆိုကြပါစို့။

ရှင်ပြုအလှူ၏ အဓိက ရည်ရွယ်ချက်ကား မိမိ မိမိတို့၏ သားများ တူများ မြေး မြစ်များ ရှင်သာမဏေ ဖြစ်ဘို့တည်း။

သို့သော် အရေးကြီးသော ရှင်လောင်းများကား သင်္ကန်း တောင်းကိုမျှ မရ၊ ဆယ်ပါးသီလကိုမျှ မသိ၊ ၎င်းတို့အတွက် ပရိက္ခရာကို ကြည့်ပါဦး

သင်္ကန်းက ကျဲလည်း ကျဲ၊ တိုလည်း တို၏၊ သင်ခုန်းဒေးက အတု ဘာတစ်ခုမျှ နှစ်သက်ဖွယ် မရှိပါ၊ အလှူရှင်၏ စေတနာကို ကြည့်ပါဦး၊ ဝဏ္ဏပကာသန မက်သူကမက်၍ သာသနာတော် တိုးတက်ရန် လှူသည့်ကနည်း၍ ဝတ်ကျေ ဝတ်ကုန်လှူသည်က များ၏။

ဤသည်ကို အလှူရှင်၌ကျသော အဖျက်ပိုးဟု ဆိုလိုပါသည်။

တတိယအဖျက်ပိုးကား သာသနာတော်ကို မယုံကြည်သော ဘာသာခြားတို့၏ ဖျက်ဆီးခြင်းတည်း။ ထိုအကြောင်းကို မဇ္ဈိမတိုက်သို့ ပြန်ကြည့်ပါက မြင်နိုင်ပါသည်။

မဇ္ဈိမတိုက်၏ သာသနာရေးကို ပြန်လည်ကြည့်ပါက ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် ဝင်စံပြီးနောက် သာသနာတော်ဝန်ထမ်း ရဟန်းတော်များ၏ အကျင့် သီလ သည် တစ်စတစ်စ ချို့ယွင်းလာခဲ့ကြသည်။ ရဟန်းတော်များ၏ အကျင့် စာရိတ္တ ချို့ယွင်းခဲ့ကြ၍ သာသနာတော်ကို အားပေးကူညီကြသော ဒါယကာ ဒါယိကာမ တို့၏ လှူဒါန်းမှုသည်လည်း ပုံမမှန်ပါချေ။ အကျင့်မည်မျှပျက်၍ ပါရာဇိကသို့ပင် ရောက်နေနေ ငါ့တို့ကိုယ်တော် ဟူသော အစွဲဖြင့် လှူဒါန်းခဲ့ကြသည်။ ဤသို့လျှင် သာသနာတော်တွင်းကရော သာသနာတော်အပြင်ဘက်ကပါ ချို့ယွင်း ပိုးကျလာသောအခါ ပသီဘာသာဝင် တူရကီများက ဝင်ရောက် သတ်ဖြတ်၍ ဘုန်းကြီး အများအပြား အသတ်ခံရသည်။

အင်အားနည်းပါးသော ဗုဒ္ဓဘာသာဝင်များကိုလည်း ဟိန္ဒူများက သိမ်းသွင်းခဲ့ခြင်းဖြင့် သာသနာတော်အင်အား အလွန်တောင့်တင်းသော မဇ္ဈိမတိုက်၌ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ပျက်စီး ကွယ်ပျောက်ခဲ့ရလေသည်။

မဇ္ဈိမတိုက်၌ သာသနာတော် ချို့ယွင်းလာသောအခါ ပစ္စန္တရစ်ဖြစ်သော မြန်မာနိုင်ငံ၌ သာသနာတော်အင်အား ကောင်းလာခဲ့ပါသည်။

ရှေးမြန်မာမင်းများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ဗုဒ္ဓ

မြတ်စွာ သာသနာတော်ကြီးကို အစွမ်းကုန် ချီးမြှောက်ခဲ့ကြပါသည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် –

(၁ ပရိယတ္တိ သာသနာ
(၂ ပဋိပတ္တိ သာသနာ
(၃) ပဋိဝေဓ သာသနာ ဟူ၍ သာသနာတော်သုံးရပ် ရှိခဲ့ရာ

ထိုသာသနာတော်သုံးရပ်တို့တွင် ပရိယတ္တိသာသနာတော်သည် အခြေခံသာသနာတော်ဖြစ်သည်။ အခြေခံ သာသနာဖြစ်သော ပရိယတ္တိသာသနာတော်အင်အား ကောင်းမှသာ ကျန်သော သာသနာများတိုးတက်လာနိုင်သည်။ ပရိယတ္တိသာသနာတော်ချို့ယွင်းပါက ကျန်သော သာသနာတော်များလည်း ချို့ယွင်း ပျက်စီးခဲ့ရလေတော့သည်။

ရှေးမြန်မာမင်းတို့သည် ဤသဘောကို နှစ်သက်ယုံကြည်ကြသည်ဖြစ်၍ ဘုရားရှင်၏ ပရိယတ္တိသာသနာတော်ကို အစွမ်းကုန်ချီးမြှောက်၍ နှစ်စဉ်နှစ်တိုင်း ပရိယတ္တိစာမေးပွဲကြီး ဆင်နွှဲခဲ့ကြသည်။

မြန်မာနိုင်ငံတော်၌ ၁၂ ရာသီ ပွဲတော်များရှိခဲ့လေရာ နယုန်လသည် စာတော်ပြန်ပွဲ ကျင်းပရာ ရာသီဖြစ်ခဲ့လေသည်။

ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၈) ရက်နေ့သည် မြန်မာဘုရင် သီပေါမင်း အင်္ဂလိပ်လက်သို့ ပါတော်မူသောနေ့ (ပါတော်မူနေ့) ဖြစ်ပါသည်။

ရထားတွဲတိုင်း၌ ဘီးရှိသော်လည်း ခေါင်းဆောင်တွဲမရှိက ထိုဘီးများ မလည်နိုင်သဖြင့် ရထားတွဲများ ရွေ့ရှားသွားလာခြင်း မပြုနိုင်ကြပါ၊ ခေါင်းဆောင်တွဲက ဆွဲမှသာလျှင် ရထားတွဲများ ခေါင်းဆောင်တွဲ ဆွဲရာနောက်သို့ ပါမြဲ ဖြစ်ကြပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း သဒ္ဓါတရား တည်းဟူသော ဘီး ရှိကြပါသည်။ သို့သော် ခေါင်းဆောင်ကောင်း မရှိပါက ထိုသဒ္ဓါဘီးများ မလည်ပတ်နိုင်ခဲ့ကြပါ။

ဗုဒ္ဓဘာသာ မြန်မာမင်းတို့သည် ရထား၏ ခေါင်းတွဲများ ဖြစ်ကြပါသည်။

မင်းဖြစ်သူက အားပေးချီးမြှောက်သောအခါမှ ဗုဒ္ဓဘာသာဝင်လူထုသည် လှုပ်လှုပ်ရွရွဖြစ်၍ ခေါင်းဆောင်ဆွဲရာနောက်သို့ ပါခဲ့ကြပါသည်။

မြန်မာ့ခေါင်းဆောင် သီပေါမင်း ပါတော်မူသွားသောအခါ ရထား၌ ခေါင်းတွဲပြုတ်သွားသကဲ့သို့ ဗုဒ္ဓဘာသာဝင်များလည်း သွေးအေးလာခဲ့ကြသည်။ သီပေါမင်းအစား ပြန်တက်လာသော အင်္ဂလိပ်အစိုးရသည်လည်း ဗုဒ္ဓဘာသာဝင် မဟုတ်၍ ဗုဒ္ဓဘာသာကို ချီးမြှောက်ခြင်း မပြုခဲ့ပါ။

သို့သော် အင်္ဂလိပ်အစိုးရသည် မင်းကျင့်တရား မပျက်ပြားအောင် ထိန်းသိမ်းနိုင်စွမ်းကား ရှိပါသည်။

မင်းကျင့်တရား ဆယ်ပါးတွင် အဝိရောဓန တရားတစ်ပါး ပါဝင်သည်။ အဝိရောဓန ဟူသည် တိုင်းသူ ပြည်သားများနှင့် မဆန့်ကျင်စေရသော တရားမြတ်ဖြစ်သည်။

မင်းလုပ်သူသည် တိုင်းသူပြည်သားတို့နှင့် ဆန့်ကျင်ပါက မင်းအဖြစ်မှ ပြုတ်ကျသွားစေနိုင်သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်နိုင်ငံဖြစ်၍ တိုင်းသူပြည်သားအများစုသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် ဗုဒ္ဓဘာသာကို မကိုးကွယ်ရ ဟူ၍ကား အမိန့်မထုတ်ပါ။ မိမိတို့ ကြိုက်နှစ်သက်ရာ ကိုးကွယ်နိုင်သည် ဟူ၍ကား အခွင့်ပြုပါသည်။ သို့သော် ၎င်းတို့ကိုယ်တိုင် ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြ၍ ဗုဒ္ဓသာသနာတော်ကို အားပေးခြင်းကား မပြုကြပါ။ အားမပေးရုံမျှမက မသိမသာ ဖျက်ဆီးခြင်းကိုကား ပြုခဲ့ကြပါသည်။

ဥပမာအားဖြင့် ဗုဒ္ဓဘာသာဝင်တို့အား ခရစ်ယာန်ဘာသာဝင်တို့လောက် အခွင့်အရေး မပေးခြင်းနှင့် ရှေးမြန်မာမင်းများ နှစ်စဉ် ကျင်းပခဲ့သော စာမေးပွဲများ ဖျက်သိမ်းခဲ့ခြင်း ဖြစ်ပါသည်။

စာမေးပွဲများ စာပြန်ပွဲများ ဖျက်သိမ်းခဲ့ခြင်း ကျင်းပမပေးခဲ့ခြင်းကြောင့် ဘုရားရှင်၏ မူလ ပရိယတ္တိသာသနာတော်ကြီး အားနည်းပျက်စီးလာသည်ကို ဗုဒ္ဓဘာသာဝင်အများ မြင်သိခဲ့ကြပါသည်။

သို့သော် လက်နက်ဖြင့် အုပ်စိုးနေသော မိစ္ဆာဒိဋ္ဌိအကြားမှ မိမိတို့ယုံကြည်ကိုးကွယ်သော သာသနာတော်ကို ဖေါ်ထုတ်ယူရန်ကား မလွယ်ကူပါချေ။ သို့သော် ကြံစည်ပါက နည်းလမ်းရ ဟူသော စကားအတိုင်း မိုးထားသာသနာပိုင် အမှူးရှိသော ဆရာတော် (၁၈) ပါးနှင့် မန္တလေးမြို့ ပွဲစားကြီး ဦးထွန်း ရုံးစာရေး ဦးခင် စသော လူပုဂ္ဂိုလ် (၁၂) ဦးတို့ ဦးစီး၍ သက္ကရာဇ် ၁၂၆၀ ပြည့်၊ ဝါခေါင်လပြည့်နေ့တွင် (ပရိယတ္တိသာသနဟိတ) အသင်းကို စတင် တည်ထောင်ခဲ့ကြသည်။

ထိုအသင်းမှ ဦးစီး၍ မြန်မာဘုရင်အဆက်ဆက် ကျင်းပခဲ့သော စာမေးပွဲကို ပြန်လည် ဖေါ်ထုတ်ခဲ့ကြသည်။

ပရိယတ္တိစာမေးပွဲ၊ စာပြန်ပွဲသည် မြန်မာဘုရင် ပါတော်မူသော ၁၂၄၇ ခုနှစ်မှစ၍ ပျက်ပြားခဲ့ရာ ပရိယတ္တိသာသနဟိတ အသင်း၏ ကျေးဇူးကြောင့် ၁၂၆၅ ခုနှစ်သို့ ရောက်မှ ပြန်လည် အသက်ဝင်ခဲ့ပါသည်၊ နှစ်ပေါင်း (၁၈) နှစ်ကြာမျှ ပျောက်ကွယ်ခဲ့ပါသည်။

ပရိယတ္တိသာသနဟိတအသင်းကြီး ပေါ်ပေါက်၍ ပရိယတ္တိ

စာမေးပွဲ စာပြန်ပွဲကား ဖြစ်ပေါ်ခဲ့ပါပြီ။ သို့သော် ဤအသင်းကြီး၏ တည်ရာဌာနကား မရှိပါချေ။ ထို့ကြောင့် မဟာသကျသီဟ ဘုရား ပရိဝုဏ်အတွင်းရှိ ဦးသာညွှန်း၏ ဓမ္မသာလာ အုတ်ဇရပ်ကြီး၌ စာမေးပွဲကို စတင်ကျင်းပခဲ့သည်။ သကျသီဟ ပရိဝုဏ်အတွင်း ကျင်းပသော စာမေးပွဲဖြစ်၍ အများက (သကျသီဟ စာမေးပွဲ) ဟု ခေါ်ခဲ့ကြပါသည်။

သာသနဟိတ စာမေးပွဲကို အခြေအနေအရ သကျသီဟ ပရိဝုဏ်အတွင်း ကျင်းပခဲ့ကြသော်လည်း သီးခြားတည်ရာဌာန ရှိသင့်သောကြောင့် ပရိယတ္တိသာသနဟိတအသင်းကြီး၏ တည်ရာဌာန (ပရိယတ္တိသာသနဟိတ အသင်းတိုက်) ကို ဖြစ်မြောက်အောင် အားထုတ်ခဲ့ကြပါသည်။

အသင်းတိုက်ကြီးတည်ထောင်စဉ်က နိုင်ငံကျော် နယ်လှည့် သာသနာပြု ဓမ္မကထိက ဆရာကြီးက တရားဟောပြော ကူညီခဲ့သောကြောင့် အချို့က ဦးလှသိန်း ဇီမာန် ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

သာသနဟိတအသင်းကြီး၏ ကြိုးစားမှုကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ ပရိယတ္တိအဆင့်သည် မြင့်တက်၍ လာခဲ့ပါသည်။

ထိုအသင်းကြီး၏ နမူနာကိုယူ၍ မြန်မာနိုင်ငံအရပ်ရပ်တို့၌လည်း သီးခြားစာမေးပွဲများ ထင်ရှားဖြစ်ပေါ်လာခဲ့ကြသည်။

အင်္ဂလိပ်အစိုးရကလည်း ပြည်သူတို့၏ အလိုသို့လိုက်၍ ပရိယတ္တိစာမေးပွဲများ ကျင်းပပေးရာ ယနေ့အထိ အစိုးရတိုင်း ကျင်းပပေးလျက် ရှိနေပါသည်။

ပရိယတ္တိသာသနဟိတအသင်းကြီးကို ၁၂၆၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ရာ ၁၃၆၀ ပြည့်နှစ်တွင် နှစ်တစ်ရာ ပြည့်တော့မည်ဖြစ်ပါသည်။

လူတို့ ဝေါဟာရအားဖြင့် ၂၅ နှစ်သည် ခေတ်တစ်ခေတ် ဖြစ်၏၊ ပထမ ၂၅ နှစ်သည် ငွေရတု၊ ဒုတိယ ၂၅ နှစ်သည် ရွှေရတု၊ တတိယ ၂၅ နှစ်သည် စိန်ရတု၊ စတုတ္ထ ၂၅ နှစ်သည် ပတ္တမြားရတု ဖြစ်၍ ပဉ္စမ ၂၅ နှစ်မြောက်သည် အနှစ်တစ်ရာ ပြည့်သည်ကား နဝရတ်ရတု ဖြစ်ပါသည်။

၁၃၆၀ ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးသည် နဝရတ်ရတု၊ အနှစ် တစ်ရာပြည့်သို့ ဆိုက်ရောက်မည် ဖြစ်ပါ၍ သာသနာတော်ကြီးအတွက် အလွန် ကျေးဇူးများလှသောကြောင့် ...

ပရိယတ္တိသာသနဟိတအသင်းကြီးသည် -

နှစ်ပေါင်းတစ်ရာမျှမက အနှစ်တစ်ထောင် အနှစ်တစ်သောင်း ကောင်းစွာ တည်တော်မူပါစေသတည်း ... ဟု

မေတ္တာစိတ်သန် အာရုံဖန်လျက် အဓိဋ္ဌာန်အမှု ပြုလိုက်ရပေသတည်း။ ။

တည်တောဆရာတော်
ထီးချိုင်မြို့။



F-23



# လူအချင်းချင်း မတူညီခြင်း

ကမ္ဘာလောကရှိ လူပုဂ္ဂိုလ်များသည် ရုပ်ရေ ရူပကာယ လူအချင်းချင်း တူညီကြသော်လည်း မျက်နှာအရည်အသွေး ဟန်ပန်အမူအရာမှာ တစ်ဦးနှင့်တစ်ဦး တူညီမှု မရှိကြပေ။ ကမ္ဘာ့ သတ္တဝါ ဝိဘင်္ဂ ဆိုတဲ့ ဘုရားရှင် ဟောတော်မူတဲ့ ဒေသနာ တော်အတိုင်း -

သတ္တဝါတွေအား အကောင်းအဆိုး၊ အနိမ့်အမြင့် ဖြစ် အောင် ဝေဘန်တတ်သော တရားသည် ကံတရားပင် ဖြစ်၏။ ကံဆိုသည်မှာ စေတနာ စေတသိက်ပင်ဖြစ်၏။ ယင်း စေတနာ စေတသိက်သည် အလုံးစုံသော စိတ်နှင့်ယှဉ်၏။ သတ္တဝါတို့၏ စိတ်သည် တည်ငြိမ်မှု မရှိ အမြဲ လှုပ်ရှားနေ၏။ တစ်ယောက် နှင့်တစ်ယောက် ဘယ်သောအခါမျှ စိတ်ချင်းမတူကြပေ၊ စိတ်ချင်း မတူသောကြောင့် စေတနာချင်းလည်း မတူပေ၊ စေတနာချင်း မတူသောကြောင့် ကံချင်းမတူ၊ ကံချင်း မတူသောကြောင့် သတ္တဝါ တို့၏ ရုပ်အဆင်း သဏ္ဌာန်ချင်းလည်း မတူကြ။ ယင်း ကံအကြောင်းနှင့် ပတ်သက်ပြီး ဥပရိပဏ္ဏာသ ပါဠိတော် စူဠကမ္မ ဝိဘင်္ဂသုတ်မှာ ဘုရားရှင်ဟောကြားတော်မူ၏။

ဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတိုက်၌ ကိန်းဝပ်စံပျော်နေတော်မူစဉ်အခါက –

တောဒေယျပုဏ္ဏားကြီး၏ သား၊ သုဘလုလင်သည် ဘုရားရှင်ထံ ချဉ်းကပ်ပြီး ပြဿနာ (၁၂) ပါးကို မေးမြန်းလျှောက်ထား၏။

အရှင်ဘုရားဂေါတမ လူအပေါင်းတို့သည် လူအချင်းချင်း ဖြစ်ကြပါလျက် –

(၁) အချို့ မြင့်မြတ်၍ အချို့မှာ ယုတ်မာကြ၏၊

(၂) အချို့အသက်တို၍ အချို့အသက်ရှည်ကြ၏၊

(၃) အချို့အနာရောဂါပေါ်များပြီး အချို့ရောဂါကင်းရှင်း ကျန်းမာခြင်းနှင့် ပြည့်စုံကြ၏၊

(၄) အချို့ရုပ်ရေ အဆင်း လှပခြင်းကင်းပြီး အချို့ ရုပ်ရေ အဆင်း လှပကြ၏၊

(၅) အချို့အခြံအရံ ကင်းမဲ့ပြီး အချို့အခြံအရံ ပေါများကြ၏၊

(၆) အချို့ပစ္စည်း ဥစ္စာနည်းပါးပြီး အချို့ ပစ္စည်းဥစ္စာ ပေါများကြ၏၊

(၇) အချို့ယုတ်ညံ့သော အမျိုး၌ဖြစ်ပြီး အချို့မြင့်မြတ်သော အမျိုး၌ဖြစ်ကြ၏၊

(၈) အချို့ဉာဏ်ပညာနည်းပါးပြီး အချို့ဉာဏ်ပညာကြီးမားကြ၏။

အရှင်ဂေါတမ လူများအပေါင်းသည် လူအချင်းချင်း ဖြစ်ကြလျက် မည်သည့်အကြောင်းကြောင့် ဤကဲ့သို့ ကွဲပြားခြားနားရပါသနည်း၊ ကွဲပြားခြားနားခြင်း၏ အကြောင်းရင်း အထောက်အပံ့ကား အဘယ်ပါနည်းဟု မေးလျှောက်၏။

ထိုအခါ ဘုရားရှင်သည် သုဘလုလင် သတ္တဝါများသည် ကံသာလျှင် မိမိဥစ္စာ ရှိကြ၏။ ကံ၏ အမွေခံများ ဖြစ်ကြ၏။ ကံသာလျှင် မှီခို ကိုးစား အားထားရာရှိ၏။ အယုတ် အမြတ် ဖြစ်ရန် သတ္တဝါတို့ကို ကံတရားသည် ဝေဘန်၏၊ မည်သို့သော ဝေဘန်သနည်းဟုမူ –

(၁) အချို့သောသူသည် သူ့အသက်ကို သတ်လေ့ရှိ၏။ ကြမ်းကြုတ်ရက်စက်၏။ သွေးစွန်းသောလက်ရှိ၏။ သတ်ပုတ်ညှင်းဆဲမှု၌ စိတ်ဝင်စား၏။ သူတစ်ပါးအား သနား ငဲ့ညှာမှုမရှိ၊ ယင်းကဲ့သို့ ရက်စက်ယုတ်မာသူသည် သေပြီးနောက် ငရဲသို့ ရောက်ရ၏၊ လူတစ်ဖန် ဖြစ်လာပြန်သော် အသက်တို၏။ အနာရောဂါ များပြား၏။

(၂) သူတစ်ပါးအသက် မသတ်ဖြတ်သူ သူတစ်ပါး ငဲ့ညှာသနားတတ်သူ သေဆုံးခဲ့သော် နတ်ပြည်၌ ဖြစ်ရတတ်၏။ လူတစ်ဖန် ဖြစ်လာပြန်လျှင်လည်း အသက်ရှည်၏။ အနာရောဂါ ကင်းရှင်း၏။

(၃) အချို့သောသူသည် အမျက်ဒေါသ ကြီးမား၏၊ ကြမ်းတမ်း ယုတ်မာသော စကားကို ဆိုတတ်၏။ ထိုသူ သေလျှင် ငရဲသို့ ကျရောက်တတ်၏။ လူတစ်ဖန် ဖြစ်လာပြန်လျှင် အရုပ်ဆိုးရှာသူ ဖြစ်တတ်၏။

(၄) အချို့သောသူသည် အမျက် မထွက်တတ်၊ သည်းခံတတ်၏၊ သူတစ်ပါးအား ချစ်ခင် ကြင်နာတတ်၏။ ထိုသူ သေလျှင် နတ်ပြည်၌ ဖြစ်ရတတ်၏။ လူတစ်ဖန် ဖြစ်ခဲ့ပြန်လျှင်လည်း လှပသော ရုပ်ရေအဆင်း ရှိတတ်၏။

(၅) အချို့သောသူသည် ငြူစူတတ်၏၊ သူတစ်ပါး ပစ္စည်း ဥစ္စာ ချမ်းသာသည်ကို မနာလိုတတ်၊ သူတစ်ပါး ထင်ပေါ်ကျော်ကြားသည်ကို ကျေနပ်မှု မရှိတတ်၊ ထိုသူ သေလျှင် ငရဲသို့ ကျရောက်တတ်၏။ လူတစ်ဖန်ဖြစ်ခဲ့ပြန်လျှင်လည်း အခြံအရံနည်းပါးတတ်၏။ သူတစ်ပါး အမုန်းပွားတတ်၏၊ လာဘ်လာဘ နည်းပါးတတ်၏။

(၆) အချို့သောသူသည် ငြူစူသော စိတ် မရှိ၊ သူတစ်ပါး ပစ္စည်း ရလျှင် ထင်ပေါ်ကျော်ကြားလျှင် ဝမ်းမြောက်တတ်၏။ ထိုသူ သေလျှင် နတ်ပြည်ရောက်တတ်၏၊ လူတစ်ဖန် ဖြစ်ခဲ့ပြန်လျှင် အခြံအရံ ပေါများတတ်၏၊ ပစ္စည်း ဥစ္စာ ပေါများတတ်၏၊ သူတစ်ပါး ချစ်ခင် မြတ်နိုးသူ ဖြစ်တတ်၏။

(၇) အချို့သောသူသည် မိမိပစ္စည်းကို သူတစ်ပါး မပေးလှူတတ်၊ ကပ်စေးနည်းတတ်၏၊ အလှူနှင့်လျှို့ဝှက်တတ်၏၊ ထိုသူသေလျှင် ငရဲကျတတ်၏၊ လူဖြစ်ပြန်လျှင် စည်းစိမ်ဥစ္စာ နည်းပါးတတ်၏။

(၈) အချို့သောသူသည် မိမိပစ္စည်းကို သူတစ်ပါးအား ပေးလှူတတ်၏၊ အလှူ၏အကျိုးကို သိတတ်၏။ ထိုသူသေလျှင် နတ်ပြည်၌ ဖြစ်တတ်၏။ လူတစ်ဖန် ဖြစ်ခဲ့ပြန်လျှင် စည်းစိမ် ဥစ္စာ ပေါများ ချမ်းသာတတ်၏။

(၉) အချို့သောသူသည် ကြမ်းတမ်းခက်ထန်တတ်၏၊ မာနကြီးတတ်၏၊ အရိုအသေ ပေးထိုက်သူကို အရိုအသေ မပေးတတ်၊ အလေးအမြတ် ပြုထိုက်သူကို အလေးအမြတ် မပြုတတ်၊ မြတ်နိုးထိုက်သူကို မမြတ်နိုးတတ်၊ ပူဇော်ထိုက်သူကို မပူဇော်တတ်။ ထိုသူ သေလျှင် ငရဲသို့ ကျရောက်တတ်၏။ လူတစ်ဖန် ဖြစ်ခဲ့ပြန်လျှင် အမျိုးယုတ်၌ ဖြစ်ရတတ်၏။

(၁၀) အချို့သောသူသည် မာနမကြီးတတ်၊ ကြမ်းတမ်း ခက်ထန်မှု မရှိ၊ ရိုသေထိုက်သူကို ရိုသေတတ်၏၊ ပူဇော်ထိုက်သူကို ပူဇော်တတ်၏။ ထိုသူ သေလျှင် နတ်ပြည်၌ ဖြစ်ရတတ်၏။ လူတစ်ဖန် ဖြစ်ခဲ့ပြန်လျှင် မြင့်မြတ်သော အမျိုး၌ ဖြစ်ရတတ်၏။

(၁၁) အချို့သောသူသည် ဗဟုသုတ မလိုလားတတ်၊ ပညာရှိထံ ချဉ်းကပ်မေးမြန်းခြင်း မပြုတတ်။ ထိုသူ သေလျှင် ငရဲသို့ ကျရောက်တတ်၏။ လူဖြစ်ခဲ့ပြန်လျှင် ပညာမရှိသော ပညာမဲ့သော သူသာ ဖြစ်တတ်၏။

(၁၂) အချို့သောသူသည် ဗဟုသုတ လိုလားတတ်၏၊ ပညာရှိထံ ချဉ်းကပ်မေးမြန်းတတ်၏။ ထိုသူ သေလျှင် နတ်ပြည်၌ ဖြစ်တတ်၏။ လူဖြစ်ခဲ့ပြန်လျှင် ပညာကြီးမားသူ ဖြစ်တတ်၏။

သုဘလုလင် ဤသို့လျှင် အသက်တိုခြင်း၊ အနာရောဂါ ကင်းခြင်း၊ မကင်းခြင်း၊ အဆင်းလှခြင်း၊ မလှခြင်း၊ အခြံအရံ ရှိခြင်း မရှိခြင်း၊ ဥစ္စာ ရှိခြင်း၊ မရှိခြင်း၊ အမျိုးမြတ်ခြင်း၊ မမြတ်ခြင်း၊ ပညာရှိခြင်း၊ မရှိခြင်း တို့သည် ကံဝေဘန် သည့်အတိုင်း ဖြစ်ကြရ၏။

သုဘလုလင် သတ္တဝါတို့သည် ကံသာလျှင် မိမိဥစ္စာ ရှိကြ၏။ ကံသာလျှင် အမွေခံဖြစ်ကြ၏။ ကံသာလျှင် အကြောင်းရင်း ရှိကြ၏။ ကံသာလျှင် ဆွေမျိုးရှိကြ၏။ ကံသာလျှင် မှီခို အားထားရာ ရှိကြ၏။

သတ္တဝါတို့ အယုတ် အမြတ်ဖြစ်ရန် ကံသည်ဝေဘန်၏ဟု ဘုရားရှင် ဟောကြားတော်မူ၏။

တောဒေယျ ပုဏ္ဏားအား၏သား သုဘလုလင်သည် ဤတရား ဒေသနာတော်မြတ်ကို နာခံမှတ်သားရသည့်အတွက် ဝမ်းမြောက် ဝမ်းသာစွာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသွားသည် ဟု စူဠကမ္မဝိဘင်္ဂသုတ်၌ ဟောကြားတော်မူ၏။

ထို့ကြောင့် လူများအပါင်းသည် တစ်ဦးနှင့်တစ်ဦး မတူ ခြားနားကွဲပြားခြင်းသည် ကံ စီမံသည့်အတိုင်း ဖြစ်ကြရသည် ဟု မှတ်သားကြရာသတည်း။

စူဠကမ္မဝိဘင်္ဂသုတ်နှင့် ပတ်သက်ပြီး မဟာစည်ဆရာတော် ဘုရားက လင်္ကာ ဆောင်ပုဒ်များ ရေးသားဖွဲ့ဆိုခဲ့ပါသည်။

မဟာစည်ဆရာတော် ဆောင်ပုဒ်များ

(၁) သူ့ကို သတ်ဖြတ် သက်တိုလတ်၊ မသတ် အသက်ရှည်
ညှင်းဆဲသူအား အနာများ၊ သနား ကျန်းမာသည်

(၂) ဒေါသမီးလျှံ အကျည်းတန်၊ သည်းခံ လှပသည်

(၃) မနာလိုမှာ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်

(၄) မပေးလှူက မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်

(၅) မရိုမသေ မျိုးယုတ်ချေ၊ ရိုသေ မျိုးမြတ်သည်

(၆) မမေး မမြန်း ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။

အထက်ပါ တရားဒေသနာအရ ကံကောင်း ထောက်မ၍ သာသနာတော်နှင့် ကြုံကြိုက်ပြီး လူ့ဘဝ ရလာကြသည့်အား လျော်စွာ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ရာပြည့်ပွဲတော်ကြီးနှင့် ကြုံတောင့်ကြုံခဲ ကြုံတွေ့ရသည့်အခါ မိမိတို့ တတ်အားသမျှ ပါဝင်လှူဒါန်းကြလျက် မိမိတို့ တတ်စွမ်းသည့်ဘက်မှ ဝေယျာဝစ္စ ကုသိုလ်များကိုပါ ယူသင့်ကြောင်း စေတနာကောင်းများ ထားကြရန် လိုကြောင်း တင်ပြလိုက်ရပါသတည်း။

မြတ်မွန်သူ

ဦးနာဂိန္ဒာဘိဝံသ
ဇမ္ဗူအေး စာချကျောင်း
မြဲတောင်။



# မန္တလေးသာသနာ

လွန်ခဲ့သော အနှစ် ၂၅၀၀ ကျော် အထက်ဆီက အတိတ်သမိုင်းစဉ်အရ ဤရွှေမန်းတောင်တော်မြတ်သို့ မြတ်စွာဘုရားရှင်သည် ညီတော်အာနန္ဒာနှင့်အတူ ဒေသစာရီ ကြွချီတော်မူခဲ့ပါသည်။ ထိုအခါ လပြည့်ဝန်းနှင့်တူသောမျက်နှာ ရှိသောကြောင့် စန္ဒမုခီအမည်ရှိသော ဘီလူးမယ်သည် ဘုရားရှင်အားသဒ္ဓါတရားလွန်ကဲစွာ ကြည်ညိုခြင်းရှိ၍ မိမိရင်သားမြတ်အစုံချွေဖြတ်ကာ လှူဒါန်းခဲ့သည်။ ထိုသို့သော ဘီလူးမယ်၏ မတုန်မလှုပ် သက်ဝင်နေသော သဒ္ဓါတရားရှိသည်ကို ဘုရားရှင်မြင်တော်မူသဖြင့် နောင်သောအခါ ငါဘုရားရှင်၏ သာသနာတော် ၂၄၀၀ ပြည့်သောကာလ၌ ဤမန္တလေးတောင်အရပ်၌ မဟာရာဇဌာနီ မင်းနေပြည်တော်ကြီး တည်ထောင်ဖန်ဆင်းပြီးလျှင် ငါဘုရား၏ သာသနာတော်ကို လွန်မင်းစွာ ချီးမြှောက်သောမင်းဖြစ်လတ္တံ့ဟု အနာဂတံသ ရွှေဉာဏ်တော်ဖြင့် မြင်တော်မူ၍ ဗျာဒိတ်တော်မြတ် ထားတော်မူခဲ့ပေသည်။

သက္ကရာဇ် ၁၀၃၄ ခုနှစ်မှာ ၆၀ ခုနှစ်အတွင်း အင်းဝမြို့၊ ဝမ်းဘဲအင်းစံ မင်းတရားလက်ထက် ဒုတိယလောကုတ္တရာဆရာ နတ်စက်ရောင် ဆရာထိုး တင်သွင်းသည့် စာတွင်လည်း

မန္တလေးအရပ်၌ သာသနာ တည်လိမ့်မည်။ အင်္ဂါန်မင်းလက်ထက်ပြောင်းလဲမည်။ အဝပြည်ကြီး၌ သာသနာ ၂၄၀၀ ရောက်အောင် တည်မည်။ ၂၄၀၀ ရောက် ကာလ အဝမြို့မှ မန္တလေး ရွှေတောင်သို့ ဆန်တက်၍ နန်း ည်မည်ဟူ၍ ပါရှိပါသည်။

ဘိုးတော် ဗဒုံမင်းတရားသည် ခမည်းတော်နှင့် နောင်တော်တို့၏ အရိုက်အရာဖြစ်သော ရွှေထီး ရွှေနန်း သိမ်းမြန်းပြီးနောက် သာသနာ့သမိုင်းက ညွှန်ကြားထားသည့်အတိုင်း မန္တလေး စက်ရိပ်ကိုမှီ၍ မြို့တည်လိုသဖြင့် မိမိလက်ထက်တွင် သာသနာ အဝင်ပြု၍ သာသနာတော် ၂၃၂၆ ခု၊ ကောဇာ သက္ကရာဇ် ၁၁၄၄ ခုနှစ်၊ တပို့တွဲလတွင် မန္တလေး စက်ရိပ်ကို နင်းပြီးလျှင် တောင်သမန်ထိးပေါင်းခအရပ်မှနေ၍ မြို့နန်းတည်ထောင်ခဲ့သည်။ ယခု လှေတန်းစသော ရပ်ကွက်များသည် ဘိုးတော်ဘုရား အင်းဝနေပြည်တော်မှအမရပူရမြို့သို့ ပြောင်းရွှေ့စံခဲ့သောမြို့၏ မြောက်ပြင်အရပ် ဌာနအဖြစ် ပါဝင်ခဲ့ပါသည်။ သို့သော် အမရပူရနေပြည်တော်သည် မန္တလေးနေပြည်တော် မဟုတ်သေးပါ။ မန္တလေးမြို့၏ ရှေ့ပြေး ပဏာမ မြို့တော်အဖြစ်သာ တည်ထားသည်ဟု ဆိုနိုင်စရာ ရှိပါသည်။



## မန္တလေးမြို့နှင့် မင်းတုန်းမင်းတရား

မင်းတုန်းမင်းတရားသည် အထွတ်အထိပ်သို့ရောက်၍ ရွှေနန်းတော်စည်းစိမ် (၄) နှစ်အရ၊ သက္ကရာဇ် ၁၂၁၈ ခုနှစ်၊ အမရပူရမြို့တော်တွင် စံနေတော်မူစဉ် နေပြည်တော်မြို့ဟောင်း အမရပူရမြို့မှ မန္တလေးတောင်ခြေသို့ မြို့နန်းအသစ် ပြောင်းရွှေ့တည်စိုက် စံမြန်းတော်မူလိုစိတ် ပြင်းပြတော်မူလာသည်။ ထိုသို့သော စိတ်ဆန္ဒ ပြင်းပြတော်မူသည့်အလျောက် အမရပူရမြို့မှ ပြောင်းရွှေ့၍ မန္တလေးမြို့သစ် နန်းသစ်တည်ရန် သင့် မသင့်တော် မတော် တံဆိပ်တော်ရ ဆရာတော် သံဃာတော် တို့ကို အသီးသီး လျှောက်ထားရန် မကွေးမြို့စားမင်းကြီး၊ မိုင်းလုံမြို့စား မင်းကြီး၊ မြတောင်မြို့စားမင်းကြီး၊ ပုခန်းမြို့စားမင်းကြီး၊ အတွင်းဝန် လောင်းရှည်မြို့စားမင်းကြီး စသော ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်တော်မူသည်။

ဤကိစ္စနှင့်ပတ်သက်၍ အချို့သော ဆရာတော်များ ပညာရှိများကလည်း ပြောင်းရွှေ့တည်ထောင်သင့်သည်ဟု ပြောဆိုကြ၍ အချို့သော ဆရာတော်များ ပညာရှိများကလည်း ဤအမရပူရမြို့သည်ပင် မန္တလေးဖြစ်သည်၊ အခြား မန္တလေး မရှိဟု ပြောဆိုကြရာတွင် ဘယ်ကပေါ်လာသည် မသိရသည့် "အသက်ကယ်တဲ့ရှည်စေလို မြနန္ဒာရေညို (ချို) သန်းတယ်၊ မန်းတောင်ရိပ်ခို" ဟူသော တပေါင်သီချင်း ပေါ်လာ၍ ကလေး လူကြီး သူဌေး ဆင်းရဲသား မင်းညီ မင်းသားမကျန် အမရနေပြည်တော်သားများသည် ဤတပေါင်သီချင်းကို ဆိုလို့ကောင်းသဖြင့် သီဆိုနေကြပါသည်။ သီချင်းမှာ တိုသော်လည်း ဆို၍လည်းကောင်း၊ အဓိပ္ပါယ်လည်း ရှင်းလှပါသည်။ ဤသီချင်း တပေါင်အရ နောက်ဆုံးတွင် ပြောင်းရွှေ့သင့်ဘက်မှ ဆန္ဒများကြသည့်အတိုင်း မန္တလေးတောင်ကို အဦးထား၍ တောင်အလား ဇောင်းကလော ကန်တော်အထိ တာ ၂၅၀၀၊ အနောက်အလား ဧရာဝတီမြစ်အထိ တာ ၁၆၀၀ အတွင်း၊ မတိမ်းမရိုင်း မကောသော ညီညွတ်သော မြေအပြန့် ရှိသည်ကို တွေ့ရသဖြင့် မြို့၏နယ်နိမိတ်ကို တောင်အလား ဒုဋ္ဌဝတီမြစ်၊ မြောက်အလား မဏ္ဍရာမြစ်၊ အနောက်အလား ဧရာဝတီမြစ်၊ အရှေ့အလား နတ်ထိပ်တောင်အထိ ရတနာရွှေမြို့တော် နယ်လေးရပ် နိမိတ် ရွှေကြိုး ပိုင်းခြား သတ်မှတ်ကြပါသည်။

သာသနာတော်နှစ် ၂၄၀၀၊ ကောဇာသက္ကရာဇ် ၁၂၁၈ ခုနှစ်၊ ကောင်းမြတ်သော အခါတော်၌ မြို့တော် နန်းတော် တည်ထောင်စံနေတော်မူလျှင် ဘုန်းတော်ကြီးခြင်း၊ သက်တော်ရှည်ခြင်း၊ ရန်အပေါင်းကို အောင်မြင်တော်မူခြင်း စသော အကျိုးတရားအပေါင်းတို့နှင့် ပြည့်စုံတော်မူ၍ အလုံးစုံ သင့်မြတ်မည်ဟု ဟောဆိုထားသည့်အတိုင်း သာသနာတော် ၂၄၀၀ ရောက်သည့်နှစ်အမှီ သက္ကရာဇ် ၁၂၁၈ ခု၊ တပိုတွဲလကစ၍ မြို့နန်းလုပ်ဆောင်ရန် ရှိသည်များကို မြို့ရွာ ဆင်းရဲသားများအား တာဝန်မပေး၊ ရွှေတိုက်တော်မှ ကြေးတော် ငွေတော်များ ထုတ်ပေးတော်မူပြီးလျှင် ရတနာပူရမြို့တည် နန်းတည် စာတမ်းနှင့် အမရပူရမြို့တည် နန်းတည် စာတမ်းစာဟောင်း ထွက်ဆိုချက်အတိုင်း မကွေးမြို့စားဝန်ကြီး၊ မြတောင်မြို့စားဝန်ကြီး၊ လောင်းရှည်မြို့စား အတွင်းဝန်များတို့ကို တာဝန်ခံစေ၍ ဝန်ထောက်စို့လေးဆယ်၊ ဒိုင်းဝန် အစရှိသော ပုဂ္ဂိုလ်များသည် အစု အမှုထမ်းလူ (၁၀၀၀) နှင့် သက္ကရာဇ် ၁၂၁၈ ခု၊ တပို့တွဲလဆန်း (၇) ရက်နေ့တွင် မန္တလေးတောင်အနီး မြို့တော် နန်းတော်တည်မည့်အရပ်သို့ သွားကြပြီးလျှင် မြို့တော် ဆောက်လုပ်မည့်နေရာတွင် တန်ဆောင်း မဏ္ဍပ် ဆောက်လုပ်ပြီး လှူဒါန်းဖွယ် အဖြာဖြာနှင့် ဆရာတော် သံဃာတော်များကို ပင့်၍ ပရိတ်တရားတော်များ နာကြားကြပါသည်။

ထိုနှစ် တပို့တွဲလဆန်း (၈) ရက်၊ တနင်္ဂနွေနေ့ နံနက် (၄) ချက်တီးကျော် (၄) နာရီ၊ (၂) ပါဒ်ပြည့်၊ (၁၂) ဗီဇနာ၊ (၄) ပြန်၊ (၂) ခရာ အချိန်တွင် မန္တလေးတောင်ခြေရင်းကသည် တောင်ဘက်ကို မဟာမုနိဘုရားကြီး အထိ၊ မြောက်ဘက်ကို မြေမြို့ရိုး အထိ၊ အရှေ့တောင်ကို အောင်ပင်လယ် ကန်ဆောင်ရိုးကသည် အနောက်ကို ရွှေတချောင်းအထိ နယ်လေးရပ်အတွင်း တောခုတ် ရှင်းလင်း ညီညွတ်စေရန် အသီးသီး တာဝန်ပေးကာ လုပ်စေပါသည်။

ထို့နောက် ရွှေမြို့တော် နန်းတော် ကျုံးတော်များကို ၁၂၁၈ ခု၏ တပို့တွဲလပြည့်ကျော် (၅) ရက်နေ့ ပန္နက်ချသည်မှစ၍ သာသနာတော် ၂၄၀၀ အထိမ်းအမှတ်ဖြစ်စေခြင်းငှာ မြို့တော်ကို လေးထောင့် စတုရန်း တည်၍ မြို့ရိုး အနားတစ်ဘက်တွင် တာပေါင်း ၆၀၀ စီ အညီအမျှ ခွဲဝေထားကာ ရွှေနန်းပြသာဒ်တော်ကြီး မြေနန်းတော် မှန်နန်းတော်မှစ၍ အဆောင်ပေါင်း (၁၀၀) ကျော် ကို အလုံးစုံ ဆောက်လုပ်ပြီးလျှင် နန်းမြို့တော်ကို လေးကျွန်းအောင်မြေ၊ ရွှေနန်းတော်ကို မြနန်းစံကျော်ဟု၊ သမုတ်တော်မူပြီး မော်ကွန်း ကမ္ပည်း သတ်မှတ်တော်မူသည်။

ဤသို့လျှင် မင်းတုန်းမင်းတရားသည် သာသနာရေးဘက်၌ –

(၁) လောကမာရဇိန်စေတီတော်

(၂) သိမ်တော်

(၃) သုဓမ္မာဇရပ်တော်

(၄) မဟာအတုလဝေယန်ကျောင်းတော်
(၅) ပိဋကတ်တိုက်တော်
လောကီရေးရာဘက်၌
(၆) ရွှေနန်းတော်
(၇) ကျုံးတော် ဟူသော ခုနစ်ဌာနတို့ဖြင့် တင့်တယ်လှပသော နန်းတော်ကြီး ပြီးစေ၍ ၁၂၂၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက်၊ ညဥ့်သုံးချက်တီးကျော် (၇) ရက်နေ့ တနင်္လာနေ့သို့အဝင် အလုံးစုံ ပြီးစီးသဖြင့် အုတ်ကျစ်ကျော်အေး မန္တလေး ဟူ၍ မန္တလေးမြို့ကြီး တည်ထောင်ခဲ့သည်။

### မင်းတုန်းမင်းကြီးနှင့်သာသနာတော်အရေး

မင်းတုန်းမင်းတရားသည် နောင်တော် ပုဂံမင်းကို ခြားနားသည့် ရွှေဘိုမြို့၌ နန်းစံနေစဉ်မှာပင် ရွှေဘိုမြို့နယ်ရှိ ရဟန်းသံဃာတော်များကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခဲ့သည်၊ တပို့တွဲလပြည့် ထမနဲပွဲနေ့၌ ကောက်ညှင်းဆန် တင်းတစ်ရာ ထမနဲထိုး၍ ရွှေဘိုမြို့နယ်ရှိ ဆရာတော် သံဃာတော်များအား လှူဒါန်း ထောက်ပံ့ခဲ့သည်။

သီလုံးကျောင်းတိုက်ရှိ ဆရာတော် ဦးစန္ဒိမာအား ကျောင်းတိုက်ရှိ သံဃာတော်များနှင့်တကွ လစဉ်ဆွမ်းဆန်တော် လှူဒါန်း ထောက်ပံ့ခဲ့သည်။ မန္တလေးမြို့၊ မြို့တော်ကြီး တည်ထောင်ပြီးနောက် အမရပူရမြို့ရှိ ဆရာတော်များအား ကျောင်း တိုက်နေရာများ လှူဒါန်း၍ ကျောင်းတိုက်များ ရွှေ့ပြောင်း တည်ထောင်စေခဲ့သည်။ ထို့ကြောင့် မန္တလေးမြို့ရှိ အချို့သော ကျောင်းတိုက်များသည် အမရပူရမြို့မှ ပါလာသော ကျောင်းတိုက်အမည်များ ဖြစ်သည်။ ဤသို့ဖြင့် မန္တလေး နေပြည်တော်ကြီး၌ ကျောင်းတိုက်ကြီးပေါင်း (၁၇၉) တိုက် ရှိ၍ ထိုကျောင်းတိုက်များအတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း (၁၀၂၇) ကျောင်းမျှ ရှိလာသည်။ ထိုကျောင်းတိုက်ကြီးများတွင် သီလဝန္တ ပညဝန္တ သိက္ခာကာမ ဖြစ်တော်မူကြသော မဟာထေရ်ကျော် ဆရာတော် ဘုန်းတော်ကြီးပေါင်း (၈၀) ပါးမျှ ရှိခဲ့ပါသည်။ ထို ဆရာတော်ကြီးများမှာ မင်းတုန်းမင်းတရားက ချီးမြှောက်ပေးအပ်သော ရာဇဂုရုဘွဲ့ရ ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။ ထို ဆရာတော်ကြီးများကို အမှီပြုလျက် စာချဆရာတော် (၃၀၀၀) ကျော်နှင့်တကွ နေ့စဉ် နေ့ဝါ ညဝါ မပျက် စာဝါလိုက်ကြသော ရဟန်းတော်များ အရေအတွက်မှာ (၁၅၃၃၆) ပါး ရှိကြသည်။

ထိုသံဃာတော်များအတွက် ဆွမ်းဆန်တော် တင်းရေပေါင်း (၂၀၄၉၂) တင်းကို လစဉ် လှူဒါန်းခဲ့သည်။ ထိုမြို့ပေါ်ရှိ ဆရာတော် သံဃာတော်များသာမကသေးပါ၊ တောလက်ကျေးရွာတို့၌ ဂဏပါမောက္ခ ဂိုဏ်းအုပ် မထေရ်ကြီးပေါင်း (၂၀၄) ပါးနှင့် အနီးအပါးရှိ သံဃာတော်များ၊ စစ်ကိုင်းတောင်ရှိ သံဃာတော် (၆၀၀) ပါးနှင့် သီလရှင်များအတွက် သင်္ကန်း ပရိက္ခရာ ဆွမ်းဆန်တော်များကိုလည်း လှူဒါန်းခဲ့သည်။ ထိုကဲ့သို့ နန်းတက်စနှစ်မှစ၍ လစဉ် ဆက်လက်လှူဒါန်းခဲ့ပါသည်။

ရဟန်းတော်များကို ပစ္စယာနုဂ္ဂဟအားဖြင့် လှူဒါန်းထောက်ပံ့ရာ၌ ရွှေမြို့တော် လေးပြင်လေးရပ်ရှိ ကျောင်းတိုက်စေ့ တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်မှစ၍ စာချဆရာတော်များအား အချိုးကျ လှူဒါန်းရာ၌ လွန်စွာစည်း စနစ်ကျလှသဖြင့် ဆရာတော်ကြီးများကပင် ချီးမွမ်းခြင်းခံရသော ဆရာတော်ကား မန္တလာရာမဆရာတော်ဖြစ်သည်။ အလှူတော်ဆန်များကို စာရင်း ဇယားနှင့်တကွ အချိုးကျ ဝေငှလှူဒါန်းရာတွင် အုပ်ချုပ်ရေးမှူးဆရာမတော်အဖြစ်ဖြင့် မန္တလေးသံဃာတော်များမှ ရွေးကောက် တင်မြှောက်ထားခြင်း ဖြစ်သည်။ လွန်စွာ စည်းစနစ်ကျလှသဖြင့် ကျေနပ်သူများလှသည်။

ဆန်အလှူတော် ဝေငှခြင်းနှင့်ပတ်သက်၍ ဖြစ်ရပ်ကလေး တစ်ခု ပေါ်ပေါက်ခဲ့ပါသည်။ ပစ္စည်း ဝတ္ထုကို ဝေငှရာ၌ အများနှင့် ဆက်ဆံရသောကြောင့် တစ်ဘက်က ကျေနပ်သော်လည်း တစ်ဘက်မှ ဆူပွက်သံများ ဖြစ်ပေါ်လာတတ်သည်မှာ ဓမ္မတာ တစ်ခုလို ဖြစ်ပါသည်။ ထိုကဲ့သို့ ဆန်တော်များ ဝေငှစဉ် မင်းတရားရှေ့တော်သို့ ပစ်စာတစ်စောင် ရောက်လာသည်။ ထိုစာတွင် –

"မာဒလံ၊ မခါသံ သူပြုတဲ့၊ သာမနုဇုန်း။ ဒသော ငယ်ထန် လဘော မိုလျှံလို့၊ လှူတော်မှန်၊ ဆန်တစ်ဝက်ကို ဖုံးဝှက်လို့ ထား" ဟူ၍ ပါရှိပါသည်။

ထိုပစ်စာကို အကြောင်းပြု၍ ရှင်ဘုရင့်အမိန့်ဖြင့် နန်းတော်တွင်းသို့ တံဆိပ်တော်ရ ဆရာတော်ကြီးများ အစုံအလင် ပါရှိသော အစည်းအဝေးကြီးတစ်ခု ကျင်းပရန် ပင့်လျှောက်၍ ထိုကိစ္စကို ရှင်းလင်းရသည်။ မန္တလာ ဆရာတော်ကြီးမှာ တာဝန်ရှိပုဂ္ဂိုလ်ဖြစ်၍ ထိုကိစ္စကို ရှင်းလင်းရာ၌ ယခင်နှစ်များက ဆွမ်းဆန်ကို စာရင်းအရ တိကျအောင် ဝေငှနိုင်ခဲ့သော်လည်း ယခုနှစ်မှာ စာချဆရာတော်များ တိုး၍ ပိုမိုလာသဖြင့် တိုက်ရှိ သံဃာများနှင့်ကိုက်ညီအောင် အချိုးကျ ဆန်ကိုလျှော့၍ ဝေငှရကြောင်း ရှင်းလင်းပြခါမှ ဆရာတော်များ ကျေနပ်သွားကြကြောင်း ဖြစ်ရပ်တစ်ခု သိရပါသည်။

မင်းတုန်းမင်းကြီးသည် ဤမျှလောက် လစဉ် ဆွမ်းဆန်တော် လှူဒါန်းမှုပြုသည်မှာ ကျေနပ်မှု မရှိသေးပါ။ ဘုရားဟောဖော် ပါဠိတော်များကို အက္ခရာ ပဒ ကျန သေချာစွာ

ဆရာတော်များကို စိစစ်စေတော်မူပြီးလျှင် ပေတက်အက္ခရာတင်သည်။ ပျောက်ပျက်နိုင်၍ ခိုင်မြဲသော ကျောက်ထက်အက္ခရာ တင်ရန် စီမံခဲ့သည်။ ထို စီမံချက်အရ စကျင်ကျောက်တောင်ကြီးမှ သလင်းကျောက်ပြားများကို ကျောက်ထက်အက္ခရာတင်ရန် ကျောက်ပြားများကို စီမံပြီး၍ ထိုကျောက်ပြားပေါ်၌ အက္ခရာများရေးသားပြီးလျှင် ရေးသားပြီး အက္ခရာများကို မှန်စေရန် သေချာစွာ အထပ်ထပ်တိုက်ဆိုင် စစ်ဆေးပြီး အက္ခရာစာလုံးများ ထွင်းစေသည်။ ထိုစီမံချက်မှာ ၁၂၂၂ ခု၊ တန်ခူးလပြည့်ကျော် (၁၀) ရက်နေ့မှစ၍ တော်သလင်းလပြည့်ကျော် (၁၄) ရက်နေ့အထိ (၆) လ တိတိ ပဉ္စမသံဂါယနာကို သံဃာတော် (၂၄၀၀) ဖြင့် တင်ခဲ့သည်။ ထိုသို့ ပဉ္စမသံဂါယနာတင်ပွဲကြီး အောင်မြင်ထမြောက်အောင် ဆောင်ရွက်တော်မူကြသဖြင့် လွန်မင်းစွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်တော်မူသောကြောင့် "တဒါပန ဇိန စက္ကံ၊ နဘော စန္ဒော၀ ပါကဋံ" ဟူ၍ ဥဒါန်းကျူးခဲ့ကြသည်။

တဒါ၊ ထို သံဂါယနာ တင်ပြီးသောအခါ၌၊ ဇိန စက္ကံ၊ မြတ်စွာဘုရား စက်ရတနာ သာသနာတော်သည်၊ နဘော၊ ကောင်းကင်၌၊ စန္ဒော၊ လသည် ပါကဋောဝိယ၊ ထွန်းလင်း တောက်ပထင်ရှားလှသကဲ့သို့၊ ပါကဋံ၊ သာသနာ အလင်းရောင် တပြောင်ပြောင် ပဝင်း၍ လွန်မင်းစွာ ထင်ရှားခဲ့ပါပြီ။

ဤသို့ မင်းတုန်းမင်းကြီးလက်ထက်တော်မှ ထွန်းလင်းတောက်ပခဲ့သော သာသနာတော်သည် မမှိန် မပ ထွန်းလင်းစေရန် သီပေါမင်းတရားလေးက ဆက်လက်၍ အားသွန် ခွန်စိုက်အားထုတ်ခဲ့သဖြင့် မန္တလေးမြို့၌ သာသနာတော်သည် အရောင် မမှိန် တထိန်ထိန်ပင် တောက်ပ လင်းပြောင်ခဲ့သည်။

၁၂၄၇ ခုနှစ်၊ သီပေါမင်းတရားလေး အနောက်နိုင်ငံသို့ ပါတော်မူသည်နောက်၌ သာသနာထောက်ပံ့မည့်မင်း ကွယ်ပခဲ့၍ သာသနာတော်သည် အရောင်မလင်း မှောင်တွင်းကျတော့၍ ပဝင်းခြင်း မရှိတော့ပါ။ စာတတ်အကျော် ဆရာတော်များလည်း ထောက်ပံ့သည့် ဒါယကာ မရှိတော့၍ မန္တလေးတွင် သီတင်းသုံး၍ မဖြစ်တော့သဖြင့် သာသနာပြုနိုင်ရာ အရပ်တို့သို့ ကြွရောက်သီတင်းသုံးခဲ့ကြသည်။ သို့အတွက် မန္တလေး သာသနာရောင်သည် မဝင်းပြောင်နိုင်ဘဲ မှေးမှိန်ခဲ့သည်။

ဤကဲ့သို့ အဖြစ်ဆိုး ရောက်ရသည်ကို မရှုစိမ့်နိုင်ကြသော မန္တလေးမြို့သူ မြို့သားတို့သည် သာသနာရောင် တောက်ပြောင်ခဲ့သော မန္တလေးသာသနာတော်၏ ဆုတ်ယုတ်မှုကို မလိုလားကြသဖြင့် တစ်ဦးတစ်ယောက်ကောင်းဖြင့် သာသနာတော်ကို မချီးမြှောက်နိုင်၊ အသင်းဖွဲ့စည်း၍ သာသနာတော် အခြေကောင်းအောင် ချီးမြှောက်လိုကြသောကြောင့် ပရိယတ္တိသာသနဟိတအသင်းကြီး ဖွဲ့စည်း၍ သာသနာတော် လင်းပြောင်အောင် ထောက်ပံ့ချီးမြှောက်ခဲ့ကြသဖြင့် အနယ်နယ်အရပ်ရပ်နှင့် မတူအောင် မန္တလေးသာသနာတော်ကြီး ပြန်လည်စည်ပင်သည်မှာ မြန်မာပြည် သာမက ကမ္ဘာလုံး၌ပင် ထင်ရှားကျော်စောခဲ့ပါသတည်း။

ဘဒ္ဒန္တ ကေလာသာဘိဝံသ<br>
သကျသီဟမွှောရိယ<br>
သမ္ဘတစာချကျောင်း<br>
မြတောင်တိုက်<br>
မန္တလေးမြို့။

# ဂုဏ်ဘာတစ်မှသည် ဂုဏ်ဘာပေါင်းများစွာသို့



## ပ–သ–အ ရာပြည့်ပွဲတော် ကျင်းပရန် ဩဝါဒ ခံယူခြင်း

လာမည့် ၁၃၆၀ ပြည့်နှစ် ဆိုလျှင် ဤပရိယတ္တိသာသန ဟိတအသင်းကြီးတည်ထောင်လာသည်မှာ နှစ်ပေါင်း (၁၀၀) ပြည့်ပေတော့မည်။ ရာပြည့်ပွဲတော်ကြီး စည်စည်ကားကား ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြရန် အသင်းအမှုဆောင်လူကြီးများက စီမံဆောင်ရွက်လျက် ရှိကြပါသည်။

၁၃၅၆ ခု၊ ဝါခေါင်လပြည့်နေ့က ပ–သ–အ အသင်း၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ အသင်း အကိုးကွယ်ခံ ဆရာတော်ကြီးများကို ပင့်ဖိတ်၍ ရာပြည့်ပွဲတော်ကြီး ကျင်းပမည်ဖြစ်ကြောင်း လျှောက်ထားသောအခါ ဆရာတော်များ အားလုံးက သဘောတူ ခွင့်ပြုကြသည့်အပြင် ရာပြည့်ပွဲတော်ကြီး စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပနိုင်ဘို့အတွက် ဆရာတော်များက အသီးသီး အကြံပြု ဩဝါဒ ပေးတော်မူကြပါသည်။



F-25

အကြံပြု ဩဝါဒပေးတော်မူကြသော ဆရာတော်များမှာ

၁။ ဘဒ္ဒန္တ ဇောတိကာဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု ဒေးဝန်းကျောင်း၊ မိုးကောင်းတိုက်၊

၂။ ဘဒ္ဒန္တ မေဓိယာဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု နယားကျောင်း၊ ဘုရားကြီးတိုက်၊

၃။ ဘဒ္ဒန္တ သာသနာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ရွှေဝါဝင်းကျောင်း၊ မြတောင်တိုက်၊

၄။ ဘဒ္ဒန္တ ကေလာသာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ သမ္မတစာချကျောင်း၊ မြတောင်တိုက်၊

၅။ ဘဒ္ဒန္တ ပညာသာမိဘိဝံသ အဂ္ဂမဟာပဏ္ဍိတ ဝိနယနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊

၆။ ဘဒ္ဒန္တ ကုမာရာဘိဝံသ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဗန်းမော်ကျောင်း၊ ဗန်းမော်ကျောင်းတိုက်၊

၇။ ဘဒ္ဒန္တ ကောဏ္ဍညာဘိဝံသ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆီးပင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊

၈။ ဘဒ္ဒန္တ ဇောတိကာဘိဝံသ ဇောတိကာရုံစာချကျောင်း တောင်ထီးလင်းတိုက်၊

၉။ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ ဓမ္မဒါယာဒကျောင်း မစိုးရိမ်တိုက်သစ်၊

အထက်ပါ ဆရာတော် (၉) ပါး တို့ ဖြစ်ကြပါသည်။

**ပရိယတ္တိသာသနဟိတအသင်းကြီး စတင် တည်ထောင်မှု**

ပရိယတ္တိတရား ဆုတ်ယုတ်လာပါက ပဋိပတ္တိ ပဋိဝေဓ တရားနှစ်ပါးလည်း မစည်ကား လျော့ပါး ညှိုးနွမ်းချေတော့မည်၊ ဆရာနှင့်ဒကာ၊ ဒကာနှင့်ဆရာ၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အချင်းချင်း အမှီသဟဲပြုကာ ကာယစွမ်းအား ဉာဏစွမ်းအား ပြည့်ပြည့်ဝဝဖြင့် သာသနာတော်ကြီး သန့်ရှင်း တည်တံ့ ထွန်းကား ပြန့်ပွားစေရန် ရည်သန်ချက် (၅) ချက် ပိုင်းခြားလျက် ပွဲစားကြီး ဦးထွန်း စသော ဒကာကြီး (၁၂) ဦး တို့ ဦးစီးခေါင်းဆောင် ပြုလုပ်ကြလျက် တတ်အားသမျှ ငွေပင် ငွေရင်း တည့်ဝင်ကြပြီးလျှင် ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၌ စတင် တည်ထောင်ကာ သာသနာပြု လုပ်ငန်းများကို ဆောင် ရွက်ခဲ့ပါသည်။

**အသင်းစာမေးပွဲကြီးသုံးခု**

စာရေးသူအနေဖြင့် ပညာရေးတာဝန်ကို ထမ်းဆောင်နေ ရသည့် အလျောက် အသင်း၏ ပညာရေးဆောင်ရွက်ချက်များ ကို အဓိကထား ဖော်ပြသွားပါမည်။

ဤပရိယတ္တိသာသနဟိတအသင်းကြီးသည် နှစ်စဉ် နယုန် လတွင် ရဟန်း သကျသီဟစာမေးပွဲ၊ ပြာသိုလတွင် သာမဏေ သကျသီဟ စာမေးပွဲ၊ တပေါင်းလတွင် နိကာယ်ငါးရပ် ပိဋက သုံးပုံ ဟူ၍ တစ်နှစ်လျှင် စာမေးပွဲ (၃) ခု ကျင်းပ ပြုလုပ်ပေးလျက် ရှိပါသည်။

**ရဟန်းသကျသီဟ စာမေးပွဲ**

၁၂၆၅ ခုနှစ်မှစ၍ ပရိယတ္တိသီးခြား စာသင်တန်း စာမေးပွဲ ကို စတင်ကျင်းပခဲ့ပါသည်။ ၁၂၆၇ ခုနှစ်မှစ၍ ပရိယတ္တိ သီးခြား စာချတန်းကို စတင် ကျင်းပခဲ့ပါသည်။ ၁၃၅၆ ခု၊ နယုန်လအထိ ကျင်းပခဲ့သည့် အကြိမ်ပေါင်း (၈၈) ကြိမ်တွင် ပရိယတ္တိသီးခြား စာချတန်း အောင်မြင်ပြီး ပုဂ္ဂိုလ်အရေအတွက်မှာ (၃၂၄) ပါး ရှိပါသည်။

ဤအသင်းမှ သီးခြား စာချတန်း အောင်မြင်ပြီးသော ဆရာတော်များသည် နိုင်ငံခြားတိုင်းပြည်များ အပါအဝင် မြန် မာပြည် အနယ်နယ်အရပ်ရပ် (ပြည်တွင်း ပြည်ပ နိုင်ငံများ) ၌ အဆင့်မြင့်မြင့် အထက်တန်းကျကျ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိကြပါသည်။

သကျသီဟ စာမေးပွဲသည် မြန်မာနိုင်ငံအတွင်းရှိ အသင်း စာမေးပွဲအားလုံးတွင် အခက်ဆုံး စာမေးပွဲ ဖြစ်ပါသည်။ (စာရေး သူ ရဟန်းဖြစ်စက မန္တလေးမြို့၊ မြင်းဝန်မင်းကြီးတိုက် ဆရာ တော်ထံ မိမိသကျသီဟ စာမေးပွဲ ဖြေဆိုမည့်အကြောင်း လျှောက်ထားရာ ဆရာတော်က "ဦးပဥ္စင်း လူသတ်စာမေးပွဲ ဖြေမလို့လားကွ" ဟု မိန့်တော်မူဘူးပါသည်။ ဆိုလိုသည်မှာ သကျသီဟ စာမေးပွဲကို ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ၊ အသက် ကို ပဓာနမထားပဲ၊ ကျန်းမာရေးကို ဂရုမစိုက်နိုင်ပဲ စာမေးပွဲကြီး အောင်မြင်ရန်အတွက်သာ ကြိုးစားအားထုတ်ကြရပေသည်။ ဤသို့ အအိပ်ပျက် အစားပျက်ခံပြီး ကြိုးစားအားထုတ်ရသော ကြောင့် သကျသီဟ စာမေးပွဲ ဖြေဆိုသည့် ပုဂ္ဂိုလ်များသည် များသောအားဖြင့် အရိုးပေါ် အရေတင် ပိန်ချုံးကုန်သည်သာ များပါသည်။ ကျန်းမာရေးကလည်း ချို့ယွင်းကုန်ကြပါသည်။ ထို့ကြောင့် မြင်းဝန်မင်းကြီးတိုက် ဆရာတော်က ရဟန်းသကျ သီဟ စာမေးပွဲကို "လူသတ်စာမေးပွဲ" ဟု တင်စား ခေါ်ဝေါ် လိုက်ခြင်း ဖြစ်ပါသည်။

**သာမဏေ သကျသီဟ စာမေးပွဲ**

သာမဏေ သကျသီဟ စာမေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ် ချက်မှာ -

၁။ အသက် (၂၀) မပြည့်မီ ဘုရားဟော ပိဋကတ်ကျမ်းဂန် များကို သဘာဝကျနစွာ တတ်စေလိုခြင်း၊ သဒ္ဒါ သင်္ဂြိုဟ် အဘိဓာန် အလင်္ကာ ဆန်းစသည်တို့ဖြင့်သာ စာသင်ချိန် မကုန်လွန်စေပဲ ဘုရားဟော ပါဠိတော်များကို သဒ္ဒါနည်း

မှန်မှန် အနက် သမ္ဗန်၍ ယင်းပါဠိတော်များက ညွှန်ပြသောအတုယူစရာ လိုက်နာစရာ ရှောက်ကြဉ်စရာ (ရှောင်ရန် ဆောင်ရန်) တို့ကို သိနားလည်ရန် ဖြစ်ပါသည်။

၂။ ပါဠိသင်နည်း ပိဋကတ်သင်နည်း တို့ကို ကွဲပြားခြားနားစေလိုခြင်း ပါဠိဘာသာ ရေးသားနည်း၊ သီကုံးနည်း ပြောဆိုနည်းတို့ကို အလေ့အကျင့် ပြုရန်နှင့် ပိဋကတ်တော်၌ ဘုရားရှင် ဟောတော်မူလိုရင်းဖြစ်သော သဘာဝဓမ္မတို့ကို ကောက်ယူ ခွဲခြားနိုင်ရန် ဖြစ်ပေသည်။

၃။ သုတ္တန် ဝိနည်း ပါဠိတော်များမှ အဘိဓမ္မာ သဘာဝတ္ထတို့ကို ထုတ်ယူ၍ ပရိယတ္တိသာသနာ၏ အဆီ အနှစ်များကို ပေါ်လွင်ထင်ရှားစွာ ရေးသား ပြောဟောနိုင်ခြင်း၊ ယင်း အဘိဓမ္မာ သဘာဝတ္ထ ပရမတ္ထတရားတို့ အချင်းချင်း ရောနှောပုံ ကျေးဇူးပြုပုံ တို့ကို ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်များဖြင့် မိမိသင်ကြားသော သုတ် ဝိနည်း တို့၌ ခွဲခြားဝေဖန်တတ်ရန် ဖြစ်ပါသည်။

၄။ သာသနာတော်ကို ကြည်ညို လေးစား သက်ဝင်သော သဒ္ဓါတရားဖြင့် ကိုယ်တိုင်သင်ကြားလေ့ကျင့်၍ တစ်ခြားသူတို့အား ကျနစွာ သင်ပြလေ့ကျင့်ပေးနိုင်ခြင်းတို့ အတွက် ရည်ရွယ်၍ ဤသာမဏေသကျသီဟ စာမေးပွဲကို ကျင်းပရခြင်း ဖြစ်ပါသည်။

ဤသို့လျှင် သာသနာလင်္ကာရ သာမဏေစာလျှောက်မေးခမ်းကို ပထမအကြိမ်အဖြစ် ၁၃၁၁ ခုနှစ်၊ ပြာသိုလဆန်း (၂-၃-၄) သုံးရက်တိုင် မဟာသကျသီဟဘုရား ပရိဝုဏ်အတွင်း ဦးသာညွှန်း ဇရပ်ကြီး၌ စတင် ကျင်းပခဲ့ပါသည်။

ဤသာမဏေ သကျသီဟ စာမေးပွဲနှင့်ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါသည်။ စာရေးသူကိုယ်တိုင် ဤသာမဏေ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ပါသည်။ ဤစာမေးပွဲသည် တစ်ခြားသောစာမေးပွဲများထက် ပိုမို ထူးခြားပါသည်။ အဘိဇမဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးက "ဘုရားဟော ပိဋကတ် စာပေများ ကို သင်အံ လေ့ကျက်နေသူသည် ဘုရားနှင့် တွေ့နေသည်" ဟု မိန့်တော်မူခဲ့သည့်အတိုင်း -

ဤသာမဏေ သကျသီဟ စာမေးပွဲ ဖြေဆိုနေကြသော သာမဏေများသည် ပြဌာန်းကျမ်းစာထဲမှာ ပါသည့် ဘုရားဟော ဝိနည်း ငါးကျမ်းပါဠိတော် အဋ္ဌကထာ ဋီကာ ဓမ္မပဒပါဠိတော် အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစာများကို သာမဏေဘဝနှင့်ပင် လေ့လာသင်ယူ ဆည်းပူးခွင့်ရသဖြင့် ငယ်ငယ်ရွယ်ရွယ် အသိဉာဏ်ထက်မြက်ပြီး ၎င်းပါဠိတော် အဋ္ဌကထာ ဋီကာများထဲမှ လိုက်နာစရာ ကျင့်ကြံစရာ အတုယူစရာများကို သိရှိရပြီး ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်သဖြင့် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာပါသည်။ ၎င်းအပြင် ဤသာမဏေ သကျသီဟ စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးသော သာမဏေသည် ပြဌာန်းကျမ်းစာထဲမှာပါသည့် ပါဠိ အဋ္ဌကထာ ဋီကာများကို လေ့လာဆည်းပူးရသည့်အတွက် အနက်ဉာဏ် ရင့်သန်ပြီး နိုင်ငံတော်အစိုးရမှ ကျင်းပသော ဓမ္မာစရိယ (စာချ) တန်းကို လွယ်လွယ်ကူကူနှင့် နှစ်မခြားပဲ (နှစ်အနည်းငယ်အတွင်း) အောင်မြင်ပြီးမြောက်နိုင်ပါသည်။ သို့အတွက်ကြောင့် ဤသာမဏေ သကျသီဟ စာမေးပွဲသည် အခြား အခြားသော စာမေးပွဲများထက် ပိုမို ကောင်းမွန် ထူးခြားပါသည်။

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာမေးပွဲ

ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ် ဟု နိကာယ်အားဖြင့် ငါးရပ်၊ သုတ္တန္တပိဋက၊ ဝိနယပိဋကတ်၊ အဘိဓမ္မာပိဋက ဟု ပိဋကအားဖြင့် သုံးပုံကို နိကာယ်ငါးရပ် ပိဋကသုံးပုံ ဟု ခေါ်ပေသည်။

မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးက နိကာယ်စာမေးပွဲနှင့် ပတ်သက်ပြီး ဤသို့ မိန့်ဆိုဘူးပါသည်။

"ဘုန်းကြီးတို့ သကျသီဟ စာမေးပွဲ စာသင်တန်းမှာ သင်ကြရတဲ့ သဒ္ဒါတို့ သင်္ဂြိုဟ်တို့ အဘိဓာန် အလင်္ကာ ဆန်းဆိုတဲ့ စာပေတွေမှာ အမှန်တော့ ပိဋက ပင်လယ်ပြင်ကြီးကို ကူးဘို့ရန်အတွက် အခြေခံလောက်ပဲ ရှိပါသေးတယ်။ တစ်ခါ သကျသီဟ စာချတန်းဆိုတဲ့ အဋ္ဌကထာကြီးသုံးကျမ်း တက်ရောက်ပြီး ဖြေကြရတယ်ဆိုတာလည်းပဲ အမှန်တော့ စာချတတ်တဲ့ စာချနိုင်တဲ့ဉာဏ် ရှိ မရှိနဲ့ ပိဋကတ်ပါဠိတော်ကြီးများကို ချဉ်းကပ်သက်ဝင်နိုင်တဲ့ဉာဏ် ရှိ မရှိ စမ်းတဲ့စာမေးပွဲလောက်ပဲ ရှိပါသေးတယ်။ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို တကယ်တန်းချဉ်းကပ်သက်ဝင်ပြီးတော့ မသွားရသေးဘူး၊ ဒီတော့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို တကယ်ကိုပဲ သွားနိုင်ပြီဆိုတာ ထင်ရှားစွာ ပြတဲ့ စာမေးပွဲတစ်ခု လိုအပ်နေတာအမှန်ပဲ၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အာဂုံရေးဖြေ စာပြန်ပွဲကျင်းပခြင်းဟာ အဲဒီလိုအပ်နေတဲ့ နိကာယ် ဉာဏ်တွေ ပွင့်လာအောင် နိကာယ်တည်းဟူသော ပဒုမ္မာကြာပန်းတွေ ဘုရားသာသနာတည်းဟူသော ရေကန်ထဲမှာ ပွင့်လာအောင်ဆောင်ရွက်ပေးတာပဲ" ဟု မိန့်ဆိုဘူးပါသည်။

ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဟံသာဝတီ ဆရာတော်ဘုရားကြီးကလည်း ဤသို့ မိန့်ဆိုဘူးပါသည်။

"ပရိယတ္တိတည်သော် ပဋိပတ္တိနှင့် ပဋိဝေဓ သာသနာတော် နှစ်ပါး တည်နိုင်သည်၊ အကယ်၍ ပရိယတ္တိသာသနာတော် ကွယ်ပပျက်စီးခဲ့သော် ဤပရိယတ္တိကို အမှီသဟဲပြု၍ တည်နေသော ပဋိပတ္တိနှင့် ပဋိဝေဓ သာသနာတော် နှစ်ပါးသည် အကြွင်းမဲ့ ချုပ်ငြိမ်းကွယ်ပျောက်မည် ဧကန်ဖြစ်ပါသည်။ တစ်နည်းသော် ပဋိပတ်ဖြည့်ကျင့်ဆည်းပူးသော ပုဂ္ဂိုလ်ဘယ်လောက်များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ဗုဒ္ဓသာသနာတော်ကြီး ကာလမြင့်ခေါင် ငါးထောင်ရှည်ကြာခိုင်ခံ့ တည်တံ့ခြင်း၏ အကြောင်းရင်းမူလ ဘဝအမှန်ကား ပရိယတ္တိသာသနာတော်ကြီးသာ ဧကန် စစ်မှန်သော မူလအကြောင်းရင်း ဖြစ်ပေသည်" ဟု မိန့်ဆိုခဲ့ပါသည်။

ဤသို့လျှင် ၁၃၃၁ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်နေ့၌ ပါဠိတော်အာဂုံရေးဖြေ၊ တပေါင်းလဆန်း (၃) ရက် နေ့၌ အနက်အဓိပ္ပါယ် ရေးဖြေဟု မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာမေးပွဲကို စတင် ကျင်းပလာခဲ့ရာ ယခုတိုင် ဖြစ်ပါသည်။

ယခုကဲ့သို့ ပရိယတ္တိသာသနဟိတအသင်းကြီးက နှစ်တစ်ရာအတွင်း မြန်မာနိုင်ငံတော်တွင် အသင်းစာမေးပွဲကြီးသုံးခုကို တာဝန်ခံပြီး ကျင်းပပေးနေသည်မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တည်တံ့ ထွန်းကား ပြန့်ပွားရေးအတွက် အများကြီး အထောက်အကူ ဖြစ်စေပါသည်။ ။

ပရိယတ္တိသာသနဟိတအသင်းကြီး နှစ်တစ်ရာပြည့် ပွဲတော်ကြီးကို ကြိုဆိုလျက် ...

- ❖ ပရိယတ္တိသာသနဟိတအသင်းကြီး နှစ်တစ်ရာပြည့် မှစသည် ရာပြည့်နှစ်ပေါင်းများစွာ တည်ပါစေ ...
- ❖ ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းပါစေ ...
- ❖ ဗုဒ္ဓမြတ်စွာ သာသနာ ငါးရာ ဆယ်လီ တည်ပါစေ ...

အရှင်သောဓေက
သာသနတက္ကသီလ မဟာဓမ္မာစရိယ
လ/ထ ပိဋကတ်တိုက်မှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
မန္တလေးမြို့။




ဆရာမင်းယုဝေနှင့် ငွေတာရီ မြန်မာပြန်ဆိုသည့် အိစွတ်ပုံပြင်စာအုပ် "အရည်အချင်းသာကြည့်ပါ၊ အရေအတွက်ကို မကြည့်ပါနှင့်" အမည်ရှိ ပုံပြင်လေးတစ်ပုဒ်ပါရှိသည်။ ထိုပုံပြင်လေး၏အနှစ်ချုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

နှုတ်သီးကောင်းသော မြေခွေးမတစ်ကောင်က ခြင်္သေ့မတစ်ကောင်အား "ခြင်္သေ့တို့သည် သားမွေးလျှင် တစ်ကောင်ထက်ပို၍ မမွေးနိုင်" ဟု ကဲ့ရဲ့ ပြောဆိုလေ၏။

ဤတွင် ခြင်္သေ့မက "မှန်သည် မြေခွေးမ၊ တို့မွေးသော တစ်ကောင်သည် ရဲစွမ်းသတ္တိ ခွန်အားနှင့် ပြည့်စုံသော ခြင်္သေ့တစ်ကောင်သာ ဖြစ်သည်" အဖြေပေးလိုက်လေသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ပရိယတ္တိစာပေလောကတွင် အရည်အချင်း ပြည့်ဝသည့် ပိဋကကျမ်းအရာ၌ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် သာသနာ့အာဇာနည် ရှင် ရဟန်းများကို မွေးထုတ်ပေးနေသည့် သာသနာ့မိခင်ကြီးကို ပြောပြပါဟု မေးလာလျှင် မန္တလေးမြို့မှ ပရိယတ္တိသာသနဟိတအသင်းကြီးကို ပြောပြမိပါလိမ့်မည်။

ထိုအသင်းကြီးသည် နှစ်စဉ်သီးခြား စာသင်တန်း၊ သီးခြား စာချတန်း၊ သာမဏေကျော် စာမေးပွဲများ ကျင်းပပေးလျက် အရည်အချင်း ပြည့်ဝသည့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် သာသနာ့အာဇာနည် ရှင် ရဟန်း များကို မွေးထုတ်ပေးလျက် ရှိပေသည်။ စာမေးပွဲ အောင်မြင်သူ နည်းပါးပါသော်လည်း ထိုအောင်မြင်သူသည် ခြင်္သေ့အလား ပိဋကတ်ကျမ်းဂန်အရာ၌ အရည်အချင်းပြည့်ဝသည့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည့် အရှင်မြတ်များသာ ဖြစ်လေသည်။ ထိုအသင်း စာမေးပွဲ အောင်မြင်ပြီးသူသည် အစိုးရဓမ္မာစရိယနှင့် အခြားအမျိုးသား စာမေးပွဲများ အောင်မြင်ဖို့ရန် မခဲယဉ်းတော့ပေ။ ထိုအသင်းမှ သာမဏေကျော် စာမေးပွဲ တတိယအဆင့်အောင်မြင်ပြီးသည့် ကိုရင်နှစ်ပါး အစိုးရဓမ္မာစရိယစာမေးပွဲ ဝင်ရောက်ဖြေဆိုရာတွင် တစ်နှစ်တည်း သုံးကျမ်းစလုံးအောင်မြင်သွားသည့် ဖြစ်ရပ်များက သက်သေထူနေပေသည်။

ထို့ပြင် စာဝါများ ပို့ချနေသည့်အရာ၌လည်း စာသင်သားများသည် ရှေးဦးစွာ စာချဆရာတော်၏ အရည်အချင်းကို စုံစမ်းလေ့ရှိကြသည်။ "အဘိဓံသဘွဲ့ရ စာချဆရာတော်များထံ၌သာ စာဝါလိုက်လိုကြပေသည်"။ "အဘိဓံသ"ချင်းတူသော်လည်း မည်သည့်အသင်းက ရရှိသည့် "အဘိဓံသ" နည်းဟု ဆက်လက်စုံစမ်း လေ့ရှိကြပေသည်။ မန္တလေးက ဆက်ကပ်သည့် "အဘိဓံသ" ကိုမှ ပို၍ အထင်ကြီးလေ့ရှိကြသည်။ တန်ဖိုးထားတတ်ကြသည်။ လေးစားလေ့ ရှိကြသည်။ ကျွန်ုပ်တို့ မြှောက်ပင့်၍ ဆိုခြင်း မဟုတ်ပါ၊ စာသင်တိုက်ကြီး၊ စာသင်သားများထံမှ ကြားသမျှကို အမှန်အတိုင်း တင်ပြခြင်းသာ ဖြစ်ပါသည်။

ထိုအသင်း စာမေးပွဲကို သာမန်ဉာဏ် ဝီရိယရှိရုံမျှနှင့် မဖြေဆိုနိုင်ကြပေ။ ကိုယ်ပိုင်တွေးခေါ် ဆင်ခြင်ဉာဏ် သုံးရသည့် မေးခွန်းမျိုး မေးတတ်သဖြင့် ကိုယ်ပိုင်တွေးခေါ် ဉာဏ်ရှိဖို့လိုသည်။ နာမည်ကျော် ကျမ်းဂန်တတ်ဆရာတော်ကြီးများထံ စာဝါလိုက်ဖို့လိုသည်။ ကျမ်းစုံအောင် ကြည့်ဖို့လိုသည်။ ထို့ကြောင့် သာမန်ဉာဏ် ဝီရိယရှိသူတို့ အနားမသီနိုင်ကြပေ။ သာမန် ဇွဲရှိသူတို့ မဝင်နိုင်ကြပေ။

လူ့လောကရောက်လာသူတစ်ဦးအဖို့ သမိုင်းပေးတာဝန်အရ လူ့တာဝန်ကို စွမ်းနိုင်သည့်ဘက်မှ ထမ်းဆောင်ရဖို့ တာဝန်ရှိလေသည်။ ထိုတာဝန် ကျေပွန်မှ လူကောင်း လူတော်တစ်ယောက်ဖြစ်နိုင်၍ လူပီသပေလိမ့်မည်။ ထို့ပြင် မိမိယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ တာဝန်ကိုလည်း အပိုထမ်းဆောင်ဖို့ သက်ဆိုင်ရာ ဘာသာဝင်တိုင်း၌ တာဝန်ရှိပေသည်။ ထိုတာဝန်ကို မလွဲ မသွေ ထမ်းဆောင်ရပေမည်။ သို့မှသာ တာဝန်ကျေသော လူသားတစ်ဦး ဖြစ်ပေလိမ့်မည်။

မန္တလေးမြို့မှ ပရိယတ္တိသာသနဟိတအသင်းကြီးသည်လည်း သမိုင်းပေးတာဝန်အရ မိမိတို့ယုံကြည်ကိုးကွယ်ရာ ဗုဒ္ဓဘာသာဝင်၏ သာသနာ့တာဝန်ကို ထမ်းဆောင်ရန် ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ၌

(၁) ပရိယတ္တိ သာသနာ၊

(၂) ပဋိပတ္တိ သာသနာ၊

(၃) ပဋိဝေဓ သာသနာ ဟု သုံးမျိုး သုံးစား ရှိသည်။

၎င်းတို့အနက် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟု ဆိုအပ်သော ဘုရားရှင် ဟောကြားတော်မူခဲ့သည့် ပိဋကတ်တော်များကို "ပရိယတ္တိသာသနာ" ဟု ခေါ်သည်။ သိက္ခာပုဒ်များ၊ စေတီယင်္ဂဏဝတ်၊ သေနာသနဝတ်စသော ကျင့်ဝတ်များ၊ သမထ ဝိပဿနာ ဘာဝနာများကို "ပဋိပတ္တိသာသနာ" ဟုခေါ်သည်။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ကို "ပဋိဝေဓသာသနာ" ဟု ခေါ်သည်။

၎င်းတို့အနက် "သာသနဋ္ဌိတိယာ ပရိယတ္တိပမာဏံ" စကားနှင့်အညီ ဘုရားရှင်၏ သာသနာတော်ကြီး အရှည်တည်တံ့ရေး၌ ပရိယတ္တိသာသနာသည် အဓိကကျပေသည်။ ပရိယတ္တိသာသနာအဓိကကျပုံကို သာသနာကွယ်ကြောင်း တရားများ၌ အဓိကအားဖြင့် ပါဝင်ပုံကို ကြည့်ရှုခြင်းဖြင့် သိနိုင်ပေသည်။

အင်္ဂုတ္တိုရ် ပါဠိတော်၌ သာသနာကွယ်ကြောင်း တရားများကို ဟောတော်မူထားပါ၏။ ယင်းစကားရပ်များ၏ အနက်အဓိပ္ပါယ် မှတ်ယူလွယ်စိမ့်သောငှာ ရှေးဆရာတော်များက လင်္ကာဖြင့် ရေးသားမှတ်တမ်းတင်ထားကြပါ၏။

ပထမငါးမျိုး

"အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မမှတ်၊ ပဋိပတ်ကျွာ ဤငါးဖြာတည်း"

ဒုတိယငါးမျိုး

"နောင်လာထို့ပြင်၊ စာသင်ပယ်လျော့၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်ဖွ မအံ၊ မကြံမစည်၊ ဤငါးမည်တည်း"။

တတိယငါးမျိုး

"ဝါတစ်နည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဆုံးမမယူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည် ဘုရားသာသနာကွယ်ကြောင်းတည်း"

ယင်းသို့ ဘုရားရှင်သာသနာတော်ကြီး အစွန့်ရှည်စွာ တည်တံ့ရေး၌ ပရိယတ္တိသာသနာ အဓိကကျနေသောကြောင့် အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ စသော ရဟန္တာ အရှင်မြတ်ကြီးများသည် မိမိတို့ကိုယ်တိုင်က အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်၍ ဘဝဇာတ်သိမ်းပြီး ဖြစ်ပါသော်လည်း ကြောင့်ကြမဲ့နေတော် မမူကြဘဲ အဇာတသတ်မင်း၏ အကူအညီကို ရယူကာ ပိဋကတ်စာပေများ လေလွင့်ပျောက်ကွယ် မသွားစေရန် တူရာ တူရာ စုပေါင်း၍ ပထမသံဂါယနာ တင်ခဲ့ကြပေသည်။

ထိုနည်းအတူ အရှင်ယသ၊ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ စသော မထေရ်ကြီးများသည်လည်း ကာလာသောကမင်း၊ အသောကမင်းတို့၏ အကူအညီကို ရယူကာ ဒုတိယသံဂါယနာ စသည် အသီးသီး တင်ကြကာ ပိဋကတ်စာပေများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပေသည်။ အထူးသဖြင့် အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာတော်သည် အသောကမင်းကြီး လက်ထက်တွင် ထွန်းလင်းတောက်ပြောင်ခဲ့သည်။ စည်ပင် ပြန့်ပွားခဲ့သည်။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ပုဂ္ဂိုလ်များ စေလွှတ်ခဲ့သည်။ အသောကမင်းကြီးလက်ထက်တွင် အိန္ဒိယပြည်၌သာမက ဂရိတ်ဘုရင်များ အုပ်စိုးသည့် ဆီးရီးယား၊ အီဂျစ်၊ မက်ဆိုပိုတေးမီးယားပြည်နှင့် အီပီရပ်စ်ပြည်သို့လည်း ဗုဒ္ဓသာသနာ ရောက်ခဲ့သည်။ ခြုံ၍ဆိုရမူ အာရှ၊ အာဖရိက၊ ဥရောပတည်းဟူသော တိုက်ကြီးသုံးတိုက်ရောက်အောင် ပြန့်နှံ့သွားသည်ဆို၏။

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီးလက်ထက်၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ အနော်ရထာမင်းကြီးလက်ထက်၊ မင်းတုန်းမင်းကြီး လက်ထက်တို့တွင် ဗုဒ္ဓသာသနာသည် စည်ပင်ပြန့်ပွားခဲ့သည်။

သို့ရာတွင် ကျွန်ုပ်တို့ ဗုဒ္ဓသာသနာတော်သည် ခေါက်ရှာ ငုက်ပျောသည့်အလား နိမ့်ချည် မြင့်ချည်ဖြင့် ခေတ်များစွာကို ဖြတ်သန်းလာခဲ့ရပေသည်။ သာသနာတော်ကို ချီးမြှင့်သည့် မင်းများလက်ထက်တွင် မြင့်တက်လာ၍ နှိပ်ကွပ်သောမင်းများ လက်ထက်တွင် မှုန်မှိန်ကျသွားရပေသည်။

အိန္ဒိယပြည် မောရိယမင်းဆက်ကိုဖြတ်၍ ဆုန်ဂမင်းဆက်ကို စတင်တည်ထောင်သည့် ပုသျှမိတြသည် ယာဇ်ပူဇော်မှုကို ပြန်လည်ထွန်းကားအောင် အားပေးရုံသာမက ဗုဒ္ဓဘာသာ ရဟန်းတော်များကို ရက်ရက်စက်စက် ညှင်းပန်းနှိပ်စက်၏။ မာဂဓတိုင်းမှ ပန်ဂျပ်ပြည် ဂျလန္ဓာတိုင်အောင် ဘုန်းကြီးကျောင်းများကို မီးရှို့ဖျက်ဆီး၍ ရဟန်းတော်များကို သတ်ဖြတ်၏။ ရဟန်းတော်အများအပြား တိုင်းတစ်ပါးသို့ ထွက်ပြေးကြရကုန်၏။

ဆယ့်နှစ်ရာစုအတွင်းတွင် ဗိဟာရ်ပြည်၌ ထောင်ပေါင်းများစွာသော ရဟန်းတော်များ စာပေကျမ်းဂန် သင်ကြားနေကြသဖြင့် ဗုဒ္ဓဘာသာသည် သန်စွမ်းကြီးပွားနေဆဲ ဖြစ်ပါ၏။ ၁၁၉၉ ခုနှစ်တွင် အိခတိယာအုတ်ဒင်သည် လူနှစ်ရာမျှ ပါဝင်သော စစ်တပ်ဖြင့် ဗိဟာရ်ပြည်ကို အလွယ်တကူ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်သဖြင့် ရဟန်းတော်များနှင့်တကွ ကျောင်းများ ပါအားလုံး ပျက်သုဉ်းသွားကြရလေသည်။

သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ထကြွသောင်းကျန်းစဉ်၊ မြန်မာပြည်၌ အင်းဝခေတ် ရှမ်းသိုဟန်ဘွားနန်တက်စဉ်၊ တောင်ငူခေတ်က ပေါ်တူဂီ ဇေင်ကာ သန်လျင်၌ အုပ်ချုပ်စဉ်များကလည်း ရဟန်းတော်များ သတ်ဖြတ်ခံခဲ့ရသည်။ ကျောင်းများ၊ ကျမ်းဂန်စာအုပ်များ မီးရှို့ ဖျက်ဆီးခံခဲ့ရသည်။

ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် နေ့တွင် ကုန်းဘောင်နောက်ဆုံးမင်းဆက်ဖြစ်သည့် သီပေါမင်းနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ကို တိုင်းတစ်ပါးသားတို့ ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ မြန်မာပြည်သည် လွတ်လပ်ရေး ဆုံးရှုံးသွားရပါသည်။ မြန်မာပြည်ကို တိုင်းတစ်ပါးသားတို့ စတင်အုပ်စိုးလေပြီ။ ထိုသူတို့မှာ ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြပါချေ။ ထို့ကြောင့် ဗုဒ္ဓဘာသာ စည်ပင်ပြန့်ပွားအောင် အားမပေးကြပါချေ။ ထိုအချိန်တွင် တိုင်းရေးပြည်ရေး မငြိမ်သက်သဖြင့် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းမည့်သူမရှိတော့သဖြင့် ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများမှအစ သံဃာတော်များ အခြားအရပ်သို့ ပြောင်းရွှေ့သီတင်းသုံးသွားကြပါသည်။ မန္တလေးမြို့သည် သာသနာဆိတ်သုဉ်းတော့မည်ကဲ့သို့ ဖြစ်နေပေတော့သည်။

မိမိတို့ ကိုးကွယ်ရာဘာသာ ဘေးအန္တရာယ်များနှင့် တွေ့ကြုံလာရသောအခါ ခုခံကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့ သက်ဆိုင်ရာ ဘာသာဝင်တိုင်း၌ တာဝန်ရှိလေသည်။ သို့မှသာ မိမိတို့ဘာသာအရှည် တည်တံ့နိုင်ပေသည်။ သက်ဆိုင်ရာ ဘာသာဝင်များမှလည်း တာဝန်ကျေရာရောက်ပေသည်။

ဖော်ပြခဲ့သည့်အတိုင်း မိမိတို့ကိုးကွယ်ရာ ဗုဒ္ဓဘာသာသည် တိုင်းရေးပြည်ရေး မငြိမ်သက်မှုကြောင့် ဖရိုဖရဲဖြစ်ကာ ပျောက်ကွယ်ရတော့မည့် အခြေအနေရောက်နေချိန်တွင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ တာဝန်သိသူများကား ပေါ်ပေါက်လာပေပြီ။ ထိုသူများကား မန္တလေးမြို့ ဆိုင်းတန်းရပ်မှ ပွဲစားကြီး ဦးထွန်း၊ ဟော်ကုန်းရပ်မှ အရေးပိုင်ရုံးစာရေးကြီး ဦးခင်စသော မြို့မျက်နှာဖုံး ဗုဒ္ဓဘာသာဝင် လူကြီး (၁၂) ဦးတို့ ဖြစ်လေသည်၊

ယင်းသာသနာ့ဖခင်ကြီး (၁၂) ဦးတို့သည် မိုးထားကျောင်းတိုက်၊ သာသနာပိုင်ဆရာတော် ဘုရားကြီး ဦးသုဇာတ အစရှိသော ဆရာတော်ကြီး (၁၈) ပါးထံ၌ ဩဝါဒ ခံယူကာ သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၌ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင်တည်ထောင်ခဲ့ကြလေသည်။

**ဆရာ ဒကာ လက်တွဲချက် သာသနာရေးဆောင်ရွက်ချက်များ**

ယင်းသို့ ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်ကြပြီးနောက် ထိုနှစ် တပိုတွဲလဆန်း (၁၅) ရက်နေ့မှစ၍ ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်နှစ်ထပ်ရ မိုးထားတိုက်ဆရာတော် ဦးသုဇာတ အစရှိသော ဆရာတော်ကြီး (၁၆) ပါးတို့အား အသင်းကိုးကွယ်ခံ မူလဓမ္မာစရိယအဖြစ် အသိအမှတ်ပြု ကိုးကွယ်ခဲ့ကြသည်။

မန္တလေးတစ်မြို့လုံးရှိ စာသင်တိုက်ကြီးများမှ စာချဆရာတော်ကြီးများက စာဝါများအသီးသီးခွဲဝေ တာဝန်ယူကာ ပို့ချပေးခဲ့ကြသည်။ ယင်းဆရာတော်ကြီးများအား အသင်းလူကြီးများက ဦးဆောင်ကာ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

၁၂၆၅ ခုနှစ်မှစ၍ နယုန်လတွင် ပထမအကြိမ် သီးခြားစာသင်တန်း စာမေးပွဲကို ကျင်းပခဲ့သည်။ ၁၂၆၇ ခုနှစ်မှစ၍ သီးခြားစာချတန်းစာမေးပွဲကို စတင်ကျင်းပခဲ့သည်။ သီးခြားစာချတန်းကျင်းပခဲ့သည့်အကြိမ်ပေါင်း (၉၀) အတွင်း စာအောင် သံဃာအပါး (၃၂၉) ပါးရှိလေပြီ။ ထိုအထဲတွင် နှစ်ချင်းပေါက်အောင်မြင်သဖြင့် ဝင့်သကာဘွဲ့တံဆိပ်တော်ရ သံဃာ (၉) ပါး ထူးခြားစွာ ပေါ်ပေါက်ခဲ့ပါသည်။

တစ်ဖန် အသင်းလူကြီးများကား ဤမျှ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်နေရသည်ကို အားမရနိုင်သဖြင့် ၁၃၁၁ ခုနှစ် မှစ၍ သာမဏေစာလျှောက်မေးခန်း စာမေးပွဲကို ၊ ၁၃၃၁ ခုနှစ် မှစ၍ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲကို ကျင်းပကာ သာသနာတော်ကို ချီး မြှောက်ခဲ့ကြပြန်သည်၊ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးများကို မွေးထုတ်ပေးခဲ့ကြပြန်သည်။

ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် မှန်မြတ်သော စေတနာဖြင့် ဆောင်ရွက်နေသည်ကို ကြည်ညိုကြသဖြင့် စေတနာရှင်များကလည်း ဝိုင်းဝန်းထောက်ပံ့ လှူဒါန်းလာကြပါသည်။ ထာဝရအဆောက်အဦးနှင့်မြေ လှူဒါန်းသည့် အလှူရှင် (၁၂) ဦး၊ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလက တိုက်သုံးလုံး လှူဒါန်းသည့် မန္တလေးမြို့ မြန်မာသရဖူ ရွှေထီးနှင့် နီဗ္ဗာန်ကုန်ဆိုင်ပိုင်ရှင် ဒေါ်ဝင်းဝင်းအေးကိုပါ ပေါင်းထည့်လိုက်လျှင် (၁၃) ဦး၊ ဆွမ်းကုသိုလ်ရှင်များ၊ စာအောင်ဆုပဒေသာပင် ကုသိုလ်ရှင်များ အာရဖွယ်ရာ တွေ့ရပါသည်။

မန္တလေးမြို့မှ ပရိယတ္တိသာသနဟိတအသင်း မိခင်ကြီးသည် ဆရာ ဒကာ လက်တွဲညီစွာဖြင့် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ထောက်ပံ့နေသည်ကို များစွာဝမ်းသာမိပေသည်။ ယင်းသာသနမိခင်ကြီးမှ သာသနာ့အာဇာနည် သူရဲကောင်းများ များစွာ မွေးထုတ်ပေးခဲ့ပြီး ဖြစ်လေသည်။ ယင်းသာသနာ့မိခင်ကြီးသည် နောင်တွင်လည်း နှစ်ပေါင်းတစ်ရာမက ကြာရှည်စွာ တည်တံ့နေလျက် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်လှူဒါန်းနိုင်ပါစေဟု ဆုတောင်းရင်း အောက်ပါဂါထာဖြင့် နိဂုံးချုပ်ပါသည်။

သာဂါရာ အနာဂါရာ စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။

သာဂါရာ စ – အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေကြကုန်သော လူဝတ်ကြောင် သူတော်ကောင်းတို့သည် လည်းကောင်း၊ အနာဂါရာ စ – အိမ်ရာမထောင် သာသနာ့ဘောင်၌ နေကြကုန်သော ရဟန်းသူတော်ကောင်းတို့သည်လည်းကောင်း၊ ဥဘော – ဆရာ ဒကာနှစ်မျိုးတို့သည်၊ အညောညနိဿိတာ – ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသို့ ပမာမယွင်းအချင်းချင်း အားထားကြကုန်လျက်၊ အနုတ္တရံ – အတုမရှိသော၊ ယောဂက္ခေမံ – ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂ ဆိုသည့် ယောဂတို့၏ ပျောက်ပျက်ကုန်ဆုံးရာဖြစ်သော၊ သဒ္ဓမ္မံ – သစ္စာလေးတန် မဂ် ဖိုလ် နိဗ္ဗာန်ဟူသော သူတော်ကောင်း တရားကို၊ အာရာဓယန္တိ – ကိုယ်စီ ကိုယ်င ပြီးစီးနိုင်ကြပါစေကုန်သတည်း။

တတ္တသိုလ် သောတုဧနေ (သာသနတတ္တသီလာ မဟာဓမ္မာစရိယ)
ဦးအာသဘ (နည်းပြ)
ပရိယတ္တိသာသနာ့တက္ကသိုလ်
သုတ္တန်စာသင်ဆောင်
၆၂ လမ်း၊ နန်းရှေ့၊ မန္တလေးမြို့။



# ပရိယတ္တိ

မဟာဝိဟာရကျောင်းကြီးကဲ့သို့ ကျောင်းကြီးပေါင်းတစ်ထောင် လှူဒါန်းသော်လည်း သာသနာတော်တည်တံ့ခြင်း၏ အကြောင်းရင်းမဟုတ်။

မဟာစေတီကြီးကဲ့သို့ စေတီကြီးပေါင်းတစ်ထောင် တည်ထားကိုးကွယ်သော်လည်း သာသနာတော်တည်တံ့ခြင်း၏ အကြောင်းရင်းမဟုတ်။

ပရိယတ္တိသာသနာရှိမှသာ သာသနာတည်တံ့နိုင်ကြောင်း ဖြစ်သည်ဟု ဆိုထား၏။

ပရိယတ္တိကွယ်လျှင် ပဋိပတ္တိကွယ်၏။ ပရိယတ္တိတည်ရှိမှ ပဋိပတ္တိတည်ရှိနိုင်သည်ဟူသော အဂ္ဂုတ္တိုရ်စကားအရ ပရိယတ္တိရှိမှသာ သာသနာတည်နိုင်မည်မှာ ထင်ရှားသည်။

မြတ်ဗုဒ္ဓကလည်း "ငါဘုရား မရှိသည့်နောက် သုတ် အဘိဓမ္မာ ဝိနည်းဟူသော ပရိယတ္တိတရားတော်များသည် သင်တို့၏ ဆရာပင်ဖြစ်လိမ့်မည်" ဟု မိန့်ဆိုထားရာ အဆိုပါ ဗုဒ္ဓစကား ကို ထောက်ထား၍ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ပရိယတ္တိ ကသာ သတ္တဝါတွေ အပါယ်မလားအောင် သံသရာဝဋ်မှ လွတ်မြောက်အောင် လောကကြီးတစ်ခုလုံး၏ အမှားအမှန်တွေကို ဝေဖန်နိုင်အောင် လမ်းညွှန်ပြနေသော တရားတော်ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထိုမျှလောက် တန်ဘိုးကြီးသော ပရိယတ္တိတရားတော်များ မပျောက်ကွယ်ရလေအောင် ပရိယတ္တိအသင်းကြီးမှ ငွေကုန် လူပန်းခံ၍ နှစ်ပေါင်းတစ်ရာ ဆောင်ရွက်ခဲ့ခြင်းသည် တန်ဘိုးမဖြတ်နိုင်အောင် လောကကြီးတစ်ခုလုံးကို ကျေးဇူးပြုသည်ဟု ဆိုရပါလိမ့်မည်။

ဒင်းပရိယတ္တိတရားတော်များ ဖြစ်ပေါ်လာအောင် လောကကြီးကို အမှား အမှန် ဝေဖန်ပြနိုင်သော ပရိယတ္တိတရားတော်များ ဟောကြားနိုင်အောင် ဆောင်ရွက်ခဲ့ရသော ဘုရားရှင်ကိုယ်တော်မြတ်မှာ လွယ်လွယ်ကူကူ သက်သက်သာသာ ဆောင်ရွက်ခဲ့ရသည် မဟုတ်ပါ။

ခေ – ကောင်းကင်၌၊ တာရကာဓိကံ – ကြယ်တာရာထက် လွန်သော၊ န ယနံ – မျက်လုံးတော်ကို၊ အ ဒါသိ – လှူခဲ့ဘူးပြီ၊ ဘူမိ – မြေကို၊ ပရာဇယ – ရှုံးစေ၍၊ သမံသံ – အသားတည်း ဟူသော အလှူကို၊ အ ဒါသိ – လှူခဲ့ဘူးပြီ၊ သာဂရေ – သမုဒ္ဒရာ၌၊ ဇလာဓိကံ – ရေထက်လွန်သော၊ လောဟိတံ – သွေးကို၊ အ ဒါသိ – လှူခဲ့ဘူးပြီ၊ မေရုပမာဏံ – မြင့်မိုရ်တောင်ပမာနရှိသော၊ သမောဠိသီသံ – ဥသျှောင်နှင့် တကွသော ဦးခေါင်းကို၊ အ ဒါသိ – လှူခဲ့ဘူးပြီ။

ယခုခေတ် သူတော်ကောင်းများသော်မှ လိုက်၍ မမှီနိုင်အောင် ပါရမီတော်များကို ဆည်းပူးတော်မူခဲ့ခြင်းတည်းဟူသော ဟေတုသမ္ပဒါကြောင့် ပရိယတ္တိတရားတော်များကို ဟောကြားနိုင်ခြင်း ဖြစ်ပေသည်။

ထိုသို့ ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ ဆည်းပူးအားထုတ်ခဲ့သော ပါရမီတော်တွေကြောင့် သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ်ဟူသော လောကကြီးတစ်ခုလုံးမှာ ရှိသမျှ တရားတွေ အမှန်အတိုင်း သိမြင်နိုင်သော သဗ္ဗညုတဉာဏ် ဖလသမ္ပဒါကို ရရှိတော်မူခဲ့ပါသည်။ ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် ပရိယတ္တိတရားတော်များ မဟောကြားခဲ့သော် လောကကြီးတစ်ခုလုံး အမှောင်ဖုံး၍ အမှန်တရားတွေကို မည်သူမျှ သိမြင်နိုင်ကြမည်

မဟုတ်ကြောင်းကို ဘုရားတည်းဟူသော လမင်း နေမင်း တို့ မထွက်ပေါ်ခဲ့သော် ရုပ်သဘာဝ နာမ်သဘာဝ တရားတို့အမည်ကိုပင် မသိနိုင်ချေဟူသော ပရိဝါ ပါဠိတော်အရ သိနိုင်သည်။

ထိုသို့ သဗ္ဗညုတဉာဏ်ရတော်မူသော ဘုရားရှင်သည် နိရောဓသမာပတ် ဝင်စား၍ ချမ်းသာစွာ မနေနိုင် ဂုဏ်ပကာသန လာဘ်လာဘနှင့် ဘဝစည်းစိမ်ကို တောင့်တတော်မမူဘဲ သတ္တဝါအများ သံသရာဝဋ်ဆင်းရဲ ဒုက္ခမှ လွတ်မြောက်ကြပါစေ ဟူသော မဟာကရုဏာတော်ဖြင့် လေးဆယ့်ငါးဝါပတ်လုံး နာမ်၌တွေဝေသော ပုဂ္ဂိုလ်အတွက် ခန္ဓဝိဘင်းကိုလည်းကောင်း၊ ရုပ်၌တွေဝေသော ပုဂ္ဂိုလ်အတွက် အာယတနဝိဘင်းကိုလည်းကောင်း၊ ရုပ် နာမ် နှစ်ပါး၌တွေဝေသော ပုဂ္ဂိုလ်အတွက် ဓာတုဝိဘင်းကိုလည်းကောင်း ထိုတရားများ ပွားများလေ့လာပြီးသူ၌ ရုပ် နာမ်တရားတွင် ပုဂ္ဂိုလ် သတ္တဝါ ငါ မရှိကြောင်းကို လည်းကောင်း၊ အသက် ဇီဝ အတ္တကောင်မဟုတ်ကြောင်းကို လည်းကောင်း ကောင်းကောင်း သိနိုင်ကြပြီဖြစ်၍ ယင်း ရုပ် နာမ်၌ ဥဒယဝယပီဠနဒုက္ခဖြင့် နှိပ်စက်နေပုံ ဒုက္ခသစ္စာကိုလည်းကောင်း၊ ယင်း ဒုက္ခသည် သူများကြောင့် ဖြစ်တာမဟုတ် မိမိ၏ တဏှာ သမုဒယကြောင့် ဖြစ်ပုံ သမုဒယသစ္စာကိုလည်းကောင်း၊ ဒုက္ခ၏ကုန်ဆုံးရာ တတိယမြောက် နိရောဓသစ္စာကိုလည်းကောင်း၊ ယင်းနိရောဓသစ္စာကို သိနိုင်ရန် ဤလမ်းကိုတက်၊ ဤမဂ်ကိုပွား ဟူ၍ မဂ္ဂင်ရှစ်ပါးတရားကိုလည်းကောင်း ဟောကြားတော်မူခြင်းသည် သတ္တပကာရသမ္ပဒါ မည်ပါသည်။

ဖေါ် ပြပါ ဟေတုသမ္ပဒါ ဖလသမ္ပဒါ သတ္တုပကာရသမ္ပဒါ သုံးမျိုးတို့ဖြင့် ကြိုးစား၍ ဟောထားသော ပရိယတ္တိသာသနာတော်ကြီး မကွယ်ပျောက်ရလေအောင် ဆောင်ရွက်ခဲ့သော ပရိယတ္တိအသင်းကြီးသည် တန်ဘိုး မဖြတ်နိုင်အောင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ကောင်းကျိုးကို သတ္တဝါများအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ရှေးခေတ် ရှင်မဟာကဿပ စသော သူတော်ကောင်းများသည် အမြော်အမြင်ကြီးစွာ ပထမ၊ ဒုတိယ၊ တတိယ သင်္ဂါယနာတင်၍ ဆောင်ရွက်တော်မူခဲ့ကြပုံ သီဟိုဠ်ခေတ် ဝဋ္ဋဂါမဏိအဘယ မင်းလက်ထက်မှ ... 

ဘေးဒဏ်ကို ခံ၍ ပရိယတ္တိတရားတော် မကွယ်ပျောက်အောင် ဆောင်ရွက်ခဲ့ကြပုံများကို ထောက်ထား၍ ယခုလက်ရှိ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည်လည်း လောကကြီးတစ်ခုလုံးကို အလင်းရောင်ပေးနေသော ပရိယတ္တိသာသနာတော်ကြီး မကွယ်ပျောက်အောင် စောင့်ရှောက်ထိုက်ပါသည်။

ဤသို့ ပရိယတ္တိအသင်းကြီးမှ ဆောင်ရွက်ချက်ကြောင့် ရအပ်သော အကျိုးတရားများမှာ စာသင် စာချ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ပရိယတ္တိကြိုးစားသော ကုသိုလ်စေတနာတွေ မရေမတွက်နိုင်အောင် ရရှိကြပါသည်။ ၎င်းကုသိုလ်မျိုးသည် (ဒေသနာ သဝနာနိ ပဋိဝေဓ မေဝဟာရန္တိ) ဟူသော ဋီကာစကားအရ မဂ် ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း ပါရမီကုသိုလ်များ ဖြစ်၍ အကျိုးများလှပါသည်။

ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၏ သန္တာန်၌လည်း (ကောယ စေတနာယ ဧကံပဋိသန္ဓိံဒေတိ) ဟူသော ဒေသနာတော်အရ ကုသိုလ်စိတ်တစ်ခုသည် ချမ်းသာသော သုဂတိဘဝတစ်ခု ပဋိသန္ဓေ ကျိုးပေးနိုင်ရကား ကုသိုလ်စိတ် သိန်း သန်း ကုဋေ ဖြစ်ကြသော ကုသိုလ်ရှင်များမှာလည်း ချမ်းသာသော ဘဝ သိန်း သန်း ကုဋေ အကျိုးများ ရနိုင်ရကား ပရိယတ္တိသာသနာတော်ကြီး မကွယ်ပျောက်ရလေအောင် အားပေးထိုက်ကြပါသည်။

ကမ္ဘာအသချေ့ လွန်လေသော်လည်း ကံကောင်းထောက်မ၍ တစ်ကြိမ်တစ်ခါသာ တွေ့ကြုံရသော အချိန်အခါ၌ အဘိုးတန် ပရိယတ္တိသာသနာတော်ကြီး မကွယ်မပျောက်ရအောင် မိမိ တို့ တတ်နိုင်သည့်ဘက်မှ ကြိုးစားဆောင်ရွက်သင့်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

ဦးနာဂဝံသ
ရှမ်းစု–ဆီးဘနီတိုက်
မိုးကုတ်ကျောင်း၊ တောင်ပြင်။

# စစ်မှန်သော သာသနာပြုအသင်းကြီး

ဒကာကြီး –

ဒကာကြီးတို့ ပရိယတ္တိသာသနဟိတအသင်းကြီးသည် ၁၃၆၀ ခုနှစ်၊ ဝါဆိုလပြည့်နေ့မှာ အနှစ်တစ်ရာတင်းတင်း ပြည့်တော့မှာမို့ အသင်းကြီးရဲ့ နှစ်တစ်ရာပြည့်ပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲသဲ အောင်မြင်အောင်ဆင်ယင်ကျင်းပနိုင်ဘို့ အသင်းဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးသော အသင်းလူကြီးတွေ စိတ်အားထက်သန်စွာ တက်တက်ကြွကြွဖြင့် ကြိုးပမ်းအားထုတ်နေကြောင်း သိရလို့ များစွာ နှစ်ထောင်းအားရ ရွှင်လန်းစွာ သာဓုအနုမောဒနာ အကြိမ်ကြိမ် ခေါ်မိပါတယ်။

ဘုရားရှင်ရဲ့ သာသနာတော်ကြီး သုံးရပ်မှာ ပရိယတ္တိသာသနာမှာ အရင်းမူလ ပဓာနအကျဆုံး ရေသောက်မြစ်ကြီး ဖြစ်ပါတယ်။

“ပရိယတ္တိယာ ဓရမာနာယ သာသနံ အန္တရဟိတံ နာမ နဟောတိ”၊ ပရိယတ္တိယာ–ပရိယတ္တိသည်၊ ဓရမာနာယ–ထင်ရှားရှိလတ်သော်၊ သာသနံ–သဒ္ဓမ္မသုံးဖြာ သာသနာတော်သည်၊ အန္တရဟိတံနာမ–ကွယ်ပျောက်ခြင်းမည်သည်၊ န ဟောတိ–မဖြစ်နိုင်ပေ။

ပရိယတ္တိထင်ရှားရှိနေရင် သာသနာတော်ကြီး မကွယ်ပျောက်နိုင်သေးပါ။ ပရိယတ္တိသာ ကွယ်ပျောက်သွားရင် သာသနာတော်ကြီးလည်း ကွယ်ပျောက်မှာ အမှန်ပါဘဲ။ သာသနာတော်ကြီးကွယ်ပျောက်သွားရင်လည်း သတ္တဝါတွေအတွက် လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာရောက်ကြောင်း တရားတွေ မသိရဘဲ အပါယ်ဘေး သံသရာဘေးတွေက မလွတ်မြောက်နိုင်ဘဲ ဆင်းရဲကြရတော့မှာ အမှန်ပါဘဲ။

ဒါ့ကြောင့် သာသနာတော်ကြီး မကွယ်ပျောက်နိုင်အောင် အရင်းမူလ ပဓာန အကျဆုံး ပရိယတ္တိသာသနာတော်ကြီး မကွယ်ပဘဲ အရှည်တည်တံ့အောင် ပရိယတ္တိသာသနာတော်ကြီးရဲ့ အကျိုးစီးပွားကို ဒကာကြီးတို့ အသင်းကြီးက အားသွန်ကြိုးပမ်း ဆောင်ရွက်နေကြတာပါ၊ ဒါကြောင့် အသင်းကြီးကို “ပရိယတ္တိသာသနဟိတအသင်း” လို့ အမည်ပေးထားတာ ဖြစ်ပါတယ်။

ဒကာကြီးတို့အသင်းကြီးက ပရိယတ္တိသာသနာကို ဘယ်လိုချီးမြှောက်ကြသလဲလို့မေးရင် အသင်းရဲ့ရည်သန်ချက် (၅) ချက် ချမှတ်ပြီးထားတဲ့အတိုင်း ပရိယတ္တိကို ပို့ချနေတဲ့ ဆရာတော်များကို မူလစာချအဖြစ် ကိုးကွယ်ပြီး ပစ္စည်းလေးပါး ထောက်ပံ့ခြင်း၊ စာသင် စာချ စာမေးပွဲများ ကျင်းပပြီး စာအောင်ပုဂ္ဂိုလ်များကို ပစ္စည်းလေးပါး ထောက်ပံ့ခြင်း၊ သာမဏေစာမေးပွဲ နိကာယ်စာမေးပွဲများ ကျင်းပပေးပြီး အောင်မြင်သူများကို ထောက်ပံ့ပေးခြင်းတို့ဖြင့် ချီးမြှောက်တယ်၊ ပရိယတ္တိသာသနာရဲ့ အကျိုးစီးပွားကို ချီးမြှောက်ထောက်ပံ့ဆောင်ရွက်တယ်လို့ ဆိုရပါမယ်။

ဒီလောက်ပြောရုံနဲ့တော့ ဒကာကြီးတို့အသင်းကြီးဟာ သာသနာအတွက် ဘယ်လောက်အရေးပါတယ်၊ ဘယ်လောက် ပဓာနကျတယ်ဆိုတာကို သိကြဦးမှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် ဒီအသင်းကြီးဟာ သာသနာအတွက် ဘယ်လောက်ကျေးဇူးများပြီး အရေးပါအရာရောက် ပဓာနကျတယ်ဆိုတာကို သိနိုင်အောင် အသင်းကြီးဖြစ်ပေါ်လာပုံက စပြီး ကြည့်ရအောင်။

သာသနာ့ဒါယကာများဖြစ်ကြတဲ့ မန္တလေးမြို့တည် နန်းတည် ပဉ္စမသံဂါယနာရဲ့ ဒါယကာမင်းတုန်းမင်းကြီးနဲ့သားတော် သီပေါမင်းတရားတို့ လက်ထက်မှာ ဘုရင်နဲ့မြို့သူ မြို့သားတို့ရဲ့ ပစ္စည်းလေးပါးချီးမြှောက်မှုကြောင့် ကိုယ်စိတ်ချမ်းမြေ့စွာ သာသနာရဲ့ရေသောက်မြစ်ဖြစ်တဲ့ ပရိယတ္တိကိုသင်ကြားပို့ချတဲ့ ဆရာတော်တွေဟာ နေပြည်တော်မှာ (၁၁၆၆) ပါး ထိရှိခဲ့ပါတယ်။ ဥဩသံသာ သာသနာ ရောင်ဝါနေသို့ ထွန်းပေသည်လို့ သက္ကတလင်္ကာဖြင့် သင်္ကေတပြုထားကြပါတယ်။ အဲဒီလောက်တောင် စာချပုဂ္ဂိုလ်တွေများပြီး စာသင်သံဃာတော်များလဲ မြန်မာပြည်တစ်ဝှန်းလုံးကလာ၍ စာသင်စာလိုက်ကြတော့ စာသံ ပေသံ မပြတ်ပဲ သာသနာတော်ကြီးမှာ အလွန်စည်ပင်တာပေါ့။

အဲဒီနောက် သီပေါမင်းတရားပါတော်မူသွားတော့ သာသနာ့ဒါယကာလဲမရှိ၊ မြို့ရွာအခြေအနေက မအေးချမ်း၊ ဒကာ ဒကာမတွေလည်း ညှိုးနွမ်းကြ၊ ပစ္စည်းလေးပါး ထောက်ပံ့မှုတွေ လျော့နည်းလာလို့ စာချဆရာတော်တွေလဲ ပစ္စယ

သပ္ပါယမျှတဲ့ အခြားအရပ်များသို့ ပြောင်းရွှေ့သွားကြတဲ့အတွက် စာချဆရာတော်အရေအတွက်ဟာ နဂိုကထက် တစ်ဝက်ကျော် လျော့နည်းသွားပါတယ်။ ဒီအတိုင်းသာဆိုရင် နေပြည်တော်မှာ စာချဆရာတော်တွေ တစ်စတစ်စနည်းပြီး ပရိယတ္တိသာသနာ ကွယ်သွားနိုင်ပါတယ်။ ပရိယတ္တိကွယ်ရင် သာသနာသုံးရပ်လုံး ကွယ်မှာပါပဲ။

ဒါကြောင့် "ဇိနသာသနပရိဟာနိ ဒိဿာ အဘိဝဍ္ဎိယာ ဝါယမတိ" ဘုရားသာသနာဆုတ်ယုတ်လျော့ပါးသည်ကို တွေ့မြင်သည်ရှိသော် မဆုတ်ယုတ်ပဲ တိုးပွားအောင်အားထုတ်၏ ဆိုတဲ့ ဥပါသကာဂုဏ်နှင့် ပြည့်စုံကြတဲ့ မန္တလေးမြို့ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်း စတဲ့ သာသနာကြည်ညိုကြတဲ့ ဒကာကြီး (၁၂) ဦးတို့ တိုင်ပင်ညီညွှတ်ပြီး နေပြည်တော်မှာ ရှိတော်မူကြသေးတဲ့ မိုးထားသာသနာပိုင် ဆရာတော်ကြီးစတဲ့ ဆရာတော်ကြီး (၁၈) ပါးတို့ရဲ့ ဩဝါဒကို ခံယူကြကာ မန္တလေးမြို့နဲ့ ရပ်ဝေးမြို့များမှ သင်းခံလူကြီးများ စုစည်းပြီး ရည်သန်ချက် (၅) ရပ်ကို ချမှတ်၍ ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့မှာ ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင်တည်ထောင်လိုက်ကြပါတယ်။

အဲဒီနှစ် တပို့တွဲလဆန်း (၁၅) ရက်နေ့မှာ မြန်မာမင်းလက်ထက် တံဆိပ်တော်နှစ်ထပ်ရ မိုးထားကျိဝန်ဆရာတော် အစရှိတဲ့ ဆရာတော်ကြီး (၁၆) ပါးကို အသင်းကိုးကွယ်ခံ မူလဓမ္မာစရိယအဖြစ် စတင်ကိုးကွယ်ကာ ထိုလမှစ၍ မူလစာချဆရာတော်ကြီးတို့အား နိဗဒ္ဓဝတ်အနေအားဖြင့် မငြိုငြင် မပင်ပန်း ချမ်းသာစွာ စာချနိုင်အောင် ဆွမ်းဆန်တော် စသည်တို့ကို လှူဒါန်းထောက်ပံ့ကြပါတယ်။

ဒီလို နိဗဒ္ဓဝတ်ထားပြီး လှူဒါန်းထောက်ပံ့တော့ စာချဆရာတော်တွေဟာ ချမ်းသာစွာ ပရိယတ္တိကို ကြိုးစား ပို့ချနိုင်လာကြလို့ အသင်းဒကာကြီးတွေရဲ့ ရည်မှန်းချက်အတိုင်း သုံးနှစ်အတွင်းမှာ စာချဆရာတော်တွေ (၇၆) ပါးအထိ တိုးတက်ပြီး ပို့ချတဲ့ စာတွေစာဝါတွေကလဲ စုံလင်လှတာကို သာသနာတော်အတွက် အားတက်ဖွယ်ရာ တွေ့မြင်ရပါတယ်။ ဒကာကြီးတို့ ရာပြည့်အကြို အမျှဝေစာတမ်းမှာ အဲဒီ ဆရာတော်ကြီး (၇၆) ပါး ရဲ့ ဘွဲ့တော်၊ တိုက်တော်နှင့် စာဝါများကို ဖတ်ရတော့ အဲဒီခေတ်ကို မြင်ယောင်ပြီး လွမ်းတမိပါတယ်။ ဦးပဋ္ဌင်းတို့ခေတ်မှာ စာချတွေအသုံးပြု ကြည့်ရှုရတဲ့ကျမ်းစာတွေ၊ နိကာယ်တွေ စတဲ့ ကျမ်းဂန်တွေကိုလဲ ရေးသားပြုစုသွားတဲ့ စာချအကျော်ဘုရားကြီးဆရာတော်၊ ဆရာတော်ဦးရန်ကုန်၊ ရွှေရေးဆောင် ဆရာတော် စတဲ့ အမော်ထိပ်ခေါင်တင် ဆရာတော်ကြီးတွေ စာချဆရာတော်ကြီးတွေ စာချပုံကို မြင်ရပြီး အဲဒီခေတ်က စာသင်သားဖြစ်ရတဲ့ ပုဂ္ဂိုလ်တွေ အင်မတန် ကံကောင်းတာပဲလို့ အောက်မေ့မိပါတယ်။

အဲဒီ ဆရာတော်ကြီးတွေ သက်တော်ကြီးရင့်လို့ စာမချနိုင်တဲ့အခါ ဆရာတော်ကြီးတွေရဲ့ကိုယ်စား သာသနာကို စောင့်ရှောက်နိုင်မည့် မျိုးဆက်သစ် စာချဆရာတော်တွေ ပေါ်ထွက်လာဘို့အရေးကြီးတယ်။ ဒါကြောင့် စာချကောင်း စာတတ် ပေတတ် ပရိယတ်ကျွမ်းကျင်တဲ့ စာချဆရာတော်လောင်းတွေ ပေါ်ထွက်လာအောင် ဆရာတော်ကြီးများ ဩဝါဒ ခံယူပြီး ၁၂၆၅ ခုနှစ်၊ နယုန်လ စာသင်တန်း စာမေးပွဲ ကျင်းပပေးခဲ့ပါတယ်။ အဲဒီနှစ်က မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယ (အဂ္ဂ+အဘိဓဇ ပျံလွန်) တို့ စာသင်တန်းအောင်ခဲ့ကြပါတယ်။ ၁၂၆၆ ခုနှစ်မှာလဲ စာသင်တန်း စာမေးပွဲသာ ကျင်းပခဲ့ပါတယ်။ အဲဒီ (၂) နှစ်က စာသင်တန်းအောင် ပုဂ္ဂိုလ်များကို စာချတန်းအဋ္ဌကထာကြီးများဖြေဆိုနိုင်ဘို့ လစဉ် ဆန် ဆီ ဆား ပဲ ပုဇွန်ခြောက်များနှင့် ချက်ပြုတ်ရန် ထင်းများပါကျောင်းအရောက်ပို့ဆောင်လှူဒါန်း ထောက်ပံ့အားပေးခဲ့ပါတယ်။ သာသနာအတွက် တကယ်တန်း အားတက်စရာ ချီးမြှောက်ထောက်ပံ့အားပေးတာ ဘယ်လောက်အံ့ဩချီးကျူးစရာကောင်းသလဲ အင်မတန်ကို သာသနာတော်ကြီးတည်တံ့စေလိုတဲ့ သဒ္ဓါ ဆန္ဒတရားတွေနဲ့ အားပေးတာပါ အလွန်ချီးကျူးစရာပါ။

စာသင်တန်း အောင်ထားတဲ့ ပုဂ္ဂိုလ်တွေ စာချတန်း အဋ္ဌကထာကြီးတွေ ဖြေဆိုဘို့ ၁၂၆၇ ခုနှစ်ကစပြီး သုတ် အဘိဓမ္မာ ဝိနည်း အဋ္ဌကထာကြီးသုံးကျမ်းအတွက် စာချတန်း စာမေးပွဲကို ကျင်းပပေးခဲ့ရာ ၁၂၆၈ ခုနှစ်မှာ ကျမ်းစွဲသာ (အစိတ်အဝက်) အောင်မြင်သူရှိပြီး ၁၂၆၉ ခုနှစ်မှာ ကျမ်းပြီးတစ်ပါး ပထမဆုံး ပေါ်ထွက်လာပါတယ်။

အဲဒီအချိန်ကစပြီး ယခုအချိန်အထိ စာသင်တန်းအောင် စာချတန်းအောင် ပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ထွက်လာပြီး ပရိယတ္တိကို ကြိုးစားပို့ချ သာသနာပြုနေကြပါတယ်။

အသင်းစာမေးပွဲတွေဟာ အဆင့်အတန်း မြင့်မားလှပြီး တစ်ပြည်လုံးမှာ အခက်ဆုံး စာမေးပွဲကြီးလို့ ထင်ရှားပါတယ်။ စာသင်တန်းမှာလဲ အခြေခံကျမ်းစာတွေ ပြဋ္ဌာန်းထားပြီး မေးခွန်းတွေကလည်း အဆင့်မြင့်လွန်းလို့ စာသင်တန်းအောင်ဘို့ ခဲယဉ်းလှပါတယ်။ တကယ်ကြိုးစားလို့ အောင်သွားရင်

လည်း အထက်ကျမ်းစာကြီးတွေအတွက် လုံလောက်တဲ့အခြေခံတွေရတဲ့ စာသင်ပုဂ္ဂိုလ်ဖြစ်သွားတာပါပဲ။ စာချတန်းစာမေးပွဲမှာလည်း အဋ္ဌကထာကြီးသုံးကျမ်းကို တကယ်စာပေ ကျွမ်းကျင်ပြီး စာချကောင်းတစ်ယောက်ဖြစ်သွားတာပါပဲ။ အောင်မြင်အောင်လဲ တကယ်ကြိုးစားရတာဖြစ်လို့ လယ်တီဆရာတော်ကြီးက "လူသတ်စာမေးပွဲ" လို့တောင် အမိန့်ရှိတယ်လို့ ကြားဘူးပါတယ်။

စာချတန်းအောင်ပြီး မန္တလေးမှာပဲ အသင်းကြီးရဲ့ အကိုးကွယ်ခံယူပြီး စာချသာသနာပြုသူကပြု၊ အခြားမြို့ကြီးများမှ စာချသာသနာပြုသူကပြုနဲ့ သာသနာတော်ကို အစွန့်ရှည်အောင် သာသနာပြုအာဇာနည် မျိုးဆက်သစ်တွေ ပေါ်ထွက်လာအောင် သာသနာပြုတော်မူကြပါတယ်။

သာသနာလောကမှာ ထင်ရှားတဲ့ နိုင်ငံတော်က အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့များ ဆက်ကပ်ခံရတဲ့ ဆရာတော်ကြီးတွေဟာ အများအားဖြင့် အသင်းကြီးရဲ့ သီးခြားဓမ္မာစရိယတွေချည်းပါပဲ။

အသင်းသီးခြား စာချတန်းအောင် ပုဂ္ဂိုလ်တွေကိုသာ ကိုးကွယ်တာ မဟုတ်ပါဘူး။ စာမေးပွဲ မဝင်ဘဲနဲ့ စာပေပို့ချနေကြတဲ့ ဆရာတော်များကိုလဲ တကယ်သာသနာကို စောင့်ရှောက်နိုင်တဲ့ အရည်အချင်း ပြည့်စုံ မပြည့်စုံ သုံးကြိမ်တိုင် ထောက်လှမ်းပြီး တကယ်အရည်အချင်း ပြည့်စုံတဲ့ ဆရာတော်များကို အသင်းကြီးရဲ့ မူလ စာချအဖြစ် ရွေးချယ်ကိုးကွယ် ခဲ့ပြန်ပါတယ်။

အသင်းကြီးတည်ထောင်ပြီး အခုလို မူလစာချ သီးခြားစာချတွေ ပေါ်ထွက်လာအောင် သာသနာပြုခဲ့တဲ့ နှစ်တစ်ရာအတွင်းမှာ မြန်မာပြည်အရပ်ရပ်က သံဃာတော်တွေဟာ ပရိယတ္တိစာပေသင်မယ်ဆိုရင် သာသနတက္ကသိုလ်လို့ ခေါ်ရတဲ့ မန္တလေး နေပြည်တော်ကိုလာပြီး စာသင်ကြရပါတယ်။ သင်ကြတဲ့အခါ မှာလဲ အသင်းကြီးရဲ့အကိုးကွယ်ခံ မူလသီးခြားစာချဆရာတော်များအထံမှာ စာလိုက် စာတက် စာသင်ကြရတာပါပဲ။

မန္တလေး မလာနိုင်သေးတဲ့ စာသင်သားတွေဟာလဲ မန္တလေးက အသင်းကိုးကွယ်ခံ မူလစာချ သီးခြားစာချဆရာတော်များထံ စာပေသင်ကြား တတ်မြောက်လာခဲ့ကြတဲ့ သူတို့ဆရာများထံမှာ စာသင်ကြရတာပါပဲ။ မိမိ အရပ်မှာ သင်ကြားပြီးတဲ့နောက်မှာလဲ မန္တလေးနည်းရအောင်လို့ မန္တလေးလာပြီး အသင်းကြီးရဲ့ ကိုးကွယ်ခံ မူလစာချ သီးခြား စာချဆရာတော်များထံနည်းခံ သင်ကြားရတာပါပဲ။

ယခု မြန်မာပြည်တွင်းမှာရော ပြည်ပမှာပါ သာသနာပြုနေကြတဲ့ သံဃာတော်များဟာ အသင်းကြီးက နှစ်တစ်ရာအတွင်း ပစ္စည်း လေးပါးဖြင့်လည်းကောင်း၊ စာမေးပွဲ ကျင်းပပေးသောအားဖြင့်လည်းကောင်း၊ ချီးမြှောက်ထောက်ပံ့ခဲ့တဲ့ အသင်းကြီးရဲ့အကိုးကွယ်ခံ မူလစာချ သီးခြားစာချ ဆရာတော်များကအဆင့်ဆင့် ဆင်းသက်လာတဲ့ သံဃာတော်များပဲ ဖြစ်ပါတယ်။ တစ်နှစ်အတွင်း မူလစာချ သီးခြားစာချအဖြစ် အကိုးကွယ်ခံ ဆရာတော်ကြီးများ စာရင်းကို ရာပြည့်အကြိုအမှုဝေ စာအုပ်မှာ ခုနစ်နှင့်တကွ ဖတ်ရှုနိုင်ပါတယ်။

သိပေါမင်းပါတော်မူပြီးနောက် ပွဲစားကြီး ဦးထွန်း စသည်တို့က အသင်းကြီး မတည်ထောင်ဘဲ အခုလို မချီးမြှောက်ခဲ့ရင် သာသနာတော်ကြီးအရေးဟာ မတွေးဝံ့စရာပါဘဲ။

အခုတော့ အသင်းကြီး တည်ထောင်ပြီး ချီးမြှောက်ကြလို့ သာသနာမှာ နေလို လလို ထင်ရှားတဲ့ဆရာတော်ကြီးတွေ ပေါ်ထွက်လာပြီး ပြည်တွင်းမှာရော ပြည်ပမှာပါ သာသနာပြုကြလို့ သာသနာတော်ကြီး ထွန်းလင်းစည်ပင်နေတာဟာ ဒကာကြီးတို့ရဲ့အသင်းကြီးကြောင့်ဆိုရင် အမှန်အတိုင်း ပြောတာဘဲဖြစ်ပါတယ်။ ထပ်ပြီးပြောပါမယ်၊ သာသနာတော်ကြီး စည်ပင်နေတာ အသင်းကြီးကြောင့်လို့ ပြောရင် ဟုတ်မှန်တဲ့အတိုင်း ပြောတာဖြစ်ပါတယ်။

ဒကာကြီးတို့အသင်း ဥက္ကဋ္ဌကြီးနှင့်တကွ အသင်းသူ အသင်းသားအားလုံးဟာလဲ အခုရေးခဲ့တဲ့အကြောင်းများကြောင့် သာသနာတော်ကြီး အခုထိ စည်ပင်ထွန်းကားနေခြင်းသည် ငါတို့ရဲ့အသင်းကြီးကြောင့်ပါတကား။ ငါတို့ လူ့ဘဝကို အရတော်ပါပေစွတကား။ ငါတို့ ဒီလို သာသနာတော်အတွက် ရေသောက်မြစ်ပမာ ကျေးဇူးများတဲ့ အသင်းကြီးမှာ အသင်းသူ အသင်းသားဖြစ်ရတာ အရတော်ပါပေစွတကား ကုသိုလ်ထူးလှပါပေစွတကားလို့ ဂုဏ်ယူဝမ်းမြောက်စွာ ဥဒါန်းကျူးရင့်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရများနဲ့ အမြို့မြို့က ပရိယတ္တိစာမေးပွဲတွေဟာလဲ ဒကာကြီးတို့အသင်းကြီးရဲ့စည်းမျဉ်းတွေကို နမူနာယူပြီး ကျင်းပခဲ့ကြရတာပါ။

အခု ဒကာကြီးတို့လက်ထက် ၁၃၁၁ ခုနှစ်ကစပြီး အသက် (၂၀) မပြည့်သေးတဲ့ သာမဏေတွေအတွက်လည်း အရည်အချင်းပြည့်ဝတဲ့ မျိုးဆက်သစ်သာမဏေတွေ ထွက်ပေါ်

လာစေရန် ရည်သန်ပြီး သာမဏေစာမေးပွဲကိုလည်းကောင်း။ နိကာယ်ငါးရပ် အာဂုံသဘော စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ထူးများ ထွက်ပေါ်ရေးအတွက် ၁၃၃၁ ခုနှစ်မှစ၍ နိကာယ်စာမေးပွဲကြီးကိုလည်းကောင်း ကျင်းပ၍ သာသနာတော်ကို ချီးမြှောက်ခဲ့ကြပြန်ပါသည်။

ဒကာကြီးတို့ ချီးမြှောက်နေတဲ့ ပရိယတ္တိသာသနာတော်ဆိုတာ –

"ပိဋကတ္တယသင်္ဂဟိတံ သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ပရိယတ္တိသဒ္ဓမ္မော" လို့ အဋ္ဌကထာကြီးများ ဖွင့်ပြတဲ့အတိုင်း ပိဋကသုံးပါးအပေါင်းဖြင့် ရေတွက်အပ် သိမ်းယူအပ်တဲ့ အလုံးစုံသော ဘုရားစကားတော်တွေ ဖြစ်ပါတယ်။ ဒီဘုရား စကားတော်အားလုံးကိုဘဲ သင်ယူအပ်လို့ လေ့ကျက်ဆောင်ရွက်အပ်လို့ ပရိယတ္တိလို့ ခေါ်ရပါတယ်။ ပရိယတ္တိလို့ ခေါ်ရတဲ့ဘုရားစကားတော်အားလုံးတို့ဟာလဲ အမြတ်ဆုံး စကားတော် တွေဖြစ်ပါတယ်။

ယံ ဗုဒ္ဓေါ ဘာသတိ ဝါစံ၊ ခေမံ နိဗ္ဗာန ပတ္တိယာ။
ဒုက္ခဿန္တကိရိယာယ၊ သာဝေ ဝါစာန မုတ္တမာ။

ဗုဒ္ဓေါ – သဗ္ဗညုတဉာဏ သခင် ဘုရားရှင်သည်၊ နိဗ္ဗာန ပတ္တိယာ – ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ရောက်စေခြင်းငှာ၊ ဒုက္ခဿ – စက်သံသာရ ဝဋ်ဒုက္ခ၏၊ အန္တကိရိယာယ – အဆုံးအမကို ပြုခြင်းငှာ၊ ခေမံ – ဘေးနှင့်မစပ်၊ ဥပါဒ်ကင်းစင်သော၊ ယံဝါစံ – နိကာယ်ငါးရပ် ပိဋကတွင် ခေါ်အကြင်စကားတော်ကို၊ ဘာသတေ – ကရုဏာရှေ့ထား ပညာအားဖြင့် ကောင်းစွာ မသွေ ဟောကြားတော်မူပါပေ၏၊ သာဝါစာ – ပိဋကသုံးသွယ် နိကာယ်ငါးပါး ထိုဘုရားစကားတော်သည်၊ ဝါစာနံ – သူငါပြောကြား စကားတကာတို့ထက်၊ ဥတ္တမာ – အပြစ်ကင်းလတ် ချီးမွမ်းအပ်၍ မြတ်ထွတ်လှပါပေတကား။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော်လာ အထက်ပါဂါထာအတိုင်း ပရိယတ္တိလို့ခေါ်ရတဲ့ မြတ်စွာဘုရားစကားတော် ဖြစ်တဲ့ ပိဋကသုံးသွယ် နိကာယ်ငါးရပ်မြတ်သော ပါဠိတော်တို့သည် နိဗ္ဗာန်သို့ရောက်စေနိုင်ပါတယ်။ သံသရာဝဋ်ဆင်းရဲ၏ နောက်ဆုံးကိုလဲ ပြုနိုင်ပါတယ်။ ဘေးရန်အန္တရာယ်များကိုလဲ တားမြစ်ပြီး လောကီ လောကုတ္တရာ အကျိုးများလဲ ရစေနိုင်ပါတယ်။

နိဗ္ဗာန်သို့ရောက်စေနိုင် သံသရာဝဋ်ဆင်းရဲ၏အဆုံး ကိုလဲ ပြုနိုင်သဖြင့် သတ္တဝါတွေ ချမ်းသာစေရန် ဟောကြားအပ်သော စကားတကာတို့ထက် မြတ်သော နိကာယ်ငါးရပ် ပိဋကသုံးသွယ်ဟု ဆိုအပ်သော မြတ်စွာဘုရား၏ စကားတော်ဟူသော ပရိယတ္တိကို ချီးမြှောက်ရခြင်းသည် သတ္တဝါအားလုံး၏ ချမ်းသာအလို့ငှာ ချီးမြှောက်ခြင်းဖြစ်လို့ တကယ်စစ်မှန်တဲ့ သာသနာပြုခြင်းဖြစ်ပါတယ်။

ဒကာကြီးတို့အသင်း ဥက္ကဋ္ဌကြီးနှင့်တကွ အသင်းသူအသင်းသားအားလုံးတို့သည် မြတ်စွာဘုရား၏ အမြတ်ဆုံးစကားတော်တည်းဟူသော ပရိယတ္တိ သာသနာတော်ကြီး၏ အကျိုးစီးပွားကို ဆောင်ရွက်သောအားဖြင့် သတ္တဝါအားလုံး၏ နိဗ္ဗာန်တိုင်အောင် ချမ်းသာစီးပွား ငါတို့ရွက်ဆောင်ရပေပြီ တကားဟု နှစ်ထောင်းအားရ ရွှင်လန်းဝမ်းမြောက်ကြလျက် အသင်းကြီး၏ အစီးအပွားများကို သာသနာငါးထောင်မကကြာအောင် ဆောင်ရွက်နိုင် ချီးမြှောက်ထောက်ပံ့နိုင်ကြပါစေ ဟု ပတ္ထနာအာသီသ ပြုလိုက်ရပါသတည်း။ ။

ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ
ပေါက်မြိုင်တိုက်၊ မန္တလေး။



# သာသနာ့အကျိုးဆောင် ထိပ်ခေါင်သနင်း ရာပြည့်သင်း

၁၁-၅-၉၆ နေ့၊ နေ့ ၁၂ နာရီခွဲခန့်တွင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ရုံး တည်ရာ မြတောင်တိုက် ရွှေဝါဝင်း သစ်သားကျောင်းလေးတွင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာသနာဘိဝံသ အရှင်မြတ်က စာရေးသူအား စာအုပ်ငယ်တစ်အုပ်ကို ကမ်းလင့်လေ၏။ စာအုပ်ငယ်၏အမည်မှာ "မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး နှစ်တစ်ရာပြည့်အကြို အမှုဝေစာတမ်း" ဖြစ်လေသည်။ ကမ်းလင့်ခြင်း၏ ရည်ရွယ်ချက်မှာ လာမည့် ၁၃၆၀ ပြည့်နှစ်တွင် နှစ်တစ်ရာပြည့်တော့မည်။ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်စာစောင် ဆောင်းပါးရေးရန်ဖြစ်ပါသည်။ ဆရာတော်မိန့်ကြားတော်မူပုံမှာ –

"ပရိယတ္တိ ရာပြည့်စာစောင်မှာ ဆောင်းပါးရေးဖို့ ဒီစာအုပ်ကိုယူသွား" ဟု မိန့်ကြားပါသည်။ ဆိုလိုသည်မှာ ဆောင်းပါးရေးရန် တိုက်တွန်းသည်လည်း မဟုတ်၊ တာဝန်ပေးသည်လည်း မဟုတ်၊ စာအုပ်ယူသွားဘို့သာ မိန့်ကြားခြင်း ဖြစ်သည်။ သို့သော်လည်း (ဆောင်းပါးရေးဘို့) ဟူသော စကားအရ ဆောင်းပါးရေးစေလိုသော ဆန္ဒ ရှိမှန်း သိရလေသည်။ သို့ဖြစ်သဖြင့် မိမိစွမ်းအား ရှိသမျှ ရေးပါမည်ဟု ဝန်ခံရင်း စာအုပ်ငယ်ကို လက်ခံခဲ့ရသည်။

ထိုသို့ လက်ခံပြီးနောက် စာအုပ်ငယ်ကို မာတိကာမှစ၍ ဖတ်ရှုလေ့လာခဲ့ရာ မိမိမသိသေးသောအရာများ များစွာပါဝင်နေပြီး သာသနာတော်အကျိုးအတွက် အသင်းကြီး၏ တည်ကြည် ခိုင်မြဲစွာ စည်းမျဉ်း စည်းကမ်းများ ချမှတ်ပြီး အမှုဆောင်အဆက်ဆက် လက်ဆင့်ကမ်းလျက် နှစ်ပေါင်းတစ်ရာ နီးပါး ကြိုးပမ်းဆောင်ရွက်ပုံများကို အံ့မခန်းတွေ့မြင်ရသည့်အပြင် အသင်းကြီးစတင်သည်မှ ယနေ့အထိ သာသနာ့အကျိုး သည်ပိုးရွက်ဆောင်တော်မူခဲ့ကြသော ယနေ့အထိလည်း ရွက်ဆောင်လျက်ရှိကြသော မဟာထေရ်ဆရာတော်ကြီးများနှင့် အမှုဆောင်များ လူကြီးများစာရင်းကို တွေ့ရှိရသဖြင့် များစွာ ကြည်ညို သဒ္ဓါပွားရလေသည်။

မိမိ ကြည်ညိုသဒ္ဓါပွားရသကဲ့သို့ စာရှုသူများလည်း ပွားများစေလိုသောကြောင့် ပရိယတ္တိသာသနဟိတအသင်းကြီး သိကောင်းစရာများကို အထက်ပါ စာစောင်ငယ်မှ ထုတ်နှုတ်တင်ပြလိုက်ရပေသည်။

မြန်မာနိုင်ငံ၌ အသင်းအဖွဲ့မျိုးစုံ တည်ရှိနေရာ ဘာသာရေး သာသနာရေးနှင့် ပတ်သက်၍ ရန်ကုန်မြို့မှ ဝိုင်အမ်ဘီအေ အသင်း၊ စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်း၊ ပရိယတ္တိသာသနာ နုဂ္ဂဟအသင်း စသည်များနှင့် မော်လမြိုင် သုသမာစာရအသင်း၊ သထုံ သုဝဏ္ဏဘုမ္မိအသင်း စသည်များစွာ ရှိသည့်အနက် မန္တလေးမြို့မှ မလွန်ဆန်လှုအသင်းကြီးနှင့် ပရိယတ္တိသာသနဟိတအသင်းကြီးတို့သည် နှစ်ပေါင်း တစ်ရာ တိုင်တိုင်သာသနာတော်ကြီးအကျိုးကို သည်ပိုးရွက်ဆောင်လျက်ရှိသောအသင်းကြီးများ ဖြစ်ကြလေသည်။ ထိုသို့ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ဆောင်ရွက်နိုင်ခြင်းသည် အသင်းကြီးများ၏ အခြေခံစည်းမျဉ်း ခိုင်မာမှုကို အခြေခံစည်းမျဉ်းအတိုင်း အသင်းလူကြီးများ ညှိနှိုင်းတိုင်ပင်ပြီး အဆက်ဆက် ပြင်ဆင် ဖြည့်စွက် စောင့်ထိန်းလျက် ဆောင်ရွက်ခဲ့ကြသောကြောင့် ဖြစ်လေသည်။

အချုပ်အားဖြင့် အသင်းလူကြီးများ၏ စုစည်း ညီညွတ်မှု၊ ညှိနှိုင်းတိုင်ပင်မှု၊ ဇွဲ လုံ့လ ဝီရိယ ရှိမှု၊ သဒ္ဓါတရား ထက်သန်မှု၊ သစ္စာတရား ခိုင်မြဲမှု၊ သမာဓိတရား အားကောင်းမှုတို့ကြောင့် ဖြစ်သည်ဆိုလျှင် မှားအံ့ မထင်ပေ။

ယခု ပရိယတ္တိသာသနဟိတအသင်းကြီး၏ စုစည်း ညီညွတ်မှု၊ ညှိနှိုင်းတိုင်ပင်မှု၊ ဇွဲ လုံ့လ ဝီရိယ ရှိမှု၊ သဒ္ဓါတရား ထက်သန်မှု၊ သစ္စာတရား ခိုင်မြဲမှု၊ သမာဓိတရား အားကောင်းမှုတို့ကို စာရေးသူ တွေ့ရှိသမျှ တင်ပြလိုပါသည်။

ပရိယတ္တိသာသနဟိတအသင်းကြီးကို လွန်ခဲ့သော ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၌ မန္တလေးမြို့ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်း၊ ရုံးစာရေးကြီး ဦးခင် စသော သာသနာပြုပုဂ္ဂိုလ်ကြီး (၁၂) ဦး တို့ ဦးစီး ဦးဆောင်ပြုလျှက် တည်ထောင်ခဲ့ကြောင်း၊ အမျှဝေစာတမ်း စာမျက်နှာ (ခ) နှင့် (င) တို့အရ သိရှိရသည်။ ဤသည်ပင် အသင်းကြီး၏ မူလ ဘူတ စုစည်းမှု ညီညွတ်မှု ဖြစ်လေသည်။ အကယ်၍သာ အထက်ပါ ပုဂ္ဂိုလ်ကြီးများ စုစည်း ညီညွတ်မှု မရှိလျှင် ပရိယတ္တိသာသနဟိတအသင်းကြီး ပေါ်ပေါက်လာမည် မဟုတ်ချေ။ အသင်းကြီး၏ ရည်ရွယ်ချက်မှာလည်း အသင်းကြီး၏ အမည်နှင့်လျော်စွာ ပရိယတ္တိသာသနာတော်၏ အကျိုးစီးပွားကို ဆောင်ရွက်ပြုစုနိုင်ရန် ဖြစ်ရာ ဤလုပ်ငန်း ရည်ရွယ်ချက်ကြီး အောင်မြင်စေရန် ဇွဲ လုံ့လ ဝီရိယ မရှိလျှင် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါချေ။ ပွဲစားကြီး ဦးထွန်းစသော ဥပါသကာကြီးများသည် "ဇိန သာသန ပရိဟာနိ ဒိသွာ အဘိဝဍ္ဎိယာ ဝါယမတိ" ဟူသော ဥပါသကာဂုဏ်နှင့်အညီ တစ်ဦးတစ်ယောက်ကောင်းဖြင့် သာသနာတော်စည် ပင်ထွန်းကားရန် ထောက်ပံ့သည်ထက် စုပေါင်းညီညာ အသင်းအပင်း ဖွဲ့စည်း၍ လှူဒါန်းထောက်ပံ့မှုသည် သာသနာတော် အရှည်ခန့်၍ တည်တံ့နိုင်ရာသည်၊ စည်ပင်ပြန့်ပွား များပြားရာသည်ဟု ကောင်းမြတ်သော စိတ်ထားဖြင့် ညှိနှိုင်းတိုင်ပင် တည်ထောင်ခဲ့ကြလေရာ ၁၂၆၀ ပြည့်နှစ်မှ ၁၂၆၈ ခုနှစ်အထိ ပွဲစားကြီး ဦးထွန်း ပထမဥက္ကဋ္ဌအဖြစ် ရှစ်နှစ်တိုင်တိုင် ဇွဲရှိရှိ ဆောင်ရွက်ခဲ့ပြီး ရွှေကုန်သည် ဦးကျော်သည် ၁၂၆၈ မှ ၁၂၈၅ အထိ ၁၇ နှစ်၊ ရွှေကျောက်ကုန်သည်ကြီး ဦးကျောက်နီသည် ၁၂၈၅ မှ ၁၂၉၆ အထိ ၁၁ နှစ်၊ ရွှေကျောက်ကုန်သည် ဦးကျောက် သည် ၁၂၉၆ မှ ၁၃၀၁ အထိ ၆ နှစ်၊ ပင်စင်စာရေးကြီး ဦးသာခသည် ၁၃၀၂ ခုနှစ်အတွင်း (၅) ကြိမ်မြောက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ဥက္ကဋ္ဌကြီးများ အဆက်ဆက် ဆောင်ရွက်လာခဲ့ကြရာ ယခုအခါ တိုင်းရင်းဆေးသိပ္ပံဆေးကျောင်း ဆေးရုံအုပ်ကြီး ဦးဟန်ထွန်း (အငြိမ်းစား) ထိ အသင်း ဥက္ကဋ္ဌ အဆက်ဆက် ဇွဲ လုံ့လ ဝီရိယ ရှိရှိဖြင့် ဆောင်ရွက်ခဲ့ကြလေသည်။

အသင်းကြီး၏ သဒ္ဓါတရား ထက်သန်မှုမှာလည်း အံ့မခန်း မှတ်တမ်းတင်စရာ ဖြစ်လေသည်။ အသင်းကြီး၏ အကိုးကွယ်ခံ စာချဆရာတော်များအား စည်းမျဉ်း စည်းကမ်းနှင့်အညီ လစဉ် ယနေ့အထိ ထောက်ပံ့လျက်ရှိသည်မှာ ဆွမ်းဆန် ဆီ ပုဇွန်ခြောက် ပဲ ဆန် ဆား နှင့်တကွ ချက်ရန်ဟင်းပါမကျန် ကျောင်းသို့အရောက်ပို့ လှူဒါန်းလျှက်ရှိကြောင်း အမျှဝေစာတမ်းအရ သိရှိရသဖြင့် အံ့မခန်း ဝမ်းမြောက်နမော် သာဓုခေါ်ဘွယ် ဖြစ်လေသည်။ မည်သူသည် ဤမျှ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ သဒ္ဓါတရားကို ထိန်းသိမ်း၍ စောင့်ရှောက်နိုင်ပါမည်နည်း။ သဒ္ဓါတရားကို စောင့်ရှောက်နိုင်ခဲ့ပေစွ၊ သဒ္ဓါတရားခိုင်မြဲမှုအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာနီးပါးက ရေးဆွဲခဲ့သော အသင်းစည်းမျဉ်းများအတိုင်း ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလျက် ဥက္ကဋ္ဌကြီး အဆက်ဆက် ငွေဝင် ငွေထွက် မှစပြီး စနစ်ကျနစွာ ဆောင်ရွက်လျက်ရှိသဖြင့် လောကီသစ္စာ သာမက လောကုတ္တရာ သစ္စာလေးပါးကို သိမြင်နိုင်သည့်အလားပွားများ ခိုင်မြဲလျက်ရှိသည်ကို လက်တွေ့ သိရှိနိုင်ကြလေသည်။

သမာဓိတရား အားကောင်းမှုအနေနှင့်ကား အသင်းကြီး၏ သက်တမ်း နှစ်တစ်ရာရောက်ချိန်အထိ အသင်းဥက္ကဋ္ဌကြီးများ အဆက်ဆက် ပွဲစားကြီး ဦးထွန်း လက်ထက်မှ ယနေ့ တိုင်းရင်းမြန်မာ ဆေးကျောင်း ဆေးရုံအုပ်ကြီး (အငြိမ်းစား)

ဦးဟန်ထွန်းအထိ မူလ အသင်း၏ ဩဝါဒါစရိယ ဆရာတော်ကြီး (၁၈) ပါးမှ စ၍ ယခုလက်ရှိ ဩဝါဒါစရိယ ဆရာတော်ကြီးများ ၏ ဩဝါဒနှင့်အညီ အသင်းသားအားလုံးတို့၏ ယုံယုံကြည် ကြည် တာဝန်ပေးအပ်ချက်အရ တည်တည်ကြည်ကြည် ဆောင်ရွက်ခဲ့ကြသဖြင့် ယခုကဲ့သို့ အသင်းကြီး တည်ရှိခဲ့သည် မှာ ထင်ရှားလျက် ရှိလေသည်။

ဤသို့လျှင် ညီညွတ်မျှတမှု ဖွဲ့ လုံ့လ သဒ္ဓါ သစ္စာ ခိုင်မြဲစွာ သမာဓိအားကောင်းကောင်းဖြင့် ပရိယတ္တိသာသနာ တော်အကျိုး သည်ပိုးရွက်ဆောင်ခဲ့ကြသဖြင့် ဥဩသံသာ သာ သနာ ရောင်ဝါနေသို့ ထွန်းလိမ့်မည်ဟူသော လင်္ကာအတိုင်း မြန်မာမင်းများလက်ထက် စာချဘုန်းကြီးပေါင်း (၁၁၆၆) ပါး ရှိ ခဲ့ရာမှ ယခုအချိန် (၁၃၅၆ ခုနှစ်၊ နယုန်လအထိ) ကျင်းပသည့် (၈၈) ကြိမ်အတွင်း သီးခြားစာချတန်းအောင် စာချဘုန်းကြီး ပေါင်း (၃၂၅) ပါးသာ ရှိသေးသော်လည်း ရှေးကစံချိန် မှီသည် အထိသာမက စံချိန်ကျော်သည်အထိ ဆက်လက်ကြိုးပမ်း အား ပေးပြီး အနှစ်သာရရှိ၍ အရည်အချင်းမီ စာချဘုန်းကြီးများ ဖေါ်ထုတ်ပေးနိုင်ရန် အသင်းကြီး၏ နှစ်စဉ် ပဓာနလုပ်ဆောင် ချက်များဖြစ်သော –

(၁) နယုန်လတွင် သီးခြားစာသင်တန်းနှင့် စာချတန်း စာမေး ပွဲ ကျင်းပခြင်း၊
(၂) ပြာသိုလတွင် သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲ ကျင်းပ ပြုလုပ်ခြင်း၊
(၃) တပေါင်းလတွင် နိကာယ် စာမေးပွဲ ကျင်းပခြင်း၊
(၄) ကိုးကွယ်ခံ သံဃာတော် အပါး (၁၀၀) ကျော်တို့အား ဆွမ်းဆန်တော် စသည်များ လစဉ် လှူဒါန်းခြင်း တို့ကို ပြုလုပ်နိုင်ပါစေဟု ဆုတောင်းရပေသည်။

စာချဆရာတော်များအနေနှင့်လည်း သကျသီဟ စာချ ဆရာတော်များပီပီ သာသနာပြု ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ် စွမ်းကောင်းများအဖြစ် ဂုဏ်ယူလျက် စွမ်းဆောင်လျက် ရှိကြ ရာ ထိုအစဉ်အလာအတိုင်း မိမိတို့၏တပည့်များကို မြေတောင် မြှောက်အားပေးလျက် ပုဂ္ဂိုလ်စွမ်းကောင်းများဖြစ်အောင် လက် ဆင့်ကမ်း တာဝန်ကို ထမ်းဆောင်နိုင်အောင် သွန်သင်ပေးနိုင် ပါမှကား အသင်းကြီး နှစ်တစ်ရာပြည့်တိုင်အောင် ထိန်းသိမ်း စောင့်ရှောက်နိုင်သလို သာသနာတော်ကြီး နှစ်ပေါင်း ငါးထောင် မက တည်ရှိအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း တင်ပြရင်း ရှေးအဆက်ဆက်မှ ယနေ့ထိ စောင့်ရှောက်နေဆဲဝန်ဆောင် ပုဂ္ဂိုလ်ကြီးများ ကျန်းမာ ချမ်းသာ သက်ရှည်ကြာအောင် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်း လျက် ရာပြည့်အကြို ဆောင်းပါးကို နိဂုံးချုပ်လိုက်ရပေသည်။

ဘဒ္ဒန္တ ဓမ္မသာရ၊ ပျဉ်းမနား



စိရံတိဋ္ဌတု သဒ္ဓမ္မော

# တင့်တယ်အေးကြည်၊ ကြာ ရေတည်သည့် တစ်ဖက်ဆည်ကန် ပမာ ပရိယတ္တိသာသနာ

မြတ်စွာဘုရား သာသနာတော်သည် -

(၁) သင်ယူခြင်း ဟူသော ပရိယတ္တိသာသနာ၊

(၂) ကျင့်ခြင်း ဟူသော ပဋိပတ္တိသာသနာ၊

(၃) ထိုးထွင်း၍ သိခြင်း ဟူသော ပဋိဝေဓသာသနာ ဟူ၍ သုံးမျိုး သုံးစား သုံးပါး ရှိ၏။

ထိုသုံးပါးတို့တွင် ရှေးဦးတည်လတ် ပရိယတ္တိသာသနာတော်သည်သာလျှင် အခြေအမြစ် အကြောင်းရင်းအစစ်ဖြစ်၍ တင့်တယ်အေးကြည် ကြာရေတည်သော တစ်ဖက်ဆည်ကန်ကြီးနှင့် တူလှပေ၏။

### သာသနာသုံးရပ် သဒ္ဓမ္မသုံးမြာ

(၁) ပိဋကတ်သုံးပုံ၌ ရေတွက်အပ်သော အဋ္ဌကထာနှင့် တကွသော ဘုရားစကားတော် အလုံးစုံကို ပရိယတ္တိသဒ္ဓမ္မ ဟုလည်းကောင်း၊ ပရိယတ္တိသာသနာဟု လည်းကောင်း ခေါ်ဆို၏။

(၂) စုတင် (၁၃) ပါး၊ ခန္ဓကဝတ် (၁၄) ပါး၊ မဟာဝတ် (၈၂) ပါး၊ သီလ သမာဓိ ဝိပဿနာ တို့ကို ပဋိပတ္တိ သဒ္ဓမ္မ ဟုလည်းကောင်း၊ ပဋိပတ္တိသာသနာဟု လည်းကောင်း ခေါ်ဆို၏။

(၃) ပဋိသမ္ဘိဒါ (၄) ပါး၊ ဝိဇ္ဇာ (၃) ပါး၊ အဘိညာဉ် (၆) ပါး၊ မဂ် (၄) ပါး၊ ဖိုလ် (၄) ပါး နိဗ္ဗာန်တရားတို့ကို ပဋိဝေဓ သဒ္ဓမ္မ ဟုလည်းကောင်း ပဋိဝေဓသာသနာ ဟုလည်းကောင်း ခေါ်ဆို၏။

(ရှင်းလင်းချက်) သင်ယူအပ်သော သူတော်ကောင်းတို့၏ တရားသည် ပရိယတ္တိသဒ္ဓမ္မ။ ကျင့်အပ်သော သူတော်ကောင်းတို့၏ တရားသည် ပဋိပတ္တိ သဒ္ဓမ္မ။ ရအပ် သိအပ်သော သူတော်ကောင်းတို့၏ တရားသည် ပဋိဝေဓသဒ္ဓမ္မ။ ယင်း သုံးပါးသည်ပင် ဘုရားအဆုံးအမတော်၌ တည်ရကား သာသနာသုံးရပ် မည်ပြန်သည်။

### ကန်ပေါင်ရိုးနှင့် ပရိယတ္တိသာသနာ

ကြီးစွာသော တစ်ဖက်ဆည်ကန်ကြီး၌ ကန်သင်း ကန်ပေါင် ခိုင်ခန့်လုံခြုံသည်ရှိသော် ရေသည် မပျောက်ပျက်နိုင်၊ ရေမပျောက်ပျက်သဖြင့်လည်း ပဒုမ္မာကြာ စသည်တို့သည် ပေါက်ရောက် စည်ပင်ကုန်သကဲ့သို့ ထို့အတူပင် တစ်ဖက်ဆည်ကန်ကြီး၏ ကန်သင်း ကန်ပေါင်နှင့်တူသော ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာဟူသော ပရိယတ္တိသာသနာ တည်ထွန်းသည်ရှိသော် ရေနှင့်တူသော ပဋိပတ္တိသာသနာ တည်ထွန်း၏။ ပဋိပတ္တိသာသနာ တည်ထွန်းသဖြင့်လည်း ပဒုမ္မာကြာ စသည်နှင့်တူသော ပဋိဝေဓ သာသနာ တည်ထွန်းနိုင်ပေသည်။

ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာတည်းဟူသော ပရိယတ္တိ ကွယ်ပျောက်ခဲ့က ပဋိပတ္တိအကျင့် ချွတ်ယွင်းမည်၊ အကျင့် ချွတ်ယွင်းပါက သိအပ် ရအပ်သော ပဋိဝေဓတရား ပျက်ချေသည်။

ထို့ကြောင့် ကန်ပေါင်ရိုးနှင့်တူသော ပရိယတ္တိသည်သာလျှင် ဧကန် စင်စစ် သာသနာတော်၏ အကြောင်းရင်း မူလ ဖြစ်ပေရကား ရေ ကြာ နှစ်လီ ကောင်းစွာ တည်သော တစ်ဖက်ဆည် ကန်ကြီးနှင့် တူပေတော့သည်။

### ပဋိဝေဓနှင့် ပဋိပတ် ရှုံးမွှင့်ထွန်းဇာတ်

သာသနာသုံးရပ်တို့တွင် ပဋိဝေဓနှင့် ပဋိပတ်နှစ်ရပ်သည် ဖြစ်ထွန်းသောအခါလည်း ရှိသည်၊ မဖြစ်ထွန်းသော အခါလည်း ရှိသည်၊ အချင်းခပ်သိမ်း အမြဲ တည်ရှိနေသည် မဟုတ်။

ပဋိဝေဓ သာသနာကို ပြုတတ်ကုန်သော ရဟန်းတို့ ပေါ များထွန်းကားသောအခါ၌ "ဤရဟန်းကား ပုထုဇဉ်" ဟု ပင် လက်ညှိုးညွှန်၍ ပြအပ်သည် ဖြစ်ခဲ့၏။

တစ်ကြိမ်သောအခါက သီဟိုဠ်ကျွန်းတွင် ကုဋေ အရာ အထောင် မကသော အရိယာတို့ လွန်စွာ ပေါ်များခဲ့ဘူး၏။ လမ်းဘေး လမ်းမ အိမ်ဈေး ရေဆိပ် တော တောင် လိုဏ်ခေါင်း အိမ် ကျောင်း ဇရပ် ဟူသမျှတို့တွင် တစ်ခုသောနေရာ အရပ် မှလည်း မဂ် ဖိုလ် မရဘူးသော အရိယာ မဖြစ်ဘူးသော အရပ် မည်သည် မရှိ ဖြစ်ခဲ့၏။

အရိယာတို့သာ များလှ၍ ပုထုဇဉ်ကို ပြလို မြင်စေလို လျှင် "ဤသူကား ပုထုဇဉ်တည်း" ဟု လက်ညှိုးညွှန်၍ပင် ပြရ သည်။

ယင်း သီဟိုဠ်ကျွန်း၌ပင် ရှံခါသော် ပုထုဇဉ်ရဟန်း မည် သည် လုံးဝ မရှိခဲ့သတတ်၊ ဈာန် အဘိညာဉ်ရ ရဟန်းအများ တို့ လူးလားခေါက်ပြန် ကောင်းကင်ယံဝယ် အပျံ အသွား များလှသောကြောင့် အမြဲလိုပင် နေရိပ် မရ၍ စပါးလှမ်းရာ မသွေ့ခြောက်ခဲ့ရကား စပါးထောင်း မိန်းမတို့ အောင့်အည်း ညည်းညူကြရအောင်ပင် ပဋိဝေဓ သာသနာ စည်ပင်ထွန်းလင်း ခဲ့သတတ်။

ပဋိပတ္တိသာသနာကို ဖြည့်ကျင့်သော ရဟန်းတို့သည် လည်း တစ်ရံတစ်ခါ၌ လွန်စွာ ပေါ်များ ထွန်းကားကုန်၏။ တစ်ခါ တစ်ရံ၌မူ လွန်စွာ နည်းပါးတတ်ကုန်၏။ သို့ကြောင့်ရကား ယင်း ပဋိဝေဓနှင့် ပဋိပတ္တိ သာသနာနှစ်ရပ်သည် ဖြစ်ထွန်း စည်ပင် သည်လည်း ရှိ၏၊ မဖြစ်ထွန်းသည်လည်း ရှိ၏။

ဘုရား သာသနာ မပျောက် မကွယ် တည်ရှိနိုင်ခြင်းမှာ မူ ပရိယတ္တိသာသနာသည်သာလျှင် စံနှိုင်းဖွယ်ရာ အတိုင်း အရှည် ပမာဏ ဖြစ်ပေသည်။

### ပရိယတ္တိ တည်လျှင် သာသနာ တည်

ဉပမာဆောင်၍ ထင်အောင် ပြဦးအံ့။ ပညာရှိသူ ရဟန်း သည် ပရိယတ်ကို သင်ကြား၍ နှစ်ရပ်သော ပဋိပတ် ပဋိဝေဓ တို့ကို ပြည့်စုံစေနိုင် တည်စေနိုင်သည်။

ငါတို့ ဘုရားအလောင်းတော် အာဠာရ ရသေ့ထံတွင် အဘိညာဉ်ငါးပါးနှင့်တကွ သမာပတ် ခုနစ်ပါးတို့ကို ရစေခဲ့ပြီး နောက် နေဝသညာ နာသညာယတန သမာပတ်၏ ပရိကမ် လုပ်ငန်းစဉ်ကို မေးမြန်း၏။ အာဠာရ ရသေ့သည် မသိရကား "မသိ" ဟုပင် ဖြေဆိုသည်။

ထိုအခါ ဘုရားအလောင်းတော်သည် "ဉဒက" ရသေ့ ထံ သွားခဲ့၍ မိမိရအပ်ပြီးသော ပရားအထူးတို့ကို နှီးနှော ဆွေးနွေးပြီးလျှင် နေဝသညာ နာသညာယတန သမာပတ်၏ ပရိကမ် အစီအရင် လုပ်ငန်းစဉ်ကို မေးမြန်း၏။ ဉဒကရသေ့ သည် ဖြေကြား ပြောဆိုသည်။

ဉဒကရသေ့ ဖြေကြား ပြောဆိုသောစကား ပြီးဆုံးသည် ၏ အခြားမဲ့ တစ်ပြိုင်နက် ဘုရားအလောင်းတော်သည် ထို နေဝသညာ နာသညာယတန သမာပတ်ကို ပြည့်စုံစေဘိ ရစေ ဘိသကဲ့သို့ ထို့အတူပင် ပညာနှင့် ပြည့်စုံသော ရဟန်းသည် ပရိယတ္တိကို သင်ကြား၍ ပဋိပတ္တိ ပဋိဝေဓ သာသနာ နှစ်ရပ်ကို ပြည့်စုံစေနိုင် တည်စေနိုင်သည်။

ယင်းစကားရပ်၌ –

(၁) ဘုရားအလောင်းနှင့် ဉဒကရသေ့တို့ မေးမြန်း ဖြေကြား ခြင်းသည် ပရိယတ်မည်၏။
(၂) နေဝသညာ နာသညာ ယတန သမာပတ်၏ ပရိကမ်ကို ပြုခြင်းသည် ပဋိပတ်မည်၏။
(၃) နေဝသညာ နာသညာ ယတနဈာန် သမာပတ်ကို ရခြင်း သည် ပဋိဝေဓ မည်၏။

ထို့ကြောင့် ပရိယတ်သည် တည်သည်ရှိသော် သာ သနာသုံးရပ် တည်သည်ဖြစ်၍ ပရိယတ္တိသာသနာသည်သာ လျှင် ကြွင်းသော သာသနာနှစ်ပါး တည်ရန်အခြေ အမြစ်အ ကြောင်းရင်း အစစ်ဖြစ်သည်။

### ပဋိပတ်ထက် ပရိယတ်သာ ပမာဏ

ပရိယတ် ကွယ်သည်ရှိသော် ပဋိပတ်ကွယ်၏၊ ပဋိပတ် ကွယ်သော် ပဋိဝေဓ ကွယ်ရာ၏။ အဘယ့်ကြောင့်နည်း – ပရိ ယတ်သည် ပဋိပတ်၏လည်းကောင်း၊ ပဋိဝေဓ၏ လည်းကောင်း အကြောင်းအထောက်အပံ့ ဖြစ်သောကြောင့်ပေတည်း။

အနော်ရထာမင်းနှင့် ရှင်အရဟံ

အနော်ရထာမင်း ။ ။ အရှင်ဘုရား သာသနာ့ ဘေးရန်များ ရှင်းလင်းပြီးသော် သာသနာ၌ ချစ်မြတ်နိုးသူတို့ ရဟန်း သာမဏေ ပြုလိုသည်ဟု လျှောက်လာလျှင် ပြုပေးတော် မူပါဟု လျှောက်ထား၏။

ထိုအခါ ရဟန်း သာမဏေပြုပေးရာ ကျေးလက်မပါ မြို့တွင်း မြို့ပြင်မှာပင် သုံးသောင်းမျှ ရှိချေသည်။

ရှင်အရဟံ ။ ။ မင်းကြီးအမြစ်ရှိမှ ပင်စည် အရွက် အပွင့် အသီး တို့ဖြစ်နိုင်ကုန်သည်၊ အမြစ်မရှိက ပင်စည် အရွက် အပွင့် အသီး တို့ မရှိနိုင်ချေ။

ထိုနှင့်တူစွာ သာသနာတော် ထွန်းတောက်ပခြင်းသည်ကား ပရိယတ္တိ သာသနာတော်ရှိမှ ပဋိပတ္တိသာသနာတော် ဖြစ်နိုင်သည်၊ ပဋိပတ္တိသာသနာတော် ရှိမှ ပဋိဝေဓသာသနာတော် ဖြစ်နိုင်သည်။

ယခု ပရိယတ်ဟူသော ပိဋကတ်သုံးပုံသည် မရှိချေ ဖြစ်သည်၊ ဘုရား သခင်သရီရ ဓာတ်တော် မွေတော် မြတ်လည်း မရှိချေသေး ဖြစ်သည်။

မွေတော် ဓာတ်တော် ပိဋကတ်ကျမ်းဂန်ရှိသော ပြည် ရွာ တိုင်းကား နိုင်ငံသို့ လက်ဆောင် ပဏ္ဏာကာရဖြင့် တောင်းစေ၍ ရသည်ဖြစ်မှ သာသနာတော် အစဉ်ရှည်စွာတည်ရာ ဖြစ်မည် ဟု မိန့်တော်မူသည်။

ထိုအခါ အနော်ရထာမင်းသည် သက္ကရာဇ် (၃၆၇) ခုတွင် သထုံပြည်မှ မင်းအဆက်ဆက် ကိုးကွယ်သော ရတနာပန်းတောင်းနှင့်ထားသော မွေတော်မြတ်ကိုလည်းကောင်း၊ ပိဋကတ် အစုံ (၃၀) ကိုလည်းကောင်း၊ (၃၆) စီးသော ဆင်ဖြူရတနာတွင် တင်ယူ ပင့်ဆောင်တော်မူခဲ့သည်။

ယင်းသာသနာတော်ဝင် ရာဇဝင်များအရ ရှင်အရဟံ စကားဖြင့်လည်း ပရိယတ္တိသည် သာသနာတော်၏ အကြောင်းရင်းစစ် မူလ ဖြစ်ခြင်းကို သိနိုင်ပေသည်။

ပရိယတ္တိကွယ်သည် မည်ခြင်း

သာသနာတော်၏ အကြောင်းရင်းစစ် အမြစ် မူလဖြစ်သော ပရိယတ္တိကွယ်သည် မည်သည်ကား အကြင်မျှလောက် လူ့ပြည်တို့၌ လေးပါဒရှိသော ဂါထာသည်လည်း အထင်အရှားရှိပေသေး၏။ ထိုမျှလောက် ပရိယတ္တိသည် မကွယ် မပျောက်သေးသည်သာ ဖြစ်၏။

အကြင်အခါ သဒ္ဓါတရားရှိသော မင်းသည် ဆင်ကျောက်ကုန်းထက် အသပြာ ထောင်ထုပ်တင်၍ "ဘုရားရှင်တို့သည် ဟောထားအပ်သော ဂါထာကို သိသော သူသည် ဤငွေတစ်ထောင်ယူစေ" ဟု မြို့၌ (၃) ကြိမ်တိုင် စည်လည်စေ၍ ယူသူ မရှိရကား မင်းချင်းတို့သည် ထိုအသပြာ ထောင်ထုပ်ကို နန်းတော်သို့ တစ်ဖန် ပြန်သွင်းဆောင်လာကြကုန်၏။ ထိုအခါ ပရိယတ္တိသည် ကွယ်သည် မည်တော့၏။

ပရိယတ္တိ သာသနဟိတအသင်း တည်ထောင်ခြင်း

နေပြည်တော်တွင် သာသနာပြုမင်းများလက်ထက်တွင် ပရိယတ္တိသာသနာတော်ကြီး စည်ပင်ထွန်းကားရန်အတွက် ရည်သန်ချက်ဖြင့် နယုန်လတွင် ပထမစာတော်ပြန်ပွဲ ကျင်းပပြုလုပ်ခြင်း၊ စာအောင်ရဟန်းတော်များအား ကျောင်းဆောက်တင်လှူ ကိုးကွယ်ခြင်း၊ စာအောင် သာမဏေများအား ဝါဆိုလ ရဟန်းခံပွဲနှင့် ရဟန်းပြုပေးခြင်း ပစ္စည်းလေးပါးတကာ ခံယူခြင်းတို့ဖြင့် လည်းကောင်း၊

ပညာဂုဏ်အားလျော်စွာ ဘွဲ့တံဆိပ်တော်ဆက်ကပ် ကိုးကွယ်ခြင်း လစဉ် ဆွမ်းဆန်တော် ထောက်ပံ့လှူဒါန်းခြင်းဖြင့် လည်းကောင်း၊

သာသနာတော်ကို ချီးမြှောက်ခဲ့ရာ စာချ စာသင် ရဟန်းတော်အရှင်များမှာ ပစ္စည်းလေးပါးအတွက် မငြိုငြင် မပင်မပန်း ချမ်းချမ်းသာသာ ပရိယတ္တိကိုသာ အားသွန် ခွန်စိုက်ကြိုးစားနိုင်ခဲ့ကြကုန်သည်။

၁၂၅၇ ခု၊ တန်ဆောင်မုန်းလဆုပ် (၈) ရက်၊ (၁၈၈၅ ခု၊ ဒီဇင်ဘာလ) တွင် သီပေါဘုရင် ပါတော်မူပြီးနောက် ထီးကျိုးစည်ပေါက် သူ့ကျွန်အဖြစ် ရောက်ခဲ့လေသော် ပစ္စည်းလေးပါးချီးမြှောက်ထောက်ပံ့ခြင်း ကင်းမဲ့တော်မူကြ၍ လေးပါး ပစ္စယ

သပ္ပါယ မမျှတ ငြိငြင်တော်မူကြသောကြောင့် စာချဆရာတော်အများအပြားပင် ထိုထို မြို့ရွာ ဒေသတို့သို့ တကွဲ တပြား ကြွသွားတော်မူကြကုန်သည်။

ပို့ချ သင်ကြားမြဲ သင်ကြား ပို့ချလျှက် နေမြဲ နေကြကုန်သော အစိတ် အဝက်လောက်မျှ ကြွင်းကျန်တော်မူသော ဆရာတော် သံဃာတော်များလည်း ယင်းနည်းအတူ ကြွသွားတော်မူချေကသာသနာတော်အရင်း မူလဖြစ်သော ပရိယတ္တိ ဓမ္မ ကေန္တပင် အင်အား ဆုတ်ယုတ်ချေတော့မည်။

"ပရိယတ္တိ ဆုတ်ယုတ်ချေက ပဋိပတ္တိ ပဋိဝေဓ ဓမ္မနှစ်ပါးလည်း မစည်ကား လျော့ပါး ညှိုးနွမ်းချေတော့မည်။ ဒါယကာတို့ ညီညာထောက်ပံ့ခြင်း အမှီသဟဲကို ရမှသာလျှင် စည်ပင်တည်ထွန်းမြဲ တည်ထွန်းရာချေသည်" ဟု အဖန်တလဲလဲ ကြံစည် ဆင်ခြင် ထင်မြင် ဉာဏ်ရှိကြသည့်အတိုင်း အများပြည်သူတို့၏ကိုယ်စားပြုကာ၊ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်းစသော ပုဂ္ဂိုလ်ကြီး (၁၂) ဦးတို့ ဦးစီးခေါင်းဆောင်ပြုလျှက် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကို ၁၂၆၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ စတင် တည်ထောင်ခဲ့သည်။

ယင်းတို့မှတစ်ပါး မန္တလေးမြို့နေ သင်းခံလူကြီး (၁၃) ဦးနှင့် အဝေးမြို့ မြို့နယ်အသီးသီးမှ သင်းခံလူကြီး (၁၉) ဦးတို့က ဝိုင်းအုံထောက်ပံ့ခဲ့ကြသည်။

ယင်း (၄၄) ဦးသော ပုဂ္ဂိုလ်ကြီးများသည် ရည်သန်ချက် (၅) ရပ် ပိုင်းခြားသတ်မှတ်ကာ ပရိယတ္တိသာသနာတော် အရှည်တည်ထွန်းရန် မနေမနား ကြိုးစားအားထုတ်ခဲ့ကြကုန်သည်။

## ဥယျောဇဉ် + နိဂုံး

၁၂၆၀ ပြည့်နှစ်မှ ၁၃၆၀ ပြည့်နှစ်အထိ နှစ်တစ်ရာကာလအတွင်း အသင်းကြီး၏၊ အာဒိကမ္မိက အလုပ်အမှုဆောင် လူကြီးများဖြစ်ကြသော ဥက္ကဋ္ဌကြီး ဦးထွန်း အမှူးရှိသော တစ်ကျိပ်နှစ်ယောက်သော "ပရိယတ္တိသာသန ဝုဒ္ဓိ မာမက" ပုဂ္ဂိုလ်ကြီးတို့၏ မူလ ရည်သန်ချက် အတိုင်းအောင်မြင်မှုကို ရရှိခဲ့ပြီးဖြစ်သည့်အပြင်၊

အဆင့်ဆင့် လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြကုန်သော ပရိယတ္တိသာသနဟိတအသင်းဝင် သာသနာ့ အကျိုးဆောင် အပေါင်းတို့၏ လုံ့လကြိုးကုတ် အားထုတ်မှု၊ ပျင်းရိခြင်းမှ နိုပ်နင်းထွက်မြောက်မှု၊ အားကုန်သွန်၍ ကြိုးပမ်းမှုတို့ကြောင့် ယခုမျက်မှောက် (၁၀) နှစ်တာ ကာလအတွင်းဝယ် အသင်းကြီး၏ ပင်မ ရံပုံငွေအင်အား၊ သင်းမလူကြီး အဖွဲ့ဝင်အင်အား၊ လိုအပ်သမျှ အဆောက်အအုံများပါ တိုးပွား ပြည့်စုံလာခဲ့သည်မှာလည်း လွန်စွာပင် အားရဖွယ်ရာ ဖြစ်ပေသည်။

အသင်းတည်ထောင်စ ရှေးယခင်ကာလနှင့်မတူ ငွေပင်အင်အား သင်းမအဖွဲ့ဝင်အင်အား အဆောက်အအုံအင်အားပေါ် များ ပြည့်စုံ ကုံလုံကြွယ်ဝသည့်အလျောက်၊

အသင်းဝင်အပေါင်းတို့သည်လည်း တစ်ဦးနှင့်တစ်ဦး တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် ဖြစ်ကြကုန်လျက် ထက်ထက်သန်သန် တက်တက်ကြွကြွ အားသွန် ခွန်စိုက် လုံ့လစိုက်ကာ

သူတစ်ကာ၏အပြစ်ကို မရှုမမြင် မဆင်ခြင်ပဲ မိမိသည်သာလျှင် အပြစ်ကင်းစင်အောင် တာဝန်ကျေပွန်စွာ ထမ်းရွက်ကြကုန်လျက် နှစ်တစ်ရာကျော်ကာလတွင် ယခင်ကထက် ဆတက်တံပိုး သည်ပိုး ရွက်ဆောင်နိုင်ကြပါစေဟု ဆုတောင်း ပတ္ထနာ ပြုအပ်ပါသတည်း။

ဘဒ္ဒန္တ ဇောတိကာဘိဝံသ
ဘာသန္တရဆေက(ဗာရာဏသီ)
ပါဠိပါရဂူ+သိရီပဝရ+သကျသီဟ ဓမ္မာစရိယ

# တတိယမျက်လုံး

အညတြထေရ်အရှင်

၁၃၃၈ ခုနှစ်၊ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲကြီး၏ သီးခြား စာသင်တန်းတွင် မစိုးရိမ်ကျောင်းတိုက်၊ ပရိယတ္တိနယူပဒေသကျောင်းမှ ဝင်ရောက်ဖြေဆိုသူ ရဟန်းနှစ်ပါးတည်းသာ အောင်ဂေဇက်ထွက်ခဲ့ပြီး စာအောင်ပွဲသဘင်ကျင်းပသောအခါ ၎င်းကျောင်းမှ ဆရာတော် ဦးစန္ဒောဘာသ မဟာထေရ်က စာထောက် စာမ ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ဩဝါဒ အနုသာသနီကထာ မိန့်ကြားသော ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ထိုကျောင်းမှ လှူပျံတော် သင်းမလှကြီး အတွင်းရေးမှူး ဦးထွန်းကြည်က အခမ်းအနားမှူးအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ကြသဖြင့် ဖြစ်တောင့်ဖြစ်ခဲ့ နှစ်တစ်ရာတွင် တစ်ကြိမ်သာ ကြုံတွေ့ခြင်းပါဘဲဟု စဉ်းစားမိပြီးလျှင် အသင်းကလည်း ပရိယတ္တိ၊ ဆရာကလည်း ပရိယတ္တိ၊ အောင်မြင်သူလည်း ပရိယတ္တိ၊ ဩဝါဒလည်း ပရိယတ္တိ၊ ဒါယကာလည်း ပရိယတ္တိဟု စာရေးသူ၏ စိတ်အစဉ်၌ အမြဲပင် သတိရလျက် ရှိနေပါတော့သည်။

ထိုစာအောင်ပွဲသဘင် အခမ်းအနား၌ ဆရာတော်က ဩဝါဒအနုသာသနီကထာ မိန့်ကြားသောအခါ အသင်းကြီးစတင်ဖွဲ့စည်းပုံ၊ ကျမ်းစာများ သတ်မှတ်ပုံ၊ မူလစာချ၊ သီးခြား စာချ ရွေးချယ်ကိုးကွယ်ပုံတို့ကို မိန့်ကြားရာတွင် ပါဝင်ခဲ့သော တတိယမျက်လုံး ဟူသော ဝေါဟာရကိုလည်းကောင်း၊ အသင်းကြီးစတင် ဖွဲ့စည်းပုံကိုလည်းကောင်း လွန်စွာ စိတ်ဝင်စားနာခံမှတ်သားခဲ့ပါသည်။

ထိုအခမ်းအနားတွင် ဆရာတော်ဘုရားကြီးက သီးခြား စာချတန်းအောင် အရှင်တို့အတွက် "ငါ့ရှင်တို့သည် အဋ္ဌကထာကြီး သုံးကျမ်းကို အောင်မြင်ပြီး ပုဂ္ဂိုလ်များဖြစ်ကြ၍ သီးခြား စာချ ဘွဲ့တံဆိပ်တော်ကို အလှူခံရပြီး အသင်းကြီး၏ အကိုးကွယ်ခံ ဆရာတော်များဖြစ်ခဲ့ကြပြီ၊ ငါ့ရှင်တို့၏ မိခင်တို့က မွေးပေးလိုက်သော မံသစက္ခု၊ ပကတိမျက်စိနှစ်လုံးပေါ်၌ ပညာစက္ခု မည်သော တတိယမျက်လုံး ထပ်ဆင့် တပ်ဆင်နိုင်ခဲ့ကြပေပြီ၊ ထို တတိယမျက်လုံးကို အသုံးပြု၍ သာသနာတော်ကြီး တည်တံ့ခိုင်ခံ့အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ရွက်ဆောင်တော်မူကြပါ" ဟု မိန့်ကြား တိုက်တွန်းတော်မူခဲ့သည်။

သီးခြားစာသင်တန်းအောင် အရှင်တို့အတွက် "ငါ့ရှင်တို့သည် ဉာဏ်အမြော်အမြင် ကြီးမားလှသော ဆရာတော်ကြီးများ စေတနာ ထက်သန်ပြီး အနာဂတ်သာသနာရေးအတွက် ရတက်မအေးကြသော လူပညာရှိကြီးများ၊ ဆရာ ဒကာ နှစ်ဦးနှစ်ဘက် ညှိနှိုင်း တိုင်ပင်ရေးဆွဲ အတည်ပြုထားသော ဥပဒေနှင့်အညီ ရှေးခေတ်စာတော်ပြန်ပွဲတို့ကဲ့သို့ နှုတ်ငုံဆောင်သက်သက်လည်းမဟုတ်၊ ဤစာမေးပွဲထက် (၂) နှစ်စော၍ စတင်ခဲ့သော ငယ် လတ် ကြီး ကျော် စာမေးပွဲကဲ့သို့ ပုစ္ဆာဆင်ထုတ် သဘောရေးဖြေ သက်သက်လည်းမဟုတ်၊ နှစ်မျိုးစုံပါဝင်စေလျက် ခက်ခဲစွာ ဖြေဆိုရသော သီးခြားစာသင်တန်းကို အောင်မြင်သူများဖြစ်ကြ၍ နောင် (၅) နှစ်အတွင်း သတ်မှတ်ထားသော အဋ္ဌကထာကျမ်းကြီး သုံးကျမ်းကို အပြီးတိုင် ဖြေဆိုကြရမည့် ပုဂ္ဂိုလ်များ ဖြစ်ပေသည်။ မိမိတို့ ရည်မှန်းထားသည့်အတိုင်း အောင်မြင်ပြီး တတိယမျက်လုံးတပ်ဆင်မှု ပန်းတိုင်သို့ မရောက်မခြင်း အခြားပယောဂ ဝင်စွက်၍ ရည်မှန်းချက်ပျောက်ပျက်မှု မရှိအောင် ကြိုးစား အားထုတ်ကြပါ၊ အကြောင်းကတော့ သီးခြားစာသင်တန်း အောင်မြင်သူတိုင်း သီးခြားစာချတန်း အောင်ကြတာ မဟုတ်ဘူး" ဟု မိန့်ကြား တိုက်တွန်းတော်မူခဲ့သည်။

ထို စာအောင်ပွဲသဘင်နှင့် ဆရာတော်၏ မိန့်ကြားချက်ကို တစ်နှစ် သုံးကြိမ် အောင်ပွဲကြုံတိုင်း စာရေးသူ၏ စိတ်အစဉ်၌ ကြားယောင်မိလျက် ရှိပေသည်။

ထိုမှတစ်ဖန် နောက်ကြောင်းပြန်သော် ...

ပုဂံရာဇဝင် တုတ်ထမ်း၍ ငြင်းဆိုသည်မှာ ဖြစ်နိုင်လောက်၏။ ရာဇဝင်ဆိုသည်မှာ နိုင်သောဘက်မှ ရေးခြင်းဖြစ်၍ ပြန်လှန်ချေပရေးသားနိုင်သူ မရှိနိုင်သဖြင့် နိုင်သောဖက်မှ မတော်မတရား လုပ်ကိုင်ခဲ့သော အချက်များကို ချန်လှပ်၍သာ ရေးသားပေလိမ့်မည်။ ကာလဝိပါက် နောက်ပိုးတက်၍ ရှုံးသူဖက်မှ ဘုန်းကံရှင် ပေါ်နိုင်ပြန်သော်မူ ရှေးနည်းအတူပင် ရေးသားပြန်လေသောအခါ ယခင်နှင့်ယခု ကွဲပြားမှု ဖြစ်ပေါ်လာရတော့သည်။ ထိုအခါ ကောင်း ဆိုး နှစ်တန် ဝေဖန်မှု ပြုလျှင် တစ်ဖက်သာ အမြင်ရှိပါက ကွဲပြားခြားနား ငြင်းခုံကြရပေလိမ့်မည်။

အသင်းကြီး တည်ထောင်ရခြင်း၏ အကြောင်းကို ရေးသားသူတို့လည်း ဘာသာရေး သာသနာရေးတို့နှင့် ဝပ်လျှိုး၍ ရေးသားသူတို့၏ ထုံးစံအတိုင်း သိလျက်နှင့် ချန်လှပ်၍ မိမိတို့၏ မနသိကာရများကို ထည့်သွင်းရေးသားကြသောကြောင့် စာတစ်အုပ်နှင့်တစ်အုပ် စာတစ်မူနှင့်တစ်မူ မတူ ကွဲပြားခြားနား ငြင်းခုံစရာများ ဖြစ်လာရတော့သည်။ ထိုအခါ ရာစုနှစ် အလီလီဖြတ်သန်းခဲ့ရ၍ ကာလရှည်ကြာနေပြီဖြစ်သော ပုဂံရာဇဝင်ကဲ့သို့ မဟုတ်ပါဘဲလျက် တစ်အုပ်တစ်ခုသာ ဖတ်ဘူးသူချင်း ကြုံကြိုက်ဝေဖန်မှု ပြုကုန်ပါမူ တစ်ဖက်သာ အမြင်ရှိပါက ကွဲပြား ခြားနား ငြင်းခုံကြပေလိမ့်မည်။ ဤကား လောကတံထွာ ဓမ္မတာတစ်ရပ်တည်း။ မည်သူ့ကိုမျှ အပြစ်ဆိုရန်မဟုတ်လေ။

ဤနေရာ၌ ဥစ္စာထုပ်ကို သိမ်းမြှုပ်ထားသည်ဟု မှတ်တိုင်ကမ္ပည်း စိုက်ထူထားသော်လည်း ကမ္ဘာလုံးလည်သောသဘောကြောင့် လည်းကောင်း၊ ဥစ္စာစောင့်တို့က ရွှေ့ယူပြောင်းသည် ဟူသော သဘောကြောင့် လည်းကောင်း ပြာနှင့် မီးသွေးထည့်တတ်သေး၏။

ဘုရားဟော ဒေသနာတော်များကိုပင် အကြိမ်ကြိမ်ကူးရေးရမှုကြောင့် တိမ်းပါးတတ်၍ သံဂါယနာ တင်ရသေး၏။ အလွန်တိကျမှန်ကန်သော ပရမတ်တရားတို့ပင် နသုန္ဒရ အတိသုန္ဒရ ငြင်းခုံကြရသေး၏။ လောကသင်္ကေတ ပညတ်သာ ဖြစ်သော ဤအသင်းကြီး တည်ထောင်ရခြင်း၏ အကြောင်းကို ရေးသားခြင်းတို့၌ ကွဲပြား ခြားနား ငြင်းခုံစရာများ ရှိနေသည်မှာ ထူးသော်လည်း ဆန်းသည်တော့ မဟုတ်ပေ။

ထို့ပြင် ခရစ်သက္ကရာဇ် ၁၉၀၃ ခုနှစ်၊ ရိုက်နှိပ်သော အသင်း ဥပဒေစာအုပ်ငယ် ရှေ့ပိုင်း မြန်မာစာ၊ နောက်ပိုင်း အင်္ဂလိပ်စာ ထိုနှစ်၌ပင် ရိုက်နှိပ်သော အသင်း ဥပဒေ စာအုပ်ငယ် (မြန်မာစာသက်သက်)၊ ခရစ်သက္ကရာဇ် ၁၉၇၁ ခုနှစ်၌ ပြင်ဆင်ချက် ထည့်သွင်း၍ ရိုက်နှိပ်သော အသင်း ဥပဒေ စာအုပ်ငယ်တို့အပါအဝင် အသင်းမှ ရိုက်နှိပ်သော စာအုပ် စာတန်းလက်ကမ်း စာစောင်အသီးသီးတို့၌ စံသတ်မှတ်ချက် မရှိ၊ တံဆိပ်ပုံစံ အမျိုးမျိုး ဖြစ်ခဲ့ပုံကို တွေ့ရှိခဲ့ရဘူးသည်။

ထိုအကြောင်းကိုလည်း တစ်စောင် တစ်ဖွဲ့သာ တွေ့မိဘူးသူခြင်း ကြုံကြိုက်သော် အသင်းတံဆိပ် ဤသို့ ဖြစ်သည် ငြင်းခုံကြပေဦးတော့မည်။

ဤအသင်းကြီး ဖွဲ့စည်းတည်ထောင်ရခြင်း၏ အကြောင်းကို တစ်ချိန်သောအခါက နိကာယ်စာမေးပွဲ ကျင်းပရေးအတွက် စည်းဝေးရာမှ ပြန်လာသော ဟံသာဝတီဆရာတော်အား လျှောက်ထားမိသောအခါ ပြန်လည် မိန့်ကြားချက်ကို စာရေးသူ၏ တစ်ထွာမပြည့်သော တစ်မိုက်ဉာဏ်ဖြင့် စိတ်သန္တာန်၌ မှတ်မိနေသည်များကတော့ ...

မြန်မာဘုရင် မရှိတော့ပြီးနောက် မြို့ပေါ်ရှိ စာချဆရာတော်များထဲမှ အရွယ်ကြီးသော ဆရာတော်တို့က တောထွက်ကြတယ်၊ အရွယ်ငယ်သော ဆရာတော်တို့က သူပုန်ထတဲ့အထဲ လူထွက်လိုက်သွားကြတယ်။ အရွယ်လတ် ဆရာတော်တို့က တွေဝေနေပြီး စာမချကြဘူး၊ ရာဇဂုရုမျှော်လင့်ချက် မရှိတော့တာလည်း ပါတာပေါ့ကွာတဲ့။

ထို့နောက်တစ်ဖန် အလျဉ်းသင့်၍ ဆရာတော်ကြီးတစ်ပါးအား လျှောက်ထားမိပြန်သောအခါ မိုးထားသာသနာပိုင်ဆရာတော် စာဝါပို့ချနေစဉ် "မြန်မြန်ပြီးအောင် အချိန်တိုး၍ပို့ချပေးပါဘုရား၊ တပည့်တော်တို့မှာ ပဲလှော်နှင့်သာ ဆွမ်းစားနေရတာကြာပါပြီ" ဟု ပစ်စာလျှောက်ထားမှု ရှိသတဲ့" လို့ မိန့်ကြားပါသည်။

ဆိုလိုသည်ကတော့ ဟံသာဝတီဆရာတော်၏ မိန့်ကြားချက်လည်း မှန်ပေမည်၊ အခြား ဆရာတော်ကြီးတစ်ပါး၏ မိန့်ကြားချက်လည်း မှန်ပေမည်၊ စာအုပ်စာစောင်တို့၌ ရေးသားချက်တို့လည်း မှန်ကြပေလိမ့်မည်။ ထပ်ဆင့်ရဦးမည်ဆိုလျှင်တော့ တစ်ဖက်သာ အမြင်ရှိသူအဖို့ နောင်အခါ ကွဲပြားခြားနားငြင်းခုံခြင်းများ ဖြစ်ကြဦးမည်လည်း မှန်ကောင်းမှန်ပေမည်။

အထက်ဖော်ပြပါ အချက်တို့ကြောင့် သာသနာ ညှိုးနွမ်းမည့်အရေး မျှော်တွေးမိကြသော မိုးထားသာသနာပိုင် စသောဆရာတော်ကြီးများ ကင်းဝန်မင်းကြီး စသော မင်းမှုထမ်းဟောင်းကြီးများ၊ ပွဲစားကြီးဦးထွန်း စသော ပွဲစားကုန်သည်လူကြီး လူကောင်းများ စည်းဝေးတိုင်ပင် ညီညွတ်ကြ၍ အသင်းကြီး စတင် တည်ထောင်ရန် ဆုံးဖြတ်ကြသည်။

အသင်းအဖွဲ့တစ်ခု တည်ထောင်မည်ဆိုလျှင် မလွဲတတ်သော လိုအပ်မြဲကား အသင်း ဥပဒေနှင့် ငွေကြေးပင်၊ ထိုတွင်အသင်း ဥပဒေကို ကင်းဝန်မင်းကြီး ဦးကောင်းက ရေးဆွဲသည် (ထိုအကြောင်းကို အသင်း ဥက္ကဋ္ဌကြီးအဖြစ် ဆောင်ရွက်သွားသော အေ တီ အမ် ဦးစိန် နှင့် စာရေးသူတို့ ငယ်စဉ်က အသင်းကြီးမှာ အရာရာကို ရွက်ဆောင်လေ့ရှိသူ ဦးမြရင်က ပြောခဲ့ဘူးသည်။) ငွေကြေးအတွက် လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်ရန် ကမ္ဘာသကာ လူ ဗိုလ်ပါတို့ ငါနှင့်မဆိုင် မတတ်နိုင် ဟု မပြိုင်ခင်ရှုံးစိတ်နလုံးကို ခုန်းခုန်းကြီးချ ရှိချေကမူ ဗုဒ္ဓသာသနာ ကွယ်ပျောက်ရာ၏ဟု မန္တလေးတိုင်း သတင်းစာတွင် နှိုးဆော်စာ ထည့်သွင်းခဲ့သောကြောင့် -

ထိုသတင်းစာကို ဖတ်မိသော မော်လမြိုင်မြို့ သူဌေးကြီးဦးသာညွှန်းက သဒ္ဓါပေါ်ပေါက်၍ ကျပ်ငွေတစ်ထောင် စတင်လှူဒါန်းခဲ့ပြီး ထိုငွေဖြင့်ပင် ၁၂၆၀ ခုနှစ်၊ ဝါဆိုလတွင် အသင်းကြီး တည်ထောင်ပြီး ၁၂၆၅ ခုနှစ်၊ နယုန်လတွင် စာမေးပွဲ စတင်ကျင်းပခဲ့သည်။ ယခုအခါ ရာစုနှစ် တစ်ခု သက်တမ်းရှိလာပြီဖြစ်သော ဤအသင်းကြီး ရှေ့ခရီးဆက်နိုင်ရန် တာဝန်ကားဆရာ ဒါယကာ ညီညွတ်စွာဖြင့် ကြိုးစား အားထုတ်မှုအပေါ်တည်ရှိနေလေပြီ ဖြစ်ပါသတည်း။

အညတြထေရ်အရှင်
(ဦးထွန်းတင်) ဦးနန္ဒဝံသ
ပတ္တမြားကျောင်း
မြင်းဝန်မင်းကြီးတိုက်

# အလင်္ကာရ+အဘိဝံသ+ဝငံ့သကာ

အရှင်တိက္ခာဗုဒ္ဓ (ကန်တော့ရ)

သာမဏေတစ်ပါး၏ ဘွဲ့တော်၌ "အလင်္ကာရ" ပါရှိနေသည်ကို တွေ့ရှိရလျှင် (ဥပမာ–ရှင်တိလောကာလင်္ကာရ) ထိုသာမဏေကို ပရိယတ္တိသာသနဟိတအသင်း၏ သာမဏေ စာမေးပွဲ တတိယဆင့်အောင် သာမဏေကျော် ဟုလည်းကောင်း၊ ရဟန်းတော်တစ်ပါး၏ ဘွဲ့တော်၌ "အဘိဝံသ" ပါရှိနေသည်ကို တွေ့ရလျှင်၊ (ဥပမာ–အရှင်တိလောကာဘိဝံသ) ထိုရဟန်းတော်ကို ပရိယတ္တိသာသနဟိတအသင်း၏ သီးခြား (စာသင်တန်း) စာချတန်းအောင် ရဟန်းတော်ဟုလည်းကောင်း၊ မြန်မာနိုင်ငံတဝန်းရှိ သာမဏေတိုင်း ရဟန်းတိုင်း သိကြပါ၏။ သိကြရုံသာမဟုတ်၊ ထိုသာမဏေ ထိုရဟန်းတော်များကို (ပညာစွမ်းရည်ကို) လေးစားကြပါ၏၊ မြတ်နိုးကြပါ၏၊ စာတော် ပညာတော် သာမဏေအဖြစ်၊ ရဟန်းအဖြစ် အသိအမှတ် ပြုကြပါ၏။

ပရိယတ္တိသာသနဟိတအသင်း၏ သာမဏေစာမေးပွဲ၊ ရဟန်းဆိုင်ရာ စာသင်တန်း–စာချတန်း စာမေးပွဲသည် ဤမျှ အရှိန်ကြီးထွား ဂုဏ်သိမြင့်မားလှပါသည်။ အသင်း စာမေးပွဲ (အမျိုးသားစာမေးပွဲ) ပင် ဖြစ်သော်လည်း နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သည့် ဓမ္မာစရိယစာမေးပွဲ၊ တိပိဋကစာမေးပွဲတို့ကဲ့သို့ပင် နိုင်ငံအားလုံးကို လွှမ်းဖုံး၍ သတင်းဂုဏ်ဝါ တည်ရှိနေသည်ကို ပညာရှင်အများ ဝန်ခံကြရပါ၏။ စာမေးပွဲသည်ပင် ဤမျှ အရှိန်အဝါကြီးမားနေပါက ထိုစာမေးပွဲတွေကို တာဝန်ယူကျင်းပပေးနေသည့် အသင်းမှာ အဘယ်မှာ ဂုဏ်သတင်း အရှိန်အဝါ မကြီးမားပဲ ရှိပါမည်နည်း။ နည်းမှန် လမ်းမှန် စည်းကမ်းမှန်ဖြင့် သာသနာပြုနေသော အသင်းသည် အဘယ်မှာ မတောင့်တင်း မခိုင်မာပဲ ရှိပါမည်နည်း။ တောင့်တင်းလှသော ခိုင်မာလှသော အားကောင်းလှသော ပရိယတ္တိသာသနဟိတအသင်းသည် ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလတွင် နှစ်တစ်ရာပြည့်ပေတော့မည်။ နှစ် ၁၀၀ ပြည့် မော်ကွန်းကျောက်စာကို စိုက်ထူပေတော့မည်။

နှစ်ပေါင်းတစ်ရာ ရှည်ကြာပြီဖြစ်သော ပရိယတ္တိသာသနဟိတအသင်းကြီးကို ရဟန်းရှင်လူ မြို့သူ မြို့သားတို့က သကျ

သီဟအသင်းဟု သိကြပါသည်။ စာမေးပွဲကိုလည်း သကျသီဟ စာမေးပွဲဟု သိကြပါသည်။ အသင်းကြီး၏ တည်ရာ အဆောက်အအုံ မပြည့်စုံမီ မဟာသကျသီဟ ဘုရားဝင်းအတွင်း၌ စာမေးပွဲများပြုလုပ်ခြင်းကြောင့် ဤအမည်ဖြင့် ကျော်ကြား လူသိများနေခြင်း ဖြစ်ပါသည်။ ဤအသင်းကြီး၏ တည်တံ့မှု ခိုင်ခံ့မှု ရှည်ကြာစွာ ရှင်သန်ဖွံ့ဖြိုးမှု ဂုဏ်သတင်း ကျော်ကြားမှုတို့မှာ အသင်းကြီး၏ စာမေးပွဲကြောင့်သာ ဖြစ်ပါသည်။ လှူဒါန်းမှု ဆွမ်းဆန်ထောက်ပံ့မှု စသည်ကြောင့် မဟုတ်ပါ။

မှန်ပါ၏။ ကိုယ့်အရှင် ကိုယ့်သခင် ရွှေနန်းရှင် သာသနာပြုမင်း မရှိတော့သည့်အခါ၊ တာဝန်သိ သာသနာ့ဝန်ဆောင် ဆရာတော် သံဃာတော်များ၊ ပစ္စယ ဒါယကာ ဒါယိကာမများသည် သာသနာတော်အတွက် စိတ်မအေးနိုင်ကြပါ။ မိုးထားသာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဩဝါဒအရ၊ ပွဲစားကြီးဦးထွန်း စသော သာသနဒါယကာတို့က ပရိယတ္တိသာသနဟိတအသင်းကို ဖွဲ့စည်း၍ အသင်း၏ ရည်သန်ချက် (၅) ရပ်ကို ပြဋ္ဌာန်းကာ၊ ယုတ်လျော့အားနည်းလာသော ရွှေမြို့တော် သာသနာကို ကျားကန်ထောက်ပံ့ကြပါ၏။ ရည်သန်ချက် (ခ) အရ ဂန္ထ ဓုရ သာသနာ့ဝန်ကို ဆောင်ကြကုန်သော စာချဆရာ အဆက်ဆက် မပျက်ပေါ်ထွန်းစေခြင်းအကျိုးငှာ သီးခြားစာသင်တန်း၊ သီးခြားစာချတန်း စာမေးပွဲများကို ကျင်းပပြုလုပ်ကြပါသည်။ အသင်းကြီး၏ ရည်သန်ချက်သည် အောင်မြင်ပါ၏။ အသင်းလူကြီးတို့၏ ကိုယ်ကျိုးမဖက် သာသနာအတွက် သဒ္ဓါ ပညာ သတိ ဝီရိယတို့ဖြင့် ဆောင်ရွက်ချက်တို့သည် အားနည်းယုတ်လျော့နေသော မြို့တော်သာသနာကို ပြန်လည်ရှင်သန်လာစေခဲ့ပါသည်။ ဦးမော့နိုင်အောင် လက်ရုံးတန်းနိုင်အောင် ပြုလုပ်နိုင်ကြပါသည်။

သကျသီဟစာမေးပွဲ ဂုဏ်ရှိန်သည် မြို့တော်သာသနာ တစ်ခုတည်းကိုသာ အားအင်ပြည့်ဖြိုးလာစေသည် မဟုတ်ပဲ မန္တလေးမြို့တော်ကို ဗဟိုပြု၍ ထက်အောက်ကြေညာ အမြို့မြို့ အရွာရွာကို ပြန့်နှံ့ရောက်ရှိ လွှမ်းဖုံးကာ မြို့ရွာသာသနာတော်၏ အားမာန်ကိုပါ ဖြစ်ထွန်းစေခဲ့ပါသည်။ အလင်္ကာရ၊ အဘိဝံသ၊ စာအောင်အရှင်တို့သည် ထိုထိုမြို့ရွာ၌ ပညာရည်ချွန် သာသနာ သားကောင်း ရတနာမွန်အဖြစ် ရှေ့တန်းတင်ခံကြရသည်မှာ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပါ၏။ အသင်းကြီး၏ ရည်သန်ချက်များသည်လည်းကောင်း သာမဏေ စာမေးပွဲအောင်အတွက် ပေးထားသော "အလင်္ကာရ" ဘွဲ့သည်လည်းကောင်း၊ သီးခြား (စာသင်တန်း) စာချတန်းအတွက် ပေးထားသော "အဘိဝံသ" ဘွဲ့သည်လည်းကောင်း၊ စာသင်တန်းအောင်ပြီး နှစ်မခြားပဲ စာချတန်းသုံးကျမ်းလုံးအောင် အရှင်အား ပေးအပ်သော "ဝံသကာ" ဂုဏ်ထူးသည်လည်းကောင်း ထူးထူးခြားခြား အရှိန်ကြီးလှပါသည်။ ကျက်သရေရှိလှပါသည်။ ပြောဆိုသုံးစွဲသူတို့၏ နှုတ်ဖျား၌ သုရဿတီ နတ်သမီး ထက်ကြပ်မကွာ စောင့်နေသည့်ပမာ လွန်စွာ မင်္ဂလာရှိလှပါသည်။ ကြားရသူတို့၏ နား၌ သုတိသာ၍ လွန်စွာပင် နဝင်ပီယံ ဖြစ်ကြပါ၏။

အလင်္ကာရ+အဘိဝံသ+ဝံသကာ တို့သည် ပါဠိပုဒ်များ ဖြစ်ပါသည်။ ပါဠိအနေဖြင့် ခေါ်ဝေါ်သုံးစွဲရာတွင် သုတိသာ မင်္ဂလာကျက်သရေ ရှိနေသကဲ့သို့ ထိုပါဠိတို့၏ မြန်မာအနက် အဓိပ္ပါယ်တို့ကလည်း အဆင့်အတန်းမြင့်၍ လွန်စွာခန့်ထည်လှပါသည်။ အလင်္ကာရ–သာသနာလင်္ကာရ=သာသနာတော်၏ အဆင်တန်ဆာ၊ အဆင်တန်ဆာ–ဆိုသော ဝေါဟာရနှင့် ပတ်သက်၍ ဘုရင်–မိဖုရား၊ မင်းသား–မင်းသမီး၊ မင်္ဂလာသတို့သား–သတို့သမီး၊ ပွဲနေပွဲထိုင် အမျိုးသား–အမျိုးသမီး တို့၏ ကိုယ်တွင် ဝတ်စားဆင်ယင်ထားသော အဆင်တန်ဆာ အဖြာဖြာကို ကြည့်ရှုသင့်ပါ၏။ အဆင်တန်ဆာ၏ အနက်အဓိပ္ပါယ် မည်မျှ ကျယ်ပြန့် တင့်တယ်သည်ကို သိနိုင်ကြပါသည်။ သာသနာလင်္ကာရ၊ သာမဏေကျော်လေးတို့သည် ကြည့်ရှု ကြည်ညိုလို့မပြီး တန်ဘိုးကြီးမြတ်လှသည့် သာသနာတော်၏ အဆင်တန်ဆာတို့ ဖြစ်ကြပါသည်။ ထို့ထက်ပင် သာမဏေကျော် ဆိုသည့် ဝေါဟာရပါ "ကျော်" စကားလုံး ဖြစ်ပါသည်။

သာမဏေကျော်၊ ပဋ္ဌာန်းကျော်၊ ပထမပြန်ကျော်၊ ပထမကျော်၊ အဂ္ဂမဟာအကျော် စသည်ဖြင့်၊ သာသနာတော်၏ အဘိုးထိုက်လှသော ကျက်သရေရှိလှသော အလေးထား မြတ်နိုးရသော ဝေါဟာရအဖြစ် ရှေးပဝေသဏီမှစ၍ သုံးစွဲခဲ့ကြပါသည်။ ဝိနယာလင်္ကာရကျမ်းပြု တောင်ဖီလာဆရာတော် ပုဂ္ဂိုလ်ကျော် ဆိုပါလျှင်၊ သာမဏေကျော်၊ ပြည်ပဋ္ဌာန်းကျော်၊ တိပိဋကာလင်္ကာရပုဂ္ဂိုလ်ကျော်၊ တောင်ဖီလာပုဂ္ဂိုလ်ကျော် စသည်ဖြင့် ကျော် ပေါင်းများစွာ ဝန်းရံခရသည့် စံပြ သာသနာပြု ဆရာတော် ဖြစ်ပါသည်။ ဖုစ်–အစ၊ ဖုစ်–အလယ်၊ ဖုစ်–အဆုံး ဟု မော်ကွန်း ပရပိုက် မှခသိုက် ထားရအောင် ကျော်စောတော်မူသော ညောင်ကန်ဆရာတော် ဦးဖုစ်သည်ပင် ပထမပြန်ကျော် သာမဏေအား နိုးယူမှုနှင့် ပတ်သက်၍ ဓမ္မဝိနယနှင့်ညီစွာ ဝိနိစ္ဆယပြုပေးတော်မူဘူးပါသည်။ ဤသို့ပင် အရေးအခင်းတွေ ပေါ်ရအောင် အကျော်–သည် သာသနာတော်၌ အလွန်ပင် ရေးပန်းစားလှပါသည်။ အာသာဝတီနှယ်နီ နတ်ပန်းပမာ လိုချင်

သူ မြတ်နိုးသူ လွန်စွာ များပါ၏။ ပရိယတ္တိသာသနဟိတအသင်းကြီးသည် အခြား၊ အခြားသော ဘာသာရေးအသင်းအဖွဲ့များနှင့်မတူ အမည်ဘွဲ့နှင့် ဂုဏ်ရည် လိုက်ဘက်ညီသော စာမေးပွဲတို့ကို ပြုလုပ်ကျင်းပလျက် သာသနာပြု ရဟန်းရှင်လူတို့၏ လေးစားမှု အားထားမှုတို့ကို ရရှိခဲ့ပါသည်။ ထိုအချက်က အသင်းကြီး၏ ရည်သန်ချက်မှာ ရာနှုန်းပြည့်အောင်မြင်ကြောင်း ပြသခြင်းပင် ဖြစ်ပါ၏။

အသင်းကြီး၏ ရည်သန်ချက်များ အောင်မြင်ရာ၌၊ ဤအရှင် တွေ့မြင်မိသော အဓိကအချက်မှာ၊ သင်းမလူကြီးတို့၏ အဓိဋ္ဌာန် (၆) ချက်အနက်–

"သာသနာ့အကျိုး၊ သည်ပိုးရာတွင်၊ လေးဖြာအဂတိ၊ ရှောင်ရှားဘိ၍၊ တိကျမှန်စွာ၊ သစ္စာပြုလျက်၊ ဆောင်ရွက်ပါအံ့"

ဟူသော နံပါတ်(၅)အဓိဋ္ဌာန်ချက် ဖြစ်ပါသည်။ အသင်းကြီး အစွန့် ရှည်ကြာ (နှစ်တစ်ရာတိုင်) တည်တံ့ခြင်း၊ မြဲခိုင်ခြင်း၊ ဂုဏ်သတင်း အရှိန်အဝါ ကြီးမားခြင်း၊ ရည်သန်ချက်များ အပြစ်ကင်း၍ သန့်ရှင်းစွာဖြင့် အောင်မြင်ခြင်းတို့၏ သော့ချက်မှာ သင်းမလူကြီးများ၊ အသင်းဝင်များ၊ အဂတိတရားလေးပါးမှ ကင်းခြင်းပင်တည်း။ အဂတိတရားမကင်းပဲလည်း (၁) သာသနာ့ပစ္စည်းကို အဆိပ်ဟု မှတ်ယူသူတို့ ရှိကြပါ၏။ (၂) လောဘဖြင့် သုံးစွဲလျှင် သံပူတုံးကို ဝါးမျိုသည့်ပမာဟု မှတ်ယူရှောင်ကြဉ်သူတို့ ရှိကြပါ၏။ (၃) အဂတိလိုက်ကာ ညီညွတ်နေသူတို့လည်း ရှိကြပါ၏။ (၄) ကြည်ညိုလေးမြတ် သဒ္ဓါစေတ်ဖြင့် အခိုက်အခါ ဝန်တာဆောင်သူတွေလည်း ရှိကြပါ၏။ အဂတိလေးပါးတကယ် ကင်းသူ (အသင်း) တို့ကား အပြစ်အားလုံးကို အရှက်–အကြောက်ဖြင့် ကြဉ်တတ်ကြပါသည်၊ ကောင်းမြတ်အပြစ်ကင်းသည့် အလုပ်ဟူသမျှကို ဆောင်ရွက်လေ့ရှိကြပါသည်။

ပရိယတ္တိသာသနဟိတအသင်းသည် ဆွမ်းဆန်တော်လှူဒါန်းရာ၊ ပုစ္ဆကဆရာပင့်ဆောင်ရာ၊ အဖြေလွှာစီစစ်ရာ စသည်တို့၌ ပုဂ္ဂိုလ်ရေးမလိုက် ဓမ္မဓိဋ္ဌာန်ဖြင့်သာ ဆောင်ရွက်သည်ကို တွေ့ရပါသည်။ မသမာမှု သတင်းမထွက်၊ သာမဏေကျော်အောင်ရာ၊ အဘိဝံသအောင်ရာ၊ ဝင့်သကာရွေးတံဆိပ်ဆုပူဇော်ရာတို့၌ အနံ့မရှိ၊ အသင်းကြီး၏ သက်တမ်း နှစ်တစ်ရာတိုင်ခဲ့ပြီ။ တစ်ကြိမ်တစ်ခါမျှပင် အဂတိတရား အပုတ်အနံ့ မရှိခဲ့စဘူး၊ မထွက်ခဲ့စဘူးပါ။ မန္တလေးရွှေမြို့တော်က ရဟန်းရှင်လူတို့ အသိပါတည်း။ ချက်ကျောက် မဟုတ်၊ တွင်းထွက် သဘာဝကျောက်မျက်ရတနာအသွင်၊ ပင်ကိုယ်စွမ်းရည် ပင်ကိုယ်ဉာဏ်ထက်မြက်မှုဖြင့် ကောင်းသတင်း ပျံ့သင်းစွာဖြင့် သာမဏေကျော်တွေ၊ အဘိဝံသတွေ၊ ဝင့်သကာ ထူးချွန်အရှင်တွေ ပေါ်ပေါက်လာကြခြင်း ဖြစ်ပါသည်။ နည်းမှန် လမ်းမှန်၊ စည်းကမ်းမှန်ဖြင့်၊ စည်းကမ်းဘောင်ခတ်၍ သတ်မှတ်သော ဘောင်အတွင်းက မကျော်မထွက်ပဲ အသင်းကြီးဆောင်ရွက်ချက်ကို အောင်မြင်မှုအသီးအပွင့်တို့ကား အရာမက၊ အထောင်မကများမြောင်လှပါ၏။ နှစ်တစ်ရာခရီး ရောက်သည်တိုင်အောင် အင်နှင့်အားနှင့် ကြံ့ခိုင်နေသော ရှင်သန်ဖွံ့ထွား တိုးပွားနေသော ပရိယတ္တိသာသနဟိတအသင်းကြီးသည် ရာစုနှစ် ဆက်၍ ဆက်၍ သာသနာ့ဂုဏ်ရောင် ထွန်းပြောင်အောင်၊ သာသနာ့သားကောင်းရတနာတွေ ပေါ်ထွန်းအောင် ဆောင်ရွက်နိုင်မည့် စွမ်းဆောင်နိုင်မည့် အသင်းကြီး ဖြစ်နေမည် ဧကန်တည်း။

အဘယ့်ကြောင့်နည်း –

အသင်းကြီး၏ ရည်သန်ချက်၊ သင်းမလူကြီးတို့၏ အဓိဋ္ဌာန်ချက်တို့နှင့်အညီ သာသနာတော်အတွက် ဆောင်ရွက်မှုတို့က –

(က) ပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာတော်အတွက် လောက၏အဆင်တန်ဆာ၊ လောကလင်္ကာရ ဖြစ်နေသည်ကိုလည်းကောင်း၊

(ခ) ပရိယတ္တိသာသနဟိတအသင်းကြီးသည် အနာထပိဏ်၊ ဝိသာခါ၊ အဇာတသတ်၊ ကာလာသောက၊ ဓမ္မာသောက သာသနာပြုအဆက်အနွယ်၊ ထူးကဲလွန်းသည့် မျိုးဆက်မျိုးနွယ် သာသနာနုဂ္ဂဟ သပ္ပုရိသာဘိဝံသ ဖြစ်နေသည်ကိုလည်းကောင်း၊

(ဂ) ပရိယတ္တိသာသနဟိတအသင်းကြီးသည် "သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ=သာသနာတော်သုံးရပ်တည်တံ့ပြန့်ပွားဘို့၌ ပရိယတ္တိသာအရင်းမူလ ပမာဏ" ဖြစ်သည် ဆိုသော ကျမ်းဂန်လာစကားအတိုင်း ပရိယတ္တိ ထူးချွန်သော စာချ–စာသင်များပေါ်ထွန်းအောင်၊ ပေါ်ထွန်းလာပြီးနောက် ပစ္စည်းလေးပါး ပြည့်စုံစွာ သာသနာပြုနိုင်အောင် သူမတူတန်သော သဒ္ဓါ–စေတနာ–ပညာ–သတိ တရားတို့ဖြင့် အားထုတ်ကြိုးစားဆောင်ရွက်သော အသင်းကြီးဖြစ်ရာ၊ သာသနာပြု ဥပါသကာ၊ သာသနာပြုအသင်းတို့၏ ဦးစိုက်ပန်း၊ ဥပါသကရတနာ–ဥပါသကဝင့်သကာ ဖြစ်နေသည်ကိုလည်းကောင်း၊ သက်သေခံ ပေါ်ကျူးနေပေသည်ဟု နှစ် (၁၀၀) ပြည့် သာသနာပြု အသင်းကြီးကို ဂုဏ်ပြုရေးသားအပ်ပါသတည်း။

အရှင်တိက္ခာနန္ဒ (ကန်တောရ)

# သကျသီဟစာမေးပွဲနှင့် ရေဦး ဒီပဲယင်း တန့်ဆည် သာသနာ

ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်မြို့နယ်တို့သည် ရွှေဘိုခရိုင်၏ အနောက်ဘက်ခြမ်း မြို့နယ်တို့ ဖြစ်ကြသည်။

ပရိယတ္တိကျမ်းဂန် တတ်မြောက်တော်မူကြသည့် ဆရာတော်များသည် မြန်မာမင်းများလက်ထက်မှ ယခုခေတ်တိုင်အောင် ပေါ်ထွက်ရာ မြို့နယ်များလည်း ဖြစ်ကြသည်။ ဗြိတိသျှတို့အုပ်စိုးစဉ်မှ ယခုခေတ်အထိ ဒီပဲယင်းမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့၌ စာသင်တိုက်ကြီးများ မထွန်းကားခဲ့၊ သို့ရာတွင် ထိုမြို့နယ်များမှ ရေဦး မုံရွာ မန္တလေးစသော မြို့ကြီးများရှိ စာသင်တိုက်များသို့ သွားရောက်ပညာသင်ကြားကြ၍ ပရိယတ္တိကျွမ်းကျင်သော ဆရာတော်အများအပြား ရှိကြသည်။

ရေးဦးမြို့မှာမူ စာသင်သား သံဃာ (၁၀၀) နီးပါး ရှိသည့် လေးထပ်ကြီး ချမ်းသာကြီး စသော စာသင်တိုက်များ ကိုလိုနီခေတ်ကပင်ရှိ၍ တစ်မြို့လုံး သံဃာ (၅၀၀) ကျော်ခန့် ရှိခဲ့သည်။ ယခုခေတ်၌ သံဃာ (၂၀၀) နီးပါးရှိသည့် မင်္ဂလာရာမ စာသင်တိုက်နှင့် ချမ်းသာကြီး လေးထပ်ကြီး ဝါဆို မစိုးရိမ် ဓမ္မာရုံ စသော စာသင်တိုက်များလည်း ရှိသဖြင့် စာသင်သား သံဃာ (၆၀၀) ကျော်မျှ ရှိသော မြို့ဖြစ်သည်။

### သကျသီဟနှင့်ရှေးဆရာတော်များ

၎င်းမြို့နယ်များရှိ စာသင်တိုက်ကြီးများနှင့် စာသင်သားတို့သည် သကျသီဟ စာမေးပွဲအကြောင်းကို ကောင်းစွာ သိကြသည်။ ၎င်းစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရန် ရည်မှန်းအားထုတ်ကြသော စာသင်သားများနှင့် ဝင်ရောက်ဖြေဆိုခဲ့ကြသော ရဟန်းတော်များလည်း မနည်းကြတော့ပေ။ သကျသီဟ စာမေးပွဲအောင်မြင်သော ရဟန်းတော်တို့သည် ပရိယတ္တိကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သည့်အပြင် သာသနာတော်၌ ထင်ရှားကျော်ကြား၍ ရဟန်း ရှင်လူတို့၏ လေးစားခြင်း ခံယူရသော ပုဂ္ဂိုလ်များဖြစ်ကြောင်း စာရေးသူတို့ ငယ်စဉ် သာမဏေဘဝကပင် သိခဲ့ကြသည်။

### သကျသီဟ ဖြေဆိုသူတို့၌ ရှိသင့်သော အရည်အချင်း

သကျသီဟစာမေးပွဲကို ဖြေဆိုလိုသော ပုဂ္ဂိုလ်သည် ဉာဏ်လည်းကောင်းရမည်၊ ဝီရိယလည်း ရှိရမည်၊ ကိုရင်ဘဝကပင် စာသင်တန်း၌ ပြဋ္ဌာန်းထားသော သဒ္ဒါ သင်္ဂြိုဟ် ပုဒ်စစ် သုတ်စစ် သဒ္ဒါစစ် နည်းလေးဆယ် သံဝဏ္ဏနာ ဆန်း အဘိဓာန် သဒ္ဒါငယ် စသော နေ့ဝါ ညဝါ တို့ကို နှုတ်တက် အာဂုံ ရပြီးသလောက် ဖြစ်နေမှသာ အောင်နိုင်ချေရှိသည်ကို သကျသီဟ စာမေးပွဲ ဖြေဆိုလိုသော ရဟန်း သာမဏေတိုင်း သိရှိကြသည်။ ယင်းကျမ်းတို့ကို ကြိုးစား ပမ်းစား ကျက်မှတ်သင်ယူကြရသည် ၎င်းစာမေးပွဲကို တော်ရုံ တန်ရုံ ဉာဏ် ဝီရိယ ကောင်းရုံ၊ ကျန်းမာရေး ကောင်းရုံမျှနှင့် စွမ်းဆောင်နိုင်ခြင်း မရှိနိုင်ပေ။

### သကျသီဟ တည်ထောင်စက ဒီပဲယင်းနယ်သား ဆရာတော်များ

သကျသီဟ ခေါ် ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်ခဲ့သည့် ၁၂၆၀ ပြည့်နှစ်၌ ၎င်းအသင်းကြီးကို တည်ထောင်ရန် ဩဝါဒပေးတော်မူခဲ့ကြသော ဆရာတော်ကြီး (၁၈) ပါးအနက် ဒီပဲယင်းမြို့နယ်၊ ဇေယျဝတီရွာသား ဘေသင်္ဂမဥ္ဇူသာဆေးကျမ်းကို နိဿျပြန်ဆိုတော်မူသော ပါဠိ သက္ကတ ကျွမ်းကျင်တော်မူသည့် ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ လက်ာရာမ ဆရာတော် ဘဒ္ဒန္တနန္ဒမဥ္ဇူသာ နှင့် ပေါင်းတော်ကူ (ပေါင်းတောင်ကူ) ရွာသား အနောက်တိုက်တော် ဆရာတော် ရာဇဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ပညာလင်္ကာရ ဆရာတော်ကြီးတို့ ပါဝင်ခဲ့ကြသည်။

### ရေဦး ဒီပဲယင်း တန့်ဆည်နယ်တို့မှ သကျသီဟ စာမေးပွဲအောင် ဆရာတော်များ

ရေဦး ဒီပဲယင်း တန့်ဆည် နယ်တို့မှ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေတို့သည် မန္တလေးမြို့ရှိ သကျသီဟ စာမေးပွဲကြီးအကြောင်းကို သိကြသည့်အတိုင်း ဝင်ရောက် ဖြေဆိုလိုစိတ်များ ရှိကြလျက် အချို့မှာ စာသင်တိုက်သို့ ရောက်စအချိန်ကပင် ဝင်ရောက်ဖြေဆိုရန် ဖွဲ လုံ့လဖြင့် ဆိုင်ရာ ဆိုင်ရာ ကျမ်း

ာများကို ကျက်ကြ၊ တက်ကြ၊ သင်ကြား လေ့လာခဲ့ကြပေသည်။ သို့ရာတွင် ဉာဏ်မမှီ၍ အချိန်မီ စာမရသဖြင့် မဖြေဆိုလိုက်ကြရသော စာသင်သား များစွာ ရှိသည့်အပြင် အချို့မှာ စာသင်တန်းကို (၃) ကြိမ်၊ (၄) ကြိမ် ဖြေဆိုနေကြရင်း အသက် (၂၇)နှစ် ကျော်လွန်သွား၍ ဆက်လက်ဖြေဆိုခွင့် မရကြသဖြင့် ခဲလေ သမျှ သဲရေကျရသော စာသင်သားတို့လည်း အများအပြားရှိကြသည်။ အချို့မှာ စာသင်တန်းကို အောင်မြင်သော်လည်း သက်တော်(၃၅)နှစ်အထိ စာချတန်း ကျမ်းစာများကို ဆက်လက်ဖြေဆိုပါလျက် အဋ္ဌကထာကြီးသုံးကျမ်းကို ပြီးဆုံးအောင်မြင်ခြင်း မရှိ၊ တစ်ကျမ်း နှစ်ကျမ်းအောင်ရုံမျှနှင့် အပြီးသတ်လိုက်ရသော စာသင်သားများလည်း ရှိကြသည်။

သို့ရာတွင် အောက်ပါ စာရေးသူတို့၏နယ်သား ဆရာတော်တို့သည် စာသင်တန်းတည်းဟူသော တောင်တန်းကြီးကို ကျော်လွန်၍ စာချတန်း တည်းဟူသော တောင်ထိပ်သို့ ရောက်ရှိကာ အဘိဝံသ အောင်လံကို ထူနိုင်ခဲ့ကြ၍ ရောက်ရာ ဒေသတို့၌ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပေသည်။

ယင်းသို့ အောင်လံထူနိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များမှာ ယခုအချိန်အထိ ထိုနယ်များမှာ (၁၀) ပါးသာ ပေါ်ထွက်ခဲ့ပေသည်။

(၁) ဒီပဲယင်းမြို့နယ်၊ ပေါင်းတော်ကူး (ပေါင်းတောင်ကူ) ရွာသား ဘဒ္ဒန္တ နာဂသေနာဘိဝံသ ဆရာတော်သည် ၁၂၈၈ ခုနှစ် အနောက်တိုက်တော်မှ သီးခြားစာချတန်းကို အောင်မြင်ခဲ့ပြီး၊ မော်လမြိုင်မြို့ တောင်လေးလုံးကျောင်းတိုက်၌ သီတင်းသုံးကာ အဘိဇဓမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ရရှိလျက် သက်တော် ၈၀ ကျော်အထိ စာပေပို့ချခြင်း၊ ကျမ်းဂန်များစွာကို ရေးသားခြင်းအားဖြင့် သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။

(၂) ဒီပဲယင်းနယ်သား ဘဒ္ဒန္တ သုဝဏ္ဏဇောတိဘိဝံသ ဆရာတော်သည် ၁၂၉၄ ခုနှစ်၌ သီးခြားစာချတန်းကို အောင်မြင်၍ မဟာဝိသုဒ္ဓါရာမတိုက်၊ စည်ရှင်ကျောင်း၌ သီတင်းသုံးကာ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိကာ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။

(၃) ရေဦးမြို့နယ်၊ ဖလုံရွာသား ဘဒ္ဒန္တ စာရိန္ဒာဘိဝံသ ဆရာတော်သည် ၁၂၉၈ ခုနှစ်၌ သီးခြားစာချတန်းကို အောင်မြင်ပြီး မစိုးရိမ်ကျောင်းတိုက်၊ ပိဋကနယူပဒေသကျောင်း၌ သီတင်းသုံးကာ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။

(၄) ရေဦးမြို့၊ ကန်တွင်း ဆရာတော်၏တပည့် ဦးဥတ္တမာဘိဝံသသည် ၁၃၁၀ ခုနှစ်၌ မိုးကောင်းတိုက်၊ ညောင်ရမ်းဆရာတော်ထံမှ စာချတန်းကို အောင်မြင်၍ သာသနာပြုခဲ့သည်။

(၅) ရေဦးမြို့နယ်၊ လင်းဇရက်ကုန်းရွာသား လေးထပ်ကြီးတိုက်မှ ဦးနေမိန္ဒာဘိဝံသသည်၊ ၁၃၁၃ ခုနှစ်၌ ဘုရားကြီးတိုက် ဟံသာဝတီဆရာတော်ထံမှ စာချတန်းကို အောင်မြင်တော်မူခဲ့၍ ရေဦးမြို့၌ မစိုးရိမ်စာသင်တိုက်ကို တည်ထောင်ကာ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။

(၆) ဒီပဲယင်းနယ်သား ဦးကေသရိန္ဒာဘိဝံသသည်၊ ၁၃၁၅ ခုနှစ်၌ မဟာဝိသုဒ္ဓါရာမတိုက်၊ စည်ရှင်ကျောင်းမှ စာချတန်းကို အောင်မြင်တော်မူခဲ့၍ ယခုအခါ ရေဦးမြို့နယ်၊ တင်းတိန်ရန်ရွာ၌ သီတင်းသုံးကာ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိသည်။

(၇) တန့်ဆည်မြို့သား ဦးနာရဒါဘိဝံသသည်၊ မြင်းဝန်တိုက်၊ ပတ္တမြားကျောင်းမှ စာသင်တန်းနှင့် စာချတန်းကို ၁၃၁၅ ခုနှစ်၌ နှစ်ချင်းပေါက် အောင်မြင်၍ ဓမ္မာစရိယ ဝင့်သကာဘွဲ့ကို ရရှိသည့်အပြင် အစိုးရ စာချတန်း၌ ၉ ကျမ်းလုံးကို တစ်နှစ်တည်း အောင်မြင်သဖြင့် ဓမ္မာစရိယ သိရောမဏိ ဘွဲ့ကို ရရှိခဲ့ပြီး သာသနာပြု လုပ်ငန်းများကို ရန်ကုန်မြို့၌ ဆောင်ရွက်တော်မူခဲ့သည်။

(၈) တန့်ဆည်နယ်သား ဦးကောဏ္ဍညသည်၊ ၁၃၁၈ ခုနှစ်၌ ဘုရားကြီးတိုက်၊ ပေတောအုတ်ကျောင်းမှ စာချတန်းကို အောင်မြင်ခဲ့၍ ရန်ကုန်မြို့၌ သာသနာပြု လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

(၉) ရေဦးမြို့နယ်၊ လှည်းတွင်းရွာသား ဦးဥတ္တမဉာဏာဘိဝံသသည် ၁၃၂၈ ခုနှစ်၌ ဘုရားကြီးတိုက်၊ သာသနဇောတိကာရုံကျောင်းမှ စာချတန်းကို အောင်မြင်တော်မူခဲ့၍ ယခုအခါ ရေဦးမြို့၊ မိုးကောင်းကျောင်းတိုက်၌ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

(၁၀) ဒီပဲယင်းနယ်သား၊ ပေါင်းတော်ကူ (ပေါင်းတောင်ကူ) ရွာသား ဦးတေဇဝန္တသည် ၁၃၄၆ ခုနှစ်တွင်၊ မြတောင်တိုက် ရွှေဝါဝင်းကျောင်းမှ စာချတန်းကို အောင်မြင်ခဲ့သည်။

အလားတူပင် ဒီပဲယင်းနယ်သား ရဟန်းတော်တစ်ပါးနှင့် တန့်ဆည်နယ်သား ရဟန်းတော် နှစ်ပါးတို့လည်း ဤသကျသီဟ စာမေးပွဲကြီး၌ စာချတန်းကို အောင်မြင်တော်မူခဲ့ကြပေသည်။

သကျသီဟ စာမေးပွဲကြီးကို ကြိုးပမ်းဖြေဆိုကြရာ၌ ပြဋ္ဌာန်းသည့် ကျမ်းဂန်များက များပြားသည့်အပြင် မေးခွန်းပုစ္ဆာက ခက်၊ ဘာသာရပ်တိုင်း အမှတ် (၅၀) အပြည့် ရမှ စာသင်တန်းကို အောင်မြင်နိုင်ကြပြီး စာချတန်း အဋ္ဌကထာကျမ်းကြီး ၃ ကျမ်းတို့မှာ အဖွင့်ဋီကာ ယောဇနာဂဏ္ဌိကျမ်းမျိုးစုံနှင့် နည်းစုံ ညှိ၍ မေးသဖြင့် ပုစ္ဆာကလည်း ခက်၊ အောင်မှတ်ကလည်း (၇၀) ရရှိမှ အောင်မြင်နိုင်သော စာမေးပွဲကြီးဖြစ်၍ ဝင်ရောက်ဖြေဆိုခဲ့ကြသော်လည်း အောင်မြင်သူနည်း၍ နောက်ဆုံး၌ လက်ကျွန်ရသော ပုဂ္ဂိုလ်များသာ များပေသည်။

ထို့ကြောင့် ရွှေဘိုခရိုင် အနောက်ခြမ်းမြို့နယ် သုံးခုအနက် ယခုအချိန်ထိ ဒီပဲယင်းမြို့နယ် (၅) ပါး၊ ရေဦးမြို့နယ်မှ (၃) ပါး၊ တန့်ဆည်မြို့နယ်မှ (၃) ပါး၊ ပေါင်း (၁၁) ပါးသာ အောင်မြင်တော်မူခဲ့ကြပေသေးသည်။

သို့ရာတွင် တက်သစ စ ရဟန်း သာမဏေတို့သည်၊ ရှေးက နောင်တော်ကြီး (၁၁) ပါးတို့ကဲ့သို့ ဤစာမေးပွဲကြီးကို အောင်မြင်အောင်ကြိုးပမ်းလိုစိတ် ဖြစ်ပေါ်ကြလိမ့်မည်ဟု မျှော်လင့်ကာ အောင်မြင်ပြီး ဆရာတော်များအား ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ကာ ဂုဏ်ပြုလိုက်ရပါသည်။ ။

မင်းတုရင် (ရေဦးမြို့)

# မင်းတုန်းမင်း နှင့် သကျသီဟ ပရိယတ္တိအသင်း

မောင်ကျော်ရှင်း

(က) ရေစေ့ ရွှေကြာ သာသနာ

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ နှစ်တစ်ရာပြည့် အကြိုအမျှဝေစာတမ်း နိဒါန်းတွင် –

"သာသနာတော်သုံးရပ်၏ ပင်မဖြစ်သော ပရိယတ္တိသာသနာ မကွယ်မပျောက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည့်အလျောက် ရာဇဂုရုဘွဲ့တံဆိပ်တော်ရ မိုးထားသာသနာပိုင် ဆရာတော်ကြီးအမှူးရှိသော ဆရာတော် (၁၈) ပါးတို့၏ ဩဝါဒကို ခံယူကြသော မန္တလေးမြို့၊ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်း၊ ရုံးစာရေးကြီးဦးခင် စသော သာသနာပြု ပုဂ္ဂိုလ်ကြီး (၁၂) ဦးတို့ ဦးစီး ဦးဆောင်ပြုလျက် ကောဇာသက္ကရာဇ် ၁၂၆၀–ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့မှာ ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင် တည်ထောင်ခဲ့ကြပေသည်"

ဟု တင်ပြထားပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့က သီပေါဘုရင်ကို ဖမ်းဆီးယူဆောင်သွားကြပြီးနောက် သာသနာတော်ကြီးလည်း ပျက်သုဉ်းရတော့မည့်အခြေသို့ ဆိုက်ရောက်နေခဲ့သဖြင့် မြန်မာဘုရင်အဆက်ဆက်တို့၏ သာသနာပြု လုပ်ငန်းတာဝန်ကို မန္တလေး၊ ပရိယတ္တိသာသနဟိတအသင်းကြီးက ဆက်လက်တာဝန် ယူလိုက်ရခြင်းပင် ဖြစ်ပါသည်။

ပဥ္စမသံဂါယနာတင် ဘုရင် မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်းလက်ထက် (၁၂၁၄–၁၂၄၇) တွင် ရတနာပုံ နေပြည်တော်၏ သာသနာရေးမှာ မဟာယာနသာသနာနှင့် ရောယှက်ခြင်း ကင်း၍ သန့်ရှင်းဖြူစင်သော ထေရဝါဒ သာသနာတော်အဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

နယ်ချဲ့ အင်္ဂလိပ် အုပ်စိုးချိန်တွင် မြန်မာနိုင်ငံ၏ ထေရဝါဒ သာသနာတော်သည် "အမိမဲ့သား ရေနည်းငါး ပမာ" မှိုတွယ် အားထားဖွယ် ကင်းမဲ့နေခဲ့သည်။ အမျိုး ဘာသာ သာသနာကို ချစ်မြတ်နိုးသော ရဟန်းရှင်လူ မျိုးချစ် ပုဂ္ဂိုလ်တစ်စုကသာ လက်ရှိ ထေရဝါဒသာသနာကို ဆက်လက်ထိန်းသိမ်းခြင်း မပြုခဲ့ပါလျှင် မြန်မာမင်းအဆက်ဆက်တို့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ထေရဝါဒသာသနာတော်သည် တစ်စ တစ်စ ကွယ်ပျောက်သွားနိုင်ပါသည်၊ သို့မဟုတ် စင်ကြယ်သန့်ရှင်းနေပြီဖြစ်သော ထေရဝါဒသာသနာတော်သည် အခြားသော အယူဝါဒများနှင့် ရောနှောလာကာ တဖြည်းဖြည်း ညစ်နွမ်းသွားနိုင်ပါသည်။ ယခုသော် သကျသီဟ ပရိယတ္တိသာသနဟိတအသင်းကြီးက ဦးဆောင် ဦးရွက်ပြု၍ ရတနာပုံ နေပြည်တော်၏ ထေရဝါဒ သာသနာတော်ကြီးကို အမွေခံ ထိန်းသိမ်းလိုက်သဖြင့် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓ ဟူသော သာသနာသုံးရပ်တို့သည် မိုးဆန်းပန်းပမာ လန်းဆန်း ဝေဖြာ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံစွာ တည်နေခဲ့ပါသည်။

(ခ) မဟာယာနနှင့်ထေရဝါဒသာသနာ

မဟာယာနနှင့် ထေရဝါဒ သာသနာနှစ်ရပ်တို့သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာရာတွင် မဟာယာန သာသနာသည် ထေရဝါဒသာသနာထက် ပို၍ စောနေသည်ကို တွေ့ရသည်၊ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ –

"မဟာယာနဂိုဏ်းသည် လွန်စွာ ခေတ်မီ၍ အလွန်သွက်လက်သောဂိုဏ်းဖြစ်သည်။ ဒုတိယသံဂါယနာတင်ပြီးချိန် သာသနာတော်အနှစ် (၁၀၀) ခန့်ကစ၍ နိုင်ငံအသီးသီးကို သာသနာပြု လွှတ်ခဲ့ရာ မြန်မာနိုင်ငံ အထက်ပိုင်း ဘူတန်၊ နီပေါလ်၊ တိဗက်၊ ယူနန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မောင်ဂိုလ်းယား တိုင် မဟာယာန ဗုဒ္ဓသာသနာများ ပြန့်ပွားလာသည်။

ထေရဝါဒမှ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်သည်ကား တတိယသံဂါယနာပြီးချိန် သာသနာတော်နှစ် (၃၀၀) ခန့်မှသာ ဖြစ်သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံတော် မြောက်ပိုင်း၌ မဟာယာနသာသနာတော် အမြစ် စွဲနေလေပြီ" ဟု ဖေါ်ပြထားသည်ကို တွေ့ရှိရပါသည်။ [၁]

မြန်မာနိုင်ငံတွင် အနော်ရထာမင်းလက်ထက် (၃၇၉–၄၂၁) မှ အစပြု၍ ထေရဝါဒသာသနာတော် ထွန်းကားခဲ့သည်ဟု ဆိုရစေကာမူ ပုဂံခေတ်တစ်ခေတ်လုံးလိုပင် ထေရဝါဒသာသနတော်သည် ပုဂံနှင့် ပုဂံအနီးဝန်းကျင်တစ်ဝိုက်မျှသာ ထွန်းလင်း တောက်ပနိုင်ခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်း နေရာအနှံ့အပြားတွင်မူ မဟာယာန သာသနာတော် ထွန်းကားလျက်ရှိသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံမြောက်ဖက်ဒေသ တစ်လျှောက်တွင် မြေပေါ် မြေအောက်မှ တွေ့ရှိရသော အဝလောကိတေသရ[၂] ရုပ်ပွားတော်တို့မှာ မဟာယာနဂိုဏ်းဝင်တို့ ကိုးကွယ်သော ရုပ်ပွားတော်တို့ပင် ဖြစ်ပါသည်။

ပုဂံခေတ် ကုန်ဆုံးပြီးနောက် မြင်စိုင်း စစ်ကိုင်း ပင်းယ အင်းဝ ခေတ်တို့တွင်လည်း မြန်မာနိုင်ငံမြောက်ဘက်ဒေသ တစ်လျှောက်၌ မဟာယာန သာသနာတော်သာ ထွန်းလင်း တောက်ပလျက် ရှိနေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ မြောက်ဘက်တစ်လွှားတွင် ထေရဝါဒ သာသနာ လွှမ်းမိုးနိုင်ရန် သာသနာပြု ပုဂ္ဂိုလ်တို့သည် အာဏာစက်ဖြင့်တစ်မျိုး၊ ဓမ္မစက်ဖြင့် တစ်ဖုံ နည်းမျိုးစုံ ကြိုးပမ်းခဲ့ကြသည်။ သို့သော် မဟာယာန သာသနာ၏ အရှိန်အဝါမှာ ပပျောက်ခြင်း မရှိခဲ့ပါ၊ ညောင်ရမ်းခေတ်ကုန်ဆုံးလုနီးအချိန် မဟာဓမ္မရာဇာဓိပတိမင်း လက်ထက် (၁၀၉၅–၁၁၁၃) သာသနာရေးနှင့်စပ်လျဉ်း၍

"ထိုရှင်ညာဏသာရအား မဟာဓမ္မရာဇာဓိပတိသည် တံဆိပ်တော်များ အကြိမ်ကြိမ် ကပ်လှူခဲ့၏။ ထို့နောက် မဟာညာဏသာဂရ၊ ထို့နောက် မဟာညာဏသာဂရသဒ္ဓမ္မရာဇာဂုရု၊ ထို့နောက် သူရာသောက်စားရာတွင် မဟာသမတမင်းလှုပ်ချို ဗေဒင်ဆရာ ငါသာထိပ်မိုး အခေါင်စိုး မင်းကြီးကျော်စိုး မင်းခေါင်စိုး၊ သတိုးခေါင်မိုး ခေါင်မိုးဆရာတော်၊ မဟာရတနာ ဇိနာအတုလ စိန္တေယျ ဟူသော ဘွဲ့တံဆိပ်တော်များကိုလည်း ဆင့်ကဲဆင့်ကဲ ကပ်လှူတော် မူခဲ့သည်။ ၎င်းအပြင် ရွှေသင်္ကန်း ရွှေဦးထုပ်ကိုလည်း ကပ်လှူတော် မူခဲ့၏[၃] ဟု တင်ပြထားပါသည်။"

---

(၁) ထီးချိုင်မြို့ တည်တောဆရာတော်၏ "နံသဲခေတ်တော်" စာမျက်နှာ (၇၃၊၇၄)

(၂) အဝလောကိတေသရနှင့်ပတ်သက်၍ မောင်အုံ (မဟာ ဝိဇ္ဇာ) ရေး ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး။ (စာမျက်နှာ ၁၅၆၊ ၁၆၃၊ ၁၆၇၊ ၂၈၆၊ ၂၉၆) တွင် ရှုပါ။

(၃) ဒေါက်တာရီရီ၏ မြန်မာနိုင်ငံအခြေအနေ (၁၇၁၃–၅၂၊ စာမျက်နှာ –၂၄)။

မှတ်ချက်။ ။ ရွှေစေတီကျောင်းနေ ရဟန်းကို ရဟန်းမင်း ပြုစေသည်ဟု ရွှေဦးထုပ်၊ ရွှေသင်္ကန်း ဝတ်ဆင်စေ၏။ ရဟန်းမင်း သမုတ်တော်မူ၏။ ရွှေကြာပင်ဆရာ ပညာမဥ္စူကို ဘေးမဲ့ပေး၍ သေမည့်သူများကို နှုတ်ယူစေ၏။ မှန်နန်းရာဇဝင်တော်ကြီး၊ တတိယတွဲ (နှာ-၃၉၄)

မဟာဓမ္မရာဇာဓိပတိမင်းသည် အခြားသော ဆရာတော်ကြီးများအားလည်း ဘွဲ့တံဆိပ် အမျိုးမျိုးကို ကပ်လှူပူဇော်ခဲ့သေးသည်။ အခြားသော သာသနာပြုလုပ်ငန်းများကိုလည်း အမြောက်အများ ပြုလုပ်ခဲ့သည်။ သို့သော် သာသနာပြု ဆရာတော် ရှင်ဉာဏသာရနှင့် ရွှေစေတီဆရာတို့အား ရွှေသင်္ကန်း ရွှေဦးထုပ် စသည်တို့ကို ကပ်လှူပူဇော်ခဲ့ခြင်းဖြင့် ထိုမင်းလက်ထက် သာသနာရေးအခြေအနေကို သိနိုင်ပါသည်။

## (ဂ) ရွှေဝါရောင်လွှမ်း ရတနာပုံကြံ့ခိုင်

ပုဂံခေတ် အနော်ရထာမင်းလက်ထက် (၃၇၉-၄၂၁) မှ ဗဒုံမင်းလက်ထက် (၁၁၄၃-၁၁၈၁) အထိ ထေရဝါဒသာသနာသည် မဟာယာန သာသနာ၏ အရိပ်အငွေ့ လွှမ်းမိုးခြင်းကို ခံခဲ့ရပါသည်။

ဗဒုံမင်းလက်ထက် (၁၁၄၃-၁၁၈၁) တွင် ထေရဝါဒသာသနာတော်သည် မဟာယာနသာသနာ၏ လွှမ်းမိုးမှုမှ လုံးဝ ကင်းစင်ခြင်းသို့ ရောက်ခဲ့ပါသည်။

ဗဒုံမင်း နတ်ရွာစံပြီးနောက်ပိုင်းတွင် စိုးစံတော်မူခဲ့ကြသော စစ်ကိုင်း (ဘကြီးတော်) မင်း၊ သာယာဝတီမင်း (ရွှေဘို) မင်းနှင့် ပုဂံမင်းတို့ လက်ထက်တွင် သာသနာပြု လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ကြပါ။

မင်းတုန်းမင်းလက်ထက် (၁၂၁၄-၁၂၄၀) တွင်မူ မင်းတုန်းမင်းတရားကြီးသည် သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ပြုလုပ်တော်မူနိုင်ခဲ့ပါသည်။ မင်းတုန်းမင်းတရားကြီးသည် ထေရဝါဒသာသနာတော်ကို ပိုမို၍ သန့်ရှင်း စင်ကြယ်စေရန် ဆောင်ရွက်နိုင်စွမ်း ရှိခဲ့သည်သာမက ထေရဝါဒသာသနာတော် တည်တံ့ ခိုင်ပြရေးနှင့် စည်ပင် ပြန့်ပွားထွန်းကားရေးတို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်တော်မူနိုင်ခဲ့ပါသည်။

မင်းတုန်းမင်းတရားကြီး၏ သာသနာပြုလုပ်ငန်းအချို့ကို အကျဉ်းချုပ်တင်ပြရလျှင် -

(၁) သက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် သာသနာပြုမင်းအဆက်ဆက်တို့ လက်ထက်မှစ၍ တစ်စ တစ်စ ချွတ်ယွင်း တိမ်းယိမ်းလာခဲ့သော ပိဋကတ်သုံးပုံ ပုဒ် ပါဠိ အက္ခရာများကို တိကျမှန်ကန်စွာ သုတ်သင် ပြင်ဆင်၍ အသစ်ပြန်လည် ရေးကူးစေခြင်း။

(၂) သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် သေချာကျနစွာ သုတ်သင်တည်းဖြတ်ပြီးသော ရွှေရေး မင်ရေး ကညစ်ရေး ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းတို့ကို သေတ္တာ ၂၀၀ ကျော်မှာ ထည့်သွင်း၍ မန္တလေးတောင်ခြေရင်း ပိဋကတ်တိုက်တော်သို့ ပင့်ဆောင် ထိန်းသိမ်းထားခြင်း။

(၃) သက္ကရာဇ် ၁၂၃၃ ခု၊ တန်ခူးလပြည့်ကျော် (၁၁) ရက်နေ့မှ ၁၂၃၃ ခု၊ တော်သလင်းလပြည့်ကျော် (၁၄) ရက်နေ့အထိ (၅) လနှင့် (၃) ရက်ကြာမျှ ရွှေနန်းတော်ကြီး သီဟာသနပလ္လင်တော်ရှေ့တွင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဘဒ္ဒန္တဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ကြီး ဦးဆောင်သော သံဃာတော် (၂၄၀၀) ဖြင့် ပဉ္စမသံဂါယနာတင်ပွဲကြီး ကျင်းပ၍ ပိဋကတ်တော်များကို ကျောက်ထက် အက္ခရာတင်ခြင်း။

(၄) ဆရာတော် သံဃာတော်တို့အား ထိုက်တန်သော ဘွဲ့တံဆိပ်တော်များကို ကပ်လှူခြင်း၊ မြန်မာနိုင်ငံ ဒေသအနှံ့ သာသနာပြု စေလွှတ်ခြင်း၊ အခါအားလျော်စွာ သာသနာပြု ဆရာတော်များကို နန်းတော်သို့ ပင့်ဆောင်၍ သာသနာတော်၏ အညစ်အကြေး မရှိစေရန် ရဟန်းတော်များ ဝိနည်း၊ သိက္ခာပုဒ်တော်နှင့်အညီ ကျင့်သုံးတော်မူကြရန် လျှောက်ထားပန်ကြားခြင်း စသည် အချက် တို့ပင် ဖြစ်ပါသည်။

မင်းတုန်းမင်းကြီး၏ သာသနာပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ သံဝစ္ဆရအလှူတော်စာရင်း အစုစု ငွေပေါင်းမှာ နှစ်ဆယ့်နှစ်ကုဋေ ခြောက်သန်း ဟူ၏ ဟု ဆိုသည်။

မင်းကြီး၏ သာသနာပြု အလှူတော်စာရင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ) စာမျက်နှာ (၄၄၃ မှ ၄၅၄) အထိ ကျယ်ဝန်းစွာ ဖော်ပြထားပါသည်။ ယင်းစာရင်းများမှ ဆွမ်းဆန်တော်အလှူတစ်မျိုးတည်းနှင့် စပ်လျဉ်း၍-

"ရွှေမြို့တော် လေးပြင်နှင့်အမရပူရပါ ကျောင်းတိုက်ပေါင်း နှစ်ရာ၊ တစ်ဆယ့် ခုနှစ်ကျောင်း (ဆောင်) ပေါင်း တစ်ထောင့် လေးရာ လေးဆယ့်နှစ် တို့တွင် သီတင်းသုံးနေသည့် တံဆိပ်တော် ရ မရ ဆရာတော် သံဃာတော် ရှစ်ထောင် ခုနှစ်ရာ လေးဆယ့်ရှစ်၊ နှစ်စု ရဟန်း သာမဏေ တစ်သောင်း ငါးထောင် သုံးရာ ခြောက်ဆယ့်ခြောက် တို့ကို တစ်လလျှင် ဆွမ်းဆန် နှစ်သောင်း လေးရာ [illegible]းဆယ့်နှစ်တင်းကျ လစဉ် နှစ်စဉ် လှူတော်မူသည်" ဟူ၍ လည်းကောင်း၊

ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော် ဂိုဏ်းဝင် သံဃာတော်တို့ကို တစ်လလျှင် တစ်တင်းကျစီ လစဉ် နှစ်စဉ် လှူဒါန်းတော်မူသည့် အတိုင်းမသိ မရေတွက်နိုင်သော ဆွမ်းဆန်တော် အလှူတော်" ဟူ၍ လည်းကောင်း ဖေါ်ပြထားသည်ကို တွေ့နိုင်ပါသည်။

ဤမျှသာ မကသေးပဲ စစ်ကိုင်းတောင်ရိုး၊ မင်းဝံ တောင်ရိုး စသည်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း သာမဏေ လူသူတော် သီလရှင် ရသေ့ စသည်တို့ပါမကျန် လစဉ် ဆန် ဆီ ငါးပိ ငရုတ် ကြက်သွန် စသည်တို့ကိုလည်း လှူဒါန်းသေးကြောင်း သိရသည်။

မင်းတုန်းမင်းတရားကြီး၏ သာသနာပြု လုပ်ငန်းကား အလွန်ကျယ်ဝန်း များပြားလှသည်။ သို့ဖြစ်၍ မင်းတုန်းမင်းတရားကြီး လက်ထက် သာသနာရေးကို "ရွှေဝါရောင်လွှမ်း ရတနာပုံကြွင်နှန်း" ဟု ဆိုထိုက်လှပါသည်။ တစ်နည်းအားဖြင့် "ထေရဝါဒ သာသနာ အပွင့်လင်းဆုံးအချိန်အခါ" ဟု ဆိုသင့်ပါသည်။

(ဃ) အမျိုး ဘာသာ သာသနာ ကမ္ဘာတည်မျှ ရှည်စေသား

ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့မှာ ပရိယတ္တိသာသနာတော်၏အကျိုးစီးပွားကို ဆောင်ရွက်ပြုစုနိုင်ရန် ဤပရိယတ္တိသာသနဟိတအသင်းကြီးကို စတင် တည်ထောင်ခဲ့ကြပေသည်" ဟူသော စကားအရ ဤသကျသိဟ ပရိယတ္တိအသင်းကြီးသည် ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလဆန်း (၁၄) ရက်နေ့သို့ရောက်လျှင် နှစ်ပေါင်း (၁၀၀) ပြည့်တော့မည် ဖြစ်ပါသည်။

နှစ်ပေါင်း (၁၀၀) ပြည့်တိုင် ကျောက်စာတိုင်ပမာ ခိုင်ခိုင်မတ်မတ် ရပ်တည်နိုင်ခဲ့ခြင်းမှာ အသင်းကြီး၏ တည်ငြိမ်မှု၊ စည်းကမ်းရှိမှု၊ သာသနာ့ အကျိုးစီးပွား တစ်ခုတည်းကိုသာ ဦးတည် ဆောင်ရွက်မှု စသော ကောင်းမြတ်သော ဂုဏ်ရည်တို့နှင့် ပြည့်စုံခြင်းကြောင့် ဖြစ်ပါသည်။

ဤကဲ့သို့သော ဂုဏ်ရည်တို့နှင့် ပြည့်စုံနေသမျှ ကာလပတ်လုံး ခိုင်ခိုင် မတ်မတ် ရပ်တည်နေနိုင်သော အသင်းကြီးအဖြစ် တည်ရှိနေဦးမည်ပင် ဖြစ်ပါသည်။

ဤအသင်းကြီးသည် သာသနာတော်၏ အကျိုးစီးပွား တစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်ခဲ့သော်လည်း ပင်မ သာသနာတော်၏ အကျိုးစီးပွားတို့လည်း မြောက်များစွာ ပေါ်ထွန်းလာသည်ကိုပါ မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

မြန်မာ့ယဉ်ကျေးမှု၏ မူလအခြေခံမှာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤအသင်းကြီးသည် မြန်မာ့ယဉ်ကျေးမှု တည်တံ့ခိုင်မြဲရေးနှင့် စည်ပင်ပြန့်ပွားစေရန် သွယ်ဝိုက်သောနည်းအားဖြင့်တစ်မျိုး၊ တိုက်ရိုက်နည်းဖြင့် တစ်ဖုံ၊ ဘက်ပေါင်းစုံ ကုံလုံ ပြည့်ဝစွာ တွန်းအားပေးလျက်ရှိပါသည်။

ဗုဒ္ဓစာပေသည် မြန်မာစာ၏ အခြေခံအုတ်မြစ်သဖွယ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဗုဒ္ဓစာပေသည် မြန်မာစာပေ၏ ပင်မကျောရိုးနှင့် တူပါသည်။ သို့ဖြစ်၍ ဤပရိယတ္တိအသင်းကြီးသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်ပေးနေသကဲ့သို့ပင် ရှိနေပါသည်။

မြန်မာလူမျိုးတို့၏ အမျိုးသား လက္ခဏာဟန်မှာလည်း ဗုဒ္ဓ၏ဆုံးမ ဩဝါဒနှင့် ကင်းကွာမှု မရှိပါ။ ဗုဒ္ဓ၏အဆုံးအမသည် အမျိုးသား လက္ခဏာဟန်များကို ထိန်းသိမ်းထားရုံမျှသာမက ဖွံ့ဖြိုးတိုးတက်စေရန်လည်း လမ်းညွှန်လျက်ရှိပါသည်။ ဂုဏဝုဍ္ဍိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို မတ်တတ်ရပ်လျက် လက်အုပ်ချီခြင်း၊ ကိုယ်ခန္ဓာကို ကိုင်းညွတ်လျက် အလေးပြုခြင်း၊ ဦးရစ်ခေါင်းပေါင်း ဦးထုပ်များကို ချွတ်လျက် အလေးပြုခြင်း စသည်တို့မှာ ဗုဒ္ဓ၏ အဆုံးအမ လမ်းညွှန်ချက်တို့ပင် ဖြစ်ပါသည်။

ဤအသင်းကြီးသည် ထူးချွန်ပြောင်မြောက်လှသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ကဲ့သို့သော ရဟန်းတော်များနှင့် ဦးရွှေအောင် ကဲ့သို့သော လူပုဂ္ဂိုလ်များကို ပေါ်ထွက်စေခဲ့ပါသည်။

ဤပုဂ္ဂိုလ်များသည် ဗုဒ္ဓစာပေဖြင့် မြန်မာနိုင်ငံတော်၌ မြန်မာမှုနယ်ပယ်တွင် မြန်မာ့ယဉ်ကျေးမှု မြန်မာ့စာပေ မြန်မာ့အမျိုးသား လက္ခဏာဟန် စသည်တို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကည်တံ့ခိုင်မြဲစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ကြသည် ာ်မှာဟ်ပါလား။

နောက်ဆုံးတင်ပြလိုသည်မှာ ခြသေ့ံဆိနှင့် သိင်္ဂီရွှေခွက် ကဲ့ကဲ့သို့ ပန္နလေးမြို့၊ သကျသိဟ ပရိယတ္တိသာသနဟိတ အသင်းတည်းဟူသော သိင်္ဂီရွှေခွက် သည်လည်း၊ ခြသေ့ံဆိ ာည်းဟူသော ထေရဝါဒ သာသနာတော်ကို သာသနာ (၅၀၀၀) ပတ်လုံး မစင် မတိမ်း မယိမ်းမယိုင် တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေသတည်းဟု ဆုတောင်းပတ္တနာပြုလိုက်ပါသတည်း။ ။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

မောင်ကျော်ရှင်း

လိပ်စာ

ဦးကျော်ရှင်း (အငြိမ်းစားကျောင်းအုပ်)

အောင်ချမ်းသာ တိုးချဲ့ကွက်သစ်

ရေဦးမြို့။ (စစ်ကိုင်းတိုင်း)



# သာသနာ့ခရီး နှင့် ဘာသာမေဒလမ်းကြောင်း

၁၈–၆–၉၆ နေ့ ညနေက ဘုရား ဝတ်တက် တရားထိုင်ပြီး၍ ဓမ္မာရုံကြီးပေါ်မှ ပြန်ဆင်းလာရာ ပါမောက္ခချုပ်ဆရာတော် ခေါ်သဖြင့် ထေရာသနဆောင်သို့ လိုက်သွားရ၏။ ပါ မောက္ခချုပ်ဆရာတော်က “မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး နှစ်တစ်ရာပြည့်အကြို အမှတ်တရ စာစောင်ကြိုတင်အမှာစာ/ အမျှဝေစာတမ်း” ဟူသော စာအုပ်လေးတစ်အုပ်နှင့်အတူ မန္တလေးတိုင်း ဥက္ကဋ္ဌ၊ ဤ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ပွဲဖြစ်မြောက်ရေး ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မြတောင်တိုက် ရွှေဝါဝင်း ဆရာတော်ကြီးအထံတော်မှ ဆောင်းပါးရေးပေးပါရန် မေတ္တာရပ်ခံ

စာတစ်စောင်ကိုပါ ပေးကာ ဆောင်းပါးရေးဘို့ တိုက်တွန်းတော်မူလိုက်သည်။ မိမိသိသည်ထက် ပရိယတ္တိဝန်ဆောင် စာချစာသင် အရှင်မြတ်များနှင့်တကွ တစ်နိုင်ငံလုံးက ပို၍ သိနေကြပြီဖြစ်သော ပရိယတ္တိသာသနဟိတအသင်းကြီးအကြောင်းအရာတို့ကို ရေးရမည်မှာ မဝံ့မရဲ ရှိလှ၏။ သို့သော် မိမိလေးစားရသော ကျေးဇူးရှင် ဆရာတော်ကြီးများ၏ တိုက်တွန်းမှုကိုကားပြင်းထန်စွာ မငြင်းဆန်ဝံ့ပါချေ။

ယနေ့ မျက်မှောက်ခေတ်ဝယ် အံ့ဖွယ်ရှစ်ဖြာ သာသနာ သုံးရပ်အစွန့်ရှည်စွာ တည်ရှိနေစေရန်အတွက် ငွေအား လူအား အချိန်အား သဒ္ဓါအားအပြည့်နှင့် အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသည့် သာသန မာမက သာသနာ့ဒါယကာကြီးများ ဖြစ်ကြသော ဦးဟန်ထွန်း၊ ဦးထွန်းသိန်း၊ ဦးစိန်တင်၊ ဦးအေးကို၊ ဦးဖေသန်း၊ ဦးမောင်နီ၊ ဦးထွန်းသိန်း၊ ဦးမျိုးထွန်း၊ ဦးမောင်မောင်၊ ဦးသန်းမောင်၊ ဦးအောင်ကျော်သက်၊ ဦးဘသန်း၊ ဦးဉာဏ်ထွန်း၊ ဦးကံညွန့်၊ ဦးကျော်ငွေ တို့သည် မိုးကောင်းတိုက် ဒေးဝန်းဆရာတော်၊ ဘုရားကြီးတိုက် နယားဆရာတော်၊ မြတောင်တိုက် ရွှေဝါဝင်းဆရာတော်နှင့် သမတစာချကျောင်းဆရာတော်၊ မစိုးရိမ်တိုက် ဝိနယနယူပဒေသကျောင်း ဆရာတော်၊ မစိုးရိမ်တိုက်သစ် ဓမ္မဒါယာဒကျောင်းဆရာတော်၊ ဗန်းမော်တိုက်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆီးပင်ကျောင်းဆရာတော်၊ ထီးလင်းတိုက် ဇောတိကာရုံ စာချကျောင်း ဆရာတော်တို့ အထံတော်ပါး ချဉ်းကပ် ဝပ်တွားကာ ဩဝါဒစကားနာကြားလျက် ရာပြည့်ပွဲတော်အတွက် လုပ်သင့်သည်တို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ သက်တမ်းသည်ပင် နှစ်ပေါင်းတစ်ရာပြည့်တော့မည်သာတည်း။

သိုက်ဆရာတို့သည် ရတနာသိုက်ကို အလွယ်တကူ နှိုက်ယူ တူးဖေါ်ကာ နောင်လာ နောင်သားတို့ အကျိုးများပြီး ချမ်းသာပွားရစ်ကြစေဘို့အတွက် သိုက်ညွှန်းစာကို ထားခဲ့ကြဘိသကဲ့သို့ ထိုအတူ လူ နတ် တို့၏ ဆရာ ဗုဒ္ဓကလည်း နိဗ္ဗာန်တရားတည်းဟူသော ရတနာသိုက်ကြီးကို ရှာဖွေ ရယူနိုင်ဘို့ရန် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ သိုက်ညွှန်းစာတို့ကို ဗုဒ္ဓကိုယ်စား ဆရာတစ်ပါးအဖြစ် ထားရစ်တော်မူခဲ့ပေသည်။ သိုက်ညွှန်းစာများကို သင်ယူခြင်း၊ သိုက်ညွှန်စာအတိုင်း ရှာဖွေ တူးဖေါ် ခြင်း ရတနာသိုက်ကို တွေ့ရှိ ခံစားနိုင်ခြင်းဟူ သုံးပိုင်း ရှိရာတွင် သိုက်ညွှန်းစာသည် ပဓာနကျ၏။ အလားတူပင် ဗုဒ္ဓ၏ လမ်းညွှန်ချက်များကို သင်အံ့လေ့ကျက် ဆောင်ရွက်မှတ်သားခြင်း၊ လိုက်နာကျင့်ကြံအားထုတ်ခြင်း၊ နိဗ္ဗာန်ကို သိမြင် တွေ့ရှိ ခံစားရခြင်းဟု သုံးပိုင်းရှိရာတွင်လည်း သာသနာ အရှည် တည်တံ့ရေးအတွက် ပရိယတ္တိဟူသော ဗုဒ္ဓ၏ သိုက်ညွှန်းစာ တို့ကို သင်အံ့လေ့ကျက် ဆောင်ရွက်မှတ်သားခြင်း အပိုင်းသည် အရေးကြီးဆုံး ပဓာနအကျဆုံးဖြစ်ကြောင်း ဥပရိပဏ္ဏာသ အင္ဂုတ္တရဆရာက ဗဟုစာတုကသုတ်အဖွင့်၌ အထူးမှာခဲ့၏။ သုတ်ပါထေယျ အင်္ဂုတ္တရဆရာ သမ္မောဟဝိနောဒနီ အင်္ဂုတ္တရဆရာတို့ကလည်း ၎င်းအဆိုကို ထောက်ခံခဲ့သည်။ အင်္ဂုတ္တရအင်္ဂုတ္တရဆရာကမူ ရှောင်နည်း ဆောင်နည်း ကျင့်ကြံ ကြိုးကုတ် အားထုတ်နည်းဟူသော သိုက်ညွှန်းစာများ ပျောက်ပျက်သွားလျှင် အမြိုက် နိဗ္ဗာန်ကိုလည်း ရှာဖွေတွေ့ရှိ ခံစားနိုင်ကြတော့မည် မဟုတ်တော့ပါချေ။ သိုက်ညွှန်းစာများ မပျောက်မပျက်ပါမှ အမြိုက်နိဗ္ဗာန်တည်းဟူသော ရတနာသိုက်ကြီးကို ရှာဖွေတွေ့ရှိကာ ချမ်းသာအစစ်ကို ထာဝရ ခံစားနိုင်ကြပေလိမ့်မည်။ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ဗုဒ္ဓ၏သိုက်ညွှန်းစာများကို လိုက်နာသောအားဖြင့် တည်ရှိနေသေးသမျှကာလပတ်လုံး အမြိုက်နိဗ္ဗာန်ကွယ်ပြီဟု မဆိုနိုင်ကြောင်း၊ သံယုတ် အင်္ဂုတ္တရဆရာက ရဲဝံ့စွာ မိန့်ဆိုခဲ့၏။ ဤသိုက်ညွှန်းစာအတိုင်း တူးဖေါ်ရှာဖွေကာ နိဗ္ဗာန်အမြိုက်ကို ကြိုက်သလို သုံးဆောင် ခံစားသွားနိုင်ခဲ့ကြသော ဗုဒ္ဓသာဝကများလည်း မရေမတွက်နိုင်အောင်ပင် အလွန့်အလွန် များပြားလှ၏။ သို့ဖြစ်၍လည်း အရှင်မဟာကဿပ အစရှိသော ဗုဒ္ဓတပည့်ကြီးတို့က ဤသိုက်ညွှန်းစာများ ပျောက်ပျက်မှားယွင်း တိမ်းစောင်းလွဲချော်ခြင်း မရှိရလေအောင် ခြောက်ကြိမ်တိုင်တိုင် စနစ်တကျ ပြန်လည် စစ်ဆေး၍ လက်ဆင့်ကမ်းကာ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြခြင်း ဖြစ်၏။

ထို့ပြင် သိုက်ညွှန်းစာများ မကွယ်ပျောက်အောင် မထေရ်ကြီးတို့က အဆက်ဆက် နေ့ ည သင်အံ့ ပို့ချ စာသင်တိုက်ကြီးများ တည်ထောင်တော်မူကြကာ စနစ်တကျ ထိန်းသိမ်းခဲ့ကြသည်။ သက်ဆိုင်ရာ တိုင်းပြည် ဦးကင်း ဘုရင်မင်းမြတ်များနှင့် စေတနာရှင် ဒကာ ဒကာမများကလည်း ဆွမ်း သင်္ကန်း ဆေး ကျောင်း ပစ္စည်းလေးပါး လိုအပ်ရာရာ ထောက်ပံ့လှူဒါန်းအားပေးခဲ့ကြသည်။ သို့သော် ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်ဟု မှတ်တမ်းတင်ပြခဲ့ကြသည့် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလသို့ အရောက်မှာမူ တိုင်းပြည် ဦးကင်း ဘုရင်သီပေါကို တိုင်းတစ်ပါးသားတို့က ဝင်ရောက် ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံလိုက်ရသောအခါ ထီးကျိုးစည်ပေါက် နန်းစဉ် ပျောက်ခဲ့

ရလေတော့၏။ ထီးနန်းပျောက်၍ ယောက်ယက်ခပ်နေချိန်မို့ သာသနာအရေးလည်း ညှိုးမှိန်ခဲ့ရတော့သည်သာ။ အချိန်မီ မကူညီလျှင် မကြာမီမှာပင် မှိန်ရာမှ မှေး၍ ရေးရေးမျှ သိမြင်ရတော့မည့် သာသနာ့အခြေအနေသို့ ရှေ့ရှုဦးတည်နေသဖြင့် ကြီးမားသော သဒ္ဓါတရား များပြားထက်သန်သော စေတနာတရားတို့ကြောင့် အမျိုးကိုချစ်၊ ဘာသာကို နှစ်သက် သာသနာတော်ကို မြတ်နိုးသူ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြသော သာသနာ့ ဗာမက သာသနာ့ဒါယကာ လူကြီး လူကောင်းတို့သည် သာသနာတော်ကြီးကို စွမ်းအားရှိသမျှ ချီးမြှောက်မြှင့်တင်ဘို့ရာ အမြိုက်နိဗ္ဗာန်ကို ရယူနိုင်ကြဖို့ သိုက်ညွှန်းစာများ မကွယ်ပျောက်စေဘို့ ရည်ရွယ်လျက် မန္တလေးမြို့၊ ဆိုင်းတန်းရပ် (ယခုအခေါ် ၂၆ ဘီလမ်း) ပွဲစားကြီး ဦးထွန်း၏ နေအိမ်သို့ မိုးထားတိုက် သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးသုဇာတ၊ ရွှေရေးဆောင်တိုက် ပဏ္ဍိတဓဇ သီရိပဝရ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်ကော်ရ မိုင်းခိုင်းဆရာတော် ဘုရားကြီး ဦးပဏ္ဍိတအမှူးပြုသော ဆရာတော်ကြီး (၁၈) ပါးကို ပင့်၍ သာသနာ့ဥသျှောင် ထိပ်ခေါင်တင်ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့တွင် ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင် တည်ထောင်ခဲ့ကြသည်။

"သဒတ်မတာ စတ်မတာ၊ သဒတ်တာမှ စတ်တာ၊ စတ်တာလျှင် စောပါ စောပါမှ အပြောကသော၊ အပြောကသောမှ ဒကောပါ" ဟု အဆိုရှိခဲ့သည်။ သဒ္ဓါမတတ်လျှင် စာတတ်ပေတတ် မဖြစ်နိုင်ပေ၊ သဒ္ဓါတတ်မှ စာတတ်မည်၊ သဒ္ဓါတတ်စာတတ်လျှင် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ အနုမဓုဂဏ္ဌိ အစရှိသော ကျမ်းစာတို့ကို လွယ်ကူစွာ ကြည့်ရှုနိုင်သဖြင့် သိစရာ ကြည့်စရာ ဖတ်စရာ မှတ်စရာ စာပေပေါများကာ ဗဟုသုတဘဏ္ဍာတိုက်ကြီး ဖြစ်လာပေသည်။ စာပေ ဗဟုသုတပေါကြွယ်ဝသူသည် တစ်ခြားသူများထက်ပင် ဥပမာ ဥပမေယျနယ အဖြာဖြာတို့ဖြင့် စကားအရာမှာ အပြောသာလှ၏၊ အပြော အဟော အလွန်ကောင်းမွန်သော ရဟန်းတော်အား "ဒကောပါ၏" ဟူ ဘိသကဲ့သို့ ရင်းနှီးကျွမ်းဝင်လိုသူ၊ ကြည်ညိုလိုသူ၊ ကိုးကွယ်ဆည်းကပ်လိုသူ ဒကာ ဒကာမတို့ ပေါများကာ ထူးချွန်အောင်မြင်သော သာသနာပြုအရှင် ဖြစ်နိုင်၏။ ဤသဘောကို တွေးတောမိသော ဆရာတော်ကြီးများနှင့် အသင်းလူကြီးတို့သည် မိမိတို့အသင်းကြီးမှ ထူးချွန်ထက်မြက်အောင်မြင်သော သာသနာပြုအရှင်များ ပေါ်ထွန်းလာရေးအတွက် သဒ္ဓါဆိုင်ရာကျမ်းများကို အဓိကဇာတ်လိုက်အဖြစ် ပါဝင်စေကာ စာသင်တန်းကိုလည်းကောင်း၊ စာသင်တန်း အောင်မြင်ပြီးသော အရှင်တို့အတွက် ပါရာဇိကဏ်၊ သီလက္ခန်၊ အဋ္ဌသာလိနီ ဟူသော ကျမ်းရင်းသုံးကျမ်းကို သက်ဆိုင်ရာ အဋ္ဌကထာ၊ ဋီကာ၊ မူလဋီကာ၊ မဓုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ တို့နှင့်တကွ ပြဋ္ဌာန်းခဲ့ကြသည်။ သက်တော် (၂၇) နှစ်အတွင်း စာသင်တန်းအောင်၍ (၃၅) နှစ်အတွင်း စာချတန်းအောင်သော အာဇာနည်အရှင်မြတ်တို့အားသာ "အဘိဝံသ" ဟူသော ဘွဲ့တံဆိပ်တော် အပ်နှင်း ဆက်ကပ်ကာ ပစ္စည်းလေးပါးတို့ဖြင့် တတ်စွမ်းသမျှ ထောက်ပံ့လှူဒါန်း ပူဇော်ခဲ့ကြသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရဟန်းတော်များကိုသာ ချီးမြှောက်တော် မူခဲ့သည်မဟုတ်ပဲ၊ ပါရမီရှိသော သာမဏေများကိုလည်း ထုတ်ဖော်ချီးမြှောက်လေ့ရှိ၏။ တစ်ခါက သာမဏေပေါင်း (၅၀၀) ငါးရာခန့်မျှ ရှိနေကြသည့်အထဲမှ ကိုရင်သုမန၏ အစွမ်းကို ထုတ်ဖော် ချီးမြှောက်တော်မူလိုသဖြင့် "အနောတတ်အိုင်ကရေနဲ့ ငါဘုရား ခြေဆေးချင်တယ်၊ စွမ်းနိုင်တဲ့ သာမဏေ သွားယူပစေ" ဟု အရှင် အာနန္ဒာအား မိန့်ကြားရာ၊ သာမဏေငါးရာထဲမှ အငယ်ဆုံး (၇) နှစ်အရွယ်မျှသာ ရှိသေးသော ကိုရင်သုမနလေးက ကောင်းကင်ခရီးဖြင့် ကြွ၍ ဟိမဝန္တာတောင်ရှိ အနောတတ်အိုင်မှ အေးမြ ကြည်လင်သော ရေစင်ကို ဆောင်ယူ ဆက်ကပ်ခဲ့ဖူးလေသည်။ သည်သာ မက၊ ပရိတ်သတ်လေးပါး စုံညီသော ခြိမ့်ခြိမ့်သဲသဲ တရားပွဲကြီးအလယ်၌ "ငါဘုရားရဲ့ တပည့်တွေထဲက တောအရပ်မှာ သီတင်းသုံးပြီး ကမ္မဋ္ဌာန်းကို နှလုံးသွင်းနေတဲ့သူတွေထဲမှာ ကိုရင် ရေဝတ အသာဆုံး အတော်ဆုံးပဲ" ဟူ၍ လည်းကောင်း "သိက္ခာသုံးပါး" ကို လိုလိုလားလား လိုက်နာ ကျင့်သုံးတဲ့သူတွေထဲမှာ ကိုရင် ရာဟုလာ အသာဆုံး အတော်ဆုံးပဲ" ဟူ၍ လည်းကောင်း "အာဂန္တုရဟန်းတော်တွေအတွက် ကျောင်းအိပ်ယာ နေရာ ခင်းကျင်း ပြင်ဆင် ညွှန်ပြပေးတတ်သော သူတွေထဲမှာ ကိုရင် ဒဗ္ဗ အတော်ဆုံးပါပဲ" ဟူ၍ လည်းကောင်း တေဒဂ်ဘွဲ့ထူးကြီးဖြင့် ချီးကျူး ဂုဏ်တင် ပေးခဲ့ပေသည်။

မြန်မာမင်းတို့ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် စိုးစံခဲ့ကြစဥ်ကလည်း ကျမ်းတတ် ပေတတ် ဆရာတော်ကြီးများကို ရာဇဂုရုမင်းဆရာပြု၍ ချီးမြှောက်ရုံသာမက ထူးချွန်ထက်မြက်သော သာမဏေများကိုလည်း "ပထမပြန်" ဟုသတ်မှတ်ကာ ရွေးကောက်၍ ချီးမြှောက်တော်မူခဲ့ကြသည်။ ထို့နည်းတူပင် ဤ "ပရိယတ္တိသာသနဟိတ"အသင်းကြီးကလည်း မူလဆရာတော်ကြီးများ ချခဲ့သည့် မူအတိုင်း "သာမဏေကျော်" စာမေးပွဲကို ၁၃၁၁ ခုနှစ်၌ စတင် ကျင်းပနိုင်ခဲ့ပါသည်။ အသင်း ဒကာ

ကြီးတို့၏ လျှောက်ထားတောင်းပန်မှုကြောင့် ပြဌာန်းကျမ်းစာနှင့် အဆင့်အတန်းအလိုက် မေးခွန်းပုံစံ စသည်တို့ကို အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ခေတ်မှီအောင် စနစ်သစ်ကို တည်ထွင်ကာ ချီးမြှင့်တော်မူခဲ့သည်။ မြတ်ဗုဒ္ဓ၏ အံ့ဖွယ်ရှစ်ဖြာ သာသနာသုံးရပ် အစွန့်ရှည်စွာ တည်စေရန်အတွက် အဓိက အကျဆုံးအလုပ်မှာ ပရိယတ္တိစာမေးပွဲများ ကျင်းပခြင်းပင်ဖြစ်၏ဟု ဆိုက မှားအံ့မထင်ပေ။ ပရိယတ္တိစာမေးပွဲ ကျင်းပခြင်းသည် စာသင်သားတို့၏ ပညာအရည်အသွေးကို စစ်ဆေးပေးသော မှတ်ကျောက်သဖွယ်ဖြစ်သည်ဟု ဆိုနိုင်၏။ ယင်းမှတ်ကျောက်များထဲတွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးသည် အဆင့် အမြင့်ဆုံး၊ အတိကျဆုံး စစ်ဆေးရွေးထုတ်ပေးနေသည့် တော် တိ မှန်ကန်သော မှတ်ကျောက်ကြီးတစ်ခုအဖြစ် ထင်ရှားကျော်ကြား လူသိ များလှ၏။

ကမ္ဘာလောက၌ ဗုဒ္ဓဟူသည် (ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ) ကြုံကြိုက်ခဲလှစွာဘိသကဲ့သို့ပင် ပရိယတ္တိသာသနဟိတအသင်းကြီးမှ ရွေးထုတ် သန့်စင်ကလာပ်ပေါ်တင်၍ ပြသပေးမှုကို ခံယူခွင့်ရသော နှလုံးသားမှာ ဘုရားတည် သဒ္ဓါကြည်လင် ပါရမီရှင် သုတဗုဒ္ဓအမည်ရသည့် အဘိဝံသနှင့် သာမဏေကျော် ဂုဏ်ထူးရှင်တို့၏ အရေအတွက်လည်း မများပေ။ ထိုအထဲမှ ထပ်မံ၍ စာသင်တန်းအောင်မြင်ပြီး နှစ်ချင်းဆက်ကာ စာချတန်းကို တစ်နှစ်တည်းဖြင့် သုံးကျမ်းလုံးပြီးမြောက် အောင်မြင်သူကို "ဝင့်သကာ" ဟူသော ဘွဲ့ထူးဖြင့် ချီးကျူး ပူဇော်ပြန်ရာ အသင်းကြီး ဖြတ်သန်းခဲ့သော အနှစ်တစ်ရာ ကာလအတွင်း ဝယ် (၉) ပါးမျှသာ ရှားရှားပါးပါး ပေါ်ထွန်းခဲ့၏။ ယခုအခါ သာသနာတော်၌ ဇန်းမော်ဆရာတော် ဦးကုမာရာဘိဝံသ နှင့် အောင်ချမ်းသာရုံဆရာတော် ဦးကေသရတို့သာ ဖူးတွေ့နိုင်ကြတော့၏။ အတိဒုလ္လဘာ အတိဒသနဒုလ္လဘပါပေ။ ကောင်းဂုဏ်ဟူသည် အလိုအလျှောက် အလွယ်တကူ ရောက်လာသော ဘုံပိုင်ပစ္စည်းမျိုး မဟုတ်ပါချေ။ ပါရမီစာတ်ခံ ထက်သန်၍ အခြေခံကလည်းကောင်း၊ ဆရာကောင်းနှင့်လည်းတွေ့၊ ကျက်ဉာဏ် မှတ်ဉာဏ်၊ သဘောဉာဏ်တွေအပေါ် စဉ်ဆက်မပြတ် ကြိုးစားကျက်မှတ်မှု ဝီရိယစွမ်းအားကို စနစ်တကျ ဖြည့်သွင်းအားထုတ်ကြသော အာဇာနည် အရှင်မြတ်တို့၏ သီးခြား ကိုယ်ပိုင်ဖြစ်သော အရာသာတည်း။

ပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာ့အာဇာနည်လောင်းလျာ စိစစ်ရွေးချယ်ပွဲများ နှစ်စဉ် ကျင်းပကာ တော်သော တတ်သော ထူးချွန်သော ထက်မြက်သော သွက်လက်သော အကင်းပါးသော ရိုးသားသော နိုးကြားသော ကြိုးစားသော ဣန္ဒြေကြီးမားသော ဝိနည်းလေးစားသော သာသနာတော်ကို စောင့်ရှောက်နိုင်လောက်အောင် အရည်အချင်း ပြည့်ဝသော သာသနာ့အာဇာနည် ရဟန်းကောင်းတို့ကို ရွေးချယ်ဖေါ်ထုတ်ပေးခဲ့ပေသည်။ "ပညာပြည့်ဝ နှလုံးလှသော် ကိစ္စကြီးငယ် ပြုစဖွယ်လျှင် ကျဉ်းကျယ်ထွင်းဖေါက် လိုရာရောက်၍ ဖြတ်တောက်လိုရာ ပြီးနိုင်စွာလိမ့်" ဟူသည်နှင့်အညီ ပညာရှင်၏ အလိုကျ အစစ အရာရာ ပြုသမျှအောင် ဆောင်သမျှ ပြီးမြောက်ကာ ပွဲသဘင်တွင် အမြဲအစဉ် တင့်တယ်နေမည်သာတည်း။

(၂)

ရေးသမျှ ေးကြေရလောက်အောင် ထူးချွန်သော အမရပူရ မဟာဂန္ဓာရုံ ဆရာတော်သည် "ထင်ပေါ် ကျော်ကြားမှု ဆိုတဲ့ ဂုဏ်ကို လိုချင်လို့ ဘုန်းကြီးက စာမေးပွဲတွေ ဖြေခဲ့တာ မဟုတ်ဘူး။ သာသနာပြုလုပ်ငန်းမှာ အောင်မြင်မှု ရအောင်လို့ ဖြေခဲ့တာ" ဟု မိန့်ခဲ့ဘူး၏။ ထိုအဆိုနှင့်အညီ စာသင်တိုက်ကြီးကို ဘုရားရှင် အလိုတော်ကျ စည်းကမ်းအကောင်းဆုံးဖြစ်အောင် စိတ်ကောင်းရှိဖို့က ပထမ၊ ဝိနည်းလေးစားဖို့က ဒုတိယ စသော စည်းကမ်းကောင်း (၁၀) ချက်ကို ချမှတ်လျက် ထူထောင်နိုင်ခဲ့ခြင်း၊ သာသနာထွန်းကား ပြန့်ပွားစေဖို့ သဂြိုဟ်ဘာသာဋီကာ၊ ကစ္စည်းဘာသာဋီကာ၊ ရူပသိဒ္ဓိဘာသာဋီကာ၊ ဝိနည်း သုတ္တန် အဘိဓမ္မာဘာသာဋီကာ စသော စာသင်းသားသုံးကျမ်းစာများ၊ ပကာသနမစွက် သဘာဝသက်သက် လူတို့အတွက် ဗုဒ္ဓ နှစ်သက်အောင် နေထိုင်တတ်ရန် ကိုယ့်ကျင့် အဘိဓမ္မာ၊ လူ့ချမ်းသာ၊ အနာဂတ်သာသနာရေး၊ ဘာသာသွေး စသော စာအုပ်ကောင်းများ ရေးသား လမ်းညွှန်နိုင်ခြင်း စသော အောင်မြင်မှုအပေါင်း သရဖူဆောင်နိုင်ခြင်းသည် ထိုဆရာတော် ဖြေဆိုခဲ့သော ပရိယတ္တိသာသနဟိတ သင်္ဂြိုဟ်ဟ ဓမ္မာစရိယ စာမေးပွဲကြီးကို အောင်မြင်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုက မှားအံ့မထင်ပေ။ အလားတူပင် သီလ သမာဓိ ပညာနှင့်ဖွဲ့ လုံ့လ ဝီရိယ တို့မှာ အံ့ချီး မကုန်နိုင်လောက်အောင် ကြီးမားတော်မူလှသော မင်းကွန်း တိပိဋက ဆရာတော်ကြီးသည်လည်း စာမျက်နှာပေါင်း (၅၅၁၆) မျက်နှာရှိသည့် မဟာဗုဒ္ဓဝင်ကျမ်းကြီး အပါအဝင် များစွာသော ကျမ်းဂန်တို့ကို ရေးသားနိုင်ခြင်း၊ ပိဋကတ်သုံးပုံဆောင် အရှင်မြတ်များကို မွေးဖွားပေးနိုင်ခြင်း၊ ကမ္ဘာ့အလယ် မြန်မာ့မြေပေါ်တွင် ရှေးကမရှိခဲ့ဘူး ထူးခြားသည့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်ခုတို့ကို ကမ္ဘာ့အဆင့်မီ တည်ထောင်ဖွင့်လှစ်ပေးနိုင်ခြင်း စသော အောင်မြင်မှုတို့သည် ဤပရိယတ္တိသာသနဟိတအသင်းကြီးမှ ဆက်ကပ်

သော အဘိဝံသ ဝင့်သကာ ဘွဲ့ထူးကြီး၊ မတည် ရင်းနှီးမှုနှင့် မကင်းချေ။

ဖေါ်ပြပါ ဆရာတော်များနည်းတူ ဤအသင်းကြီးမှ အဘိဝံသဘွဲ့ကို ရယူကာ ဗုဒ္ဓ၏ သိုက်ညွှန်းစာများ မပျောက်ကွယ်စေရေးအတွက် ပရိယတ္တိစာသင်တိုက်ကြီးများ တည်ထောင်ခဲ့ကြသော အာဇာနည်အရှင်မြတ်များ မြန်မာနိုင်ငံ အနှံ့အပြား များစွာ ရှိနေ၏။ ထိုအထဲတွင် ပရိယတ္တိအကျော်အမော်များ မွေးဖွားပေးနေသော မစိုးရိမ်ကျောင်းတိုက်ကြီးနှစ်တိုက်၏ အုပ်ချုပ်ရေးမှူး စနစ်၌ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ အသင်းကြီးမှ ကြီးမှူးကျင်းပသော သကျသီဟ ဓမ္မာစရိယ အဘိဝံသ ဘွဲ့တံဆိပ်တော်ရ အရည်အချင်း ပြည့်ဝသော သာသနာ့အာဇာနည်အရှင်မြတ်တို့မှသာ ကျောင်းတိုက် နာယကအဖြစ် တင်မြှောက်ခြင်း ပြုတော်မူကြ၏။ ဤမျှ အရေးပါ အရာရောက်လှ၏။

ယခုအခါ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဟု အများစု သိနေကြသော ဆရာတော်ကြီးအရှင် သေဋ္ဌိလ မဟာထေရ်သည် ရဟန်း (၃) ဝါအရ (၂၀) နှစ်အရွယ်ကပင် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ သကျသီဟ ဓမ္မာစရိယအောင်ပန်းကို လက်လှမ်းကာ ဆွတ်ချူတော်မူနိုင်ခဲ့၏။ ထိုစဉ်က အရှင်သည် လူမှုရေး ပြဿနာများအတွက် ဆုံးမ သွန်သင်ချက်များ၊ လောကကြီးပွား တိုးတက်ရေးလမ်းညွှန်ချက်များ၊ စိတ်၏ အဆင့်ဆင့် မြင့်တက် တည်ကြည်ရေးအတွက် ပြုစုပျိုးထောင် လေ့ကျင့်နည်းများ အစရှိသည့် လောကီ လောကုတ် လိုအပ်ရာရာတို့ကို အလိုရှိသလို နှိုက်ယူ သုံးစွဲ၍ မကုန်နိုင်လောက်အောင် ပြည့်စုံသော နိကာယ်ငါးရပ် သိုက်ညွှန်းစာတို့ကို ကျွမ်းကျင် ပိုင်နိုင်သူဖြစ်၏။ သို့သော် ကမ္ဘာသုံး စကားလုံးများကိုမူ မပြောတတ်သေးချေ။ "စကားချေတင် သဘင်မပြွ ခံတွင်းမဲ့သို့ ချို့တဲ့ပညာ ညိုးမျက်နှာနှင့် ရွံ့ရှာလန့်ထိပ် အသံဆိပ်၏" ဟု အရှင်မဟာရဋ္ဌသာရ မိန့်ဆိုသကဲ့သို့ ပထမကျော်အောင်လက်မှတ် ခံယူးရေးနှင့်စပ်၍ ဘုရင်ခံ အတွင်းဝန်တို့နှင့် အချေအတင်ပြောဆိုခွင့်ကြုံရာတွင် မိမိမှာ နားရှိပါလျက် မကြားတတ်၊ သူတို့ စကားကိုလည်း နားမလည်၊ ပါးစပ်ရှိပါလျက် ပြောမထွက် ဖြစ်ခဲ့ရသည်ကို မကျေနပ်သဖြင့် အင်္ဂလိပ်စာ အင်္ဂလိပ်စကားကို မဖြစ်မနေ တတ်ကိုတတ်ရမည်ဟု သန္နိဋ္ဌာန် ချကာ အချိန်များစွာ ကြိုးစား သင်ယူခဲ့သည်။ ထိုစဉ်က သာသနာ့ဝန်ထမ်းရှင်ရဟန်းများအတွက် အင်္ဂလိပ်စာသည် ဒိဋ္ဌိစာ၊ ငရဲစာအဖြစ် လုံးဝ မသင်သင့် မသင်ထိုက်သော ဘာသာစကားဟု အလွန်ကျဉ်းမြောင်းသော အယူစွဲတို့ ကိန်းဝပ်နေချိန် ဖြစ်၏။ ပြည်ပသို့ ထွက်ခွာကာ တစ်ဖက်မှ တတ်စွမ်းသမျှ သာသနာပြုရင်း တစ်ဖက်မှလည်း ကမ္ဘာသုံးဘာသာစကား ဆက်လက် လေ့လာ သင်ယူစဉ်ကလည်း ကူညီထောက်ပံ့မှုကင်း၍ ကိုယ့်ဒူးကိုယ်ချွန် စွန့်စားခဲ့ရ၏။ ဘော်ဒါဆောင်များ လူနေအိမ်များ၌ ကျောင်းအဖြစ် နှလုံးသွင်းကာ သင့်သလို သီတင်းသုံး၍ ကြိုးစားခဲ့ရ၏။ အချို့မြို့များ၌ နေမွန်းမတည့်မီ အတွင်း ဖွင့်သော ထမင်းဆိုင် မရှိသဖြင့် "ဝိနယောနာမ သာသနဿ အာယု" ထိုစာကို ရှုလျက် ဆွမ်းအာဟာရကို အာလယဖြတ်ကာ သီးခံခဲ့ရသည့်နေ့များပင် ရှိခဲ့၏။ အိမ်အခန်းငှား၍ နေစဉ် အိမ်ရှင်၏ (UNEDUCATE EASTERNER) "ပညာမတတ်တဲ့ အရှေ့တိုင်းသား" ဟု အထင်အမြင်သေးသော စကားလုံးများကို မကြာခဏ သုံးနှုန်းပြောဆိုခြင်း ခံခဲ့ရ၏။

စိတ်ရှည် ဖွဲ့သန် သီးခံတော်မူခဲ့ရသည်။ ဆရာတော်၏ သီးခံမှု စိတ်ရှည် ဖွဲ့သန်မှုတို့ကြောင့် ကမ္ဘာသုံး အင်္ဂလိပ်စကားလည်း ကျွမ်းကျင်၊ သာသနာပြုလုပ်ငန်းလည်း အောင်မြင်ခဲ့၏။ လန်ဒန်မြို့၌ ဗုဒ္ဓဘာသာအသင်း တည်ထောင်ကာ (BUDDHISM IN ENGLAND) အင်္ဂလန်ပြည် ဗုဒ္ဓဘာသာတရားဟူသော မဂ္ဂဇင်း (THE MIDDLE WAY) အလယ်အလတ်လမ်းစဉ် ဟူသော မဂ္ဂဇင်းများ ထုတ်ဝေခဲ့သည်။ စနေနေ့တိုင်း ဆွေးနွေးပွဲကျင်းပခြင်း၊ တနင်္ဂနွေနေ့တိုင်း ဟောပြောပွဲ၊ ဗုဒ္ဓဟူးနေ့တိုင်း ကမ္မဋ္ဌာန်းသင်တန်းများ ပို့ချပေးခဲ့သေး၏။

"ပညာရှိနှင့် အာဏာရှင်အစိုးရမင်းတို့ ဘယ်တော့မှ မတူပေ၊ အာဏာရှင် မင်းကို မိမိအုပ်ချုပ်ရသော တိုင်း နိုင်ငံ၌သာ လေးစားခံရ၏။ ပညာရှိကိုမူကား ရောက်လေရာရာ တိုင်း နိုင်ငံအားလုံး၌ ပူဇော် လေးစား အားထား မှီခိုမှုကို ခံရ၏" ဟူသော စာဏကျနီတိဆရာ၏ အဆိုသည် သွေးထွက်အောင် မှန်၏။ မြတ်ဗုဒ္ဓ၏တရားတော်များကို ကမ္ဘာသုံး အင်္ဂလိပ်စကားလုံးသို့ ပြောင်းလဲကာ ဟောပြောရေးသားနိုင်စွမ်း ရှိသော ထိုအရှင်အား အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ဟော်လန်၊ ဘယ်လ်ဂျီယန်၊ အမေရိက အစရှိသော အနောက်နိုင်ငံများကလည်းကောင်း၊ ဂျပန်၊ သြစတေးလျ အစရှိသော အရှေ့နိုင်ငံများကလည်းကောင်း အကြိမ်ကြိမ် ပင့်ဖိတ်၍ အထူး ရိုသေ လေးစားကြည်ညို ဂါရဝပြု ပူဇော်ကြသည်။

(၃)

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့မှစ၍ မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ် ကြိုဆိုနေသဖြင့် မကြာမီပင် စာရေးသူတို့ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး စသော အရေးအဖုံဖုံကို လေ့လာရန် နိုင်ငံပေါင်းစုံမှ ရောက်လာကြပေတော့မည်။ နိုင်ငံခြားသား

အချို့၏ ဘာသာရေးအမြင်ကို လျှော့တွက်၍ ရလိမ့်မည် မထင်ပေ။ ထိုထို နိုင်ငံတို့၌လည်း ဗုဒ္ဓဘာသာတရားတော်ကို ဖြန့်ဖြူးပေးနေသော အသင်းအဖွဲ့များ ရှိနေပြီဖြစ်သည်။ (MRS, RHYS DAVIDS) ရိ(စ်)ဒေးဗစ် ဦးဆောင်ကာ ဥရောပတိုက်ရှိ တက္ကသိုလ်အသီးသီးတွင် ပြန့်နှံ့နေသော ရှေးဟောင်း ဗုဒ္ဓစာပေများကို သုတေသီများ ကျောင်းသားများအတွက် အထောက်အကူပြုရန် အလွယ်တကူ လေ့လာတည်းဖြတ်နိုင်ရန် ရည်ရွယ်လျက် (PALI TEXT SOCIETY) ပါဠိစာပေအသင်းကြီးကို ၁၈၈၁ ခုနှစ်တွင် လန်ဒန်မြို့၌ တည်ထောင်၍ ပါဠိတော်များနှင့် အဋ္ဌကထာ ဋီကာအချို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ထုတ်ဝေခဲ့သည်။ အလားတူပင် သီဟိုဠ်နိုင်ငံသား အနာဂါရိက ဓမ္မပါလ က သီဟိုဠ် ကာလကတ္တားမြို့နှင့် အင်္ဂလန် တို့၌ (MAHABODHI SOCIETY) မဟာဗောဓိ အသင်းကြီးကိုလည်းကောင်း၊ ဉာဏပေါနိက မထေရ်က၊ သီဟိုဠ်၌ ဗုဒ္ဓစာပေ ဖြန့်ချီရေးအသင်းကြီးကိုလည်းကောင်း စသည် စသည်ဖြင့် အသင်းအဖွဲ့များ တည်ထောင်ကာ သာသနာ ပြုခဲ့ကြ၏။

ထို့ပြင် ဘာသာပေါင်း (၉) ဘာသာသို့ ပြန်ဆို ကူးယူကြရာ ဂျာမန်ဘာသာနှင့် (၃) ကြိမ်၊ အင်္ဂလိပ်ဘာသာဖြင့် (၁၂) ကြိမ် တိုင်တိုင် ပြန်လည် ရိုက်နှိပ်ပေးရသည်အထိ အလွန်ကျော်ကြားသော ဘဒ္ဒန္တ ဉာဏတိလောကမထေရ်၏ (THE WORD OF BUDDHA) "ဗုဒ္ဓ၏ အဆိုအမိန့်တရားတော်များ" စာအုပ်နှင့် (FUNDAMENTALS OF BUDDHISM) "ဗုဒ္ဓဘာသာ၏ အခြေခံ အချက်အလက်များ" စသော စာအုပ်ကောင်းများသည်လည်းကောင်း၊ အရှင် ဉာဏပေါနိက မထေရ်၏ (ABHIDHAMMA STUDIES) "အဘိဓမ္မာလေ့လာချက်" စာအုပ်သည်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံသား ဒေါက်တာဘွဲ့ ငါးထပ်ကွမ်းနှင့် ဓမ္မဝိဇ္ဇာဘွဲ့ရ ဆရာတော် ဒေါက်တာ ဝါလ်ပိုလာ ရာဟုလာ ၏ ကမ္ဘာ့ဘာသာပေါင်း (၁၃) မျိုးဖြင့် အကြိမ်ကြိမ် ရိုက်နှိပ် ဖြန့်ဝေ၍ မလောက်နိုင်လောက်အောင် ကျော်ကြားသော (WHAT THE BUDDHA TAUGHT) "မြတ်ဗုဒ္ဓ ဒေသနာတော်" စာအုပ်သည်လည်းကောင်း၊ (၁၄) ကြိမ်တိုင်အောင် ရိုက်နှိပ်ပေးခဲ့ရသော ဂျာမန်ပါဠိပညာရှင် (HERMANN OLDENBERG) ၏ (BUDDHA HIS DOCTRINE HIS ORDER) "မြတ်ဗုဒ္ဓ ဗုဒ္ဓ၏တရား ဗုဒ္ဓ၏ သံဃာ" ဟူသော စာအုပ်သည်လည်းကောင်း အုပ်ရေ သန်းပေါင်းများစွာ ရိုက်နှိပ် ဖြန့်ဝေပါသော်လည်း မလောက်မင ဖြစ်ခဲ့ရသော (SIR EDWIN ARNOLD) (ဆာအက်ဒွင် အန်းလ်ဒ်) ၏ (THE LIGHT OF ASIA) "အာရှတိုက်ရဲ့အလင်းရောင်" စာအုပ်သည်လည်းကောင်း ဤသို့ စသဖြင့် ပါဠိစကားမှ မျက်မှောက် ကမ္ဘာသုံးစကားဆီသို့ ဘာသာဗေဒလမ်းကြောင်း ပြောင်းလာသော စာအုပ်ကောင်းများလည်း ယခုအခါ ကမ္ဘာအနှံ့ ပြန့်နေချေပြီ။ ထိုစာအုပ်များကို ဖတ်မိကြသော အနောက်နိုင်ငံသားတို့၏ ထက်မြက်သော စဉ်းစားဉာဏ်ကို ပိုမိုသွက်လက် ရှုးရှ လာစေပေလိမ့်မည်။ လေးလေးနက်နက် စဉ်းစား တွေးခေါ်တတ်လာစေပေလိမ့်မည်။

ယခုအခါ ဆက်သွယ်ရေး ကိရိယာတို့သည် အလွန်ခေတ်မီလှ၏။ တယ်လီဖုန်း၊ ကွန်ပျူတာ၊ ဆော့ဖ်ဝဲ၊ မိုဒမ်၊ ဗွီဒီယို၊ ဗြိုလ်တု၊ မိုက္ကရိုဝေ့(ဗ်)၊ ရေဒီယို၊ တီဗွီ၊ ကေဘယ်လ်တီဗွီ၊ ကွန်ရက်၊ ကွန်ခြာ၊ အင်တာနက်၊ ဆယ်လူလာ၊ ဖက်(စ်) ခေါ် အီလက်ထရောနစ် စာပို့စနစ်၊ တဲလ်လက်(စ်) အစရှိသော ပစ္စည်းများကို သုံးစွဲနေကြပေပြီ။ မျက်မှောက်ခေတ် သိပ္ပံပညာရှင်တို့၏ အစွမ်းကြောင့် ကမ္ဘာကြီးသည် ဝါယာကြိုးဖြင့် ရစ်ပတ်ထားသော ရွာကြီးနှင့်တူသည်ဟုပင် တင်စားပြောဆိုနေကြ၏။ ဤသို့ သိပ္ပံသည် ရုပ်ဝတ္ထုဆိုင်ရာလောက်မျှသာ ဘောင်ခပ်ထားခြင်းကြောင့် စဉ်းစား တွေးခေါ်တတ်သူများက မနှစ်သက်နိုင်ကြတော့ပေ။ မိမိ ဘဝရပ်တည်နေနိုင်ရေးအတွက် မိမိကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ ကြိုးစား လုပ်ကိုင်နေကြရသဖြင့်လည်းကောင်း၊ ကိုယ်တွေ့ကြုံနေရသော စား ဝတ် နေရေး ကျန်းမာရေးနှင့် လူမှုဒုက္ခအဝဝ ပြဿနာအဖုံဖုံကို ကိုယ်တိုင် ရင်ဆိုင်ဖြေရှင်းနေကြရခြင်း စသည်တို့ကြောင့် မိရိုးဖလာ ကိုးကွယ်လာခဲ့ကြသည့် (CREATOR) ဖန်ဆင်းရှင်ဝါဒ (SAVIOUR) ကယ်တင်ရှင် ဝါဒများအပေါ် တစ်စုံတစ်ရာ ဖန်ဆင်းပေးမှု ကယ်တင် စောင့်ရှောက်ပေးမှု မရှိခဲ့သည့်အတွက် သံသယ ကုက္ကုစ္စတို့ကို မျိုသိပ် မရနိုင်အောင် ဖြစ်နေကြရကြောင်း ဖတ်မှတ်ဘူးပါ၏။

ဘာသာတရားနှင့် သိပ္ပံပညာနှစ်ရပ်ကို ဆက်စပ် ပေါင်းကူးပေးနိုင်မည့်သူများကို မျှော်လင့်နေကြချိန် ရှေးကအစွဲအလန်းထုံးတမ်းစဉ်လာများကို မောင်းနှင်ထုတ်ကာ အတွေးသစ် အမြင်သစ်များ နေရာယူစ ပြုနေချိန်တွင် ဗုဒ္ဓ၏ တရားတော်များဖြင့် ကမ္ဘာသူ ကမ္ဘာသားတို့၏ ကိုယ် စိတ် နှလုံးကို ရွှင်ပြုံးအေးမြစေကာ ဘေးမခ ခေမာအမြိုက် နိဗ္ဗာန်ဆီသို့ ဆိုက်ရောက်နိုင်ကြောင်း နည်းကောင်း လမ်းမှန်ကို ညွှန်ပြ ပေးကြဘို့ရန် အချိန်တန်ပေပြီ။

"မျက်မှောက်ခေတ်မှာ သိပ္ပံပညာက ပြောမယုံလောက်အောင် တိုးတက်နေတယ်။ လန်ဒန်ကမူ ပိဋကတ်သုံးပုံကို လက်ဖက်ရည်၊ ကော်ဖီ ပန်းကန်ပြားလောက်ရှိတဲ့ စီဒီ ခတ်

ပြားလေးထဲ ထည့်ပြီး အမေရိကန်ဒေါ်လာ သုံးရာနှင့် ဖြန့်ဖြူးနေပြီ၊ လိုချင်တဲ့ အကြောင်းအရာကို စက္ကန့် အနည်းငယ်အတွင်းမှာ ရှာဖွေ တွေ့ရှိနိုင်တယ်၊ ဒါ့ရှင်တို့ ကမ္ဘာမှာ သာသနာပြုနိုင်အောင်ဆိုရင် ဗုဒ္ဓစာပေတစ်မျိုးတည်း တတ်ကျွမ်းရုံနဲ့ မလုံလောက်ပါဘူး၊ ဘာသာပြန်နဲ့ ပြောလို့ ဖြစ်ပေမယ့် အခါ ခပ်သိမ်း မလွယ်ဘူး၊ ကိုယ်တိုင်ပြောရသလောက်လည်း ကိုယ့်စိတ်တိုင်းကျ မဖြစ်ဘူး၊ အထူး တိုက်တွန်းချင်တာကတော့ အင်္ဂလိပ်စာကို တတ်ကျွမ်းအောင်သင်ယူထားကြဖို့ပါပဲ" ဟု နိုင်ငံခြားသာသနာပြု ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ (၅-၃-၉၆) နေ့က မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ အမိန့်ရှိခဲ့၏။ (၁၃-၇-၉၆) နေ့က ပရိယတ္တိသာသနဟိတအသင်းကြီး၌ ကျင်းပခဲ့သော ဟောပြောပွဲ၌လည်း အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့၌ သီတင်းသုံးတော်မူသော အရှင် ဉာဏိက (လူသေ လူဖြစ် ဝိနိစ္ဆယ တာဝန်ခံ) ဆရာတော်က ကမ္ဘာမှာ သာသနာပြုလိုလျှင် ကမ္ဘာသုံး ဘာသာစကားကို တတ်ထားဘို့ အထူး လိုအပ်ကြောင်း မိန့်ကြားခဲ့ပြန်၏။

ထို့ပြင် လွတ်လပ်ရေး ရပြီးစ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် ဘာသာရေးကို အထွတ်တင်လျက် သောတာပန်ဘုရင် အုပ်ချုပ်ခဲ့သော တိုင်းနိုင်ငံကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည် စသည် ဘက်ပေါင်းစုံမှ စနစ်တကျ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် အဆင့်မြင့် မြန်မာနိုင်ငံတော်ကြီး တည်ထောင်ဘို့၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တို့၏ မူလရေသောက်မြစ်ဖြစ်သော ပညာရေးကဏ္ဍကို ဆရာတော် သံဃာတော်များက ပါဝင် ကူညီနိုင်ဘို့ နိုင်ငံခြားသားများကိုလည်း "ဖေဟိ ပဿိက=လာခဲ့ ကြည့်လှည့် ဗုဒ္ဓဘာသာအစစ်ဆိုတာ ဒီလိုပဲ" ဟု ကမ္ဘာ့အလယ်မှာ ဝင့်ထယ် ဂုဏ်မောက် ထွန်းတောက် ကျော်ကြား အလွန်ထင်ရှားနေစေဘို့ စသည်ဖြင့် ရည်ရွယ်မှန်းထားချက် ကြီးမားတော်မူသော အမရပူရ မဟာဂန္ဓာရုံဆရာတော်သည် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ ပြည်တွင်းပြည်ပ သာသနာပြုနိုင်ရန် ပရိယတ်စာပေများကိုသာမက သက္ကတ၊ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ် စသော ဘာသာစကားများ၊ ခေတ်အလျှောက် သိသင့်သော ပထဝီ၊ သိပ္ပံ၊ သမိုင်း၊ ဂဏန်းသင်္ချာ စသော ဘာသာရပ်များကိုပါ တတ်ကျွမ်းထားသင့်ကြောင်း စသည်တို့ ပါဝင်သည့် အကြံပြုလွှာကို ၁၃၂၆ ခု၊ ပြာသိုလ မှော်ဘီ အကြိုအစည်းအဝေးပွဲ၌ တင်သွင်းခဲ့ဘူး၏။ ပယ်ချခြင်း ခံခဲ့ရသဖြင့် ဆရာတော်၏ မျှော်မှန်းချက်များ စိတ်ကူးယဉ် အိပ်မက် ဖြစ်ခဲ့ရ၏။

တော်ချင်လျှင် ဖတ်၊ တတ်ချင်လျှင် ကြိုးစားရမည်၊ သို့သော် သဘောဉာဏ်မပါသော ကြိုးစားကျက်မှတ်မှုသည် အင်အားကို ဖြုန်းတီးရာ ရောက်၍ ကြိုးစား ကျက်မှတ်မှု မပါသော စဉ်းစား တွေးတောနေခြင်းသည်လည်း အချိန်ကို ဖြုန်းတီးပစ်နေရာရောက်၏။ စည်းကမ်းတကျ ကြိုးစားကျက်မှတ်၍ နည်းလမ်းတကျ စဉ်းစားတွေးခေါ် ခြင်းသည် အင်အားနှင့်အချိန်ကို စနစ်တကျ အသုံးချရာရောက်ပေမည်။ စည်းကမ်းနှင့်နည်းလမ်းမှန်ကန်မှု ရှိရန်မှာ ဆရာကောင်းကို အမှီရဘို့လို၏။ ဆရာကောင်းနှင့် တွေ့ကြုံမှီခိုခွင့်ရသော တပည့်သည် မပင်မပန်း ချမ်းသာ လွယ်ကူစွာ ပညာရေးခရီးဆုံး အထွပ်အထိပ်သို့ ရောက်နိုင်၏။ တကယ့်ဆရာကောင်းထံ နည်းခံခွင့်ရသော တပည့်အတွက် လိုအပ်သော အကျိုးအားလုံးပင် ပြီးပြည့်စုံနိုင်၏ဟု ဗုဒ္ဓကိုယ်တိုင် အရှင် အာနန္ဒာအား မိန့်ကြားတော်မူခဲ့၏။

စစ်မှန်သော ငြိမ်းချမ်းရေးကို ကိုယ်ကျင့်တရားနှင့် ရှာဖွေမှ ရနိုင်ပါသည်။ ကိုယ်ကျင့်တရားကို ဗုဒ္ဓ၏ သာသနာ၌ ရှာဖွေရနိုင်ပေမည်။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးအတွက် တစ်ကမ္ဘာလုံး ဗုဒ္ဓဘာသာ ထွန်းကားဘို့ လိုပါသည်။ တစ်ကမ္ဘာလုံး သာသနာတော် ထွန်းကားဘို့မှာ တစ်ကမ္ဘာလုံး ဆက်သွယ်နိုင်သော ဘာသာစကားများ တတ်ကျွမ်းဘို့ လိုပါသည်။

ပြည်တွင်းမှ ခေတ်ပညာနှင့်ယှဉ်တွဲကာ ဗုဒ္ဓ၏ အဆုံးအမလမ်းညွှန်ချက်များကို ကျောင်းသား လူငယ်တို့ နှလုံးသားအထိစွဲငြိ တည်ရှိနေစေရန်နှင့် အခါသင့်လို့ အခွင့်သာခဲ့လျှင် "စရထ ဘိက္ခဝေ စာရိကံ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာနု ကမ္ပါယ" "ချစ်သားတို့ အများစုအတွက် ကောင်းကျိုးဆောင်ဖို့ အများစု ချမ်းသာစေဖို့ လောကလူသားများ ကိုယ်ကျင့်တရားကောင်းမွန်ရေး လမ်းညွှန်ပေးဖို့ ကမ္ဘာနှံ့အောင် လှည့်လည်သွားလာ ဟောပြောကြ" ဟူသော ဗုဒ္ဓ၏ မိန့်မှာချက်ကို လိုက်နာဖြည့်ကျင့်လိုသူများအတွက် အချိန်တိုတိုနှင့် လိုရင်းရောက်အောင် ကမ္ဘာသုံးဘာသာစကားကို သင်ကြားပို့ချပေးသော ဌာနကြီးတစ်ခု မန္တလေးမြို့၌ အမှန်တကယ် ရှိသင့်နေပေပြီ။ "ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရား ကမ္ဘာ လွှမ်းစေရမည်" ဟု ကြွေးကြော်နိုင်ကြရန် ဘာသန္တရဆေက အဘိဝံသ ဆရာတော်ကြီးများ၏ ညွှန်ကြားမှုကို ရယူကာ ပြုသမျှအောင်၊ ဆောင်သမျှပြီးသော ဤပရိယတ္တိသာသနဟိတအသင်းကြီးမှ ဦးစီးလျက် ပရိယတ္တိဆေက ပုဂ္ဂိုလ်ကျော် ရွေးပွဲ နှစ်တစ်ရာပြည့်မှသည် သာသနာပြုရာ၌ မဖြစ်မနေ ကျွမ်းကျင်ထားသင့်သော ဘာသန္တရဆေက အကျော်အမော်များ မွေးဖွားပေးနိုင်ရေးဆီသို့ ရှေးရှုဦးတည်ပြီး ဆောင်ရွက်ပေးရန် အချိန်ရောက်ပြီဖြစ်ကြောင်း သာသနဟိတ သာသနာ့အကျိုး မျှော်ကိုးကာ အကြံပြု တင်ပြအပ်ပါသည်။

အရှင်မုနိဝရ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
မန္တလေးမြို့။

# ပရိယတ္တိနယ်၌ သံဃာထု၏ လေးစားမှုကို အခံရဆုံးနှင့် ပရိယတ္တိသာသနာတော်ကို အကျိုးပြုဆုံးအသင်းကြီး

### ပါတော်မူခြင်း

ကောဒသမ ကုန်းဘောင်မင်းဖြစ်သော သီပေါမင်းသည် သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၈) ရက် (၁၈၈၅ ခု၊ နိုဝင်ဘာလ ၂၉)၊ တနင်္ဂနွေနေ့ ညနေ ၅ နာရီခန့် အချိန်တွင် အင်္ဂလိပ် တို့၏ ခေါ်ဆောင်ရာသို့ လိုက်ပါရသဖြင့် မြန်မာတို့ ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုည ဖြစ်ခဲ့ကြရသည်။

ထိုအခါ စာသင်သား ရဟန်း သာမဏေ (၇၀၀၀၀) ခုနှစ်သောင်း၊ စာချအရှင်မြတ် (၂၀၀၀) နှစ်ထောင်ပါးတို့ သီတင်းသုံးကာ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်ငန်းတို့ကို ကြိုးစားအားထုတ်တော်မူကြသဖြင့် ရွှေဆင်းရှိသော ဟင်္သာအပေါင်းတို့ ပျော်စံရာ စိတ္တဝုဋ်တောင်ခြေတွင်ရှိသော ဟင်္သာကန်ကြီးကဲ့သို့ မန္တလေးမြို့တော်ကြီးသည် ရဟန်း သာမဏေတို့၏ သင်္ကန်းရောင်တို့ဖြင့် တပြောင်ပြောင် တဝင်းဝင်း တောက်ပနေရာမှ ပစ္စည်းလေးပါး ပါးရှားလာခြင်း အစရှိသော အကြောင်းများကြောင့် စာချ စာသင် အရှင်မြတ်များ ဦးရေ လျော့ပါးကာ သာသနာဘက်မှ ဆုတ်ယုတ်လာတော့၏။

### ပရိယတ္တိသာသနဟိတအသင်းကြီး

သီပေါမင်း ပါတော်မူပြီး ၁၃ နှစ်အကြာ၊ ၁၂၆၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့တော်၌ မြတ်စွာဘုရား၏ ပရိယတ္တိနယ်၌ သံဃာထု၏ လေးစားမှု အခံရဆုံးနှင့် ပရိယတ္တိ သာသနာတော်ကို အကျိုးအပြုဆုံးသော သာသနာပြုအသင်းကြီးတစ်သင်း ပေါ်ပေါက်လာသည်။ ထိုအသင်းကြီးကား ပရိယတ္တိသာသနဟိတအသင်းကြီးတည်း။

ထိုအသင်းကြီးကို မန္တလေးမြို့၊ ဆိုင်းတန်းရပ် ၂၆ ဘီလမ်း၌ရှိသော ပွဲစားကြီးဦးထွန်း၏ အိမ်၌ ဖွဲ့စည်းတည်ထောင်သည်။ ဖွဲ့စည်းရခြင်းအကြောင်းကို ၁၂၆၅ ခုနှစ်၊ သီတင်းကျွတ်လမှ တပေါင်းလအထိ ၆ လအကွက် ကြော်ငြာစာ၌ –

"မန္တလေးရွှေမြို့တော်၌ သာသနာ့ဒါယကာ မင်းဧကရာဇ်လက်ထက်တော်အခါ စာသင်ပုဂ္ဂိုလ် (၇၀၀၀၀)၊ စာချပုဂ္ဂိုလ် (၂၀၀၀) မျှလောက်ရှိရာ၊ ဤအသင်းကို တည်ထောင် ဖွဲ့စည်းရန် အရေကြုံသောအခါ၌ စာသင်ပုဂ္ဂိုလ် (၇၀၀၀)၊ စချပုဂ္ဂိုလ် (၁၀၀) ကျော်မျှလောက်သာ တည်ရှိလေတော့သည်ဖြစ်၍ "ဇိနသာသန ပရိဟာနိံ ဒိသွာ အဘိဝမို ဝါယမတိ" ဟူသော ပါဠိဒေသနာ ပြအပ်သည်နှင့်အညီ သာသနာတော်ညှိုးလျော် ဆုတ်ယုတ်ရသော အကြောင်းကိုမြင်၍ လွန်စွာတိုးပွားအောင် အားထုတ်ကြရမည်တကားဟု ကောင်းစွာသတိရရှိကြသဖြင့် ဤအသင်းကို မြန်မာနိုင်ငံတော်အတွင်းရှိ အမျိုးသာသနာဝင်သူ အပေါင်းတို့၏ ကိုယ်စားလှယ် ကိုယ်စားပြု သင်း မ၊ သင်းခံ၊ အရံ အသင်းလူကြီး အသီးသီးတို့နှင့်တကွ ဖွဲ့စည်းတည်ထောင်ပါသည်" ဟု ဖော်ပြထားလေသည်။

### ဖွဲ့စည်းပုံ

ပရိယတ္တိသာသနဟိတအသင်းကြီး၏ ဖွဲ့စည်းပုံကို လေ့လာသောအခါ –

(၁) ဩဝါဒါစရိယဆရာတော်ကြီးများ။
(၂) သင်းမလူကြီးများ။
(၃) သင်းခံလူကြီးများ ဟူ၍ အဆင့် (၃) ဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

ထိုအဆင့် (၃) ဆင့်တွင် ဩဝါဒါစရိယဆရာတော်ကြီးများ၏ တာဝန်မှာ အသင်းကြီး၏ ရည်သန်ချက် (၅) ရပ်နှင့်အညီ ဆောင်ရွက်ကြစေရန် သင်းမလူကြီး၊ သင်းခံလူကြီးတို့အား နည်းညွှန် လမ်းပြ ဩဝါဒပေးတော်မူခြင်းဖြင့် အသင်းကြီး၏ ရည်သန်ချက် မပျက်၊ တက်ကြွ လှုပ်ရှားစေရန် ဆောင်ရွက်တော်မူကြရခြင်း ဖြစ်သည်။

ထို ဖွဲ့စည်းပုံအရ အသင်းကြီး၏ ပထမပြဲဝါဒါစရိယ ဆရာတော်ကြီးများမှာ သီပေါမင်း၏ "သုဇာတာဘိသိရိဇဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဒုတိယဆင့် တံဆိပ်တော်ကြီးကို ကပ်လှူခြင်းခံရသော သမ္မုတိသာသနာပိုင် မိုးထားဆရာတော်ကြီး ဦးဆောင်သော ဆရာတော်ကြီး (၁၈) ပါး ဖြစ်သည်။

## သင်းမလူကြီး

သင်းမလူကြီးဆိုသည်မှာ အသင်းကြီး နိမ့်ကျ ပျက်စီးမသွားစေရန် အမာခံထားကြရသော အမာခံလူကြီးများ ဖြစ်သည်။ ယင်း လူကြီးများသည် ရည်သန်ချက် (၅) ရပ်ဖြင့် ဖွဲ့စည်းထားသော အသင်းကြီး၏ အမှုကိစ္စအားလုံးကို ရည်သန်ချက် ပေါက်မြောက်အောင်မြင်သည်အထိ ဦးစီးဆောင်ရွက်ကြရသော အမှုဆောင်လူကြီးများ ဖြစ်သည်။ အမှုဆောင်လူကြီးများ တာဝန်ခွဲဝေပုံမှာ -

၁။ ဥက္ကဋ္ဌ

၂။ ဒုတိယ ဥက္ကဋ္ဌ

၃။ စာရင်းကိုင်

၄။ ဘဏ္ဍာရေးမှူး နှင့် ရိုးရိုးအမှုဆောင် ဟူ၍ ဖြစ်သည်။

ထိုတွင် ဥက္ကဋ္ဌ ၁ ယောက်၊ ဒုတိယ ဥက္ကဋ္ဌ ၁ ယောက်၊ စာရင်းကိုင် ၅ ယောက်၊ ဘဏ္ဍာရေးမှူး ၉ ယောက်၊ ရိုးရိုးအမှုဆောင် ၄၁ ယောက်ဟု တာဝန် ခွဲဝေထားသည်ကို တွေ့ရသည်။

ဤတင်ပြခဲ့သည်မှာ အသင်းကြီး၏ စောစောပိုင်း သင်းမလူကြီးများ လုပ်ငန်းတာဝန် ခွဲဝေပုံ ဖြစ်သည်။ ၁၃၃၀ ပြည့်နှစ်က ထပ်မံဖြည့်စွက် အတည်ပြုထားသော ဥပဒေအရမှာ အသင်းတွင် ပါဝင်သူတိုင်းကို -

(က) သင်းမလူကြီး၊

(ခ) သင်းခံလူကြီး ဟု နှစ်မျိုးခွဲထားသည်၊ ထိုနှစ်မျိုးတွင် - သင်းမလူကြီးကို

(က) (၁) မြို့နေသင်းမလူကြီး

(၂) အဝေးမြို့ရွာနေ သင်းမလူကြီး ဟု နှစ်မျိုးထပ်မံ ခွဲခြားပြန်သည်။ ထိုနှစ်မျိုးသော သင်းမလူကြီးများကို -

(က၊က) အရာလက်ရှိ အမှုဆောင်လူကြီး

(ခ၊ခ) အရံ အမှုဆောင်လူကြီး ဟု တာဝန် ခွဲဝေသည်။

ဤဥပဒေပုဒ်မ (၇) အရဆိုသော် သင်းမလူကြီး မှန်သမျှ အမှုဆောင်လူကြီးချည်း ဖြစ်ရမည်ဟု ဆိုလိုပေသည်။ ရှေးက ဖွဲ့စည်းပုံနှင့် အတူတူပင် ဖြစ်သည်။

ထိုမှတစ်ဖန် ပုဒ်မ (၈) ဖြင့် အရာလက်ရှိ အမှုဆောင် လူကြီးများကို အောက်ပါအတိုင်း တာဝန်ခွဲဝေပေးသည်။

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ | (၁) ဦး |
| (ခ) | ဒုတိယဥက္ကဋ္ဌ | (၂) ဦး |
| (ဂ) | အတွင်းရေးမှူး | (၁) ဦး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး | (၁) ဦး |
| (င) | ငွေထိန်းလူကြီး | (၁) ဦး |
| (စ) | စာရင်းစစ်လူကြီး | (၄) ဦး တို့ ဖြစ်သည်။ |

ဤတာဝန်ခွဲဝေပုံသည် ရှေးက တာဝန်ခွဲဝေပုံထက် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး ရာထူးများ တိုးထားခြင်းသာ ထူးသည်။ သင်းမလူကြီး (၅၀) အထက် ရှိစေရန်လည်း ပြဋ္ဌာန်းထားသည်။

## သင်းခံလူကြီး

ဖွဲ့စည်းပုံအရ သင်းခံလူကြီးဆိုသည်မှာ အသင်းကြီး တည်တံ့ တိုးတက်စေရန် ထောက်ပံ့အားပေးကြရသော အသင်းဝင် လူကြီးများပင် ဖြစ်သည်။ ထိုသင်းခံ လူကြီးတို့၏ လုပ်ငန်းတာဝန်များမှာ -

(က) အသင်းအတွက် ကြော်ငြာပေးရခြင်း၊

(ခ) အလှူငွေ ကောက်ခံပေးရခြင်း၊

(ဂ) အသင်းသို့ ပါဝင်လိုသူရှိပါက ကောက်ခံပေးရခြင်း ဖြစ်သည်။

မှတ်ချက်

ပုဒ်မ (၁၉)၊ ပိုဒ်ခွဲ (ဂ) အရ သင်းခံလူကြီးက အသင်းဝင်လိုသူကို ထောက်ခံရမည်ဟု ဆိုထားပြီးဖြစ်သော်လည်း ပုဒ်မ (၂၀) ၌ သင်းမလူကြီး တစ်ဦးဦးထံမှ ထောက်ခံချက်ယူရန် ဆိုထားပြန်သည်။ အသင်းဝင်ဖြစ်ရန်အတွက် သင်းခံလူကြီးရော သင်းမလူကြီးပါ ထောက်ခံရမည့်သဘော ဖြစ်သည်။

## သင်းထောက်လူကြီး

ရှေးက အမျှဝေစာတမ်းများတွင် သင်းထောက်လူကြီး ဟု မတွေ့ရ။ ၁၃၃၀ ပြည့်နှစ်၊ ဥပဒေ ပုဒ်မ (၂၀) ၌ သင်းထောက် အနေဖြင့် တစ်နှစ်နေရန် ပြဋ္ဌာန်းထားသည်။ ဤ ပြဋ္ဌာန်းချက်အရဆိုသော် အသင်းဝင်ရန် သင်းမလူကြီး၏ ထောက်ခံချက်ကို ရရှိထားသော အသင်းသားလောင်း၊ အသင်းမိတ်ဆွေဟု အမိပ္ပါယ်ရသည်၊ သင်းထောက်အနေဖြင့် တစ်နှစ်နေပြီးပါက အသင်းဝင် ဖြစ်ပြီး သင်းခံလူကြီးအဆင့်သို့ ရောက်ပြီ။

အကယ်၍ သင်းမလူကြီးဖြစ်ထိုက်သူ ဆိုပါက သင်းခံအနေဖြင့် ၆ လ ဆက်နေပြီး မူလအစည်းအဝေး၏ သဘော တူညီချက်ဖြင့် သင်းမလူကြီးအဖြစ်သို့ ရောက်နိုင်သည်။

### ရည်သန်ချက်အရ ဆောင်ရွက်ခြင်း

သင်းမလူကြီးများသည် အသင်းကြီး၏ ရည်သန်ချက် (က) အရ အသင်းတည်ထောင်သည့် ၁၂၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၁၅) ရက်စွဲဖြင့် ဆရာတော်ကြီး (၁၆) ပါးကို အသင်းကြီး၏ မူလဓမ္မာစရိယ စာချဆရာအဖြစ် တင်မြှောက် ကိုးကွယ်ကြသည်။

ထိုဆရာတော်ကြီး (၁၆) ပါး အပါအဝင် စာချဘုန်းတော်ကြီး (၇၀) ပါးတို့ကိုလည်း မဟာသကျသီဟဘုရား အာရာမ်မအတွင်းရှိ မကိုင့်တန်ဆောင်းသို့ပင့်၍ စုပေါင်း ခတ်ပုံရိုက်သည်။ ပြီးလျှင် ဆွမ်းဆန်တင်းအိပ်၊ ဆီ ဆား၊ ငါးခြောက် ပဲဆန် အာယုဝဍ္ဍနဆေးများနှင့်တကွ ဟင်းလျာစုံ သပိတ် ခါးပန်းကြီးများအပြင် မော်လမြိုင်မြို့ ထပ်ကေးကျောင်းဒကာကြီး ဦးသာညွန်းကပ်လှူပူဇော်စေအပ်သော လှူဖွယ်ပစ္စည်းများကိုပါ ကပ်လှူကြသည်။

ထို့နောက် ၁၂၆၅ ခုနှစ်၊ ဝါဆိုလမှစ၍ နယုန်စာလျှောက်မေးခန်း သီးခြားစာသင်တန်းအောင် အရှင်မြတ်များနှင့် ၁၂၆၉ ခုနှစ်၊ ဝါဆိုလမှစ၍ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ရ သီးခြား စာချ အရှင်မြတ်များအား ဆွမ်းဆန်တော် ဆီ ပုဇွန်ခြောက် ပဲ ဆန် ဆား တို့နှင့်တကွ ထင်းပါ ကျောင်းအရောက်ပို့လှူ ဆက်ကပ်ကြသည်။

ဤသို့ နိစ္စဝတ်အဖြစ် နှစ်စဉ် နှစ်တိုင်း လှူဒါန်းခြင်းဖြင့် အသင်းကြီး၏ ရည်သန်ချက် (က) ကို အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။ ထို့ပြင် မိမိတို့အသင်းက ကျမ်းဂန် ပို့ချခြင်း၊ ဂန္ထဓုရဝန်ကို ဆောင်ရွက်တော်မူနိုင်ကြစေရန် ရည်သန်ကိုးကွယ် လှူဒါန်းထားသော မူလစာချ ဆရာတော်ကြီးများနှင့် သီးခြား စာချဆရာတော်များ ချပို့သော စာဝါစာရင်းများကိုလည်း ကောက်ယူ စာရင်းပြုစုကာ မှတ်တမ်းတင်ထားကြသည်။

### ရည်သန်ချက် (ခ) အရ

သင်းမလူကြီး ရည်သန်ချက် (ခ) အရ ပရိယတ္တိသာသနာတော်စောင့် စာချပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ထွက်လာစေခြင်းငှာ သီးခြားရွေးချယ် ကိုးကွယ်လိုသဖြင့် ၁၂၆၅ ခုနှစ်၊ နယုန်လမှစ၍ သီးခြားစာသင်[illegible]၊ စာမေးပွဲကို ကျင်းပ၍ သီးခြားစာချတန်း စာမေးပွဲကို ၁၂၆၇ ခုနှစ်၊ နယုန်လတွင် စတင် ကျင်းပသည်။

သီးခြားစာချတန်းကို ဖြေဆိုအောင်မြင်ပြီးသူဖြစ်ပါက မြတ်စွာဘုရား၏ ပိဋကတ်နိကာယ်ကြီးများ၌ ကျွမ်းပေါက်ကျက်စားနိုင်ပြီး ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဟူသော ဘွဲ့ပုံတံဆိပ်လက်မှတ်ကိုလည်း ဆက်ကပ်၍ ရည်သန်ချက် (က) အရ သီးခြားဓမ္မာစရိယ စာချပုဂ္ဂိုလ်အဖြစ်ဖြင့် အသင်းကြီးက ကိုးကွယ်သည်။ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့၏ သင်္ကေတဖြစ်သော "အဘိဝံသ" ဟူသော ဂုဏဝါစကပုဒ်ကိုလည်း ဘွဲ့အမည်၏နောက်၌ ဖြည့်စွက်ခွင့် ရပေသည်။

### သာမဏေရ စာတော်ပြန်ပွဲ

ဤစာတော်ပြန်ပွဲကို "သာမဏေကျော်" စာမေးပွဲ ဟုလည်း ခေါ်ကြသည်။ ဤသာမဏေရ စာတော်ပြန်ပွဲ ကျင်းပရခြင်းမှာ အသင်းကြီး၏ ရည်သန်ချက် (၅) ရပ်တွင် ရည်သန်ချက် (ဂ) အရ ဖြစ်သည်။

အသင်းလူကြီးတို့သည် အသင်းကြီး၏ ရည်သန်ချက် (၅) ရပ်တွင် ရည်သန်ချက် (က) (ခ) (င) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီးသော်လည်း ရည်သန်ချက် (ဂ) ကို ဆောင်ရွက်နိုင်ခြင်း မရှိသေးဘဲ ဖြစ်နေရာမှ ယခုအခါ အကောင်အထည်ဖော်ရန် အခြေအနေပေးနေပြီဖြစ်၍ ကြိုးစားကြရသည်။ ထိုအကြောင်းကို သာမဏေများ စာလျှောက်မေးခမ်း စည်းမျဉ်းဥပဒေနှင့် သင်တန်းစာအုပ်၌ –

"ယခုအခါ အချိန်ကောင်းနှင့် အကြောင်းသင့်ဘို့ ဖြစ်ရသည်မှာ သာသနာတော် တစ်ဝက်ရောက်ဖို့ ရှစ်နှစ်လောက်သာ လိုတော့ရကား ပရိယတ္တိဝန်ထမ်း ရဟန်းတော်များ၏ ဆဋ္ဌသံဂါယနာတင်ရန် စိတ်အား ထက်သန်တော်မူကြခြင်း၊ ပဋိပတ်ဝန်ထမ်း ရဟန်း သံဃာတော်များမှာလည်း ပဋိပတ်တာဝန်ကို ပရိယတ် တရားတော်နှင့်အညီ လက်တွေ့ကြိုးစားတော်မူလျက် ရှိခြင်း စသော အကြောင်းတို့ကြောင့် ယခုအခါ ထူးခြား သောရှင်သာမဏေများကို ရွေးချယ်ထားပါလျှင် ဆဋ္ဌ သံဂါယနာတင်ကိစ္စ၌လည်းကောင်း၊ ပဋိပတ်တွေ လုပ် ကိုင်ကြရာ၌လည်းကောင်း၊ ထိုသာမဏေများ၏ အကူ အညီများစွာ ရဘွယ်ရှိပေရကား အနှစ် ငါးဆယ် ဆိုင်း ငံ့ရခြင်းသည် စနစ်ကျကျ စာပြန်ပွဲ စတင်နိုင်ဘို့ ဟု ယူဆ ရပါတော့သည်" ဟု ဖော်ပြထားပါသည်။

ထို့ပေါ် ပြချက်အရ သာမဏေရ စာတော်ပြန်ပွဲ လုပ်ရခြင်းသည် ဆဋ္ဌသံဂါယနာတင်ကိစ္စနှင့် ပဋိပတ် လက်တွေ့ လုပ်ကိုင်ရာ၌ အထောက်အကူ ဖြစ်စေရန် ရည်မှန်းထားကြောင်း သိရပေသည်။

ထိုရည်မှန်းချက် ပေါက်မြောက်ရန်အတွက် အခြေခံရန် လိုအပ်သော အချက်များမှာ –

(က) အသက် (၂၀) မပြည့်မီ သဘာဝကျနစွာ ကျမ်းဂန်တတ်မြောက်ရေးအတွက် သဒ္ဒါ၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာ စသည်တို့ဖြင့်သာ အချိန်မကုန်စေဘဲ ပါဠိတော်များကို သဒ္ဒါနည်းမှန်မှန် အနက် သမ္ဗန်၍ ယင်းပါဠိတို့က ညွှန် ကြားသော သဘာဝတို့ကို သိနားလည်ရန်၊

(ခ) ပါဠိသင်နည်း ပိဋကတ်သင်နည်းတို့ကို ကွဲပြား ခြားနားစွာသိပြီး ပါဠိဘာသာရေးနည်း သီကုံးနည်း ပြောဆိုနည်းတို့ကို အလေ့အကျင့်ပြုရန်နှင့် ပိဋကတ်၌ ဗုဒ္ဓဟောလိုရင်းဖြစ်သော သဘာဝတို့ကို ရိုးရိုးကောက်ယူနိုင်ရန်။

(ဂ) သုတ္တန် ဝိနည်း ပါဠိတော်များမှ အဘိဓမ္မာ သဘာဝတို့ကို ထုတ်ယူနိုင်၍ ပရိယတ္တိသာသနာ၏ အဆီအနှစ်များကို ပေါ်လွင် ထင်ရှားစွာ ရေးသားပြောဆိုနိုင်ခြင်း၊ စိတ် စေတသိက် ရုပ် နိဗ္ဗာန် တရားတို့၏ သရုပ်များကို တစ်ခုစီ တစ်ခုစီ မှတ်သား နားလည်ပြီးလျှင် ယင်း ပရမတ္ထတရားတို့ အချင်းချင်း ရောနှောပုံ ကျေးဇူးပြုပုံတို့ကို ရုပ် ဝီထိ နာမ် ဝီထိများဖြင့် မိမိတို့သင်ကြားသော သုတ် ဝိနည်းတို့၌ ဝေဖန်တတ်ရန်ဖြစ်သည်။

(ဃ) သာသနာတော်ကို ကြည်ညိုလေးစား သက်ဝင်သော သဒ္ဓါတရားဖြင့် ကိုယ်တိုင် လေ့ကျင့်ပုံ ပြသ၍ တစ်ခြားသူတို့အားလည်း ကျနစွာ သင်ပြလေ့ကျင့် ပေးနိုင်ရန် ဟူသော အချက်များ ဖြစ်သည်။

သာမဏေတစ်ပါးကို ထိုအချက် (၄) ချက်နှင့် ပြည့်ဝလာစေရန် လေ့ကျင့်ပေးထားနိုင်မည်ဆိုပါက ထိုသာမဏေသည် ဆဋ္ဌသံဂါယနာတင် ကိစ္စနှင့် ပဋိပတ်လက်တွေ့လုပ်ကိုင်ရန် ကေန် အထောက်အကူ ဖြစ်လာပေမည်။

## ကျမ်းစာနှင့် အတန်း

ဆိုခဲ့ပြီးသော မျှော်မှန်းချက် ပေါက်မြောက်စေရန် ပိဋကတ်ကျမ်းစာများကို ပြဋ္ဌာန်းကျမ်းစာအဖြစ် သတ်မှတ်ပေးထားရမည် ဖြစ်သည်။ ထို့ကြောင့် သာမဏေရ စာတော်ပြန်ပွဲအတွက် ပြဋ္ဌာန်းကျမ်းစာများအဖြစ် –

(၁) ဝိနည်း ပါဠိတော် (၅) ကျမ်း

(၂) အင်္ဂုတ္တရပါဠိတော် (၁၁) ကျမ်း

(၃) ဓမ္မပဒအဋ္ဌကထာကျမ်းစာများကို သတ်မှတ်ထားသည်။

သဒ္ဒါကျမ်း၊ သင်္ဂြိုဟ်ကျမ်းများလည်း ပါဝင်သည်။ စာမေးပွဲအဆင့်အတန်းကို ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် ဟု အဆင့် (၃) ဆင့် ခွဲထား သတ်မှတ်၍ စာမေးပွဲ ပြုလုပ်ပေးသည်။

ဤပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတန်းအတိုင်း သင်ယူပြီး၍ တတိယဆင့်အောင်မြင်ပြီးသော ရှင်သာမဏေသည် ဝိနည်း ပါဠိတော် (၅) ကျမ်း၊ အင်္ဂုတ္တိုရ်ပါဠိတော် (၁၁) ကျမ်း၊ ဓမ္မပဒအဋ္ဌကထာကျမ်း တို့ကို အဓိပ္ပါယ် သရုပ်သဘောအားဖြင့်လည်းကောင်း၊ သဒ္ဒါနည်းဆိုင်ရာ အဘိဓမ္မာ နည်းဆိုင်ရာ တို့ဖြင့်လည်းကောင်း လေ့လာပြီးဖြစ်ပြီး ပါဠိ စီကုံးနည်း ပါဠိကို မြန်မာပြန်ဆိုနည်းတို့ကို ကျွမ်းကျင်ပြီး ဖြစ်ပေပြီ။

"သာသနာလင်္ကာရ သာမဏေကျော်" ဘွဲ့ပုံ လက်မှတ်နှင့်တကွ "အလင်္ကာရ" ဟူသော ဂုဏဝါစကပုဒ်ကိုလည်း မိမိ၏ ဘွဲ့နာမည်နောက်၌ ဆက်တွဲ တပ်ဆင်ခွင့်ရပြီး အသင်း ကြီး၏ ရည်သန်ချက် (ဂ) အရ ဆွမ်းဆန်တော်ဝတ်ကိုလည်း အလှူခံရသည်။

## ကျော်ကြားရခြင်းအကြောင်း

မြန်မာနိုင်ငံ သာသနာရေးနယ်ပယ်၌ "သကျသီဟ အသင်း" ဟူ၍ လည်းကောင်း၊ "သကျသီဟ စာမေးပွဲ" ဟူ၍ လည်းကောင်း ကျော်ကြားနေသည်မှာ ဤစာမေးပွဲနှစ်ရပ် ကြောင့် ဖြစ်သည်။ ပရိယတ္တိနယ်၌ "အဘိဝံသ" ဆိုလျှင် အထင်ကြီးကြသည်။ "အလင်္ကာရ" ဆိုလျှင် ပရိယတ္တိပညာရေးကို သဘောပေါက်သော ပညာရှိများက မြတ်နိုးကြရသည်။ လူ့လောက၌ "အလင်္ကာရ" အရည်အသွေးကို အထင်ကြီးရမှန်း မသိကြသေးသော်လည်း "အဘိဝံသ" ကိုကား အထင်ကြီးကြသည်။ ထို့ကြောင့်လည်း အဘိဝံသ အတုတွေ ပေါ်နေသည် ဟု ကြားရခြင်း ဖြစ်သည်။

စာရေးသူသည် ၁၃၄၇ ခုနှစ်၊ ဝါကို ရန်ကုန် ကမ္ဘာအေး အပရ ဂေါယာနကျောင်းဆောင်ကြီး၌ ဝါဆိုပြီး၊ နိုင်ငံတော် ဝိနည်းဓိုရ် တာဝန်ကို ထမ်းဆောင်ရသည်။ ဝိနည်းဓိုရ် ဆရာတော်ကြီးများမှာ ၁၅ ပါး ဖြစ်သည်။ သာသနဓဇ ဓမ္မာစရိယ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ ပါဠိပါရဂူ ဟူသော စာမေးပွဲဆိုင်ရာ ဘွဲ့များ ရထားကြသည့်အပြင် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ဂုဏဝါစကဘွဲ့များ ရရှိထားသော ဆရာတော်ကြီးများလည်း

ပါသည်။ သို့သော် အဘိဓံသဘွဲ့ရကား တစ်ပါးမျှ မပါပေ။

တစ်နေ့သောအခါ နိုင်ငံတော် ဝိနည်းမိုရ်ဆရာတော်ကြီးများ မျက်စိ ကုန်းမာရေး စစ်ဆေးရန် မင်္ဂလာဒုံဆေးရုံကြီးသို့ ပင့်သွားသည်။ မျက်စိစစ်ခါနီးဘွဲ့အမည်နှင့် အသက်တို့ကို အရာရှိတစ်ဦးက မေးမြန်းရေးမှတ်သည်။ (၁၅) ပါးလုံးရေးမှတ်ပြီးသောအခါ "အဘိဓံသတစ်ပါးမှမပါဘူး" ဟူသော အထင်သေးသည့်မှတ်ချက် ချသံလေးကို အမှတ်မထင် ကြားလိုက်ရသဖြင့် ပြုံးမိသည်။

ဤသည်မှာ အခြားဘွဲ့များထက် အဘိဓံသဘွဲ့ကို အလေးထားမှု ဖြစ်သည်။ ဤသို့ အလေးထား အထင်ကြီးကြခြင်းမှာလည်း အဖြီး အဖြန်းကောင်း၍ အခြောက်တိုက် အထင်ကြီး အလေးထားနေခြင်း မဟုတ်၊ အလေးထား အထင်ကြီးထိုက်၍ အလေးထား အထင်ကြီးကြခြင်း ဖြစ်ကြောင်း၊ ပရိယတ္တိပညာရေးကို တကယ်လိုက်စားသူတိုင်း သိကြသည်။ သာသနာလင်္ကာရ သာမဏေကျော်ဘွဲ့ ရပြီး အဘိဓံသဘွဲ့ကိုပါ ဆွတ်ခူးနိုင်မည်ဆိုပါက ပရိယတ္တိနယ်၌ "စာတတ်ပုဂ္ဂိုလ်" ဟု ခေါ်နိုင်ပြီဖြစ်သည်။ နိကာယ်ငါးရပ် ပိဋကတ်သုံးသွယ်လာ အဓိပ္ပါယ်သဘောတရားတို့ကို သိနိုင်စွမ်းရှိပြီး ဗုဒ္ဓအလိုတော်ကျ အဓိပ္ပါယ်ကို ဖေါ်ထုတ်နိုင်ပြီ။

**နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲ**

နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲ ဖြစ်မြောက်ရေးအတွက် ၁၃၃၀ ပြည့်နှစ်၊ တပေါင်းလဆန်း (၁၄) ရက်နေ့တွင် ပရိယတ္တိသာသနဗိမာန်တော်ကြီး၌ ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ ထိုဩဝါဒအရ ၁၃၃၁ ခုနှစ်၊ ကဆုန်လ အသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးကြီးတွင်

"နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲကြီးကို နှစ်စဉ် နှစ်တိုင်း တပေါင်းလ၌ ကျင်းပ ပြုလုပ်ပေးရန် ဥပဒေရင်းတွင် ( စ) ရည်သန်ချက်ကို ထည့်သွင်း ပြဌာန်းဆုံးဖြတ်ကြသည်။

ထိုပရိယတ္တိကို စောင့်ရှောက်သော စာချပုဂ္ဂိုလ်သည် ပရိယတ္တိသာသနာဖြစ်သည့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို သိထားရမည်သာဖြစ်သည်။ နွားကောင်ရေ အကြီး၊ အသေး အထီး၊ အမ၊ အသွေးအရောင် တို့ကို ခွဲခြားသိမှတ်ထားခြင်း မရှိသော နွားကျောင်းသားသည် အမည်ခံ နွားကျောင်းသားသာဖြစ်၍ နွားတို့ကို မပျောက်ဆုံးအောင် စွမ်းဆောင် ထိန်းသိမ်းနိုင်မည် မဟုတ်ပေ။ ထို့အတူ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကိုမှ လေ့လာ သိမှတ်ထားခြင်း မရှိသော ပရိယတ္တိသာသနာစောင့် စာချပုဂ္ဂိုလ်သည် အမည်ခံသာဖြစ်၍ ပရိယတ္တိသာသနာ မပျောက် မဆုံးအောင် ထိန်းသိမ်းနိုင်မည် မဟုတ်ပေ။

ထို့ကြောင့် ပရိယတ္တိသာသနာတော်စောင့် စာချပုဂ္ဂိုလ်သည် ပရိယတ္တိသာသနာဖြစ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို နှံ့နှံ့စပ်စပ် သိထားရမည်ဖြစ်သည်။ သို့မှ ပရိယတ္တိသာသနာတော်စောင့် စာချပုဂ္ဂိုလ်အစစ် ဖြစ်နိုင်ပေသည်။ သို့ဖြစ်၍ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲကို ကျင်းပပေးဘို့အတွက် ရည်သန်ချက် (ခ) တွင် အကြုံးဝင်ပြီး ဖြစ်သည်။

ပရိယတ္တိသာသနဟိတအသင်း နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲကို ၁၃၃၁ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်နေ့မှ စတင်ကာ နိကာယ်ကြီးများကို အုပ်စု (၇) အုပ်စု ခွဲဝေလျက် ကျင်းပပေးခဲ့သည်။

**ပရိယတ္တိနယ်၌ သံဃာထု၏ လေးစားမှု အစံရဆုံးနှင့် ပရိယတ္တိသာသနာကို အကျိုးပြုဆုံး အသင်းကြီး**

ပရိယတ္တိသာသနဟိတအသင်းကြီးသည် ပရိယတ္တိသာသနာတော်၏ အကျိုးကို ဆောင်ရွက်သော အသင်းကြီးပီပီ ပရိယတ္တိသာသနာတော်ကို စောင့်ရှောက် ထိန်းသိမ်းနိုင်စွမ်း ရှိကြသည်။ ပရိယတ္တိသာသနာတော်စောင့် ရဟန်း သာမဏေများ အဆက်မပြတ် ပေါ်ထွက်လာရေးအတွက် -

(၁) သီးခြားစာသင်တန်း စာချတန်း စာမေးပွဲ ကျင်းပပေးခြင်း၊

(၂) သာမဏေရ စာတော်ပြန်ပွဲ ကျင်းပပေးခြင်း၊

(၃) နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲ ကျင်းပပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိနေပြီ။

ထိုပရိယတ္တိသာသနာတော်စောင့် ရဟန်း သာမဏေများ ချမ်းချမ်းသာသာ ပရိယတ္တိသာသနာတော်ကို အမြဲစောင့်ရှောက်နိုင်စေရန် ဆွမ်းဆန်တော်ကို အရင်းခံထား၍ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လျက် ရှိနေပြီ။

ဤလုပ်ငန်းကြီးများသည် ဤအသင်းကြီးကို စတင်တည်ထောင်သူ လူပညာရှိများ ဆောင်ရွက်ရန် မျှော်မှန်းခဲ့ကြသော လုပ်ငန်းကြီးများဖြစ်သည်။

ဤလုပ်ငန်းကြီးများအတွက် ရည်သန်ချက် (၅) ရပ် ချမှတ်ကာ စတင်ဆောင်ရွက်ခဲ့ကြသော လူပညာရှိများ၏ ရည်မှန်းချက်များသည် ယခုအခါ ပေါက်မြောက် အောင်မြင်နေပြီဟု ဆိုနိုင်ပြီ။

ယနေ့ တစ်ကမ္ဘာလုံးရှိ ထေရဝါဒ ဗုဒ္ဓဘာသာ သံဃာလောက၌ ပရိယတ္တိအရည်အသွေး အပြည့်ဆုံးနိုင်ငံကို ဖော်ပြပါဆိုလျှင် မြန်မာနိုင်ငံကိုသာ ဖော်ပြကြရမည်ဖြစ်သည်။ ထိုပရိယတ္တိ အရည်အသွေး ပြည့်ဝလှပါသည်ဆိုသော မြန်မာနိုင်ငံ၌ ပရိယတ္တိအရည်အသွေး အပြည့်ဝဆုံးရဟန်းများကို ညွှန်ပြပါဆိုလျှင် "သာမဏေကျော်" "အဘိဝံသ" ဟူသော ဘွဲ့နှစ်ဘွဲ့ကို ပိုင်ဆိုင်ပြီး ပရိယတ္တိသာသနဟိတ ဝိနယဓရ၊ ဘာဏက၊ အာဘိဓမ္မိက ဘွဲ့များကိုပါ ပိုင်ဆိုင်သော ရဟန်းတော်များကို ရှေ့ဆုံးမှ ရွေးကောက် ညွှန်ပြကြရပေမည်။

ဤစကားသည် သစ္စာစကားဖြစ်ကြောင်း ပညာရှိများ ကောင်းကောင်းကြီး သိရှိ လက်ခံကြမည်သာ ဖြစ်သည်။

ဤမျှသာသနာတော်အတွက် အကျိုးပြုနေသည်၊ သာသနာတော်အတွက် အကျိုးသက်ရောက်မှု ရှိနေသည်ကို ၁၂၆၀ ပြည့်နှစ်က လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီးနောက် မန္တလေးမြို့တော်၌ စာသင်သား (၇၀၀၀၀) ခန့်သို့လည်းကောင်း၊ စာချပုဂ္ဂိုလ် (၂၀၀၀) ခန့်မှ (၁၀၀) ကျော်မျှလောက်သို့လည်းကောင်း၊ ဆုတ်ယုတ် ကျဆင်းလာသည်ကို တွေ့မြင်ကြရသဖြင့် သာသနာတော်အတွက် ရတက်မအေးနိုင်ဖြစ်ကာ ပရိယတ္တိသာသနဟိတအသင်းကြီးကို စတင် တည်ထောင်ခဲ့ကြသော ပညာရှိလူကြီးမင်းများ တွေ့ကြရ မြင်ကြရမည်ဆိုပါက လွန်စွာ ကသိုလ်သောမနဿ ဖြစ်ရှာကြပေလိမ့်မည်။

သာသနာတော် ထွန်းကားလှသော မြန်မာနိုင်ငံ၌ လက်ရှိသာသနာပြု အသင်းပေါင်းများစွာတို့တွင် ပရိယတ္တိနယ်၌ သံဃာထု၏ လေးစားမှု အခံရဆုံး အသင်းကြီးကို ညွှန်ပြပါဆိုလျှင် ဤသကျသီဟအသင်း ခေါ် ပရိယတ္တိသာသနဟိတ အသင်းကြီးကိုပင် ညွှန်ပြကြရမည်ဖြစ်ကြောင်း ပြောလိုပါသတည်း။ ။

ဦးမာနိတသိရိ
၁၃၅၉ ခု၊ တော်သလင်းလပြည့်ကျော် ၄
(၀-၄၊ ၆-၅၉)

# စာလျှောက်မေးပွဲ (၃) ရပ်နှင့် ကာရကတာဝန်

ဉာဏ်ထွန်း

### စာလျှောက်မေးပွဲ သုံးရပ်

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးမှ နှစ်စဉ်နယုန်လ၌ သီးခြားစာချတန်းနှင့် စာသင်တန်း စာလျှောက်မေးပွဲများ၊ ပြာသိုလ၌ သာမဏေကျော် စာလျှောက်မေးပွဲများနှင့် တပေါင်းလ၌ နိကာယ်ငါးရပ် စာလျှောက်မေးပွဲများကို ကျင်းပလျက် ရှိပါသည်။

### တာဝန်နှစ်ရပ် ခွဲဝေအပ်

အာဂုံပြန်ပွဲများ ကျင်းပသည့်အခါ စာများ မေးမြန်းထောက်မရန်လည်းကောင်း၊ ရေး ဖြေ စာမေးပွဲများ ကျင်းပသည့်အခါ ပုစ္ဆာများ ထုတ်ဆင်နိုင်ကြရန်လည်းကောင်း၊ စာပေကျမ်းဂန် တတ်ကျွမ်းကြသည့် သင်းမလူကြီးများအား အလုပ်အမှုဆောင်အဖွဲ့မှ ရွေးချယ်လျက် သင်းမလူကြီးပုံမှန် အစည်းအဝေးသို့ တင်ပြကာ အတည်ပြုချက် ရယူပြီးမှသာ စာထောက်စာမနှင့် ကာရက တာဝန်များကို ခွဲဝေပေးအပ်ရပါသည်။ ၎င်းအစည်းအဝေးကြီးမှ အတည်ပြု တာဝန်ပေးအပ်ခြင်း ခံရသူတို့သည်သာ သက်ဆိုင်ရာစာမေးပွဲတာဝန်များကို ထမ်းဆောင်ပိုင်ခွင့် ရှိစေရပါသည်။

### အာဂုံရမှ ဖြေခွင့်ကျ

နယုန်လ ရဟန်းတော်များ စာလျှောက်မေးပွဲနှင့် ပြာသိုလ သာမဏေကျော် စာလျှောက်မေးပွဲများ၌ ရှေးဦးစွာ အာဂုံပြန်ဆိုပွဲများကို (၁၅) ရက်ခန့် ကြိုတင်စစ်မေးပါသည်။ ထို အာဂုံပြန်ဆိုပွဲများတွင် စာထောက် စာမ ပုဂ္ဂိုလ်များ၏ မေးမြန်းစစ်ဆေးမှုကို ကျေနပ်လောက်အောင် ပြန်ဆိုနိုင်ကြမှသာ ဒုတိယအနေဖြင့် ရေး ဖြေ စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခွင့် ရကြမည် ဖြစ်ပါသည်။ နှုတ်ထောက်အာဂုံတွင် ကျရှုံးပါက ရေး ဖြေ စာလျှောက်မေးပွဲသို့ လုံးဝ ဖြေဆိုခွင့် မပြုတော့ပါ။

## စာထောက်စာမ တာဝန်

နှုတ်ထောက်အာဂုံ စာတော်ပြန်ပွဲများ ကျင်းပသည့်အခါ စာထောက် စာမတာဝန်ကျ ပုဂ္ဂိုလ်များသည် ရဟန်းတော်များ နှင့် ရှင်သာမဏေများ သက်ဆိုင်ရာ အတန်းများ၌ သတ်မှတ်ထားသည့် ကျမ်းစာများကို အမှန်တကယ် ရ, မရ မေးမြန်းစိစစ်၍ အမှတ်များ ပေးကြရပါသည်။

စာထောက်စာမများက ပေးထားသည့် အမှတ်များပေါ် အခြေခံလျက် ဥက္ကဋ္ဌကြီး ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့မှ အောင်/ရှုံး ဆုံးဖြတ်မှုကို ပြုလုပ်ကြပါသည်။

## ကာရက တာဝန်များ

ကာရကပုဂ္ဂိုလ်များသည် ရေး ဖြေစာမေးပွဲများ ကျင်းပသည့်အခါ ပုစ္ဆာများထုတ်ဆင်နိုင်ရန် တာဝန်ယူကြရပါသည်။ ရေး ဖြေ စာမေးပွဲမတိုင်မီ (၁) ရက် ကြိုတင်ကာ ပုစ္ဆာထုတ်မည့် ဌာန ဓမ္မသာလာသို့ (၁၂) နာရီထက် နောက်မကျစေဘဲ အရောက်သွားကြရပါသည်။

ထိုအချိန်မှစ၍ စာမေးပွဲကျင်းပနေသည့် ရက်များအတွင်း ပြင်ပသို့ထွက်ခြင်း၊ ပြင်ပပုဂ္ဂိုလ်များနှင့် စကားဆက်သွယ်ပြောဆိုခြင်း စသော အယုံအကြည် ကင်းမဲ့စေသည့် အလုပ်များကို လုံးဝ မပြုလုပ်ကြရပါ။ စာမေးပွဲပြီးဆုံးသည့်ရက်အထိ ဓမ္မသာလာ၌ပင်နေကြ၊ အိပ်ကြ၊ စားကြရပါသည်။

## ပုစ္ဆကများ ပင့်လျှောက်ထား

နေ့လည် (၁၂) နာရီ ထိုးပြီးသည်နှင့် တပြိုင်နက် ပုစ္ဆကဆရာတော်များ ပင့်ဆောင်နိုင်ရန်အတွက် (၁၀) မိနစ်ခန့် အကြိုညှိနှိုင်းတိုင်ပင် ညီညွတ်ကြကာ သက်ဆိုင်ရာကျောင်းတိုက်များသို့ သွားရောက်ကြ၍ အသင်းကိုးကွယ်ခံ ဆရာတော်များအား ပင့်လျှောက်ကြရပါသည်။ "မည်သည့်ဆရာတော်ကို ပင့်လျှောက်မည်" ဟူ၍ ကြိုတင်ညှိနှိုင်း တိုင်ပင်ထားခြင်း မပြုရပါ။

## ပုစ္ဆာ ခွဲဝေ ထုတ်ကြပေ

ဓမ္မသာလာသို့ ပုစ္ဆကဆရာတော်များ ရောက်ရှိလာကြသည့်အခါ ဘာသာရပ်တစ်ခုလျှင် ဆရာတော် (၂) ပါးကျစီ ခွဲဝေလျက် နောက်နေ့ စစ်ဆေးမည့်ဘာသာရပ်အား အချိုးကျ ထုတ်စေပါသည်။ ဆရာတော် တစ်ပါးတည်း ဘာသာရပ် တစ်ခုလုံး ထုတ်ခွင့် မရှိစေရပါ။

(ဥပမာ) (၁၀) ပုစ္ဆာထုတ်မည့် ဘာသာရပ်၌ တစ်ပါးလျှင် (၅) ပုစ္ဆာကျစီ ခွဲဝေ၍ထုတ်စေခြင်း ဖြစ်ပါသည်။

ဘာသာရပ်များ ခွဲဝေပြီးချိန်မှစ၍ ပုစ္ဆကဆရာတော်များသည် မိမိတို့ကျရာဘာသာ ကျရာအပိုင်းမှ ခဲရာ ခဲဆစ် နက်နဲသိမ်မွေ့သည့် အကြောင်းအရာများကိုသာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ အနု၊ ဂဏ္ဌိ၊ ဘာသာဋီကာ စသည်တို့မှ ရှာဖွေ ထုတ်ဆင်ကြပါသည်။

မိမိတို့၏ ပုစ္ဆာများနှင့်အတူ အဖြေများကိုပါ တစ်ပါတည်း ရေးသားပေးအပ်ကြရပါသည်။

## ကာရကထံ ပေးအပ်နှံ

စာဖြေဆိုရမည့် နံနက် မိုးလင်းသည့်အခါ ပုစ္ဆကဆရာတော်များက မိမိတို့ ထုတ်ဆင်ပြီးသည့် ပုစ္ဆာနှင့် အဖြေမှန်များအား ကာရကပုဂ္ဂိုလ်များထံ အပ်နှံကြရပါသည်။

ယင်းသို့ အပ်နှံသည့်အခါကျမှသာ ကာရကပုဂ္ဂိုလ်များက ပုစ္ဆာ၏ အတိမ်, အနက်၊ အခက်၊ အလွယ်၊ အကျယ်, အကျဉ်း အသင်း၏ ရည်သန်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ တို့ကို စိစစ်ကြပါသည်။

တိမ်လွန်းက နက်စေ၊ နက်လွန်းက တိမ်စေ၊
ခက်လွန်းက လွယ်စေ၊ လွယ်လွန်းက ခက်စေ၊
ကျဉ်းလွန်းက ကျယ်စေ၊ ကျယ်လွန်းက ကျဉ်းစေ၊ ဆိုသည့် သဘောဖြင့် စာဖြေပုဂ္ဂိုလ်များ၏ ဉာဏ်ရည် ဉာဏ်သွေး အသင်းကြီး၏ ဂုဏ်သိက္ခာနှင့် ကိုက်ညီစေရန် ပုစ္ဆကဆရာတော်များနှင့် ပြန်လည် ညှိနှိုင်း လျှောက်ထားပြီးမှ ပုစ္ဆာများကို အတည်ပြုကြပါသည်။

## တမဟုတ်ချင်း စက်၌သွင်း

ပုစ္ဆာများကို အတည်ပြုပြီးသည်နှင့် တစ်ပြိုင်နက် လက်နှိပ်စက် (သို့) ကွန်ပျူတာစက်တို့ဖြင့် ရိုက်နှိပ်ပြီး၊ စာကူးစက်ဖြင့် ဖြေဆိုမည့် ပုဂ္ဂိုလ်ဦးရေနှင့် ကိုက်ညီစေ၍ အပို အလို မရှိရအောင် ကူးယူကြရပါသည်။

ကူးယူပြီး ပုစ္ဆာများကို အသင့်ပြုလုပ်ထားသည့် အိပ်များတွင်ထည့်၍ ချိတ်ဖြင့် ပိတ်ထားလိုက်ပါသည်။ တစ်စုံတစ်ရာ အစွန်းအစ မကျန်စေရန် စက္ကူအပျက်အစီးများကို မီးရှို့ ဖျက်ဆီးလိုက်ကြပါသည်။

ချိတ်ပိတ်ပြီး ပုစ္ဆာထုတ်များကို စာဖြေဌာနသို့ သယ်ဆောင်သွားမည့် သားရေအိတ်တွင် ထည့်လျက် အသင့် ပြုလုပ်ထားကြရပါသည်။

## စာဖြေဌာန ပို့ကြရ

နေ့လည် (၁၂) နာရီ စာဖြေချိန် နီးသည့်အခါ (၁၅) မိနစ်ခန့် ကြိုတင်၍ ပုစ္ဆာထုတ်ရာ ဓမ္မသာလာမှ စာလျှောက်မေးပွဲကျင်းပရာ ဓမ္မဗိမာန်သို့ သယ်ယူပို့ဆောင်ကြရပါသည်။

## သက်ဆိုင်ရာသို့ ပေးအပ်မှု

အသင့်ယူဆောင်လာသည့် ပုစ္ဆာများကို လက်ခံကြမည့် ပုဂ္ဂိုလ်များလက်သို့ လွှဲပြောင်းပေးအပ်ကြပါသည်။ ထိုအခါ သက်ဆိုင်သူ တာဝန်ကျ ပုဂ္ဂိုလ်များမှ ချိတ်များစစ်ဆေး၍ ဖွင့်ဖေါက်ပြီး စာရင်းပါနှင့် အိပ်တွင်းပါတို့ကို ကိုက်ညီမှု ရှိ မရှိ စစ်ဆေးကြပါသည်။

စာဖြေဌာနတွင် စာထောက်မည့် (လိုအပ်ပါက ရှင်းလင်းဖတ်ကြား ပြကြမည့်) စာတော်ဖတ်များနှင့် ကာရကတို့ ပုစ္ဆာတွင် မရှင်းလင်းသည်များရှိက မေး ဖြေ ရှင်းလင်းကြပါသည်။

စာဖြေရန် အချိန်ကျ၍ စည်ကြီးတီးပြီးသည့်အခါ စာမေးပွဲကြီးကြပ်သူ သင်းမအမှုဆောင် လူကြီးများမှ စာဖြေ သံဃာများ၏ စာဖြေခုံများသို့ သွားရောက်ပြီး ပုစ္ဆာများကို ဝေငှကြပါသည်။

ကာရကပုဂ္ဂိုလ်များသည် ပုစ္ဆာများဝေငှပြီး၊ အချိန် အနည်းငယ် စောင့်ဆိုင်း၍ အမှုကိစ္စ ပေါ် မပေါ် အကဲခတ်ကာ ဓမ္မသာလာသို့ ပြန်ခဲ့ကြပါသည်။

## ပုစ္ဆကများ ပြန်ကြသွား

ဓမ္မသာလာသို့ ပြန်လည်ရောက်ရှိသည့်အခါ တစ်နေ့တွက် ပုစ္ဆာထုတ်ခဲ့ကြသည့် ပုစ္ဆကဆရာတော်များအား မိမိတို့ကျောင်းသို့ ပြန်လည်ပို့ဆောင်ပေးရပါသည်။

မပို့ဆောင်မီ (၁၀) မိနစ်ခန့် ကာရကများ စုဝေး၍ နောက်တစ်နေ့အတွက် ပင့်ဆောင်ရမည့် ကျောင်းတိုက်နှင့် ဆရာတော်တို့ကို ညှိနှိုင်းတိုင်ပင် အတည်ပြုကြပါသည်။

အတည်ပြုကြပြီးနောက် ပထမနေ့ ပုစ္ဆကဆရာတော်များအား ပြန်လည်ပို့ဆောင်ရင်း၊ ဒုတိယနေ့အတွက် ဆရာတော်များကိုပါ တစ်ပါတည်း ပင့်ဆောင်ခဲ့ကြရပါသည်။

ဓမ္မသာလာသို့ ရောက်သည့်အခါ ပုစ္ဆကဆရာတော်များအား ရှေး၌ ရေးသားခဲ့သည့်အစဉ်အတိုင်း ဘာသာရပ်များခွဲဝေခြင်း၊ ပုစ္ဆာများ ထုတ်စေခြင်း၊ အဖြေလွှာများ ရေးစေခြင်း၊ ပြန်လည်ညှိနှိုင်းခြင်း၊ စက်တင်ခြင်း၊ အိပ်သွင်းခြင်း၊ ပို့ဆောင်ခြင်း စသည်တို့ကို နေ့စဉ် ပြုလုပ်ကြရပါသည်။

ဆရာတော်များ ပေးအပ်သည့် ပုစ္ဆာအဖြေမှန်များအား လုံခြုံစွာ ချိတ်ပိတ်၍၊ အဖြေလွှာများ စစ်ဆေးသည့်နေ့ကျမှသာ ဆရာတော်များထံ အပ်နှံကြရပါသည်။ ဆရာတော်များက ချိတ်များ မူလအတိုင်း ရှိ မရှိ စိစစ်ပြီးမှ ဖွင့်ဖေါက်၍ စစ်ဆေးကြပါသည်။

ကာရကများသည် နယုန်လ စာလျှောက်မေးပွဲ၌ (၅) ရက်၊ ပြာသိုလ စာလျှောက်မေးပွဲ၌ (၃) ရက်၊ တပေါင်းလ စာလျှောက်မေးပွဲ၌ (၂) ရက်၊ ပေါင်း တစ်နှစ်လျှင် (၁၀) ရက် တာဝန်ယူ လုပ်ဆောင်ပေးကြရပါသည်။

## အဖြေလွှာများ ခေါင်းဖြတ်ထား

စာမေးပွဲများ ဖြေဆိုပြီး နောက်တစ်ရက်တွင် စာဖြေသံဃာများ ဖြေဆိုထားသည့် အဖြေလွှာများမှ ခေါင်းပိုင်းကို (ခုံနံပါတ်၊ ဘွဲ့တော်၊ နေရပ်လိပ်စာပါသည့်အပိုင်းကို) ဓားစက်များဖြင့် ဖြတ်၍ ပုစ္ဆာနံပါတ် တူရာပေါင်းပြီး ချုပ်ထားလိုက်ကြပါသည်။

(ဥပမာ) ပုစ္ဆာနံပါတ် (၁) ၌ ဖြေဆိုသူ (၁၀၀) ရှိပါက အဖြေလွှာ (၁၀၀) ကို လျှို့ဝှက် အက္ခရာ အမှတ်အသားများပြု၍ တပေါင်းတည်းချုပ်ထားလိုက်ခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်ကား ပုစ္ဆကဆရာတော်များမှ အဖြေလွှာများကို စစ်ဆေးကြသည့်အခါ မည်သူ မည်ဝါ၏ အဖြေလွှာ ဖြစ်ကြောင်း မသိရှိနိုင်ရန် ဖြစ်ပါသည်။

ဆရာတော်ဘုရားများ၏ သမာဓိကို မယုံကြည်၍ မဟုတ်ဘဲ ပုထုဇဉ်တို့ သဘောအရ ပက္ခပါတ ကင်းစေရန်နှင့် အဂတိတရား လိုက်စားမှု မရှိကြောင်း ပေါ်လွင် ထင်ရှားစေရန် ဖြစ်ပါသည်။

## ကာရကတာဝန် နောက်ဆုံးတွင်

ကာရကပုဂ္ဂိုလ်များသည် ဆရာတော်များ အဖြေလွှာ စစ်ဆေးရာ၌လည်းကောင်း၊ အမှတ်စာရင်းများ ရေးသွင်းရာ၌လည်းကောင်း၊ အမှတ်စာရင်းများပေါင်း၍ အောင်ဂေဇက်များ ထုတ်ရာ၌လည်းကောင်း ပါဝင်ကြီးကြပ် ကူညီဆောင်ရွက်ပေးကြရပါသည်။

နောက်ဆုံးတာဝန် အနေဖြင့် ဥက္ကဋ္ဌ၊ အတွင်းစာရင်းကိုင်တို့နှင့်အတူ အောင်ဂေဇက်ပေါ်တွင် တာဝန်ခံ လက်မှတ်များ ရေးထိုးပြီးမှသာ တစ်နှစ်တာအတွက် လုပ်ငန်းတာဝန်များ ပြီးဆုံးကြရပါသည်။

ဤဆိုခဲ့ပြီးသော အစဉ်အားဖြင့် -

(၁) ပုစ္ဆက ဆရာတော်များအား ကြိုတင် သတ်မှတ်ထားမှု မရှိခြင်း၊

(၂) တစ်ဘာသာလျှင် ပုစ္ဆကဆရာတော် နှစ်ပါးကျ ခွဲဝေ၍ တွဲဖက် ထုတ်စေခြင်း၊

(၃) ထုတ်ပြီး ပုစ္ဆာများအား ချက်ချင်း အတည်ပြု ရိုက်နှိပ်စေခြင်း၊

(၄) ရိုက်နှိပ်ပြီး ပုစ္ဆာများအား သဲလွန်စပင် မရစေရအောင် လုံခြုံစေခြင်း၊

(၅) ပုစ္ဆာများကို စာမေးပွဲ မတိုင်မီ မိနစ်အနည်းငယ် အလိုကျမှသာ ဖွင့်ဖေါက်ခြင်း၊ ဖြန့်ဝေခြင်း စသည်ဖြင့် သိပ်သည်းကျစ်လျစ် လုံခြုံစွာ ပြုလုပ်ခဲ့ကြသည့်အတွက် နှစ်ပေါင်းတစ်ရာအတွင်း နယုန်လ စာချော်ကမ်းမေးပွဲ (၉၂) ကြိမ်၊ ပြာသိုလ စာချော်ကမ်းမေးပွဲ (၄၉) ကြိမ်၊ တပေါင်းလ စာချော်ကမ်းမေးပွဲ (၂၉) ကြိမ် စုစုပေါင်း (၁၇၀) ကြိမ်တိုင် ကျင်းပပြီးစီးခဲ့သော စာချော်ကမ်းမေးပွဲများ၌ ပုစ္ဆာပေါက်ခြင်း၊ မရိုးသားသော ဖြစ်ရပ်များ ဖြစ်ခြင်း စသော မလိုလားအပ်သည့် ကိစ္စရပ်များ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ခဲ့ဘူးခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

ဉာဏ်ထွန်း (ကာရက)
ပရိယတ္တိသာသနဟိတအသင်း
မန္တလေးမြို့။



# အားကောင်းသောစေတနာ နှင့် ကမ္ဘလမ်း

အံ့မောင်

"ကုသိုလ်ကောင်းမှုတွေ အခုတွက်လိုက်ရင် သိန်းပေါင်း လေးဆယ်ကျော်သွားပြီ" ဟု ဆရာကြီး ဦးလှသိန်းက မန္တလေးမြို့ ယောအတွင်းဝန် ဦးဖိုးလှိုင်ကောင်းမှုအုတ်ကျောင်းတွင် သီတင်းသုံးသော ဆရာတော်အား လျှောက်ကြားခဲ့၏။

အထင်ကရကုသိုလ်များမှာ–

၁။ မန္တလေးမြို့၊ ပရိယတ္တိသာသနဗိမာန် (၃၅လမ်း၊ ၈၅လမ်းဒေါင့်)။

၂။ မန္တလေးမြို့၊ ဓမ္မသာလာ သာသနဗိမာန် (၃၁လမ်း၊ ၈၄ လမ်းဒေါင့်)။

၃။ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ အမှတ် (၂၂၂)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနဗိမာန်။

၄။ ရန်ကုန်မြို့၊ ချော်တွင်းကုန်း တိုင်းရင်းသား ချစ်ကြည်ရေးကျောင်း (ယခု မရမ်းကုန်းအစိုးရအလယ်တန်းကျောင်း)။

၅။ ပုသိမ်မြို့၊ သာသနဘာဏီပါဠိတက္ကသိုလ်။

၆။ တောင်ကြီးမြို့ သံဃဆေးရုံ။

၇။ ဗုဒ္ဓသာသနာပြုကျောင်းပေါင်း (၂၂၅) ကျောင်း (ကျောင်းသားနှစ်သောင်းကျော်)။

၈။ ဓမ္မာစရိယ သာသနာပြုသင်တန်းများ (အောင်ဆရာတော် ၂၂၅ ပါး)။

အထက်ပါတို့မှာ ရုပ်ဝတ္ထုရှိသော ကုသိုလ်ကြီးများဖြစ်ရာ ရာပေါင်းများစွာသော တရားပွဲများ မပါဝင်သေးပါ။

တကယ်ဆိုသော် ဆရာကြီး ဦးလှသိန်း၏ အဓိကကုသိုလ်မှာ ထိုတရားပွဲများပင်ဖြစ်၏။ ဆရာကြီးသည် ဗုဒ္ဓသာသနာကို ဖြန့်ဝေ၍ လူတို့ကို ကောင်းမှုကုသိုလ်၌ ထုံမွှေ၍ ကောင်းသော လူ့အဖွဲ့အစည်း၊ လူ့အဆောက်အအုံ တည်ထောင်နိုင်ရေးတို့အတွက် ထိုတရားပွဲများဖြင့် ကြီးမားလှသော အကျိုးကျေးဇူးပြုခဲ့ပါ၏။

သူ၏စေတနာမှာ ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ပြန့်ပွားရေးအတွက် လူတို့၏ အကျင့်စာရိတ္တကိုကောင်းအောင် ပြုလုပ်ပေးရမည်ဟူသော စေတနာဖြစ်သည်။ အကျင့်စာရိတ္တဟုဆိုရာတွင် ကောင်းသော အသက်မွေးဝမ်းကျောင်းအလုပ်၊ ကောင်းသောအကျင့်သီလနှင့် ကောင်းသော ဆက်ဆံရေးများ ထွန်းကားလာစေရန် ရည်ရွယ်ခဲ့သည်ဟု ယူဆရလေသည်။

ကလေးတွေရဲ့နှလုံးသားမှာ ဘုရားတည်မယ်၊ ကလေးတွေရဲ့ နှလုံးသားထဲ ကျောင်းဆောက်မယ်ဟု သူကမိန့်ဆိုသည်။ (ပိပ္ပလိ ဘဒ္ဒကာပိလာဇာတ်)

လူငယ်ကောင်းများဖြစ်လာအောင် သူအလွန် တည်ဆောက်ချင်သည်။

ငါးပါးသီလ၊ မချုပ်ပုဆိုး၊ မနိုးခင်ဝတ်ရမလေ၊ မသိုးထမင်း မလင်းခင် စားကြလေဟု သူကတိုက်တွန်းသည် (ယင်းဇာတ်)။

လူကြီးကောင်းများဖြစ်လာအောင်လည်း သူအမြဲအပြတ်သတိပေးသည်။

ကောင်းသော နှလုံးသားများဖြစ်လာစေရန် ကြိုးစားသည်။ ကမ္ဘာ့နိုယာမ သူတော်ကောင်း ပါရမီရှင်ကြီးများထဲတွင် အပါအဝင်ဖြစ်ခဲ့လေပြီ။

ဆရာကြီးသည် လူတို့အားလောကီ၊ လောကုတ် နှစ်ဘက်စလုံးတွင် ကိုယ့်အားကိုယ်ကိုး လုပ်ကိုင်စေချင်၏။ "အတ္တာဟိ အတ္တနော နာထော" တရားကို အထူးအလေးထား ပြောကြား၏။

လှတော်ရှာတွင် ဟောသည့် အရှယ်သုံးပါးတရားတွင် သူက လုံ့လ ဝီရိယထုတ်အပ်ကြောင်း၊ ကျေးလက်နိမိတ်ပုံဖြင့် အသေးစိတ် ပြောသည်။

"လှည်းနဲ့ တူပါစေ၊ နွားဝပါစေဟုတ်လား၊ ခုတော့ လှည်းများ ဆောင်ပန်း ကြမ်းမရှိတဲ့လှည်းတို့၊ တောက်တီး တောက်

တဲ့ ထင်းချောင်းရုံတိုင်လုပ်တုတ်ထားတဲ့လှည်း တို့ ဟား ဟား၊ ပဲကလေးတင်းနှစ်ဆယ်လောက်တင်၊ ဟွန်းတတ်သထက် မြည်သေး၊ လှည်းဝင်ရိုးထဲ လှည်းစာမထိုးဘူး၊ တအီအီ မောင်းနေတာဘဲ၊ အဲဒီလိုလုပ်နေကြယင်ဖြင့် မောင်တို့ခေတ် မချမ်းသာ၊ ရတာကတစ်ပဲ၊ ကုန်တာကဆယ်ပြား၊ ဘယ့်နှယ်လုပ်ကြမယ်၊ ခံစားမှုတွေကများလာတယ်"။

သူသည် လူတို့အား အထူးသဖြင့် အများပြည်သူတို့အား စီးပွားရေးတွင် မပူမပင် မကြောင့်မကြရသော ဘဝသို့ရောက်စေလို၏။ ထိုသို့ စီးပွား [illegible] ရှုသာ ရှိုက်သာဖြစ်လာနိုင်အောင် အထူးကြိုးစားအားထုတ်ကြရန် တတ်နိုင်သမျှ သတိပေး၏။ ဆုံးမ၏။

ထိုမှ တစ်ဆင့်တက်၍ အကျင့်စာရိတ္တကောင်းသူများ ဖြစ်လာအောင် သူနိုးဆော်ပြန်သည်။ ကိုယ်ချင်းစာတရား လူတွေမှာ ကပ်ငြိစေချင်၏။ ဗြဟ္မာစိုရ်တရား ထွန်းကားစေလို၏။

သူဟောသော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားမှာကား ဗုဒ္ဓ၏ မင်္ဂလာတရားကို ခေတ်အခြေအနေနှင့်လိုက်အောင် အရွယ်အဆစ်ဆစ်ပိုင်း၍ တင်ပြထားသည်။ တကယ့် လူလောကသာယာရေး မဟာအဆုံးအမပါပေ။

"ကျုပ်တို့တိုင်းပြည်က ပြောလို့သာ ပြောရတာ၊ ရောင်းတဲ့သူကသူခိုး၊ ဝယ်တဲ့သူကဒမြ" ဟု ဈေးရောင်း ဈေးဝယ် ဥပမာကိုသုံး၍ လူတို့လုပ်ကိုင်ပြောပြပုံကို သူကပြုံးသည်။ ကမ်းကုန်အောင် ခိုးနေကြပုံများကိုလည်း အရပ်သူ အရပ်သား မျက်စိနားနှင့် ကြည့်၍ သူရယ်သည်။ (အရွယ်သုံးပါးတရား)

ဆရာကြီးသည် ဟာသလည်း အလွန်ရှိသည်။ "ဘန်ကောက်လုံချည် ကြွက်ကိုက်သွားတော့ မိန်းမကြီးတစ်ယောက်က ဆဲသတဲ့၊ ငါ့ဘန်ကောက်လုံချည်မှ လာကိုက်တယ်၊ အမြီးတရမ်းရမ်း နှုတ်ခမ်းမွေး တသသနဲ့ သေခြင်းဆိုးမ ပိုးဟပ်လို့၊ ဒီတော့ လူတစ်ယောက်က ကြားလို့ လာပြင်သတဲ့၊ နေစမ်းပါဦး အဒေါ်ကြီး၊ ခင်ဗျားဆဲတာ မှားနေတယ်၊ အမြီးလည်း ရမ်းတယ်၊ နှုတ်ခမ်းမွေးလည်း သတယ်ဆိုတော့ ကြွက်ဖြစ်မှာပေါ့ အဒေါ်ကြီးရဲ့ဆိုတော့ နင်ပြောမှသိ၊ မသိဘဲနဲ့နေမလားဟဲ့၊ တည့်တည့်မဆဲဝံ့လို့ ဆိုသတဲ့။" သူသည် လူတွေအပေါ် ၌ စေတနာလည်း အလွန်ထားသည်။ လူတို့၏ ပင်ကိုယ်အားနည်းချက်များကိုလည်း သိလွန်းလှသည်။

"ဘာဖြစ်လို့ မဂ်လေးတန်မပေါ်သေးသလဲ၊ ပေါ်အောင်မလုပ်လို့၊ ဘာဖြစ်လို့ မလုပ်သလဲ၊ လိုမှ မလိုတဲ့နဲ့." (အနန္တဂုဏ်ရည်တရား)။

ချုပ်၍ဆိုရလျှင် ဆရာကြီးသည် ဗုဒ္ဓသာသနာကိုလည်း ပြုခဲ့ပါ၏။ လူမှုရေးကိုလည်း တတ်စွမ်းနိုင်သမျှ ဆောင်ခဲ့ပါ၏။ တယုတယ ရှိခဲ့ပါ၏။ သူသည် အမှန်အားဖြင့် လူများအပေါ် မေတ္တာတရားကြီးမားလွန်းလှသူဖြစ်သည်။ သား သမီးများကို အချစ်ကြီး ချစ်လှသည့် ဖခင်ကြီးကဲ့သို့ ပင်တည်း။ သူ၏ မေတ္တာ သူ၏ စေတနာတို့ကို သူ၏တရားများတွင် အထင်းသား တွေ့ရပါလေသည်။

ဆရာကြီး ဦးလှသိန်းဟောခဲ့သော တရားများကား များလှပါဘိသည်။ သူသည် ကိုရင်ဘဝမှစ၍ တရားဟောခဲ့သည်။ ရဟန်းဆယ့်သုံးဝါရသည်အထိလည်း မုံရွာမြို့တောင် ဦးသာသနဟူသော ဘွဲ့ဖြင့် မရပ်မနား တရားဟောခဲ့သည်။ လူဝတ်လဲပြီးသည့် ဘဝတွင်ကား သူ၏တရားဟော ဓမ္မကထိက ပင်စည်ကြီးမှပင်လုံးကျွတ် ဖူးပွင့်ဝေဆာအောင် ပွင့်သောတရား ပန်းသစ်ပင်ကြီး ဖြစ်လာခဲ့ပါသည်။

သူ၏တရားစာများကား သူ့နှလုံးသား သူ့လျှာဖျားမှ အလိုအလျောက် စီးဆင်းလာသော ဓမ္မဂီတ ရေယာဉ်သာ ဖြစ်တော့၏။ သူ၏တရားစာတို့သည် ပင်ကိုယ်ဖန်တီးမှုများ ထုံပြွမ်းနေ၏။ သူ့စေတနာ သူ့လောကအမြင်၊ သူချယ်လှယ် ဆင်ယင်မှုများ လှပဝေဆာနေ၏။ ခေတ်ဝန်းကျင်အရိပ်များ ပြိုးပြက်ယှက်သန်းနေ၏။ ထို့ကြောင့် သူ့တရားစာတို့သည် ဂန္ထဝင်မြောက်နိုင်သော စာပေများဟု တွေးယူမိ၏။ ထိုတရားစာတို့ကို စနစ်တကျ စုစည်း၍ ပုံနှိပ်ထုတ်ဝေကြပါက မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုအတွက်လည်း ကြီးစွာသော အကျိုးပြုမှု ဖြစ်နိုင်ပေရာ၏။

သူ့အသံ၊ သူ့အဆို၊ သူ့အဟော၊ သူ့အပြောတို့မှာလည်း အဆင့်မြင့် ဂီတဘောင်သို့ ဝင်နေလေသည်မှာ အထူးပြောဖွယ်မလို။ ထို့ကြောင့် ယင်းတို့ကို ရနိုင်သမျှ ရှာဖွေစုယူ၍ ဖြစ်နိုင်ပါက တိတ်ခွေအဖြစ်၊ ဓာတ်ပြားအဖြစ် ပြုလုပ်ထိန်းသိမ်း ဖြန့်ဝေမှတ်တမ်းတင်ထားအပ်ကြပါပေ၏။

ဆရာကြီး ဦးလှသိန်းကား ဗုဒ္ဓသာသနာပြုဓမ္မကထိက ဘွဲ့ကြီးအပြင် လူသားတို့နှင့် အထူးသဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့အပေါ် စေတနာကြီးမားလှသော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးလမ်းညွှန် ပုဂ္ဂိုလ်ဟူသည့် ဂုဏ်ထူးကိုလည်းဆောင်ထိုက်ပါ၏။ အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သော ပုဂ္ဂိုလ်ကြီးလည်းဖြစ်၏။ တိုင်းရင်းသားများ ချစ်ကြည်ရေးကိုလည်း စွမ်း

စွမ်းတာမံ ဦးတည်ဆောင်ရွက်သူဖြစ်၏။ သူ၏တရား ဟောပြောမှုကို ထောက်ရှု၍ ပြောင်မြောက်သော ကဗျာဆရာကြီး၊ ဓမ္မဂီတစာဆိုကြီးဟုလည်း လေးစားသတ်မှတ် အပ်ပါသည်။

ဆိုစရှိ၍ ဆက်ကာဆိုချင်ပါသေး၏။ ဆရာကြီး ဦးလှသိန်းသည် မုံရွာမြို့နယ်၊ လယ်ဇင်ရွာ ဇာတိဖြစ်သည်။ လယ်ဇင်ရွာ ဆရာထွန်းကျောင်းနှင့် ဘုန်းကြီးကျောင်းများ၊ မုံရွာမြို့ မြဲတောင်ကျောင်း၊ ဇောင်ကြမ်းပင်ကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။ တောရွာသား၊ ဘုန်းကြီးကျောင်းသား၊ ကိုရင်ဘဝ။ ပဉ္စင်းဘဝတို့တွင် ကျင်လည်ခဲ့သည်။ ပြီးမှ ဓမ္မကထိက။

သူ့ဘဝတစ်လျှောက်လုံးတွင် သူသည် အများအကျိုးဆောင်လုပ်ငန်းတို့ကို ဖြန့်ထားသော ယပ်တောင်သဖွယ် ဝေဝေဖြာဖြာ စည်စည်လှုပ်သည်။ ဘုန်းကြီးကျောင်းသားဘဝ သျှိုးတိုင်၊ ဘုန်းကြီးပျံမင်းသားမှစ၍ ဓမ္မကထိက သာသနာပြု လူမှုလမ်းညွှန်ပုဂ္ဂိုလ်အဖြစ်အထိ။

သူ့လမ်းသည် ဖြူးဖြောင့်သည်မဟုတ်၊ သို့သော် သူ့စေတနာသည်သန်၏၊ ခိုင်မာ၏။ စိန်လွှန်သွားကဲ့သို့ မာသော ရေတံခွန်အဟုန်ကဲ့သို့ “အားကောင်းသော စေတနာ” ၏ အစွမ်းဖြင့် သူသည် အခက်အခဲ အတားအဆီး အမျိုးမျိုးတို့ကို ထိုးဖောက်ကျော်လွှားနိုင်ခဲ့ပါ၏။ ဝီရိယကြီးမားသော ဇွဲ သတ္တိ ခိုင်မာသော လက်တွေ့အလုပ်ဖြင့် ကြီးမြတ်သော ကောင်းမှု အဆောက်အအုံကြီးကို တည်ဆောင်နိုင်ခဲ့ပါ၏။

မသေမချင်း သာသနာပြု အလုပ်ကြီးကို လုပ်ယင်း သေမှာဘဲဟု သူကဆိုခဲ့ပါ၏။

ဆိုသည့်စကား သူမြဲခဲ့ပါ၏။

သူ၏လမ်းကား အားကောင်းလှသော စေတနာနှင့် ကမ္ဘလမ်းဖြစ်၏။

အံ့မောင်

# ဗိမာန်တော်ကြီးကို တည်ဆောက်သူ

ဝဏ္ဏသိရိ

ဤဗိမာန်တော်ကြီးသည် မန္တလေးမြို့၏ ကျက်သရေဆောင် သာသနာ့အဆောက်အအုံကြီးတစ်ခု ဖြစ်၏။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများပင် ဤဗိမာန်တော်ကြီးသို့ တကူးတကန့် လာရောက်ကြည့်ရှု ကြရ၏။ ရင်သပ် ရှုမော အံ့သြကြရာမှတစ်ဆင့် သဒ္ဓါတရား တိုးပွားစည်ပင်ထက်သန်လာကြရ၏။

ရှုသူ မြင်သူတို့၏ စိတ်နှလုံးကို သိမ်းကျုံး ဖမ်းယူထားနိုင်လောက်အောင်ပင် ဗိမာန်တော်ကြီးကလည်း ခံ့ငြားလှပါပေ၏။ တင့်တယ်လှပါပေ၏။ အခြေခံတည်ဆောက်ပုံမှာ အမြင်ရှင်းလှပါပေ၏။ သုံးထပ်တိုက် တစ်ခုလုံး၌ ပွတ်လုံး လက်ရမ်း၊ ပန်းဆွဲ၊ လင်းနို့တောင် စသော အပြောက်အမွမ်းတို့ကို ကွန်ကရီအင်္ဂတေတို့ဖြင့် အနိုင်အမာ ပြုလုပ်ကာ သူ့နေရာနှင့်သူ ဟာကွက်မရှိအောင် တန်ဆာဆင်ထား၏။ ထို ဗိမာန်တော်ကြီးကို ထုံးမှိုစံကျ မြန်မာ့လက်ရာ သံထည် အပြောက်အမွမ်းတို့ဖြင့် တန်ဆာဆင်ထားသော ရွှေနန်းညွန့်ပြာသာဒ်နှင့် ယွန်းဆောင်တို့ဖြင့် အထွတ်တင်ထားပေသည်။

ခုံးပြား ထည့်ဝါ၍ အမြင့်ရှင်းလှသော ခေတ်မှီ ဗိသုကာ ပုံစံနှင့် မြန်မာ့ရိုးရာအဆင်တန်ဆာတို့ကို အဆင်ပြေပြေ အချိုးကျကျ ပေါင်းစပ်၍ ထားနိုင်ခြင်းသည် ဤဗိမာန်တော်ကြီး၏ အောင်မြင်မှုပင် ဖြစ်ပေသည်။ ဤဗိမာန်တော်ကြီး၏ ဂုဏ်ကျက်သရေပင် ဖြစ်ပေသည်။

ဤဗိမာန်တော်ကြီးသည် မန္တလေးမြို့၊ ၈၅ လမ်း၊ အကွက်အမှတ် (၅၅၀)၊ ရတနာဘုမ္မိရပ်ကွက် အနောက်ပိုင်း၌ တည်ရှိ၏။ တောင် မြောက် အလျား ၁၃၆ ပေ၊ အရှေ့ အနောက် အနံ ၅၄ ပေ၊ အမြင့် ပြာသာဒ်ပိုင်းအထိ ၁၃၆ ပေ၊ ရှိ၏။ အရှေ့ဘက်မျက်နှာသာတွင် ဆင်ဝင် နှစ်ခန်းထုတ်ထား၍ အနောက်ဖက်တွင် လှေခါးဆောင် ထုတ်ထား၏။ သုံးထပ်စလုံးကို ပတ်ပတ်လည် စကြံလမ်းတို့ဖြင့် ခြံရံကာ အတွင်းမှာ ခန်းမကြီးများ ဖွဲ့ထားပေသည်။

ဤဗိမာန်တော်ကြီးသို့ အဖူးအမြော် ရောက်လာပြီဆိုလျှင် ဆင်ဝင်အောက်ထိအောင် မဝင်ဖြစ်သူ ရှားပါလိမ့်မည်။ အသက်ဝင်လှသော နယားရုပ်ကြီးများအနီးသို့ရောက်လျှင် အမှတ်တရ ဓာတ်ပုံရိုက်ချင်စိတ်များ ဖြစ်ပွားလာကြပါလိမ့်မည်။

ထိုဆင်ဝင်အောက်မှတစ်ဆင့် လှမ်းဝင်ခဲ့ပါက ပရိယတ္တိသာသနဟိတအသင်းရုံးခန်း တည်ရှိရာ အောက်ထပ်ခန်းမကြီးသို့ ရောက်ပါလိမ့်မည်။ ခန်းမကြီးမှ ဖြတ်သန်း၍ဖြစ်စေ၊ စင်္ကြံလမ်းအတိုင်း ကွေ့ပတ်၍ ဖြစ်စေ၊ အလယ်ထပ် အပေါ်ထပ်များသို့ တက်ရောက်ကြည့်ညိုနိုင်ရန် အနောက်ဖက်တွင် လှေခါးအသင့်ရှိနေပေသည်။

ဗိမာန်တော်ကြီး၏ အလယ်ထပ်သည် ပရိယတ္တိသာသနဟိတစာမေးပွဲများ၊ ရှင်သာမဏေစာမေးပွဲများ၊ နောက်ပိုင်းတွင် နိကာယ်စာမေးပွဲကြီးများ ကျင်းပရာ ဌာနဖြစ်၏။ အပေါ်ထပ်သည်ကား ထိုစာမေးပွဲများ၌ အောင်ပန်းဆွတ်ခူးနိုင်သည့် သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဆုနှင်းသဘင် ကျင်းပရာ ဖြစ်ပေသည်။

ထိုအထပ်များသို့ တက်ရောက် ကြည့်ညိုရန် လှေခါးမှ တက်လာသူများသည် အနောက်ဖက်နံရံ၌ ချိတ်ဆွဲထားသည့် သာသနာ့အကျိုးတော်ဆောင် ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့၏ ဓာတ်ပုံကြီးများကို ရှုမြင်ကြရပါလိမ့်မည်။ ထိုဓာတ်ပုံကြီးနှစ်ခုအနက် လက်ယာဘက် ဓာတ်ပုံကြီးကို လှမ်းမြင်လိုက်သည်နှင့် တပြိုင်နက် "ဩဆရာကြီး ဦးလှသိန်း ဓာတ်ပုံပါတကား" ဟု သိရှိကာ အားရဝမ်းသာ ဖြစ်ကြရပါလိမ့်မည်။

ဤဗိမာန်တော်ကြီး တည်ဆောက်ရန် ပြင်ဆင်ကြတုန်းက နိုင်ငံကျော် ဓမ္မကထိက ဆရာကြီး ဦးလှသိန်းသည် သာသနာတော်အတွက် မိမိအသက်ကို အပ်နှင်းကာ လိုအပ်သမျှ ရံပုံငွေများ ရရှိအောင် ကြိုးစားပေးခဲ့၏။ အထက် အောက် တစ်နံတစ်လျား မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ကာ တရားပွဲကြီးများ ကျင်းပ ဟောပြော၍ ဗိမာန်တော်ကြီးအတွက် နှိုးဆော်တိုက်တွန်းပေးခဲ့၏။ ထို့ကြောင့်လည်း အနယ်နယ် အရပ်ရပ်မှ ရောက်လာကြသည့် ဘုရားဖူး ပရိသတ်များက ဤဖြာဆောက်အအုံကြီးကို "ဦးလှသိန်း ဗိမာန်တော်ကြီး" ဟု ခေါ်ဝေါ်ကြပေသည်။

ဤသို့ ခေါ်ဝေါ်လောက်အောင်လည်း ဆရာကြီး ဦးလှသိန်း၏ ဂုဏ် ကျေးဇူးကို အလေးအမြတ် ပြုသောအားဖြင့် အသင်းလူကြီးများက အချက်အချာကျသည့် ဤနေရာတွင် ဓာတ်ပုံကြီး ချိတ်ဆွဲ၍ ဂုဏ်ပြုထားခြင်း ဖြစ်ပေသည်။

ထို့အတူပင် လက်ဝဲဘက် ဓာတ်ပုံရှင် ပုဂ္ဂိုလ်ကြီးသည်လည်း ကျေးဇူးအများဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပေသည်။

ဆရာကြီး ဦးလှသိန်း ဓာတ်ပုံကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် သိပြီး ကျွမ်းပြီး ဖြစ်ခဲ့ကြသော ပရိသတ်များသည် ဤဓာတ်ပုံထဲက သာသနာ့ အကျိုးဆောင် ပုဂ္ဂိုလ်ကြီးကိုကား ရုတ်တရက် သိကြမည် မထင်ပါ။ ဓာတ်ပုံထဲက စာတန်းများအရ ဤဗိမာန်တော်ကြီးကို တည်ဆောက်ခဲ့သည့် မြန်မာ့ဗိသုကာ ပညာရှင်ကြီး ဆရာဆိုင် ဟူသည်လောက်သာ သိကြပါလိမ့်မည်။ ဆရာကြီး ဦးလှသိန်း ကဲ့သို့ ရင်းရင်းနှီးနှီး သိနိုင်ကြမည် မဟုတ်ပါ။ ဆရာဆိုင်သည် ဆရာကြီး ဦးလှသိန်းကဲ့သို့ ပရိသတ်ရှေ့မှောက်တွင် လူလုံးပြ၍ သာသနာ့အကျိုး သည်ပိုးရွက်ဆောင်ရသူ မဟုတ်၍ပင် ဖြစ်ပေသည်။

မှန်ပါသည်။ ဆရာဆိုင်သည် မိမိ၏ ဗိသုကာပညာ၏ ပန်းပု အနုပညာ လက်ရာတို့ဖြင့် သာသနာတော်ကြီး၏ အကျိုးကို ဆောင်ရွက်သူ ဖြစ်ပေသည်။ မိမိတည်ဆောက်ပေးသော သာသနာ့အဆောက်အအုံများဖြင့် သာသနာ့အကျိုး သည်ပိုးရွက်ဆောင်သူ ဖြစ်ပေသည်။

သာမန်အားဖြင့် ကြည့်လိုက်မည်ဆိုပါက ဆရာဆိုင်သည် မိမိ၏ ပရိယေသန ဝမ်းစာအတွက် ပန်းပုထုသည်ဟု ဆိုနိုင်ပါ၏။ သားကျွေးမှု မယားကျွေးမှု အတွက် တိုက်ကြီးတွေ ပြာသာဒ်ဆောင်ကြီးတွေ ဆောက်ပေးသည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ဆရာဆိုင်၏ လုပ်ငန်းများက လုပ်ခငွေ ရရုံမျှဖြင့် လမ်းဆုံးမသွားခဲ့ကြပါ။ သူလုပ်ကိုင်ပေးခဲ့သည့် ကုသိုလ်ထည်အားလုံးမှာပင် သူ၏ သဒ္ဓါတရားနှင့် သူ၏စေတနာတို့က ထင်ဟပ်၍ နေရစ်ခဲ့

ကြပေသည်။

ကုသိုလ်ထည် လုပ်ငန်းများ လက်ခံ၍ လုပ်ကိုင်ပေးရာတွင် ဆရာဆိုင်သည် ကုသိုလ်ရှင်၏ သဒ္ဓါတရားကို ထိန်းပေးနိုင်ဘို့ အစိကထား၏။ ကုသိုလ်ရှင်ကိုယ်တိုင် မိမိ၏ ကုသိုလ်ထည်ကို တစိမ့်စိမ့် ကြည့်ရှုကာ ထပ်ကာထပ်ကာ သဒ္ဓါတရား တိုးပွား ထက်သန်နေအောင် လုပ်ကိုင်ပေး၏။ အလုပ်လက်ခံစဉ်က အာမခံထားခဲ့သည့်ထက် ပိုမို၍ လုပ်ကိုင်ပေး၏။ ထို့ကြောင့်လည်း တန်ခိုးကြီးမားသည့် ကုသိုလ်ထည်ကြီးများ တည်ဆောက်မည်ကြံတိုင်း ဆရာဆိုင်ထံ ချဉ်းကပ်လာခဲ့ကြရပေသည်။

အလုပ်ဆရာဘဝတွင် ဆရာဆိုင် လုပ်ကိုင်ခဲ့ရသည့် လက်ရာမျိုးစုံအနက်မှ ပဓာနကျသော လက်ရာတို့ကို ကောက်နှုတ်တင်ပြရမည်ဆိုပါက ပထမဦးစွာ မဟာ(မြတ်)မုနိဘုရားကြီး ပလ္လင်တော်ကို တင်ပြရပါလိမ့်မည်။

မဟာမုနိ ရုပ်ပွားတော်ကြီးကို ဘိုးတော်မင်းတရားကြီး လက်ထက်၌ အိမ်ရှေ့စံ မင်းသားကြီး မဟာသီဟသူရက၊ ရခိုင်ပြည်မှ ပင့်ဆောင်လာခဲ့သည်ဖြစ်ရာ ရုပ်ပွားတော်ကြီး၏ အောက်ခံ အုတ်ပလ္လင်တော်ကြီးမှာလည်း ဘိုးတော်မင်းတရား လက်ထက်က ပန်းရံပညာရှင်တို့၏ လက်ရာပင် ဖြစ်ပါလိမ့်မည်။

ထိုပလ္လင်တော်ကြီးကို မှန်စီ ရွှေချပြုလုပ်ပေးရန် ဆရာဆိုင်ထံ အလုပ်အပ် လာကြ၏။ မှန်စီ ရွှေချ ကုသိုလ်ရှင်များမှာ အမြတ်တော်ဝန်ထောက်မင်းဦးဘနှင့် ဝန်ကတော် ဒေါ်ခင်ခင်တို့ ဖြစ်ကြ၏။ ထိုလုပ်ငန်းကို ကြီးမှူးဆောင်ရွက်ရသူမှာ မစိုးရိမ်ကျောင်းဒါယကာကြီး ဦးသက်ရှည်၏ ပစ္စည်းအမွေနှင့်တကွ ကုသိုလ်အမွေကိုပါ ဆက်ခံလာခဲ့သူ ဖြစ်ပေသည်။

ကုသိုလ်ရှင်နှင့်ကြီးမှူးဆောင်ရွက်ရသူ နှစ်ဦးစလုံးသည်ပင် ဆရာဆိုင်နှင့် အလွန်ရင်းနှီး ခင်မင်ကြ၏။ ဆရာဆိုင်၏ အကျိုးကို လိုလားကြ၏။ ထို့ကြောင့်လည်း ဂုဏ်ယူလောက်သည့် လုပ်ငန်းကြီးတစ်ရပ် ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ဆရာဆိုင်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရခြင်း ဖြစ်ပေသည်။

ထို ပုဂ္ဂိုလ်ကြီးတို့က မိမိအပေါ် မေတ္တာထားခဲ့ကြသည့်အတိုင်း ဆရာဆိုင်ကလည်း တတ်စွမ်းသမျှ ဉာဏ်စွမ်းရှိသမျှ အားထုတ်၍ လုပ်ကိုင်၏။ ထို့ကြောင့်လည်း သားရိုးပန်းများကပ်၍ မှန်ရောင်စုံများစီ၍ ရွှေချလိုက်သောအခါ ပလ္လင်တော်ကြီးမှာ ဝါဝင်းလင်းထိန်ကာ ပန်းခက် ပန်းနွယ်များကလည်း ကြွကြွရွရွ ရှိနေတော့၏။ အထက်က ရုပ်ပွားတော်ကြီးနှင့် အောက်က ပလ္လင်တော်ကြီးတို့မှာ အပြန်အလှန် အထောက်အကူပြု... အလွန်တရာ ပနံ ရလာ၏။ ကုသိုလ်ရှင်များနှင့်... သူအပေါင်းက ကောင်းချီးနှုမော် သာဓုခေါ်ကြရ၏။ ...

အားလုံး ပြီးစီးသောအခါ မဟာမုနိဂေါပက လူကြီးများက အားရ ကျေနပ်လှသဖြင့် ဆုငွေ ၅၀ဝိ၊ ဝတ်စုံ တစ်စုံနှင့် ရွှေတံဆိပ်တစ်ခု ချီးမြှင့်ခဲ့ကြပေသည်။

ပရိယတ္တိသာသနဟိတအသင်းလူကြီးများသည် မိမိတို့ဆောက်လုပ်မည့် ဗိမာန်တော်ကြီးတို ခေတ်လည်း မှီစေချင်ကြ၏။ သာသနာ့အဆောက်အအုံ ဖြစ်သဖြင့် ရှေးမြန်မာ့ဟန်လည်း ပါစေချင်ကြ၏။ ဤသို့ ခေတ်သစ်အမြင်နှင့် ရှေးရိုးအသွင်ကို အချိုးကျကျ စပ်ဟပ်၍ လေးစားကြည်ညိုလောက်သည့် အဆောက်အအုံကြီး ဖြစ်ပေါ်လာစေရန် ဆရာဆိုင်ထံ အလုပ်အပ်ခဲ့ကြ၏။ ထိုအချိန်၌ ဆရာဆိုင်သည် ပရိယတ္တိသာသနဟိတအသင်းကြီး၏ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိနေပေသည်။။

လူငယ် လူလတ်ပိုင်း အရွယ်ကတည်းကပင် ဆရာဆိုင်သည် ဤအသင်းကြီး၏ အသင်းဝင်တစ်ယောက်အဖြစ်ဖြင့် လစဉ်ကြေး ကျသင့်ငွေများကို လှူဒါန်းလာခဲ့၏။ အသင်းကြီးနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို အားတက်သရော ဆောင်ရွက်လာခဲ့၏။ အသင်းကြီး၏ သက်တမ်း နှစ်ငါးဆယ်ပြည့်မြောက်၍ အောင်ပွဲကြီး ကျင်းပခဲ့ကြသည့်အချိန်တွင် ဆရာဆိုင်သည် ဒုတိယ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ရ၏။ ထို့ကြောင့် အသင်းကြီးနှင့်ပတ်သက်သော ကိစ္စဆိုလျှင် ဆရာဆိုင်သည် လိုလိုလားလား ဆောင်ရွက်လာခဲ့ပေသည်။

ဤဗိမာန်တော်ကြီး တည်ဆောက်ရာတွင်မူ ဆရာဆိုင်သည် လိုလိုလားလား ရှိရုံမျှမက လေးလေးစားစား သဘောထား ရှိရုံမက နောင်အနာဂတ်ကာလများအတွက်လည်း ရည်မှန်းချက် ကြီးကြီးထားရှိ၏။

ဒုတိယကမ္ဘာစစ်ကြီး၏ ဤမှာဘက်၌ မန္တလေးမြို့ပေါ်တွင် ရှေးဟောင်းအနုပညာလက်ရာဟူ၍ တော်တော်ရှားပါးသွား၏။ မန္တလေး ရွှေနန်းတော်ကြီးနှင့် မြတောင်ကျောင်းတော်ကြီးတို့မှာ စစ်မီးထဲတွင် ပါသွားခဲ့ကြရ၏။ ကံကောင်းထောက်မလွန်း၍သာ အရှေ့ပြင် ရွှေနန်းတော်ကျောင်းကြီးနှင့် မဟာမုနိဘုရားကြီး အရှေ့မုခ်ဦး သစ်သား ပြာသာဒ် တို့ ကျန်နေရစ်ခဲ့ကြ၏။ ထိုသစ်သား ပြာသာဒ်မှာ ဆရာခင်၏ လက်ရာ ဖြစ်ပေသည်။

ထို့ကြောင့် ဆရာဆိုင်သည် ဤဗိမာန်တော်ကြီးနှင့်အတူ မိမိ၏ အနုပညာလက်ရာ အမွေအနှစ်တို့ကို နောင်လာ နောင်သားများအတွက်ထားခဲ့ရန် ဆန္ဒရှိ၏။

ထို့ပြင် ဤဗိမာန်တော်ကြီး ဆောက်လုပ်ပြီးလျှင် မိမိသည် ဤလုပ်ငန်းများမှ လုံးဝ အနားယူတော့မည်ဖြစ်၍ မိမိဘဝတစ်သက်တာ၏ နောက်ဆုံးလက်ရာကို အရှည်တည်တံ့မည့် အနုပညာမှတ်တိုင်ကြီး အဖြစ်ဖြင့် တည်ရှိနေစေရန် ရည်သန်

ထား၏။ ထို့ကြောင့်လည်း ဤဗိမာန်တော်ကြီး တည်ဆောက်ရာတွင် ဆရာဆိုင်သည် ထူးထူးခြားခြား စိတ်အားထက်သန်ကာ လုပ်ဆောင်ခဲ့ပေသည်။

ဤဗိမာန်တော်ကြီး ဆောက်လုပ်ရန် အလုပ်လက်ခံစဉ်ကတည်းကပင် ဆရာဆိုင်၏ စိတ်ထဲမှာ ပြဋ္ဌာန်းချက်တစ်ခု ရှိခဲ့၏။ သို့ရာတွင် မိမိ၏ ပြဋ္ဌာန်းချက်ကို မည်သူ့ကိုမျှ ထုတ်ဖော်မပြောကြားဘဲ လုပ်ငန်းကြီးပြီးစီးသွားကာမှ ထုတ်ဖော်ပြောပြလိုက်၏။ ဤတွင် အသင်းလူကြီးများ တအံ့တသြဖြစ်ကာ သာခုခေါ်ကြရပေသည်။

ဤဗိမာန်တော်ကြီးအတွက် ကုန်ကျငွေမှာ ၇ သိန်း လျော့မလျော့ဖြစ်၏။ သို့ရာတွင် ဆရာဆိုင်က ၆ သိန်းခွဲသာ ထား၍ တွက်ချက်ရန် တင်ပြသဖြင့် အသင်းလူကြီးများက ကြီးကြပ်ခငွေကို တွက်ကြည့်ရာတွင် ဆရာဆိုင်အတွက် ကြီးကြပ်ခငွေ ၃၉၀၀၀ိ ထွက်ပေါ်လာ၏။ ဆရာဆိုင်သည် ကြီးကြပ်ခ ရရှိသည့်ငွေ ၃၉၀၀၀ိ ကို အသင်းကြီးသို့ ပြန်လှူလိုက်ပြီးလျှင် မိမိတို့မိသားစုက နောက်ငွေ ၂၀၀၀ိ လှူလိုက်သေး၏။ ထို့ကြောင့် ဤဗိမာန်တော်ကြီးအတွက် ဆရာဆိုင်တို့ မိသားစု၏ လှူဒါန်းငွေမှာ ၄၁၀၀၀ိ ကျပ် ဖြစ်သွားပေသည်။ ၁၃၁၄ ခုနှစ်၊ ဆရာဆိုင်အသက် (၇၁) နှစ်က ဆောက်လုပ်ခဲ့သော သာသနဗိမာန်တော်ကြီးသည် ၁၃၂၀ ခုနှစ်၊ ဆရာဆိုင် အသက် (၇၆) နှစ်အရွယ်တွင် ပြီးစီးသွား၏။ သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲကို ထိုနှစ် ဒုတိယ ဝါဆိုလဆန်း (၁) ရက်နေ့မှ (၈) ရက်နေ့အထိ ကြီးကျယ်ခမ်းနားစွာ ကျင်းပနိုင်ခဲ့ကြပေသည်။

ဖွင့်ပွဲအခမ်းအနားကြီး၌ သံဃာတော်များက သုတ္တန် ပါဠိတော်ကြီးများကို စုပေါင်းရွတ်ဆိုကြသည့် ဓမ္မသံဂါယနာသဘင်ကိုလည်းကောင်း၊ ညပိုင်းတွင် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်ကြီးများ ဟောကြားသည့် ဓမ္မဒေသနာသဘင်ကိုလည်းကောင်း၊ သိုက်မြိုက်စွာ ကျင်းပခဲ့ကြ၏။ ထိုဓမ္မကထိကဆရာတော်ကြီးများတွင် ပရိယတ္တိသာသနဟိတဓမ္မာစရိယ စာချတန်းစာမေးပွဲကို ၁၂၈၉ ခုနှစ်က အောင်မြင်ခဲ့သော အမရပူရမြို့ မဟာ ဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသနှင့် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ စာချတန်းစာမေးပွဲကို ဝင်္ကသကာဂုဏ်ထူးနှင့်တကွ ၁၂၉၆ ခုနှစ်က အောင်မြင်ခဲ့သော မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ တို့လည်း အပါအဝင် ဖြစ်ခဲ့ကြပေသည်။

ဦးဆောက်ပန်းဟူ၍ အနက်အဓိပ္ပါယ်ရသော ဝင်္ကသကာဂုဏ်ထူးမှာ ပရိယတ္တိသာသနဟိတအသင်းမှ ကျင်းပသော စာသင်တန်း စာမေးပွဲအောင်မြင်ပြီးနောက် နှစ်မခြားပဲ စာချတန်းကျမ်းရင်းသုံးကျမ်းလုံးကို တစ်နှစ်တည်းနှင့် အောင်မြင်သည့် သာသနာ့အာဇာနည်များ အတွက်ဖြစ်၏။ ထို့ကြောင့်လည်း နှစ်တစ်ရာ နီးပါးမျှ ရှိလာခဲ့ပြီဖြစ်သော အသင်းစာမေးပွဲသမိုင်းတစ်လျှောက်တွင် ဝင်္ကသကာဂုဏ်ထူးဆောင် ပုဂ္ဂိုလ် (၉) ပါးမျှသာ ပေါ်ပေါက်ခဲ့ဘူးရာ ဆရာတော်ဦးဝိစိတ္တသာရမှာ ပထမဆုံး ပုဂ္ဂိုလ်ဖြစ်၏။ ဤသို့ အသင်းစာမေးပွဲအောင် ဓမ္မကထိကဆရာတော်ကြီးနှစ်ပါး ပါဝင် ဟောကြားခြင်းသည် ဖွင့်ပွဲ အခမ်းအနားကြီးနှင့် ပန် တင့်လှပေသည်။

၁၃၁၉ခုနှစ်တွင် နိုင်ငံတော်အစိုးရက မန္တလေးမြို့ ပေါ်ရှိ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးများနှင့်အတူ ဆရာဆိုင်အား ဝဏ္ဏကျော်ထင်ဘွဲ့ ပေးအပ် ချီးမြှင့်ခဲ့ပေသည်။

ဆရာဆိုင်၏ သား သမီးများအနက်မှ မသိန်းရင်သည် မသန္တစာရီ ဟူသော ဘွဲ့ဖြင့် သီလရှင်ဝတ်ကာ စစ်ကိုင်းတောင်ရိုး၊ သစ်ဆိမ့်ချောင် ဆရာကြီး ဒေါ်မာလာရီနှင့် အရီးတော်သူ ဒေါ်နန္ဒစာရီ တို့ထံ၌ စာပေ ပရိယတ်များ သင်ကြားလေ့လာခဲ့ရာ ၁၃၁၁ ခုနှစ်တွင် သီလရှင် ပထမကျော်ဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့၏။

သီလရှင် ပထမကျော် ဒေါ်သန္တစာရီသည်၊ အစိုးရ စာချတန်း စာမေးပွဲကိုလည်း ဂုဏ်ထူးဆောင် ကျမ်းများနှင့်တကွ ဖြေဆိုအောင်မြင်ခဲ့ပေသည်။

ဒေါ်သန္တစာရီသည် စစ်ကိုင်းတောင်ရိုး၊ သာသနာ့ပါလချောင်၌ သီတင်းသုံးကာ တပည့် သီလရှင် (၁၂၀) ကျော် တို့အား စာပေကျမ်းဂန် သင်ကြားပို့ချပေးခဲ့သဖြင့် ၁၃၅၅ ခု၊ (၁၉၉၄) ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို ရရှိခဲ့သည်။

ထို့အတူပင် သား မောင်ဘဝင်းသည်လည်း၊ စစ်ကိုင်းတောင်ရိုး ဝိဇ္ဇောဒယချောင်တွင် ကိုရင်ဝတ်ခဲ့၏။ နဂိုက တစ်လမျှသာ ဝတ်မည်ဟု ရည်မှန်းခဲ့သော်လည်း သာသနာတော်မှာ ပျော်ပိုက်သဖြင့် ဆက်လက်နေထိုင်လာခဲ့သဖြင့် ခမည်းတော် ဆရာဆိုင်နှင့် မယ်တော် ဒေါ်ပုံးတို့က ရဟန်းဒကာ ရဟန်းအမခံယူ၍ ရဟန်းဘောင် သွတ်သွင်းပေးခဲ့ကြ၏။

ရဟန်းတော်အရှင် သီလာနန္ဒသည်၊ ၁၃၁၅ ခုနှစ်တွင် ပရိယတ္တိသာသနဟိတ စာချတန်းစာမေးပွဲကို ဘုရားကြီးတိုက်၊ ဒေါနခြံအုတ်ကျောင်းမှ ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့၏။ ဆဋ္ဌသံဂါယနာတင်ပွဲကြီးတွင် ကျမ်းစာမူများကို တည်းဖြတ် သုတ်သင်ရသည့် ပဋိဝိသောဓက တာဝန်များ ထမ်းဆောင်ကာ တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းကြီးကို ဦးဆောင်ပြုစုခဲ့၏။ ပိဋကတ္တယဆေက ဂန္ထစုရာဝဟ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူ

သော ဆရာတော်ဦးသီလာနန္ဒာဘိဝံသသည် ၁၃၅၄ ခု၊ (၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်း ခံရသည်။ ယခုအခါ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့အနီး၌ သာသနာပြုလျက် ရှိတော်မူပေသည်။

ဖခင်ဖြစ်သူ ဗိသုကာ ဆရာဆိုင်သည်၊ ၁၃၁၄ ခုနှစ်မှ ၁၃၂၀ ခုနှစ်အထိ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ဥက္ကဋ္ဌ အဖြစ် (၇) နှစ် တာဝန်ထမ်းဆောင်ပြီး ၁၃၂၅ ခုနှစ်မှ ၁၃၃၀ ပြည့်နှစ်အထိ (၅) နှစ် ဒုတိယအကြိမ် အသင်းကြီး၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ပြန်လေသည်။

ခန္ဓာကိုယ်၏လည်းကောင်း၊ ဂုဏ်ကျေးဇူးတို့၏လည်းကောင်း၊ ထူးခြားမှုသည်ကား စင်စစ် ဝေးကွာသည်သာလျှင်ကတည်း။ ခန္ဓာကိုယ်သည်ကား ပစ္စုပ္ပန်ခဏ၌ ပျက်တတ်စွာ၏။ ဂုဏ်ကျေးဇူးတို့သည်ကား ကမ္ဘာအဆုံးတိုင် တည်ကုန်၏ ဟူသော မဟာရဟာနီတိကျမ်းလာ ဂါထာအမှတ် (၂၅) ဖြင့် နိဂုံး အုပ်လိုက်ပါ၏။

ဝဏ္ဏသိရိ

ဦးအောင်ခန့်
ထန်းတော၊ အောင်ရတနာရပ်
ဇောတိကလမ်း၊ မုံရွာ။





ပရိယတ္တိသာသနဟိတ အသင်းတိုက်ကြီးပုံ

# အဘိဝံသဘွဲ့ရ လူပညာရှိများ

ပညာတစ်ရပ်ကို ဆုံးခန်းတိုင်ရောက် ကျွမ်းကျင်စွာ တတ်မြောက်ထားသူသည် ရောက်လေရာ ဒေသ ဖြစ်လေရာဘဝ၌ အောက်တန်း နောက်တန်းမကျဘဲ မိမိအကျိုး သူတစ်ပါးအကျိုးတို့ကို သည်ပိုးရွက်ဆောင်နိုင်သည်သာ ဖြစ်၏။

ဤအသင်းကြီးမှ အဘိဝံသဘွဲ့ရတော်မူကြသော ရဟန်းတော်တို့သည် ရောက်ရှိ သီတင်းသုံးရာ မြို့ရွာ ဒေသတို့၌ အကျော်အမော် ဆရာတော်များဖြစ်ကြ၍ စာချခြင်း ဟောပြောခြင်း စသည်အားဖြင့် သာသနာတော်အကျိုးကို သည်ပိုး ထမ်းဆောင်တော်မူခဲ့ကြသည်။

အထင်ရှားဆုံး ဥပမာပြရလျှင် ဆဋ္ဌသံဂါယနာ တင်ပွဲကြီးတွင် ပထမဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ရေဝတာဘိဝံသသည် ဤအသင်းကြီး၏ အဘိဝံသဘွဲ့ရ မူလ ဓမ္မာစရိယဖြစ်၍၊ ၎င်းနောက် ဥက္ကဋ္ဌဆရာတော်ကြီးမှာလည်း အဘိဝံသ သီးခြားဓမ္မာစရိယဘွဲ့ရ ဘဒ္ဒန္တ သူရိယာဘိဝံသ မစိုးရိမ်ဆရာတော်ကြီး တို့ ဖြစ်ပေသည်။ ထို့အပြင် ထိုအချိန်က အကျိုးဆောင် ဆရာတော်နှစ်ပါးမှာလည်း ဤအသင်းကြီးမှ အဘိဝံသဘွဲ့ရ သီးခြားဓမ္မာစရိယများဖြစ်ကြသော ဘဒ္ဒန္တ နာဂဝံသာဘိဝံသ၊ ရန်ကုန်ဗားကရာတိုက် ဆရာတော်နှင့် ဘဒ္ဒန္တ ဝိသုဒ္ဓါဘိဝံသ၊ မန္တလေး ဝိဇ္ဇာလင်္ကာရ ဆရာတော်တို့ ဖြစ်ကြပေသည်။ ဝိသဇ္ဇက အဖြေဆရာတော်ဖြစ်သော ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မှာလည်း ဤအသင်းကြီးမှ ဝံ့သကာဘွဲ့ရ၊ ကမ္ဘာကျော် ဆရာတော်ကြီးပင် ဖြစ်ပေသည်။

## အဘိဝံသ လူပညာရှိများ

ယင်းကဲ့သို့ ဆဋ္ဌသံဂါယနာတင်ရာတွင် အဘိဝံသဆရာတော် တို့က ဦးစီး ဦးဆောင် လုပ်ခဲ့ကြသည့်နည်းတူ ဆဋ္ဌသံဂါယနာတင်ပွဲအကြို အနေဖြင့် မိုးထားသာသနာပိုင် ဆရာတော်တပည့် အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းဦးဆောင်သော ပိဋကတ်တော် မြန်မာပြန်အဖွဲ့၌ ပါဝင်ဆောင်ရွက်ခွင့် ရကြသော လူပညာရှိကြီးတို့မှာ အများအားဖြင့် ဤအသင်းကြီးမှ အဘိဝံသဘွဲ့ရခဲ့ကြသော ပုဂ္ဂိုလ်တို့သာ များချေသည်။

ဤအသင်းကဲ့သို့ပင် အဘိဝံသဘွဲ့ ပေးသော ရန်ကုန် စေတိယင်္ဂဏ ဓမ္မာစရိယအသင်းနှင့် အစိုးရဓမ္မာစရိယ အချို့လည်း ယင်း ပိဋကတ်မြန်မာပြန်အဖွဲ့၌ ပါဝင်ခွင့် ရကြသော်လည်း အရေအတွက်အားဖြင့် နည်းလှသည်။

စာရေးသူ မှတ်မိသလောက် တင်ပြရလျှင် ပိဋကတ် မြန်မာပြန်အဖွဲ့၌ ပါဝင်ခွင့်ရကြသော ဤအသင်းကြီးမှ အဘိဝံသဘွဲ့ရ လူပညာရှိတို့မှာ အောက်ပါ ပုဂ္ဂိုလ်ကြီးတို့ ဖြစ်ကြသည်။

| | | |
|---|---|---|
| ၁။ မေဓာဝီဆရာဆိုင် | (ဦးမေဓာဝီ) | စာတည်းအယ်ဒီတာ |
| ၂။ ဆရာအုပ် | (ဦးဥက္ကံသမာလာ) | စာတည်းအယ်ဒီတာနှင့်ဒုတိယ |
| ၃။ ဦးဘမို | ( ) | စာတည်း အယ်ဒီတာနှင့် ဒုတိယ အယ်ဒီတာချုပ် |
| ၄။ ဦးကျော်ထွတ် | (ဦးဥဿုက) | စာတည်းအယ်ဒီတာနှင့် ဒုတိယ အယ်ဒီတာချုပ် |
| ၅။ ဦးစိန် | (ဦးမာတင်္ဂ) | စာတည်းအယ်ဒီတာ |
| ၆။ ဦးမောင်ကြီး | ( ) | စာပြုအယ်ဒီတာ |
| ၇။ ဦးဖေမြင့် | ( ) | စာပြုအယ်ဒီတာ |
| ၈။ ဦးအုန်းဖေ | (ဦးဥဿြိယပတိ) | စာပြုအယ်ဒီတာ |
| ၉။ ဦးသန်းမော် | ( ) | စာပြုအယ်ဒီတာ |
| ၁၀။ ဦးအေးမောင် | ( ) | စာပြုအယ်ဒီတာ |
| ၁၁။ ဦးညိုမြ | (ဦးပဏ္ဍိတဓမ္မ) | စာပြုအယ်ဒီတာ |

အထက်ပါ ပိဋကတ်တော် မြန်မာပြန်အဖွဲ့ကို ထိုစဉ်က သာသနာရေးဌာနမှ ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်းပေးထားကာ ယင်းအဖွဲ့မှ ဆဋ္ဌသံဂါယနာ၏ ရှေ့ပြေးလုပ်ငန်းတစ်ရပ်အနေဖြင့် ရေးက လယ်တီဆရာတော်၏ တပည့် ဆရာကြီး ဦးဖြို့ ဦးဆောင်မြန်မာပြန်ခဲ့သော ပိဋကတ်တော်မြန်မာပြန်ကျမ်းများသည် မြန်မာစာမဆန်ဘဲ ပါဠိသွား ပါဠိဟန်တို့ များလွန်းနေ၍ အသိအမှတ်ခက်၊ အနက်အဓိပ္ပါယ် အကောက်ခက်နေသဖြင့် မြန်မာဘာသာပြန်ဆိုပေးရန် အဂ္ဂမဟာပဏ္ဍိတ ဆရာလင်းအား၊ အယ်ဒီတာချုပ်အဖြစ် ခန့်ထား၍ စာပြု စာ

တည်း စသည်အားဖြင့် ရွေးချယ်သတ်မှတ်၍ ဖွဲ့စည်း တည်ထောင်ခဲ့သော အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့၌ အထက်ဖော်ပြပါ အဘိဝံသဘွဲ့ရ လူပညာရှိတို့သည် လုပ်ငန်းရပ်ကြီး ပြီးဆုံးသည်အထိ ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် သာသနာအကျိုးကို သည်ပိုးထမ်းရွက်သွားခဲ့ကြပေသည်။

### အဘိဝံသဘွဲ့ရနှင့် တက္ကသိုလ်

ထို့အပြင် ဤအသင်းမှ ရခဲ့သော လူပညာရှိအချို့တို့သည် ရန်ကုန်တက္ကသိုလ် ပါဠိဌာန၊ ဗုဒ္ဓစာပေဌာန၊ မြန်မာစာပေဌာနတို့၌လည်း ကထိက၊ လက်ထောက်ကထိက နည်းပြဆရာ စသည်အားဖြင့် ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့် ဦးသန့်စင်၊ ဦးအောင်မိုး၊ ဦးအောင်သိန်း၊ ဦးအေးမောင်၊ ဝင်္ဂသကာ ဦးကျော်ရှိန် စသည်တို့ ဖြစ်ကြသည်။

### သာသနာရေးဝန်ကြီးဌာနနှင့် အဘိဝံသဘွဲ့ရ ပုဂ္ဂိုလ်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၌ ဤအသင်းမှ အဘိဝံသဘွဲ့ရသော ပုဂ္ဂိုလ်အချို့သည် ပါဠိအဘိဓာန်လုပ်ငန်း၊ စာပြင် စာတည်းလုပ်ငန်း၊ ကျမ်းပြုလုပ်ငန်း၊ အုပ်ချုပ်ရေးလုပ်ငန်း နယ်ပယ်အသီးသီးတို့၌ဆောင်ရွက်ကြလျက် သာသနာတော်၏အကျိုး၊ တိုင်းပြည်၏ အကျိုးတို့ကို သည်ပိုးလုပ်ဆောင်ခဲ့ကြပေသည်။

ဥပမာအားဖြင့် –

(၁) ဝင်္ဂသကာ ဦးထွန်းလှိုင် (ဦးနာရဒ) သည် စာပြင်မှူးချုပ်နှင့် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်လာခဲ့သည်။

(၂) ဝင်္ဂသကာ ဦးသောင်းလွင် (ဘီအေ) (ဦးသုမန) သည် ပိဋကတ်တော်များ ပုံနှိပ်ရာ၌လည်းကောင်း၊ ကျမ်းစာများ ရေးသားရာ၌လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

(၃) ဝင်္ဂသကာ ဦးရွှေအောင် (အမ်အေ) (ဦးသုနန္ဒ) သည် ဒုတိယညွှန်ကြားရေးမှူးအထိ ပါဝင်ဆောင်ရွက်ခဲ့လျက် စာဖတ်ပရိတ်သတ်တို့ စွဲမက်စေသော (အနိုင်းမဲ့ ကျေးဇူးရှင် စသော) ကျမ်းစာအုပ်နှင့်ဘာသာရေးကျမ်းတို့ကို ရေးသားပြုစုခဲ့သည်။

(၄) နှစ်ဖက်လှဦးကျော်လွင် (အမ်အေ) (ဦးကေတုမာလာ) သည် ညွှန်ကြားရေးမှူးအထိ ပါဝင်ဆောင်ရွက်ခဲ့လျက် သာသနာရေးဆိုင်ရာ စာပေ ကျမ်းဂန်တို့ကို ရေးသားပြုစုခဲ့သည်။

(၅) ဦးအုံမောင် (အမ်အေ) (ဦးအာဒိစ္စ) သည် သာသနာရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ကာ သာသနာတော် ထွန်းကားတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပေသည်။

(၆) ဦးကံညွန့် (ဘီအေ ဘီအီးဒီ) (ဦးကောဏ္ဍည) သည် မြန်မာစာကော်မရှင်အဖွဲ့၌ စာတည်းအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

အလားတူပင် အချို့သော အဘိဝံသဘွဲ့ရပြီး လူ့လောကသို့ ရောက်ရှိသွားကြသော ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့တတ်ကျွမ်းခဲ့သော ပါဠိစာပေ၊ မြန်မာစာပေတို့ဖြင့် သာသနာရေးနှင့် အမျိုးသားတို့ အကျိုးအတွက် စာပေရေးသားခြင်း၊ ဟောပြောခြင်း၊ သင်ကြားပို့ချပေးခြင်း စသည်အားဖြင့် တိုင်းပြည်အကျိုးကို သည်ပိုးရွက်ဆောင်လျက် ရှိကြပုံကို မိမိ လက်လှမ်းမှီသလောက် တင်ပြလိုက်ရပေသည်။

ရေဦးသား

# ရတနာပုံ မန္တလေးမြို့တော်မှာ ပရိယတ္တိသာသနာ

မြန်မာနိုင်ငံတော်၏ အထက်ပိုင်း၌ တမ္ဗဒီပတိုင်း၏ ကျက်သရေ အောင်မြေရပ်တွင် မဋ္ဌိမတိုက်ရှိ သီရိဓမ္မာသောကမင်းကြီး ကဲ့သို့ ရာဇုတ္တမ ဥက္ကဋ္ဌဖြင့် ဗုဒ္ဓါဘိသေကမင်္ဂလာ ရာဇသဘင် ပွဲကြီး ဆင်ယင်ကော်မူ၍ "သီရိပဝရ ဝိဇယာနန္တ ယသ ပဏ္ဍိတ တြိဘဝန ဒိတျာ ဓိပတိ မဟာဓမ္မရာဇာဓိရာဇာ" ဟူသော တံဆိပ်နာမံဘွဲ့တော်ကို ခံယူ ရရှိတော်မူသော ရတနာပုံ နေပြည်တော် မြို့တည် နန်းတည် မဟာလောကမာရဇိန် (ကုသိုလ်တော်) စေတီကြီး၏ ဒါယကာ သေလက္ခရာရှင် ပဉ္စမ သင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်း တရားသည် -

မင်းတုန်းမင်းတရားဟူသည့် အမည်တော်သည် အိမ်နိမ့်စံ မင်းသားအဖြစ် ငယ်ရွယ်စဉ်က မင်းတုန်းမြို့ကို အသုံးကံကျေး အဖြစ် အပိုင်စားရသောကြောင့် မင်းတုန်းမင်းတရားဟူသော အမည်တော်ဖြင့် ထင်ရှားကျော်စောတော်မူ၍ "အုတ်ကျိုး အုတ်ပျက်" မင်းတုန်းနန်းတက်ဟူသော မှတ်တမ်းစကားအရ ဖြင့်လည်းကောင်း၊ သို့မဟုတ် "တစ်နှစ် တစ်ငါးပ မင်းတုန်းရာဇာ အမရပူရ ရွှေနန်းတက်" ဟူသော ရာဇဝင်သံပေါက်အရ ဖြင့်လည်းကောင်း။

သက္ကရာဇ် ၁၂၁၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅) ရက်နေ့တွင် မင်းတုန်းမင်းတရားသည် အလုံးစုံ ဆောင်ရွက်ဘွယ် ကိစ္စအရေးဟူသမျှတို့ ပြီးမြောက်အောင်မြင်တော်မူသဖြင့် အထွတ်အထိပ် မင်းအဖြစ်သို့ ရောက်တော်မူ၍ ခမည်းတော်နှင့် နောင်တော်တို့၏ အရိုက်အရာဖြစ်သော အမရပူရမြို့နန်း၌ စံတော်မူ၍ နိုင်ငံတော်ကို အုပ်ချုပ်တော်မူသည်။

မင်းတုန်းမင်းကရားသည် မင်းအဖြစ်သို့ ရောက်တော်မူပြီး ခြောက်နှစ်မြောက် ရောက်တော်မူသောအခါ၌ သက္ကရာဇ် ၁၂၁၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက်၊ ညဥ့် (၃) ချက်တီးကျော်၊ (၇) ရက်၊ တနင်္လာနေ့သို့အဝင် (၄) နာရီ၊ ၂ ပါဒ် ကောင်းမြတ်သော မင်္ဂလာအချိန်မှစ၍ မြို့တော်နှင့်တကွ နန်းစ်ဌာနတို့ကို တစ်ပြိုင်နက် ရွှေပန္နက်ရိုက်ပြီး အုတ်မြစ်ချလျက် ရတနာပုံ မန္တလေးမြို့တော်ကို တည်ဆောက်တော်မူခဲ့သည်။ ဤမြို့တော်သည် သက္ကရာဇ် ၁၂၂၁ ခုနှစ်၊ "အောင်ကျော်ချမ်းအေး မန္တလေး" ဟူ၍လည်းကောင်း "အင်ကြီး ကြာအုံ ရတနာပုံ" ဟူ၍လည်းကောင်း မှတ်တမ်းတင်ခဲ့ကြသည်။

ဤရတနာပုံနေပြည်တော် မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်၌ တိုင်းပြည် နိုင်ငံတော် အရပ်ရပ် ငြိမ်းချမ်းသာယာ အေးချမ်းစွာ ရှိလှသဖြင့် သာသနာတော်ကို ချီးမြှောက်ပြုစုတော်မူခဲ့သည်မှာ -

ရွှေနန်းတော်ကြီးအတွင်း၌ မဏ္ဍပ်ဆောက်လုပ်စေတော်မူပြီး တိပိဋက ဆေက သီလဝိသုဒ္ဓိ ဖြစ်တော်မူသော တောင်နန်းမိဖုရားကြီး၏ ဆရာ "ဇာဂရာဘိဝံသတိပိဋကဓရ မဟာ ဓမ္မရာဇာဓိရာဇဂုရု" ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော်ဘုရားကို အကြီးအမှူး နာယကပြု၍ သတိုးမင်းသိခ် မဟာမင်းလှကျော်သူ၊ မြတောင်မြို့စား သေနတ်ဝန်ကြီး၏ဆရာ "နရိန္ဒာဘိသိရိသဒ္ဓမ္မဇောတိပါလဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဆီးဘန်နီတိုက် ဆရာတော်၊ မြင်းဝန်မင်းကြီး၏ ဆရာတော် "သုမင်္ဂလ သာမိသီရိပဝရ မဏိဓဇမဟာဓမ္မရာဇာဓိ ရာဇဂုရု" မြင်းဝန်မင်းကြီးတိုက် ဆရာတော်၊ ဤဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသုံးပါးကို လွှဲအပ်တော်မူ၍ ပုဒ် ပါဠ် အက္ခရာ ကျောက်စာ အရေးအသားတို့၌ တိမ်းပါးချွတ်ယွင်းမှု မရှိရအောင် ပိဋကတ်တော်တို့ကို ပြင်ဆင် သုတ်သင်တော်မူကြရသည်။

ထို ပြင်ဆင် သုတ်သင်ပြီး ပိဋကတ်တော်တို့ကို တစ်ဖန် ကျောက်ပြား ကျောက်ချပ်ပေါ်သို့ မတင်မီ ပိဋကတ်အရာ၌ လိမ်မာ ပြွမ်းတီးတော်မူကြသော -

(၁) စလင်းဆရာတော် အရှင်ကေတုမာလာ
(၂) စံကျောင်းဆရာတော် အရှင်သုဒဿန
(၃) မဏ္ဍလာရာမဆရာတော် အရှင်ဝိစိတ္တ
(၄) ဆင်တဲဆရာတော် အရှင်သာဂရ

(၅) မိုးထိဆရာတော် အရှင်သုမန
(၆) ဝိဇယာရာမဆရာတော် အရှင်မုနိန္ဒ
(၇) သစ်ဆိမ့်ဆရာတော် အရှင်ပညာသိဟ
(၈) တိုက်တော်ဆရာတော် အရှင်လက္ခဏ
(၉) ရွှေရေးဆောင်တိုက် ဆရာတော်အရှင် အာစရ
(၁၀) အသောကာရာမတိုက် ဆရာတော် အရှင်တိက္ခ စသော ဆရာတော် (၁၀) ပါးတို့က ပိဋကတ်တို့ကို ပြင်ဆင်တော်မူကြရသည်။

ထိုသို့ ပြင်ဆင်ပြီးသော ပိဋကတ်တို့ကို တစ်ဖန် ပိဋကတ်အရာ၌ လိမ္မာ ကျွမ်းကျင်ကြသော -

(၁) အတွင်းဝန် ခန်းပတ်မြို့စား မင်းကြီးသီရိမဟာဥဇနာ (ဦးရွှေမောင်)
(၂) ယောမြို့စား မင်းကြီး မင်းလှမဟာစည်သူ (ဦးဘိုးလှိုင်)
(၃) နန်းမတော်ဝန် မိုင်းကိုင်းမြို့စား မဟာသီရိဇေယျသူ (ဦးရန်)
(၄) သံတော်ဆင့် နေမျိုးရာဇစည်သူ
(၅) အမိန့်တော်ရေး မင်းထင်ဇေယျသူ
(၆) အသုံးစာရေး နေမျိုးသီရိကျော်သူ စသော ပိဋကတ်လိမ္မာသူ လူပုဂ္ဂိုလ် ခြောက်ယောက်တို့ကို ကြီးမှူးကြပ်မတ်စေပြီးလျှင် ပိဋကတ်သုံးပုံတို့၌ လိမ္မာတော်မူကြသော ဆရာတော် အရှင်မြတ်ဘုရား ၂၄၀၀ တို့နှင့် အဆင့်ဆင့် ကြည့်ရှုမှတ်သား၍ ပြင်ဆင်တော်မူကြသည်။

ထိုသို့ ပြင်ဆင်၍ ပြီးသောအခါ မင်းတုန်းမင်းတရားသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်ကို အရှည် တည်တံ့ခိုင်ခန့်စေရန် ရည်သန်တော်မူလျက် သလင်းကျောက်ဖြူပြားတို့အပေါ်၌ ဗုဒ္ဓဘုရားမြတ်စွာ၏ ပါဝစန နှုတ်ထွက်တော် ပိဋကတ်သုံးပုံ ပါဠိတော်တို့ကို သက္ကရာဇ် ၁၂၂၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့မှ စတင်၍ ကျောက်ဆစ်သမားတို့ ထွင်းထု လုပ်အပ်သော ကျောက်တက်အက္ခရာတင်ခြင်းသည် "အောင်ကျော်ဆင်နွဲ ကျောက်စာ အက္ခရာတင်ပွဲ" ဟူသော သင်္ကေတမှတ်တမ်းနှင့်အညီ သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့တွင် အလုံးစုံပြီးစီး အောင်မြင်တော်မူခဲ့၍ သာသနာ့သမိုင်းဝင် ကမ္ဘာ့အံ့ချီးဖွယ် အံ့သြဖွယ်ရာ တစ်ပါးအပါအဝင် ဖြစ်သော ပိဋကတ်သုံးပုံ အလုံးစုံကို ကျောက်ထက်မှာပင် အက္ခရာ တင်နိုင်ခဲ့ပေသည်။

ရတနာပုံနေပြည်တော်၌ မင်းတုန်းမင်းတရားသည် "ဧေယျဓမ္မာဘိ မုနိပဝရ ဉာဏာဂိတ္တိ သီရိသဒ္ဓမ္မဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ကို အမှူးပြုတော်မူ၍ တိပိဋကဓရ သိက္ခာကာမ ပရိယတ္တိဝိသာရဒ သာသနာ့တံခွန်သဖွယ်ဖြစ်တော်မူသော တံဆိပ်တော်ရ၊ မရ ဆရာတော် သံဃာတော် အရှင်မြတ် ၂၄၀၀ တို့ကို လျှောက်ထား တောင်းပန်တော်မူ၍ ရွှေနန်းပြာသာဒ်တော်အတွင်း သီဟာသန ရာဇပလ္လင်၏ရှေ့၌ ဝိနည်း ပိဋကတ်ကို အဦးအစ ပြု၍ သာသနာသက္ကရာဇ် ၂၄၁၅ ခု၊ ကောဇာသက္ကရာဇ် ၁၂၃၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် (နှစ်ဆန်းတစ်ရက်) စနေနေ့မှ အစပြုလျက် အညီ အညွတ် သရဇ္ဈာယ်တော်မူကြ၍ သင်္ဂါယနာ တင်တော်မူကြသည်။

ပထမ စတင် ပြန်ဆိုသရဇ္ဈာယ်သောနေ့မှစ၍ လနှင့်ရက်ပေါင်းမှာ ၅ လနှင့် ၃ ရက်တိုင်အောင် သင်္ဂါယနာတင်တော်မူကြသည်။

ရေးကအဇာတသတ်မင်း စသော မင်းတို့၏ စီမံဆောင်ရွက်တော်မူခဲ့သော ပထမသင်္ဂါယနာတင်ပွဲ စသည်တို့ကို ထောက်ဆ၍ ဤရတနာပုံနေပြည်တော်၌ သင်္ဂါယနာတင်ပွဲကို ပဉ္စမသင်္ဂါယနာတင်ပွဲ ဟူ၍ ခေါ်ဆိုသည်။

မြန်မာရာဇဝင်တို့တွင် သင်္ဂါယနာတင်ခဲ့သော မင်းမှာ ရတနာပုံနေပြည်တော် မန္တလေးမြို့၌ မင်းတုန်းမင်းတရားကြီးတစ်ပါးတည်းသာလျှင် ရှိတော်မူခဲ့၍ ဤမင်းတုန်းမင်းတရားကြီးသာ ပဉ္စမသင်္ဂါယနာတင်မင်းတရားဟူသော အမည်တော်ဖြင့် ထင်ရှားကျော်စောတော်မူခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ လက်ထက်တော်အခါက ရာဇဂြိုဟ်မြို့၌ တစ်ဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးများသည် ဝိုင်းရံပြီး ရှိကြသကဲ့သို့ ထိုနည်းတူ ရတနာပုံနေပြည်တော် မန္တလေးမြို့ အရှေ့ပြင် နန်းရှေ့၌ရှိသော ကျောင်းတိုက်ကြီးများမှာ မဟာအတုလဝိဇယာရာမတိုက်၊ မဟာဝိဇယာပုညတိုက်၊ စိန်တုန်း၊ မတ္တရာ၊ သက်ပန်၊ မောင်းထောင်၊ မဟာဝိသုတာရာမ၊ ခင်မကန်+အဘယာရာမ၊ ရွှေကူ၊ မဟာဝိဇိတာရာမ၊ အင်းခန်း ဝိသုဒ္ဓါရုံ၊ စလင်း၊ မာရ်အောင်ကျောင်းတိုက် စသော ကျောင်းတိုက်ကြီးပေါင်း နှစ်ဆယ်ကျော်တို့ တည်ရှိကြသည်။

မြို့တော်တောင်ပြင်၌ရှိသော ကျောင်းတိုက်ကြီးများမှာ ရွှေရေးဆောင် (မြို့သစ်အတွင်းဝန်) ကျောင်းတိုက်၊ အသောကာရာမတိုက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အောင်မြေရွှေဘုံ၊ ဘုံကျော်၊ ညောင်ကန်၊ ဆီးဘန်နီ၊ မင်းတပ်၊ ကျီဝန်၊ မိုးထား၊

ဓမ္မိကာရာမ (ကုသိန္နာရုံ)၊ ထီးလင်း၊ မြင်းဝန်၊ ပေါင်းလဲ (ပဟာအောင်မြေ)၊ ဇန်းမော်ကျောင်းတိုက် စသော ကျောင်းတိုက်ကြီးပေါင်း နှစ်ဆယ်ကျော်တို့ ရှိကြသည်။

မြို့တော်အနောက်ပြင်၌ ရှိသော ကျောင်းတိုက်ကြီးများမှာ ပြည်ကျောင်းတိုက်၊ ငါးကျွမ်း၊ လက်ာရာမ၊ ကုသိုလ်တော်၊ ရွှေလှန် (မြို့ဝန်)၊ အတ္တပတ် (မြို့ဝန်)၊ ဒီပဲရင်း၊ လက်နက်ဝန်ရွှေပြည်၊ ခုတ်လှမ်း၊ လေသာ၊ သာသနာလင်္ကာရ၊ ဓမ္မာရာမ၊ မင်္ဂလာရာမ၊ ချမ်းသာကြီး၊ ဆင်တဲ၊ ငွေးချို၊ မိုးကောင်း၊ ထီးလင်း၊ ခင်မကန်၊ စကု၊ မေဃဝတီ (တောင်သမန်)၊ အကောက်ဝန်၊ သဃ်ဇာ၊ ကင်းဝန်မင်းကြီး၊ ပုဂံအတွင်းဝန်၊ တောင်ခွင်၊ မြကောင်ကျောင်းတိုက် စသော ကျောင်းတိုက်ကြီးပေါင်း သုံးဆယ်ကျော် ရှိကြသည်။

မြို့တော် မြောက်ပြင်၌ရှိသော ကျောင်းတိုက်ကြီးများမှာ ဝေဠုဝန်ကျောင်းတိုက်၊ မဟာဓမ္မိကာရာမတိုက်ပုစ၍ ထရံကာရမည်းသင်း၊ မင်းခင်း၊ မြတောင် အရုံလေးထပ်တိုက်နှင့်ပေါင်း၍ ရွှေကျင်ငါးတိုက် မဟာခေမိကာရာမ သစ်ဆိမ့်တိုက်၊ မဏ္ဍလာရာမပြည်တိုက်၊ မိုးထိတိုက်၊ မဟာဇောတိကာရာမစံကျောင်းတိုက်၊ သောဘိတာရာမ–ဒီပဲရင်းတိုက်၊ စိတ္တရာမ–ခံညင်းဆိပ်ကျောင်းတိုက် စသော ကျောင်းတိုက်ကြီးပေါင်း တစ်ဆယ်ကျော်တို့ ရှိကြလေသည်။

ဤသို့ ရတနာပုံမြို့တော်၌ လေးပြင် လေးရပ်တို့၌ ကျောင်းတိုက်ကြီးများ ဆောက်လုပ်တော်မူပြီးလျှင် ထိုကျောင်းတိုက်ကြီးများ၌ သီတင်းသုံးတော်မူကြသော စာချ စာသင် သံဃာတော်အရှင်မြတ်တို့အား ဆွမ်းဆန်တော် စသော ပစ္စည်းလေးပါးတို့ဖြင့် နိစ္စဒါနဝတ် ပြုလှူဒါန်းတော်မူ၍ သာသနာပြုတော်မူခဲ့ပါသည်။

ထိုကျောင်းတိုက်ကြီးများ၏ အရေအတွက်မှာ ၁၀၀ ကျော်မျှရှိ၍ ကျောင်းပေါင်းမှာ ၁၀၀၀ ကျော် ရှိသဖြင့် စာချ စာသင် မန္တလေးမြို့၌ရှိသော ဆရာတော် သံဃာတော်တို့မှာ သံဃာတော်ပေါင်း ခြောက်သောင်းကျော်မျှ ရှိတော်မူကြသည်။

ထိုခေတ် ထိုစဉ်က မန္တလေးမြို့၌ စာချဆရာတော်များချည်းပင် "ဥဩသံသာ စာချဆရာ သာသနာရောင်ဝါ နေသို့ ထွန်းလင်းစည်" ဟူသော သင်္ကေတမှတ်တမ်းနှင့်အညီ တိပိဋကဓရ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော်အရှင်ဇာဂရာ ဘိဝံသ စသော ဘွဲ့တံဆိပ်တော်ရ, မရ စာချ ဆရာတော်ပေါင်း (၁၁၆၆) ပါးတို့သည် သာသနာတော်ကြီးကို စည်ပင်ပြန့်ပွားတိုးတက်အောင် ပြုစုတော်မူကြသည်မှာ ပဌမသင်္ဂါယနာ တင်ပွဲတော်ကြီး အပြီး၌ အရှင်ဥပါလိ၊ အရှင်သာရိပုတ္တရာ ဓါ[illegible]များ၊ အရှင်အာနန္ဒ ခေါ်သည့် ရဟန္တာမထေရ် အရှင်မြတ်ကြီးတို့သည် ဝိနည်းပိဋက အဘိဓမ္မာပိဋက သုတ္တန်ပိဋကတို့ကို အသီးသီး [illegible]ပန်ကိုယ်[illegible]၍ ပို့ချ သင်ပြနေကြကုန်သကဲ့သို့ မန္တလေးနေပြည်တော်ရှိ ဂဏ္ဍဝါစက စာချဆရာတော်မြတ်တို့သည်လည်း နေ့ဝါ ညဝါ ဟုသည့် ပိဋကတ် စာဝါအသီးသီးတို့ကို ပျားပန်းခတ်မျှ တာဝန်ခွဲ၍ ပို့ချတော်မူကြကာ သီတင်းသုံး နေထိုင်တော်မူကြသည်။

မင်းတုန်းမင်းတရားသည် ပရိယတ္တိသာသနာတော် စည်ပင်ပြန့်ပွား ထွန်းလင်းစေလိုသော ဆန္ဒတော်ဖြင့် ကိုယ်တော်တိုင် ကြ[illegible]ပြီး၊ နှစ်စဉ် နှစ်တိုင်း နယုန်လ၌ မန္တလေးတောင်ခြေရှိ သုဓမ္မာဇရပ်တို့၌ သံဃာတော်အရှင်မြတ်တို့ ဘာဏကအာဂုံ စာတော်ပြန်ပွဲသဘင်ကြီး ဆင်ယင် ကျင်းပတော်မူပြီးလျှင် စာတော်ပြန်ပွဲ၌ အောင်မြင်တော်မူကြသော သံဃာတော် အရှင်မြတ်တို့အား သမဏ ပရိက္ခာရာ ပစ္စည်းလေးပါးတို့ကို မင်းတရားကြီးကိုယ်တော်တိုင် သာဟတ္ထိကမြောက် လှူဒါန်းတော်မူ၍ ဘွဲ့တံဆိပ်တော်အသီးသီးတို့ဖြင့် ဆက်ကပ် ပူဇော်ခြင်း သာသနာပြုစုတော်မူခဲ့သည်မှာ တာဝတိံသာနတ်ပြည် သုဓမ္မာသဘင်ကပင် အရှုံးပေးရလောက်အောင် ချီးမြှင့်ပူဇော်ပွဲသဘင် စည်ကားလှပေသည်။

ဤသို့လျှင် မင်းတုန်းမင်းတရားသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ သာသနာတော်ကို ချီးမြှောက်ပြုစုတော်မူခဲ့သည်မှာ မဇ္ဈိမဒေသ၌ ထင်ရှားကျော်စောသော ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးနှင့်မခြား ရတနာပုံနေပြည် မန္တလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် အသက်တော် ရှည်သမျှကာလပတ်လုံး ပြုစုလှူဒါန်းတော်မူခဲ့သည့် ဒါန ကောင်းမှု ကုသိုလ်တော် တန်ဘိုးငွေပေါင်းမှာ ၂၂၆၀၀၀၀၀ (နှစ်ဆယ့်နှစ်ကုဋေ၊ ခြောက်သန်းကျော်) တို့ကို သာသနာပြု၍ လှူဒါန်းတော် မူခဲ့လေသည်။

"သဗ္ဗေ သင်္ခါရာ အနိစ္စာ" ဟူသော ဒေသနာတော်နှင့် အညီ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၆) ရက်၊ အင်္ဂါနေ့ နှစ်ချက်တီးကျော် ခြောက်မောင်းခန့်အချိန်တွင် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး လူ့ရွာလောကမှ နတ်ပြည်သို့ စံမြန်းတော်မူသည်။

ထိုနောက် သားတော် သီပေါမြို့စား "သုသီရိမဟာဓမ္မ

ရာဇာ" သီပေါမင်းသားသည် "သီရိပဝရာ ဒိတျာ လောကာ ဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိ ရာဇာ" ဟူသော ဗုဒ္ဓဘိသိက် တံဆိပ်နာမံကို ခံတော်မူသော သီပေါမင်း (၁၂၄၀-၁၂၄၇) တရား၏လက်ထက်၌လည်း အလားတူပင် ခမည်းတော် မင်းတုန်းမင်းတရားကြီး၏ သာသနာပြုတော်မူခဲ့သည့်နည်းတူ ပင် ခမည်းတော်မင်းတ ုန်းမင်းတရားကြီး၏ သာသနာပြုတော် မူခဲ့သည့်နည်းများကို လိုက်နာတော်မူ၍ နှစ်စဉ် သုဓမ္မာဇရပ် တို့၌ နယုန်လတွင် စာတော်ပြန်ပွဲကြီးများ ကျင်းပ၍ သာသနာ ပြုတော်မူခဲ့သည်မှာ နိုင်ငံတော်တစ်နိုင်ငံလုံး၌ သာသနာတော် အရောင်သည် နေရောင် လရောင်ကဲ့သို့ ထွန်းလင်းတောက် ပြောင်အောင် သာသနာ ပြုတော်မူခဲ့လေသည်။

ထိုစဉ်အခါက ရတနာပုံ မန္တလေးနေပြည်တော်၌ သီလဝန္တ ဂုဏဝန္တ သိက္ခာကာမ လဇ္ဇီပေသလ ပရိယတ္တိဂိသာရဒ ဂန္ထန္တ ရကောဝိဒ ပိဋကတ္တယ ပါရဂူဖြစ်တော်မူကြသည့် မင်းလှူဒါန်း သော ရာဇဂုရုဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ဆရာတော် ဘုရားကြီးများမှာ ရှစ်ဆယ်ကျော်မျှ သီတင်းသုံးတော် မူကြ လျက် သာသနာပြု၍ နေတော်မူကြသည်။

သခါရသဘောတရားကို မလွန်ဆန်နိုင်သဖြင့် သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၈) ရက်နေ့တွင် ရတနာပုံ နေပြည်တော် ဒုတိယနန်း၏၊ မာရ်အောင်ရတနာ စေတီတော် ကြီး၏ ဒါယကာ သီပေါမင်းတရားသည် တိုင်းပြည် နိုင်ငံတော် နှင့် ထီးနန်းကို စွန့်ခွာတော်မူ၍ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ကြွမြန်းကော်မူရ ရှာလေသည်။

ထို့နောက် ထီးကျိုး စည်ပေါက် ပြည်လုံးမှောက်မျှ တိုင်း ပြည် နိုင်ငံမှာ မသာမယာဘဲ ဖြစ်နေသည့်အချိန်၊ သာသနာ တော်မှာလည်း ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်အားပေးမည့် ဒါယကာတို့ နည်းပါးနေသည့်အချိန်၊ ပြည့်မဏ္ဍိုင် ဖရိုဖရဲ ပြိုကွဲ လျက် ဝမ်းနည်း စိုးရိမ်ဘွယ်ရာ မြန်မာတို့၏ တန်ခိုးအရှိန်မှာ ကံအလျောက် မှေးမှိန်သောအချိန်အခါသို့ ရောက်ရှိနေလေ သည်။

ထိုစဉ်အခါ သာသနာတော်အား ထောက်ပံ့မှု နည်းပါး လာသဖြင့် ၁၃ နှစ်အတွင်းမှာ မန္တလေးမြို့တော်၌ သီတင်းသုံး နေတော်မူကြသော စာချဆရာတော်အရှင်မြတ်များ (၁၁၆၆) ပါးတို့အနက် တစ်ဝက်ကျော်ကျော်မျှ နည်းပါးသွားပြီး ရတနာ ပုံ မန္တလေးမြို့တော်မှာ တစ်နေ့တစ်ခြား စာချစာသင် သာသနာ့ ဝန်ထမ်း ရဟန်း သံဃာတော်များ နည်းပါးသွားလေသည်။

"ဘိဇ္ဇန ဓမ္မော ဘိဇ္ဇတိ၊ နဿန ဓမ္မော နဿတိ" ဟူ သော ဒေသနာတော်နှင့်အညီ အမြဲ မတည် ပျက်စီးတတ်သော သဘော ဖြစ်ရကား၊ လွန်စွာ ကြီးကျယ် ခမ်းနားလှသော အတု လဝေယန် အတုမရှိ ကျောင်းတော်ကြီးသည် ရတနာပုံမြို့တော် တည်သည်နှင့် တစ်ပြိုင်နက် ပန္နက်ချ တည်ဆောက်တော်မူခဲ့၍ ၁၂၃၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့တွင် ကျောင်းတော်ကြီးမှာ အလုံးစုံ ပြီးစီးသော အတုလဝေယန် အတုမရှိကျောင်းတော်ကြီးသည် ခမ်းနားအံ့ဩဖွယ်ရာ လွန်စွာ ကောင်းလှသော်ငြားလည်း အမြဲ မတည် ပျက်စီးတတ်သော သဘောကြောင့် ၁၂၅၄ ခုနှစ်တွင် မီးဘေး နိပ်စက်၍ ပျက်စီး ရသည်မှာ သနိါရ ဓမ္မ စစ်မှန်လှပေတော့သည်။

ထိုသို့ မီးဘေးသင့် ပျက်စီး ဆုံးရှုံးရခြင်းသည် အုပ်ချုပ် သူ လူမျိုးခြား ဘာသာခြား အင်္ဂလိပ်တို့၏လက်ချက် မကင်း ဟူ၍ သံသယရှိနေကြသည်။ ထိုသို့ အပျက်အစီးတို့ တွေ့မြင် ကြ၍ မြို့တော်၌ သီတင်းသုံးနေတော်မူကြသော စာချဆရာ တော်များ စာသင်သား ရဟန်း သံဃာတော်များ စိတ်လက် မကြည် မချမ်းမသာ ဖြစ်တော်မူကြသဖြင့် မြို့တော်၌ပင် နေထိုင် လိုစိတ် မရှိကြဘဲ ကျေးလက် တောရွာများသို့ ပြောင်းရွှေ့ ကြွ သွားတော်မူကြသည်။

ထိုအချိန်အခါဝယ် သာသနာတော် ကြီးပွားရေးကို လို လားကြသည့် ဦးထွန်း စသည့် ပုဂ္ဂိုလ်ကြီး (၁၂) ဦးတို့သည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း စုပေါင်းတိုင်ပင် ဆွေးနွေးကြပြီး လျှင် မိုးထားတိုက်၊ သုဇာတာဘိသီရိဓဇဓိပတိ ပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ မိုးထားသာသနာပိုင် ဆရာ တော်အရှင်သုဇာတာဘိဝံသ အမှူးရှိသော ဆရာတော်ကြီး တစ်ဆယ့်ရှစ်ပါးတို့၏ ဩဝါဒများကို ခံယူလျက် သာသနာ သက္ကရာဇ် ၂၄၄၂ ခု၊ ကောဇာသက္ကရာဇ် ၁၂၆၀ ခုနှစ်၊ ဝါဆို လပြည့်နေ့၌ ကောင်းမြတ်သော မင်္ဂလာအချိန်အခါတွင် မန္တလေးမြို့ပေါ်၌ နေထိုင်ကြသော ဂုဏ်သရေရှိ ဥပါသကာ လူကြီးမင်း (၁၂) ဦးတို့က ကြီးမှူး ဦးဆောင်ကြ၍ ဤပရိယတ္တိ သာသနဟိတအသင်းကြီးကို စတင်၍ တည်ထောင်တော်မူခဲ့ ကြသည်။

ထိုသို့ အသင်းကြီးကို တည်ထောင်ကြပြီးလျှင် အသင်း သားတို့သည် ငွေပင် ငွေရင်းများ တတ်အားသမျှ ထည့်ဝင်ကြ၍ မြို့ပေါ်ရှိ စာချဆရာတော် အရှင်မြတ်တို့အား ပစ္စည်းလေးပါး တို့ဖြင့် ထောက်ပံ့လှူဒါန်းနိုင်ကြရန်အတွက် စီစဉ်ဆောင်ရွက်

နေကြသည်။

၁၂၆၀ ခုနှစ်၊ တပို့တွဲလပြည့်နေ့မှစ၍ မိုးထားတိုက် သာသနာပိုင်ဆရာတော် အရှင်သုဇာတာဘိဝံသ အစရှိသည့် မူလစာချဆရာတော်ကြီး (၁၆) ပါး တို့ အပါအဝင် ဆရာတော်ကြီး အပါး (၇၀) တို့အား ဆွမ်းဆန် တင်းအိပ်၊ ဆီ၊ ဆား၊ ငါးခြောက်၊ ပဲဆန်၊ အာယုဝဍ္ဍနဆေး၊ ဟင်းလျာစုံ၊ ဆွမ်းသပိတ်၊ ခါးပန်းကြိုး စသည့် လှူဖွယ် ပစ္စည်းများကို လစဉ် နိဗဒ္ဓဒါန အနေဖြင့် လှူဒါန်းခဲ့ကြလေသည်။

၁၂၆၀ ပြည့်နှစ်မှ ၁၂၆၄ ခုနှစ်အထိ (၄) နှစ်အတွင်းမှာ မူလစာချဆရာတော်ကြီး (၁၂၅) ပါးအထိ တိုးတက်လာပါသည်။

အနာဂတ်သာသနာရေးအတွက် စဉ်းစားလျက် ရှိနေကြသည့် အသင်းလူကြီးများသည် လက်ရှိ စာချဆရာတော်ကြီးများ မရှိသည့်နောက် ပရိယတ္တိသာသနာတော်ကြီးကို ဆက်လက်စောင့်ရှောက် ထိန်းသိမ်းနိုင်မည့် သာသနာ့အာဇာနည် ရဟန်းတော်များ ထွန်းကား ပေါ်ပေါက်လာရေးအတွက် ၁၂၆၅ ခု၊ နယုန်လမှစ၍ စာလျှောက်မေးခမ်း စတင် ကျင်းပခဲ့ကြသည်။

ထိုသို့ စာပြန်ပွဲ ကျင်းပရာ နေရာဌာန သီးခြား မရှိသေးသဖြင့် မဟာသကျသီဟဘုရား အရာမ်အတွင်းရှိ မကိုဋ်တန်ဆောင်းတော်ကြီး၌ စတင်ကျင်းပသည်။ ထိုတန်ဆောင်းတော်၌ နှစ်ကြိမ်ကျင်းပပြီးနောက် သကျသီဟဘုရား အရာမ်တွင်းစနေထောင့်၌ရှိသော မော်လမြိုင်မြို့ ထပ်ကေးကျောင်းဒါယကာကြီး ဦးသာညွှင်း ဆောက်လုပ်လှူဒါန်းထားသော သုဓမ္မာအုတ်ဇရပ်ကြီး၌ ၁၂၆၇ ခုနှစ်မှာ ကျင်းပသည်ကို အစွဲပြု၍ သကျသီဟ စာမေးပွဲကြီးဟူ၍ ကျော်စောထင်ရှားသည်။ သကျသီဟ စာမေးပွဲဟုဆိုလျှင် စာမေးပွဲလောက၌ အဆင့်အတန်းမြင့်သော စာမေးပွဲဟူ၍ အားလုံးက အသိအမှတ်ပြုကြရပါသည်။

၁၂၆၀ ခုနှစ်မှ ၁၃၀၃ ခုနှစ်အထိ အသင်းကြီးမှ ကိုးကွယ်ခဲ့သော မူလစာချဆရာတော် (၂၄၃) ပါး ရှိ၍ သီးခြားစာချတန်းအောင် (၁၃၅) ပါး၊ သီးခြား စာသင်တန်းအောင် (၂၇၇) ပါး၊ အထိ ရှိခဲ့၍ ဒုတိယကမ္ဘာစစ်အတွင်း (၄) နှစ်တာမျှ ကိုးကွယ်မှုနှင့် စာလျှောက်မေးခမ်းကျင်းပမှုတို့ကို ရပ်နား၍ ထားခဲ့ရသည်။

၁၃၀၈ ခုနှစ်မှစ၍ စာလျှောက်မေးခမ်းကို တစ်ဖန် စတင်ကျင်းပခဲ့ကြ၍ ၁၃၁၀ ခုနှစ်သို့ ရောက်သောအခါ ပရိယတ္တိသာသနဟိတအသင်းကြီးနှစ် (၅၀) ပြည့်မြောက်ပါသဖြင့် ၁၃၁၀ ခုနှစ်၊ ဝါဆိုလဆန်း (၆) ရက်နေ့တွင် မန္တလေးမြို့၊ ကျောက်သွေးတန်းရပ်ရှိ အသင်းတိုက်ကြီး၌ ရွှေရတုသဘင်ဆင်ယင် ကျင်းပခဲ့သည်။ မူလစာချဆရာတော်များနှင့် သီးခြားစာချဆရာတော်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်၍ လှူဒါန်းဖွယ်ရာများ လှူဒါန်းပြီးလျှင် သာသနာတော်ကို ချီးမြှောက်မှု ပြုတော်မူကြပါသည်။

၁၃၁၁ ခုနှစ်မှစတင်၍ ပရိယတ္တိသာသနဟိတအသင်းကြီးက ကိုရင် သာမဏေများကို ချီးမြှောက်လိုကြသဖြင့် ထိုနှစ် ပြာသိုလဆန်း (၁၂၃) ရက်နေ့တို့၌ သာသနာ့လင်္ကာရ သာမဏေကျော်စာမေးပွဲ၊ သာမဏေကျော် စာလျှောက်မေးခမ်းကို စတင် ကျင်းပခဲ့သည်။

## နိကာယ်စာမေးပွဲ

စာသင်သား သံဃာတော်တို့ နိကာယ်ဉာဏ် ထက်သန် တိုးပွားကြစေရန် ရည်သန်၍ အဂ္ဂမဟာပဏ္ဍိတ ခေမာသိဝံ ဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဟံသာဝတီဆရာတော် စသည့် ဆရာတော်ကြီး (၆) ပါးတို့၏ ဩဝါဒကို ခံယူတော်မူပြီး ၁၃၃၀ ခုနှစ်၊ တပေါင်းလဆန်း (၂) ရက်နေ့၌ ပါဠိတော် အာဂုံရေးဖြေနှင့် လဆန်း (၃) ရက်နေ့တွင် အနက်အဓိပ္ပါယ်ရေးဖြေ ဟူသော နိကာယ်ငါးရပ် စာလျှောက်မေးခမ်းကို ကျင်းပကြ၍ စာအောင် သံဃာတော်များအား ပင်မဒါယကာကြီး ဦးသာဒွေး+ဒေါ်သန်းနှင့် ရန်ကုန်မှ လှုပုံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်+ဒေါ်ငြိမ်း တို့က ပူဇော်ငွေများ ဆက်ကပ်လှူဒါန်းကြ၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့ကြပါသည်။

ဤသို့အားဖြင့် ၁၂၆၀ ခုနှစ်မှ ၁၃၆၀ ခုနှစ်အထိ နှစ်ပေါင်း (၁၀၀) အတွင်း ပရိယတ္တိသာသနဟိတအသင်းကြီးသည် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပြီး သာသနာတော်ကို နှစ်စဉ် နယုန်လ၌ စာသင်တန်း၊ စာချတန်း စာမေးပွဲ၊ ပြာသိုလ၌ သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲ၊ တပေါင်းလ၌ နိကာယ်စာမေးပွဲဟူ၍ စာမေးပွဲကြီး (၃) ပွဲတို့ဖြင့်လည်းကောင်း၊ လစဉ် နိဗဒ္ဓဆွမ်းဆန်တော် စသည့် လှူဖွယ်ဝတ္ထုတို့ဖြင့်လည်းကောင်း၊ ဓမ္မာနုဂ္ဂဟ ပစ္စယာ နုဂ္ဂဟ နှစ်ပါးတို့ဖြင့် အဆက်မပြတ် လှူဒါန်း၍ သာသနာ ပြုခဲ့ကြပေသည်။

ဤသို့ အစဉ်မပြတ် သာသနာတော်၏အကျိုးကို ဆောင်ရွက်နေကြသော ပရိယတ္တိသာသနဟိတအသင်းကြီး၏ သာသနာ

နာတော် တိုးတက်ပြန့်ပွားရေးနှင့် သဒ္ဓါတရား ထက်သန်စွာဖြင့် စဉ်ဆက်မပြတ် အားထုတ်ကြသည်များကို နောင်လာနောက်သား အမျိုးကောင်းသားတို့သည် အမှတ်ရပြီး ဆက်လက်အားထုတ်နိုင်ကြစေရန် ရည်သန်လျက် ၁၃၆၀ ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီး၏ ရာပြည့်ပွဲတော်ကြီး ပြုလုပ်၍ အသင်းကိုးကွယ်ခံ ဆရာတော်ကြီးများအား လှူဒါန်းပူဇော်ကြခြင်း၊ ဓမ္မာနုဂ္ဂဟအနေဖြင့် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်းပြု၍ သာသနာပြုတော်မူကြပါမည်။

သာသနာ့သမိုင်း၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပသည့်အခါ ဥက္ကဋ္ဌ ညောင်ရမ်းဆရာတော်ဘုရားကြီး အရှင်ရေဝတာဘိဝံသသည် ဤအသင်းကြီး၏ မူလစာချအဖြစ် ကိုးကွယ်ခံတော်မူရသော ဆရာတော်ကြီး ဖြစ်တော်မူသည်။ ထို့အတူ ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက အဖြေဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တသာရာဘိဝံသ၊ ဆဋ္ဌ အကျိုးတော်ဆောင်ဆရာတော် အရှင် နာဂဝံသာဘိဝံသ၊ တွဲဘက် အကျိုးတော်ဆောင် ဆရာတော် အရှင် ဝိသုဒ္ဓါဘိဝံသ စသည့် ဆရာတော်များသည် ဤအသင်းမှ စာမေးပွဲအောင်၍ အသင်းမှ မွေးထုတ်ပေးလိုက်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်များ ဖြစ်တော်မူကြသည်။

မန္တလေးမြို့၊ လေးပြင် လေးရပ်ရှိ ကျော်စောသည့် စာချဆရာတော်များသည် ဤအသင်းမှ ဓမ္မာစရိယဘွဲ့ရ ဆရာတော်များသာ ဖြစ်ကြသည်။ အသင်းကြီး၏ ကျေးဇူးကြောင့် မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာ့အရပ်ရပ်သို့ သာသနာပြန့်နှံ့အောင် ဆောင်ရွက်နိုင်သော သာသနာပြု အရှင်မြတ်များ အဆက်မပြတ် တိုးတက်လာခြင်း ဖြစ်သည်။

ဥပမာ အရှင် သေဋ္ဌိလာဘိဝံသ (အင်္ဂလန်)၊ အရှင် သီလာနန္ဒာဘိဝံသ (အမေရိက)၊ ဒေါက်တာ အရှင်ဇာဂရာဘိဝံသ (ဩစတြေးလျား) စသည့် အရှင်မြတ်တို့ ဖြစ်ကြပေသည်။

ဤကဲ့သို့ သာသနာ့အာဇာနည် အရှင်မြတ်များ မွေးထုတ်ပေးသော မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာတော် နှစ်ငါးထောင်ကြာအောင် တည်ရှိ၍ သာသနာတော်အကျိုးကို တိုး၍တိုး၍ ဆောင်ရွက်နိုင်ကြပါစေသတည်း။ ဤအသင်းကြီး ဆောင်ရွက်ချက် ကုသိုလ်အရပ်ရပ်တို့ကို သူတော်ကောင်း အမျိုးသား အမျိုးသမီး တို့သည် သာဓုနုမောဒ် ခေါ်နိုင်ကြပါစေသတည်း။ နောင်လာ နောင်သား သာသနပါလ သာသနာပြု ပုဂ္ဂိုလ်များတို့ မိမိတို့၏ လက်ထက်မှာ သာသနာတော် စည်ကားအောင်၊ တိုးတက်ကြီးပွားအောင် ဆက်လက်ပြီး ဆောင်ရွက်နိုင်ကြပါစေသတည်း။

စိုးမြတ်လင်း
သင်းမလှုကြီး

# မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ဘုရားပွင့်နေသည်

ဦးအောင်သန်း

ကျွန်ုပ်တို့၏ ကိုးကွယ်ရာသခင် သဗ္ဗညုဘုရားရှင်သည် မဟာသက္ကရာဇ် (၆၈) ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့၌ ကပ္ပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်း၏ မိဖုရားခေါင်ကြီး ဖြစ်သော မဟာ မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ချမ်းမြေ့ကြည်ဖြူ ပဋိသန္ဓေ ယူခဲ့သည်။ နောက်ဆယ်လအကြာ ကဆုန်လပြည့် သောကြာနေ့တွင် လုမ္ဗိနီဥယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့၏။ သက်တော် ၂၉ နှစ်အရွယ်တွင် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး၊ ဝါဆိုလပြည့်၊ တနင်္လာနေ့တွင် တောထွက်တော်မူခဲ့၏။ တောထွက်ပြီး ခြောက်နှစ်အကြာ မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။

ဘုရားအလောင်းတော်သည် ဗောဓိပင်အောက်၌ ထွက်လေဝင်လေ ခေါ် အာနာပါန စတုတ္ထဈာန်ကို ဝင်စား၍ ဝိပဿနာတရားကို ဆက်လက်ရှုပွားတော်မူရာ ညဉ့်ဦးယံအချိန်၌ မိမိ၏ သူတစ်ပါးတို့၏ ရှေးဘဝများကို မြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်တော်ကို ရတော်မူ၏။ သန်းခေါင်ယံ၌ အကြီး အသေး အနီး အဝေး မဟူ နတ်မျက်စိပမာ မြင်တော်မူနိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူ၏။ မိုးသောက်ယံ၌ သစ္စာလေးအင် သိမြင်တော်မူကာ ကိလေသာ အလုံးစုံ ကုန်ခမ်းသည့် အာသဝက္ခယဉာဏ် ခေါ် အရဟတ္တမဂ်ဉာဏ်ကို ရတော်မူခဲ့၏။ အရဟတ္တမဂ်ဉာဏ်တော်ကို ရတော်မူသည်နှင့် တစ်ပြိုင်နက် သဗ္ဗညုတဉာဏ် ခေါ် အလုံးစုံကိုသိသော ဉာဏ်တော်ကို ရရှိကာ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဘုရားရှင်သည် ဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ သုမေဓာရှင်ရသေ့ ဖြစ်ခဲ့၏။ သုမေဓာဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးမြင်ရပြီး ဘုရားရှင်၏ ကျက်သရေတော်ကို ကြည်ညိုလှသည်ဖြစ်၍ စဉ်းစား၏။ "ငါသည် ကိလေသာကုန်ခမ်းသည့် ရဟန္တာ ဖြစ်လိုလျှင် ယနေ့ပင် ဖြစ်နိုင်ရာ၏။ သို့သော် သတ္တဝါများကို ကယ်တင်နိုင်လောက်သော အစွမ်းသည် ရှိပါလျက် တစ်ဦးတည်း ကိုယ်လွတ်ရုန်းသွားခြင်းကား မသင့်လျော်ချေ။ ငါသည် ဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်အောင် ကြိုးစားအံ့" ဟု အဓိဋ္ဌာန်လိုက်လေသည်။ ဒီပင်္ကရာမြတ်စွာဘုရားကလည်း ဤသုမေဓာရှင်ရသေ့သည် နောင်သောအခါ ငါကဲ့သို့ပင် ဘုရားဖြစ်တော်မူလိမ့်မည်ဟု ဗျာဒိတ် ပေးတော်မူသည်။ စင်စစ်အားဖြင့် ကျွန်ုပ်တို့ ကိုးကွယ်ရာ ဘုရားသခင်သည် ဗုဒ္ဓေါဗောဓေယျံ သစ္စာလေးပါး တရားကို ငါသိသလို သတ္တဝါဝေနေယျတို့လည်း သိစေမည်။ မုတ္တော မောစေယျံ ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို သတ္တဝါဝေနေယျတို့ကိုလည်း လွတ်စေမည်။ တိဏ္ဏော တာရေယျံ သံသာရာ ဝဲဂယက်မှ ငါကူးမြောက်နိုင်သလို သတ္တဝါဝေနေယျတို့ကိုလည်း ကူးမြောက်စေမည်ဟူသော ဆန္ဒတော်ကြီးဖြင့် ပါရမီတော်တို့ကို ဖြည့်ကျင့်ကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်း ဖြစ်သည်။

ဘုရားဖြစ်တော်မူပြီး ဘုရားရှင်တို့၏ ဓမ္မတာအတိုင်း သတ္တ သတ္တာဟ ခုနစ်ဌာနတို့၌ ဖလသမာပတ် ဝင်စားကာ စံနေတော်မူပြီးနောက် ကျွတ်ထိုက်သောသူ ဗိုလ်လူများစွာတို့အား တရားဟောရန် လုပ်ငန်းကို စတင်ခဲ့သည်။

ရှေးဦးစွာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ကြွချီကာ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပဝတ္တန သုတ္တန်ကို ဟောကြားခဲ့၏။ သောတာပန်ဖြစ်သော ရှင်ကောဏ္ဍည အမှူးရှိသည့် ပဉ္စဝဂ္ဂီ တို့အား အနတ္တလက္ခဏ သုတ္တန်ကို ဆက်လက်ဟောခြင်းအားဖြင့် ပဉ္စဝဂ္ဂီငါးဦးလုံး ရဟန္တာဖြစ်ခဲ့လေသည်။ ထိုနှစ် ဝါကို မိဂဒါဝုန်တော၌ပင် ကပ်တော်မူ၏။ ထိုနှစ်၌ ဗာရာဏသီမြို့မှ သူဌေးသား ယသသည် ကာမဂုဏ်တို့ကို ရွံရှာ စက်ဆုပ်ပြီး မိဂဒါဝုန်တောဘက်သို့ ပြေးထွက်လာစဉ် ဘုရားရှင်နှင့်တွေ့သဖြင့် တရားဟောရာ ရဟန္တာ ဖြစ်သွားလေသည်။ များမကြာမီ ယသ၏သူငယ်ချင်း ၅၄ ယောက်တို့လည်း ဘုရားရှင်ထံ ရောက်လာပြီး တရားနာရာ ရဟန္တာ ဖြစ်သွားကြလေသည်။ ဤသို့ဖြင့် ပဉ္စဝဂ္ဂီ ၅ ဦး၊ ယသနှင့် သူငယ်ချင်း ၅၄ ဦး၊ ပေါင်း ၆၀ တို့ ရဟန္တာ ဖြစ်ခဲ့ကြသည်။ ထိုရဟန္တာ ၆၀ တို့သည် မြတ်စွာဘုရား၏ ကိုယ်ပွား သာသနာပြုစွမ်းနိုင်သူများ ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ထိုရဟန္တာ ၆၀ တို့ကို

ခေါ်တော်မူ၍ သတ္တဝါများ စီးပွားချမ်းသာအလို့ငှာ မဇ္ဈိမပဋိပဒါ မဂ္ဂင်ကျင့်စဉ်များကို ပြသပေးရန် သာသနာပြု စေလွှတ်တော်မူခဲ့သည်။ ခရီးတစ်ကြောင်းတွင် နှစ်ပါးပေါင်း၍ မသွားရန်လည်း မှာကြားတော်မူခဲ့သည်။ ဘုရားရှင်ကိုယ်တော်တိုင်လည်း ဥရုဝေလတောသို့ ကြွကာ ဥရုဝေလကဿပ စသော ရသေ့ညီနောင် (၃) ဦးတို့နှင့် နောက်ပါများ စုစုပေါင်း (၁၀၀၀) တို့ကို တရားဟောတော်မူရာ အားလုံး ရဟန္တာ ဖြစ်သွားကြ၏။ ထို့နောက် တပည့် နောက်လိုက် (၅၀၀) စီရှိသော ဥပတိဿနှင့် ကောလိတ တို့အား တရားဟောရာ နှစ်ဦးစလုံးပင် ရဟန္တာ ဖြစ်ခဲ့ကြ၏။ ဥပတိဿကား ဘုရားရှင်၏ သာသနာ၌ ပညာ ဧတဒဂ်ခံမည့် ရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်သည်။ ကောလိတကား တန်ခိုးအရာ ဧတဒဂ်ဘွဲ့ခံမည့် အရှင်မောဂ္ဂလာန် ရဟန္တာအရှင်မြတ်ကြီး ဖြစ်သည်။ ဤသို့ဖြင့် သာသနာတော်သည် တစ်နေ့တစ်ခြား ဆက်လက်တိုးပွား စည်ပင်ခဲ့သည်။ ရှင်တော်မြတ်ဘုရားသည် မိထွေးတော် ပဇာပတိ ဂေါတမီ စသော အမျိုးသမီးများကိုလည်း အရဟတ္တဖိုလ်ပေါက် ချီးမြှောက်တော်မူကာ ဘိက္ခုနီသာသနာကိုလည်း တိုးပွား စည်ပင်စေခဲ့သည်။

မြတ်စွာဘုရားသခင်သည် သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါအထိ ကျွတ်ထိုက်သောသူ နတ် လူ ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား အမြိုက်တရားကို ဟောကြားလျက် သာသနာပြုခဲ့သည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် အချို့ ရဟန်းတော်တို့သည် ဘုရားရှင်၏ မဇ္ဈိမပဋိပဒါကျင့်စဉ်များကို သင်ကြားပို့ချခြင်းအားဖြင့် ပရိယတ္တိလုပ်ငန်းကိုလည်း ကြိုးပမ်းခဲ့ကြ၏။ ဤလုပ်ငန်းကို ဘုရားရှင်က အားပေးခဲ့၏။ ဘုရားရှင်က စုန္ဒမထေရ်အား "ငါဘုရား၏ သာသနာတော်၌ ပရိယတ္တိဓမ္မကို ကျွမ်းကျင်စွာ နားလည်ကြကုန်သော ပုဂ္ဂိုလ်တို့ကို ငါဘုရားကဲ့သို့ပင် ပူဇော်ထိုက်၏" ဟု မိန့်တော်မူခဲ့သည်။ ဤစကားရပ်ဖြင့် ပရိယတ္တိဓမ္မကို ကျွမ်းကျင်စွာ နားလည်ကုန်သော ပုဂ္ဂိုလ်တို့သည် သုတဗုဒ္ဓများ ဖြစ်ကြောင်း မိန့်တော်မူခြင်း ဖြစ်သည်။

ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ခါနီး၌ အရှင်အာနန္ဒာအား "ချစ်သား အာနန္ဒာ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသဖြင့် ငါတို့မှာ ဆရာ မရှိပြီဟု မအောက်မေ့ရ၊ သုတ် ဝိနည်း အဘိဓမ္မာ ဟူသော ဓမ္မဝိနယကို ငါဟောကြားခဲ့ပြီ၊ ထိုဓမ္မ ဝိနယသည်ပင် ငါဘုရားကိုယ်စား သင်တို့အား ဆုံးမမည့် ဆရာ ဖြစ်သည်" ဟု မိန့်တော်မူခဲ့၏။

ဘုရားရှင်၏ သာသနာတော်သို့ နောက်ဆုံး ဝင်ရောက်လာသော သုဘဒ္ဒပရိဗိုဇ်အားလည်း "မဂ္ဂင်ရှစ်ပါးကျင့်စဉ် မရှိသော အယူဝါဒ၌ ကိလေသာငြိမ်းသော အရိယာများ မဖြစ်ပေါ်နိုင်၍ အချည်းနှီးဖြစ်ပုံ၊ မဂ္ဂင်ရှစ်ပါးကျင့်စဉ် ရှိသော ဤ သာသနာတော်၌သာ ကိလေသာငြိမ်းသူ အရိယာရှိပုံ၊ ဤသာသနာတော်၌ ရဟန်းတို့သည် ကိုယ်တိုင်လည်း ကျင့်၊ တစ်ဆင့်လည်း ဟောကြားကာ ကောင်းစွာ ကျင့်ကြံနေသမျှကာလပတ်လုံး ဤလောက၌ ရဟန္တာ မဆိတ်သုဉ်းနိုင်ကြောင်း" ဟောတော်မူခဲ့၏။

ဤပိန့်မှာချက်များအရ ပရိယတ္တိဓမ္မသည် ဘုရားရှင် ရှိနေသကဲ့သို့ပင် အလေးထားသင့်ကြောင်း သိရပါသည်။ ပရိယတ္တိဓမ္မခေါ် ကျင့်စဉ်မှန်မှန်ဖြင့် ကြိုးစားအားထုတ်မှု ခေါ် ပဋိပတ္တိဓမ္မကို ပြုလုပ်ခြင်းဖြင့် မဂ် ဖိုလ် နိဗ္ဗာန် ခေါ် ပဋိဝေဓကို ရနိုင်မည်[illegible]သည်။ ဤသဘောကို ကောင်းစွာ နားလည်တော် မူကြသော အရှင်မဟာကဿပအမှူးရှိသော ရဟန္တာ ၅၀၀ တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလအကြာ သာသနာနှစ် (၁) ခရစ်မပေါ်မီ ၅၅၄ ဘီစီတွင် ဘုရားရှင်၏ ဓမ္မဝိနယများကို ဝိနည်း သုတ္တန် အဘိဓမ္မာဟု သုံးစု သုံးပုံခွဲခြားကာ စုပေါင်းရွတ်ဆို အတည်ပြုခြင်းဖြင့် ပထမသံဂါယနာကို တင်တော်မူခဲ့ကြသည်။ သံဂါယနာတင်ပွဲအပြီးတွင် အရှင်အာနန္ဒာက သုတ္တန်၊ အရှင်ဥပါလိက ဝိနည်း၊ အရှင်သာရိပုတ္တရာ၏ တပည့်ကြီးများက အဘိဓမ္မာ စသည်ဖြင့် ဝေစုခွဲကာ သင်ကြားပို့ချမှု ပရိယတ္တိလုပ်ငန်းကို အလေးထားကာ ဆောင်ရွက်တော်မူခဲ့ကြ၏။

တစ်ဖန် သာသနာနှစ် ၁၀၀၊ ခရစ်မပေါ်မီ ၄၄၃ ဘီစီတွင် ဝေသာလီပြည်၌ အရှင်ယသ အမှူးပြုသော ရဟန္တာမထေရ် အပါး (၇၀၀) တို့က ဒုတိယအကြိမ် သံဂါယနာ တင်တော်မူကြ၏။ တစ်ဖန် သာသနာနှစ် ၂၃၅၊ ခရစ်မပေါ်မီ ၃၀၈ ဘီစီတွင် ပါဋလိပုတ်ပြည် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ အမှူးပြုသော ရဟန္တာမထေရ်ကြီး အပါး (၁၀၀၀) တို့က တတိယအကြိမ် သံဂါယနာ တင်ခဲ့ကြ၏။ တစ်ဖန် သာသနာနှစ် ၄၅၀၊ ၄၉ ဘီစီတွင် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ၌ အရှင်မဟာရက္ခိတ အမှူးပြုသော ရဟန္တာ မထေရ်ကြီး အပါး (၅၀၀) တို့က စတုတ္ထအကြိမ် သံဂါယနာ တင်တော်မူခဲ့ကြသည်။ သာသနာတော်နှစ် ၂၄၁၅၊ ခရစ်

နှစ် ၁၈၇၁၊ မြန်မာသက္ကရာဇ် ၁၂၃၂ တွင် မြန်မာနိုင်ငံ၊ မန္တလေးမြို့၌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ် အမှူးပြုသော သံဃာတော်အပါး (၂၄၀၀) တို့က ပဉ္စမအကြိမ် သံဂါယနာကို တင်တော်မူခဲ့ကြ၏။

ဤတွင် မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာဆက်စပ်လာပုံ သမိုင်းစဉ်ကို ဖော်ပြရန် လိုအပ်ပါသည်။ သာသနာနှစ် ၂၃၅၊ ခရစ်မပေါ်မီ ၃၀၈ ဘီစီ၌ ပါဋလိပုတ်ပြည်၊ တတိယသံဂါယနာ တင်ပွဲအပြီးတွင် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုများ စေလွှတ်ခဲ့ရာ မြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ အရှင်သောဏမထေရ်နှင့် အရှင် ဥတ္တရမထေရ်တို့ အမှူးပြုသော ရဟန္တာမထေရ်ကြီး ၅ ပါး တို့ ကြွရောက် သာသနာပြုခဲ့ကြ၏။ ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံ၌ စည်ပင်ပြန့်ပွားခဲ့၏။ ခရစ်နှစ် ၁၀၄၄ တွင် အနော်ရထာမင်း၏ ကိုးကွယ်မှုဖြင့် သုဝဏ္ဏဘူမိမှ ပုဂံသို့ ဗုဒ္ဓသာသနာ ပြန့်ပွားခဲ့၏။ ပုဂံမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ပြန့်ပွားထွန်းကားခဲ့၏။ ပုဂံခေတ်မှ ယခုကာလအထိ မြန်မာနိုင်ငံအတွင်းဝယ် ဗုဒ္ဓသာသနာတော်သည် တစ်နေ့တစ်ခြား တိုးပွား စည်ပင်ခဲ့လေသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်လာသည့်နှစ်၊ သာသနာသက္ကရာဇ် ၂၃၅ မှ မန္တလေး၌ ပဉ္စမသံဂါယနာတင်သည့် သာသနာနှစ် ၂၄၁၅ အထိ ကာလတို့ကို တွက်စစ်ကြည့်လျှင် နှစ်ပေါင်း ၂၁၈၀ တိတိကြာမြင့်ခဲ့ပြီဟူသော အဖြေကို တွေ့ရ၏။ ဤမျှ နှစ်ကာလအကြာကြီးအတွင်း၌ မြတ်ဘုရား၏ မဇ္ဈိမပဋိပဒါကျင့်စဉ်များ ဓမ္မ ဝိနယများ တစ်နည်း ပိဋကတ်သုံးပုံများသည် အဘယ့်ကြောင့် ချို့ယွင်းတိမ်းပါး ပျက်စီးခြင်း မရှိဘဲ ပထမသံဂါယနာခေတ်ကကဲ့သို့ ပုံစံတကျ တည်ရှိနေရသနည်း။ စိစစ်ကြည့်ဖို့ လိုမည်ထင်ပါသည်။ အဖြေကို ဤသို့ တွေးမိပါသည်။ မြန်မာနိုင်ငံမှ ရဟန်းတော်များသည် ပရိယတ္တိဓမ္မကို အလွန် ယုံကြည် ကိုးစားသူများ ဖြစ်ဖွယ်ရှိပါသည်။ ခေတ်အဆက်ဆက်ရှိ မင်းနှင့်ပြည်သူ ဒါယကာများဘက်ကလည်း ထေရ်သံဃာတို့အား ကြည်ညို သဒ္ဓါပွားကာ လှူဒါန်း ပူဇော်ကြဖွယ်ရှိပါသည်။ ဆရာ ဒကာ လက်တွဲ ညီခဲ့သောကြောင့် ရဟန်းတော်များသည် ပရိယတ္တိစာပေသင်ကြားမှုကို ပျင်းရိဖွယ်၊ ငြီးငွေ့ဖွယ်ဟု သဘောမထားဘဲ ကြိုးကြိုးစားစား သင်အံ့ ပို့ချဖွယ် ရှိပါသည်။ ထို့ပြင် မြန်မာရဟန်းတော်တို့သည် စာပေသင်ကြားမှုအပိုင်းတွင် ရှေးထုံးကို မပယ်နှင့်ဟူသော သြဝါဒ ကို တသွေမတိမ်း လိုက်နာခဲ့ဟန် ရှိပါသည်။ အာဂုံ ကျက်မှတ်သည့် အလေ့ကို စွဲမြဲစွာ လိုက်နာကြသည်ဟု ဆိုလိုပါ၏။ မည်သို့ပင် ဖြစ်စေ ဗုဒ္ဓ၏ ဓမ္မဝိနယများသည် ယခုခေတ်အထိ ပုံစံမပျက် ဆက်လက်တည်ရှိနေသေးသည်မှာ ဂုဏ်ယူ ဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ တင်သော ပဉ္စမသံဂါယနာ၊ ဆဋ္ဌသံဂါယနာတို့၌ ရှေးယခင် ထေရ်အရှင်တို့ တင်ခဲ့ကြသော သံဂါယနာကဲ့သို့ပင် တင့်တယ် ထယ်ဝါစွာ တင်နိုင်ခဲ့ကြသည်မှာ မြန်မာရဟန်းတော် အဆက်ဆက်တို့၏ ကျေးဇူးပင် ဖြစ်ပါသည်။

၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့၏ လက်အောက်သို့ ကျရောက်ခဲ့၏။ ဦးစီးခေါင်းဆောင်ဘုရင် မရှိတော့ပြီဖြစ်သော်လည်း မြန်မာအမျိုးသားတို့သည် ဗုဒ္ဓသာသနာ အရှည်တည်တံ့ရေးအတွက် ဆက်လက်ကြည်ညို သဒ္ဓါပိုကာ ကူညီ ပံ့ပိုးပေးခဲ့ကြ၏။ ပူဇော်ခဲ့ကြ၏။ ဤနေရာတွင် အလျဉ်းသင့်၍ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီး အကြောင်းကို တင်ပြချင်ပါသည်။

ဤအသင်းကြီးသည် မန္တလေး လေးပြင် လေးရပ်၌ စာချ စာသင် မထေရ်အရှင်တို့ ချမ်းချမ်းသာသာ ပရိယတ္တိဓမ္မကို ဆောင်ရွက်စေနိုင်ရန် ရည်သန်ချက်ဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်၏။ ဤအသင်းကြီးသည် ပရိယတ္တိဝန်ဆောင်သော သာသနာ့အာဇာနည်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးကို ရည်မျှော်၍ စာချ စာသင် ထေရ်အရှင်တို့အား ပူဇော်သမှု ထောက်ပံ့ခြင်း ပြုခဲ့သည်။ လစဉ် ဆွမ်းဆန်တော် စသော ဒါတဗ္ဗဝတ္ထု အစုစုတို့ဖြင့် လှူဒါန်းခဲ့ကြ၏။ စာသင်သား ရှင်သာမဏေနှင့် ရဟန်းငယ်တို့အား ပရိယတ္တိစာမေးပွဲများ ကျင်းပကာ သာသနာ့အာဇာနည် ရွေးချယ်ပွဲကိုလည်း နှစ်စဉ်ပြုလုပ်ပေးခဲ့၏။ ထိုသို့ ပြုလုပ်ခဲ့သဖြင့် နှစ်ပေါင်း ၁၀၀ အတွင်း သံဃာတော်အချင်းချင်း ကပင် လေးစားကြရသော သာသနာ့အာဇာနည်၊ သာသနာ့ဝန်ဆောင် ထေရ်အရှင်တို့ မြောက်များစွာ ပေါ်ထွန်းခဲ့သည်။ ဤအသင်းမှ စာမေးပွဲအောင်သူ အရှင်မြတ်တို့သည် မြန်မာနိုင်ငံအနှံ့အပြားတွင် သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာ၌ ရှေ့တန်းက ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပုံစံသဘောအားဖြင့် မင်းကွန်းဆရာတော်ဘုရားကြီး အကြောင်းကို တင်ပြလိုပါသည်။ ဆရာတော် လောင်းလျာသည် မန္တလေး ပရိယတ္တိသာသနဟိတအသင်းကြီး၏ စာမေးပွဲကို ဝင်ရောက် ဖြေဆိုရာ စာသင်တန်းကိုလည်းကောင်း၊ စာချတန်းကိုလည်းကောင်း နှစ်မခြားဘဲ တစ်ဆက်တည်း အောင်

မြင်ခဲ့သည်။ ထို့ကြောင့်လည်း ဤအသင်းကြီး၏ အဦးဆုံး ဝင်္ကသကာဘွဲ့ထူးကို ဆွတ်ခူးတော်မူခဲ့၏။ ထိုအရှင်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ကျင်းပသော ပိဋကတ်သုံးပုံ နှုတ်ငုံဆောင် စာမေးပွဲတွင် ရှေးဦးစွာ အောင်မြင်ခဲ့သဖြင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်ကိုပါ ဆက်လက်ဆွတ်ခူးခဲ့၏။ သာသနာနှစ် ၂၅၀၀ ပြည့်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်တွင် ကျင်းပသည့် ဆဋ္ဌသံဂါယနာတင်ပွဲတွင် ဝိသဇ္ဇက ဆရာတော်ကြီးအဖြစ် အရှင်အာနန္ဒာမထေရ်ကဲ့သို့ ဆောင်ရွက်တော်မူနိုင်ခဲ့သည်။

ဤကမ္ဘာလောက၌ သမ္မာသမ္ဗုဒ္ဓ ခေါ် ဘုရားရှင် ပွင့်တော်မူသောအခါ၌သာ မဇ္ဈိမပဋိပဒါကျင့်စဉ်များ ပေါ်ထွန်းသည်။ ဤကျင့်စဉ်များကို သင်ယူ ပွားများ ကြိုးစား ကျင့်ကြံနေသူများ ရှိနေသမျှကာလပတ်လုံး ဤလောက၌ ဘုရားပွင့်နေမည် ဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံ၌ မဇ္ဈိမပဋိပဒါကျင့်စဉ်များကို သင်ယူ ပွားများ ကြိုးစား ကျင့်ကြံနေသူများစွာ ရှိပါသည်။ မြန်မာနိုင်ငံတွင် သုတဗုဒ္ဓများ ပွင့်နေဆဲပါ။ ဘုရားပွင့်နေဆဲပါ။

ဦးအောင်သန်း
သာသနဓဇသိရီပဝရဓမ္မာစရိယ (ဘီအီးဒီ)
မြာကြီး (ဆေး)

# ကျေးဇူးစကားဆိုပါမည်

"ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်၊ တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်၌ နောက်ဆုံး စိုးစံတော်မူသော မာရ်အောင်ရတနာစေတီတော် ဒါယကာသီပေါမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ ထီးကျိုးစည်ပေါက် ရတနာဂီရိသို့ လိုက်ပါကြွရောက်တော် မူကြရသောအခါ တိုင်းရေး ပြည်ရေး မသာယာရုံသာမက သာသနာ[illegible]က်ကြီးအား လှူဒါန်းထောက်ပံ့မည့် သာသနာ့ဒါယကာ မရှိတော့သဖြင့် အချို့သော ရာဇဂုရုဘွဲ့တံဆိပ်တော်ရ မရ စာချဆရာတော်ဘုရားကြီးတို့သည် နေပြည်ကော်မှ ထွက်ခွာကြကာ မြို့နယ်အနှံ့သို့ ကြွရောက်ပြောင်းရွှေ့ သီတင်းသုံးတော်မူကြသဖြင့် မန္တလေး နေပြည်တော်၌ သာသနာတော် အရောင်တစ်နှစ်ထက် တစ်နှစ် မှေးမှိန်လာခဲ့လေသည်"၊ (မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ နှစ်တစ်ရာပြည့် အကြိုအမှာဝေစာတမ်း၏ နိဒါန်း ၎င်းစာအုပ်စာမျက်နှာ ဃ-မှ)

အကျွန်ုပ်သည် မြန်မာလူမျိုးဖြစ်သော်လည်း မြန်မာပြည်ကို ရှေးကလုံးဝ မရောက်ဖူးခဲ့၊ လွန်ခဲ့သော နှစ်တစ်ရာခန့်က အကျွန်ုပ်၏ အဖိုး အဖွားတို့သည် မြန်မာပြည်မှ ထွက်ခွာလာခဲ့ကာအခြားနိုင်ငံတစ်နိုင်ငံ၌ အခြေစိုက်ခဲ့သည်။ အကျွန်ုပ်၏ အဖေနှင့်အမေတို့သည်လည်း မြန်မာပြည်ဖွားများ မဟုတ်ကြတော့။ သို့သော်လည်း အခြားနိုင်ငံ၌ နေကြသော်လည်း မြန်မာပြည်ကို တမ်းတမ်းတတရှိနေကြာကာ ဤအချိန်၌ ဘာပွဲ၊ ဤအချိန်၌ ဘာသဘင်စသည်ဖြင့် ရည်မှန်းပြောဆိုနေကြမြဖြစ်၍ အကျွန်ုပ်ငယ်စဉ် လူမှန်းသိတတ်စကပင် ငါသည် မြန်မာလူမျိုး၊ မြန်မာပြည်၌ ရန်ကုန်မြို့ရှိသည်၊ မန္တလေးမြို့ရှိသည်၊ ရွှေတိဂုံဘုရားဆိုတာရှိသည်၊ မဟာမြတ်မုနိဘုရားဆိုတာ ရှိသည်၊ ရဟန်းသံဃာတော်တွေ အပြည့်ရှိသည်၊ သာယာသည်၊ ဝပြောသည်၊ မြန်မာလူမျိုးတွေ ပျော်ရွှင်တတ်ကြသည်၊ ဒါနသီလ ဘာဝနာတို့ကို ပြုလုပ်ဆောက်တည် ပွားများနေတတ်ကြသည်ဟု သိနေပါသည်။ သို့နှင့် အကျွန်ုပ် မသေမီမြန်မာနိုင်ငံဆိုတာကိုတော့ ရောက်ဖူးအောင်သွားကို သွားမည်ဟု အားခဲထားခဲ့ပါသည်။

သို့နှင့် အကျွန်ုပ် အသက်ခြောက်ဆယ်ကျော်အရွယ် ၁၉၉၈ ခုနှစ်တွင်မှ ဆန္ဒပြည့်ဝကာ မြန်မာနိုင်ငံအစိုးရ၏ တံခါးဖွင့်ဝါဒ ဈေးကွက်စီးပွားရေးစနစ်အရ၊ ရန်ကုန်တွင် ကုမ္ပဏီတစ်ခုနှင့် မန္တလေးတွင် ကုမ္ပဏီခွဲတစ်ခုတည်ထောင်ပြီးနောက်၊ ထိုကုမ္ပဏီကိစ္စဖြင့် အကျွန်ုပ်အား ကုမ္ပဏီကစေလွှတ်သဖြင့် မြန်မာနိုင်ငံသို့ ရောက်လာခဲ့ပါသည်။

ပထမရန်ကုန်မြို့ -

မင်္ဂလာဒုံလေဆိပ်မှ လေယာဉ်ဆင်းပြီးနောက် မိမိဆိုင်ရာ ပစ္စည်းများကို ထုတ်ယူပြီးနောက် ကုမ္ပဏီမှလာကြိုသောကားဖြင့် ရန်ကုန်မြို့တွင်းသို့ ဝင်ခဲ့သည်။

တိုက်တာကြီးတို့ဖြင့် စည်ကားလှသော ရန်ကုန်မြို့အတွင်းသို့ ရောက်ပါပြီ၊ ရန်ကုန်တွင် နိုင်ငံရပ်ခြား ဘာသာရေး အဆောက်အအုံကြီးများသာ ဖုံးလွှမ်းနေသည်၊ လမ်းတိုင်း လမ်းတိုင်းတွင် ကြီးမားသော အခြား ဘာသာရေးကျောင်းကြီးများ၊ အသင်းအဖွဲ့ဆိုင်းဘုတ်များ၊ ၎င်းတို့ ဘာသာရေးခေါင်းဆောင်များကို သူတို့ဆိုင်ရာ ဝတ်ရုံများနှင့် နေရာမရွေးတွေ့နေရသည်။ ဗုဒ္ဓဘာသာနှင့်ဆိုင်ရာ ကျောင်းကန်ဘုရားဆိုတာတွေက ဘယ်မှာနည်း၊ သို့နှင့် အကျွန်ုပ်သည် ကုမ္ပဏီမှ လာရောက်ကြိုဆိုသူအား မေးမိသည်၊ "ရန်ကုန်မှာ နာမည်ကြီးလှတဲ့ ရွှေတိဂုံဘုရားဆိုတာ ဘယ်မှာလဲ"၊ "တွေ့မှာပါ ဒီကား အဲဒီနားက ဖြတ်သွားမှာဘဲ" ဟု လက်ညှိုးထိုးပြပါသည်။

"ဟင်" အကျွန်ုပ် အံ့အားသင့်သွားသည်၊ ဘုရားစေတီကြီးကတော့ ကြီးပါသည်။ ရွှေလုံးဝမရှိ မည်းညစ်နေသည်၊ တန်ဆောင်းဆိုတာတွေကလည်း အဖျားမရှိ၊ ကျိုးပဲ့ပြတ်ကျနေသည်၊ ကုန်းတစ်ခုလုံး တောဖုံးနေသည် အနီးပတ်ဝန်းကျင်က အခြားဘာသာရေး အဆောက်အအုံများ လှပကြီးကျယ်သလောက် ဗုဒ္ဓဘာသာဆိုင်ရာများက အစုပ်အပဲ့ ဖြစ်နေသည်ကို တွေ့ရသည်။

"နေပါအုံး ဘုန်းကြီးကျောင်းဆိုတာတွေကကော"

"အဲသည် တဲတွေပေါ့၊ ကောင်းကောင်း မရှိတော့ဘူးလေ၊ ဘာသာခြားတွေ အုပ်စိုးသွားပြီ၊ ဘုန်းကြီးဆိုတာတွေလဲ ဦးရေနည်းနည်းဘဲ ရှိတော့တယ်၊ အများအားဖြင့် အင်္ဂလိပ်ကျောင်းတွေထောင် စာသင်ဆရာတွေလုပ်နေကြတယ်၊ ဟိုတုန်းကလို လှူသူတန်းသူလည်း သိပ်ရှိကြတာ မဟုတ်တော့ ကိုယ့်ဟာကိုယ်ရှာစားနေကြရတာပေါ့၊ တစ်ချို့ လခစားလုပ်ပြီး နေတယ်"

"အို သည်လောက်တောင်လား"

"ဟုတ်တယ် ..... ဘုန်းကြီးစာမတတ်ကျတော့ အင်္ဂလိပ်စာသင်ကျောင်းတက် ဘွဲ့ယူ အလုပ်လုပ်ကြတာပေါ့"

"ဩော် ..... အထင်နှင့် အမြင်လွဲလေစွ"

သို့နှင့် အကျွန်ုပ်သည် ကုမ္ဗဏီသို့ ရောက်၍ ဆိုင်ရာကိစ္စများကို ဆောင်ရွက်ပြီး နောက် မန္တလေးသို့သွားရန် ရောက်လာသည်။ မန္တလေးသို့လည်း လေယာဉ်နှင့်ပင်သွားသည်။ မန္တလေးကုမ္ပဏီမှကားက ချမ်းမြသာစည် လေဆိပ်သို့ လာ၍ကြိုသည်။ သို့နှင့် မန္တလေးမြို့တွင်းသို့ ရောက်ခဲ့သည်။

အလိုလေး ..... များလိုက်ပါဘိ၊ ဘာသာခြားအဆောက်အဦးတွေ၊ အသင်းအဖွဲ့တွေ၊ သို့နှင့် အကျွန်ုပ်က လာကြိုသူအား မဟာမြတ်မုနိဘုရားကြီးဆိုတာ ဖူးချင်သည်ဟု ပြောရာ ထိုသူ၏ ပြောပြချက်မှာ ကြေကွဲဝမ်းနည်းဖွယ်ပင် ဖြစ်သည်။

"ဘုရားကြီး ပြသာဒ်ကျောင်းတော်ကြီးဆိုတာလည်း ဟိုနှစ်တစ်ရာလောက်က မီးလောင်ပျက်စီးသွားပြီး ပြန်မတည်ဆောက်နိုင်ဘူးလေ၊ ဘုရားကြီးဆိုတာ ကြေးတုံး သံတုံးကြီးအတိုင်း မည်းလို့ပေါ့၊ ဘယ်သူကမှလည်း ရွှေချခြင်း၊ ပြုပြင်ခြင်းမရှိတော့ ခုဆိုကျီးနှင့် ဖုတ်ဖုက်ဆိုတာလို လူသွား လူလာလည်း မရှိတော့ဘူးလေ၊ ရှေးကဘုန်းကြီးကျောင်းတွေ၊ တိုက်တာကြီးတွေ၊ ဘုရားကျောင်းဆိုတာတွေလည်း ခုဆို ဘာသာခြား ကျောင်းတွေ ဘုရားတွေ ဖြစ်ကုန်ပြီလေ၊ ဗုဒ္ဓဘာသာဆိုတာ နာမည်ဘဲ ရှိတော့တယ်၊ ရှေ့ဆောင်မည့် သာသနာပြု ဗုဒ္ဓစာပေတတ်ကျွမ်းတဲ့ ဘုန်းကြီးတွေမှ မရှိတော့ဘဲ ဘယ်မှာ ဗုဒ္ဓဘာသာကြီးပွားနိုင်တော့မှာလည်း၊ တစ်ခြားဘာသာတွေကသိပ်တတ်၊ သိပ်တော်တဲ့ ခေါင်းဆောင်တွေ ရှိတော့ တိုးတက်တာပေါ့" ဟု ပြောပြပါလေသည်။ သို့နှင့် အကျွန်ုပ်သည် ကုမ္ပဏီသို့ ရောက်သောအခါ အချိန်လည်း မှဲ့သဖြင့် စိတ်ပျက် လက်ပျက်အိပ်ပစ်လိုက်ပါသည်။"

"ယင်းသို့ သာသနာတော်မှေးမှိန်လာပြီးနောက် (၁၃) နှစ်ခန့်ရောက်သောအခါ သာသနာတော်သုံးရပ်အနက် ပရိယတ္တိသာသနာကွယ်ပျောက်လျှင် ပဋိပတ္တိအကျင့်လမ်းစဉ်လည်း ကွယ်ပျောက်၍ ပဋိဝေဓဆိုသည့် မဂ် ဖိုလ် နိဗ္ဗာန်သို့လည်း မရောက်နိုင်တော့ဘဲ သာသနာတော်ကွယ်ပျောက်ရမြဲဖြစ်ရာ၊ သာသနာတော်သုံးရပ်၏ပင်မဖြစ်သော ပရိယတ္တိသာသနာ မကွယ်ပျောက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည့်အလျှောက်ရာဇဂုရုဘွဲ့တံဆိပ်တော်ရ မိုးထား သာသနာပိုင်ဆရာတော်ဘုရားကြီးအမှူးရှိသော ဆရာတော် (၁၈) ပါးတို့၏ ဩဝါဒကို ခံယူကြကာ မန္တလေးမြို့၊ ဆိုင်းတန်းရပ် ပွဲစားကြီး ဦးထွန်း၊ ရုံးစာရေးကြီး ဦးခင် စသော သာသနာပြု ပုဂ္ဂိုလ်ကြီး (၁၂) ဦးတို့ ဦးစီးဦးဆောင်ပြုလျက် ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့မှာ ပရိယတ္တိသာသနာတော်အကျိုးစီးပွားကို ဆောင်ရွက်ပြုစုနိုင်ရန် ဤပရိယတ္တိသာသနဟိတအသင်းကြီးကို စတင်တည်ထောင်နိုင်ခဲ့ကြပေသည်။"

(ယင်းစာအုပ်နိဒါန်း ဒုတိယပိုဒ်)

"ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အသင်းအဖွဲ့ တစ်ခုတစ်ရာ၏ ကျေးဇူးကို သိလိုလျှင် ယင်းကို ဖျောက်ဖျက်ကြည့်ပါ" ဟူသော စကားအရ စာရေးသူသည် ရာပြည့်သာသနဟိတ ပရိယတ္တိအသင်းကြီး၏ ကျေးဇူးကိုသိရန် လွန်ခဲ့သော နှစ်တစ်ရာ (၁၂၆၀-ဝါဆိုလပြည့်) က ဤအသင်းကြီး မပေါ်ပေါက်ခဲ့ဘူးဆိုလျှင် ........

ဤအတွေးကြောင့် အလက်ဖေါ်ပြပါ (........) ထောင့်ကွင်းအတွင်းမှ စာသားများကို ဖန်တီးလိုက်မိသည်။

ဤထောင့်ကွင်းအတွင်းရှိ စာသားများကား စိတ်ကူးသက်သက်ဖြင့် ဖန်တီးပေါ်ထွက်လာခြင်းမဟုတ်၊ ထေရဝါဒငါးနိုင်ငံအတွင်းရှိ နိုင်ငံတစ်နိုင်ငံ၌ အမှန်ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်ကို မှီ၍ အကယ်၍သာ မြန်မာနိုင်ငံ၌ ထီးကျိုးစည်ပေါက် သာသနာပြုမင်းကွယ်ပျောက်ခဲ့စဉ် ပရိယတ္တိသာသနဟိတအသင်းကြီးသာ မပေါ်ပေါက်ခဲ့လျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးအား ပိဋကတ္တယဝိဒူ ရတ္တညူ ကာလညူ မေဓာ ရှေ့ဆောင်ထိပ်ခေါင် သံဃာတော်အရှင်မြတ်များ ကင်းမဲ့သဖြင့် ပဲ့ကိုင်မည့်သူ မပါသောလှေကဲ့သို့ ဤမြန်မာ့သာသနာတော်ကြီးသည် လေသင့်ရာသို့ မျောပါသွား နိုင်ပါလေ၏။

ဖေါ်ပြပါ ထေရဝါဒနိုင်ငံကြီးသား မိတ်ဆွေတစ်ဦးက ဤသို့ ပြောခဲ့ဘူးပါသည်။ "မိတ်ဆွေတို့ မြန်မာနိုင်ငံက စာတတ် ပေတတ် ပညာတတ်သံဃာတော်များက သာသနာရေးမှာ ရှေ့ဆောင်ရှေ့ရွက်ပြုနေတော့ သာသနာတိုးတက်တာပေါ့၊ ကျွန်ုပ်တို့နိုင်ငံမှာ စာတတ် ပေတတ် ပိဋကတ်တတ် ပုဂ္ဂိုလ်ရှားပြီး ရှေ့ဆောင်သံဃာတော်တွေကလည်း ပါဠိ ပိဋကတ်ကို အင်္ဂလိပ်စာပေလောက် တန်ဖိုးမထားကြတော့ သာသနာရေးမှာ ရှေ့ဆောင်ရှေ့ရွက်မပြုနိုင်ခဲ့ဘူး၊ ကြည့်လေ မြန်မာနိုင်ငံကို ကျွန်ုပ်ကြည့်တယ်၊ လေကြောင်း ရေကြောင်း ကုန်းကြောင်း ဘယ်ကလာလာ ရန်ကုန်ကို အဝေးကကြည့်လိုက်လျှင် ရွှေတိဂုံစေတီတော်ကြီးကို ရွှေရောင်တဝင်းဝင်းနှင့် ထင်ထင်ကြီး ဖူးမြော်ရတယ်၊ ကျွန်ုပ်တို့နိုင်ငံကို အဲဒီလို ကြည့်လိုက်လျှင် သူတို့ ဘာသာရေး အဆောက်အဦး

ကြီးကိုဘဲ အဝေးကမြင်ရတယ်၊ ဗုဒ္ဓဘာသာအဆောက်အဦးတွေဆိုတာ အကြိုအကြား ရောက်နေတယ်၊ နောက်အတန်ကြာမှ မိတ်ဆွေတို့ နိုင်ငံကသာသနာရေး ဆိုင်ရာ အထောက်အကူတွေ ရလာလို့ ဗုဒ္ဓဘာသာ မပျောက်ရတာပေါ့" ဟု ဆိုလေသည်။

ဟုတ်ပါသည် ...... အကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ ဘာသာရေးကိစ္စဟူသမျှဝယ် နိုင်ငံတော်အစိုးရသည်လည်းကောင်း၊ အသင်းအဖွဲ့ဆိုင်ရာ လူကြီးတို့သည်လည်းကောင်း၊ ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၏ ဩဝါဒကိုမခံယူဘဲ လုပ်လေ့မရှိကြပေ။ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများဟူသည်မှာလည်း ဝိဋကတ္တယဆေတဂန္ထန္တရ ပါရဂူကြီးများသာ ဖြစ်ကြ၏။ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ စေတီယင်္ဂဏဓမ္မာစရိယ သာသနဓဇသိရီပဝရဓမ္မာစရိယအဘိဝံသဘွဲ့ထူးရ ထိပ်ထိပ်ကြဲ ဆရာတော်ကြီးများသာဖြစ်ကြ၍ အမှားအယွင်းမရှိ ရှေ့ဆောင်တော်မူနိုင်ကြပေသည်။ မြန်မာနိုင်ငံတော်တွင် ဆဋ္ဌသံဂါယနာတင်လို ပွဲကြီးများ၊ ဂိုဏ်းပေါင်းစုံ သံဃမဟာနာယကလို အဖွဲ့အစည်းကြီးများတွင် ရှေ့ဆောင် ရှေ့ရွက်ပြုတော်မူခဲ့ကြသည်မှာလည်း ဤကဲ့သို့သာသနာတော်ဆိုင်ရာ ဘွဲ့ထူး ဂုဏ်ထူးရ ဆရာတော်ကြီးများပင် ဖြစ်ပါသည်။

ဤလို ဆရာတော်ကြီးများကိုလည်း ရာပြည့်သက်တမ်းကို လျှောက်လှမ်း၍လာခဲ့သည့် ဤပရိယတ္တိသာသနဟိတအသင်းကြီးတို့လို အသင်းကြီးများက ဖော်ထုတ်ပေးခဲ့ကြသည်။

၁၂၆၇ ခုနှစ်မှစ၍ ပရိယတ္တိသီးခြားစာချတန်းကို စတင်ကျင်းပခဲ့ကြ၏။ ယခု ၁၃၅၆ ခုနှစ်၊ နယုန်လအထိ ကျင်းပခဲ့သည့် အကြိမ်ပေါင်း (၈၈) ကြိမ်ရှိရာ ပရိယတ္တိသီးခြားစာချတန်းအောင်မြင်ပြီး ပုဂ္ဂိုလ်အရေအတွက်မှာ (၃၂၄) ပါးရှိသည်ဟု သိရ၏။ ဤအသင်းမှ စာချတန်းအောင်မြင်ပြီး ဆရာတော်များသည် နိုင်ငံခြားတိုင်းပြည်များ အပါအဝင် မြန်မာပြည်အနယ်နယ်အရပ်ရပ်၌ ရှေ့တန်းမှနေ၍ သာသနာတော်ကို ဦးဆောင်ပြုလျှက်ရှိကြ၏။ (ယင်းကျမ်းနှာ-၂)

ဤအသင်းကြီး၏ သက်တမ်းနှစ် (၁၀၀) အတွင်း လျှောက်လှမ်းခဲ့သော သာသနာပြုခရီးတွင် သာသနာလင်္ကာရ သာမဏေကျော်များ သီးခြားစာသင်တန်းအောင်နှင့် စာချတန်းအောင်ပုဂ္ဂိုလ်များ၊ ဓမ္မာစရိယဝင်္ဂသကာအရှင်များနှင့် ဤအသင်းကြီး၏ စာမေးပွဲအဆင့်အတန်းများမှ တစ်ဆင့် တိပိဋကရေဓမ္မဘဏ္ဍာဂါရိကအထိ တက်ရောက်သွားကြသော မဟာထေရ်ကြီးတို့၏ မြန်မာနိုင်ငံ သာသနာရေးဆောင်ရွက်ချက်တို့ကား ထူးမြတ်လှပေစွ။ မိုးထားသာသနာပိုင်ဆရာတော် စသောမထေရ်မြတ်ကြီး (၁၈) ပါးသော ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပွဲစားကြီး ဦးထွန်း စသော ဦးစီးခေါင်းဆောင် အသင်းလူကြီး (၁၂) ဦးစသော ပုဂ္ဂိုလ်ကြီးများနှင့် ယခုရာပြည့်အထိ အသင်းကြီးကို ဦးဆောင်နေကြသည့် သာသနာပြုပုဂ္ဂိုလ်ကျော် ဆရာတော်များနှင့် ဥပသကာ ဒါယကာကြီးတို့၏ ကျေးဇူးကား ကြီးမားလှပေစွ၊ မြန်မာ့သာသနာ ရွှေဝါရောင်ဝင်းထွန်းလင်းတောက်ကြွား ပြန့်ပွားကြီးကျယ် ကမ္ဘာ့အလယ်တွင် တင့်တယ်၍ နေသမျှ ဤပုဂ္ဂိုလ်ကြီးတို့အား မမေ့ဘယ်ခါ လေးစားစွာဖြင့် ဂုဏ်ပြု၍ နေရမည်သာ ဖြစ်ပါတော့သည်။

ရဝေထွန်း

# ဒီအရှင်မျိုး အများကြီးလိုပါသည်

ဉာဏ်ထွန်း

အထက်ပါ ဆောင်းပါးခေါင်းစဉ်ကို ဖတ်လိုက်ရသူတိုင်း အဘို့ "ဘယ်လိုအရှင်မျိုး သိမ့်" ဟူသော စဉ်းစားတွေးခေါ် သိလို စိတ်များ ဖြစ်ပေါ်လာမည်မှာ အမှန်ဖြစ်ပါသည်။

တို့အရှင်ကား ပရိယတ္တိ၌ တော်လွန်း၍ ပဋိပတ္တိ၌ ကျော်လွန်းသည့် ပုဂ္ဂိုလ်တော့ မဟုတ်ပါ။

သို့သော် အသင်းကြီးအတွက် မည်သည့် ရဟန်း ပုဂ္ဂိုလ်တစ်ပါးမျှ မဆောင်ရွက်နိုင်သေးသည့် တာဝန်ကြီးတစ်ရပ်ကို အကြံကပေါ်၊ စေတနာကန္နီးဆော်၊ သဒ္ဓါတရားက မိုးပေါ်၊ လုံ့လဝီရိယက ဖြိုးမော်လျှက် မိမိမြို့နယ်များအတွင်း စေတနာရှင် ပါရမီရှင် ဒါယကာ ဒါယိကာမများထံမှ စပါးပေါ်ချိန် ဆန်ပေါ်ချိန် အခါများ၌ ဆွမ်းဆန်တော်များ အလှူခံကာ အသင်းကြီး၏ ကိုးကွယ်ခံ ဆရာတော် သံဃာတော်များအား လှူဒါန်းနိုင်ရန် နှစ်စဉ် ရည်သန်ပေးပို့လျှက်ရှိသော ဧရာဝတီတိုင်း ငပုတောမြို့နယ်၊ ပြင်ခရိုင်ရွာမှ ဆရာတော်အရှင် တေဇဝန္တပင် ဖြစ်ပါသည်။

အရှင်တေဇဝန္တကား မည်သူ တစ်ဦးတစ်ယောက်ကမျှ တိုက်တွန်းနှိုးဆော်၍ မဟုတ်ဘဲ မိမိအသိ၊ မိမိဆန္ဒ၊ မိမိစေတနာ၊ မိမိသဒ္ဓါ၊ မိမိလုံ့လဝီရိယတို့ဖြင့် အထက်ပါ တာဝန်ကြီးကို ဆောင်ရွက်ပေးနိုင်ရန် အသင်းကြီးနှင့် ဆက်သွယ်လာခဲ့သော သဒ္ဓါရမဲ့ ပုဂ္ဂိုလ်တစ်ပါးသာ ဖြစ်ပါသည်။

ထိုအရှင်၏ အသိ, ဆန္ဒ, စေတနာ, သဒ္ဓါ, လုံ့လဝီရိယတို့ ကြောင့် ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်မှ နှစ်စဉ် ဆန်တော် တင်းပေါင်း (၃၀၀) ကျော်ခန့်ကို ထောက်ပံ့ရရှိခဲ့ပါသည်။

ရင်းဆန်တော်များဖြင့် မန္တလေးမြို့တော်၌ ပရိယတ္တိတာဝန် (ဂန္ထဓုရ) ထမ်းဆောင်နေကြသော အသင်းကြီးကိုးကွယ်ခံ ဆရာတော် သံဃာတော်များအား ဖြည့်ဖွက် လှူဒါန်းရသည့်အတွက်လည်း အဆိုပါ အရှင်တေဇဝန္တအဘို့ ဆွမ်းအကျိုးငါးမျိုးနှင့်တကွ လောကသံသရာ နှစ်ဖြာသောဘဝတို့၌ သူမတူသောအကျိုးများကိုရမည်မှာ မြေကြီးလက်ခပ်မလွဲပင် ဖြစ်ပါသည်။

မှန်ပါသည်။ ထိုအရှင်၏ ဆန်တော်များကို သုံးဆောင်နေကြသည့် ဆရာတော် သံဃာတော်များကား သာမန်နေ သာမန်ပြော သာမန်လုပ် ဆိုသည့် ပုဂ္ဂိုလ်များ မဟုတ်ကြပါ။ တကယ့်ကို ပရိယတ္တိသာ သနာတော်ကြီးအတွက် (သို့မဟုတ်) အသင်းကြီးအတွက် ပရိယတ္တိမျိုးနွယ်ဆက်များ အစဉ်ပြတ်မသွားစေရန် နေ့မအား ညမနား စာပေကျမ်းဂန်များကို ပို့ချသင်ကြားနာယူ ကျက်မှတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ဖြင့်သာ ပျော်မွေ့နေကြသည့် ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

အဆိုပါ ပုဂ္ဂိုလ်များ သာသနာ့တာဝန် (သာသနဓုရ) ထမ်းဆောင်နိုင်ရန် လိုအပ်သော ပစ္စည်းလေးပါးတို့အနက် "ဆွမ်း" ကား နေ့စဉ်နှင့်အမျှ တတ်နိုင်ပါက တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် လိုအပ်နေသော အဓိက ပစ္စည်းတစ်ပါးပင် မဟုတ်ပါလား။

အသင်းကြီးမှ "ဆွမ်း" ဆန်တော်များကို လစဉ် တတ်အားသမျှ လှူဒါန်းနိုင်ခဲ့သော်လည်း လုံးဝပြည့်စုံသည်ဟုကား မဆိုနိုင်ပါ အမြဲပင် လိုအပ်လျက်ရှိနေမည်သာ ဖြစ်ပါသည်။

အထက်ပါ လိုအပ်ချက်ကို အရှင်တေဇဝန္တက တတပ်တအား ဖြည့်စွမ်းပေးနေသည့်အတွက် ထိုအရှင်အား အသင်းကြီးအနေဖြင့် ဂုဏ်မပြုဘဲ မချီးကျူးဘဲ မှတ်တမ်းမတင်ဘဲ နေ၍ တာဝန်ကြေမည် မဟုတ်ပါ။

သို့အတွက် အရှင်တေဇဝန္တ တစ်ပါးတည်းသာမက အရှင်လို ပုဂ္ဂိုလ်မျိုး အသင်းကြီးအတွက် (ဝါ) သာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားတည်တံ့နိုင်ရေးအတွက် အများကြီး လိုအပ်ပါကြောင်း တင်ပြလျှောက်ထားအပ်ပါသည်ဘုရား။

## အရှင်တေဇဝန္တ၏ ထေရုပ္ပတ္တိအကျဉ်း

### မွေးဖွားခြင်း

အရှင်တေဇဝန္တသည် ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်ရွာ အဖ ဦးဘူးကျား-အမိ ဒေါ်ရာနီ တို့မှ ၁၃၂၂ ခု၊ ကဆုန်လဆန်း (၆) ရက်၊ စနေနေ့တွင် ဖွားမြင်ခဲ့ပြီး မွေးချင်း (၁၂) ယောက်တို့အနက် စတုတ္ထမြောက် သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

၁၃၄၂ ခု၊ ကဆုန်လဆန်း (၁) ရက်၊ တနင်္လာနေ့တွင် ပြင်ခရိုင်ရွာ မြောက်ကျောင်းတိုက် ခဏ္ဍာသိမ်ဝယ် ကျေးလူရှင် မြောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပညာများသင်ကြားခြင်း**

ငယ်စဉ်မှစ၍ လောကီပညာ၊ အခြေခံပညာ၊ အထက်တန်းအထိ သင်ကြားခဲ့ပြီး လောကုတ္တရာ အခြေခံမှစ၍ အဆင့်မြင့်အထိ ဖော်ပြပါ ကျောင်းတိုက်များတွင် ဆရာတော်များထံ၌ ဆက်လက်သင်ယူခဲ့ပါသည်။

**ကျောင်းတိုက်များ**

ပြင်ခရိုင်ရွာ၊ မြောက်ကျောင်းတိုက်၊ ပုသိမ်မြို့ ရွှေကျောင်းတိုက်၊ မြောင်းမြမြို့ ဇေယျမေဒနီ စာသင်တိုက်၊ မော်လမြိုင်မြို့ မင်းကျောင်းစာသင်တိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း၊ တိုက်သစ်၊ မဟာဝေယံဘုံသာတိုက်၊ လေသာတိုက်၊ ရန်ကုန်မြို့ ရွာမ ပရိယတ္တိ စာသင်တိုက် တို့ဖြစ်ပါသည်။

**ဆရာတော်များ**

ဘဒ္ဒန္တကုသလ, ဦးနန္ဒောဘာသ, ဦးပညာဇောတ, ဦးနာဂိန္ဒ, ဦးကုမာရာဘိဝံသ, ဦးခေမိကာဘိဝံသ, ဦးရာဇိန္ဒာဘိဝံသ, ဦးဝေပုလ္လ, ဦးကောဝိဒါဘိဝံသ, ဦးပညာသာမီဘိဝံသ, ဦးဝါသေဋ္ဌာဘိဝံသ, ဦးကေသရာဘိဝံသ, ဦးရာဇိန္ဒ, ဦးသူရိယာဘိဝံသ, (ဝင့်သကာ) ဦးပဏ္ဍိစ္စာဘိဝံသ, ဦးသုမနာဘိဝံသ (ပါဠိပါရဂူ), ဦးသုနန္ဒာဘိဝံသ, ဦးတိလောကာဘိဝံသ နှင့် ဇေရာဝတီတိုင်း၊ ငပုတောမြို့နယ် ပြင်ခရိုင်ရွာ မဟာဓမ္မိကာရုံ ကွင်းကျောင်းတိုက်၊ မစိုးရိမ်ရူပသိဒ္ဓိ အဖြေကျမ်းနှင့် မစိုးရိမ်ဋီကာကျော် အဖြေကျမ်းပြု စံဝတီဆရာတော် ဦးသုဇာတာလင်္ကာရ တို့ ဖြစ်ကြပါသည်။

**အောင်မြင်ခဲ့သော စာမေးပွဲများ**

ပုသိမ်မြို့၊ ဝိနယာဓိကအမျိုးသား စာမေးပွဲ အငယ်တန်း၊ မြောင်းမြမြို့ ဇေယျမေဒနီတိုက် ဂဏဝါစက အငယ်တန်း၊ အလတ်တန်း၊ မော်လမြိုင်ကျွန်းမြို့ သာသနာ့ပါလ ဝိနယ အငယ်တန်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့ မင်းကျောင်း ပရိယတ္တိသာသနဟိတကာရီ အလတ်တန်း+သုသမာစာရ အငယ်တန်း၊ မန္တလေးမြို့ မဟာဝေယံဘုံသာ ပရိယတ္တိသဒ္ဓမ္မပါလ အလတ်တန်းနှင့် အပိုးရမူလတန်း၊ အငယ်တန်း၊ အလတ်တန်းတို့ကို အောင်မြင်ခဲ့ပါသည်။

**ယခုလက်ရှိ**

ယခုအခါ မဟာဝေယံဘုံသာကျောင်းတိုက်၊ အလယ်တိုက် ဆရာတော်ဘဒ္ဒန္တဇောတိပါလထံတွင် ချဉ်းကပ်နေထိုင်ယင်း ပရိယတ္တိစာပေများကို ဆက်လက် သင်ကြားလျက် ရှိပါသည်။

**ဉာဏ်ထွန်း**

**အလုပ်အဖွဲ့ဆောင်**



# နိကာယ် စာတော်ပြန်ပွဲ အတိတ်သမိုင်းကို ပြန်ကြည့်ခြင်း

"ဒို့ ပရိယတ္တိသာသနာ့ဗာပေနယ်ပယ်မှာ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သဒ္ဒါ သင်္ဂြိုလ်ဆိုတဲ့ ငရုတ်သီးထောင်း၊ ချဉ်ပေါင်ရွက်ဟင်းနဲ့ ထမင်းကြမ်းကို အယပ်ထပ်စားကြလို့ ဗိုက်တွေ ဘာတွေ လဲတင်း၊ လေနာတွေ ဘာတွေလဲ စွဲကုန်ရော .... ဟိုးဘက်ကြတော့မှ မြတ်စွာဘုရားရဲ့ သီလနဲ့စပ်သော၊ သမာဓိနဲ့စပ်သော၊ ပညာနဲ့စပ်သော ဘုရားစကားတော်တွေဆိုတဲ့ နိကာယ်ငါးရပ် ပါဠိပိဋကတ်သုံးပုံတည်းဟူသော အလွန်ကောင်းတဲ့ ခဲဘွယ်ဘောဇဉ်များနဲ့ အကောင်းဆုံးပြင်ထားတဲ့ ဆွမ်းပွဲကြီး သွားပြီးတွေ့ကြတဲ့ အခါကြတော့ တစ်ချို့က လေနာလို့၊ တစ်ချို့က ဗိုက်တင်းနေလို့ မစားနိုင်ဘဲ ဖြစ်ကြရတယ်။ ဒါဟာ ဒို့အတွက် ဆုံးရှုံးရခြင်း တစ်ရပ်ဘဲလို့ ဘုန်းကြီးတို့ ငယ်ငယ်က ပခုက္ကူဆရာတော်ဘုရားကြီး အမိန့်ရှိဘာ ကြားရဘူးတယ်"။

ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အောင်မြင်ပြတ်သားလှတဲ့ အသံတော်ဟာ ကက်ဆက်ခွေထဲကတစ်ဆင့် ထွက်ပေါ်လာပါတယ်၊ ပထမအကြိမ် နိကာယ်စာတော်ပြန်ပွဲ ကျင်းပပြီးလို့ ဦးသာဌေး+ဒေါ်သန်းမိသားစုရဲ့ နိကာယ်သာသနာပြု အလှူ ရေစက်ချ တရားခွေကို ပြန်ဖွင့်ပြီး နားထောင်နေမိခြင်းပါ။

ကျေးဇူးရှင် မိဘများ ပဓာနပြုပြီး ပစ္စယာနုဂ္ဂဟ တာဝန်ယူလှူဒါန်းသွားတဲ့ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း နိကာယ်စာတော်ပြန်ပွဲအတွက် သမီး၊ သား၊ မြေး၊ မြစ်များက ငွေပဒေသာပင် စိုက်ထူတဲ့ အလှူပွဲမှာ အသင်းဥက္ကဋ္ဌကြီးနဲ့တကွ အသင်းလူကြီးများက အသင်းရာပြည့်အထိမ်းအမှတ်စာစောင်မှာ နိကာယ်စာတော်ပြန်ပွဲနဲ့ ပတ်သက်လို့ အကြောင်းအရာတစ်ခု ရေးပေးဖို့ ဖမင်ဖြစ်သူ ဦးမောင်မောင်တင် ကတစ်ဆင့် ပြောလာပါတယ်၊ ဘဘ (အဖိုး ဦးသာဌေးကို ကျွန်တော်တို့ မြေးများက အဘလို့ ခေါ်ကြပါတယ်) က နိကာယ်စာတော်ပြန်ပွဲ ဆယ်နှစ်ပြည့်စဉ်က အထိမ်းအမှတ်စာစောင်တစ်ခု လုပ်နိုင်းလို့ လုပ်ပေးခဲ့ဘူးတဲ့အကြောင်းလေးကလည်း ရှိခဲ့တာကိုး။

ဒါ့ကြောင့် ဓာတ်ပုံအဟောင်းတွေ ပြန်ကြည့်၊ စာအုပ်တွေ ပြန်လှန်၊ ကောင်းမှုပြုတိုင်း သွင်းထားလေ့ရှိတဲ့ ဘဘရဲ့ ကုသိုလ်ရေစက်ချတရားခွေထဲက နိကာယ် ရေစက်ချတရားခွေကို ထုတ်ပြီး ဖွင့်လိုက်ရာမှ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ တရားသံ ထွက်ပေါ်လာခြင်းပါ။

နိကာယ်စာတော်ပြန်ပွဲနဲ့ ပတ်သက်ပြီး ပြန်စဉ်းစားမိပါတယ်။

မြန်မာမှာသာမက ကမ္ဘာ့သစ်လောကအထိ "သစ်မှာ သာဌေး" ဆိုတဲ့ စကားအတိုင်း တွင်လာအောင် လှုပ်ရှား ရုန်းကန်နေခဲ့တဲ့ ဘဘရဲ့ ခန္ဓာကိုယ်နဲ့ ဦးနှောက်ကို ပိုင်ဆိုင် လုပ်ကိုင်နေတဲ့ လုပ်ငန်းကြီးတွေ၊ ငွေကြေးဓန ဥစ္စာတွေထဲကနေ ဘာသာသာသနာရေး၊ လူမှုရေးတွေဘက် ကောင်းသောပြောင်းခြင်းနဲ့ ပြောင်းလဲသွားအောင် အဲဒီကာလ ကျင့်သုံးခဲ့တဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်က ပို့ချပေးခဲ့တဲ့အချိန်ပေါ့။

မြေးကလဲ မြေးဦးဖြစ်ပြန်၊ ပိစိကွေးကလေးပေါက်စက တည်းက အဖေ အမေနဲ့ အတူမနေဘဲ အဖိုး အဖွားနဲ့နေ၊ လက်ပေါ်ကြီး၊ သွားရာလိုက်ဆိုတော့ နိကာယ်စာတော်ပြန်ပွဲကြီး သန္ဓေတည်ဖို့ရာ အကြောင်းဆုံလာတဲ့ ရက်တစ်ရက်မှာ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မစိုးရိမ်တိုက်သစ်ဆီကို ဘဘနဲ့ ရောက်ခဲ့ပါတော့တယ်။

တစ်ပါတ် တစ်ခေါက်လောက်ရောက်၊ ပစ္စုပ္ပန် သံသရာအကျိုးများမည့် ထွေရာ လေးပါး စကားများ လျှောက်ထားနေကြအတိုင်း လျှောက်ထားပြောဆို ဖြစ်ကြပါတယ်။ ဘဘက ပရိယတ္တိသာသနဟိတအသင်း မလွန် ပိမာန်မှာ လှူဒါန်းထားတဲ့ ဓာတ်လှေကားကနေ တစ်နှစ်ကို ခလှူငွေ (၇၀၀၀ိ) လောက်ရတဲ့အကြောင်း လျှောက်သားဖြစ်ပါတယ်။ (အဲဒီအချိန်တုန်းက မန္တလေးမှာ အပြင်လူတွေ သုံးလို့ရတဲ့ ဓာတ်လှေခါးဆိုတာ ဒီဗိမာန်မှာသာ ရှိပါတယ်။ မန္တလေး ပြည်သူ့ဆေးရုံကြီးမှာရှိတဲ့ ဓာတ်လှေခါးကတော့ ဆေးရုံအတွက်သာ သုံးရတာကိုး၊ ဒီတော့ နယ်က တောသူတောင်သားများမြို့ကိုတက်ပြီး ဘုရားဖူး၊ အလည်လာကြတယ်ဆိုရင် ဓာတ်လှေခါးစီးရအောင် ဆိုပြီး ဒီမလွန်ဗိမာန်ကို တကူးတက လာလေ့ရှိကြပါတယ်။ တစ်ယောက်ဆယ်ပြားနှုန်းနဲ့ အလှူငွေထည့်လို့ရတဲ့ ဓာတ်လှေခါးစီးခ (၇၀၀၀ိ) ဆိုတဲ့ ငွေဟာ ဒီအချိန်က ရွှေကစ်ဆယ်သားလောက်တန်ဘိုးရှိနေပါတယ်)။

ဆရာတော်ဘုရားကြီး ကုသိုလ်ပွားတဲ့ အလှူမျိုးဟာ အလွန်အကျိုးများလှတယ်။ တကာကြီးတို့ ဓာတ်လှေခါးရတဲ့ငွေ၊ အသင်း

ပိုင် အဆောက်အဦးတွေကရတဲ့ ငှားရမ်းခ အလှူတော်ငွေနဲ့ ဆိုရင် ပရိယတ္တိအသင်းကြီးမှာ ရံပုံငွေတွေ တော်တော်များများ ရှိမှာဘဲ။

မြန်မာနိုင်ငံမှာ သင်္ဂါယနာတင်ပြီးပေမယ့်လည်း ဘုရားရှင်ရဲ့ နိကာယ်ကျမ်းစာတွေဟာ စာအုပ်တွေထဲမှာဘဲ ရှိနေတာများတယ်၊ အစိုးရက တိပိဋကစာမေးပွဲတွေ ကျင်းပပေးနေပေမယ့်လည်း တော်ရုံစာသင်သားတွေအဖို့ တစ်နှစ်ပြန်ဆိုရမယ့် ပြဋ္ဌာန်း ကျမ်းစာတွေက များလွန်းလို့ အငကြီးလှတယ်။ ဒါကြောင့် နိကာယ်ကျမ်းစာတွေကို စာသင်သားတွေရဲ့ နှုတ်ထဲ၊ ဝမ်းထဲ ကိန်းအောင်းဖို့ တစ်နှစ်ကို ပါဠိတော်တစ်အုပ်လောက်သာ ပြန်ဆိုဖို့ ပြဋ္ဌာန်းပေးတဲ့ စာမေးပွဲတစ်ခု ဖေါ်ထုတ်မှ ဖြစ်မယ်၊ တစ်ချိန်တုန်းက ဒကာကြီး ဦးမောင်ကို (ရီမြင့် ရုပ်ရှင်ဖြန့်ချီရေးကိုဇော်မြင့် တို့အဖိုး)ရဲ့ ပစ္စယာနုဂ္ဂဟနဲ့ မန္တလေး မစိုးရိမ်ကျောင်းတိုက် နာယကအဖွဲ့ကနေ ပရိယတ္တိဓမ္မာနုဂ္ဂဟဆိုတဲ့ စာမေးပွဲ လုပ်ပေးဘူးတယ်။ လေးငါးနှစ်လောက်လုပ်ပြီးမှ အကြောင်းမညီညွတ်လို့ ပျက်သွားခဲ့ရတယ်။ ဒီစာမေးပွဲမျိုး မကျင်းပနိုင်တာတော့ သာသနာအတွက် နစ်နာလှတယ်။

ပရိယတ္တိအသင်းကြီးက အလှူငွေတွေ၊ ရံပုံငွေတွေနဲ့ နိကာယ်စာတော်ပြန်ပွဲ တိုးချဲ့ပြီး ကျင်းပပေးနိုင်ရင် သိပ်အကျိုးများမှာဘဲလို့ ဆရာတော်ဘုရားကြီးက အမိန့်တော်ရှိတယ်။ ဆည်းကပ် ကိုးကွယ်တဲ့ မထေရ်ကြီး၊ ဆရာတော်ကြီးများရဲ့ ဆန္ဒတော်ကို ဖြည့်ပြဖြစ်တဲ့အပြင် နိကာယ်စာတော်ပြန်ပွဲဟာ သာသနာမှာ အလွန်အကျိုးများမယ့် ကုသိုလ်မျိုးဖြစ်မှန်း သိလေကော့ ပရိယတ္တိအသင်းကြီးကဘဲ ကျင်းပပေးဖို့ တာဝန်ယူပါလျှင် ပစ္စယာနုဂ္ဂဟကို တပည့်တော် တာဝန်ထားပါလို့ ချက်ချင်းဘဲ ပြန်ပြီးလျှောက်ထားခဲ့ပါတယ်။ ဆရာတော်ကြီးဟာ ဝမ်းမြောက် ဝမ်းသာ သာခုခေါ်တော်မူပြီး ပရိယတ္တိအသင်းကြီးကို အဆိုပြု စာတင်ဖို့ မိန့်ကြားတော်မူခဲ့ပါတယ်။

၁၃၃၀ ပြည့်နှစ် အသင်းကြီးရဲ့ (၉၅၇) ကြိမ်မြောက် မူလအစည်းအဝေးမှာ ပရိယတ္တိသာသနဟိတအသင်းကြီးမှ လက်ရှိကျင်းပနေသော စာမေးပွဲများအပြင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲများပါ ဘိုးချဲ့ကျင်းပပြုလုပ်ပေးပါရန် ဆိုတဲ့ အဆိုပြုလွှာကို ဘဘက တင်သွင်းလိုက်ပါတော့တယ်။

ဒီစာတင်သွင်းတဲ့အခါ သဘောတူတဲ့ အသင်းလူကြီးတွေ ရှိသလို တစ်ချို့ကလည်း သဘောမတူကြဘူးတဲ့။ အသင်းကြီးမှာ လက်ရှိကျင်းပနေတဲ့ စာမေးပွဲနှစ်ကြိမ်နဲ့ အလုပ်များလှတဲ့ကြားက နောက်စာမေးပွဲတစ်ခု ထပ်တိုးမယ်ဆိုရင် မနိုင်ဝန်ထမ်းရသလို ဖြစ်တဲ့အပြင် လှူမယ့်ဒကာတွေဘက်ကလည်း ပစ္စယာနုဂ္ဂဟ တာဝန် ပိပေလိမ့်မယ် ဆိုပြီး သဘောမတူကြတာနဲ့၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အသင်းမှာ စည်းဝေးဆုံးဖြတ်လို့ မရတော့ ဩဝါဒ ဆရာတော်ကြီးတွေ ပင့်ပြီး ဩဝါဒခံယူဘို့ ဆုံးဖြတ်ကြတယ်တဲ့။ ဒါတွေဟာ ဘဘက အိမ်မှာ ပြန်ပြီးပြောပြလို့ သိရတာတွေပါ။

ဒီနေရာမှာ မစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ဆန္ဒတော် နိကာယ်စာတော်ပြန်ပွဲ သာသနာ့မျိုးစေ့ အပင်ပေါက် ရှင်သန်ကြီးထွားဘို့ ပစ္စယာနုဂ္ဂဟပဓာန မြေဆီ မြေဩဇာ ထည့်ကြသူတွေ အကြောင်း ပါလာပြီပေါ့။ ဆရာတော်ဘုရားကြီးရဲ့ ဒကာရင်း တစ်ဦးဖြစ်တဲ့ ရန်ကုန်မြို့က လူပျံတော် ပတ္တမြား အဘယသုခ ဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်ကို ဆရာတော်ဘုရားကြီးက နိကာယ်စာတော်ပြန်ပွဲအတွက် ဘဘနဲ့ ကြိုးပမ်းကြပုံတွေ ပြောပြတော့ သူလည်း ဦးသာဒွေး လျှုတာရဲ့ ထက်ဝက်ကို ပစ္စယာနုဂ္ဂဟ ပဓာန ဒါယကာအဖြစ် တာဝန်ယူပါမယ်လို့ အာမခံလိုက်သကဲ့။ ဒီအကြောင်းကို ဆရာတော်ဘုရားကြီးကတစ်ဆင့် ဘဘပြန်သိရချိန်မှာ ပျော်လို့ ရွှင်လို့ပေါ့လေ။ ဦးမောင်မောင်+ဒေါ်ငြိမ်းတို့ ဆိုတာက ဟိုးအရင်ငယ်ငယ်ကတည်းက ကျွမ်းဝင်ပြီးသား လူတွေ မဟုတ်လား။

နိကာယ်သာသနာတော်က ထွန်းကားဘို့ ကြိုးပမ်းခဲ့တဲ့ မစိုးရိမ် ဆရာတော်ဘုရားကြီးရဲ့ ယုံ့လတော်ဟာဖြင့် စံတင်ရလောက်ပါပေရဲ့၊ သက်တော် (၉၀) ရှိပြီဖြစ်တဲ့ အရွယ်တော်ကိုမှ ဂရုမထား၊ အဲဒီခေတ်အခါက သာသနာတော်မှာ နေ နဲ့ လ လိုထင်ရှားခဲ့တဲ့ စံကင်းဆရာတော်ဘုရားကြီးနဲ့ ခေမာသိဝံဆရာတော်ဘုရားကြီး နှစ်ပါးထံကို ကိုယ်တော်တိုင် ကြွရောက်ပြီး နိကာယ်စာတော်ပြန်ပွဲကိစ္စ၊ ပစ္စယာနုဂ္ဂဟ တာဝန်ယူကြမည့်သူများ၊ ဒကာကြီး ဦးသာဒွေးတင်တဲ့ အဆိုပြုလွှာကြောင့် အသင်းကြီးက ဩဝါဒ ခံယူလိုကြောင်း စတာတွေကို အပြည့်အစုံ လျှောက်ထားသတဲ့၊ ဆရာတော်ကြီးနှစ်ပါးကလည်း အဆိုပြုလွှာတင်တာကို အလွန်ကျေနပ်တော်မူကြပြီး ထပ်ဆင့် တွန်းအားပေး ခွင့်ပြုတော် မူခဲ့ကြပါတယ်။

ညောင်ရမ်းဆရာတော် ပျံလွန်တော်မူတဲ့ နှစ်ပတ်လည် အထိမ်းအမှတ် ဆွမ်းကျွေးပွဲမှာ ဟံသာဝတီဆရာတော်၊ ဆရာတော် ဦးကြွယ်၊ မစိုးရိမ် မဟာနာယက ဂန္ဓမာရုဆရာတော်၊ ညောင်ရမ်းတိုက်အုပ်ဆရာတော် ဦးလက္ခဏ အစရှိတဲ့ မန္တလေးက သာသနာ့ထိပ်သီး ဆရာတော်ကြီးများနဲ့ မစိုးရိမ်ဆရာတော်ဘုရားကြီးတို့ ဆုံဖြစ်ကြပါတယ်၊ ပရိယတ္တိသာသနဟိတအသင်းမှာ

လက်ရှိစာမေးပွဲများအပြင် နိကာယ်စာတော်ပြန်ပွဲ တိုးချဲ့ ကျင်းပဖို့ အသင်းရဲ့ ဩဝါဒါစရိယဆရာတော်များ၊ အကိုးကွယ်ခံ ဓမ္မာစရိယဆရာတော်များထံက သဘောတူ ဆန္ဒပေးချက် ရလိုတဲ့အကြောင်း မစိုးရိမ်ဆရာတော်ဘုရားကြီးက လျှောက်ထားဖြစ်ပါတယ်။ ပစ္စယာနုဂ္ဂဟအတွက် မန္တလေးက ဦးသာဌေးနဲ့ ရန်ကုန်က ဦးမောင်မောင် တို့က ဒ- ပြည့်အစုံ တာဝန်ယူထားကြောင်း ထည့်လျှောက်ပါဘယ်။

ဒီအချိန်က မန္တလေး သာသနာ့စာပေ နယ်ပယ်မှာ နိကာယ်စာတော်ပြန်ပွဲ ဆိုတဲ့အသံ ဟိန်းထနေတဲ့အချိန်၊ ဒီဆရာတော်ကြီးတွေဟာ ဟိုက ဒီက တစ်စွန်း တစ်စ ကြားခဲ့ကြရပြီးသား၊ အခုလို တာဝန်ယူမယ့် သာသနာ့ နာမည်ကြီး ဥပသကာကြီးတွေ ရှိပါကြောင်း ပြည့်ပြည့်စုံစုံ သိရလေတော့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပြီး မကြာခင်မှာဘဲ ပရိယတ္တိသာသနဟိတအသင်း ဩဝါဒါစရိယ ဆရာတော်ကြီး ၂၃ ပါး၊ အကိုးကွယ်ခံ ဓမ္မာစရိယ ၅၅ ပါး တို့က နိကာယ်စာတော်ပြန်ပွဲ ကျင်းပပေးဘို့ သဘောတူကြောင်း ဆန္ဒတော်ပေးချက်ကို လက်မှတ်ရေးထိုးတော်မူကြပါတယ်။ (စာရင်း အပြည့်အစုံကို နိကာယ်စာတော်ပြန်ပွဲ ၁၁ နှစ်မြောက် အထိမ်းအမှတ်စာစောင်မှာ လေ့လာနိုင်ကြပါတယ်)။

မစိုးရိမ်ဆရာတော်ဘုရားကြီးက ဆရာတော်ကြီးများရဲ့ ဆန္ဒတော်လက်မှတ်များ အပြည့်အစုံကို အသင်း အတွင်းရေးမှူး ပညာဗလ ဦးဘမှိုင်းကို ပို့လိုက်ပါတယ်။ နိကာယ်စာတော်ပြန်ပွဲ ကျင်းပပေးသင့် မပေးသင့် သဘောထားနှစ်မျိုးဖြစ်နေတဲ့ အသင်းလူကြီးတွေဟာ အသင်း အကိုးကွယ်ခံ ဆရာတော်ကြီးများရဲ့ ဆန္ဒတော် သဘောထားတွေကို သိရတော့ ၁၃၃၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်မှာ ဩဝါဒဆရာတော်ကြီးများကို ပင့်ပြီး တရားဝင် ဩဝါဒခံယူကြပါတယ်။

(၁) အဂ္ဂမဟာပဏ္ဍိတ ခေမာသီဝံဆရာတော်ဘုရားကြီး
(၂) အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး
(၃) အဂ္ဂမဟာပဏ္ဍိတ ဟံသာဝတီဆရာတော်ဘုရားကြီး
(၄) အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်တိုက် မဟာနာယကဆရာတော်
(၅) ပုသိမ်ဆရာတော်

ဒီ ဆရာတော်ကြီး (၅) ပါးဟာ ဩဝါဒခံယူပွဲကို ကြွရောက်တော်မူကြပြီး တရားဝင် လျှောက်ထားချက်ကို လက်ခံကာ ဩဝါဒမိန့်မြွက်ရန်အတွက် ဟံသာဝတီဆရာတော်ကို သမုတိပေးတော်မူကြပါတယ်။

ဟံသာဝတီဆရာတော်ဘုရားကြီးက သာသနာပြု မြန်မာမင်းကောင်း မင်းမြတ်များ မရှိတဲ့နောက် ပရိယတ္တိသာသနာတည်မှ ဗုဒ္ဓသာသနာတည်မည်လို့ ခံယူကြတဲ့ ရှေးဥပသကာကြီးများက ပရိယတ္တိသာသနဟိတအသင်းကြီးကို တည်ထောင်ခဲ့တယ်။ ပရိယတ္တိသာသနာစည်ပင် ပြန့်ပွားဖို့ အကြောင်းအမှန်ဖြစ်လျှင် အသင်းတည် မူလစည်းမျဉ်းမှာ တိုက်ရိုက် ပါတာဘဲဖြစ်ဖြစ်၊ မပါတာဘဲ ဖြစ်ဖြစ် အခု ဆောင်ရွက်နေတဲ့ အသင်းလူကြီးများက လက်ခံ ဆောင်ရွက်သင့်တယ်၊ စည်းမျဉ်းမှာ မပါလျှင်တောင် စည်းဝေးဆုံးဖြတ်ပြီး နောက်တိုးရည်သန်ချက် တိုးချဲ့ ထည့်ပေးရမယ်။

သင်္ဂါယနာတင်ကိစ္စအတွက် မြန်မာဆရာတော်များ ယိုးဒယား (ထိုင်း) နိုင်ငံကို ကြွစဉ် ယိုးဒယား သာသနာပိုင် ဆရာတော်က သူ့ကျွန်ဘဝ နှစ်ပေါင်းဘစ်ရာကျော်ကြာအောင် ရောက်ခဲ့လို့ သာသနာ ညှိုးနွမ်းခဲ့တဲ့နိုင်ငံက သင်္ဂါယနာတင်မည် ပြောတာ အံ့ဩစရာဘဲလို့ ဗုဒ္ဓသာသနာထွန်းကားခဲ့မှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် အထင်သေးစကား ပြောတာကို မန္တလေးက ပရိယတ္တိသာသနဟိတအသင်းကြီးနဲ့ အသင်းလူကြီးများ အဆက်ဆက် ချီးမြှောက် ထောက်ပံ့ခဲ့ကြလို့ သာသနာ မညှိုးနွမ်းခဲ့တဲ့ အပြင် စာသင်တန်းသာမက စာချတန်းပါ အောင်ပြီး သံဃာတော် (၂၀၀) ပါးကျော်မျှ ရှိနေပြီဖြစ်ကြောင်း ပြန်လည်လျှောက်ထားတဲ့ အတွက် အံ့ဩ ဝမ်းသာဖြစ်ပြီး ဒီပရိယတ္တိအသင်းကြီးကြောင့် သင်္ဂါယနာတင်ခွင့်ရခဲ့တယ်။

နိကာယ်ငါးဖြာ သာသနာဟာ ဗုဒ္ဓသာသနာရဲ့ပင်မဖြစ်တဲ့ အတွက် နိကာယ်စာတော်ပြန်ပွဲ ကျင်းပပေးဖို့ ကိစ္စကို အသင်းရဲ့ မူလစည်းမျဉ်းမှာ မပါပေမယ့် အစည်းအဝေးကျင်းပပြီး နောက်တိုးစည်းမျဉ်းအဖြစ် ပြဋ္ဌာန်းကာ ကျင်းပပြုလုပ်ပေးကြရမယ်လို့ ပြတ်ပြတ်သားသား ဩဝါဒ ပေးတော်မူခဲ့ပါတယ်။

ဩဝါဒခံယူပွဲသတင်း မစိုးရိမ်ဆရာတော်ဘုရားကြီးထံတော်မှာ သွားမေးတဲ့ ဘဘဟာ၊ ဒီအကြောင်းအရာတွေ အကုန်လုံးကို နေ့လည်ခင်းမှာဘဲ သိရပါတော့တယ်၊ ဒီအချိန်မှာ မစိုးရိမ်ဆရာတော်ဘုရားကြီးနဲ့ ဘဘတို့ရဲ့ မျက်နှာပေါ်က သဒ္ဓါပီတိ အပြုံးတွေကို မြင်ရတဲ့ ကျွန်တော့အဖို့ကတော့ မမေ့နိုင်စရာ မြင်ကွင်းတစ်ခုပါဘဲ။

၁၃၃၁ ခု၊ ကဆုန်လဆန်း (၈) ရက်နေ့မှာ ကျင်းပတဲ့ အသင်းကြီးရဲ့ (၇၀) ကြိမ်မြောက် အစည်းအဝေးကြီးက "နိကာယ်ဆောင် ပုဂ္ဂိုလ်များအဆက်မပြတ် ပေါ်ထွက်စေရန် နိကာယ်ငါးရပ် ပါဠိတော် အာဂုံရေးဖြေ စာမေးပွဲ ကျင်းပပေးခြင်း" ဆိုတဲ့ အသင်းစည်းမျဉ်းဥပဒေ ပုဒ်မ (၅) (စ)ကို ဖြည့်စွက်ပြီး ပြဋ္ဌာန်း

ခဲ့ပါတယ်။ စာပြန်ပွဲ ကျင်းပရာအချိန်ကို ၁၃၃၁ ခုနှစ်မှစတင်၍ နှစ်စဉ် တပေါင်းလတွင် ကျင်းပရမည်လို့ သတ်မှတ်ခဲ့ပါတယ်။

ဒီသတ်မှတ်ပြဋ္ဌာန်းချက်အရ ပထမအကြိမ် နိကာယ်စာတော်ပြန်ပွဲကြီးကို ၁၃၃၁ ခု၊ တပေါင်းလဆန်း (၂) ရက်နဲ့ (၃) ရက်နေ့များမှာ စတင် ကျင်းပခဲ့ပြီး အဲဒီနှစ်က အောင်လက်မှတ် ဆက်ကပ်ပွဲကို တပေါင်းလပြည့်ကျော် (၈) ရက်နေ့မှာ ကျင်းပခဲ့ပါတော့တယ်။

ဘဘဟာ ၁၂၆၃ ခု၊ တပေါင်းလပြည့်ကျော် (၅) ရက်ဖွား၊ သောကြာသား ဖြစ်ပါတယ်။ နှစ်တိုင်း လုပ်နေကြ ဘဘမွေးနေ့ ကုသိုလ်ပွဲကို နိကာယ်စာတော်ပြန်ပွဲ စတင်ကျင်းပတဲ့နှစ်က မွေးနေ့ နိကာယ်အလှူပွဲအဖြစ် ဘဘနေထိုင်ရာ ပိုက်ကျိုးရပ်၊ မင်္ဂလာဥယျာဉ်ဝင်း (ယခု အ. ထ. က (၂၁) အဖြစ် မကွယ်လွန်မီ ဘဘကိုယ်တိုင် ရေစက်ချ လှူဒါန်းသွားခဲ့တဲ့၊ ၅ ဧကနီးပါးခန့် ကျယ်ဝန်းတဲ့ နေထိုင်ခဲ့ရာ ဝင်းခြံ) တိုက်မှာ ပြုလုပ်ခဲ့ပါတယ်။ နိကာယ်ကုသိုလ်အစုစုအတွက် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးကို ပင့်ပြီး ပဓာန ဒါယကာဦးသာဌေးနဲ့ ဒေါ်သန်း တို့ ကိုယ်တိုင် ရေစက်သွန်းချ လှူဒါန်းပြီး နိကာယ်ဒါန ပြုခဲ့ကြပါတယ်။ စာတမ်းအစမှာပါတဲ့ တရားသံဟာ ဒီရေစက်ချပွဲက မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အသံတော်ပေါ့။

ဒီရေစက်ချပွဲမှာ မင်းကွန်းဆရာတော်ကြီးက တပေါင်းလပြည့်ကျော် (၈) ရက်မှာ လုပ်မယ့် နိကာယ်စာတော်ပြန် အောင်လက်မှတ် ဆက်ကပ်ပွဲကို ဘဘမွေးနေ့ဖြစ်တဲ့ တပေါင်းလပြည့်ကျော် (၅) ရက်နေ့မှာ ပြောင်းပြီး နှစ်စဉ် ကျင်းပသင့်တယ်၊ အသင်းကို မေတ္တာရပ်ခံပေါ့လို့ အကြံတော်ပြုခဲ့ပါတယ်။

ဘဘမွေးနေ့ နိကာယ်အလှူတော် ရေစက်ချပွဲအပြီး (၃) ရက်အကြာ ၁၃၃၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈)ရက်မှာတော့ ပထမအကြိမ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန် အောင်လက်မှတ် ဆက်ကပ်ပွဲကို မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးရဲ့ မလွန်သာသနဗိမာန်တော်အပေါ်ဆုံးဆောင်ဘပ်မှာ ကျင်းပခဲ့ပါတယ်။ သာသနာ့အာဇာနည် အရှင်မြတ် (၁၉)ပါး အောင်မြင်ခဲ့ပါတယ်။

ပဓာန ဒါယကာများဖြစ်ကြတဲ့ ဘဘတို့၊ လှူပျံတော်ပတ္တမြား ဦးမောင်မောင်တို့နဲ့အတူ ပထမအကြိမ် နိကာယ်စာတော်ပြန် အောင်လက်မှတ် ဆက်ကပ်ပွဲ စတင်ကတည်းက ပဓာန ဒါယကာများအဖြစ် ထပ်မံ ပါဝင်လာသူတွေကတော့ မန္တလေးမြို့၊ ဂုန္တန်ဝင်းမှာနေတဲ့ ဦးထင် (နဂါးဒေါ်ဦး၊ လူထုဒေါ်အမာတို့ရဲ့ ဖခင်ကြီး) နဲ့ ရန်ကုန်မြို့၊ ရေကျော်ရပ် ကုသလဝတီပုံနှိပ်တိုက် အစုရှင်များ ဖြစ်ကြပါတယ်။

ဒီနောက်မှာတော့ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ အကြံတော်ပြုချက်အရ အသင်းကြီးကို ဘဘက မေတ္တာရပ်ခံတဲ့အတွက် ဒုတိယအကြိမ် နိကာယ်စာတော်ပြန် အောင်လက်မှတ် ဆက်ကပ်ပွဲမှ စတင်ပြီး အောင်လက်မှတ်ဆက်ကပ်ပွဲများကို ဘဘရဲ့ မွေးနေ့ဖြစ်တဲ့ တပေါင်းလပြည့်ကျော် (၅)ရက်နေ့မှာ နှစ်စဉ် ကျင်းပခဲ့တာ နှစ် (၃၀)နီးပါး ခရီးပေါက်ခဲ့ပြီး သာသနာ့အာဇာနည် အရှင်မြတ် (၁၄၅)ပါး ပေါ်ထွက်ခဲ့ပြီ ဖြစ်ပါတယ်။

နိကာယ် သာသနာပြု ကုသိုလ်ဇောအဟုန်တွေကြောင့် မြင့်မြတ်ရာ နတ်ရွာ နတ်ထီး အသီးသီးမှာ ခိုလှုံနေကြပြီးဖြစ်တဲ့ မစိုးရိမ်ဆရာတော်ဘုရားကြီး၊ ဟံသာဝတီ ဆရာတော်ဘုရားကြီးတို့က အစ၊ ဘဘ ဦးသာဌေး+ဒေါ်သန်း၊ လှူပျံတော်ပတ္တမြား ဦးမောင်မောင်+ဒေါ်ငြိမ်း တို့ကဲ့သို့ အစဉ်အဆက်ဆက်သော နိကာယ်ဒါနရှင်များအလယ် စေတနာ သဒ္ဓါ အပြည့်နဲ့ နိကာယ်လုံ့လ စိုက်ထုတ်ဆောင်ရွက်ခဲ့ကြတဲ့ အဆက်ဆက်သော ပုဇ္ဇကဆရာတော်များ အသင်းလူကြီးများအဆုံး အားလုံးသော နိကာယ်သာသနာပြု ကောင်းမှုကုသိုလ်ရှင်အပေါင်းတို့ဟာ သူတို့တတွေ ကြိုးပမ်းပြုစုခဲ့ကြတဲ့ နိကာယ်ဒါနကုသိုလ်တွေကို ယနေ့ထက်တိုင် အရင်ကလိုဘဲ လုပ်ကြဆဲဆိုတာကို သူတို့ ခိုလှုံရာ နတ်ထီး နတ်နန်းများကနေ မြင်တွေ့ ကြားသိပြီး သာဓုခေါ် ဆိုနေကြမှာ မလွဲပါဘူး။

နိကာယ်ဒါနရှင်ကြီးများ အထင်အရှား ရှိစဉ်က တာဝန်ပေးကတိတောင်းလို့ တာဝန်ယူ ကတိထားခဲ့ကြရတဲ့ သား သမီး မြေးများကလည်း နောင်ဆက်လက်၍ ဒီအတိုင်းဘဲ နိကာယ် ကုသိုလ်များကို လက်ဆင့်ကမ်းပြုလုပ်ကြဦးမှာဟာလဲ မလွဲတဲ့အချက်တစ်ချက်ပါ။

ဒီစာတမ်းကို (၁၀)ကြိမ်မြောက် နိကာယ်စာတော်ပြန် အောင်လက်မှတ် ဆက်ကပ်ပွဲ ရေစက်ချ အနုမောဒနာ စာတမ်းအဖြစ် ဘဘ ရေစက်ချဘို့ ကျွန်တော် ရေးပေးခဲ့တဲ့ စာပိုဒ်ကလေးနဲ့ အဆုံးသတ်ပါမယ်။

"ယခုကဲ့သို့ ပြုရသော ကောင်းမှု အစုစုတို့ကြောင့် မိမိနှင့်တကွသော နိကာယ်ကောင်းမှု ကုသိုလ်ရှင်အပေါင်းတို့သည် ဤဘုရားရှင် သာသနာတော်အတွင်း၌ပင် တရားထူးကို နာကြားကြရ၍ အမှန်တရားကို မြင်သိပြီး မအိုရာ မနာရာ မသေရာ ဖြစ်သော သန္တိသုခ နိဗ္ဗာန်ရွှေပြည်မြတ်

သို့ လျှင်မြန်စွာ ရောက်ရပါလို၏ အရှင်ဘုရား။

ဤကောင်းမှုတို့၏ အဘို့ဘာဂကို မွေးသမိခင် မွေးသဖခင် ဆရာသခင် ကျေးဇူးရှင်များမှစ၍ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။ မိမိတို့နှင့် ထပ်တူ ထပ်မျှ အမျှ ရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြသည် ဖြစ်ကြပါစေသော်"။ ။

မင်းသန့်ကို

၁၀လျှအမ်ဒီဝိုင် ၃၁၄၆၂၅

ဝန်ခံချက်။ ။ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အာဂုံ ရေးဖြေ စာတော်ပြန်ပွဲ (၁၀)နှစ်မြောက် အထိမ်းအမှတ် စာစောင်မှ ဆောင်းပါးများကို မှီး၍ ရေးသားပါသည်။





## နှစ်တစ်ရာပွဲ နွဲကြစို့

ရတနာပုံ၊ နေပြည်ဂုဏ်လည်း
ကြေးမုံရိပ်သွင်၊ အာရုံငင်သော်
ရှင် ရဟန်း လူ၊ ပါတော်မူကို
ရင်ဆူဒေါသ၊ လှိုင်းခေါင်းထလိမ့်
နန်းကျသိပေါ၊ ရင်ပန်းမောသို့
နှမြောရင်ထု၊ စုဖုရားလတ်
ကံဇာတ်ဆရာ၊ ညွှန်ကြားရာသို့
လိုက်ပါ ငိုညည်း၊ သောကမီးနှင့်
ထီးစွန့် နန်းစွန့်၊ ကြငှန်းစွန့်၍
ရပ်စွန့် ရွာစွန့်၊ မျိုးဆွေစွန့်ရင်း
မလွန့်ငြိမ်သက်၊ ခြင်းလျှောင်ကြက်နှယ်
လွတ်ရက်မရှိ၊ ရတနာဂီရိသို့
မရှိဒါယကာ၊ သာသနာကို
ဆရာဂုရု၊ ဉာဏ်မရှုနိုင်
ကိုယ်မူ ဂိတ်ပန်း၊ ရောင်ဝါနွမ်းခဲ့
မြို့လမ်းမှုန်ခွာ၊ တောလမ်းရှာသို့
မသာယာဆွေး၊ မင်းနန်းဝေးသော်
အေးမှု ရှာခက်၊ အပူဆက်၍
ရက် လ နှစ်ပြောင်း၊ ကောဇာညောင်းပြီ
စိတ်ထောင်း ကိုယ်ကျေ၊ သောကပွေ
ရိပ်ဟောင်းအိုလေ၊ ဒေါသဖြေ။ ။
ဥဩသံသာ၊ သာသနာ၏
ရောင်ဝါနေစက်၊ ထွန်းလင်းပက်သို့
စာသက်တမ်းရှည်၊ မင်းနေပြည်မှာ
ထောင်ချီတစ်နောက်၊ ခြောက်ဆယ့်ခြောက်ဟု (၁၁၆၆)
ထွန်းတောက်ခဲ့ပုံ၊ သံယာဂုဏ်တည့်
ဉာဏ်ဟုန်လင်းခက်၊ နေပြည်ပျက်တွင်
တစ်ဝက်ပျောက်ဆုံး၊ မှေးမှိန်ပြုန်း၍
ညှိုးချုန်း ပူမီး၊ ပွဲစားကြီးဟု
ရိပ်မိုးဆိုင်းတန်း၊ ဦးထွန်း လွမ်းအောင်
လူတန်းစားစိတ်၊ မျိုးချစ်စိတ်နှင့်
မမှိတ် မသုန်၊ ကံကို ယုံရင်း
လူစုံနှိုင်းညှိ၊ ကူညီဖြည့်ဖို့

‘ပရိယတ္တိသာသနဟိတ’
ဂုဏ်ပြည့်အသင်း၊ ဖွဲ့စည်းခြင်းဖြင့်
မင်းပျောက်နေပြည်၊ ဉာဏ်စွမ်းရည်ကို
စာစိကြံတွေး၊ တက်လူလေးလျှင်
အားပေးသာခု၊ တောင်းလိုဆုကြောင့်
ယခုဘဝ၊ သကျသီဟ၊ မအောင်ရမင့်
သံသရာထဲ၊ တို့၂၅၆၀ ဆွဲ၍
ဖြစ်ခဲ့လူ့ပုန်၊ ဖြစ်တည်ပြန်သော်
ဉာဏ်ချွန်တစ်ကြို၊ အောင်ရလိုသား
လူကိုစောင့်ကြပ်၊ ဉာဏ်ချွန်းကပ်၍
မြင့်မြတ်လမ်းမျှော်၊ ပျော်ပျော်ဘိ
ချင့်တတ် မှန်းခေါ်၊ ကျော်ကျော်လှည့်။ ။
အံ့ဖွယ်ရှစ်ဖြာ၊ သာသနာလျှင်
ရှည်စွာအစွန့်၊ ရောင်လျှံကွန့်သို့
ဘုန်းညွန့်ဝေဖြိုး၊ ဉာဏ်ရည်တိုးအောင်
တန်ဖိုးအရှိ၊ တန်ခိုးပြည့်အောင်
“အဘိဝံသ ဘွဲ့နာမ”ဖြင့်
မန္တလာတိုင်း၊ တင်သမိုင်းဖြင့်
ဆိုင်းတန်းငြိမ်ရိမ်၊ ဦးထွန်း အိမ်၌
အချိန်ကိုညှို၊ စိုက်ထူဘိ၍
ရှင်ရဟန်းများ၊ ဉာဏ်ကွန့်စားဖို့
တတ်အားသမျှ ဆည့်ဝင်ကြ၏
လပြည့် ဝါဆို၊ ရွှေမိုးစိုထင့်
ကြည်ညိုပွဲသစ်၊ သက္ကရာဇ်ကား
တစ်နှစ်ခြောက်ဆယ်၊ ပြည့်ဖြိုးကြွယ်ဟု (၁၂၆၀)
မှတ်ဖွယ်စံပြ၊ ဩဝါဒဖြင့်
ရာဇဂုရု၊ အစုအဖွဲ့
တစ်ဆယ့်ရှစ်ပါး၊ ဆရာတော်များတို့
တည်ထားခဲ့သည်၊ ရာပြည့်ဆီသို့
ဦးလည်မသုန်၊ ထမ်းကြည်ယုံသည်
အောင်ဂုဏ် အောင်ဟိတ် အောင်နိမိတ်တည်း။
ဝဋ်သကာ၊ ဓမ္မာစရိယ
ဘွဲ့ရ ကိုးပါး၊ ထူးခြားပေါ်သစ်
ကိုးဆယ်နှစ်မှ၊ စာချစ် စာချ
ဓမ္မဘဏ္ဍာ၊ စာချမ်းသာသို့
သာသနာကျိုး၊ အသင်းကျိုးနှင့်
တိုးတက်မြတ်ထွတ်၊ အောင်ပန်းဆွတ်ကြ
ရွှတ်ဖတ်ညံစာ၊ ရာပြည့်လာတည့်
သာသနာ့တန်ဆောင်၊ အကျိုးဆောင်၍
ဉာဏ်ရောင်ကွန့်ရှိန်း၊ ဦးလှသိန်းလည်း
ဟောကိန်းစံပြ၊ ဓမ္မကထိက ဟု
စေတနာလမ်း၊ လေးငါးခန်းမှ
ဆယ်ခန်းထိယူ၊ ကျွန်းဇမ္ဗူတွင်
အလှူမိုးပျံ၊ သာသနာ့ဗိမာန်ပေါ်
“ပံသု မေဒနီ၊ မြေမဟီမှ
မေယီထိုးဖေါက်၊ ငွေတောင်ပေါက်သို့”
မြင့်မောက်ဝင့်ကြွား၊ ကျား ရယားနှင့်
မားမားရိပ်ထီး၊ ပေါ်ထွန်းပြီးခဲ့
နတ်ထီးခိုလှုံ၊ နန်းဘုံစံမြန်း
နတ်ပန်းဥယျာဉ်၊ ကောင်းမှုရှင်တို့
နတ်သွင်ပြောင်းစံ၊ သာခုညံလိမ့်
ပျံလွန်ဘုန်းမြတ်၊ နတ်ထံရပ်မှ
ရှင်မြတ်သာသနာ၊ တစ်ခေါက်လာဟု
မေတ္တာစီးမြန်း၊ ကမ္မဋ္ဌာန်းနှင့်
ဉာဏ်စွမ်းထက်မြက်၊ ဆုပန်ရွက်မည်
ရာသက်သင်းဂုဏ် ကြုံတကား
ကြာလက်နှင်းပုံ ယုံတကား။ ။
ကြာဖူးနှစ်ငုံ၊ ထီးရိပ်လှုံသို့
သုံးပုံစကြာ၊ ဉာဏ်ဝိဇ္ဇာနှင့်
ရတနာပလ္လင်၊ ရွှေသမင်ဒွေး
မန္တလေးမြို့၊ မချို့ ပရိယတ္တိ
သာသနဟိတ၊ အသင်းလှဖို့
နှစ်ဝစ်ပယ်၊ နန်းဂုဏ်ကြွယ်ခဲ့
ခြောက်သွယ်ရောင်လျှမ်း၊ ဓမ္မပန်းဖြင့်
လှူဒါန်းခဲ့ပုံ၊ တံဆိပ်ဂုဏ်တည့်
နယုန်မိုးဆမ်း၊ စာချတန်းနှင့်
အောင်ပန်းစည်းခြား၊ ဉာဏ်ကွန့်စားဖို့
သီးခြားစာသင်တန်း၊ ကျင်းပ ထမ်းရင်း
ဆောင်းချမ်း ပြာသို၊ ရှင်ပျိုလောက
သာသနာလက်ာရ၊ သာမဏေလှတို့
ကျင်းပပြုလုပ်၊ အကျော်ထုတ်ခဲ့
နှစ်ချုပ်ဂုဏ်ဆောင်၊ တပေါင်းနောင်တွင်

ထွန်းပြောင်နိကာယ်၊ ဉာဏ်ကျယ်ထွန်းပ
သံယာဂုဏ်ထော်၊ တစ်ရာကျော်အား
ဆန်တော်လစဉ်၊ လှူပွဲဝင်ခဲ့
ဘဝင်ညွတ်နူး၊ ဉာဏ်ထွတ်ဦးဖြင့်
ဆွတ်ခူးချင်စမ်း၊ လှူချင်စမ်းဟု
စိတ်ဝမ်းကြည်သာ၊ ပြုံးမျက်နှာတို့
စဉ်လာဆင်နွဲ၊ မင်္ဂလာပွဲသည်
ကျူးဆဲ အောင်သံ ရင့်သံဆက် -
ထူးကဲ အောင်လံ လွင့်ပျံလျက် -
မြူးမြဲ ရောင်လျှံ မြင့်စံလက် -
ဖူးမြင်ပါသည် ရာကျော်သက် ။ ။

တက်လှ



# ရာပြည့်တေးသံ

နေပြည်တော် မန္တလေး၊ သမိုင်းသွေး နီနီလွင်
မျိုးဘာသာ သာသနာစိတ်၊ ဖိတ်ဖိတ်ကြည်လင်
လျှို့ဒါန်းမှု ထိပ်တန်းတင်၊ သဒ္ဓါရှင် ဗလဝ
ရွှေမန်းသူ ရွှေမန်းသား၊ ၂မ်းအား ညီမျှ။ ။

တန်ဆောင်း သိမ် ကျောင်း ဇရပ်၊ ရှေးမင်းမြတ် စံဌာနေ
ဘုရားစုံ အမွေနှစ်၊ ထွန်းသစ်ရာမြေ
ယဉ်ကျေးမှု အထွေထွေ၊ ရိုးရာမွေ ဂုဏ်ရောင်မြှင့်
သမိုင်းဝင်အထင်ရှား၊ ငွါးငွါးစွင့်စွင့်။ ။

ပရိယတ် စသမိုင်း၊ တုနှိုင်း၍ မယှဉ်သာ
ပညာရှင်အများပြား၊ မွေးဖွားပေးရာ
"သက္ကျသီဟ" မည်သညာ၊ တည်ထွင်လာ စာမေးပွဲ
ပြည်မြန်မာ သံယာထု၊ အားပြုဆင်နွှဲ။ ။

စာသင်တန်း စာချတန်း၊ စာလျှောက်ခမ်းအစီအစဉ်
သာမဏေစာမေးပွဲ၊ ဆင့်ကဲ တီထွင်
ပူဇာသစ် အဆန်းထွင်၊ စာဖြေရှင် အောင်နိုင်ခဲ
ခက်တကာ ခက်ပါဘိ၊ တိုင်းသိပြည်ပွဲ။ ။

မ တစ်ထောင် တစ်ကောင်ဖွား၊ ကြိုးစားမှ အောင်မြင်လာ
"အဘိဝံသ" တံဆိပ်မြတ်၊ ဆက်ကပ် ပူဇာ
သုံးကျမ်းပေါက် အဌကထာ၊ "ဝံ့သကာ"တံဆိပ်နှင်း
အာဇာနည် မြတ်ရဟန်း၊ မှတ်တမ်းတင်သွင်း။ ။
မော်ကွန်းတင် သည်ယနေ့၊ နှစ်ရာပြည့်ပွဲသဘင်
မန်း-ရှင် လူ ရွှင်လန်း၊ ဂွမ်း ပီတိဝင်
ခေတ်ဆက်ဆက် ထာဝစဉ်၊ စာသဘင် ညီစေကြောင်း
ပရိယတ်သာသနာ၊ ကမ္ဘာမှာ တည်စေကြောင်း
အောင်စည့်သံ ညံညံထု၊ ညွှန်းပြုဆုတောင်း။ ။

ရေနံချေ မောင်သစ္စာ

ဆက်သွယ်ရန် -
အရှင်ဓမ္မသေန
၂၅၊ ကရင်ဆောင်
နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်
မရမ်းကုန်း၊ ရန်ကုန်။



# ရာပြည့်အောင်လံ သာရသံ

## ၁။ သမိုင်း၏တန်ဖိုး

သမိုင်းဟူသည်ကို "အတိတေ လွန်လေပြီးသော ရှေးရှေးအခါက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် အကြောင်းရာ" ဟု အဓိပ္ပါယ် ဖွင့်ဆိုပါလျှင် -

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အားထားကိုးကွယ်ရာ ဆရာတစ်ဆူ ဖြစ်တော်မူသော ဂေါတမ ဗုဒ္ဓသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အလွန်ရှည်လျားစွာသော သမိုင်းကြောင်းကို ကျော်ဖြတ်ခဲ့ရပါ၏။

ထိုကာလအတွင်းဝယ် -

တွေ့ကြုံရသော အဖြစ် အပျက် တို့သည် သံဝေဂ ယူဖွယ်၊ စက်ဆုတ်ရွံရှာဖွယ်၊ ရှောင်ကြဉ်ဖွယ်တွေလည်း ပါဝင်၏။ ဂုဏ်ယူဝမ်းမြောက်ဖွယ်၊ ကြည်ညိုအားကျဖွယ် နည်းယူ ကျင့်ဆောင်ဖွယ်တွေလည်း ပါဝင်ပါ၏။

အနည်းငယ်ချဲ့၍ ဆိုပါဦးမည်။ ဂေါတမဗုဒ္ဓလောင်းလျာသည် သဗ္ဗညုတဉာဏ် အထွတ်တင်သော သမ္မာသမ္ဗုဒ္ဓ ဘွဲ့ထူးခံပုဂ္ဂိုလ်ဖြစ်ဖို့အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီ (၁၀)ပါး အပြား (၃၀)၊ စရိယ (၃)ပါး စသော အခြေခံကျင့်စဉ်တို့ကို အသက်နှင့်လဲ၍ ကြိုးစားဖြည့်ကျင့်ခဲ့ပါ၏။ ဖြည့်ကျင့်ခဲ့သည့်အလျောက် သမ္မာသမ္ဗုဒ္ဓဘွဲ့ကိုလည်း ရခဲ့ပါ၏။ ဘုရားဖြစ်ပြီးနောက် (၄၅)ဝါ ကာလကြာအောင် ဝေနေယျသတ္တဝါအပေါင်းတို့အား တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးဟောကြားခဲ့ပါ၏။ ထို ဂေါတမဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဒေသနာတော်တို့သည် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) မျှ ရှိလေရာ အလွန်တရာမှ ကျယ်ဝန်း များပြားလှပါ၏။

ဤမျှ ကျယ်ဝန်းများပြားလှသော ဓမ္မက္ခန္ဓာတို့ကို သမိုင်းကြောင်းများဟုဆိုက ဆိုနိုင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် ထိုဓမ္မက္ခန္ဓာတို့တွင် ရှေးရှေးသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များ ပါပင်သကဲ့သို့ ဂေါတမမြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝင်လည်း ပါဝင်၏။ ထေရာ ထေရီ အလီလီတို့၏ အပါဒါန်များလည်း ပါဝင်၏။ ထို့အတူ ရှေးခေတ်က ထင်ရှားကျော်ကြားသော မင်းဧကရာဇ်များ သူဌေး သူကြွယ်များလည်း ပါဝင်၏။ နိုင်ငံရေး အုပ်ချုပ်ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးပါမကျန် ယဉ်ကျေးမှုကအစ ပါဝင်၏။

သမိုင်း၏တန်ဖိုးကား ကြီးမားလှပါ၏။ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ခါနီးတွင် အပရာဇိတပလ္လင်တော်ကို သူပိုင်သင့်သည်ဟု စစ်တပ်နှင့်ဝိုင်း၍ လာရောက် လုယူ တိုက်ခိုက်သော မာရ်နတ်သားအား ပလ္လင်တော်သည် သိဒ္ဓတ္ထမင်းသားပိုင်ဖြစ်ကြောင်း မဟာပထဝီမြေကြီးက အဆုံးအဖြတ်ပေးသည်မှာ သမိုင်း၏တန်ဘိုးပင် ဖြစ်ပါ၏။

## ၂။ သမိုင်းဝေးတာဝန်

ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်တိုင်းပြည် ကိုယ့်ဘုရင် ကိုယ့်အရှင်သခင်နှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်စဉ်အခါက မြန်မာနိုင်ငံ သာသနာတော်သည် နေရောင် လရောင်ပမာ တိုင်းသူပြည်သား ရှင် လူအများတို့၏ တစ်ခုတည်းသော ကိုးကွယ်အားထားရာ အရှိအသေပြုရာ ဖြစ်ခဲ့ပေ၏။

တိုင်းကျိုးစည်ပေါက်၊ ပြည်ထီးနန်းပျောက်သောအခါတွင်မူ သာသနာတော်သည် မှေးမှိန်စ ပြုလာလေ၏။ အာဏာရှင်နယ်ချဲ့ တိုင်းတစ်ပါးသား လူရမ်းကားတို့၏ အတင်း အဓမ္မ ဖိနှိပ်ချုပ်ချယ်မှုကြောင့် သာသနာတော်၏ အသရေကို တင့်တယ် ထွန်းပစေသော သာသနာ့ဝန်ဆောင်ထိပ်ခေါင်တင် ဆရာတော်တို့သည်လည်း ပျောက်ကွယ်စ ပြုလာလေ၏။ ထိုအခါ တိုင်းပြည် လူမျိုးနှင့် ယဉ်ကျေးမှု ဘာသာ သာသနာ၏အရေးကို လူမှုရေးဆင်ခြင်အရှည်ကို ကြည့်မြင်တတ်သော အမျိုးသားတို့သည် ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး အသင်းများကို ဖွဲ့စည်းကြကုန်၏။ ထိုအသင်းအဖွဲ့များတွင် လာမည့် (၁၃၆၀) ပြည့်နှစ်၌ အနှစ်တစ်ရာ ပြည့်လတ္တံ့ဖြစ်သော မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ အသင်းကြီးလည်း တစ်ခု အပါအဝင်ဖြစ်၏။

ဆက်ပါဦးမည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေသည် သာသနာတော်ကို အခြေခံ၍ ရေးဆွဲခဲ့ခြင်းသာဖြစ်၏။ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် မြန်မာနိုင်ငံ၏ အန္တိုင်းမဲ့ ကျေးဇူးရှင်ဖြစ်တော်မူသော အရှင်အရဟံမထေရ်မြတ်၏ လမ်းညွှန်မှုဖြင့် ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့၏။ ရှင်းပါဦးမည်။ သာသနာတော်၌ အုပ်ချုပ်သူ လူတန်းစားနှင့် အအုပ်ချုပ်ခံ ပြည်သူတို့အကြား ဆက်ဆံရေး ပေါင်းကူးတံတားပမာ ခိုင်ခံ့သော ဥပဒေသတော်များကို ဗုဒ္ဓမြတ်စွာသည် အလေးအနက် ဟောကြားတော်မူခဲ့၏။ အုပ်ချုပ်သူ လူတန်းစားတို့ကို မင်းကျင့်တရား(၁၀)ပါးဖြင့် အကာအကွယ်ပေးထားပြီး။ အအုပ်ချုပ်ခံပြည်သူ လူထုကို (၃၈) ဖြာသော မင်္ဂလာတရားတော်တို့ဖြင့် ထိန်းချုပ်ထားလေသည်။ သာသနာတော်သ‌ ်‌ မြန်မာနိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်ရာ

သာသနာတော်၏ အဆုံးအမများကို မြန်မာနိုင်ငံသားတိုင်း လိုက်နာဖို့ လို၏၊ ကျင့်သုံးဖို့ လိုပါ၏။ အချုပ်ဆိုရပါမူ မြန်မာနိုင်ငံ၌ သာသနာတော် တောက်ပထွန်းလင်း ကွယ်ပခြင်း မရှိလေသမျှ နိုင်ငံနှင့်လူမျိုးသည်လည်း ကမ္ဘာ့အလယ် ငြိမ်းချမ်းသာယာစွာ တည်ရှိနေမည်သာဖြစ်၏။ ထို့ကြောင့် သာသနာတော် အဓွန့်ရှည်စွာ တည်ရှိစေရေး၌ မြန်မာနိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ဆိုချင်ပါသည်။

### ၃။ သမိုင်းကို ကျေးဇူးဆပ်ဖို့

မြတ်ဗုဒ္ဓ၏ သာသနာတော်သည် ပရိယတ် ပဋိပတ် ပဋိဝေဓ ဟု သုံးမျိုးရှိ၏။ သာသနာသုံးမျိုးတို့တွင် ပရိယတ္တိသည် မူလ ဘူတ ပဓာနဖြစ်၏။ ပရိယတ္တိသာသနာ အရှည်ခန့်၍ တည်တံ့မှသာလျှင် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့နိုင်မည်ဟု ဆိုလိုပါသည်။

ပထမသင်္ဂါယနာ မှစ၍ သာသနာတော် (၂၅၀၀) ပြည့် အထိမ်းအမှတ် ဆဋ္ဌမ သင်္ဂါယနာတိုင်အောင် ရှေးရှေးသော အရိယာနွယ်ဝင် သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားတို့သည် သာသနာတော်အတွက် ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်း မရှိ ရဲရဲ့စွာ ကြိုးပမ်းထမ်းဆောင်ခဲ့ခြင်းကြောင့်သာ ယနေ့ လက်ရှိ မြန်မာနိုင်ငံသားတို့သည် သာသနာတော်ကို ဖူးတွေ့ရခြင်း ဖြစ်၏။

မှန်၏။ အရှင်မဟာကဿပ အစရှိသော ရှေးရှေး သာသနာ့ဝန်ဆောင် ရဟန္တာအရှင်မြတ်တို့သာ သင်္ဂါယနာ မတင်ခဲ့ကြပါမူ မြတ်ဗုဒ္ဓသာသနာတော်သည် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုသည်နှင့် တစ်ပြိုင်နက် ကွယ်ပမည်သာဖြစ်၏။ ယခုမူ "နေမင်းကြီး ကွယ်လွန်သွားသော်လည်း လဆန်းပက္ခ လပြည့်ည၌ ငြစ်မျိုးငါးအင်ကင်းပစင်သော ငွေစန္ဒာ လမင်းကြီးသည် လောကလူသားတို့အား ငြိမ်းချမ်းသာယာ ကြည်လင် အေးမြသောအလင်းရောင်ကို ပေးနေဘိသကဲ့သို့ပင် "မြတ်ဗုဒ္ဓ အဆုံးအမ ဥပဒေသတည်းဟူသော သာသနာတော်သည် ဝေနေယျ သတ္တဝါတို့အား စစ်မှန်၍ ငြိမ်းချမ်းသာယာသော အလင်းရောင်ကို ပေးနေလျက်ရှိပါ၏။

လောက၏အလှသရဖူဖြစ်သော ငွေစန္ဒာလမင်းကြီးသည် "ဆီးနှင်း မြူတိမ် သူရိမ် မီးခိုး" ငြစ်မျိုးငါးအင်တို့ကြောင့် မှေးမှိန်ရ၏။ လဆုတ် ပက္ခများတွင်မူ တဖြည်းဖြည်း ဆုတ်ယုတ်ရာမှသည် ကွယ်ပသည့်အဆင့်သို့ပင် ရောက်ရ၏။

ထို့အတူ မြတ်ဗုဒ္ဓကိုယ်စား တည်ထားခဲ့သော သာသနာတော်ကြီးသည်လည်း နှစ်ပေါင်း (၂၅၀၀) ကျော်အတွင်း အမြဲတစေ ထွန်းလင်းတောက်ပနေခဲ့ရသည်မဟုတ်၊ အမျိုးမျိုးသော ဒုက္ခ အန္တရာယ် ရန်အသွယ်သွယ်တို့ဖြင့် တွေ့ကြုံရင်ဆိုင်ခဲ့ရ၏ သာသနာတွင်း ပုဂ္ဂိုလ်တို့၏ မလိုတာဖြုတ် လိုရာသွင်းခြင်းဖြင့် ချိုးဖဲ့ခြင်းနှင့်လည်း ကြုံခဲ့ရ၏။ သာသနာပ ပုဂ္ဂိုလ်တို့၏ ဆင်တူယိုးမှား အတုအပပြုခြင်းဖြင့် သာသနာတော်တွင်းသို့ ချင်းနင်းဝင်ရောက်၍ ပြောက်ကျားစစ်ဆင်တိုက်ခိုက် ဖျက်ဆီးခြင်းကိုလည်း ခံခဲ့ရ၏။ နောင် အနာဂတ်တွင်လည်း သာသနာတော်၏ ဆူး ငြောင့် ခလုတ် အနှောက်အယှက်များ ပေါ်ပေါက်နိုင်ပါသေးသည်။ သို့ဖြစ်ရာ သာသနာတော်၏ ဘေးရန်တို့ကို သုတ်သင်ခြင်း သာသနာတော်ကြီး ကြီးပွားရာ ကြီးပွားကြောင်းကို ဆောင်ရွက်ခြင်းဖြင့် သမိုင်းကို ကျေးဇူးဆပ်ဖို့ မမေ့သင့်ပေ။

### ၄။ ကြိုးစားမှုနှင့် အောင်မြင်မှု

မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာ ပြန့်ပွားစေရေး၊ ပရိယတ္တိစာပေကို အထက်တန်းကျကျ အဆင့်မြင့်မြင့် တတ်မြောက်ကျွမ်းကျင်သော ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ်တို့ ပေါ်ထွန်းရေးတို့ကို ရှေးရှု လျက် အသင်းအဖွဲ့များနှင့်တကွ နိုင်ငံတော်အစိုးရကပါ စာမေးပွဲများ ကျင်းပကာ ဆောင်ရွက်ပေးလျက်ရှိ၏။ ထိုအသင်းအဖွဲ့တို့တွင် ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်း ကြီးသည် သက်တမ်းအရှည်ဆုံးဖြစ်၏။ ရည်ရွယ်ချက်နှင့် ကြိုးပမ်းမှု အထက်တန်းကျ၏၊ ရည်ရွယ်ချက်နှင့် ကြိုးပမ်းမှုတို့ အထက်တန်းကျသောအခါ အောင်မြင်မှုတို့သည်လည်း တန်ဘိုးဖြတ်လို့မရပေ။

ဥပမာ - မြန်မာနိုင်ငံ၌ ဆဋ္ဌမသင်္ဂါယနာတင်သည့်အချိန်က အသင်းကြီးမှ ကိုးကွယ်ထားသော ဆရာတော်အရှင်သူမြတ်တို့ ထိပ်ဆုံးမှ ပါဝင်ခြင်း -

(၁) အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ။

(၂) အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မော်လမြိုင် တောင်လေးလုံးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ။

(၃) အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ။

(၄) အဘိဓဇမဟာရဋ္ဌဂုရု မိုးကောင်းတိုက် ဒေးဝန်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ။

(၅) အဘိဓဇမဟာရဋ္ဌဂုရု ဒက္ခိဏာရာမ ဘုရားကြီးတိုက် နယားဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ။

(၆) အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တ

ဝိစိတ္တသာရာဘိဝံသ။

(၇) စစ်ကိုင်းတောင်ရိုး အဘိဓမ္မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုပညိန္ဒာ ဘိဝံသ စသော အကျော်အမော် ဆရာတော်ကြီးများကို မွေးထုတ်ပေးနိုင်ခြင်း။

လက်ရှိ ပရိယတ္တိ အကျော် စာချဆရာတော်တို့သည်လည်း ပရိယတ္တိသာသနဟိတ(သက္ကျသီဟ) ဘွဲ့ရ ပုဂ္ဂိုလ်တို့သာ များခြင်း၊

ဤကဲ့သို့ တန်ဘိုးမဖြတ်နိုင်သော အောင်မြင်မှုတို့ကို ရရှိခြင်း၌ အကြောင်းကို ရှာသော် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးသည် -

(၁) နယုန်လ သီးခြား စာသင်တန်းနှင့် သီးခြားစာချတန်း စာမေးပွဲ၊

(၂) ပြာသိုလ သာသနာလင်္ကာရ သာမဏေကျော် စာမေးပွဲ၊

(၃) တပေါင်းလ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာမေးပွဲ

ဤ စာမေးပွဲသုံးမျိုးကို နှစ်စဉ် နှစ်တိုင်း ကျင်းပပေးလျက် ရှိ၏။ ထိုစာမေးပွဲတို့တွင် နယုန်လစာမေးပွဲသည် လူသိအများဆုံးနှင့် စာမေးပွဲ အဆင့်အတန်း အမြင့်မားဆုံးဖြစ်၏။

အသင်းကြီးက ကျင်းပသော စာမေးပွဲများအတွက် ပုစ္ဆာမေးခွန်းလွှာတို့ကို အသင်းကြီးက ကိုးကွယ်ထားသော သက္ကျသီဟဘွဲ့ရပြီး စာပေလောက၌ ကျမ်းဂန်မျိုးစုံတို့ကို အာစရိယဝါဒနှင့် ဟက္ကနည်းပေါင်းစုံ နှံ့စပ် ကျွမ်းကျင်တတ်သိမြင်၍ ဆရာတစ်ဆူ ပါရဂူ ဖြစ်တော်မူသော ဆရာတော်တို့က ထုတ်ဆင်ပေးရ၏။ သောတုဇန စာဖြေရှင်တို့ဘက်ကလည်း ပြဋ္ဌာန်းထားသော ကျမ်းစာတို့ကို နှုတ်တက် အာဂုံ ဆောင်ထားရရုံမက ကျမ်းရင်းစာသားတို့၌ ခက်ခဲ နက်နဲသော အဖုအဆစ်တို့ကို ကျမ်းစာမျိုးစုံ ဆရာအဖုံဖုံတို့၏ ဝါဒအသီးသီးတို့ကိုပါ မိမိရရ လေ့ကျက်ထားရ၏။

သက္ကျသီဟ စာမေးပွဲအောင်ပန်းကို ဆွတ်ခူး ပန်ဆင်လိုသော စာသင်သားတစ်ဦးအနေဖြင့် အခြား အခြားသော စာသင်သားများထက် ဝီရိယ ပိုကောင်းရ၏။ ဉာဏ်ပညာ ထက်မြက်စူးရှရ၏။ သဒ္ဓါတရားပိုမို ပွားများရ၏။ သမာဓိမဏ္ဍိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြံ ခိုင်ခန့်ရ၏။

မှန်၏။ အောင်မြင်မှု ဟူသမျှသည် ကြိုးစားမှုကို အခြေခံကြသည်သာဖြစ်၏။ သို့သော် သာသနာတော်၌ ကြိုးစားမှု ဝီရိယကြောင့် အောင်မြင်လာသော်လည်း သဒ္ဓါတရား နည်းပါးမှုကြောင့် ကျရှုံးရ၏။ သမာဓိတရား အခေါင်းပါးမှုကြောင့် နာမည်ပျက်ကာ မကောင်းသတင်း ကျော်စောရ၏။ အသိပညာ မပြည့်စုံပါမူ အောင်မြင်မှုတို့ ဆုတ်ယုတ်ရပါ၏။

သက္ကျသီဟ စာသင်သားတို့ကို စာပေပို့ချ ပုစ္ဆာဆင်ထုတ်ရသော ဆရာတော်တို့ကား စာသင်သားထက် ပိုမို ကြိုးစားရပါ၏။ စာမေးပွဲ ဖြစ်မြောက်အောင် ထမ်းဆောင်နေကြသော သင်းမလူကြီးများ၏ ကြိုးစားမှုကား နှစ်စဉ်ထုတ်ဝေသည့် အမှတ်စဉ်စာတမ်းများက သက်သေခံလျက် ရှိပါ၏။

ဆရာ ဒကာ တပည့် စာသင်သား ဤသုံးပါးတို့၏ ကြိုးစားမှုနှင့်အောင်မြင်မှုတို့ကား ကြည်ညိုဖွယ်ရာ အလွန်ကောင်းပါ၏။ သာသနာတော်အတွက် အားတက်ဖွယ်ရာ ကျေးဇူးများလှပါ၏။ လူ နတ် ပြဟ္မာတို့၏ ကောင်းချီးဩဘာ သာဓုခေါ် ရန် ထိုက်တန်သော ကြိုးစားမှုများ မုချ ဧကန်အမှန်ပင် ဖြစ်ပါ၏။

## ၅။ ရာပြည့်အောင်လံ သာဓုသံ

ယနေ့ မန္တလေးမြို့ ပရိယတ္တိသာသနဟိတ(သက္ကျသီဟ) အသင်းကြီးကို (၁၂၆၀)ပြည့်နှစ်တွင် တည်ထောင်ခဲ့ရာ လာမည့် (၁၃၆၀) ပြည့်နှစ်ဆိုလျှင် အသင်းသက်တန်း အနှစ်တစ်ရာပြည့်တော့မည် ဖြစ်၏။ ဟောင်းပင် ဟောင်းသော်လည်း အသင်းကြီး၏ အရှိန်အဝါကား ကောင်းနေဆဲသာ ဖြစ်ပါ၏။ အသင်းကြီး၏ ကိုးကွယ်ခံ ဆရာတော်တို့သည်လည်း ပညာရဲရင့် ပွဲလယ်တင့်နေဆဲသာ ဖြစ်နေပါ၏။ ထို့အတူ အသင်းကြီးကို ယုံကြည်လေးစား တန်ဘိုးထားသော သောတုဇန စာသင်သားတို့သည်လည်း အသင်းစာမေးပွဲအတွက် စာပေကို ကြိုးစားလေ့ကျက် နေကြဆဲသာ ဖြစ်ပါ၏။

အို . . . မြန်မာပြည်တိုင်းဖွား သူတော်စင်များတို့ -

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးသည် သာသနာတော်အတွက် အတိုင်းအတာ မရှိ ကျေးဇူးများဘိ၏။ မြန်မာနိုင်ငံ၏ ဂုဏ် သိက္ခာကိုလည်း ထွန်းပြောင်စေခဲ့၏။ မြန်မာနိုင်ငံသမိုင်းနှင့်အတူ ပေါ်ပေါက်လာခဲ့သော အသင်းကြီး တည်ထောင်သူတို့အား ဂုဏ်ပြုကြလော့။ ကောင်းချီး ဩဘာ သာဓုသံတို့ကို ဘဝဂ် မဆန့် ပျံ့နှံ့တက်အောင် ဝိုင်းဝန်းကြွေးကြော်ကြကုန်လော့။ ။

အရှင်ပညာဗလ (ဓမ္မာစရိယတန်း)
အတုလကာရိဆင်မင်းကျောင်း
ဒက္ခိဏာရာမဘုရားကြီးတိုက်
မန္တလေးမြို့။
(၁၄-၇-၉၆)၊ တနင်္ဂနွေနေ့

# ပရိယတ္တိသာသနဟိတအသင်းကြီး၏နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာ ဖွင့်ပွဲ၌ အသင်း ဥက္ကဋ္ဌ ဦးဟန်ထွန်း ၏ လျှောက်ထားချက်

သာသနာတော်သက္ကရာဇ် ၂၅၄၂-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀-ပြည့်နှစ်၊ ဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့ နံနက်နေတက်ချိန်၌ ကျင်းပသော ပရိယတ္တိသာသနဟိတအသင်းကြီး၏ မော်ကွန်းကျောက်စာဖွင့်ပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် အဘိဓဇမဟာရဋ္ဌဂုရု နယားဆရာတော်ဘုရားကြီး အမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီးများနှင့် အသင်းမှ ကိုးကွယ်အပ်သော ပရိယတ္တိဝိသာရဒ၊ ပိဋကတ္တယဆောက၊ ဂန္ထန္တရဝိဒူ ဖြစ်တော်မူကြသည့် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ဘုရားတပည့်တော်အနေနှင့် ဤအသင်းကြီးကိုယ်စား လျှောက်ထားလိုသည်မှာ အုတ်ကျစ်ကျော်အေး မန္တလေးဆိုသည့်အတိုင်း ၁၂၂၁-ခုနှစ်၌ မန္တလေး ရတနာပုံမြို့တော်ကြီးကို စတင်တည်ထောင်တော်မူခဲ့သည့် မင်းတုန်းမင်းဟရားကြီးနှင့် သားတော်သီပေါမင်းတို့လက်ထက်၌ ဥဩသံသာ၊ သာသနာ ဆိုသည့်အတိုင်း ရာဇဂုရုစသော တံဆိပ်တော်ရ မရ စာချဆရာတော်ပေါင်း ၁၁၆၆-ပါးလောက်အရေအတွက်ရှိလျက်၊ သာသနာတော်၏ ပင်ရင်း မူလဖြစ်သော ပရိယတ္တိစာပေကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူကြသဖြင့် သာသနာအရောင် ထွန်းပြောင်ပွင့်လင်းခဲ့ပါသည်ဘုရား။

သို့ရာတွင် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၈) ရက်နေ့တွင် သာသနဒါယကာသီပေါမင်းတရားနှင့် မိဖုရားကြီးတို့ အိန္ဒိယပြည် ရတနာဂီရိသို့ ပါတော်မူကြရပြီးနောက် သာသနာပြုမင်းမရှိတော့၍ ရဟန်းသံဃာတော်များ ပစ္စည်းလေးပါး ညှိုးနွမ်းကာ နီးစပ်ရာ အရပ်တစ်ပါးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူကြသဖြင့် မန္တလေးသာသနာမှာ တစ်စ၊ တစ်စ မှေးမှိန်၍ လာခဲ့ပါသည်ဘုရား။

ယင်းသို့သောအကြောင်းများကြောင့် သာသနာကို ကြည်ညိုကြသော ပွဲစားကြီး ဦးထွန်း စသော ဥပါသကာကြီး (၁၂) ဦးတို့က ညှိနှိုင်းတိုင်ပင်ကြ၍ မိုးထားသာသနာပိုင်ဆရာတော်ဘုရားကြီး အမှူးရှိသော ရာဇဂုရုဘွဲ့တံဆိပ်တော်ရ၊ မရ ဆရာတော်ကြီး (၁၈) ပါးအား ပင့်လျှောက်ကာ မန္တလေးသာသနာပြန်လည် ထွန်းလင်းရေးအတွက် ဩဝါဒခံယူကြပြီး၊ ဤပရိယတ္တိသာသနဟိတအသင်းကြီးကို ၁၂၆၀-ပြည့်နှစ်၊ ဝါဆိုလပြည့်၊ စနေနေ့၌ စတင်တည်ထောင်ကာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ကြပါသည်ဘုရား။

ယော ဝေါ မယာ အာနန္ဒ ဓမ္မောစ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ။

အာနန္ဒ-ငါဘုရားသည် သုတ္တန်နှင့်အဘိဓမ္မာကိုလည်း ဟောကြားခဲ့၏၊ ဝိနည်း သိက္ခာပုဒ်တော်ကိုလည်း ပညတ်ခဲ့၏၊ ထိုသုတ္တန် ဝိနည်း အဘိဓမ္မာ ဟူသော ပိဋကတ်သုံးပုံသည် ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ငါ၏ကိုယ်စား သင်တို့အား သွန်သင်ဆုံးမမည့် သင်တို့၏ဆရာဖြစ်ပေသည် ဟူသော ဒီဃနိကာယ်မဟာဝဂ္ဂပါဠိတော် မဟာပရိနိဗ္ဗာနသုတ်၌ လာရှိသည့်နှင့်အညီ ဘုရားရှင်ဟောကြားတော်မူအပ်သော ပရိယတ္တိသာသနာတော် ထွန်းကားစည်ပင်ရေးအတွက် သင်ကြားပို့ချပေးတော်မူကြမည့် မိုးထားသာသနာပိုင်ဆရာတော်အမှူးရှိသော ဆရာတော်ကြီးတို့အား မူလဓမ္မာစရိယအဖြစ် သတ်မှတ်ကိုးကွယ်ကာ ဆန်၊ ဆီ၊ ဆား စသော နိဗဒ္ဓအလှူတော်များကို လစဉ်မပြတ် ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်ဘုရား။

ထို့အပြင် သီးခြားစာချပုဂ္ဂိုလ်များ ပေါ်ပေါက်လာရေးအတွက် ၁၂၆၅-ခုနှစ်၊ နယုန်လမှစ၍ စာသင်တန်း စာမေးပွဲကို ကျင်းပခဲ့လျက် အောင်မြင်တော်မူကြသော ရဟန်းတော်တို့အား မူလစာချဆရာတော်တို့နည်းတူ နိဗဒ္ဓအလှူတော်တို့ကို ထောက်ပံ့လှူဒါန်းကာ ၁၂၆၇-ခုနှစ်မှစ၍ သီးခြားစာချတန်း စာမေးပွဲကို စတင်ကျင်းပခဲ့လျက် အောင်မြင်တော်မူသော ရဟန်းတော်တို့အား အဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဟူသော ဘွဲ့လက်မှတ်ကို ဆက်ကပ်လျက် သီးခြားစာချဆရာတော်များအဖြစ် ကိုးကွယ်၍ နိဗဒ္ဓဆွမ်းဆန်တော် စသည်ကို လစဉ်လှူဒါန်းထောက်ပံ့ခဲ့ရာ နှစ်ပေါင်း (၁၀၀)ပြည့်သည်အထိ ဖြစ်ပါသည်ဘုရား။

ဤအသင်းကြီးမှ နှစ်(၁၀၀)အတွင်း နှစ်စဉ်နယုန်လ၌ စာသင်တန်း/စာချတန်း စာလျှောက်မေးခန်းကို ကျင်းပလာခဲ့ရာ

(၉၂) ကြိမ်အထိ ရှိပြီဖြစ်၍ သီးခြားစာချတန်းအောင် ဆရာတော်တို့မှာ ဓမ္မာစရိယဝင်္ငံသကာ (၉) ပါး အပါအဝင် (၃၃၇) ပါး အထိ ရှိခဲ့ပါသည်ဘုရား။

ထို့အပြင် ၁၃၁၁-ခုနှစ်၊ ပြာသိုလမှစ၍ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကို (၄၉) ကြိမ်မျှ ကျင်းပခဲ့ပြီးဖြစ်ရာ ယခုအခါ တတိယဆင့်အောင်မြင်ပြီးသော သာမဏေကျော်ပေါင်း (၃၁၆)ပါး ပေါ်ထွန်းခဲ့ပြီး ဖြစ်ပါသည်ဘုရား။

ထို့အပြင် ၁၃၁၁-ခုနှစ်၊ တပေါင်းလမှစ၍ နိကာယ်ငါးရပ်ပိဋကတ်တော်ဆောင် ပုဂ္ဂိုလ်များ ပေါ်ပေါက်လာရေးအတွက် နိကာယ်စာလျှောက်မေးခမ်းကို ကျင်းပခဲ့ရာ ဝိနယဓရ၊ ဒီဃဘာဏက စသော နိကာယ်အောင်ပုဂ္ဂိုလ်ပေါင်း (၁၄၅)ပါး အထိ ပေါ်ပေါက်ခဲ့ပြီ ဖြစ်ပါသည်ဘုရား။

ယင်းသို့ ပရိယတ္တိသာသနာ၏အကျိုးစီးပွားကို ဆောင်ရွက်ရန် ၁၂၆၀-ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့မှ စတင်ကာ ပထမဥက္ကဋ္ဌကြီး ဦးထွန်းလက်ထက်မှစ၍ ယခု ၁၃၆၀-ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့ ဘုရားတပည့်တော်တို့လက်ထက်အထိ၊ နှစ်(၁၀၀)အတွင်း၌ ဤအသင်းကြီး၏ သာသနာပြုလုပ်ငန်းများ အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြပုံကို နောင်လာနောင်သားတို့ သိရှိ အတုယူကြကာ သာသနာငါးထောင်ရှည်ကြာသည့်တိုင်အောင် ထေရဝါဒဗုဒ္ဓသာသနာ တည်တန့်ခိုင်မြဲစေရန် ဆက်လက်ဆောင်ရွက်ကြရေးကို ရည်သန်လျှက် ဩဝါဒါစရိယဆရာတော်ကြီးများအား လျှောက်ထားဩဝါဒခံယူကာ နှစ်ပေါင်း (၁၀၀)အတွင်း ဤအသင်းကြီး၏ ဆောင်ရွက်ချက်အကျဉ်းချုပ်ကို သက်ဆိုင်ရာ ရဟန်းပညာရှိ၊ လူပညာရှိတို့အား မြန်မာဘာသာ၊ ပါဠိဘာသာ၊ သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားစေလျက် အကြိမ်ကြိမ် တည်းဖြတ်ပေးတော်မူကြသည့်အတိုင်း ဤမော်ကွန်းကျောက်စာကို ရေးထိုးထားပါသည်ဘုရား။

ဤသို့ပြုလုပ်ရခြင်းမှာ အသောကမင်းတရားကြီးသည် သာသနာသက္ကရာဇ် (၂၃၆) ခုနှစ်၌၊ တတိယသင်္ဂါယနာတင်ပြီးနောက် သုဝဏ္ဏဘူမိ စသော ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်ကာ အသောကကျောက်စာတိုင်ကြီးကို ရေးထိုးထားသကဲ့သို့လည်းကောင်း၊ ပုဂံခေတ် ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရမင်းသားသည် မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုစသည့်အကြောင်းကို စေတီကျောက်စာ၌ ပါဠိဘာသာ၊ ပျူဘာသာ၊ မွန်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးထိုးထားသကဲ့သို့လည်းကောင်း၊ ဤမော်ကွန်းကျောက်စာတိုင်ကို ဘာသာ (၄) မျိုးဖြင့် ရေးထိုးထားခြင်း ဖြစ်ပါသည်ဘုရား။

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ ဤမော်ကွန်းကျောက်စာဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးတော်မူကြသော ရဟန်းပညာရှိ၊ လူပညာရှိ ပုဂ္ဂိုလ်အပေါင်းနှင့် ကျောက်စာတော် ဒါယကာ ဦးချစ်ဆွေ+ဒေါ်တင်မမ မိသားစု အပါအဝင် ကျောက်စာဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော် သံဃာတော်များနှင့် ဂုဏ်သရေရှိ ဧည့်ပရိတ်သတ်အပေါင်းတို့အား အသင်းကြီး၏ကိုယ်စား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ။

ဟန်ထွန်း
စ၊ အ-ဓမ္မာစရိယ၊ ဘီအေ-ဘီ-အီး-ဒီ
ဥက္ကဋ္ဌ
ပရိယတ္တိသာသနဟိတအသင်း
၁၃၆၀-ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး

# နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ကျောက်စာမော်ကွန်း

အသင်းကြီး တည်ထောင်သည့်ခုနှစ် ကောဇာ ၁၂၆၀၊ သာသနာနှစ် ၂၄၄၂၊ ခရစ်နှစ် ၁၈၉၈

# ပရိယတ္တိသာသနဟိတအသင်းကြီးပေါ်ထွန်းလာခြင်း

၁။ (က) မန္တလေး ရတနာပုံရွှေမြို့တော်ကြီးကို ၁၂၂၁ ခုနှစ်တွင် တည်ထောင်တော်မူသော မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓသာသနာတော် ထွန်းကားစေလိုသော သမ္မာဆန္ဒဖြင့် မန္တလေးမြို့ အရှေ့ပြင်၌ ကျောင်းတိုက်ကြီး (၁၈) တိုက် ရှေးဦးစွာဆောက်လုပ်ပြီး သံဃာ့ဦးသျှောင်ဆရာတော်ကြီး (၁၈) ပါးကို ရွေးချယ်တင်လျှောက်တော်မူခဲ့သည်။ ရာဇာဓိရာဇဂုရု စသော ဘွဲ့တံဆိပ်တော်များ ဆက်ကပ်၍ သာသနာပြုတာဝန်တို့ကိုလည်း အပ်နှင်းတော်မူသည်။

(ခ) နှစ်စဉ် နှစ်တိုင်း ပထမပြန်စာမေးပွဲသဘင်ကို နယုန်လတွင် ဆင်ယင်ကျင်းပ၍ သာသနာ့အာဇာနည် ရှင်လောင်း၊ ရဟန်းလောင်းတို့ကို ရွေးချယ်လျက် သာသနာတော်အရေး အားပေးတော်မူခဲ့သည်။ ထို့ကြောင့် မန္တလေးလေးပြင်လေးရပ်၌ တိပိဋကဓရ ဘုရားကြီးဆရာတော် ဘဒ္ဒန္တဇာဂရမဟာထေရ်ကဲ့သို့သော ဘွဲ့ဟံဆိပ်တော်ရ-မရ စာချဆရာတော် (၁၁၆၆) ပါး အထိ ထွန်းကားစည်ပင်ခဲ့သည်။ စာချဆရာတော်တို့သည် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတ်ကို နေ့ဝါ ညဝါအသီးသီး တာဝန်ခွဲဝေ ချပို့တော်မူသဖြင့် ထိုစဉ်က မန္တလေးနေပြည်တော်၌ ပရိယတ္တိသာသနာတော် အထွဋ်အထိပ်သို့ ရောက်ရှိစေခဲ့သည်။

(ဂ) ၁၂၄၇ ခုနှစ်၊ သီပေါမင်း ပါတော်မူပြီး ဘာသာခြား အစိုးရတို့ အုပ်စိုးကြ၍ သာသနာတော် ဆုတ်ယုတ်လာခဲ့ရာ ၁၂၄၇ ခုမှ ၁၂၆၀-ပြည့်နှစ်အထိ (၁၃) နှစ်အတွင်း မန္တလေးမြို့ စာချဆရာတော် ထက်ဝက်မျှ ယုတ်လျော့သွားခဲ့သည်။

သာသနာတော်ကို ချီးမြှောက်မည့်မင်း ကင်းဆိတ်စဉ်ကာလ မဟာအတုလဝေယန်ခေါ် အတုမရှိကျောင်းတော်ကြီး အပါအဝင် ကျောင်းတိုက်ကြီး အများအပြားတို့သည် မီးသင့်လောင်ကုန်သဖြင့် ရဟန်းသံဃာတော်တို့ ကိုယ်စိတ်နှစ်ဖြာ မချမ်းမသာဖြစ်ကြရကား ရွှေမြို့တော်မှ ဖယ်ခွာကြလျက် တောလက်ကျေးရွာများသို့ ကြွရောက် နေထိုင်တော်မူခဲ့ကြသည်။

၂။ သာသနာတော် ဆုတ်ယုတ်လျက်ရှိသော အခြေအနေကို တွေ့မြင်သိရှိကြသည့် ရွှေမြို့တော်နေ ရဟန်းရှင်လူ ဒါယကာများစွာထဲမှ -

(က) မန္တလေး၊ ဆိုင်းတန်းရပ်နေ ပွဲစားကြီး ဦးထွန်း။
(ခ) ဟော်ကုန်းရပ်၊ အရေးပိုင်ရုံး စာရေးကြီး ဦးခင်။
(ဂ) သရက်တော ဝါးတန်းရပ် ပွဲစားကြီး ဦးသာပေါ်။
(ဃ) အုတ်တန်းရပ်၊ ပွဲစားကြီး ဦးကျော်စံ။
(င) ဂုန္တာန်ရပ်၊ ဂရန်ရုံး စာရေးကြီး ဦးကျော်စော။
(စ) ရသာတန်းရပ်၊ သက်နီးကုန်သည်ကြီး ဦးဘိုးရှင်။
(ဆ) ရသာတန်းရပ်၊ ရွှေကျောက်ကုန်သည်ကြီး ဦးသက်။
(ဇ) ရသာတန်းရပ်၊ ရွှေကျောက်ကုန်သည်ကြီး ဦးကျောက်နီ။
(ဈ) ဆေးရိုးဝင်းရပ်၊ ကုန်သည်ကြီး ဦးဖြိုးအောင်။
(ည) ဂုန္တာန်ဆေးရိုးဝင်း၊ ပိုးကုန်သည်ကြီး ဦးတုတ်။
(ဋ) ရသာတန်းရပ်၊ ပရိက္ခရာကုန်သည်ကြီး ဦးစု။
(ဌ) ရသာတန်းရပ်၊ ကုန်သည်ကြီး ဦးဖော့။

ဤ (၁၂) ဦးသော ပုဂ္ဂိုလ်တို့သည် သာသနာပိုင် မိုးထားဆရာတော် ဘဒ္ဒန္တသုဇာတမဟာထေရ် အမှူးပြုသော သံဃာ့ဦးသျှောင်ဆရာတော်ကြီး (၁၈) ပါးကို ပင့်လျှောက်၍ "တပည့်တော်တို့က သာသနာတော် စည်ပင်ထွန်းကားရေးအတွက် ပစ္စည်းလေးပါးဖြင့် ချီးမြှောက် ပူဇော်လိုပါသည်၊ ဆရာတော်အရှင်မြတ်တို့က ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်၍ လမ်းမှန်ကိုလည်း ညွှန်တော်မူကြပါ" ဟု လျှောက်ထား ဩဝါဒခံယူခဲ့ရာ ဆရာတော်ဘုရားကြီးများ၏ ဩဝါဒတော်အရ ပရိယတ္တိသာသနဟိတအသင်းကြီးကို ၁၂၆၀-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ထိုနှစ် တပို့တွဲလမှစတင်၍ သာသနာပိုင် မိုးထားဆရာတော်ကြီးနှင့်တကွ မူလစာချဆရာတော် (၁၆)ပါး၊ အခြားစာချဆရာတော် (၇၀)ပါး တို့အား နိဗဒ္ဓဝတ်ဖြင့် ဆွမ်းဆန်တော်ကို စတင်လှူဒါန်းခဲ့သည်။ ၁၂၆၄-ခုနှစ်တွင် ကင်းဝန်မင်းကြီး ဦးကောင်း အမှူးပြုသော ပုဂ္ဂိုလ်တို့အား အသင်းကြီး၏ စည်းမျဉ်းဥပဒေကို ရေးဆွဲစေ၍ အသင်းကြီး တည်နေရာအဖြစ် ကျောက်သွေးတန်း ၈၄လမ်းနှင့် ၃၁လမ်းရှိ ထောင့်တိုက်ကြီးကို ဝယ်ယူ၍ ရုံးဖွင့်ခဲ့သည်။

၃။ (က) ၁၂၆၀-ခုမှ ၁၂၆၄ ခုနှစ်ထိ (၅) နှစ်အတွင်း မူလစာချ ဆရာတော် (၁၂၅)ပါး တိုးပွား ထွန်းကားခဲ့သည်။ စာချပုဂ္ဂိုလ်တို့နည်းတူ စာသင်သားပုဂ္ဂိုလ်တို့အား နိဗဒ္ဓဝတ်ဖြင့် ချီးမြှောက်ပူဇော်ရန် ပရိယတ္တိသာသနဟိတ သီးခြားစာသင်တန်း စာေလျှာက်မေးခမ်းကို ၁၂၆၅-ခုနှစ်၊ နယုန်လတွင် စတင် ကျင်းပခဲ့သည်။ ထိုနှစ် စာသင်တန်းအောင်မြင်သော ပုဂ္ဂိုလ်များမှာ ဦးပညိန္ဒြိယ၊ ဦးဣန္ဒြိယ၊ ဦးသူရိယ၊ ဦးသဒ္ဓမ္မ၊ ဦးဣန္ဒဝံသ တို့ ဖြစ်ကြသည်။

(ခ) သီးခြားစာချတန်း စာေလျှာက်မေးခမ်းကို ၁၂၆၇-ခုနှစ်တွင် စတင်ကျင်းပရာ ၁၂၆၉-ခုနှစ်၌ သီးခြားစာချတန်းအောင်မြင်သော ပုဂ္ဂိုလ်မှာ မိုးကောင်းတိုက် ဦးဇောတိကာဘိဝံသ ဖြစ်သည်။ ထိုစာေလျှာက်မေးခမ်းကို သကျသီဟဘုရားပရိဝုဏ်ရှိ မကိုဋ်တန်ဆောင်းကြီးတွင် ကျင်းပခြင်းကို အကြောင်းပြု၍ သကျသီဟစာမေးပွဲဟု ခေါ်တွင်ခဲ့ကြသည်။

၄။ (က) ၁၂၆၀ မှ ၁၃၀၃ ခုအထိ (၄၃) နှစ်အတွင်း မူလစာချ (၂၄၃)ပါး၊ သီးခြားစာချတန်းအောင် (၁၃၇)ပါး၊ သီးခြားစာသင်တန်းအောင် (၂၇၇)ပါး၊ စုစုပေါင်း (၆၅၇)ပါး ပေါ်ထွန်းခဲ့သည်။

(ခ) အသင်း၏ သတ်မှတ်ထားသော စည်းကမ်းအရ အသင်းကြီး၏ စာေလျှာက်မေးခမ်းဆိုင်ရာ ကျမ်းစာများကို စဉ်ဆက်မပြတ် ပို့ချ၍ စာဝါတိုင်းတွင် စာလိုက်သံဃာ (၅၀) အထက်ရှိသော စာချဆရာတော်များကို ပရိယတ္တိသာသနဟိတ မူလစာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ သီးခြားစာချတန်းကို အောင်မြင်သည့် ပုဂ္ဂိုလ်များကို ပရိယတ္တိသာသနဟိတသီးခြားစာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း သတ်မှတ်၍ လစဉ် ဆန်၊ ဆီ၊ ဆား စသော ဒါနဝတ္ထုတို့ဖြင့် လှူဒါန်းကိုးကွယ်ခဲ့သည်။

(ဂ) သီးခြားစာသင်တန်း အောင်မြင်ပြီးနောက် ကျမ်းရင်းသုံးကျမ်းကို နှစ်မခြားဘဲ တစ်နှစ်တည်းဖြင့် အောင်မြင်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကို 'ဓမ္မာစရိယ ဝံ့သကာ' ဟူသော ရွှေတံဆိပ်ဖြင့် ဆက်ကပ်ပူဇော်ခဲ့ရာ အသင်းကြီး နှစ် (၁၀၀)အတွင်း "ဓမ္မာစရိယ ဝံ့သကာ" သာသနာ့အာဇာနည် (၉) ပါးပေါ်ထွန်းခဲ့သည်။ ပရိယတ္တိသာနဟိတ ဓမ္မာစရိယ "ဝံ့သကာ" ဘွဲ့ကို ပထမဦးစွာ ဆွတ်ခူးသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးမှာ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (ဝိသိဋ္ဌ-တိပိဋကဓရ-တိပိဋကမဟာကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု-အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မင်းကွန်း ဓမ္မနာဒဆရာတော်ဘုရားကြီးဖြစ်သည်။

၅။ အသင်းကြီးသည် ဒုတိယကမ္ဘာစစ်ကြောင့် ၁၃၀၄-ခုနှစ်မှ ၁၃၀၇-ခုနှစ်ထိ လေးနှစ်မျှ စာမေးပွဲ ရပ်ဆိုင်းခဲ့ရသည်။ ၁၃၁၀ ခုနှစ်တွင် အသင်းကြီး၏ နှစ် (၅၀)မြောက် ရွှေရတုသဘင်ကို ကျင်းပခဲ့ပြီး မူလစာချဆရာတော်များနှင့် သီးခြားစာချဆရာတော်တို့ကို ပစ္စည်းလေးပါးဖြင့် ပူဇော်ခဲ့သည်။

၆။ ရှေးမြန်မာမင်းတို့သည် သာသနာ့အာဇာနည်များကို "ပထမကျော်ပြန်" ဟူသော ဘွဲ့ထူးဖြင့် ချီးကျူးပူဇော်သကဲ့သို့ အသင်းကြီးက သာသနာတော်အား တိုးမြှင့် ချီးမြှောက်ရန် "သာသနာလင်္ကာရသာမဏေကျော်" စာေလျှာက်မေးခမ်းကို ၁၃၁၁ ခုနှစ်၊ ပြာသိုလတွင် စတင် ကျင်းပခဲ့ရာ ၁၃၆၀-ခုနှစ် အထိ သာမဏေကျော် (၃၁၆) ပါး ပေါ်ထွန်းခဲ့သည်။

### သာသနာ့ဗိမာန်တော်ကြီးပေါ်ပေါက်လာခြင်း

၇။ (က) အသင်းကြီးသည် နှစ် (၅၀)ရွှေရတုခရီးသို့ ရောက်စေခဲ့ကာမှ အသင်းကြီးပိုင် ခန့်ညားသည့် အဆောက်အဦး မရှိသေး၍ မန္တလေးမြို့ မိုးကောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတာဘိဝံသမဟာထေရ် အမှူးပြုသော ဆရာတော်ကြီး (၁၈)ပါးတို့က နိုင်ငံတော်အစိုးရထံ မေတ္တာရပ်ခံခဲ့၍ ၁၃၁၄-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၇) ရက်၊ (၁၃-၇-၁၉၅၁) နေ့တွင် ရတနာဘုမ္မိအနောက်ရပ်၊ အကွက်အမှတ် ၅၅၀၊ ၈၅လမ်း၊ ၃၄/၃၅လမ်းကြား၌ (၂.၃၀) ဧကရှိ မြေကွက်ကို နိုင်ငံတော်အစိုးရကိုယ်စား သာသနာရေး ဝန်ကြီး ဦးဝင်းက အသင်းကြီးအား လှူဒါန်းခဲ့သည်။

(ခ) ထိုမြေကွက်တွင် အလျား (၁၃၆)ပေ၊ အနံ (၅၄)ပေရှိ အခန်းပေါင်း (၇၀၀)ပါဝင်သည့် သုံးထပ် သာသနာ့ဗိမာန်တော်ကြီးကို မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာတို့ဖြင့် ဆင်ယင်ပြီး အသင်းကြီး၏ နာယက မြန်မာ့ဗိသုကာပညာရှင် ဝဏ္ဏကျော်ထင် ဆရာဆိုင်ကိုယ်တိုင် ကြီးကြပ်၍ တည်ဆောက်ခဲ့ရာ ၁၃၂၀-ခုနှစ်၊ ဝါဆိုလဆန်း (၂)ရက်နေ့တွင် ပြီးမြောက်အောင်မြင်ခဲ့သည်။ ဗိမာန်တော်ကြီး ပြီးစီးအောင်မြင်ရေးအတွက် သာသနာ့ဟိတဓရဘွဲ့ခံ နိုင်ငံတော်ဓမ္မကထိက ဆရာကြီး ဦးလှသိန်းနှင့် အသင်းလူကြီးမင်းတို့ ကြိုးစားအားထုတ်မှုလည်း များစွာပါဝင်ခဲ့သည်။

(ဂ) ဗိမာန်တော်ကြီး ဆောက်လုပ်ပြီးနောက် အတက်အဆင်း လွယ်ကူစေရန် ဓာတ်လှေကားကို စက်သူဌေး ဦးသာဌေး+ ဒေါ်သန်း မိသားစုတို့က တပ်ဆင်လှူဒါန်းခဲ့ကြသည်။ အသင်းကြီး၏ ဝတ္ထုကံအတွက် စေတနာရှင်များက မြေ၊ အဆောက်အဦးများနှင့် ဝတ္ထုကြေးငွေများ လှူဒါန်းထောက်ပံ့ခဲ့ကြသည်။ ထို့အပြင် နှစ်စဉ် စာေလျှာက်မေးခမ်းများ ကျင်းပသည့်အခါ ဆွမ်း၊ ဘောဇဉ်၊ စသည်တို့ကို လှူဒါန်း၍ စာအောင်ပုဂ္ဂိုလ်များအား သီးမျိုးစုံ ပဒေ

သာပင်တို့ဖြင့် **စေတနာထက်သန်စွာ** လှူဒါန်းပူဇော်ခဲ့ကြသည်။

၈။ (က) **အသင်းကြီးသည်** အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာ**တော်ဘုရားကြီး ဘဒ္ဒန္တသုရိယာဘိဝံသမထေရ်၏** ဂိုက်ကွန်းချက်အရ အဂ္ဂမဟာပဏ္ဍိတ ခေမာသိဝံဆရာတော်ဘုရားကြီး အမှူးပြုသော **ဆရာတော်ကြီး** (၆)ပါးတို့၏ ဩဝါဒကိုခံယူ၍ နိကာယ်ငါးရပ် ပါဠိတော်ရေးဖြေ စာလျှောက်မေးခမ်းကို ၁၃၃၁ **ခုနှစ်**၊ **တပေါင်းလမှစ၍** ကျင်း .. သည်။

အသင်းကြီး သည် -

- ပရိယတ္တိသာသနဟိတ သီးခြားစာသင်တန်း စာလျှောက်မေးခမ်း။
- ပရိယတ္တိသာသနဟိတ သီးခြားစာချတန်း စာလျှောက်မေးခမ်း။
- ပရိယတ္တိသာသနဟိတ သာသနာလင်္ကာရ သာမဏေကျော် စာလျှောက်မေးခမ်း။
- နိကာယ်ငါးရပ် ပါဠိတော် အာဂုံရေးဖြေ စာလျှောက်မေးခမ်းတို့ကို ကျင်းပလျက်ရှိသည်။

ထိုစာလျှောက်မေးခမ်းကြီး (၄)ပွဲဖြင့် မြန်မာနိုင်ငံရှိ ရဟန်းသာမဏေသုံးသိန်းကျော်တို့မှ သာသနာ့အာဇာနည်အရှင်မြတ်တို့ကို ရွေးချယ်ခဲ့ရာ နှစ် (၁၀၀)အတွင်း ရဟန်း သာမဏေပေါင်း (၁၃၄)ပါး ပေါ်ထွန်းခဲ့သည်။

၉။ ထိုထို သာသနာရေးကိစ္စတို့၌ ပရိယတ္တိသာသနဟိတအသင်းကြီး၏ အဘိဝံသမဏ္ဍာစရိယဘွဲ့ရ ပုဂ္ဂိုလ်တို့သည်သာ အများအားဖြင့် ဦးစီးဦးဆောင်အဖြစ် ပါဝင်ဆောင်ရွက်တော်မူကြလေသည်။

၁၀။ ပရိယတ္တိသာသနဟိတအသင်းကြီးသည် စည်းကမ်းဥပဒေတို့ကို လေးစားလိုက်နာ၍ အစဉ်အလာကောင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပရိယတ္တိသာသနာတော်အတွက် နှစ် (၁၀၀)ခရီးလမ်းကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့လေပြီ။ "အကျွန်ုပ်တို့သည် ရှေးလူကြီးမင်းများကဲ့သို့ နှစ် (၁၀၀)သမိုင်းမှတ်တိုင်မှ သာသနာတော် တည်သရွေ့ ခိုင်မြဲသော သဒ္ဓါ၊ အားကောင်းသော လုံ့လဝီရိယတို့ဖြင့် ညီညွတ်စွာ ဆက်လက်လျှောက်လှမ်းရန် အဓိဋ္ဌာန်ပြုကြပါသတည်း။

နှစ် (၁၀၀) အတွင်း၌ သီးခြားစာသင်တန်းအောင် (၅၄၄) ပါး၊ စာ .. တန်းအောင် (၃၃၇) ပါး၊ နိကာယ်အသီးသီးအောင် (၁၄၅) ပါး ပေါ်ထွန်းခဲ့ကြသည်။

(သက္ကတ ဘာသာ)

## नमस्तस्मै भगवते अर्हते सम्यक् सम्बुद्धाय

## "रत्नपूर्णनामके मण्डलेऽ नगरे पर्याप्तिशासनहितमहासमित्या वर्षशततम स्मारकशिलालेखा"

२४४२ बुद्धवर्षे । १२६० म्रम्मवर्षे । १८९८ ख्रिष्टवर्षे ।

१. (क) मण्डलेऽइति प्राकृताया रत्नपूर्ण राजधान्या एकविंशत्यधिके द्वादशशततमे वर्षे प्रतिष्ठापको "मिऽडउं" महाधर्मराजा बुद्धशासनं द्योतयितुकाम: सम्यक् छन्द: प्रथमं नगरस्य प्राच्यदिशाभागे अष्टादश महाविहारान् कारयित्वा संघस्याधिपतिभूत महास्थविरान् उच्चिनित्य तेभ्य: राजाधिराजगुरु इत्यादीनि लाञ्छनानि च दत्वा शासनधुरमपि निर्यातनमकार्षीत् ।

(ख) स पुनरनुवर्षं ज्येष्ठमासे प्रथमस्वाध्यायनोत्सवं कृत्वा शासनाजानीयान् श्रमण - श्रामणेर - शासनाङ्कुरान् उच्चिनित्य शासनस्यानुबलप्रदानमकार्षीत् ।

तस्माद् रत्नपूर्णनामकस्य मण्डलेऽनगरस्य चतुर्षु दिशाभागेषु त्रिपिटकधर दक्षिणारामाधिपो भदन्तजागरमहास्थविर इव लब्धालब्धलाञ्छना षट्षट्यधिकैका दशशत - गणवाचकाचार्या बुद्धशासनं ज्योतयित्वा वैपुल्यमपादयन्त ।

तदा च तस्मिन्नगरे ते पञ्चनिकाये पिटकत्रयं दिवा च रात्रौ च प्रत्येकं भारं कृत्वा अध्यापनं कुर्वन्त: पर्याप्तिशासनं कोटिप्राप्तिमकार्षु: ।

(ग) सप्तचत्वारिंशतधिके द्वादशशतवर्षे तु सीपो नाम महाधर्मराजोऽ मित्रहस्तप्रापणतश्च मिथ्यादृष्टिकराजा अध्यासनत्वाच्च शासनं परिहीयते ।

तस्मिंश्च नगरे त्रयोदशवर्षाभ्यन्तरमेव गणवाचकाचार्याणामपार्धमात्र परिहाणिं प्राप्नोत् । असति शासनप्रग्राहकराजनि "महाअतुलवेयन्" नामकादीनां बहूनां महाविहाराणामग्निना दग्धत्वाद् भिक्षूणां कायचित्तप्राशुकस्य अलब्धत्वाच्च गणवाचकाश्च विद्यार्थीनश्च भिक्षवो राजधान्या: प्रक्रम्य ग्रामनिगमेषु गत्वा अवसन ।

२. पर्याप्तिशासन परिहानिं च पश्यत्सु नागरिकेषु गृहस्थ - प्रव्रजितेषु -
(क) मण्डलेऽनगरे साईं डांऽप्रदेशे महामध्यग ऊ ठुं इति च
(ख) हो गउं प्रदेशे मण्डलायुक्तालये प्रमुखलेखक ऊ खिं इति च
(ग) तयेक् तो व डांऽप्रदेशे महामध्यग ऊ सापो इति च
(घ) उत् टौंऽप्रदेशे महामध्यग ऊ चोजं इति च
(ङ) गउं डां प्रदेशे निबन्धकार्यालये प्रमुखलेखक ऊ चो जो इति च
(च) य टा डां प्रदेशे चीवर - वाणिज ऊ फो यिं इति च
(छ) तस्मिन्नेव प्रदेशे रत्नवाणिज ऊ टेक् इति च
(ज) तस्मिन्नेव प्रदेशे रत्नवाणिज ऊ चौ णी इति च
(झ) सेऽयोऽविंऽ प्रदेशे महावाणिज ऊ फ्यो औं इति च
(ञ) गउं डां - सेऽयोऽविंऽ प्रदेशे कौशेयवाणिज ऊ टउत् इति च
(ट) य टा डां प्रदेशे परिष्कार महावाणिज ऊ चु इति च
(ठ) तस्मिन्नेव प्रदेशे महावाणिज ऊ फोत् इति चेति द्वादशैते सामाजिकाः शासनाधिपतिभूतान् मोऽठा आरामाधिप भदन्त सुजात महास्थविर प्रमुखान् अष्टादश महास्थविरान् मन्त्रयित्वा "वयं भन्ते शासनस्य विद्योतनार्थाय च विरूढाय च चतुर्भिः प्रत्ययै अनुग्रहतुकामाः स्मः पूजयितुकामाश्च । यूयं तु धर्मानुग्रहेणानुगृह्य ऋजुगतमार्गमपि निदर्शयथ" इत्यारोचित्वा अववादं प्रतिगृह्य तेषामववादेन षष्ट्र्यधिके द्वादशशतवर्षे आशाढ़ी - पूर्णिमादिवसे "पर्याप्तिशासनहितसमिति" नाम महासमितिं समुत्थापयन् ।

ते तस्मिन् वर्षे माघमासात् प्रस्थाय मोऽठाऽआरामाधिप संघराज प्रमुखेभ्यः षोडशभ्यो मूलगणवाचकाचार्येभ्यश्च अन्येभ्यः सप्ततये गणवाचकाचार्येभ्यश्च निबद्धवृत्तवशेन तण्डुलादि दानवस्तूनि अददुः ।

चतुःषष्ट्यधिके द्वादशशतवर्षे शौल्किकमहामत्यं ऊ कौं इत्याह्वयं प्रमुखं कृत्वा महासमिति - नियमं लिखापयित्वा महासमित्याः प्रतिष्ठितावकाशार्थाय चौ त्वे डां प्रदेशे चतुरशीतितम एकत्रिंशत्तममार्गाणां चत्वरकोणे महाइष्टकाहर्म्यं क्रीत्वा तं महासमितिकार्यालयमकार्षुः ।

३. (क) महासमित्युत्पादनात् प्रस्थाय पञ्चवर्षाभ्यन्तरे मूलगणवाचकाचार्या यावत् पञ्चविंशतिशताद् वृद्धमानाः शासनमद्युतयन् ।

ततः परं गणवाचकाचार्येभ्य इव विद्यार्थीभ्योऽपि निबद्धवृत्तेन प्रग्रहीतुं पूजयितुं च पर्याप्तिशासनहितविषूच्चित विद्यार्थिपरीक्षां (१२६५) परिमिते म्रम्मसंवत्सरे ज्येष्ठमासमारभ्य अकार्षीत् ।

तस्मिन् वर्षे विद्यार्थि परीक्षायामुत्तीर्णका भदन्त प्रज्ञेन्द्रिय, भदन्त इन्द्रिय, भदन्त सूर्य, भदन्त सद्धर्म, भदन्त इन्द्रवंशश्चेति पञ्चाजानीया भिक्षव आसन् ।

(ख) विषूच्चित - गणवाचक - परीक्षां तु सप्तषष्ट्यधिक द्वादशशतवर्षात् प्रभृति परीक्षासञ्चालनं कृत्वा ऊनसप्तत्यधिके द्वादशशतवर्षे गणवाचक परीक्षायामुत्तीर्णको मोऽगौऽ आरामे भदन्त जोतिकाभिवंश एवैक आसीत् ।

सा च शाक्यसींह नामक बुद्धप्रतिबिम्बस्य परिवेणे मकुट - धर्मशालायां कृत्वात् "शाक्यसींह परीक्षा" इति व्यवहार्यते ।

४. (क) महासमिति समुत्थापनात् प्रस्थाय त्रिचत्वारिंशद्वर्षाभ्यन्तरे मूलगणवाचका त्रिचत्वारिंशद् द्विशतं भिक्षवश्च, विपुगणवाचक विषय परीक्षायामुत्तीर्णका: पञ्चत्रिंशच्छतंभिक्षवश्च, विपुविद्यार्थिविषयपरीक्षायामुत्तीर्णका: सप्तसप्ततिद्विशतं भिक्षवश्चेति ते सर्वे पञ्चपञ्चाशतधिकषट्शतं उतपद्यन्त ।

(ख) महासमिति तु समिति नियमेन परीक्षायां नियमितग्रन्थान् अनुवर्षं वाचयितृणां गणवाचकाचार्याणामुपान्ते उद्ग्रहणतु विद्यार्थीषु पर:पञ्चाशद् विद्यमानेषु तेभ्य: पर्याप्तिशासनहितमूलगणवाचकाचार्यभावेन च, विपुगणवाचक परीक्षायामुत्तीर्णक भिक्षुभ्य: पर्याप्तिशासनहितविपुगणवाचकाचार्यभावेन च, निबद्धदानवस्तूनि अददु: ।

(ग) विपुविद्यार्थिपरीक्षायां पुन: उत्तीर्णवर्षानन्तरं विपुगणवाचकविषयं एकवर्षेनैव उत्तीर्णेभ्य आजानीयपुद्गलेभ्यो "धर्माचार्यावतंसक" इति सुवर्णलाञ्छनेन पूजयन्ति । वर्षशताभ्यन्तरं नव अवतंसकपुद्गला एव उतपद्यन्त ।

तेषु च प्रथमक आजानीयपुद्गलविशेष भदन्त विचित्रसाराभिवंश विशिष्टत्रिपिटकधर स्त्रिपिटक महाकोविद इति, धर्मभण्डागारिक इति, षष्ठसंगीतिविसर्जक इति, अग्रमहापण्डित इति, अभिध्वज महाराष्ट्र गुरु इति, अभिध्वज अग्रमहासद्धर्म ज्योतिष्क इति च विख्यातो मिंऽगउंऽ धर्मनादाचार्य एव भवति ।

५ द्वितीयकल्पसग्रामकाले तु परीक्षा चतुर्वर्षं नाभूत् । तस्मिन्नुपशमकाले दशाधिके त्रयोदशशतवर्षे महासमिति परिपूर्ण पञ्चाशद् वर्षत्वात् सुवर्णजयन्तीं कृत्वा मूलगणवाचकाचर्यै: सार्धं विपुगणवाचकाचार्यैभ्य श्चतुर्भि: प्रत्ययै र्महापूजामकार्षीत् ।

६ यथा च पौराणा म्रम्मराजान: शासनाजानीयान् पुद्गलान् "प्रथमजोब्यां" इति विशिष्टलाञ्छनेन पूजामकार्षु:। एवं महासमित्यपि शासनानुग्रहार्थाय "शासनालङ्कार श्रामणे जो" इति परीक्षामेकादशाधिके त्रयोदशशतवर्षे पुष्यमासे प्रथममकार्षीत् । ततो यावद् वर्षशततमात् शासनालङ्कारश्रामणेरा: (३१६) गणनमात्राणि उतपद्यन्त ।

७. "शासनमहाविमनोत्पत्ति"

(क) सुवर्णजयन्तीं कुर्वत्यामपि महासमित्या कार्यालयाभावतो मोऽगौऽ आरामे अभिध्वज महाराष्ट्रगुरु भदन्त रेवताभिवंश न्यौं यांऽमहास्थविर प्रमुखै: अष्टाभि र्महास्थविरै: राष्ट्रपतिभ्यो मैत्रापुर्वङ्गमचेतसा आरोच्यमानत्वाच्चतुर्दशाधिके त्रयोदशशतवर्षे आषाढमासस्य कृष्णपक्षे सप्तमे दिवसे (१३ - ७ - १९५१) खिष्टवर्षे) रत्नभूमि पश्चिम प्रदेशे पञ्चाशतधिके पञ्चशतप्रदेशाङ्कलक्षणे पञ्चाशीतितम मार्गे चतुस्त्रिंशत्तम - पञ्चत्रिंशत्तम मार्गाणामन्तरे द्विदशमत्रिंशत् प्रहल (२.३० - एकड़) क्षेत्रवास्तुं राष्ट्रपतीनां प्रतिनिधिभूत ऊ विंऽ नामधेय: शासनस्थानिक महामात्रो महासमितये अददात् ।

(ख) तत्र दीर्घत: एकपादाधिकं नवतिहस्तप्रमाणं विस्तारत: षट्त्रिंशतरत्निप्रमाणं सप्तशतगर्भं त्रिभूमकं शासनमहाविमानं म्रम्मसूक्ष्म-प्रज्ञायुक्तै र्ललितकलाकौशल्यसंख्यातै र्मालाकर्मलताकर्मै: समलङ्करित्य तस्या नायकभूतश्च वास्तुकारश्च म्रम्मवास्तुविद्याप्रवीणो "वर्ण चो ठिं" इति लब्धुपाधि: "स्या साई" नामधेय: स्वयमधिपतिं कृत्वा निर्मापयन् विंशत्यधिके त्रयोदशशतवर्षे आषाढ़मासस्य शुक्लपक्षे द्वितीयदिवसे अनिष्ठापयत् ।

तस्य च महाविमानस्य लघुं निष्ठापनार्थं "शासनहितधर" इति लब्धलाञ्छनेन "ऊ ल्ह टई" नामधेयेन म्रम्मराष्ट्रे आख्यातकीर्तिशब्देन धर्मकथिकेन सार्धं महासमितिधुरन्धरा अपि महोत्साहेन यत्नमकार्षु: ।

(ग) अथापरं महाविमानं सुखेनैव आरोढुं अवरोढुं च विद्युद्यन्त्रसोपानं ककचयन्त्रश्रेष्ठिनौ "ऊ सा ठए, डो टांऽ" आह्वयौ दम्पती सपुत्रधीतरो महासमितये अददाताम् ।

महासमिति चिरस्थितये तीव्रच्छन्दा श्रद्धालवो बुद्धभक्तयो वास्तुना सह आवासां श्च रूप्यकां श्च अददु: ।

परीक्षासञ्चालनसमयेषु च पिण्डपात खादनीय भोजनीयादीद् दत्वा परीक्षायामुत्तीर्णेभ्य आजानीयपुद्गलेभ्यो नानाविधद्रव्य कल्पतरुभि: प्रबलचेतनया पूजयन्ति ।

८. पर्याप्तिशासनहितमहासमिति पुनो: मचोऽयई आरामाधिपेन "अभिध्वज महाराष्ट्र गुरु" इति लब्धुपाधिना भदन्त सूर्याभिवंश महास्थविरेणाध्यीष्ठत्वाद् अग्रमहापण्डित खेमासीवं आरामाधिप महास्थविर प्रमुखानां षण्णां महास्थविराणामववादं प्रतिगृह्य पञ्चनिकाये आगम - लिखित - परीक्षां एकत्रिंशतधिकस्य त्रयोदशशतवर्षस्य फाल्गुनमासाद् यावद् अद्यतनात् कुरुते ।

(क) पर्यापिशासनहितविद्यार्थिविषयपरीक्षा
(ख) पर्याप्तिशासनहित गणवाचकाचार्यविषयपरीक्षा
(ग) पर्याप्तिशासनहित शासनालङ्कार श्रामणे जो परीक्षा
(घ) पञ्चनिकायागम - लिखित - परीक्षा चेति चतस्रः परीक्षा अनुवर्षमारभते ।

ताभि र्म्रम्मराष्ट्रवासिकानां परःत्रिलक्षं श्रमण - श्रामणेराणां शासनाजानीया उच्चियमाना वर्षशतान्तरे १३४४ गणनमात्राणि अजायन्त ।

९. तत्रतत्रशासनकृत्येषु तस्या महासमित्या "अभिवंशधर्माचार्य" इति लब्धलाञ्छना पुद्गला एव प्रायेण पुरोगमा भवन्ति ।

१०. पर्याप्तिशासनहितसमितिधुरन्धरा बुद्धभक्त्या महासमितिनियमं गरुं कृत्वा परम्परावहमार्गकममनुरक्षन्तः पर्याप्तिशासनवर्धनार्थायारभमाना वर्षशतमार्गं जयन्तोऽत्यक्रमिषुः ।

"यथैव पौराणा वयमपि वर्षशतसीमाचिह्नाद् यावच्छासनान्तर्धानाद् अचलश्रद्धाः प्रबलोत्साहाः समग्राः सम्मोदमानाः पर्याप्तिशासनस्य चिरस्थितये च वैपुल्याय चारम्भं करिष्याम" इत्यधिष्ठानं कुर्मः ॥इति॥

विशेषसूचना :-
१. वर्षशताभ्यन्तरे - विषुविद्यार्थि विषय परीक्षायामुत्तीर्णकाः - ५४५ ।
२. विषुगणवाचक विषय परीक्षायामुत्तीर्णकाः - ३३८ ।
३. पञ्चनिकाये आगम - लिखित परीक्षायां पृथक्पृथक् उत्तीर्णकाः - १४५ आजानेयपुद्गला उतपद्यन्त ।

। समाप्तम् ।

संस्कृभाषायां लेखकः - भदन्त ज्योतिकाभिवंशः
पालिपारग, श्रीप्रवर, शाक्यसींह, धर्माचार्य - त्रयोपाधि
उत्तर मध्यम - संस्कृतविश्वविद्यालय - वाराणसी

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ရတနပုဏ္ဏနာမကေ မန္တလေးနဂရေ ပရိယတ္တိသာသနဟိတ မဟာသမိတိယာ ဝဿသတိမလက္ခိတဗ္ဗသိလာလေခါ

# ပရိယတ္တိသာသနဟိတမဟာသမိတိ ပတိဋ္ဌာပိတာ

၂၄၄၂ - ဗုဒ္ဓဝဿေ ၊ ၁၂၆၀ - မရမ္မဝဿေ ၊ ၁၈၉၈ - ခရိဇ္ဇဝဿေ ။

၁။ (က) မန္တလေးတိပါကင့ာသ ရတနပုဏ္ဏရာဇဓာနိယာ ကော-ဝိဿာဝိကေ ဒွါဒသသတ်မေ ဝဿေ ပတိဋ္ဌာပကော "မင်းတုန်း" မဟာဓမ္မရာဇာ ဗုဒ္ဓသာသနံ ဝိရွောတေတုကာမော သမ္မာဆန္ဒော ပထမံ နဂရဿ ပုရတ္ထိမဒိသာဘာဂေ အဋ္ဌာရသမဟာဝိဟာရေ ကာရေတွာ သံဃဿ အဒိပတိဘူတေ မဟာထေရေ ဝိစိနိတွာ တေသံ ရာဇာဓိရာဇဂုရုတ္တာဒိနိ လဉ္စနာနိစ ဒတွာ သာသနမုရမ္ပိ နိယျာတေသိ။

(ခ) သော ပန အနုဂ ါ် ဓေဋ္ဌမာသေ ပဏ္ဍမသဇ္ဈာယ-နုဿဝသဘံ ကတွာ သာသန ာ နာနီယေ သမဏာသာမဏေရ-သာသနက်ုရေ ဥစ္စိနိတွာ သာသနဿ အနုဗလပ္ပဒါနံ အကာ-သိ။ တသ္မာ ရတနပုဏ္ဏနာမကဿ မန္တလေးနဂရဿ စတူသု ဒိသာ ဘာဂေသု တိပိဋကမှ ဒက္ခိဏာရာမိဿရော ဘဒ္ဒန္တဇာဂ-ရမဟာထေရော ဝိယ လဒ္ဓါလဒ္ဓလဉ္ဆနာ ဆဿဗျာဒိကဇကေသတ-သဟဿဂဏဝါစကာစရိယာ သာသနံ ဇောတေတွာ ဝေပုလ္လမာ-ပဇ္ဇာပေသုံ။

တဒါ စ တသ္မိံ နဂရေ တေ ပဥ္စနိကာယေ ပိဋကတ္တယံ ဒိဝါ စ ရတ္တိဥ္စ ဝိသုံ ဝိသုံ ဘာရံ ကတွာ ဝါစေန္တာ ပရိယတ္တိသာသနံ ကောဋိံ ပါပေသုံ။

(ဂ) သတ္တစတ္တာလီသာဓိကေ ပန ဒွါဒသသတဝဿေ သီပေါနာမ မဟာဓမ္မရညော အဓိတ္တဟတ္ထပါပုဏာတော မိစ္ဆာဒိဋ္ဌိ-ကရာဇူနံ အဗ္ဘာဝသနတော စ သာသနံ ပရိဟာယိ၊ တသ္မိံ စ နဂရေ တေရသဝဿဗ္ဘန္တရေယေဝ ဂဏဝါစကာစရိယာနံ ဥပမု-မတ္တံ ပရိဟာယိ။ အသန္တေ သာသနပဂ္ဂါဟကရညော မဟာအတု-လဝေယန်နာမကာဒိနံ ဗဟူနံ မဟာဝိဟာရာနံ အဂ္ဂိနာ ဒဍ္ဎတ္တာ ဘိက္ခူနံ ကာယစိတ္တဖာသုကဿ အလဒ္ဓတ္တာ စ ဂဏဝါစကာစေဝ သောတုဇနာ စ ဘိက္ခူ ရာဇဓာနိတော ပက္ကမိတွာ ဂါမနိဂမေသု ဂန္တွာ ဝသိံသု။

၂။ ပရိယတ္တိသာသနပရိဟာနိံ ပန ပဿန္တေသု နာဂရေသု ဂဟပ္ပတိပမုခ်တေသု -

(က) မန္တလေးနဂရေ ဆိုင်းတန်းပဒေသေ ကယဝိက္ကယပ-ယောဇကော "ဦးထွန်း" တိ စ,

(ခ) ဟော်ကုန်းပဒေသေ မဏ္ဍလာယုတ္တာလယေ ပမုခလေ-ခကော "ဦးခင်" တိ စ,

(ဂ) သရက်တောဝါးတန်းပဒေသေ မဟာမဏ္ဍေါ "ဦးသာပေါ" တိ စ,

(ဃ) အုပ်တန်းပဒေသေ မဟာဝါဏိဇော "ဦးကျော်စ" န္တိ စ,

(င) ဂုန္တာန်ပဒေသေ နိဗန္ဓကာရိယာလယေ မဟာလေခ-ကော "ဦးကျော်စော" တိ စ,

(စ) ရသာတန်းပဒေသေ စီဝရဝါဏိဇော "ဦးဘိုးရင်" တိ စ,

(ဆ) တသ္မိံ ယေဝ ရတနဝါဏိဇော "ဦးသက်" တိ စ,

(ဇ) တတ္ထေဝ ရတနဝါဏိဇော "ဦးကျောက်နီ" တိ စ,

(ဈ) ဆေးရိုးဝင်းပဒေသေ မဟာဝါဏိဇော "ဦးဖြိုးအောင်" တိ စ,

(ည) ဂုန္တာန်ဆေးရိုးဝင်းပဒေသေ ကောသေယျဝါဏိဇော "ဦးတုတ်" တိ စ,

(ဋ) ရသာတန်းပဒေသေ သမဏပရိက္ခာရဝါဏိဇော "ဦးစု" တိ စ,

(ဌ) တတ္ထေဝ မဟာဝါဏိဇော "ဦးဖော့" တိ စာတိ - ဒွါဒသေတေဥပါသကာ သာသနာဓိပတိဘူတေ မိုးထားအာရာ-မိဿရာဘဒ္ဒန္တသုဇာတမဟာထေရပ္ပမုခေ အဋ္ဌာရသမဟာထေရေ နိမန္တေတွာ "မယံ ဘန္တေ သာသနဿ ဝိရွောတနတ္ထာယ ဝိရုဠှိယာ စ စတူဟိ ပစ္စယေဟိ အနုဂ္ဂဟိတုကာမာမှ ပူဇေတုကာမာ စ၊ တုမှေ ပန မှော်နုဂ္ဂဟေန အနုဂ္ဂဟေတွာ ဥဇုဂတမဂ္ဂမ္ပိ နိဒဿေ-ထာ" တိ အာရောစေတွာ ဩဝါဒံ ပဋိဂ္ဂဏှိတွာ တေသမောဝါဒေန သဗျာဝိကေ ဒွါဒသသတဝဿေ အာသဠှိပုဏ္ဏမဒိဝသေ "ပရိ-ယတ္တိသာသနဟိတသမိတိ" နာမ မဟာသမိတိံ သမုဋ္ဌာပေသုံ။

တေ တသ္မိံ ဝဿေ မာယမာသတော ပဋ္ဌာယ မိုးထားအာရာ-မိဿရသံဃရာဇပ္ပမုခါနံ သောဠသန္နံ မူလဂဏဝါစကာစရိယာနံ

အညေယံ သတ္တတိယာ ဂဏဝါစကာစရိယာနဥ္စ နိဗဒ္ဓဝတ္တဝသေန တဏှုလာဒိဒါနဝတ္ထုနို အဒံသု။ စတုသဠျာဓိကေ ဒွါဒသသတ- ဝသေ သုကိီကမဟာမဓွ "ဦးကောင်း" တိဝှယံ ပမုခံ ကတွာ မဟာသမိတိဥပဒေသံ လိခါပေတွာ မဟာသမိတိယာ ပတိဋ္ဌိ- တောကာသတ္ထာယ ကျောက်သွေးတန်းပဒေသေ စတုရာသီတိမ- ဇကတ္တိသမမဂ္ဂါနံ စစ္စရကောဏေ မဟာကုဋာကာလယံ ကိဏိတွာ တံ မဟာသမိတိကာရိ ၊လယမကံသု။

၃။ (က) မဟာသမိတိသမုဋ္ဌာပနတော ပဋ္ဌာယ ပဥ္စဝဿဗ္ဘန္တရေ မူလဂဏဝါစကာစရိယာ ယာဝ ပဥ္စဝီသာဓိကသတာ ဝမှာနာ သာသနံ ဝိဋ္ဌောတယိံသု။ တတောပရံ ဂဏဝါစကာစရိယာနံ ဝိယ သောတုဇနာနမ္ပိ နိဗဒ္ဓဝတ္တေန ပဂ္ဂဏှိတုံ ပူဇေတုံစ ပရိယတ္တိသာ- သနဟိတဝိသုမုစ္စိနိတသောတုဇနမမ္မပရိက္ခံ (၁၂၆၅) ဝဿေ ဇေဋ္ဌမာသံ အာဒိံ ကတွာ အကာသိ။

တသ္မိံ ဝဿေ သောတုဇနမမ္မပရိက္ခာယံ ဝိဇယပုပ္ပံ ဩဝိနန္တာ "ဘဒ္ဒန္တပညိန္ဒြိယော ဘဒ္ဒန္တကုန္ဒြိယော ဘဒ္ဒန္တသူရိယော ဘဒ္ဒန္တ- သဒ္ဓမ္မော ဘဒ္ဒန္တကုန္ဒဝံသောစာ" တိ ပဥ္စ အာဇာနီယာ ဘိက္ခူ အဟေသုံ။

(ခ) ဝိသုမုစ္စိနိတဂဏဝါစကမမ္မပရိက္ခာယံ ပန အဋ္ဌမဝဿ- တော ပဋ္ဌာယ ဒသမဝဿေ (၁၂၆၇-၁၂၆၉-ဝဿေ) ဝိဇယပုပ္ပံ ဩဝိနန္တော မိုးကောင်းအာရာမေ ဘဒ္ဒန္တဇောတိကာဘိဝံသော ဝ ဧကော အဟောသိ။ တံ ပန သကျသီဟနာမကဗုဒ္ဓပဋိဗိမ္ဗသ ပရိဝေဏေ မကုဋသာလာယံ ကတွာ "သကျသီဟ မမ္မပရိက္ခာ" တိ ဝေါဟရန္တိ။

၄။ (က) မဟာသမိတိသမုဋ္ဌာပနတော ပဋ္ဌာယ တေစတ္တာလီသ- ဝဿဗ္ဘန္တရေ မူလဂဏဝါစကော တေစတ္တာလီသာဓိကဒွိသတံ ဘိက္ခူစ ဝိသုံ ဂဏဝါစကဝိသယေ ဝိဇယပုပ္ပံ ဩဝိနန္တာ သတ္တတိ သာဓိကသတံ ဘိက္ခူစ ဝိသုံသောတုဇနာဝိသယေ ဝိဇယပုပ္ပံ ဩဝိနန္တာ သတ္တသတ္တတျာဓိကဒွိသတံ ဘိက္ခူစာတိ တေ သဗ္ဗေ သတ္တပညာသာဓိကဆသတံ ဥပ္ပဇ္ဇိံသု။

(ခ) မဟာသမိတိကာ ပန သမိတိဥပဒေသေန မမ္မပရိက္ခာ- ယံ ပဓာနိကတေ ဂန္ထေ အနုဝဿံ ဝါစေန္တာနံ ဂဏဝါစကာစရိယာ- နံ သန္တိကေ ဥဂ္ဂဏှန္တေသု ပရောပညာ သာယံ သောတုဇနေသု ဝိဇ္ဇမာနေသု တေသံ ပရိယတ္တိသာသနဟိတမူလဂဏဝါစကာစရိ- ယဘာဝေန, ဝိသုံဂဏဝါစကဝိသယေ ဝိဇယ ပုပ္ပံ ဩဝိနန္တာနံ ဘိက္ခူနံ ပရိယတ္တိသာသနဟိတဝိသုံဂဏဝါစကာစရိယဘာဝေန စ နိဗဒ္ဓဒါနဝတ္ထုနို အဒံသု။

(ဂ) ဝိသုံသောတုဇနမမ္မပရိက္ခာယံ ပန ဝိဇယပုပ္ပံ ဩဝိန-

နဝဿာနန္တရံ ဝိသုံဂဏဝါစက ဝိသယေ ဧကဝဿေနေဝ ဝိဇယ- ပုပ္ပံ ဩဝိနန္တာနံ အာဇာနီယပုဂ္ဂလာနံ "မမ္မာစရိယဝံသကာ" တိ သုဝဏ္ဏလဥ္ဆနေန ပူဇေန္တိ။ ဝဿသတဗ္ဘန္တရေ နဝ ဝံသကာပုဂ္ဂ- လာဝ ဥပ္ပဇ္ဇိံသု။

တေသု ပန ပဌမကော အာဇာနီယပုဂ္ဂလဝိသေသော ဘဒ္ဒန္တ- ဝိစိတ္တသာရာဘိဝံသော ဝိသိဋ္ဌတိပိဋကဓရော တိပိဋကမဟာ- ကောဝိဒေါတိ မမ္မဘဏ္ဍာဂါရိကောတိ ဆဋ္ဌသဂီတိဝိသဇ္ဇကောတိ အဂ္ဂမဟာပဏ္ဍိတောထိ အဘိဓဇမဟာရဋ္ဌဂုရူတိ အဘိဓဇအဂ္ဂ- မဟာ သဒ္ဓမ္မဇောတိကောတိ စ အတိပါကဋော မင်းကွန်းမမ္မနာဒါ- စရိယောဝ ဟောတိ။

၅။ ဒုတိယကပ္ပယုဒ္ဓကာလေ ပန မမ္မပရိက္ခာ စတုဝဿံ နာဟောသိ၊ တသ္မိံ ဝူပသမကာလေ ဒသာဓိကေ တေရသသတ- ဝဿေ မဟာသမိတိ ပရိပုဏ္ဏပညာသဝဿတ္တာ သုဝဏ္ဏဇယန္တိံ ကရိတွာ မူလဂဏဝါစကာစရိယေဟိ သဒ္ဓိံ ဝိသုံဂဏဝါစကာစရိ- ယာနံ စတူဟိ ပစ္စယေဟိ မဟာပူဇမကာသိ။

၆။ ယထာ ပန ပေါရာဏာ မရမ္မရာဇာနော သာသနအာ- ဇာနီယေ "ပထမကျော်ပြန်" တိ ဝိသိဋ္ဌလဥ္ဆနေန ပူဇေသုံ၊ ဧဝံ မဟာသမိတိပိ သာသနာနုဂ္ဂဟတ္ထာယ "သာသနာလင်္ကာရသာမ- ဏေကျော်" တိ မမ္မပရိက္ခံ ဧကာဒသာဓိကေ တေရသသတဝဿေ ဖုဿမာသေ ပထမမကာသိ၊ တတော ယာဝဝဿသတိမာ သာသနာလင်္ကာရသာမဏေရာ (၃၁၆) ဂဏနမတ္တာ ဥပ္ပဇ္ဇိံ သု။

(သာသနမဟာဝိမာနုပ္ပတ္တိ)

၇။ (က) သုဝဏ္ဏဇယန္တိံ ကရောန္တိယာပိ မဟာသမိတိယာ ကာရိ- ယာလယာဘာဝတော မိုးကောင်းအာရာမေ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတာ ဘိဝံသညောင်ရမ်းမဟာထေရပ္ပမုခေဟိ အဋ္ဌဟိ မဟာထေရေဟိ ရဋ္ဌိဿရာနံ မေတ္တာပုဗ္ဗင်္ဂမစေတသာ အာရော- ဝိယမာနတ္တာ စုဒ္ဒသာဓိကေ တေရသသတဝဿေ အာသဠ္ဍ မာသဿ ကာဠပက္ခေ သတ္တမေ (၁၃-၇-၁၉၅၁) ဒိဝသေ ရတနာ- ဘုမ္မိပစ္ဆိမပဒေသေ ပညာသာဓိကေ ပဥ္စသတပဒေသေလက္ခဏေ ပဥ္စာသီတိမမဂ္ဂေ စတုတ္တိံသမပဥ္စတိသမမဂ္ဂါနမန္တရေ ဒွိဒသမ- တိံသက (၂. ၃၀) ပဟာလခေတ္တဝတ္ထုံ ရဋ္ဌိဿရာနံ ပတိနိဓိဘူတော ဦးဝင်းနာမဓေယျော သာသနဋ္ဌာနိကမဟာမတ္တော မဟာသမိတိ- ယာ အဒါသိ။

(ခ) တတ္ထ ဒီယတော ဒွိမုဋ္ဌာဓိကံ နဝုတိရတနပ္ပမာဏံ ဝိတ္ထာရတော ဆတ္တိံသရတနပ္ပမာဏံ သတ္တသတင်္ဂ တိဘူမိကံ သာသနမဟာဝိမာနံ မရမ္မိကသုခမပညာယုတ္တေဟိလလိတက- လာသဝါတေဟိမာလာကမ္မလတာကမ္မေဟိ သမလင်္ကရိတွာ

တသ္ာ နာ်ယကဘ္ဇတော မရမ္ပဝိသုကာကမ္ပကုသလော ဝဏ္ဏ-ကျော်ထင် တ္ၜပါမိကော ဆရာဆိုင်နာမဇေယျာ သယ် အဝိပတိ်ကတ္ၚ နိမ္မာပေန္တော ဝိသတျာမိကေ တေရသသတဝဿေ အာသဠမာသဿ ၝဏှပက္ခဒုတိယ ဒိဝသေ နိဋ္ဌာပေသိ။ တဿ ပန မဟာဝိမာနဿ လဟုံ နိဋ္ဌာပနတ္ထံ သာသနဟိတဓရောတိ လဒ္ဓလဥ္ဆနေန ဦးလှသိန်း နာမဇေယျေန မရမ္မရဋ္ဌေ ပတ္ထရကိတ္တိ-သဒ္ဒေန ဓမ္မကထိကေန သဒ္ဓိံ မဟာသမိတိဓုရန္ဓရာပိ မဟုဿာ-ဟေန သမာရဘိံသု။

(ဂ) အထာပရံ မဟာဝိမာနံ သုခနေ အာရောဟိတုံ ဩရော-ဟိတုံစ ယန္တသောပါနံ ယန္တသေဋ္ဌိ "ဦးသာဌေး+ဒေါ်သန်း" တိ ဇယမ္ပတိကာ သပုတ္တဓီတရော မဟာသမိတိယာ အဒံသု။ မဟာ-သမိတိစိရဋ္ဌိတိယာ တိဗ္ဗဆန္ဒာ သဒ္ဓါလုကာ ဥပါသကာ သဝတ္ထုကေ အာဝါသေ ကဟာပဏေစ အဒံသု။ ဓမ္မပရိက္ခာသဥ္ဆာလနကာ-လေသုစ ပိဏ္ဍပါတခါဒနိယဘောဇနိယာဒီနိဒတ္ဂာ ဝိဇယပုပ္ဖမော-စိန္တနံ အာဇာနိယာနံ နာနာဝတ္ထုကကပ္ပရုက္ခေဟိ ဗလဝစေတ-နာယ ပူဇေန္တိ။

၈။ (က) မဟာသမိတိ ပန မစိုးရိမ်အာရာမိဿရေန အဘိဓဇ-မဟာရဋ္ဌဂုရုရူတိလဒ္ဓလဥ္ဆနေန ဘဒ္ဒန္တသူရိယာဘိဝံသမဟာထေ-ရေန အဓိဋ္ဌာ အဂ္ဂမဟာပဏ္ဍိတခေမာသိဝံအာရာမိဿရမဟာ-ထေရပ္ပမုခါနံ ဆန္န မဟာထေရာနံ ဩဝါဒံ ပဋိဂ္ဂယှ ပဥ္စ နိကာယေ အာဂမလိခိတဓမ္မပရိက္ခံ ဇကတ္တိံသာဓိကဿ တေရသသတ-ဝဿဿ ဖဂ္ဂုဏမာသတော ယာဝဇ္ဇတနာ ကရောတိ။

(ခ) ပရိယတ္တိသာသနဟိတမဟာသမိတိ ပန

* ပရိယတ္တိသာသနဟိတသောတုဇနဝိသယဓမ္မပရိက္ခာ
* ပရိယတ္တိသာသနဟိတဂဏဝါစကာစရိယဝိသယဓမ္မ-ပရိက္ခာ
* ပရိယတ္တိသာသနဟိတသာသနာလင်္ကာရ သာမဏေ-ကျော်ဓမ္မပရိက္ခာ
* ပဥ္စနိကာယာဂမလိခိတဓမ္မပရိက္ခာစာတိ စတဿော ဓမ္မပရိက္ခာယော အနုဝဿံ အာရဘတိ။

တာဟိ မရမ္မရဋ္ဌဝါသိကာနံ ပရောတိလက္ခာနံ သမဏသာမ-ဏေရာနံ သာသနအာဇာနိယာ ဥစ္စိနိယမာနာ အဇ္ဇတ္တဝဿသ-တေ (၁၂၈၉) ဂဏနမတ္တာ ဥပ္ပဇ္ဇိံသု။

၉။ တံတံသာသနကိစ္စေသု တဿာ မဟာသမိတိယာ အဘိဝံသဓမ္မာစရိယာတိ လဒ္ဓလဥ္ဆနာ ပုဂ္ဂလာဝ ယေဘုယျေန ပုဗ္ဗင်္ဂမာ ဟောန္တိ။

၁၀။ ပရိယတ္တိသာသနဟိတသမိတိဓုရန္ဓရာ ဥပါသကာ မဟာသမိတျုပဒေသံ ဂရုံကတ္ဂာ ပရမ္မရာဝဟမဂ္ဂကမ္မံ အနုရက္ခန္တာ ပရိယတ္တိသာသနဝဍ္ဎနတ္ထာယ အာရဘန္တာ ဝဿသတမဂ္ဂံ ဇိနိတ္ဂာ အတိက္ကမိံ သု။ "ယထေဝ ပေါရာဏာ မယမ္ပိ အစလသဒ္ဓါ ဗလ-ဝုဿဟာ သမဂ္ဂါ သမ္မောဒမာနာ ယာဝ သာသနန္တရဓာနာ သာသနဿ ဝေပုလ္လာယ အာရဘိဿာမာ" တိ အဓိဋ္ဌမာတိ။

ဝဿသတမ္ဘန္တရေ ဝိသုံဂဏဝါစကဝိသယေ ဝိဇယပုပ္ဖံ ဩစိ-န္တာ (၃၃၇) ဝိသုံ သောတုဇနဝိသယေ ဝိဇယပုပ္ဖံ ဩစိန္တာ (၅၄၄) နာနာ နိကာယေသု ဝိဇယပုပ္ဖံ ဩစိန္တာ (၁၄၅) အာဇာနိယပုဂ္ဂ-လာ ဥပ္ပဇ္ဇိံသု။

# Homage to Him, the Exalted, the Worthy, the Fully Enlightened One !

# Inscription Commemorating the Centenary of The Mandalay Pariyatti Sasanahita Association Year of Establishment — Sasana Era 2442 (Gocā Era 1260. 1898 A.D)

## Establishment of Pariyatti Sasanahita Association.

1. (a) King **Mindon**, who founded the capital city of Mandalay in 1221 M.E. (1859 A.D), built eighteen great monasteries in the eastern part of Mandalay with the noble aim of promoting the Buddhasāsana. He donated these monasteries to eighteen of the most distinguished senior abbots. Conferring on them such titles as **Rājādhirājaguru**, the king assigned the senior abbots the duty of promoting the Sāsana.

1. (b) The king further promoted the sāsana by holding the **Pathamapyan Examination** every year in the month of Nayone (June), through which candidates for higher and lower ordination were selected as outstanding in the Sāsana (Thathana Azani). As a result, in all four quarters of Mandalay, the number of teacher-monks increased to a total of 1166, including title recipients such as Tipitakadhara Phayargyi Sayadaw, Bhaddanta Jāgara, and those without titles. As teacher-monks taught the Three Pitakas comprising Sutta, Vinaya and Abhidhamma, in day and night courses by turns, the Pariyattisāsana in Mandalay reached its summit in those days.

1. (c) However, in 1247 M.E (1885), King Thibaw was dethroned and the country fell under the rule of a non-Buddhist government. As a consequence, between the years 1247 and 1260 M.E. (1885-1898), the number of teacher-monks decreased by half. In the absence of kings who would promote the Sāsana, many great monasteries were burnt down, including the Mahā Atulaweiyan Temple (Atumashi Kyaung-daw Gyi). As members of the Samgha were unhappy about the prevailing conditions, many deserted the capital and retired to the countryside.

2. The following were among the monks and laymen who witnessed the decline of Sāsana in Mandalay:

(a) U Tun, Broker, Hsaingdan Quarter.

(b) U Khin, Chief Clerk, District Commissioner's Office, Hawgone Quarter.

(c) U Thar Paw, Broker, Thayet-taw Wadan Quarter.

(d) U Kyaw Zan, Broker, Oketan Quarter.

(e) U Kyaw Saw, Chief Clerk, Land Records Office, Gonetan Quarter.

(f) U Pho Yin, Robes Merchant, Yathardan Quarter.

(g) U Thet, Jewellery Merchant, Yathardan Quarter.

(h) U Kyauk Ni, Jewellery Merchant, Yathardan Quarter.

(i) U Hpyoe Aung, Merchant, Hseyyoewin Quarter.

(j) U Toke, Silk Merchant, Gonetan Hseyyoewin Quarter.

(k) U Su, Monk's Requisites Merchant, Yathardan Quarter.

(l) U Hpaut, Merchant, yathardan Quarter.

These twelve person invited eighteen eminent abbots led by the venerable Moe Htar Sayadaw, Bhaddanta Sujāta, the Prelate of the Order (Thathana Paing), and requested advice concerning the proper way to promote the Sāsana. They also expressed their wish to donate the four monastic requisites for the propagation of the Sāsana. In keeping with the guidance given by the great abbots, the Pariyattisāsanahita Association was founded on the Full Moon Day of Waso, 1260 M.E. (July, 1898).

Beginning of the month of Tabodwe (February) of that year, sixteen teacher-monks who were specially honoured for their learning (Mūla Sakhya Sayadaw) led by Moe Htar Sayadaw, and seventy other teacher-monks, were offered permanent donations of dry rations. In 1264 M.E. (1902) the members of the Association requested a group led by Kinwun Mingyi U Kaung to draw up rules and regulation for the Association. They also purchased a building on the corner of 84th and 31st Street in Kyauk Thwaydan Quarter where they opened a head office.

3. (a) Teacher-monks who were specially honoured for their learning increased in number to 125 during the five years from 1260 to 1264 M.E. (1898-1902). To determine worthy students, a special examination at the student level (Pariyattisāsanahita Thikhya Sathintan) was held in month of Nayone, 1265 M.E. (June, 1903). Those who passed the examination were honoured with permanent support in the same manner as were teacher-monks. That year, the successful candidates were U Paññindriya, U Indriya, U Sūriya, U Saddhamma and U Indavamsa.

3. (b) In 1267 M.E. (1905), a special examination at the teacher level (Thikhya Sakhyatan) was held, and the successful candidate in the examination was the venerable U Jotikābhivamsa of Moegaung Monastery. Because the examination was held in Magaik Tazaung (Crown Hall) within the temple precincts of the Sakyasīha Image, it became known as the Sakyasīha Examination.

4. (a) During the forty-three years between 1260 to 1303 M.E. (1898-1941) a total of 655 scholarmonks were supported by the Association. These included 243 teacher-monks who were specially honoured for their learning, 135 successful candidates at the teacher level, and 277 successful candidates at the student level.

4. (b) Teacher-monks who regularly taught texts prescribed for the examinations according to the regulation of the Association, and who had more than fifty student-monks in each class, were honoured as Pariyattisāsanahita Mūla Sakhya. Those who passed the special examination at the teacher level were honoured as Pariyattisāsanahita Thikhya Sakhya. All of them were also provided with dry rations, such as rice, oil, and salt.

4. (c) Those outstanding monks in the Sāsana who passed the special examination on three commentaries at the teacher level within one year of having passed the special examination at the student level were honoured with a gold medal bearing the title "Dhammācariyavatamsaka". In the last 100 years there have been nine outstanding monks in the Sāsana who have received the Dhammācariyavatamsaka title. The first Vatamsaka was Mingon Dhammanāda Sayadaw, Bhaddanta Vicittasārābhivamsa (Visitthatipitakadhara, Tipitaka-mahākovida, Dhammabhandākārika, Catthasangītivissajjaka, Agga-

mahāpandita, Abhidhajamahāratthaguru, Abhidhaja-aggamahāsaddhamma jotika).

5. The Association suspended examination for four years between 1304 to 1307 M.E. (1942-1945) due to the Second World War. In 1310 M.E. (1948), the Association celebrated its Golden Jubilee and offered the four monastic requisites to teacher-monks who were honoured for their learning, as well as to teacher-monks who passed the special examination at the teacher level.

6. In former times, Myanmar kings honoured outstanding novices in the Sāsana with the title "Pathamakyawpyan". Similarly, to uplift the Sāsana, the Association honoured novices who passed the Thamane Sahlyaukmaykhan Examination, which was first held in the month of Pyatho in 1311 M.E. (Jaunary, 1949), with the title "Sāsanālankāra Thamanekyaw". Up till the present year, 1360 M.E. (1998), there have been (316) Thamanekyaw titles awarded.

THE EMERGENCE OF THE SĀSANA EDIFICE

7. (a) Although the Association had celebrated its Golden Jubilee, it still did not have a sufficiently large building of its own. Therefore, eight senior abbots led by Nyaungyan Sayadaw, Bhaddanta Revatābhivamsa Abhidhajamahāratthaguru of Moegaung Monastery appealed to the government for assistance. On the 7th Waning Moon Day of Waso, 1314 M.E. (July 13, 1951), 2.3 acres of land were donated by U Win, Minister of Religious Affairs, on behalf of the government. This land is situated on 85th Street between 34th and 35th Streets in Ratanabhummi Quarter.

7. (b) A three-storeyed Sāsana Edifice measuring 136 feet by 54 feet was constructed in the traditional Myanmar architectural style under the personal supervision of Myanmar architect Wunna Kyaw Htin Saya Hsaing who was the patron of the Association. Through the great efforts of the distinguished preacher, Sayagyi U Hla Thein, Sāsana-hitadhara, and members of the Association, construction of the Sāsana Edifice was completed on the 2nd Waso, 1320 M.E. (July, 1958)

7. (c) After the Sāsana Edifice was completed, an elevator was donated by the timber-mill owner, U Thar Htay and his wife Daw Than and family. Well-wishers donated land, buildings and cash for the operation of the Association. Moreover, during the examination periods, donors offered alms-food to the candidates and a great variety of offertories to those who passed their examinations.

8. (a) At the urging of Masoeyein Sayadaw, Bhaddanta Sūriyābhivamsa Abhidhajamahāratthaguru, the Association has held the Five Nikāya Examination annually since the month of Tabaung, 1331 M.E. (March, 1969) under the guidance of six senior abbots led by Khemāsīvam Sayadaw Aggamahāpandita.

8. (b) Every year the Association holds the following examinations:

* Pariyattisāsanahita special examination at the student level
* Pariyattisāsanahita special examination at the teacher level
* Pariyattisāsanahita Sāsanālankāra Thamanekyaw examination
* Five Nikāya examination.

9. Monks who are recipients of the Abhivamsa Dhammācariya title from the Pariyattisāsanahita Association generally assume a leading role in the Sāsana affairs of this country.

10. The Pariyattisāsanahita Association has successfully traversed its first 100 years, upholding its rules and regulations, and preserving the noble tra-

ditions of Myanmar for the sake of the Pariyatti-sāsana. From this historic 100 year landmark till the end of the Sāsana, we vow to continue on our path harmoniously with firm confidence and unyielding diligence, as was done by the elders of the past.

The Association has produced, 544 successful candidates at student level (Thikhya Sathintan), 337 successful candidates at the teacher level, 145 successful candidates at the Five Nikāya during the period of hundred years.

# ဦးမောင်ကြီး အလှူတော်ရံပုံငွေ

ဦးမောင်ကြီး အလှူတော်ရံပုံငွေ ဂေါပကအဖွဲ့သည် ၁၉၁၂-ခု၊ မေလ (၁၈) ရက်နေ့တွင် ဂေါပကအဖွဲ့စတင် ဖွဲ့စည်းသည်မှစ၍ ၁၉၉၇-ခု၊ မတ်လ (၂၄) ရက်နေ့အထိ လှူဒါန်းခဲ့သော အလှူငွေမှာ (၂၆၀၀၈၇၇) (ကျပ်နှစ်ဆယ့်ခြောက်သိန်းရှစ်ရာခုနှစ်ဆယ့်ခုနှစ်ကျပ်) နှင့် အက်ဖ်အီးစ်ဒေါ်လာ (၁၅၉၂၀) (ဒေါ်လာတစ်သောင်းငါးထောင်ကိုးရာနှစ်ဆယ်တိတိ) ဖြစ်ပါသည်။ ဆက်လက်၍လည်း နှစ်စဉ် လှူဒါန်းနေဦးမည် ဖြစ်ပါသည်။

ထိုသို့ လှူဒါန်းနိုင်ရန် ဦးမောင်ကြီး အလှူတော်ရံပုံငွေ ဂေါပကအဖွဲ့ပေါ်ပေါက်လာပုံကို အကျဉ်းချုံးပြီး တင်ပြလိုပါသည်။

၁၉၁၈-ခု၊ မေလ (၁၈) ရက်နေ့၌ ရန်ကုန်မြို့၊ စဉ့်အိုးတန်းလမ်းနေ ပွဲစားကြီး ဦးမောင်ကြီးသည် ရင်းပိုင် ဘီအိုစီရေနံကုမ္ပဏီတွင် ဝယ်ယူထားသည့် အစုရှယ်ယာ (၄၉၈) စုကို ယုံကြည်အပ်နှံသွားခဲ့သော ပစ္စည်းအဖြစ် အောက်ဖော်ပြပါ ဂေါပကလူကြီးများထံ လွှဲအပ်ခဲ့ပါသည်။

(၁) ဦးဘတင် - ၂၅-လမ်း၊ (စာဆိုတန်း) ရန်ကုန်မြို့။

(၂) ဦးဘသက် - ၃၁-လမ်း၊ ရန်ကုန်မြို့။

(၃) ဦးမေအောင် - ယောက်လမ်း (ယောမင်းကြီးလမ်း)၊ ရန်ကုန်မြို့။

ဂေါပကလူကြီးများသည် ရှယ်ယာတစ်စုလျှင် တစ်ပေါင်တန်သော အစုရှယ်ယာ (၄၉၈) စုကို အောက်တွင် ဖော်ပြညွှန်ကြားထားသည့်အတိုင်း လှူဒါန်းအသုံးပြုရန် ဖြစ်ပါသည်။

(၁) ဘီအိုစီကုမ္ပဏီထံရှိသည့် အစုရှယ်ယာ (၄၉၈) စုအနက်မှ အစု (၁၀၀) ကိုရောင်းချပြီး၊ မြန်မာပြည်ပိုင် ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးအတွက် ဆောက်လုပ်မည့် အဆောက်အဦရံပုံငွေသို့ ပေးသွင်းလှူဒါန်းရန်။

(၂) ကျန်အစုရှယ်ယာ (၃၉၈) အနက်မှ အစုရှယ်ယာ (၁၀၀) မှ ရရှိသည့် နှစ်စဉ်အတိုးအပွားတို့ကို မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းသို့ လှူဒါန်းရန်။

(၃) အစုရှယ်ယာ (၂၅၀) မှ ရရှိသည့် အတိုးအပွားတို့ကို ပရိယတ္တိမြေတို့၌ ထင်ရှားကျော်ကြား၍ ပရိယတ္တိစာပေကိုတပည့် သံဃာများအား ပို့ချနေသော ပရိယတ္တိစာသင်တိုက်ကြီးများမှ နာယကဆရာတော်ကြီး (၅) ပါးတို့အား နှစ်စဉ်ရရှိသည့် အတိုးအပွားကို အညီအမျှ ခွဲဝေလှူဒါန်းရန်။

(၄) ကျန်ရှိသော အစုရှယ်ယာ (၄၈) စုမှ ရရှိသည့် နှစ်စဉ် အတိုးအပွားတို့ကို မြန်မာစာပေကျမ်းဂန်ကို သင်ကြားလေ့လာခြင်း၌ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသို့ လှူဒါန်းရန်။

အဆိုပါ ခန့်ထားခဲ့သော ဂေါပကအဖွဲ့လူကြီးများအနက် တစ်ဦးတစ်ယောက်သည် သေဆုံးသည်ဖြစ်စေ၊ ရန်ကုန်မြို့ပေါ်တွင် မနေပဲ အခြားအရပ်သို့ ပြောင်းရွှေ့သွားသည်ဖြစ်စေ၊ သို့တည်းမဟုတ် ဂေါပကအဖွဲ့ဝင်အလုပ် မလုပ်လို၍ အလုပ်မှ နှုတ်ထွက်လိုသည်ဖြစ်စေ၊ ကျန်ဂေါပကအဖွဲ့ဝင်လူကြီးနှစ်ဦးက လစ်လပ်သောနေရာတွင် ရန်ကုန်မြို့၌ အမြဲနေထိုင်သော ဗုဒ္ဓဘာသာမြန်မာလူမျိုးထဲမှ ပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ခန့်ထားရန် ဖြစ်ပါသည်။

အထက်ဖော်ပြပါ စည်းကမ်းချက်များနှင့် လိုက်လျောညီစွာ ဦးမောင်ကြီး အလှူတော်ရံပုံငွေမှ အတိုးအပွားများကို ဘဏ္ဍာထိန်းဂေါပကလူကြီးများက အချိုးကျ ခံစားခွင့်ရှိသော အဖွဲ့အစည်းများနှင့် ပရိယတ္တိစာသင်တိုက်ကြီးများမှ နာယကဆရာတော်ကြီးများကို လှူဒါန်းခဲ့ပါသည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားသည့် ၁၉၄၁-ခုနှစ်မှစ၍ ဘီအိုစီကုမ္ပဏီနှင့် ဦးမောင်ကြီး အလှူတော်ရံပုံငွေ ဂေါပကအဖွဲ့တို့သည် အဆက်အသွယ်ပြတ်နေပြီး ဘီအိုစီကုမ္ပဏီရှယ်ယာမှ အတိုးအပွားများ မရရှိခဲ့သည့်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရိယတ္တိစာသင်တိုက် နာယကဆရာတော်ကြီးများအား လှူဒါန်းခြင်း မပြုနိုင်ခဲ့ပါ။

၁၉၄၈-ခုနှစ်၊ လွတ်လပ်ရေးရပြီးသောအချိန်တွင် ဦးမောင်ကြီး အလှူတော်ရံပုံငွေ ဂေါပကအဖွဲ့၊ အဖွဲ့ဝင်လူကြီးသုံးဦးအနက်မှ ဂေါပကလူကြီး ဝတ်လုံတော်ရ ဦးဘတင်တစ်ဦးတည်းသာ ကျန်ရစ်ခဲ့ပါသည်။ ကျန်ရစ်သူဝတ်လုံတော်ရ ဦးဘတင်က ဟိုက်ကုတ်တရားရုံးတော်သို့ ဦးမောင်ကြီး အလှူတော်ရံပုံငွေထိန်းသိမ်းဆောင်ရွက်ရန်အတွက် ဂေါပကလူကြီးအသစ်များ

ခန့်ထားပေးပါရန် လျှောက်ထားခဲ့ရာ တရားရုံးတော်က ထို လျှောက်လွှာကို လက်ခံပြီး မူလဦးမောင်ကြီး ရပ်ပုံငွေအတွက် ဖော်ပြထားသော စည်းကမ်းချက်များ ပါဝင်သည့် စည်းကမ်းချက် အသစ်တစ်ရပ်ကို ရေးဆွဲ၍ အတည်ပြုပြီးလျှင် ဂေါပကအဖွဲ့ဝင် လူကြီးများအဖြစ် -

(၁) ဦးသိန်းမောင် (တရားလွှတ်တော်ချုပ်တရားဝန်ကြီး)

(၂) ဦးဘဘွား

(၃) ဦးလှကျော် - တို့အား ၁၉၅၁-ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့မှ ၁၉၅၆-ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့အထိ ငါးနှစ်ခန့်ထားပေး ခဲ့ပါသည်။

အထက်ပါ ဂေါပကအဖွဲ့သက်တမ်းကုန်ဆုံးသောအခါ စည်းကမ်းအသစ်အရ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းမှ ရွေးချယ်ပေးသော ကိုယ်စားလှယ်တစ်ဦးနှင့် ရန်ကုန်မြို့၊ ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ကိုယ်စားလှယ်တစ်ဦးတို့ကို ရွေးချယ်ခန့်ထားပြီး၊ ၎င်းနှစ်ဦးက ရွေးချယ်သော ဂေါပကအဖွဲ့ဝင်တစ်ဦးစီ ပါဝင်သော ဂေါပကအဖွဲ့ဝင်သုံးဦးကို တိုင်းတရားရုံးထံ ခန့်ထားအတည်ပြုပေးရန် လျှောက်ထားရပါသည်။ တိုင်းတရားရုံးက အတည်ပြုခန့်ထားပေးမှ ဂေါပကတာဝန်များကို တရားဝင်ဆောင်ရွက်ခွင့်ရှိပါသည်။ ဂေါပကသက်တမ်း (၅) နှစ်ကာလအတွင်း ဂေါပကအဖွဲ့ဝင်တစ်ဦး နုတ်ထွက်သည်ဖြစ်စေ၊ ကွယ်လွန်သည်ဖြစ်စေ လစ်လပ်ပါက ကျန်နှစ်ဦးက ရွေးချယ်ခန့်ထားပြီး တိုင်းတရားရုံး၏ အတည်ပြုခန့်ထားခြင်းကို ရယူရပါသည်။

၁၉၅၆-ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့မှစ၍ -

(၁) ဦးဘကျော် (၂) ဦးလှကျော် (၃) ဦးလှသိန်း တို့ကို ၁၉၆၁-ခုနှစ်၊ ဇွန်လ (၂၀) ရက် မှ စတင်ခန့်ထားခဲ့ပြီး -

၁၉၆၁-ခုနှစ်၊ ဇွန်လ (၂၁) ရက်မှ ၁၉၆၆-ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့အထိ လည်းကောင်း၊ ၁၉၆၆-ခုနှစ်၊ ဇွန်လ (၂၁) ရက်မှ ၁၉၇၁-ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့အထိလည်းကောင်း၊ ၁၉၇၁-ခုနှစ်၊ ဇွန်လ (၂၁) ရက်မှ ၁၉၇၆-ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့အထိလည်းကောင်း ခန့်ထားခဲ့ပါသည်။

ဦးလှသိန်းသည် (၂၃-၁၂-၇၇) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သဖြင့် ဦးမောင်ကြီး အလှူတော်ရပ်ပုံငွေနှင့် ပါဝင်ပတ်သက်သော စာရွက်စာတမ်းများ၊ မှတ်တမ်းများ၊ အပြည့်အစုံ မရရှိသောကြောင့် ဂေါပကအဖွဲ့သစ်ကို မဖွဲ့စည်းနိုင်ခဲ့ပါ။ ထိုအချိန်ကာလအတွင်း စူးအက်တူးမြောင်းပိတ်သည့်အတွက် ဘီအိုစီကုမ္ပဏီသည် ရေနံတင်ပို့ခြင်းကို ရပ်ဆိုင်းထားရသောကြောင့် စီးပွားရေး ကျဆင်းပြီး အရှုံးနှင့်ရင်ဆိုင်နေရသည့်အတွက် အမြတ်အစွန်းခွဲဝေပေးနိုင်ခြင်း မရှိခဲ့ပါ။

၁၉၈၀-ခုနှစ်တွင် ဘီအိုစီကုမ္ပဏီက အမြတ်ငွေများကို ကွယ်လွန်သွားသော ဂေါပကဦးလှသိန်းအမည်ဖြင့် ပေးပို့သောအခါ ထိုငွေများ လက်ခံနိုင်ရန် တရားဝင်ဂေါပကအဖွဲ့သစ် ခန့်ထားရေးကိစ္စကို ဥပဒေအရ အကျုံးဝင်အောင် စတင် ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၄-ခုနှစ်ရောက်သောအခါ သက်ဆိုင်ရာ စာရွက် စာတမ်းများကို ရှာဖွေတွေ့ရှိရသဖြင့် တရားရုံးတော်သို့ ဂေါပကအဖွဲ့ဝင်များ အဖြစ် -

(၁) မန္တလေး ပရိယတ္တိသာသနဟိတအသင်းမှ ကိုယ်စားလှယ် ဦးစိန်ဖေ။

(၂) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ ကိုယ်စားလှယ် ဦးညွန့်ရီ။

(၃) ၎င်းကိုယ်စားလှယ်နှစ်ဦးက ရွေးချယ်သော ဦးဘတိုး တို့အား ခန့်ထားပေးရန် လျှောက်ထားရာ ရန်ကုန်တိုင်းတရားရုံးက ၁၉၈၄-ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့မှစ၍ ငါးနှစ်တိတိ ခန့်ထားပေးခဲ့ပါသည်။

အထက်ပါ ဂေါပကအဖွဲ့သည် ဘီအိုစီကုမ္ပဏီနှင့် ဆက်သွယ်၍ ၁၉၈၀-ခုနှစ်မှစ၍ အမြတ်ငွေများကို ပေးပို့ရန် တောင်းခံခဲ့ရာ၊ ၁၉၈၆-ခုနှစ်အထိ အမြတ်ငွေ စုစုပေါင်း (၁၇၆၇၇ဝ/၂၄) ပြား ရရှိခဲ့ပါသည်။ ဂေါပကအဖွဲ့သည် ၁၉၈၈-ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်၊ တနင်္ဂနွေနေ့တွင် -

(၁) ဦးစန္ဒောဘာသ (ဗဟိုဝန်ဆောင်) မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရ။

(၂) ဦးစန္ဒာသီရိ (မြို့နယ်သံဃနာယကအဖွဲ့-ဥက္ကဋ္ဌ) ဇောတိကာရုံကျောင်းတိုက်၊ မုံရွာမြို့။

(၃) ဦးပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) ပခုက္ကူအလယ်တိုက်ကြီး၊ ပခုက္ကူမြို့။

(၄) ဦးကုဏ္ဍလာဘိဝံသ (ဗဟိုဝန်ဆောင်) ဇောတိကာရုံကျောင်းတိုက်၊ ပြည်မြို့။

(၅) ဦးမေဓိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) နယားကျောင်းတိုက်၊ မန္တလေးမြို့တို့အား တစ်ပါးလျှင် ကျပ်-၂၂၀၆၅ နှုန်းနှင့်

စုစုပေါင်း (၅) ပါးအတွက် ၁၁၀၃၂၅/-
မန္တလေး ပရိယတ္တိသာသနဟိတအသင်းသို့လှူငွေ ၄၄၁၃၀/-
ရန်ကုန် ဝိုင်အမ်ဘီအေအသင်းသို့လှူငွေ ၂၁၀၈၅/-
စုစုပေါင်း ၁၇၅၅၃၇/-

(ကျပ်တစ်သိန်း ခုနှစ်သောင်း ငါးထောင် ငါးရာသုံးဆယ့်ခုနှစ် တိတိ) ကို လှူဒါန်းခဲ့ပါသည်။

၁၉၉၁-ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ဂေါပကအဖွဲ့ဝင် ဦးညွန့်ရီ ကွယ်လွန်သဖြင့် ၎င်း၏နေရာတွင် ဝိုင်အမ်ဘီအေ၏ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ထွေးကိုလည်းကောင်း၊ ၁၉၉၃-ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ဂေါပက ဦးဘတိုး ကွယ်လွန်သဖြင့် ၎င်း၏နေရာတွင် ဝိုင်အမ်ဘီအေ ဒုတိယ ဥက္ကဋ္ဌ သခင်ချန်ထွန်း ကိုလည်းကောင်း၊ ရန်ကုန်တိုင်း တရားရုံးက ၁၉၈၉-ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစ၍ (၅) နှစ် သက်တမ်း၏ ကျန်ကာလအတွက် ခန့်ထားပေးခဲ့ပါသည်။

သို့ဖြစ်၍ ဂေါပကအဖွဲ့ဝင်များမှာ -

(၁) ဦးစိန်ဖေ (အုပ်ချုပ်မှု ဒါရိုက်တာ၊ ရွှေသိန်းကုမ္ပဏီ)
(၂) ဦးခင်မောင်ထွေး (ဝိုင်အမ်ဘီအေ-အတွင်းရေးမှူး)
(၃) သခင်ချန်ထွန်း (နိုင်ငံဂုဏ်ရည် ပထမဆင့်၊ ဝိုင်အမ်ဘီအေ ဒုတိယ ဥက္ကဋ္ဌ) တို့ ဖြစ်လာပါသည်။

အဆိုပါ ဂေါပကအဖွဲ့သည် ၁၉၉၄-ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် -

(၁) ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။ ၄၀၀၀၀/-
(၂) ဘဒ္ဒန္တဇောတိပါလ (အဂ္ဂမဟာပဏ္ဍိတ) ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။ ၄၀၀၀၀/-
(၃) ဘဒ္ဒန္တကောသလ္လ (တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ပဠိနိကာယ) သာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်း၊ ရန်ကုန်တိုင်း။ ၄၀၀၀၀/-
(၄) ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ) တိုင်းတွင်း (ပါဠိ)ကျောင်းတိုက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်း။ ၄၀၀၀၀/-
(၅) ဘဒ္ဒန္တဝိဇ္ဇောတ (အဂ္ဂမဟာပဏ္ဍိတ) ဝိဇ္ဇောတာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၄၀၀၀၀/-
(၆) ပရိယတ္တိသာသနဟိတအသင်း၊ မန္တလေးမြို့။ ၈၀၀၀၀/-
(၇) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)၊ ရန်ကုန်မြို့။ ၃၈၀၀၀/-

တို့အား စုစုပေါင်း - ၃၁၈၀၀၀/- (ကျပ်သုံးသိန်းတစ်သောင်း ရှစ်ထောင် တိတိ) လှူဒါန်းခဲ့ပါသည်။

၁၉၉၄-ခုနှစ်၊ ဧပြီလအတွင်း၌ပင် အမြတ်ငွေ စတာလင်ပေါင် - ၃၅၃၂ / ၆၀ (ပေါင်သုံးထောင့်ငါးရာသုံးဆယ့်နှစ်နှင့် ခြောက်ဆယ်ရှိလင်) ရသဖြင့် နိုင်ငံတော်အစိုးရထံ ဒေါ်လာငွေစာရင်းဖွင့်ခွင့်တောင်းခံရာ၊ ခွင့်ပြုချက်ရရှိသဖြင့် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် စာရင်းဖွင့်ခွင့် ရရှိပါသည်။ အမေရိကန်ဒေါ်လာ - ၅၁၇၆ / ၆၂ (ဒေါ်လာ ငါးထောင့်တစ်ရာခုနစ်ဆယ့်ခြောက်နှင့် ဆင့်ခြောက်ဆယ့်နှစ် တိတိ) ဖြင့် စတင် ငွေစာရင်းဖွင့်ရပါသည်။

ဂေါပကအဖွဲ့ဝင်များသည် အတိုးမရပဲ ဘဏ်တွင်ထားခြင်းထက် ပေးလှူရမည့် ပရိယတ္တိစာသင်တိုက်ကြီးများနှင့် အသင်းများအား ဦးမောင်ကြီး ရုံပုံငွေ ဂေါပကအဖွဲ့စည်းမျဉ်းအတိုင်း ခွဲဝေလှူဒါန်းခြင်းက ပို၍ အကျိုးရှိမည်ဟု ယူဆ၍ ဝိုင်အမ်ဘီအေအသင်း ဥက္ကဋ္ဌ မဉ္ဇူသကဦးသန်းမောင်နှင့် ဆွေးနွေးညှိနှိုင်းပြီး ၁၉၉၄-ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့တွင် အောက်ပါအတိုင်း လှူဒါန်းခဲ့ပါသည်။

(၁) ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။ အက်မ်အီးစီဒေါ်လာ - ၅၀၀
(၂) ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရ။ အက်မ်အီးစီဒေါ်လာ- ၅၀၀
(၃) ဘဒ္ဒန္တဇောတိပါလ (အဂ္ဂမဟာပဏ္ဍိတ) ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။ အက်မ်အီးစီဒေါ်လာ- ၅၀၀
(၄) ဘဒ္ဒန္တပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ) မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။ အက်မ်အီးစီဒေါ်လာ- ၅၀၀
(၅) အက်မ်အီးစီဒေါ်လာ- ၅၀၀
(၆) ပရိယတ္တိသာသနဟိတအသင်း၊ မန္တလေးမြို့။ အက်မ်အီးစီဒေါ်လာ-၁၀၀၀
(၇) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ ရန်ကုန်မြို့။ အက်မ်အီးစီဒေါ်လာ- ၄၀၀

စုစုပေါင်း ဒေါ်လာ-၃၉၀၀ လှူဒါန်းခဲ့ပါသည်။

ဦးစိန်ဖေ၊ ဦးခင်မောင်ထွေး နှင့် သခင်ချန်ထွန်းတို့၏ ဂေါပကသက်တမ်းသည် ၁၉၉၄-ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသဖြင့် ဂေါပကအဖွဲ့သစ်ကို ဖွဲ့စည်းနိုင်ရန် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းက ၎င်းတို့၏ကိုယ်စားလှယ်အဖြစ် ဦးကြည်အောင် (ဒါရိုက်တာ-ဖရင်းကုမ္ပဏီလီမိတက်) ကို ရွေးချယ်ပေးပြီး၊ ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ဒုတိယ ဥက္ကဋ္ဌ သခင်ချန်ထွန်း (အငြိမ်းစား သံအမတ်ကြီး) ကို ရွေးချယ်ပေးခဲ့ပါသည်။ ဦးကြည်အောင်နှင့် သခင်ချန်ထွန်းတို့က ဝဏ္ဏကျော်ထင်ဦးချစ်မောင် (အငြိမ်းစား သံအမတ်ကြီး) ကို ရွေးချယ်ပြီး ရန်ကုန်တိုင်းတရားရုံးသို့ -

(၁) ဦးကြည်အောင် (၂) သခင်ချန်ထွန်း (၃) ဝဏ္ဏကျော်ထင် ဦးချစ်မောင် တို့အား ခန့်ထားပေးပါရန် လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက ထိုပုဂ္ဂိုလ်သုံးဦးကို ၁၉၉၄-ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှ ၁၉၉၉-ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့အထိ ဦးမောင်ကြီး အလှူတော်ရပုံငွေ ဂေါပကအဖွဲ့ဝင်များအဖြစ် ခန့်ထားပေးခဲ့ပါသည်။

၁၉၉၅-ခုနှစ်၊ ဧပြီလအတွင်း၌အမြတ်ငွေပေါင်-၂၁၈၀/၅၀ ရှိလင် ရသဖြင့် မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင် ရှိသည့် ဦးမောင်ကြီး အလှူတော်ရပုံငွေ ဂေါပကငွေစာရင်းသို့ ထည့်သွင်းရာ အမေရိကန်ဒေါ်လာ -၃၃၆၇/၇၄ ဆင့် ရရှိခဲ့ပါသည်။ ယခင်ဘဏ်လက်ကျန်ဒေါ်လာ ၁၂၁၄/၀၉ နှင့်ပေါင်းသောအခါ ဒေါ်လာ ၄၅၈၁/၈၃ ဆင့် ရှိသဖြင့် ဂေါပကအဖွဲ့သစ်သည် အမြန်ဆုံးလှူဒါန်းနိုင်လျှင် အမြန်ဆုံးအကျိုးရှိသည်ဟု ယုံကြည်သည့်အတိုင်း ၁၉၉၅-ခုနှစ်၊ ဇူလိုင်လ (၂) ရက်၊ တနင်္ဂနွေနေ့တွင် -

(၁) ဘဒ္ဒန္တမေဓိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)
ဘုရားကြီးတိုက်၊ ချမ်းမြသာစည်၊
မန္တလေးမြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၂) ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
မဟာဂန္ဓာရုံကျောင်းတိုက်၊
အမရပူရ။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၃) ဘဒ္ဒန္တဇောတိပါလ (အဂ္ဂမဟာပဏ္ဍိတ)
ကြခတ်ဝိုင်းကျောင်းတိုက်၊
အမရပူရ။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၄) ဘဒ္ဒန္တစန္ဒာသီရိ (အဂ္ဂမဟာပဏ္ဍိတ)
မဟာဇောတိကာရာမတိုက်၊ ဘုန်းစိုးရပ်၊
မုံရွာမြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၅) ဘဒ္ဒန္တသောဘန (အဂ္ဂမဟာပဏ္ဍိတ)
ညောင်တုန်းကျောင်းတိုက်၊ ဗဟန်း၊
ရန်ကုန်မြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၆) ပရိယတ္တိသာသနဟိတအသင်း၊
မန္တလေးမြို့။ အက်ဖ်အီးစီဒေါ်လာ-၁၀၀၀

(၇) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊
ရန်ကုန်မြို့။ အက်ဖ်အီးစီဒေါ်လာ- ၄၈၀

တို့အား အသီးသီး လှူဒါန်းရန် ဆုံးဖြတ်ပြီး လှူဒါန်းခဲ့ပါသည်။

ပရိယတ္တိစာသင်တိုက် နာယကဆရာတော်ကြီးများထံ အလှူတော်ငွေများ လက်ခံရန် ပင့်လျှောက်လွှာတွင် ဂေါပကအဖွဲ့ဝင် သခင်ချန်ထွန်း၊ ဦးကြည်အောင်၊ ဝဏ္ဏကျော်ထင် ဦးချစ်မောင် တို့ သုံးဦး လက်မှတ်ရေးထိုး လျှောက်ထားခဲ့သော်လည်း ဝဏ္ဏကျော်ထင် ဦးချစ်မောင်သည် ၁၉၉၅-ခု၊ မေလ (၂၀) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားသဖြင့် ၎င်း၏နေရာတွင် ဝိုင်အမ်ဘီအေအသင်း ဥက္ကဋ္ဌ ဦးအောင် (အောင်သုခဆိစက် နှင့် ဆပ်ပြာစက်ပိုင်ရှင်) အား ခန့်ထားပေးရန် တိုင်းတရားရုံးသို့ လျှောက်ထားခဲ့ရာ၊ တရားရုံးက ၁၉၉၉-ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့အထိ ခန့်ထားပေးပါသည်။

သခင်ချန်ထွန်း၊ ဦးကြည်အောင်၊ မြင်းခြံဦးအောင်တို့သည် အမြတ်ငွေများ ထပ်မံရရှိသဖြင့် ၁၉၉၆-ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်နေ့တွင် -

(၁) ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာပဏ္ဍိတ)
မစိုးရိမ်ကျောင်းတိုက်ဟောင်း၊
မန္တလေးမြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၂)ဘဒ္ဒန္တကုဏ္ဍလာဇောတိ (နိုင်ငံတော်သံဃမဟာနာယက)
ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်း၊
ပြည်မြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၃) ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)
ပဋ္ဌာနတာရုံကျောင်းတိုက်၊
မုံရွာမြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၄) ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ)
သာသနာ့ဗဟုဿုတကျောင်းတိုက်၊
ပဲခူးမြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၅) ဘဒ္ဒန္တမေဓာစာရ (အဂ္ဂမဟာပဏ္ဍိတ)
မိုးကောင်းစာသင်တိုက်၊
ဟင်္သာတမြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၆) ပရိယတ္တိသာသနဟိတအသင်း၊
မန္တလေးမြို့။ အက်ဖ်အီးစီဒေါ်လာ-၁၀၀၀

(၇) ဓမ္မဘာသာကလျာဏယုဝအသင်း၊
ရန်ကုန်မြို့။ အက်ဖ်အီးစီဒေါ်လာ- ၄၈၀

တို့အား အသီးသီး လှူဒါန်းခဲ့ပါသည်။

၁၉၉၆-ခုနှစ်၊ ဧပြီလတွင် အမြတ်ငွေများ ထပ်မံရရှိသဖြင့် ဂေါပကအဖွဲ့ဝင်လူကြီးများသည် ဝိုင်အမ်ဘီအေ ဥက္ကဋ္ဌကြီး မဥ္ဇူသက ဦးသန်းမောင်နှင့် တိုင်ပင်ဆွေးနွေးပြီး -

၁၉၉၆-ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် -

(၁) ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၂) ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
(မဟာဓမ္မကထိက) (ဗဟုဇနဟိတရေ)
မဟာဂန္ဓာရုံကျောင်းတိုက်၊
အမရပူရ။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၃) ဘဒ္ဒန္တဇာဂရာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
ကလေးဝတောရ ပရိယတ္တိစာသင်တိုက်၊
မရမ်းကုန်းမြို့နယ်။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၄) ဘဒ္ဒန္တကောဏ္ဍည (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊
ဗဟန်း၊ ရန်ကုန်။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၅) ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ (သာသနဓဇသီရိပဝရဓမ္မာစရိယ)
(စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက)
ပရိယတ္တိသာသနဟိတဓဇ (သကျသီဟဓမ္မာစရိယ)
မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ ရန်ကင်း၊
ရန်ကုန်။ အက်ဖ်အီးစီဒေါ်လာ- ၅၀၀

(၆) ပရိယတ္တိသာသနဟိတအသင်း၊
မန္တလေးမြို့။ အက်ဖ်အီးစီဒေါ်လာ-၁၀၀၀

(၇) ဓမ္မဘာသာကလျာဏယုဝအသင်း၊
ရန်ကုန်မြို့။ အက်ဖ်အီးစီဒေါ်လာ- ၄၈၀

တို့အား အသီးသီး လှူဒါန်းခဲ့ပါသည်။

၁၉၉၆-ခုနှစ်၊ ဒီဇင်ဘာလတွင် အမြတ်ငွေများ ထပ်မံရရှိပြန်သဖြင့် ဂေါပကအဖွဲ့သည် ဝိုင်အမ်ဘီအေ ဥက္ကဋ္ဌကြီး မဥ္ဇူသက ဦးသန်းမောင်နှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဆရာတော်ကြီး (၅) ပါးစီ နှစ်ကြိမ်လှူဒါန်းပွဲလုပ်ခြင်းထက် ဆရာတော်ကြီး (၁၀) ပါးကို တစ်ကြိမ်တည်းလုပ်ခြင်းက အခမ်းအနားပြင်ဆင်ခြင်း၊ လှူဒါန်းပွဲ ပြုလုပ်ရန် သက်ဆိုင်ရာဌာနများသို့ ခွင့်ပြုမိန့်အဆင့်ဆင့် တောင်းခံရခြင်းမှ သက်သာခြင်း စသော အကြောင်းများကြောင့် ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်ကြီး (၁၀) ပါးကို ပင့်ပြီး ၁၉၉၇-ခုနှစ်၊ မတ်လ (၂၄) ရက်နေ့တွင် လှူဒါန်းပွဲပြုလုပ်ရန် ဆုံးဖြတ်ပြီး အောက်ပါအတိုင်း လှူဒါန်းခဲ့ပါသည်။

(၁) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ
သဒ္ဓမ္မဇောတိကဓဇ၊မြင်းခြံမြို့ကိုးဆောင်
ကျောင်းတိုက်ဆရာတော်ကြီး
ဘဒ္ဒန္တသောဘိတ ကျပ် - ၁၀၀၀၀၀-

(၂) နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်
နိကာယာဓိပတိဥက္ကဋ္ဌ၊ မဟာနာယက
ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာ
ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ ကံကြီးပရိယတ္တိ
စာသင်တိုက်
ဆရာတော်ဘဒ္ဒန္တဝိမလာဘိဝံသ ကျပ် - ၁၀၀၀၀၀-

(၃) နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
ပခုက္ကူမဟာဝိသုတာရာမတိုက်
ဆရာတော်ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ကျပ် - ၁၀၀၀၀၀-

(၄) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယ
ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့၊
မစိုးရိမ်တိုက်သစ်၊
ဆရာတော်ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ကျပ် - ၁၀၀၀၀၀-

(၅) မန္တလေးတိုင်း၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ
အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့၊ မြတောင်
ကျောင်းတိုက်၊
ဆရာတော်ဘဒ္ဒန္တသာသနာဘိဝံသ ကျပ် - ၁၀၀၀၀၀-

(၆) အဂ္ဂမဟာပဏ္ဍိတ၊ အင်းစိန်ရွာမ၊
ပရိယတ္တိစာသင်တိုက်၊
ဆရာတော်ဘဒ္ဒန္တနန္ဒဝံသ ကျပ် - ၁၀၀၀၀၀-

(၇) အဂ္ဂမဟာပဏ္ဍိ၊ အဂ္ဂမဟာသဒ္ဓမ္မ
ဇောတိကဓဇ၊ အမရပူရမြို့ မဟာဂန္ဓာရုံ
ဆရာတော်ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ကျပ် - ၁၀၀၀၀၀-

(၈) အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးမြို့၊ ကြခတ်ဝိုင်း
ဆရာတော်ဘဒ္ဒန္တဇောတိပါလ ကျပ် - ၁၀၀၀၀၀-

(၉) အဂ္ဂမဟာပဏ္ဍိတ၊ ညောင်တုန်းမြို့
ရွှေဟင်္သာကျောင်းတိုက်
ဆရာတော်ဘဒ္ဒန္တဉာဏဝံသ ကျပ် - ၁၀၀၀၀၀-
(၁၀) တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ
မရမ်းကုန်းမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်
ဆရာတော်ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ ကျပ် - ၁၀၀၀၀၀-
(၁၁) ပရိယတ္တိသာသနဟိတအသင်း၊
မန္တလေးမြို့။ ကျပ် - ၄၀၀၀၀-
(၁၂) ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊
ရန်ကုန်မြို့။ ကျပ် - ၁၉၂၀၀-
တို့အား အသီးသီး လှူဒါန်းခဲ့ပါသည်။

ဦးမောင်ကြီး အလှူတော်ရံပုံငွေဂေါပကအဖွဲ့သည် လန်ဒန်ရှိ ဘီအိုစီကုမ္ပဏီမှ အမြတ်ငွေများကို ပေးပို့ရရှိပါက ထိန်းသိမ်းမထားပဲ လှူဒါန်းပွဲပြုလုပ်သွားကြမည်သာ ဖြစ်ပါသည်။

ယခင်အကြိမ်များက အင်ဖ်အီးစီဒေါ်လာနှင့် လှူဒါန်းခဲ့ပြီးနောက်ဆုံး ၁၉၉၇-ခုနှစ်၊ မတ်လ (၂၄) ရက်နေ့အလှူပွဲတွင် ကျပ်ငွေဖြင့် လှူဒါန်းခဲ့ခြင်းမှာ အစိုးရကနိုင်ငံခြားငွေ လဲလှယ်ရေး ကိုယ်စားလှယ်များ (            ) တရားဝင်ခန့်ထားသဖြင့် ၎င်းတို့ထံတွင် တရားဝင်ငွေလဲလှယ်ပြီး လှူဒါန်းရခြင်း ဖြစ်ပါသည်။

ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဝင် ရန်ကုန်မြို့၊ စဉ့်အိုးတန်းနေ ပွဲစားကြီး ဦးမောင်ကြီးသည် ၁၉၁၂-ခုနှစ်၊ မေလ (၁၈) ရက်နေ့၌ ဦးမောင်ကြီးအလှူတော်ရံပုံငွေ ဂေါပကအဖွဲ့ကို ဖွဲ့ပြီး ၎င်းပိုင် လန်ဒန်ရှိ ဘီအိုစီ ရေနံကုမ္ပဏီတွင် ဝယ်ယူထားသော အစုရှယ်ယာတစ်စုလျှင် စတာလင်ပေါင်တစ်ပေါင်တန်ရှယ်ယာစု ၄၉၈ စုကို ကြီးကြပ်ထိန်းသိမ်းပြီး လှူဒါန်းရန် လှူဒါန်းခဲ့ခြင်းမှာ ထိုအချိန်က ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ကိုချစ်မြတ်နိုးကြရန် လှုံ့ဆော်စည်းရုံးနေပြီး ၎င်းလှုံ့ဆော်စည်းရုံးမှုကြောင့် ပြည်သူတွေ နိုးကြားတက်ကြွနေသောအချိန်ဖြစ်ပါသည်။

ထို့ကြောင့် ပရိယတ္တိသာသနာတော် ထွန်းကားတောက်ပစေရန်အတွက် ဆောင်ရွက်နိုင်ရန် ပရိယတ္တိစာသင်တိုက်ကြီးများမှ စာချဆရာတော်ကြီးငါးပါးနှင့် ကောဇာသက္ကရာဇ် ၁၂၆၀-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၉၈-ခုနှစ်တွင် တည်ထောင်ခဲ့သော မန္တလေး ပရိယတ္တိသာသနဟိတအသင်းကြီးနှင့် ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့အား လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ပွဲစားကြီး ဦးမောင်ကြီး ကွယ်လွန်သည်မှာ နှစ်ပေါင်းမြောက်များစွာ ကြာပြီ ဖြစ်ပါသည်။ ဦးမောင်ကြီး သား/သမီးနှင့် မြေးများပင် မရှိတော့ပါ။ ဦးမောင်ကြီး၏ မြစ်များသာ ရှိပါတော့သည်။ ဦးမောင်ကြီး၏ မြစ်များသည် ဘိုးဘိုး တို့ ဘိုးဘိုးကြီးလှူဒါန်းခဲ့သော ဘီအိုစီ အစုရှယ်ယာမှ ရရှိသည့်အမြတ်ငွေများကို ဦးမောင်ကြီး အလှူတော်ရံပုံငွေအဖွဲ့က လှူဒါန်းပွဲပြုလုပ်တိုင်း တက်ရောက်ကာ သင်္ကန်း၊ စောင် အစရှိသော လှူဘွယ်ပစ္စည်းများဖြင့် ပင့်သံယာတော်များကို လှူဒါန်းကြပါသည်။

ဦးမောင်ကြီး ၁၉၁၂-ခုနှစ်၊ မေလ (၁၈) ရက်နေ့က လှူဒါန်းသော အစုရှယ်ယာမှာ စတာလင်ပေါင် (၁) ပေါင်တန်အစု (၄၉၈) စုသာဖြစ်သော်လည်း စစ်အတွင်းကရရှိရန်ဖြစ်သော အမြတ်ငွေအားလုံးနှင့် နှစ်စဉ်ရရှိသော အမြတ်ငွေထဲမှ အချို့ကို ဆုကြေးရှယ်ယာအဖြစ် မတည် ငွေရင်းထဲသို့ လွှဲပြောင်းပေးခဲ့ခြင်းကြောင့် ၁၉၉၇-ခု၊ မတ်လ (၃၁) ရက်နေ့တွင် စတာလင်ပေါင်တစ်ပေါင်တန် အစုရှယ်ယာ (၂၁၈၆၅) ရှိနေပြီဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| (သခင်ချန်ထွန်း) | (ဦးကြည်အောင်) | (မြင့်ခြိုးအောင်) |
| အငြိမ်းစားသံအမတ်ကြီး | ဒါရိုက်တာ၊ ပရင်းကုမ္ပဏီလီမိတက် | အောင်သုခဆိုင်နှင့် |
| ဂေါပကအဖွဲ့ဝင် | ဂေါပကအဖွဲ့ဝင် | ဆယ်ပြာ စက်ပိုင်ရှင် |
| | | ဂေါပကအဖွဲ့ဝင် |

# ပဒေသာပင်အလှူရှင်များ

အင်းဝမောင်မောင်

မန္တလေးရွှေမြို့ ေ ာ်၌ မင်းတုန်းမင်းကြီးနှင့် သီပေါမင်းတို့ လ က်ယက်တော်တွင် စာချစာသင်ထေရ်အရှင်တို့၏ "ဥဒါဟရုဏ်ကား" . . . "ပေါဟန်ကား" စသောအားဖြင့် စာချသံ၊ စာကျက်သံ၊ စာအံသံတို့ သောသောညံကာ ပရိယတ္တိသာသနာတော်ကြီးသည် အုံမခန်းအောင် ထွန်းပြောင်ခဲ့ပေသည်။

## သာသနာရောင် ဖမှောင်ရည်ယှက်သန်း

သို့ရာတွင် ၁၂၄၇-ခုနှစ် နောက်ပိုင်းမှစ၍ စာသံ၊ ပေသံ တို့ ဆိတ်ငြိမ်စပြုကာ သာသနာရောင်သည် ဖမှောင်ယှက်သန်း စ ပြုလာခဲ့သည်။

## သာသနာပြုအသင်း ပေါ်ထွက်ခြင်း

သို့သော်လည်း ကောဇာသက္ကရာဇ် ၁၂၆၀-ပြည့်နှစ်၌ ပရိယတ္တိသာသနဟိတ သာသနာပြုအသင်းကြီး ပေါ်ပေါက်လာ၍ ဤအသင်းကြီးမှ ရှေးကကဲ့သို့ သာသနာရောင် ထွန်းပြောင်စေရန် ရည်သန်ကာ ၁၂၆၅-ခုနှစ်၊ နယုန်လမှစ၍ ရဟန်းတော်များ စာပေ သင်ကြားဖြေဆိုတော်မူနိုင်ကြစေရန် စာသင်တန်း စာမေးပွဲနှင့် စာချတန်းစာမေးပွဲတို့ကို နှစ်စဉ်မပြတ် ကျင်းပပြုလုပ်ပေးခဲ့ပေသည်။ အောင်မြင်ကြသော ရဟန်းတော်တို့အားလည်း စာသင်တန်းအောင်လက်မှတ်နှင့် စာချတန်းအောင်ပုဂ္ဂိုလ်တို့အား "အဘိဝံသ" ဘွဲ့ပုံတော်လက်မှတ်တို့ကို ဆက်ကပ်ကာ ဆန်၊ ဆီ၊ ဆားစသော နိဗဒ္ဓအလှူတော်တို့ကို ထောက်ပံ့လှူဒါန်းလျှက် ကိုးကွယ်ခဲ့ကြပေသည်။

အောင်ပွဲသဘင် ဆင်ယင်ကျင်းပသည့် ဝါဆိုလအခါ၌ စာသင်တန်းနှင့် စာချတန်း အောင်ပန်းကို ဆွတ်လှမ်းတော်မူကြသော ရဟန်းတော်တို့အား သက်န်းစသော ရဟန်းတော်တို့အတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများနှင့် နဝကမ္မ ဝတ္ထုငွေများပါ ပြည့်ပြည့်စုံစုံ ရရှိနိုင်ကြစေရန် မန္တလေးမြို့နှင့် အမရပူရမြို့ရပ်ကွက်အချို့မှ ဗေ ာ ရှင်၊ သဒ္ဓါရှင်တို့အား သီးမျိုးစုံ ပဒေသာပင်တို့ ပြုလုပ်လှူဒါန်းကြရန် ဟောပြောနှိုးဆော် ဟိုက်တွန်းကာ လာရောက်ပို့ဆောင်လှူဒါန်းကြသော ပဒေသာပင်တို့ကို စာ အောင်ရဟန်းတော်တို့အား ပဒေသာပင်အလှူရှင်များကိုယ်တိုင် စာအောင်သံဃာတော်တို့ ရှေ့မှောက်၌ စာရေးတံမဲနှိုက် စေကာ ကျရာပုဂ္ဂိုလ်အသီးသီးအား ကျောင်းတိုက်အရောက် ပို့ဆောင်လှူဒါန်းခဲ့ကြပေသည်။

## သဒ္ဓါထက်သန်လှူဒါန်းဟန်

ပဒေသာပင် ဒါယကာတို့က မိမိတို့၏ပဒေသာပင်များကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင်အားကျမခံ (လှူဒါန်းဖွယ်ပစ္စည်းတို့ကို တစ်နှစ်ထက်တစ်နှစ် တိုး၍တိုး၍) စီမံပြုလုပ်ကြလျှက် လှူဒါန်းခဲ့ကြသည်။

ဂိမိတို့၏ ပဒေသာပင်များကို အောင်ပွဲသဘင် ဆင်ယင်ရာ ဌာနသို့ နံနက် (၈) နာရီ အရောက်ပို့ဆောင်ကြ၍ ကြည်ညိုဖွယ်ရာ ခင်းကျင်းပြသထားကြပြီး လာရောက်ကြည်ညိုသူများအားလည်း လက်ဖက်ရည်၊ မုန့်၊ ခဲဖွယ် အမျိုးမျိုးဖြင့် ကျွေးမွေးဧည့်ခံရင်း "ဒီပိုးသက်န်းကဘယ်လောက်ကျတယ်၊ ဒီအေးခုတင်နှင့် ဇာခြင်ထောင်၊ သိုးမွှေးစောင် ကော်ဇော၊ အိပ်ယာခင်းတို့က ဘယ်လောက်ပေးရတယ်၊ ဒီစာကြည့်စားပွဲနှင့် ကုလားထိုင် စားပွဲတင်နာရီတို့က ဘယ်မျှလောက်အဘိုးကျတယ်၊ ဒီနှစ် နဝက ဝတ္ထုငွေက ယခင်နှစ်ထက် ဘယ်လောက်ပို၍ လှူနိုင်တယ်" ပသည် စသည်အားဖြင့် တပြုံးပြုံး ပြောပြကြကာ သဒ္ဓါ ပီတိ ဂွမ်းဆီထိသည့်အလား ပြုံးပန်းတွေဝေလျက် စေတနာထက်သန်နေကြသည်မှာ ဝမ်းမြောက်ကြည်နူးဖွယ်ရာ ဖြစ်ပေသည်။

## ရှေးခေတ်ပဒေသာပင် လှူဒါန်းကြသည့်ရပ်ကွက်များ

နယုန်လ စာအောင်ပွဲသဘင်အတွက် ရပ်ကွက်အသီးသီးမှ လှူဒါန်းကြသော၊ ပဒေသာပင်စာရင်းမှာ နှစ်စဉ် ထုတ်ဝေသည့် အမျှဝေစာတမ်းများအရ အောက်ပါတို့ ဖြစ်ကြသည်။

၁။ မန္တလေးမြို့၊ မလွန်ရပ်၊ မလွန်ပဒေသာပင်။

၂။ မန္တလေးမြို့၊ ဝါးတန်းရပ်ကွက်၊ ဝါးတန်းပဒေသာပင်။

၃။ မန္တလေးမြို့၊ ရှမ်းပွဲရပ်ကွက်၊ ရှမ်းပွဲပဒေသာပင်။

၄။ ရွာဟိုင်းဈေးရပ်ကွက်၊ ရွာဟိုင်းဈေးပဒေသာပင်။

၅။ ညောင်ပင်ဈေးရပ်ကွက်၊ ညောင်ပင်ဈေးပဒေသာပင်။

၆။ မျက်ပါးရပ်ရပ်ကွက်၊ မျက်ပါးရပ်ပဒေသာပင်။

၇။ အာနန္ဒာစေတီတန်း နိဗ္ဗာန်ကုန်သည်ကြီးများ ပဒေသာပင်။

၈။ သစ်ကုန်သည်ကြီးများ ပဒေသာပင်။

၉။ ဆန်စက်၊ ဆီစက် ကုန်သည်ကြီးများ ပဒေသာပင်။

၁၀။ စိန်ပန်းရပ်ကွက်၊ စိန်ပန်းပဒေသာပင်။

၁၁။ အမရပူရမြို့၊ သင်ပန်းကုန်းရပ် ပဒေသာပင်။

၁၂။ အမရပူရမြို့၊ တရုပ်တန်းရပ်ပဒေသာပင်။

၁၃။ ဒီဘိုးရပ်၊ ဓာတ်နန်းရပ်ပဒေသာပင် တို့ ဖြစ်ကြသည်။

ယခုခေတ်၌မူ အောက်ပါရပ်ကွက်တို့မှ ပဒေသာပင်များ နှစ်စဉ် လှူဒါန်းလျက်ရှိကြသည်။

၁။ မလွန်ပဒေသာပင်။

၂။ ဝါးတန်းပဒေသာပင်။

၃။ ရွာဟိုင်းရပ်တစ်နယ်လုံးဆိုင်ရာ မန်းမြို့ဈေးပဒေသာပင်။

၄။ ရှမ်းပွဲပဒေသာပင်။

၅။ အာနန္ဒာစေတီတန်း ပဒေသာပင်။

၆။ ဦးချစ်ဖေ ဦးဆောင်သော စက်ပိုင်ရှင်များ ပဒေသာပင်။

၇။ ကိုင်းတန်းဈေး ပွဲကတော်ကြီး ဒေါ်ကြင်မိသားစုပဒေသာပင်။

ထို့အပြင် စာအောင်သံယာ အရေအတွက်များပြားလာသည့်အခါ အောက်ပါအသင်းအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှလည်း ပဒေသာပင်များ ပေးပို့လှူဒါန်းကြသည်။

၁။ ကုန်စည်ဒိုင်ပွဲစား ကုန်သည်ကြီးများ ပဒေသာပင်။

၂။ အုတ်သူကြီးများ ပဒေသာပင်။

၃။ နာယကကြီး ဦးရွှေနှင့် ဆွေမျိုးသားချင်းများ၏ ပဒေသာပင်။

၄။ ဦးအောင်ကြည်+ဒေါ်ပြုံး မိသားစုတို့ ဦးဆောင်သော တရုပ်တန်းဈေး ပဒေသာပင်။

၅။ ဦးဖေါ်ဌေး+ဒေါ်ကြူကြူဝင်း မိသားစု ဦးဆောင်သော တရုပ်တန်းဈေး ပဒေသာပင်။

၆။ ငွေတာရီ ဦးထွန်းသိန်း+ဒေါ်မြင့် မိသားစု ပဒေသာပင်။

၇။ အနောက်ခင်မကန်တိုက် ဦးသီလအုတ်ကျောင်း၊ မဟာဓမ္မကထိကဆရာတော် ဦးသူရိယာဘိဝံသ၏ ပဒေသာပင်။

ထို့ကြောင့် နှစ်စဉ် စာသင်တန်း၊ စာချတန်းအောင်ပုဂ္ဂိုလ် အရေအတွက်နှင့် နှိုင်းစာလျှင် လှူဒါန်းမည့် ပဒေသာပင် အရေအတွက်မှာ အဆင်သင့်ရှိ၍ နေသောကြောင့် အချို့ပုဂ္ဂိုလ်တို့က ဤအသင်း၏အောင်စာရင်းသည် ပဒေသာပင်အရေအတွက်ကို လိုက်၍ ထုတ်ပြန်သည်ဟု ထင်မှတ်ယူဆပြောဆိုနေကြခြင်းမှာ မမှန်ကန်ပါ၊ သတ်မှတ်ထားသော အောင်မှတ်များ အပြည့်အဝ ရမှသာ အောင်မြင်နိုင်သော စာမေးပွဲကြီး ဖြစ်ပါသည်။

**ခေတ်အလိုက် ပဒေသာပင်တန်ဘိုးများ ခြားနားပုံ**

စာရေးသူအနေဖြြင့် ဒုတိယကမ္ဘာစစ်ဖြစ်ကာနီး ၁၃၀၃-ခုနှစ်၊ ပဒေသာပင် အလှူရှင်များနှင့် ပဒေသာပင်တစ်ခု၏ တန်ဘိုးငွေများကိုလည်းကောင်း၊ ယခုခေတ် ၁၃၅၉-ခုနှစ်၊ နယုန်လ အောင်ပွဲသဘင်၌ လှူဒါန်းကြသည့် ပဒေသာပင်များနှင့် တန်ဘိုးငွေများကိုလည်းကောင်း၊ စာရှုသူ၊ စာဖတ်သူတို့ နှိုင်းယှဉ်ကာ ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် အောက်ပါအတိုင်း ဆက်လက် ဖေါ်ပြလိုက်ပါသည်။

**၁၃၀၃-ခုနှစ် ပဒေသာပင်များ**

| | |
|---|---|
| ၁။ ရှမ်းပွဲရပ် ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၂၇၀ |
| ၂။ ပွဲကုန်းရပ် ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၃၂၀ |
| ၃။ မလွန်ဈေးဟောင်းရပ် ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၄၂၅ |
| ၄။ ရွာဟိုင်းဈေး ပရိက္ခရာတန်း ပဒေသာပင် | ကျပ် -၄၄၆/၃ပဲ |
| ၅။ ပြည်ကြီးချမ်းသာဆန်စက်ပိုင်ရှင် ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၃၅၀ |
| ၆။ ရတနာပုံဆီစက်ပဒေသာပင် တန်ဖိုးငွေ | ကျပ် -၃၀၈/၄ပဲ |
| ၇။ ဈေးချိုဝါးတန်းရပ် ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၁၄၀ |
| ၈။ အမရပူရ တရုပ်တန်းရပ် ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၂၀၀ |
| ၉။ အမရပူရ သင်ပန်းကုန်းရပ် ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၂၄၀ |
| ၁၀။ ဒီဘိုးရပ်၊ ဓာတ်နန်းရပ်၊ မာကလာခြံရပ် ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၁၉၀ |

၁၃၀၃-ခုနှစ်တွင် စာချတန်းအောင် ရဟန်းတော် (၄) ပါးနှင့် စာသင်တန်းအောင် ရဟန်းတော် (၅) ပါး၊ ပေါင်း (၉) ပါး တို့အား ပဒေသာပင်များကို မချလှူဒါန်းခဲ့ကြသည်။



F.51

## ၁၃၅၉–ခုနှစ် ပဒေသာပင်များ

၁၃၅၉-ခုနှစ်၊ နယုန်လ စာသင် စာချ စာမေးပွဲကြီးတွင် စာချတန်း၌ (၄) ပါးအောင်မြင်၍ စာသင်တန်း၌ (၅) ပါး အောင်မြင်ရာ အောက်ပါပဒေသာပင် အလှူရှင်တို့က ခေတ်နှင့်အညီ ၂၁စ်သိန်းကျပ်နီးပါး တန်းဖိုးရှိသော သီးစုံပဒေသာပင်များ လှူဒါန်းကြသည်။

| | |
|---|---|
| ၁။ မလွန့်ပဒေသာပင် တန်ဖိုးငွေ | ကျပ် -၁၁၃၆၅၀ |
| ၂။ ဈေးချိုဝါးတန်း ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၇၄၂၀၀ |
| ၃။ ရွာဟိုင်းဈေးနယ်လုံးဆိုင်ရာ မန်းမြို့ဈေး ပဒေသာပင်တန်ဖိုးငွေ | ကျပ် -၁၀၂၀၅၀ |
| ၄။ ရှမ်းပွဲရပ်ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၇၃၅၅၀ |
| ၅။ အာနန္ဒာစောင်းတန်းနိဗ္ဗာန်ကုန်သည်ကြီးများ ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၉၀၄၂၀ |
| ၆။ ပြည်လုံးချမ်းသာ ဆန်စက်ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၈၁၉၀၄ |
| ၇။ နာယကကြီး ဦးရွှေနှင့် သားသမီး၊ ဆွေမျိုး မိတ်သင်္ဂဟများ ပဒေသာပင် တန်ဖိုးငွေ | ကျပ် - ၇၅၇၀၆ |
| ၈။ ကုန်စည်ဒိုင် ပွဲစားကုန်သည် စက်ပိုင်ကြီးများ ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၆၉၃၀၆ |
| ၉။ အုတ်သူကြီးများ ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၇၂၇၆၅ |
| ၁၀။ အနောက်ခင်မကန်တိုက် ဆရာတော် ဦးသူရိယ၏ ပဒေသာပင်တန်ဖိုးငွေ | ကျပ် - ၆၈၂၅ |

အထက်ပါ ပဒေသာပင်အလှူရှင်တို့သည် သဒ္ဓါတရား ထက်သန်စွာနှင့် စာအောင်သံဃာတော်တို့အတွက် သက်န်း၊ ပရိက္ခရာ စသည်တို့နှင့်တကွ မိမိတို့ ကျောင်းတိုက်ရှိ သံဃာတော်တို့အား ဆွမ်းကျွေးလှူဒါန်းလိုက လှူဒါန်းနိုင်ရန်နှင့် မိဘတို့အား ထောက်ပံ့လိုက ထောက်ပံ့နိုင်ရန်အပြင် နဝကမ္မ ကိစ္စအရပ်ရပ်တို့အတွက် သုံးစွဲနိုင်ရန် ဝတ္ထုငွေကျပ် (၃၀၀၀၀) (သုံးသောင်း) ထက်မနဲ ပါဝင်လှူဒါန်းကြသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်နှမော် သာဓုခေါ်၍ မဆုံးနိုင်တော့ပါ။

အင်းဝမောင်မောင်

# ပရိယတ္တိအသင်းစာမေးပွဲနှင့် ရာသက်ပန်ဆွမ်းအလှူရှင်များ

မောင်ဥက္ကာ (ဗိုးနံ့ဆေးတိုက်)

ပရိယတ္တိသာသနဟိတအသင်းကြီးသည် အမည်နှင့်လိုက်လျောညီထွေစွာ ပရိယတ္တိသာသနာတော် ထွန်းကားရေးအတွက်၊ စာမေးပွဲသုံးရပ်ကို နှစ်စဉ် ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပေပြီ။

၁၂၆၅-ခုနှစ်၊ နယုန်လမှစ၍ ရဟန်းတော်များဖြေဆိုရန် စာသင်တန်းနှင့် စာချတန်း စာမေးပွဲများကို (၅) ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်။ ယခုအခါတွင် စာသင်တန်းဖြေဆိုသော သံဃာတော် (၁၃၀) ခန့်နှင့် စာချတန်းဖြေဆိုသော သံဃာတော် (၃၀) ခန့်အထိ ရှိသည်။ စာဖြေရဟန်းတော် (၁၆၀) ကျော်နှင့် ပုစ္ဆာထုတ်ဆရာတော်များ၊ စာမေးပွဲစောင့်ကြပ်ကြမည့် ဝေယျာဝစ္စ သင်းမလူကြီး (၅၀) ဦးခန့် အပါအဝင် ရဟန်းရှင် လူ ပုဂ္ဂိုလ် (၂၀၀) ကျော်တို့အား ရာသက်ပန်တာဝန်ယူထားသော ဆွမ်းအလှူရှင်များမှ ကောင်းကောင်းမွန်မွန် ဖွယ်ဖွယ်ရာရာ ဆွမ်းဟင်းလျာများ အချိုပွဲများနှင့်တကွ မြိုင်ဆိုင်စွာ ဆက်ကပ်လှူဒါန်းလျက်ရှိကြသည်။

ယခုခေတ်တွင် သားဈေး၊ ငါးဈေး မည်မျှပင်ကြီးမြင့်စေကာမူ ဝက်သား၊ ကြက်သား၊ ဆိတ်သား၊ ငါး စသော ဟင်းလျာကောင်း နှစ်မျိုးအပြင် သီးစုံချဉ်ရည်။ အစိမ်းကြော်၊ ပဲနှပ်ချက်၊ ငါးဘတ် ငါးပိချက် တို့စရာ စသည်တို့ဖြင့် ကောင်းမွန်စွာ စီမံ ချက်ပြုတ်၍ ဆွမ်းအလှူရှင်တို့က စေတနာထက်သန်စွာ လှူဒါန်းလျက် ရှိကြသည်။ အချို့ကမူ ကြက်သားဒံပေါက်၊ ရသာစုံဒံပေါက်၊ ထောပတ်ဆွမ်း၊ ရေခဲမုန့် စသည်တို့ဖြင့် ဖွယ်ဖွယ်ရာရာ လှူဒါန်းဆက်ကပ်နေကြသည်မှာ အံ့သြဖွယ်ပင် ဖြစ်ပါသည်။

ယင်းသို့ မိဘများလက်ထက်မှစ၍ ယနေ့တိုင် နှစ်စဉ်မပျက် သားစဉ်မြေးဆက် လှူဒါန်းဆက်ကပ်လျက်ရှိကြသော ဆွမ်းအလှူရှင်တို့၏ အမည်များကို အသင်းကြီးမှ ထုတ်ဝေသော စာအုပ်စာတမ်းများအရ အောက်ဖော်ပြပါ အလှူရှင်တို့ ဖြစ်ကြောင်း သိရပေသည် -

### နယုန်လစာမေးပွဲ ဆွမ်းအလှူရှင်များ

၁။ ဝါးတန်းရပ်၊ ဦးထွန်း+ဒေါ်ဝင်းစိန်။

၂။ လွှတောင်တန်းရပ်၊ ရွှေပန်းတိမ်ဆရာကြီး ဦးဘရှင်+ဒေါ်သိန်းမိသားစု။

၃။ ဝါးတန်းရပ်၊ ပင်ရင်းဆေးပွဲရုံ ဦးခင်မောင်မြ+ဒေါ်ညွန့်ညွန့်မိသားစု။

၄။ ပွဲကုန်းရပ်၊ ပွဲစားကြီး ဦးခို+ဒေါ်စိမ်းညို မိသားစု

၅။ ဝါးတန်းရပ်၊ ပွဲစားကြီး ဦးအောင်တင် (တူမ) ဒေါ်တင်မိ

ယခင် နှစ်ပေါင်းများစွာ လှူဒါန်းခဲ့သော ရွှေပန်းတိမ်ဆရာကြီး ဦးဘရှင်+ဒေါ်သိန်းသိန်း တို့နေရာတွင် အက်စ်ကေအုတ်လုပ်ငန်းပိုင်ရှင် ဦးကျော်ဌေး (အသင်းကြီး၏ တွဲဘက်အတွင်းရေးမှူး)+ဒေါ်ခင်ဝင်းကြည် မိသားစုတို့က ဒုတိယရက်အတွက် ဆက်လက်တာဝန်ယူ လှူဒါန်းကြသည်။

### အောင်ပွဲနေ့ ဆွမ်းအလှူရှင်များ

နယုန်လ စာမေးပွဲအောင်မြင်ကြသော ရဟန်းတော်များအား အောင်ပွဲသဘင်ကျင်းပသည့်၊ ဝါဆိုလဆန်း (၈) ရက်နေ့၌ အသင်းမှ ကိုးကွယ်သော မူလစာချဆရာတော်များ၊ သီးခြားစာချဆရာတော် (၇၀) ကျော်နှင့် စာသင်တန်းနှင့် စာချတန်းအောင်မြင်ကြသည့် ရဟန်းတော်များ၊ သင်းမလူကြီးများ အပါအဝင် ရဟန်းရှင်လူ (၁၅၀) ကျော်တို့အား နှစ်စဉ်နှစ်တိုင်း ဆင်တဲတားရပ် ဦးရှင်+ဒေါ်နု မိသားစုတို့က ဆွမ်းကွမ်းများ လှူဒါန်းဆက်ကပ်ကြသည်။

### ပြာသိုလ သာမဏေစာမေးပွဲ ဆွမ်းအလှူရှင်များ

နှစ်စဉ် ပြာသိုလ၌ (၃) ရက်တိုင်တိုင် သာသနာလက်ာရ သာမဏေစာမေးပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်ဖြေဆိုကြသော သာမဏေ (၁၀၀၀) ခန့်နှင့် ပုစ္ဆာထုတ်ဆရာတော်များ၊ စာမေးပွဲစောင့်ကြပ်ကြမည့် ဝေယျာဝစ္စ သင်းမလူကြီးများအပါအဝင် ရဟန်းရှင်လူ (၁၂၀၀) ကျော်တို့အား ယခုအချိန်၌ တစ်ရက်တာအတွက် ဆွမ်းကပ်လှူစရိတ် တစ်သိန်းနီးပါးကုန်ကျသော်လည်း ဟင်းလျာကောင်းများနှင့် အချိုပွဲများ စုံလင်စွာ ဆက်ကပ်လှူဒါန်းလျက်ရှိကြသည်မှာ အံ့သြဖွယ် အားကျဖွယ်ပင် ဖြစ်ပါသည်။

ယင်းသာမဏေစာမေးပွဲအတွက် ဆွမ်းအလှူရှင်များမှာ-

၁။ ရှမ်းပွဲရပ်၊ ဦးစံဝင်း+ဒေါ်သန်းသန်းထိုက် မိသားစု။

၂။ ပဲလှော်ချောင်ရပ်၊ ဆေးပွဲစားကြီး ဦးကွန်းစိန်+ဒေါ်သက်ရှည် မိသားစု။

၃။ ဒေးဝန်းရပ် ပွဲစားကြီး ဦးလှဘူး+ဒေါ်စိမ်းရီ မိသားစုတို့က ၁၉၅၇-ခုနှစ်အထိ လှူဒါန်းခဲ့၍ ၁၉၅၈-ခုနှစ်မှစပြီး ဘိနပ်ကုန်သည် ဦးရှမ်း (သင်းမလှူကြီး)+ဒေါ်ခင်သန်း မိသားစု၊ ၈၂ လမ်း၊ ၃၅×၃၆ လမ်းကြားတို့က ဆက်လက်လှူဒါန်းခဲ့ကြသည်။

ပြာသိုလစာမေးပွဲတွင် အောင်မြင်ကြသော သာမဏေ (၂၀၀) ကျော်နှင့် ပင့်သံဃာတော်များ၊ သင်းမလှူကြီးများအပါအဝင် ရဟန်းရှင်လူ (၃၀၀) ကျော်တို့အား နှစ်စဉ်နှစ်တိုင်း သာမဏေစာမေးပွဲ၊ အောင်ပွဲသဘင်၌ ဦးသောင်းညာဏ်+ဒေါ်ခင်လှ မိသားစုတို့က ဆွမ်းကွမ်း အချိုပွဲ အချဉ်ပွဲ ပြည့်စုံစွာ ဆက်ကပ်လှူဒါန်းကြသည်။

**တပေါင်းလ နိကာယ်စာမေးပွဲ ဆွမ်းအလှူရှင်များ**

တပေါင်းလ၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ကျင်းပရာတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖြေဆိုကြသည့် ရဟန်း သာမဏေ (၁၀၀) ကျော်နှင့် ပုဒ္ဓကဆရာတော်များ၊ သင်းမလှူကြီးများအပါအဝင် ရဟန်းရှင်လူ (၁၅၀) ကျော်တို့အား ပထမရက်၌ ရန်ကုန်မြို့ လှူပျံတော်ပတ္တမြားဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်+ဒေါ်ငြိမ်း မိသားစုတို့ကလည်းကောင်း၊ ဒုတိယရက်၌ မန္တလေးမြို့ စက်သူဌေး ဦးသာဌေး+ဒေါ်သန်းသန်း မိသားစု တို့ကလည်းကောင်း ဆွမ်း ခဲဘွယ် ဘောဇဉ် တို့ဖြင့် နှစ်စဉ် ဆက်ကပ် လှူဒါန်းကြသည်။

နိကာယ်စာမေးပွဲ အောင်ပွဲသဘင် ကျင်းပသည့် တပေါင်းလပြည့်ကျော် (၅) ရက်နေ့၌လည်း စက်သူဌေး ဦးသာဌေး+ဒေါ်သန်းသန်း မိသားစုတို့ကပင် ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များနှင့် ဧည့်ပရိတ်သတ် (၁၀၀) ကျော်တို့အား ဆွမ်း ခဲဘွယ် ဘောဇဉ် တို့ကို ဆက်ကပ် လှူဒါန်းကြသည်။

**စာမေးပွဲသုံးရပ်လုံး ဆွမ်း ခဲဘွယ် အလှူရှင်များ**

ဤအသင်းကြီးမှ တနှစ်လျှင် စာမေးပွဲ (၃) ကြိမ် ကျင်းပရာ၌ နယုန်လစာမေးပွဲအတွက် (၅) ရက်၊ ပြာသိုလစာမေးပွဲအတွက် (၃) ရက်၊ တပေါင်းလစာမေးပွဲအတွက် (၂) ရက် ပေါင်း (၁၀) ရက်တိုင်အောင် ပုစ္ဆာထုတ်ဆရာတော်များနှင့် ကာရကလှူကြီးတို့အား အာရုံဆွမ်းအနေနှင့် ကောင်းမွန်ဖွယ်ရာသော ဟင်းလျာတို့ဖြင့် ချိုချဉ်ပွဲ အပါအဝင် ဆက်ကပ်လှူဒါန်းကြသည့် အလှူရှင်မှာ ဤအသင်းကြီး၏ ယခင်ဥက္ကဋ္ဌနှင့် ယခုနာယကကြီးဖြစ်သော ကျောက်ဆစ်တန်းရပ်၊ စိန် ရွှေ ရတနာကုန်သည် ဦးချစ်မောင်+ဒေါ်အမ မိသားစုတို့ ဖြစ်ပါသည်။

ထို့အပြင် စာမေးပွဲသုံးရပ်အတွက် စာဖြေလွှာများကို စစ်ဆေးသည့် နေ့ရက်များ၌ အာရုံဆွမ်းအနေဖြင့် ကျောက်သွေးတန်းရပ်၊ ရတနာကုန်သည် ဦးဝင်းမောင်+ဒေါ်သန်းရင် မိသားစုတို့က ဆက်ကပ်လှူဒါန်းကြသည်။

ယင်းသို့ အဖြေလွှာများကို စစ်ဆေးသည့် နေ့တိုင်း၌ နေ့ဆွမ်းအနေဖြင့် ဆိုင်းတန်းရပ်နေ သိန်းသန်းဆန်စက်ပိုင်ရှင် ဦးဘသန်း+ဒေါ်ခင်သိန်း မိသားစုတို့က ရံခါ ကြက်ဥခေါက်ဆွဲဖြင့်လည်းကောင်း၊ ရံခါ ဆွမ်း ဟင်းလျာစုံလင်စွာဖြင့်လည်းကောင်း ဆက်ကပ်လှူဒါန်းလျက် ရှိကြသည်။

**အချိုပွဲ ဒါယကာ**

ထို့အပြင် စာမေးပွဲသုံးရပ် အောင်ပွဲသဘင် ကျင်းပသည့် နေ့တို့၌ ဝါးတန်းရပ် ပွဲစားကြီး ဦးထီ+ဒေါ်အမတို့၏ သား သမီးများဖြစ်ကြသော ဦးသန်းထိုက်+ဒေါ်ကျင်စု မိသားစုတို့က သံဃာတော်များနှင့် သင်းမလှူကြီးများအား လဘက်ရည် မုန့် ခဲဘွယ်တို့ဖြင့် နှစ်စဉ်မပြတ် ဆက်ကပ်လှူဒါန်းလျက် ရှိကြပါသည်။

**ဆွမ်းလှူရခြင်း၏ အကျိုး (၅) ပါး**

ဤ ဆောင်းပါးကို ရေးသားသူ လူလားမြောက်သည့် အချိန်မှစ၍ အိမ်နီးနားချင်းများ၊ အပေါင်းအသင်း ရောင်းရင်းများ၏ ဆွမ်းကျွေးပွဲများသို့ မကြာမကြာ သွားရောက်ခဲ့ဘူးရာတွင်လည်းကောင်း၊ ဆောင်းပါးရှင် မိသားစုအိမ်တွင် ကာလအားလျော်စွာ အခါအားလျော်စွာ ဆွမ်းကပ်လှူဒါန်းသည့် အခါများတွင် ဆွမ်းအနုမောဒနာပြုကြသည့် ဆရာတော် သံဃာတော်တို့၏ ဟောကြားချက်များအရ ဆွမ်းကပ်လှူရခြင်း၏ အကျိုးသည် -

(၁) အသက်ကိုရှည်စေခြင်း။
(၂) ရုပ်အဆင်းကို လှပစေခြင်း။
(၃) ကိုယ် စိတ်နှစ်ဖြာ ချမ်းသာစေခြင်း။
(၄) ကာယစွမ်းအား ဉာဏစွမ်းအား နှင့် ပြည့်စုံစေခြင်း။
(၅) ထက်မြက်သော ပဋိဘာန်ဉာဏ်နှင့် ပြည့်စုံစေခြင်း။

ဟူသော အကျိုး (၅) ပါးကို ဆွမ်းဘုန်းပေးသော ဆရာတော် သံဃာတော်များအား ပြည့်စုံနိုင်သကဲ့သို့ ဆွမ်းအလှူရှင်တို့အားလည်း ယင်းအကျိုး (၅) ပါးကို ရရှိစေနိုင်ကြောင်း ကြားနာမှတ်သားရဘူးသည့်အတွက် ပရိယတ္တိ ဆွမ်းအလှူရှင်တို့၏ စေတနာသဒ္ဓါတရား ကြီးမားပုံနှင့် မိဘ တို့မှ သား သမီး မြေး မြစ်တို့အထိ ရာသက်ပန် တာဝန်ယူ လှူဒါန်းခဲ့ကြပုံကို အာရုံပြုလျက် ဝမ်းမြောက် ဝမ်းသာ ပီတိ ဖြစ်ရပါသည်။

## ကောင်းမှု မွေခံ အားကျရန်

သား သမီးတို့သည် မိဘတို့၏ ပစ္စည်း အမွေအနှစ်များကို သာ ခံယူကြသူ များသည်။ ကုသိုလ်ကောင်းမှု အမွေကိုမူ ခံယူလိုသူနည်းသည်။

သို့ရာတွင် ဤ အသင်းကြီး၏ ဆွမ်းဒါယကာမျိုးဆက်များ ဖြစ်ကြသော သား သမီး မြေး မြစ်တို့မှာမူ ဘိုးဘွား မိဘတို့၏ နှစ်စဉ် ကျွေးမွေးဆက်ကပ် လှူဒါန်းမြဲဖြစ်သော ဆွမ်းအလှူဒါနကို ဆက်လက် အမွေခံခဲ့ကြသည်မှာ ဝမ်းမြောက်စရာပင် ဖြစ်သည်။

ယင်းကဲ့သို့ သား သမီးများက ဆွမ်းဒါန အနုမောဒနာကို ဆက်လက်ခံယူ လှူဒါန်းကြသဖြင့် စာမေးပွဲ ကျင်းပသည့်ရက်များ အတွက် ဆွမ်းဒါယကာအသစ်များကို ရှာဖွေရန် မလိုဘဲ ဆွမ်းဆက်ကပ်ရမည့်နေ့ကိုသာ အမွေဆက်ခံသူတို့အား အကြောင်းကြားရုံသာ ကြားရ၍ အသင်းလူကြီးတို့မှာ ဆွမ်းအတွက် ဆောင်ရွက်ရန် တာဝန်ကြီးတစ်ရပ် သက်သာ သွားပေသည်။

ထို့ကြောင့် ဤ အသင်းကြီး၏ ဆွမ်းဒါယကာ အမွေဆက်ခံသူတို့သည် တစ်နှစ်ထက်တစ်နှစ် စာဖြေသံဃာတော်များ၊ များပြားလာသည့်အပြင် ဝယ်ယူချက်ပြုတ်ရမည့် ကုန်ဈေးနှုန်းများလည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာစေကာမူ ရှေးကကဲ့သို့ပင် ကောင်းမွန်စုံလင်စွာ ချက်ပြုတ်လှူဒါန်းကြသည်မှာ အားကျဖွယ် အတုယူဘွယ် ကောင်းလှပါပေသည်။

မောင်ဥက္ကာ

မိုးနံ့ဆေးတိုက်





F. 52

ပရိယတ္တိသာသနဟိတအသင်းကြီး
နှစ်-၁၀၀-ပြည့် ပူဇော်ပွဲတော်ဘွဲ့

ရတုပိုဒ်စုံ

ရဝေထွန်း

# ပရိယတ္တိသာသနဟိတဒသင်းကြီး
# နှစ် (၁၀၀) ပြည့် ပူဇော်ပွဲတော်ဘွဲ့ ရတုပိုဒ်စုံ

## ရဝေထွန်း

၁။ အသိဓာတ်ရှင်။ ။ မြတ်သခင်တည့်၊ သုံးခွင်လောက၊ ဣ
သရဖြစ်၊ ဒိတ္တျမှန်ကူ၊ သယမ္ဘူလျှင်၊ စံ
တူမရှိ၊ မြိုက်စံညို့၍၊ ထားဘိသာသနာ၊
သုံးရပ်မှာကား၊ ဓမ္မခေါ်လတ်၊ ပရိယတ်
လျှင်၊ အမြတ်သာသနာ၊ တည်တံ့ရာ
တည့်၊ မြန်မာပြည်ပြု၊ ပြည်ထောင်စုဟု၊
ယခုစည်ပင်၊ နိုင်ငံခွင်၌၊ မြတ်ရှင်သား
ကျော်၊ သံဃာတော်တို့၊ ကျော်သုံးသိန်း
မျှ၊ ဂဏန်းရလျှက်၊ ဓမ္မကောင်းမြတ်၊ ပရိ
ယတ်ကို၊ မပြတ်သုံးဆောင်၊ နိုင်ငံဘောင်
၌၊ ရွှေရောင်ဝင်းမျှ၊ တည်ရှိကြ၏၊ ထိုမျှ
များစွာ၊ မြတ်သံဃာတို့၊ ရွှေစာသင်ရေး၊
တွန်းအားပေးသို့၊ နက်လေးစီမံ၊ စာပွဲကြံ
လျက်၊ ဧတ္တံ-ဒွေ-ဆ၊ သုဥ-ကာလဝယ်၊
သံဃရာဇာ၊ ဦးဆောင်ကာလျှင်၊ အဌာရ
သ၊ မြတ်ထေရတို့၊ ဩဝါဒခံကာ၊ ဒါယ
ကာတို့၊ သာသနာရှည်ရေး၊ စုစည်းဝေး
၍၊ မည်ပေး "ပရိယတ္တိ၊ သာသနဟိတ"၊
နာမ-ဘွဲ့ပေါင်း၊ တည်ခဲ့ရှောင်းသည်။
ဖြစ်ဟောင်းသာသည့် နယ်တကား။

• ၂။ ပရိယတ်လျှင် ။ ။ တည့်မတ်မြင်ဘို့၊ မည်တွင် "ပရိယတ္တိ
သာသန၊ ဟိတ"မည်ခေါ်၊ အသင်းတော်
ကား၊ မြန်ပေါ်ထင်ရှား၊ လ, နေ လားသို့၊
ပွဲစားကြီး ဦးထွန်း၊ စသည်ညွှန်းသား၊
ဦးစွန်းပမာ၊ ဒါယကာတို့၊ သာသနာ
တွက်၊ ဦးဆောင်လျက်တည့်၊ မြတ်စက်
သာသနာ၊ အရှည်သာဘို့၊ ပွဲစာမေးလျှင်၊
သုံးရပ်ထွင်၍၊ စာသင်-စာချ၊ သီးခြားပြ
လျက်၊ သာသနာလက်ာရပေ၊ သာမ
ဏေတည့်၊ ရေးဖြေအာဂုံ၊ မေးလျှောက်
စုံ၍၊ သုံးပုံပိဋက၊ နိကာယပွဲ၊ ပြုဆင်နွှဲ
ခဲ့၊ ထူးကဲဇာနည်၊ ဆရာထေရ်တို့၊ ရွှင်
ကြည်ပျော်ပျော်၊ ပေါ်ထွက်သော်တည့်၊
ရဟန်းတော်များ၊ ရေတွက်ငြားက၊ သီး
ခြားစာသင်၊ စာချရှင်တို့၊ ရာလျှင်ရှစ်
မြောက်၊ ခြောက်ဆယ့်ခြောက်မျှ၊ ပေါ်
ပေါက်ခဲ့သည်၊ အာဇာနည်ဝယ်၊ ဘွဲ့မည်
သာသနဟိတ၊ အဘိဝံသ၊ ဓမ္မာစရိယ၊
ဝံ့သကာ၊ ကိုးပါးပါခဲ့၊ ခုခါအဂ္ဂ၊ မဟာ
ပဏ္ဍိတနှင့်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘွဲ့ခံ
ပြု၍၊ များထုဂုဏ်ပေါင်း၊ ထေရ်ရှင်
ကောင်းသည်။
သစ်လောင်းဇာနည်နွယ်တကား။

၃။ ပဋိပတ်တွင် ။ ။ တက်လမ်းထွင်သား၊ များဖြင်ထေရ၊ သာ
သနဟိတ ဓမ္မာစရိယ၊ သီးခြားမူလ၊ ပုဒ္ဓ
ကနှင့်၊ ဩဝါဒါစရိ၊ အစရှိသား၊ အဘိ
ဓဇ အဂ္ဂမဟာ၊ ဇောတိကာနှင့်၊ မဟာ
ကျော်ထင်၊ ဂုဏ်ထူးရှင်ဟု၊ ပေါ်လွင်ထေ
ရ၊ အဝဝအား၊ ပုဂ္ဂဝိသေ၊ သင်းမဟေ၏၊
များထွေသက်စစ်၊ ရာပြည့်နှစ်ဝယ်၊ စု
လစ်ပေါင်းကာ၊ ပင့်ဖိတ်ပါ၍၊ ပစ္စယာ
နုဂ္ဂဟ၊ ဒါတဗ္ဗဖြင့်၊ ဒါနမင်္ဂလာ၊ ရာပြည့်
ခါ၌၊ သုံးရာကျော်မျှ၊ များထေရအား၊
ဆန္ဒညီစွာ၊ လှူဒါန်းခါဖြင့်၊ ဤရာပြည့်မှ၊
နောက်ကာလလည်း၊ ဓမ္မ-အနုဂ်၊ ဂဟ
ထုပ်ကို၊ အလုပ်ဆက်ကာ၊ ပြုမည့်တာ
ကြောင့်၊ ဒေဝါမနုဿ၊ ဝေနေယျနှင့်၊
သဗ္ဗေသတ္တာ၊ ပေါင်းများစွာအား၊ ဤဒါန
စု၊ မြတ်ကောင်းမှုကို၊ သာဓုခေါ်စေ၊ ပေး
မျှဝေ၏၊ ကြားလေသမျှ၊ နုမော်ပြုလျက်၊
မြွက်ဟသောင်းသောင်း၊ နှုတ်သံလောင်း
သည်။ ။ နှစ်ပေါင်းရာပြည့်ဝယ်တကား။

ရဝေထွန်း
ဂုဏ်ပြုရေးသားသည်။

# မန္တလေးမြို့
# သကျသီဟ ခေါ် ပရိယတ္တိသာသနဟိတအသင်းတော်ကြီး၏
# သာသနာပြုသက်တမ်းနှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်မြတ်၌
# အသင်းတော်ကြီး၏ ကောင်းမြတ်ဝေဆာ ဂုဏ်အဖြာဖြာကို
# ကြည်သာယောက်ရှ ဥဒါန်းပြုသည့် ထုတိဩဘာ
# မင်္ဂလာ ပိုဒ်စုံရတု

ဤရတုကို အသင်းတော်ကြီး၏ သာသနာပြုသက်တမ်းနှစ်တစ်ရာပြည့်ကို ဂုဏ်ပြု၍ အချိုညီ အချည်ညီ ပဒ(၁၀၀)စီ ဖွဲ့သီ ဂုဏ်ပြုပါသည်။

ဤရတုကို သကျသီဟဓမ္မစရိယ-သာသနဓဇသီရိပဝရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ-အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တံဆိပ်တော်များရ၊ မန္တလေးတိုင်း၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလသာမိဘိဝံသ မဟာထေရ်မြတ် ရေးစပ်ဂုဏ်ပြုပါသည်။

ဤရတု၌ အခန်း(၁၈)ခန်း ခွဲခြားထားပါသည်။ ထိုအခန်းတို့ကို (က)၊ (ခ) စသည်ဖြင့် သင်္ကေတပြုထားပါသည်။ ထို့ကြောင့်-

(က) အောင်ဆုပန်ထွာ၊ (ခ) သင်္ဂါယနာငါးတန်၊ (ဂ) တစ်ဖန်ကျွန်ဘဝ၊ (ဃ) စ၍ဖွဲ့စည်း၊ (င) အသင်းကြီး၏ဩဝါဒ၊ (စ) ဥက္ကဋ္ဌအမှုဆောင်၊ (ဆ) များမြောင်ရည်ရွယ်၊ (ဇ) ၁၂၆၅-ဝယ်ကျင်းပ၊ (ဈ) အစအောင်မြင်ထေရ်အရှင်ငါးဝ၊ (ည) မှတ်ကြတစ်ခန်းစာချတန်း၊ (ဋ) ထူးဆန်းအောင်မြင်ထေရ်အရှင်၊ (ဌ) ခေါ်တွင် သကျသီဟ အမည်ရ၊ (ဍ) ဝေါဟာရခေါ်ပြု ရွှေရတု၊ (ဎ) လက်ာရဘွဲ့-တည်ထွင်ခဲ့၏၊ (ဏ) ပရိယတ္တိဗိမာန်စီရင်ပြန်၏၊ (တ) တစ်ဖန် နိကာယ်ရွေးချယ်ကျင်းပ၊ (ထ) ကိုး၀-ဝဋ္ဋသကာပေါ်ထွန်းပါ၏၊ (ဒ) မော်ကွန်းကျောက်စာ နှစ်တစ်ရာ ဟူသော (၁၈) ခန်းဖြင့် နဝင်းကိုက် ဖွဲ့စီ ဂုဏ်ပြုလိုက်ပါသည်။

ဤရတု၌ လေးလုံးထက်ပိုသော စာပိုဒ်များကို "ဝဏ္ဏာပိတုရိတ ပဋိတာ ဒွေတိဏ်ိ ဇတ္တံဇာနေယ"• လျှင်မြန်စွာ ရွတ်ဆိုရသော (လဟု) အက္ခရာဖြစ်လျှင် အက္ခရာပိုလွန်သော်လည်း အပြစ်မရှိ၊ နှစ်လုံးဖြစ်စေ၊ သုံးလုံးဖြစ်စေ၊ တစ်လုံးတည်းကဲ့သို့ ရွတ်ဆိုရာ၏ ဟူသော ပိင်္ဂလဆရာတော်အဆိုအတိုင်း ပညာရှင်များ သည်းခံခွင့်လွှတ်နားလည်နိုင်ကြပါစေသတည်း။ ။

၁။ (က)
သကျသီဟာ
သင်းမည်သာ၏
တစ်ရာပြည့်လစ်
ကောဇာနှစ်ဝယ်
ရှန်းသစ်တေဇာ
အောင်ဩဘာဖြင့်
အောင်ချာနိဗ္ဗူ
အောင်ဆုယူ၍

၂။ (ခ)
သယမ္ဘူထွင်ရှင်ထား
စောဘုရား၏
ဟောထားပိဋကတ်
သုံးသွယ်မှတ်၍
ငါးရပ်နိကာယ်
ကိုးသွယ်အင်္ဂါ
ဓမ္မက္ခန္ဓာပေါင်း
ရှစ်သောင်းလေးထောင်
များကုန်အောင်ကို
ငါးထောင်သာသနာ
တည်စိမ့်ငှာဟု
မဟာကဿပ
စရှိသီးသီး
မထေရ်ကြီးတို့
စုစည်းညီညာ
သင်္ဂါယနာကို
ငါးခါတိုင်တိုင်
နိုင်နိုင်မတ်မတ်
တင်ပြီးလတ်သော်

၃။ (ဂ)
မြန်မာခေါ်ထ
ရွှေပြည်မဌ
မှတ်ကြဝေါဟာ
ကောဇာသက္ကရာဇ်
တွက်ရေစစ်သော်
တစ်ထောင့်နှစ်ရာ
လေးဆယ်သာ၍
စွန်းလာခုနှစ်
ရောက်သည့်နှစ်ဝယ်
ကြယ်ကြတ္တိကာ
စန်းယှဉ်မာသ
တန်ဆောင်လ၏
ကျော်ထရှစ်ရက်
ထိုနေ့ရက်တွင်
မြန်ပြည်ရှင်မှတ်
သီပေါ-လတ် တို့
နန်းရပ်မှကွာ
ချိန်အခါဝယ်
စိုးလာဗြိတိသျှ
ကျွန်ဖြစ်ရ၍

၄။ (ဃ)
ဝသတွက်စစ်
ဆယ့်သုံးနှစ်တွင်
ထွန်းသစ်ကောဇာ
ထောင့်နှစ်ရာဝယ်
ခြောက်ဆယ်ပြည့်လစ်
ထိုသည့်နှစ်မှာ
မာလာပုန်းညက်
နှစ်သက်ပွင့်ဖူး
ဝါဆိုဦး၏
ကြည်နူးဖွယ်ရာ
မင်္ဂလာပြည့်နှက်
လပြည့်ရက်တွင်
ထက်လှစေတနာ
သဒ္ဓါဖြူစင်
ပညာယှဉ်၍
မည်တွင်မန္တလေး
မြို့ပဂေး၌
အရေးသာသနာ
ဘာသာလူမှု
ကောင်းအောင်ပြုမည်
ကြံစည်မှန်းဆ
"ပရိယတ္တိသာသနဟိက"
နာမမည်ဟီး
အသင်းကြီးကို
ဖွဲ့စည်းတည်ထောင်

၅။ (င)
ထိပ်ခေါင်ဆရာ
သာသနာပိုင်
စွမ်းနိုင်ကျော်ကြား
မြတ်မိုးထားနှင့်
ထင်ရှားလှစွာ
ရာဇဂုရု
သွန်းပြုခပ်နိုပ်
ဘွဲ့တံဆိပ်တော်ရ
နာယကဂုဏ်အင်
စုံလင်ပြည့်ငြား
ဆယ့်ရှစ်ပါးကို
ထူးခြားစွာလှ
ဩဝါဒဟု
တင်ကြပြီးသော်

၆။ (စ)
မန်းမြို့တော်၏
ခေါ်ဝေါ်ပညတ်
ဆိုင်းတန်းရပ်၌
ကောင်းမြတ်အာဇီ
လာဝသီနှင့်
စာဂီဓလေ့
လွန်ပျော်မွေ့၍
မမေ့ဘာဝနာ
ပွားများပါသော
မည်သာခေါ်ညွှန်း
ပွဲစားထွန်းကို
တင့်ရှန်းထယ်ဝါ
ဥက္ကဋ္ဌာဟု
ညီညာမြှောက်ကြ မော်ကွန်းတည်း။ ၊
တက်ကြွညီညာ
ဥက္ကဋ္ဌာဟု

လျှင်စွာမြှောက်ပြီး
သီးသီးတာဝန်
အားသွန်ကြိုးပမ်း
ထမ်းရွက်ကြမည်
စိတ်ကြွစည်၍
တူညီသီလ
စာဂပညာ
သဒ္ဓါတစ်မျိုး
မော်ကွန်းထိုး၍
လေးမျိုးညီညာ
ကျင့်ဆောင်ပါသော
ဒါယကာထူး
ဆယ့်နှစ်ဦးကို
ရှင်မြူးအံ့လောက်
မှုဆောင်မြှောက်၍
ထို့နောက်တသီး
အဖွဲ့ကြီး၏
ခိုင်ဖြိုးဝေဆာ
တည်စိမ့်ငှာဟု
သေချာရည်စူး
ငါးဆယ့်ခုနှစ်ဦးကို
အထူးမှတ်လစ်
ဖွဲ့ဝင်ဖြစ်အောင်
စွမ်းဆောင်ကြိုးပမ်း
ဝမ်းပန်းတသာ
ဖွဲ့စည်းပါ၏။

၇။ (ဆ)

သာသနာထွန်းမှု
အလေးပြုလျက်
ဂရုကတိ
ဥဿောင်ငွေဖြင့်
ပရိယတ္တိသာသန
ဟိတမည်သာ
သင်းမဟာကို
မိစ္ဆာဝါဒ
ကင်းစင်ပဖို့
ကျနသေချာ
တည်ထောင်ပါ၍

၈။ (ဇ)

ကောဇာသက္ကရာဇ်
ရေတွက်စစ်သော်
တစ်ထောင့်နှစ်ရာ
ခြောက်ဆယ်သာ၍
စွန်းလာငါးခု
နွေရတု၏
ဖြူနုစင်ကြယ်
ပန်းစမ္ပာယ်ရုံ
ဖူးငုံပွင့်ကြ
နယုန်လ၌
ဝိနယ-သဒ္ဒါ
ဂါထာ-သင်္ဂဟ
ယမက-မာ-ဓာ
စုံစွာ ပြဌာန်း
စာသင်တန်းကို
ရှင်လန်းပထမ
ကျင်းပကြသော်။

၉။ (ဈ)

တော်လှစွာဘိ
ပညိန္ဒြေနှင့်
ဣန္ဒြိယတစ်ဖြာ
သူရိယာဟု
သညာသဒ္ဒမှ
ဣန္ဒဝံသ-တို့
သကျနွယ်ဖွား
ငါးပါးဘိက္ခု
အောင်ဆုယူကြ။

၁၀။ (ည)

ထိုမှတခန်း
စာချတန်းကို
တက်လှမ်းကျင်းပ
သံဝစ္ဆရမှာ
ထောင့်နှစ်ရာကျော်
ခြောက်ဆယ်ပေါ်၍
စွန်းသော်ခုနှစ်
သက္ကရာဇ်တည်း။

၁၁။ (ဋ)

မှက်လစ်တဖြာ
မြတ်ဗုဒ္ဓါ၏
သုံးဖြာပိဋကတ်
ကျမ်းရင်းမြတ်၏
သတ်မှတ်ဌကထာ
ဖွင့်သုံးဖြာကို
ညီညာပြဌာန်း
စာချတန်း၌
ရှင်လန်းကြည်သာ
မေးဖြေရာတွင်
စစ္စာနှစ်များ
မအောင်ငြားပဲ
မလဲအားမာန်
ဖြေဆိုပြန်၍
တတိယမြောက်
နှစ်သို့ရောက်သော်
ထွန်းတောက်ပေါ်လာ
ဇောတိကာဟု
မည်သာရဟန်း
အောင်ပန်းဆွတ်ချူ
အောင်တော်မူ၍
အောင်သူမြင့်မြတ်
အမျိုးဇာတ်ဟု
သတ်မှတ်ခေါ်ကြ
"ဘိဝံသ" မှာ
ထူးမြတ်စွာသည်
ညီညာထောက်ဆ ဖော်ညွှန်းတည်း။

၁၂။ (ဌ)

သက်မှုရှည်ကြာ
သာသနာ၏
နောင်ခါအရေး
မျှော်ထောက်တွေး၍

စာမေးကျင်းပ
ရပ်ဌာနမှာ
သကျသီဟ
မြတ်ဗုဒ္ဓ၏
မကိုဋ်တန်ဆောင်း
နေရာကောင်း၌
စုပေါင်းညီညာ
ကျင်းပပါ၍
"သကျသီဟ"
ခေါ်တွင်ကြ၏။

၁၃။ (ခ)
ထိုမှတဖြာ
ထောင့်သုံးရာနှင့်
စွန်းလာတစ်ဆယ်
ပြည့်ကြွယ်ကောဇာ
သက္ကရာဇ်၌
ဝေါဟာခေါ်ပြု
ရွှေရတုနှစ်
ရောက်လစ်ချိန်ခါ
မင်္ဂလာတွင်
ကြီးစွာသဘင်
ပွဲကြီးယင်၍
နှစ်စဉ်လျှဒါန်း
စိတ်ရွှင်လန်းခဲ့။

၁၄။ (ပ)
တစ်ခန်းထိုမှ
"လင်္ကာရ" ဘွဲ့၊
တိုးချဲ့ကပ်ရန်
ကောင်းစွာကြံ၍၊
ဉာဏ်ရည်ထူးချွန်
သာမဏေမွန်တို့
လွန်စွာကြိုးပမ်း
စာမေးခမ်းကို
ရွှင်လန်းအားရ
ဖြေဆိုကြဘို့
ကျင်းပသည်မှာ
ထောင့်သုံးရာပေါ်
ဆယ့်တစ်ကျော်သည့်
လနော်ပြာသို
နှင်းရည်စို၍
ခွာညိုပွင့်ကြ
ချိန်ကာလတည်း။

၁၅။ (ဏ)
ထိုမှတစ်ဖြာ
တစ်နှစ်ကြာသော်
နိုင်ငံတော်မှ
အားရရွှင်လန်း
မြေလှူဒါန်း၍
ခမ်းနားကြီးကျယ်
ဗိမာန်တည် (တယ်) သော်
အဟော်အစ္ဆရိ
အံ့ဖွယ်ပြည့်၍
နတ်၏ဗိမာန်
ဝေဇယန်နှင့်
သဏ္ဍာန်တူအောင်
တည်ထောင်ဖွင့်လှစ်
သက္ကရာဇ်မှာ
ထောင့်သုံးရာပေါ်
နှစ်ဆယ်ကျော်တည့်

၁၆။ (တ)
ထိုရော်ကာလ
သမယမှ
တွက်ဆပြန်လစ်
သက္ကရာဇ်၏
တစ်ထောင့်သုံးရာ
သုံးဆယ်သာ၍
စွန်းလာတစ်ခု
ဥတုမိန်ပြောင်း
တပေါင်းမာသ
ချိန်ကာလဝယ်
နိကာယ်ငါးရပ်
ပိဋကတ်သုံးပုံ
အလုံးစုံကို
အာဂုံ ရေး-ဖြေ
နှစ်ထွေဉာဏ်စမ်း
စာမေးခမ်းကို
ရွှင်လန်းတက်ကြွ
ကျင်းပကြ၏။

၁၇။ (ထ)
မှတ်ကြမှန်စွာ
နှစ်တစ်ရာတွင်
အရှင်ဝိစိတ္တ
စရိကိုးပါး
ဘုရားသားတော်
ပုဂ္ဂိုလ်ကျော်များ
ထူးခြားလှစွာ
"ဝင်္ဂသကာ" ဘွဲ့၊
ဆွတ်ချူခဲ့၏။

၁၈။ (ဒ)
တုမဲ့လွတ်ကင်း
ထိုအသင်း၏
ကောင်းခြင်းစုံစွာ
ကြောင်းအရာကို
မြန်မာ ပါဠိ
အင်္ဂလိပ် သက္ကဋ
လေးဝဘာသာ
သီလကွရာဖြင့်
ကောင်းစွာစီစဉ်
မှတ်တမ်းတင်၍
သဘင်မဟာ
နှစ်တစ်ရာကို
ညီညာရောက်ကြ ဖေါ်ညွှန်းတည်း။ ၊

ဘဒ္ဒန္တသုဗင်္ဂလသာမိဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ကိုးဆောင်တိုက်၊ မြင်းခြံမြို့၊

# ဘဝကိုတန်ဘိုးရှိစွာ အသုံးချ၍နေသူများ

ရေပွက်ပမာ ခဏတာအဖြစ်သတ်မှတ်ရမည့် လူ့ဘဝသည် လွန်စွာမှ ရတောင့်ရခဲဖြစ်ပါသည်။ ရတောင့်ရခဲဖြစ်သော လူ့ဘဝကို ရရှိပိုင်ဆိုင်၍နေရခြင်းသည်လည်း ရရှိထားသော လူသားတို့အတွက် လွန်စွာမှ တန်ဘိုးရှိသော ဆုလာဘ်ကြီးပင် ဖြစ်ပါသည်။

နတ်သားတစ်ယောက်စုတေခါနီးဝယ် ကျန်သောနတ်သားများက ဝိုင်းဝန်း၍ "ဣတော သုဂတိံ ဂစ္ဆ" "အမောင်နတ်သား ဤနတ်ပြည်မှ စုတေလျှင် တန်ဘိုးရှိသော လူ့ဘဝသို့ သွားပါလေ" အမှာအထားပြုကြပါသည်။ သို့ဖြစ်၍ လူ့ဘဝသည် နတ်ဗြဟ္မာတို့ဘဝထက်ပင် အဆင့်မြင့် တန်ဘိုးရှိသည့် သုဂတိဘဝ ဖြစ်ပါချေသည်။ ဘုရားစင်စစ်ကေန်ဖြစ်နိုင်သည်မှာလည်း လူ့ဘဝပင် မုချမဟုတ်ပါလော?။

သို့ဖြစ်၍ ရတောင့်ရခဲ လူ့ဘဝသို့ရောက်ရှိနေခိုက် တန်ဘိုးရှိစွာ လူ့ဘဝကို မည်ကဲ့သို့ အသုံးချ၍ နေမည်နည်း။

လူ့ဘဝ၌ အချိန်ကို တန်ဘိုးရှိစွာ အသုံးချ၍ နေတတ်ဘို့ရာ လွန်စွာမှ အရေးကြီးပေသည်။ ပညာရှာရမည့်အချိန်၊ စီးပွားရှာရမည့်အချိန်၊ တရားဘာဝနာပွားများအားထုတ်ရမည့်အချိန်ဟု သုံးပိုင်းခွဲခြားထားလေ့ရှိသည်။ ထိုအချိန်သုံးမျိုးတို့တွင် တစ်ချိန်ချိန်ကိုမှ တန်ဘိုးရှိစွာ အသုံးမချဘူးဆိုလျှင် ဘဝဝယ် လူ့အဆင့်အတန်းမမှီဘဲ လူဖြစ်ရှုံး၍ နစ်မွန်းတတ်သည်။ ရတောင့်ရခဲ လူ့ဘဝအချီးနှီးအလဟဿဖြစ်ရတတ်သည်။

အရွယ်သုံးပါးတွင် တစ်ရွယ်ရွယ် တစ်ချိန်ချိန်မှ ကိုယ့်ဘဝကို သတိထား၍ မပြုပြင်လျှင် ထိုသူသည် မိမိကိုယ်ကို မိမိချစ်ရာမရောက်၊ နှစ်ရာသာရောက်ချေသည်။

အတ္တာနဉ္စေ ပိယံ ဇညာ
ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ
ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ဟု ဓမ္မပဒ၌ ရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ဟောကြားဆုံးမတော်မူသည် မဟုတ်ပါလော။

လောကမှာ မရှိတာထက် မသိတာခက်၊ မသိတာထက် သိပြီးမကျင့်နိုင်သည်က ပို၍ခက်ပါသည်။ တစ်ချို့တစ်ချို့သောသူတို့သည် ပစ္စည်းဥစ္စာကိုနေ့မအား ညမနား ရှာဖွေကြသည်။ ရှာဖွေရရှိထားသော စည်းစိမ်ဥစ္စာတို့ကို မြဲသည်ဟု မှတ်ထင်နေတတ်ကြသည်။ သေလျှင် မိမိနောက်ပါအောင် ယူမသွားတတ်ကြ။ ခက်ခဲပင်ပန်းစွာ ရှာဖွေထားသော စည်းစိမ်ဥစ္စာတို့ကို အသုံးမချတတ်၍ ဘဝကိုတန်ဘိုးရှိစွာ အသုံးမချတတ်၍ အခက်ပွေ့နေကြသူများ များစွာ မြင်တွေ့နေရပေသည်။

လောကလူသားတို့ အတုယူတတ်စေရန် ဘဝကို တန်ဘိုးရှိစွာ နေထိုင်သူများအကြောင်းကို စာရေးသူတင်ပြလိုပေသည်။

ထိုသူတို့ကား သာသနဒါယကာဟု အန္ဒတ္ထအမည်တင်၍ စံငင်လောက်သည့် အောင်ခေတ်သစ် ဦးအောင်သိန်းနှင့် ဒေါ်တင်တင်တို့ပင် ဖြစ်သည်။

ဦးအောင်သိန်းသည် သာမန်လူသားပင်ဖြစ်သည်။ အရှင်မွေး၍ နေ့ချင်းကြီးလာသူမဟုတ်။ ပုံနှိပ်တိုက်ပိုင်ရှင်အဖြစ်မအောင်မြင်ခင် သာမန်ရိုးရိုးစာစီအလုပ်သမားအဖြစ် ဘဝကို စတင်၍ ကြိုးစားအားထုတ်ခဲ့ရသည်။ ကြီးပွားရေးပုံနှိပ်တိုက်တွင်ဖြစ်သည်။ (၁၄) နှစ်သားအရွယ်မှ အသက် (၃၀)အထိ စာစီသမားအဖြစ် ရိုးသားစွာ ကြိုးစား၍ ပညာသင်သည်။ ပညာရှာ ပမာသူဖုန်းစားပမာ ဝီရိယထက်သန်စွာ ကြိုးစားအားထုတ်ခဲ့၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ခဲ့သည်။

အသက် (၃၀)အရွယ်မှစ၍ အောင်ခေတ်သစ်စာပုံနှိပ်တိုက်ကို တည်ထောင်ကာ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ခဲ့သည်။ ကြိုးစားအားထုတ်သူအတွက် ကံတရားသည် မျက်နှာသာပေး၍ အောင်မြင်စေမြဲဖြစ်သည်။ ကံဟူသည်အလုပ်ကိုပင် ဆိုသည်မဟုတ်လော?။

ရိုးသားတည်ကြည်စွာ ကြိုးစားအားထုတ်၍ အောင်မြင်သည်။ ကြီးပွားချမ်းသာလာသည်။ စာစီသမားလေးဘဝမှ အောင်ခေတ်သစ် ဦးအောင်သိန်း ဟု ဖြစ်လာသည်။

ကြီးပွားချမ်းသာလာသော ဦးအောင်သိန်းနှင့် ဒေါ်တင်တင်တို့သည် ဘဝကိုမမေ့။ စည်းစိမ်ဥစ္စာ၌ ယာဇ်မူးမနေ၊ မိမိကြိုးစားရှာဖွေထားသော စည်းစိမ်ဥစ္စာများအတွက် ရတက်အေးအောင်၊ မိမိနောက်ပါအောင် ဆောင်ရွက်ခဲ့သည်။ စည်းစိမ်ဥစ္စာအတွက် သောကရောက်နေသူများ အတုယူစရာပင်။

ဦးအောင်သိန်းနှင့် ဒေါ်တင်တင်တို့၏ စီမံဆောင်ရွက်ပုံကား

၁။ စစ်ကိုင်းတောင်ရိုး ရေဝန်းကျောင်း၌ အုတ်တံတိုင်းနှင့်သိမ်။
(၁၃၀၀-ပြည့်နှစ်၊ ၁၉၆၈-ခုနှစ်)

၂။ စစ်ကိုင်းအရှေ့မှန်ကျောင်း၌ ကားလမ်းခင်းခြင်း။

၃။ ညောင်ဦးရွှေစည်းခုံစေတီ တနင်္ဂနွေထောင့်အရံစေတီ၌ စိန်ဖူးတော် တင်လှူပူဇော်ခြင်း။

၄။ ၈၄-လမ်း၊ အောင်ခေတ်သစ်ပုံနှိပ်တိုက်ကိုရောင်းချ၍ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းအတွက် ကြီးကျယ်ခန်းနားလှသော သိန်းတစ်ရာကျော်တန် သုံးထပ်ပိဋကတိုက်ကြီး ဆောက်လုပ်လှူဒါန်းခြင်း။

၅။ လက်ရှိမိမိတို့နေထိုင်လျှက်ရှိသော အောင်တော်မူမှ တိုက်ကိုလည်း ပရိယတ္တိသာသနာတော်အကျိုးမျှော်ကိုး၍ ပရိယတ္တိသာသနဟိတအသင်းသို့ လှူဒါန်းခြင်း။

၆။ စစ်ကိုင်းတောင်ရိုး အထက်ဇေတဝန်၌ အောင်ခေတ်သစ် အုတ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်း စသည်တို့ ဖြစ်ပါသည်။

ဤကဲ့သို့ သဒ္ဓါသွေးရဲရင့်စွာ ဘဝကိုတန်ဘိုးရှိစွာ အသုံးချပြုမူဆောင်ရွက်နိုင်သဖြင့် ပစ္စည်းတွေ သုံးမကုန်အောင် ချမ်းသာပါသည်ဆိုသောသူများ-

ပစ္စည်းအတွက်ပူရ

သားသမီးအတွက်ပူရ

လုပ်ငန်းဆောင်တာအတွက်ပူရနှင့်

အပူသောကဝေနေချိန် သာသနဒါယကာကြီးဦးအောင်သိန်းနှင့် ဒေါ်တင်တင်တို့သည် အေးချမ်းစွာတရားဘာဝနာများ ပွားများအားထုတ်၍ နေထိုင်နေကြသည်ကို -

အို လောကလူသားတို့ အတုယူ၍ ဘဝကိုတန်ဘိုးရှိစွာ အသုံးချ၍ နေထိုင်တတ်ကြပါစေကုန်။

ဘဒ္ဒန္တကုဿရာဘိဝံသ
ပရိယတ္တိလင်္ကာရဆင်တဲတိုက်
၆၂-လမ်း၊ ၂၇/၂၈လမ်းကြား၊
မန္တလေးမြို့။

# ပရိယတ္တိသာသနဟိတအသင်းကြီး နှင့် ကျွန်တော်

ဦးထွန်းသိန်း
(သီဟသုဓမ္မ မဏိဇောတဓရ)

**သမိုင်းအစဉ်အလာကြီးမားခဲ့သော အသင်းကြီး**

မြန်မာနိုင်ငံတော်၌ ပရိယတ္တိသာသနာတော်ကြီး တိုးတက်စည်ပင်ပြန့်ပွားအောင်၊ ပရိယတ္တိပညာရေး အဆင့်မီမြင့်မားမှုအဖြစ် ထာဝရ တည်တံ့နေအောင်၊ အထောက်အကူပြုကျေးဇူးပြုနေသော အသင်းအဖွဲ့ကြီးကို ညွှန်ပြပါဟု ကျွန်တော့်ကိုမေးလာခဲ့လျှင် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးကိုပင် ညွှန်ပြရပေလိမ့်မည်။ ကျွန်တော့်စကားသည် အတိဝုတ္တိဒေါသ (ကြီးကျယ်ခြင်းအပြစ်) ဖြစ်သွားလေမလားလို့ ယုံမှားသံသယ အလျှင်းမဖြစ်မိပါ။ နောင်လည်း ဖြစ်လိမ့်မည် မဟုတ်ပါ။

အကြောင်းကိုဆိုရသော် ထေရဝါဒနိုင်ငံများ၌သာမက ကမ္ဘာ့နိုင်ငံများတိုင်အောင် ကျော်ကြားထင်ရှားခဲ့သော ဆဋ္ဌသင်္ဂါယနာပွဲကြီးကို သာသနာ (၂၅၀၀) ပြည့်နှစ်က မြန်မာနိုင်ငံ ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို လူတိုင်းအသိပင်။ ထိုကမ္ဘာကျော် ဆဋ္ဌသင်္ဂါယနာပွဲကြီး၌ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သုတ်သင်တည်းဖြတ်တော်မူသော ဆရာတော်များမှာ အများအားဖြင့် ပရိယတ္တိသာသနဟိတအသင်းကြီးက ဘွဲ့တံဆိပ်ဆက်ကပ်၍ ကိုးကွယ်ပူဇော်ခဲ့သော ဆရာတော်ကြီးများသာ ဖြစ်ပေသည်။ အဖြေဝိသဇ္ဇနကအဖြစ် ဆောင်ရွက်တော်မူသော မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီးသည်လည်း ဤအသင်းကြီးက မွေးထုတ်ပေးခဲ့သော အာဒိကမ္မိက ဝဋံသကာဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်မြတ်ကြီးပင် ဖြစ်သည် မဟုတ်ပါလား။

ထို့အပြင် မြန်မာနိုင်ငံအနှံ့အပြား နာမည်ကျော်စာသင်တိုက်ကြီးများ၌ ပဓာနအနေဖြင့် စာပေကျမ်းဂန်များကို ပို့ချနေကြသော အရည်အချင်းပြည့်ဝသည့် စာချဆရာတော်များမှာလည်း အများအားဖြင့် ဤအသင်းကြီးက မြေတောင်မြှောက်ပြုစုပေးလိုက်သော အာဇာနည်ပုဂ္ဂိုလ်ကျော် ဆရာတော်တို့သာ ဖြစ်ကြပေသည်။

ထို့ကြောင့်ပင် "ပရိယတ္တိပညာရေး၊ အဆင့်မီမြင့်မားမှုဒဖြစ် ထာဝရ ရပ်တည်နေအောင် ကျေးဇူးပြုနေသော အသင်းကြီး" ဟူ၍ ချီးမွမ်းထောမနာပြုခဲ့သော ကျွန်တော့်စကားသည် အတိဝုတ္တိ ဒေါသ (ကြီးကျယ်ခြင်းအပြစ်) ဖြစ်လိမ့်မည်မဟုတ်ဟု ကျွန်တော်ဆိုခဲ့ခြင်း ဖြစ်ပါသည်။

**အသင်းကြီးနှင့်ကျွန်တော်၏ အညမညသဘော**

ဤ၍ဤမျှ သာသနာတော်အား ကျေးဇူးကြီးမားလှသည့် ပရိယတ္တိသာသနဟိတအသင်းကြီးနှင့် ကျွန်တော်ရင်းနှီးအကျွမ်းဝင်ခဲ့သည်မှာလည်း နှစ်ပေါင်း (၂၂) နှစ်ပင် ကြာညောင်းခဲ့ပေပြီ။ မှန်ပေ၏။ ၁၃၃၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၆) ရက်၊ ကျွန်တော့်အသက် (၄၇) နှစ်ပြည့် အထိမ်းအမှတ် ဆွမ်းကပ်ပွဲက အစပြုခဲ့ခြင်းဖြစ်သည်။ ထိုမွေးနေ့ဆွမ်းကပ်ပွဲမှာ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ရာသက်ပန်အတွင်းရေးမှူး ဦးထွန်းကြည်က ကျွန်တော့်ကို သင်းမလူကြီးအဖြစ် အသိအမှတ်ပြုကာ အသင်းကြီး၏ တာဝန်များကို အားသွန်ကြိုးပမ်းထမ်းရွက်နိုင်ရန် စတင်လမ်းဖွင့်ပေးခဲ့ပါသည်။ ထို့နောက်မှာလည်း ၁၃၅၆-ခုနှစ်မှစ၍ ငွေထိန်းလူကြီးအဖြစ် အသင်းကြီး၏ တာဝန်များကို ကျေပွန်စွာ ဆက်လက်ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်သည်။

အသင်းဝင်သင်းမလူကြီးဖြစ်သည့်နေ့မှစ၍ လူရောကားပါ ကုသိုလ်ပါဝင်ကာ ပုစ္ဆကဆရာတော်များကို ပင့်ဆောင်ခြင်း၊ စာဖြေသံဃာများကို ဆွမ်းကပ်ရာတွင် ဝေယျာဝစ္စဆောင်ရွက်ခြင်း၊ စာဖြေချိန်ရောက်လာပါက ပုစ္ဆာဝေခြင်း၊ ကြီးကြပ်စောင့်ခြင်း၊ အဖြေလွှာများ သိမ်းဆည်းခြင်းနှင့် အရေးကြီးသော အဖြေလွှာခေါင်းဖြတ်ခြင်း၊ အောင်မှတ်သွင်းခြင်း စသော ကိစ္စတို့ကို ပြီးဆုံးသည်အထိ နှစ်စဉ်ဆောင်ရွက်ခဲ့ပါသည်။ မောပန်းသော်ငြားလည်း ပီတိလွှမ်းကာ ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင်လည်း စာအောင်ဆုအတွက် အလှူခံထွက်ရာ၌လည်း မိမိကား

ဖြင့်ပင် အပင်ပန်းခံကာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကိုယ်တိုင်လည်း စာအောင်ပုဂ္ဂိုလ်တို့အား စွမ်းနိုင်သမျှ လှူဒါန်းပူဇော်ခဲ့ပါသည်။

ပရိယတ္တိသာသနဟိတအသင်းကြီးအပေါ်မှာ ပိုပြီး သံယောဇဉ်ဖြစ်ရခြင်း၏ အကြောင်းတစ်ရပ်လည်း ရှိပါသေးသည်။ ကျွန်တော့်ဇာတိချက်ကြွေ ငါန်းမြာမြေမှ သက္ကျသီဟသာမဏေကျော်ဘွဲ့ရ (၅) ပါးနှင့် သက္ကျသီဟသီးခြား ဓမ္မာစရိယစာချဘွဲ့ရ (၄) ပါးတို့ ထူးချွန်စွာ ပေါ်ထွက်ခဲ့ပါသည်။ ပရိယတ္တိသာသနဟိတအသင်းကြီးက မွေးဖွားသန့်စင်ပေးလိုက်သော ထိုသာသနအာဇာနည်အရှင်မြတ်များကို ဇာတိချက်ကြွေ ငါန်းမြာမြေ၌ ကျွန်တော်တို့ ဦးစီးတည်ထောင်ခဲ့သော "သာသနနုဂ္ဂဟအသင်းကြီးက" အာမိသဓမ္မ နှစ်ဝသော ပူဇော်ဖွယ်တို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ကြိုဆိုဂုဏ်ပြု ပူဇော်ခဲ့ကြပါသည်။

ကျွန်တော့်ဇာတိမြေဝယ် ကျင်းပပြုလုပ်သော ထိုပူဇော်ပွဲ အခမ်းအနားသို့ ကွယ်လွန်လေပြီးသော အသင်းဥက္ကဋ္ဌကြီး ဦးသာလှိုင်နှင့် အတွင်းရေးမှူး ဦးထွန်းကြည်၊ သာသနာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး သာသနာ ဦးလှ၊ တိုင်းသာသနာရေးဦးစီးဌာန ဦးစန်းမောင် တို့သည်လည်းကောင်း၊ နာယကကြီး ဦးဖေသန်း၊ ယခုလက်ရှိဖြစ်သော ဥက္ကဋ္ဌကြီး ဦးဟန်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းသိန်း၊ တွဲဘက်အတွင်းရေးမှူး ဦးကျော်ငွေးနှင့် ဦးမောင်မောင်၊ ဦးစိုးလင်း၊ ဦးစိုးလွင်၊ ဦးကျင်သိန်း၊ ဦးကျော်ဆွေ၊ ဦးလေးဖေစသော သင်းမလူကြီးတို့သည် လည်းကောင်း၊ အပင်ပန်းခံတက်ရောက်ကာ ဂုဏ်ပြုပူဇော်ခဲ့ကြ ပါသည်။ ထိုကဲ့သို့ ငါန်းမြာကြီးမြို့နယ်လုံးဆိုင်ရာ သာသနာနုဂ္ဂဟ အသင်းကြီးမှ ကြီးမှူးကျင်းပခဲ့ရာတွင် ပွဲတိုင်း မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်းကြီးမှ သင်းမလူကြီးအနည်းနှင့်အများ လိုက်ပါ ဂုဏ်ပြုပူဇော်ကြရာ သာသနာ ဦးလှ၊ သာသနာရေးလက်ထောက် ညွှန်ကြားရေးမှူးမှာ (၄) ကြိမ် ပါဝင်လိုက်ပါ ပူဇော်ခဲ့ပါသည်။ ထို့ကြောင့်ပင် ကျွန်တော်နှင့် ပရိယတ္တိသာသနဟိတအသင်းကြီး၊ ပရိယတ္တိသာသနဟိတအသင်းကြီးနှင့် ကျွန်တော်သည် ခွဲခြား၍ မရနိုင်လောက်အောင် သဟဇာတ၊ အညမည ပဋ္ဌာန်းပစ္စည်းသဘောဖြင့် ရောနှောအကျွမ်းဝင်ခဲ့ပါသည်။

## ခိုင်မာသော ယုံကြည်ချက်

ဤကဲ့သို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ ကြီးပွားရာ ကြီးပွားကြောင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရင်း သာသနာတိုးတက်စည်ပင်ပြန့်ပွားရေးအတွက် ကိုယ်ကျိုးမငဲ့ ကြိုးစားပြုလုပ်နေခြင်းမှာ ကျွန်တော်၏ ခိုင်မာသော ယုံကြည်ချက်တစ်ခုကြောင့် ဖြစ်ပေသည်။

ထိုယုံကြည်ချက်မှာ -

သစ္စံ ပုနပိ သစ္စံ၊ ဘုဇမုက္ခိပ ဝုစ္စတေ။

သကတ္တော နတ္ထိ နတ္တော၊ ပရသတ္တ မကုဗ္ဗတော ဟူသော ရှေးဆရာမြတ်တို့ မိန့်မှာတော်မူခဲ့သော ဩဝါဒစကားတော်လေးပင် ဖြစ်ပေသည်။ ဆိုလိုရင်းအဓိပ္ပါယ်မှာ "သူတစ်ပါးအကျိုးစီးပွားကို မပြုလုပ်သောသူအား မိမိအကျိုးစီးပွားလုံးဝမရှိနိုင်။ ထိုစကားသည် သွေးထွက်အောင်မှန်ပေ၏ ဟူ၍ လက်ရုံးတန်းကာ ရဲရဲဝန့်ဝန့် ရွတ်ဆိုလိုက်စမ်းပါ" ဟူ၍ ဖြစ်သည်။

ကျွန်တော်သည် ထိုအဆုံးအမဩဝါဒကို ဆင်ခြင်နှလုံးသွင်းသည်အားလျော်စွာ "ငါသည် သက်ရှည်ကျန်းမာနေသမျှ ကြိုးစားပြုလုပ်အံ့။ အသင်းကြီး၏ ကြီးပွားရာကြီးပွားကြောင်း လုပ်ငန်းတို့ကို စွမ်းနိုင်သမျှ ကြိုးစားပြုလုပ်အံ့။ အသင်းကြီး၏ အကျိုးစီးပွားကို ပြုလုပ်ဆောင်ရွက်ရင်း ကိုယ့်အတွက် မဂ် ဖိုလ် နိဗ္ဗာန်ရရှိသည်အထိ အကျိုးကို ခံစားရလိမ့်မည်" ဟု ခိုင်မာသော ယုံကြည်ချက် အမြဲရှိခဲ့ပါသည်။ ထိုကဲ့သို့ ယုံကြည်သည့်အတိုင်းလည်း အသင်းကြီး၏ အကျိုးစီးပွားများကို ရာစုနှစ်တစ်ခုပြည့်သည့် ယနေ့တိုင်အောင် ဆောင်ရွက်နေဆဲ။ ရာစုနှစ်တစ်ခုကျော်မည့် နောင်အနာဂတ်မှာလည်း စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ဦးမည်ဟု အဓိဋ္ဌာန်ပြုလိုက်ပါသည်။

ပရိယတ္တိသာသနဟိတအသင်းကြီး ရာစုနှစ်များစွာ
ဆက်လက်တည်တံ့ပါစေသတည်း။
မေတ္တာဖြင့် -

ဦးထွန်းသိန်း
(ပရိယတ္တိငွေထိန်းလူကြီး)
(သီဟသုဓမ္မ မဏိဇောတဓရ)
မိဘမေတ္တာတိုက်
၇၅-လမ်း၊ မလွန်၊ မန္တလေးမြို့။

အံ့ဖွယ်ရှစ်ဖြာ သာသနာသုံးရပ် အစွန့်ရှည်စွာ တည်စေရန်
ဆောင်ရွက်နေသော

# မန္တလေးမြို့
# ပရိယတ္တိသာသနဟိတအသင်းကြီး၏
# နှစ် (၁၀၀)ပြည့်ပွဲတော်

# ထူဏိဝေဒလ္လ မင်္ဂလာဂါထာ

ရေးသားဂုဏ်ပြုသူ
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ အရှင်ပညာသိရိဘိဝံသ
မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

၁။ မူလကံ ပရိယတ္တိဝ၊ သာသနဿ မဟေသိနော။
ပရိယတ္တိ နုဂ္ဂဟန္တော၊ တိဝိမံ သာသနံ ဋ္ဌိတံ။

ပရိယတ္တိဝ ဘုရားရှင်ကိုယ်စားတော်၊ တည်ထားခဲ့ရာ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ သုံးဖြာသတ်မှတ်၊ ပရိယတ္တိ တရားသည်သာလျှင်။

မဟေသိနော- "ပရိယတ္တိတရား၊ ရှိထင်ရှားမူ၊ ငါဘုရား ပရိနိဗ္ဗာန်ဝင်စံသည် မမည်သေး" ဟူ၍ ဗျာဒိတ်ပေးမှာအပ်၊ ဘုရားရှင်ကိုယ်တော်မြတ်၏။

သာသနဿ- အံ့ဖွယ်ရှစ်ဖြာ၊ ဂုဏ်အင်္ဂါနှင့်၊ စုံကာတင့်အပ်၊ သာသနာတော်မြတ်၏။

မူလကံ- ငါးထောင်သာသနာ ရှည်ကြာမြင့်ဘို့ မိုကာအစစ် တည်ရာဖြစ်သည့်၊ ရေသောက်မြစ်ပင်မ၊ အရင်း မူလ ဖြစ်ပါပေ၏။

မူလကံ- ပရိယတ်အရင်းခံမပါလျှင်၊ ပဋိပတ်အကျင့် မမှန်သဖြင့် မဂ် ဖိုလ် ဉာဏ် မရ၊ သာသနာ၏အရင်းမူလ ပဓာနဖြစ်ပါပေ၏။

ပရိယတ္တိ- မဂ် ဖိုလ် နိဗ္ဗာန်၊ ရရန်မျှော်တွေး၊ ကျင့်ကြံရေး အမြင်မှန်ဘို့၊ သင် အံ့ ပို့ချ သာသနာ့ရှေ့တန်း၊ ပရိယတ္တိလုပ်ငန်းကို။

အနုဂ္ဂဟန္တော- ပစ္စည်းလေးဖြာ၊ သာသနာဝယ်၊ အရာရာ မညှိုးငယ်ရအောင်၊ ကိုးကွယ် စောင့်ရှောက်၊ ချီးမြှောက်သည်ရှိသော်။

တိဝိမံ သာသနံ- ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သဒ္ဓမ္မသုံးဖြာ ဘုရားရှင်သာသနာသည်။

ဋ္ဌိတံ ဟောတိ- ဗုဒ္ဓသာသနာ၊ ဤကမ္ဘာဝယ် ရှည်ကြာမြဲခိုင် တည်နိုင်ပါပေသတည်း။ ။

၂။ ပရိယတ္တိ ဟိတဒ္ဓရာ၊ ပရိယတ္တိ သမိတိကာ။
ပရိယတ္တိ ဝုဒ္ဓိကာမာ၊ ပူဇေမ ဗုဒ္ဓသာသနံ။

ပရိယတ္တိ ဝုဒ္ဓိကာမာ- သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေခြင်းကို စိတ်ရင်း စေတနာ ထက်သန်ကာဖြင့် လွန်စွာလိုလား မြတ်နိုးကြကုန်သော။

ပရိယတ္တိ ဟိတဒ္ဓရာ-သာသနာစက်ရှိန်၊ လက်လက်ထိန်ဘို့၊ ဂုဏ်သိရ်ထွန်းတောက်၊ အနှစ် (၁၀၀) မြောက်၊ တံခွန်ဆောက်၍၊ ပြီးမြောက်အောင်မြင်၊ အောင်ပွဲယင်လျက်၊ ထာဝစဉ်ခရီးရောက်အောင်၊ သာသနာတော် ချီးမြှောက်ဆောင်ရွက်ခဲ့ကြကုန်သော။

ပရိယတ္တိ သမိတိကာ- ပဌမသံဂါယနာတင ဘဝရှင်မင်းတုန်းမင်းကြီးနှင့် သားတော် သီပေါမင်းတရား၊ သာသနာ့ဒါယကာမင်းများ၊ နှစ်ပါးနေလ၊ ကွယ်ပျောက်ကြစဉ်၊ သာသနာ့ဒါယကာ၊ လွတ်ကင်းကွာသော်၊ ရာဇာမင်းမူ၊ ကိုယ်စားပြု၍၊ ပေါင်းစု ဖွဲ့စည်း၊ ပရိယတ္တိသာသနဟိတအသင်းကြီးဟု ဂုဏ်ဟည်းကျော်ကြား၊ ဂုဏ်မြင့်မားကြကုန်သော။

မယံ - ရတနာပုဥ္ဆ၊ ရာဇဌာနီ၊ မင်းနေပြည်ဟု၊ နာမည်ပျံ့မွှေး၊ မန္တလေးခေါ်၊ ရွှေမြို့တော်ဝယ်၊ ရှင်ပျော်နှလုံး၊ သူတော်ထုံးဖြင့်၊ ကျင့်သုံးနေကြား၊ တပည့်တော်များတို့သည်။

ဗုဒ္ဓသာသနံ-အံ့ဖွယ်ရှစ်ဖြာ၊ ဂုဏ်အင်္ဂါတို့နှင့် စုံကာတင့်အပ်၊ ဘုရားရှင် သာသနာတော်မြတ်ကြီးကို။

ပူဇေမ - ဗုဒ္ဓသာသနာ၊ ဤကမ္ဘာဝယ်၊ ရှည်ကြာစွာ တည်ထွန်းဖို့ ရည်ညွှန်းကော်ရော်၊ ပူဇော်ကြပါကုန်သည်ဘုရား။ ။

၃။ ထေရာဘတော သံသဒေါနော၊
သန္တော သန္တ သမိတိတော။
ဤဒါနိ သတိမံ ပတ္တော၊
မယံ ကုမ္မ မဟာ မဟံ။

သန္တော - သာသနာတော် အရှည်ခန့်၍၊ တည်တံ့ သန့်ရှင်း၊ ပြန့်ပွား ထွန်းကားခြင်းကို၊ နှလုံးသွင်း အဓိဋ္ဌာန်၊ စိတ်အကြံဖြင့်၊ နိဗ္ဗာန်ရည်မျှော်၊ ပူဇော်မြင့်မြတ်၊ ချီးကျူးအပ်ပေသော။

နော - သာသနာ့ဘုန်းရှိန်၊ လက်လက်ထိန်ဖို့ ဂုဏ်သိရ်တင့်ရေး၊ ပစ္စည်းလေးဖြင့်၊ အားပေးစောင့်ရှောက်၊ သာသနာခရီးရောက်အောင်၊ ချီးမြှောက်ပူဇော် တပည့်တော်တို့၏။

အယံသံသဒေါ-ဗုဒ္ဓသာသနာ၌၊ ဤကမ္ဘာဝယ် ရှည်ကြာစွာတည်ထွန်းဖို့ ရည်ညွှန်းဖွဲ့စည်း၊ ဤမန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးသည်။

ထေရာဘတော - အာဒိကမ္မိက မူလစာချ ဘဒ္ဒန္တ သုဇာတ၊ မိုးထားသာသနာပိုင်ဆရာတော်ဘုရား အစထား၍ ဘုရားသားကျော် စာချဆရာဟော်တို့သည်၊ သာသနာတော်မပျက်ရေး၊ အသက်ပေးကာကွယ်ကာ၊ စာဝါပို့ချ၍၊ သာသနာ့လုပ်ငန်း၊ မဆုတ်တမ်းလျှင်၊ ကြိုးပမ်းမပျက်၊ အဆက်ဆက်လျှင်၊ ဆောင်ရွက်သယ်ယူ အပ်ခဲ့သည်ဖြစ်၍ လည်းကောင်း။

သန္တသမိတိတော-အာဒိကမ္မိက သင်းမလူကြီး ဥက္ကဋ္ဌ ပွဲစားကြီး ဦးထွန်း မှစ၍၊ သာသနာအတွက်၊ အဘက်ဘက်မှ၊ ဆောင်ရွက်ညီညာ၊ ကြည်သဒ္ဓါဖြင့် သာသနာပြု၊ ဒကာစုဟု၊ သာခုဂိုဏ်းဝင်၊ သူတော်စင်တို့သည်၊ ချစ်ရှင်မြတ်စွာ သာသနာတော်ကို ကမ္ဘာမှာ ခရီးရောက်အောင် ချီးမြှောက် အားထုတ်အပ်သည်ဖြစ်၍ လည်းကောင်း။

ဒါနိ - ၁၃၆၀-ခု၊ ရတုတင့်ဆန်း၊ ပုန်းညက်ပန်းတို့ ပွင့်လန်းနုပျို၊ သာယာပိုသည့်၊ ဝါဆိုလပြည့်၊ ဓမ္မစကြာ အခါတော်နေ့ ရောက်လာ၊ ယခုအခါဌ။

သတိမံ - သာသနာ့ခေတ်၊ သမ္မာသစ်၍၊ တစ်ရာပြည့်နှစ် သက်တမ်းသို့။

ပတ္တော - သာသနာ့ကံ၊ မြန်မာ့ကံကြောင့်၊ အမှန်မသွေ ရောက်ရှိ၍ လာခဲ့ပေပြီတကား။ ။

တသ္မာ - မန္တလေးမြို့ သာသနဟိတအသင်း၏၊ ဂုဏ်သတင်းရှိန်ဝါ၊ ထိန်ထိန်သာ၍၊ ချိန်ခါတွက်စစ်၊ တစ်ရာပြည့်နှစ် သက်တမ်းသို့ တက်လှမ်းရောက်ရှိခဲ့ပြီ ဖြစ်ပါသောကြောင့်။

မယံ - သိကြားလောင်း မာဃနှင့်၊ သဟာယခပင်း၊ တေတ္တိံသအသင်းတို့လို၊ အချင်းချင်း စိတ်အကြံညီလိုမို့၊ နိဗ္ဗာန်ပြည် အတူ မြန်းရန်ဖို့၊ လှူဒါန်းပူဇော် တပည့်တော်တို့သည်။

မဟာ မဟံ - ရွှေ ငွေ ရတု၊ စိန်ရတုတို့ထက်၊ နှိုင်းတု မမှီ၊ ဂုဏ်ရည်ကဲသာ၊ မင်္ဂလာဟု၊ ရတနာအတိ ကမ္ဘာသိအောင်၊ တစ်ရာပြည့်ခေါ် အောင်ပွဲတော်ကြီးကို။

ကုမ္မ - သာသနာ့ရောင်ခြည်၊ မှောင်မသီရအောင်၊ နောင်အရှည် အစဉ်မြဲစေဖို့၊ ဆင်နွှဲ ပြုလုပ်ကြပါကုန်သည် ဘုရား။

ကုမ္မ - အောင်ဇေယတု၊ အောင်စေမှုဖြင့် အောင်သပြေနုပန်ဆင် အောင်ငွေ ခရုသံလွင်၊ မြန်တစ်ခွင် စံတင်ဖို့၊ အမှန်ပင် ပြုလုပ်ကြပါကုန်သည် အရှင်ဘုရား။ ။

၄။ ဓိမတံ ဇာတုဗ္ဗိ ဘူတော၊
ပရိယတ္တိ ဘိဇာနကော။
သံသဒေါသော စိရံဌာတံ၊
ဇိန စက္က ဟိတာဝဟံ။

ယောသံသဒေါ - ကမ္ဘာထက်ဘွဲ့ ကနက်မြေဝယ်၊ ကျက်သရေတင့်လျှမ်း မြို့တော်မန်းဝယ်၊ ဂုဏ်လွှမ်းကျော်တည်း၊ အကြင် သာသနာပြု အသင်းကြီးသည်။

ပရိယတ္တိ ဘိဇာနကော - ပရိယတ္တိသာသနာ၊ ဤကမ္ဘာဝယ်၊ ရှည်ကြာစွာ တိုးပွား၊ အကျိုးများဘို့၊ လိုလားဆောင်ရွက်၊ ရည်သန်ချက်ဖြင့်၊ တိုးတက်ပွံ့စည်း၊ ပရိယတ္တိသာသနဟိတအသင်းကြီးဟူ၍ ငေး နီး ထင်ပေါ်၊ ဘွဲ့အမည်တော် ရှိပါပေ၏။

ဓိမတံ - ပရိယတ္တိသာသနဟိတ မွှာစရိယ၊ အဌကထာပြန်ကျော် ဝင့်သကာ၊ သာသနာလင်္ကာရ သာမဏေကျော်၊ တိပိဋကရေ၊ တိပိဋကကောဝိဒ၊ ပိဋကတ္တယဝိဒူ၊ နိကာယပါရဂူ ဆုဆူများဖြင့်၊ ရဟန်းရှင် ပညာရှိတို့၏။

ဇာတုဗ္ဗိဘူတော - ဖြစ်ထွန်းပေါ်ပေါက်ရာ၊ မင်္ဂလာရောင်ဝေ သာသနာ့အောင်မြေ အစစ် ဖြစ်ပါပေ၏။

သော သံသဒေါ - နှစ်ပေါင်းတစ်ရာပြည့်ရောက်လာအောင် ဆရာ ဒကာ နှစ်ဖြာ ဆက်နွှဲ၊ မပျက်ပဲလျှင်၊ လက်တွဲကာ အကောင်းဆုံးဖြင့်၊ ပေါင်းရုံး၍ဖွံ့စည်း၊ ထို ပရိယတ္တိသာသနဟိတ အသင်းကြီးသည်။

ဇိနစက္က ဟိတံ - ဗုဒ္ဓသာသနာ၊ ဤကမ္ဘာဝယ်၊ ရှည်ကြာ တည်ကြောင်း အစီးအပွားကောင်းကို။

အာဝဟံ၊ အာဝဟန္တော - ဥပနိဿယည်း ပစ္စည်းမြောက်အောင် ရွက်ဆောင်သမှု၊ ကျေးဇူးပြုနိုင်လျက်။

စိရံ - သာသနာတော်ငါးထောင်၊ တရားရောင်တို့ဖြင့်၊ များမြောင်ချိန်ခါ၊ ရှည်မြင့်ကြာအောင်။

ဌာတံ-ဌာတု - ကမ္ဘာ့ဘောင်အတွင်း၊ သာသနာ့အရောင် အလင်းတို့ဖြင့် ပြောင်ဝင်းထိန်ဝေ၊ တည်ရှိနိုင်ပါစေသတည်း။

ဌာတု - သာသနာ့ဘုန်းရှိန်၊ ဆုံးမတိမ်ဘဲ၊ ငုံး အိမ် ကျူလ ပမာပြည်သို့ ထာဝရသစ်ညီ၊ ကပ္ပငြိလျှင်၊ ရှည်ကြာ မြဲခိုင်၊ တည်ရှိနိုင်ပါစေသတည်း။ ။

# နိဂုံး

ဤပရိယတ္တိသာသနဟိတအသင်းကြီး၏ နှစ် (၁၀၀) ပြည့် အထူးထုတ်စာစောင်ကို ထုတ်ဝေရာ၌ ပါဝင်ရေးသားထားကြသည့် စာဆိုရှင် စာရေးဆရာများ၏ ဆောင်းပါးအကြောင်းအရာများကို ဖတ်ရှုကြည့်လိုက်မည်ဆိုပါက ဆောင်းပါးတစ်ခုနှင့်တစ်ခု ရေးသားထားကြပုံခြင်း အလွန်ကြီးကွဲပြားခြားနားမှု မရှိကြဘဲ အကြောင်းအရာတစ်ခုတည်းကိုသာ ဦးတည်ရေးသားထားကြကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

ဤကဲ့သို့ ဖြစ်နေသည့်အတွက် စာဖတ်သူတို့အနေဖြင့် ထူးပင်ထူးသော်လည်း မခြားနားသကဲ့သို့ ခံစားကြရမည်မှာ အမှန်ဖြစ်ပါသည်။

ယခုကဲ့သို့ ဖြစ်ရခြင်းအကြောင်းမှာ – အသင်းကြီးအနေဖြင့် ဤစာစောင်ကို ထုတ်ဝေနိုင်ရန်အတွက် "ရာပြည့်အကြို" စာစောင်တစ်ခုကို ထုတ်ဝေခဲ့ပြီး စာရေးဆရာများအား ဖိတ်မန္တကပြုကာ မိမိတို့ ရေးသားကြရမည့်အကြောင်းအရာသည် များသောအားဖြင့် ဤ "ရာပြည့်အကြို" စာစောင်ကို အခြေခံထားလျက် ရေးသားပေးကြပါရန် မေတ္တာရပ်ခံခဲ့ပါသည်။

ယင်းသို့ မေတ္တာရပ်ခံခဲ့သည့်အားလျော်စွာ စာရေးဆရာ စာဆိုရှင်များကလည်း မိမိတို့ ရေးလိုရာ, မိမိတို့ ဆန္ဒရှိရာ, မိမိတို့ ဉာဏ်ကျက်စားရာ, မိမိတို့ အားသန်ရာ ရေးသားခွင့် မရကြတော့ဘဲ အသင်းကြီးမှ စာပေဘောင်ခတ်သကဲ့သို့ဖြစ်သွားရကား အကြောင်းအရာချင်းထပ်ကာ စာပေအနေအားဖြင့် ကျဉ်းမြောင်းသွားပြီး နှစ် (၁၀၀) အတွင်း အသင်းကြီး၏ သာသနာတော်သုံးရပ် မကွယ်ပရေး, ထွန်းလင်းတောက်ပရေး, တိုးတက်ပြန့်ပွားရေး, အဓွန့်ရှည်စွာ တည်တံ့ရေးတို့အတွက် ကြိုးစားအားထုတ်လုပ်ဆောင်ခဲ့ကြပုံများနှင့် မြို့သူ မြို့သား, နိုင်ငံသူ, နိုင်ငံသား ကုသိုလ်ရှင်အများတို့၏ အားပေးချီးမြှောက်ကုသိုလ်ယူခဲ့ကြပုံများကိုသာ တဝကြီး ဖတ်ရှုကြရခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ – ဤအကြောင်းအရာများသည် ရှေးရှေးရာစုနှစ်များသို့ ဒိဋ္ဌာနုဂတိလိုက်၍ ဆက်လက်သယ်ဆောင် တာဝန်ယူကြမည့် အသင်းသ း သင်းမလူကြီးများနှင့် စတုပစ္စယကုသိုလ်ရှင် ဒါယကာ+ဒါ ကာမများအတို့ "သာသနာတော်သုံးရပ်ရှိသည့်အနက် ပရိယတ္တိသာသနာတော်သည်သာ အဓိက၊ ပရိယတ္တိသာသနာတည်ရှိနေသမျှ ပဋိပတ္တိနှင့် ပဋိဝေဓ သာသနာနှစ်ရပ်တို့လည်း အခိုင်အမာတည်ရှိနေကြမည်သာ၊ သာ ာသနာတော်သုံးရပ် မကွယ်မပ, တည်တံ့ခိုင်မြဲ တိုးတက်ကြီးပွား ယွန်း ဘားတောက်ပြောင်နိုင်ရန်အတွက် ပရိယတ္တိသာသနာတော်ကြီးကို သာ အထူးအလေးထား၍ အားပေးချီးမြှောက် စောင့်ရှောက်ထိန်းသိမ်းကြရမည်" ဟူသော သာသနာပြုသင်ခန်းစာများ ရယူနိုင်ကြပြီ ဖြစ်သည့်အတွက် စာစောင်ထုတ်ဝေရခြင်း၏ ရည်သန်ချက် အောင်မြင်ရုံမျှမက စာရေးဆရာ (စာဆိုရှင်) များအားလည်း ကျေးနပ်အားရ ကျေးဇူးဥပကာရ အထူးတင်ကြရမည် ဖြစ်ပါသည်။

သို့ပါ၍ ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဩဝါဒကထာများ ရေးသားချီးမြှင့်တော်မူကြသည့် ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၊ ဆောင်းပါးများ ရေးသားပေးပို့ကြသည့် ရဟန်းရှင်လူ စာရေးသူ စာဆိုရှင်များ၊ ကွန်ပျူတာ စာစီ, ဒီဇိုင်း, ပန်းချီစသော အနုပညာရှင်များ၊ ရာပြည့်စာစောင်ထုတ်ဝေရေး ကော်မတီဝင်များနှင့်တကွ ဤစာအုပ်အားရိုက်နှိပ်ပေးသော သုခဝတီစာပုံနှိပ်တိုက် ဦးစိန်တင် တို့အား အသင်းကြီးမှ ဖော်မပြနိုင်လောက်အောင်သော ကျေးဇူးတင်ခြင်းဖြင့် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနဟိတအသင်း
မန္တလေးမြို့။

# နှစ်တစ်ရာပြည့် ပတ္တမြားရတု

## ● နိဂုံးသံပိုင်းလင်္ကာ ●

ကြားစိမ့်မင်္ဂလာ၊ သံပိုင်းသာပိမ့်၊ ညာသပြေထိပ်၊ မန်းတောင်ရိပ်ဝယ်၊ မာရ်နှိပ်ပရမေ၊ ဗျာဒိတ်ခြွေသား၊ အောင်မြေဓိပတိ၊ မျိုးသိရိလျှင် စုံဘိတဝေး၊ ဂုဏ်ဆိမ့်မွှေးလျက်၊ မန္တလေးသမိုက်၊ ဘူမကိုဋ်ကို၊ တည်စိုက်ဘုန်းရောင်၊ မုန်းတန်ဆောင်သို့ ကုန်းဘောင်ဒသမ ကွာပိန္ဒကား၊ ပဥ္စမသင်္ဂါယနာ၊ တင်ပြီးစာကို၊ သာသနာမြစ်၊ ငါးထောင်ခေတ်ဝယ်၊ စွဲရစ်စေဌာ၊ ကြံစိတ်ဖြာ၍၊ အက္ခရာသိပ်သည်း၊ ပုဒ်ပါဠ်ဗျည်းကို၊ ဖြင့်ရှတည်းသုဓ်သင်၊ ကျောက်ထက်တင်ခဲ့၊ သုံးအင်သာသနာ၊ ပွင့်လင်းဖြာသား၊ ဝေါဟာသက္ကရာဇ်၊ ဂဏန်းလှစ်သော်၊ တစ်-နှစ်-လေး-ခွန်၊ ရောက်လပြန်က၊ ပြင်းဝှန်မုန်တိုင်း၊ ခပ်ချိုးလှိုင်းသို့၊ မြန်တိုင်းဥသျှောင်၊ ဟိုမင်းခေါင်တည့်၊ မာရ်အောင်ရတနာ၊ ဒါယကာသည်၊ ကြမ္မာညှိုးချိန်၊ ဇာတာမှိန်သော်၊ ဝတီဘုန်းဟော့၊ ရန်ရှိန်ငွေ့ကြောင့်၊ လျှောရွှေ့သောသား၊ ရေမြေခြားသည်၊ ကုလားတို့ပြည်၊ စံရသည်နှင့်၊ ဘုန်းစည်သာသနာ၊ ရောင်အဝါလည်း၊ ဝေါရာကျွန်းကွယ်၊ နေမင်းနှယ်လျှင်၊ ပျောက်ကွယ်နိမိတ်၊ အကြောင်းဟိတ်ကြောင့်၊ လန့်ထိပ်ပူပင်၊ မျှား ပူရှင်တို့၊ ငြိုငြင်သောက၊ သံဝေဂဖြင့်၊ တကွစုံစီ၊ နှလုံးညီလျက်၊ ဂမ္ဘီနက်လေး၊ ဉာဏ်ရွှေ့ပြေးလျှက်၊ စုဝေးလျှင်စွာ၊ သင်းဖွဲ့ကာလျှင်၊ သုံးဖြာပိဋကတ်၊ ပရိယတ်ကို၊ ဆက်မှတ်စီစဉ်၊ ဘန်စီလျှဉ်၍၊ တံမျဉ်ကြိုးလျှောက်၊ ဉာဏ်ဖြင့်လှောက်လျက်၊ စောင့်ရှောက်လေဘိ၊ သညာခိုသား၊ ပရိယတ္တိသာသန၊ ဘွဲ့ချည်စ၍၊ ဟိတတဖြာ၊ ထပ်ဆင့်ခါလျှင်၊ အက္ခရာကိုးမည်၊ ဂုဏ်ကိုးရည်နှင့်၊ ထရထည့်လျှင်း၊ ဤအသင်းကား၊ နဝင်းလည်းကျေ၊ တြင်းကျေခဲ့၊ အောင်ဗေဿဘိ၊ အောင်ကိန်းမိသည်၊ သိဒ္ဓိမင်္ဂလာ၊ နှစ်ဝေါဟာမူ၊ သင်္ချာအဖြောင့်၊ ဂဏန်းစောင့်သား၊ တထောင့်နှစ်ရာ၊ ယင်းကသာ၍၊ စွန်းလာခြောက်ဆယ်၊ နောက်မဆွယ်ဘဲ၊ သုံးသွယ်ဥတု၊ ဝသန်လုသည်၊ ဘွက်မူမာသ၊ အာသဠှက၊ စ၍ရေတွက်၊ ဂဏန်းထွက်ကား၊ ရာသက်ပြည့်မှီ၊ ခါကောင်းညီသော်၊ ကြုံပြီဂဏ၊ ဥက္ကဋ္ဌဟု၊ ပေါင်းစုသင်္ချာ၊ စဉ်လာမပျက်၊ ချရေတွက်သော်၊ ပဌမဦးထွန်း၊ ဖေါ်ညွှန်းဒုတိယာဦးကျော်ပါတည့်၊ တတိယဦးကျောက်နီ၊ စတုတ္ထီဦးကျောက်၊ ငါးမြောက်ဦးသာခ၊ ဆဋ္ဌဦးပေ၊ သတ္တမောဦးစံထိုက်၊ အဋ္ဌနိုက်ဦးဘိုးလူ၊ နဝမူဦးဆိုင်၊ တစ်ဆယ်တိုင်ဦးမောင်ကြီး၊ စွန်းပြီးတစ်ဆယ်၊ ဆယ့်တစ်ဝယ်ကား၊ ဦးစိန်အားလျှင်၊ ဆယ့်နှစ်တွင်ဦးအောင်သာ၊ ဆယ့်သုံးမှာဦးသာလှိုင်၊ ဆယ့်လေးတိုင်အောင်ဦးချစ်မောင်တည့်၊ ထို့နောင်ဆယ့်ငါး၊ ယခုကားမူ ဦးဟန်ထွန်းဟူ၏ စံယူနိုင်းအင် ကြံတိုင်ပင်သော်၊ အောင်မြင်ရာကိန်း၊ တာဝန်ထိန်းသည်၊ ဦးလှသိန်းနာမ၊ မြန်ဌာနဝယ်၊ ကထိကကျော်၊ ပုဂ္ဂိုလ်မော်တို့၊ အပော်ဝတ၊ အာသိသကို၊ စစအောင်မြင်၊ ဇောစိတ်ရွှင်သည်၊ သင်းဝင်ပုဂ္ဂိုလ်များထိုထိုတို့၊ မယိုလုံ့လ၊ ဥဿာဟဖြင့်၊ သာသနာ့သဘင်၊ ဝဲချီးဆင်သော်၊ မြန်ခွင်တိုင်းမ၊ စိုးပိုင်သသည်၊ သမထထီး၊ တို့စောမိးလျှင်၊ ဆုကြီးပန်ယူ၊ နိဗ္ဗာန်ချူသည်၊ ထောက်ကူသောလျှောက်၊ မြန်းကြွရောက်၍ ချီးမြှောက်ဆက်ကပ်၊ တံဆိပ်အပ်သား၊ ဒြပ်နှင့်ဂုဏ် ကျေးဇူးဟုန်သည်၊ ဝသုန္ဓေ ကမ္ဘာကျေလည်း၊ မကြေဥဒါန်း၊ အစဉ်ထွန်းလိမ့်၊ တည့်မွန်းစည့်စည့်၊ ကျွန်းလုံးပြည့်သို့၊ တရှည့်ညီစွာ၊ ဤသဘာ၏၊ ဂုဏ်ဝါလျှမ်းဝင်း၊ အောင်မျိုးသွင်းလျက်၊ တြင်းဟိတ်ညို သာဝတ္ထိဖြင့်၊ သိဒ္ဓိမင်္ဂလာ၊ ကြံကြံသာက၊ ပြဟ္မာသျှန္တို၊ ကြွေးသံချိုလျက်၊ အောင်ပြီဇေထု၊ အောင်ဇေမှုကို၊ ဗိုလ်ထုနတ်လူ၊ အဘို့ယူ၍၊ ကြည်ဖြူစေသား၊ ကြောင်းတပါးလည်း၊ နောက်သားနောင်လာ၊ သိစိမ့်ဌာလျှင်၊ လက်ာစီကုံး၊ ကမ္ပတ်ဖုံးဟု၊ နှလုံးလှလှ၊ တောင်းပန်ကြ၍၊ ဟိတများမြောင်၊ ကျေးဇူးဆောင်သည်၊ စာစောင်တိုက်အုပ်၊ အကျဉ်းချုပ်လျက်၊ သရုပ်ထင်ရှား၊ သမိုက်ထားသည်၊ ပတ္တမြားရတုသံပိုင်းတည်း။

နှစ် (၅၀) ပြည့် ရွှေရတုစာစောင်ကို
မှီးပါသည်။

# မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးသို့ အလှူရှင်များစွာတို့ သုံးတန်စေတနာညီညွတ်စွာဖြင့် လှူဒါန်းနိုင်ရန် ဟောပြောဖွဲ့ရှာ ဆောင်ရွက်ပေးသော သင်းမလူကြီး ဦးညွန့်မောင် (မိုးဆန်း)



မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၀လမ်း-၃၅လမ်းထောင့်ရှိ ဒေါ်ဝင်းဝင်းအေး ပိုင်ဆိုင်သော မြေကွက်များနှင့် နှစ်ထပ်တိုက် (၃) လုံး ကာလတန်ဘိုး ကျပ်သိန်းထောင်ကျော်နှင့် အောင်တော်မူရပ် ၆၃လမ်း-၂၉လမ်းရှိ ဒေါ်အေးရင် ပိုင်ဆိုင်သောမြေကွက်နှင့် အဆောက်အဦးတန်ဘိုးကျပ် သိန်းသုံးရာကျော်၊ အသင်းတိုက်အဆောက်အဦးတွင် တိုးချဲ့ခန်းမဆောင်ကြီး (၃) ဆောင် ကျပ်သိန်းသုံးရာကျော်နှင့် Vanette ကားသစ်တစ်စီး၊ ကွန်ပျူတာစက်ပစ္စည်းအစုံတို့ကို ပရိယတ္တိသာသနဟိတအသင်းကြီးအတွက် အလှူရှင်များအား ဟောပြောဖွဲ့ရှာဆောင်ရွက်ပေးသော သင်းမလူကြီး ဦးညွန့်မောင် (မိုးဆန်း) အား နှစ်တစ်ရာပြည့်ပွဲတော်ကြီးတွင် ရာပြည့်ဂုဏ်ပြုလွှာ (သာသနဟိတ ဝိသေသကာရီ) ဘွဲ့လက်မှတ်ပေးအပ်၍ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အေးကို
(အတွင်းရေးမှူး)
ပရိယတ္တိသာသနဟိတအသင်း
မန္တလေးမြို့။

# မန္တလေးမြို့
# ပရိယတ္တိသာသနဟိတအသင်းကြီး၏
# ၁၃၆၀–ခုနှစ်၊ အလုပ်အမှုဆောင်ကော်မတီဝင်များ

## နာယကလူကြီးများ

၁။ ဦးချစ်မောင်
၂။ ဦးအုန်းဖေ
၃။ ဦးစံဆင့်
၄။ ဦးဝင်း
၅။ ဦးဖေသန်း
၆။ ဦးလှ

## အလုပ်အမှုဆောင်အဖွဲ့ဝင်များ

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဦးဟန်ထွန်း | (ဥက္ကဋ္ဌ) | ဖုန်း - | ၂၄၆၅၇ | မန္တလေး |
| ၂။ | ဦးထွန်းသိန်း (ငွေတာရီ) | (ဒု-ဥက္ကဋ္ဌ) | | ၂၁၂၃၈ | ။ |
| ၃။ | ဦးစိန်တင် | (ဒု-ဥက္ကဋ္ဌ) | | ၂၁၆၇၆ | ။ |
| ၄။ | ဦးအေးကို | (အတွင်းရေးမှူး) | | ၂၆၉၃၇ | ။ |
| ၅။ | ဦးကျော်ငွေး | (တွဲဘက်အတွင်းရေးမှူး) | | ၂၂၀၃၉ | ။ |
| ၆။ | ဦးမောင်နီ | (တွဲဘက်အတွင်းရေးမှူး) | | ၂၅၆၂၄ | ။ |
| ၇။ | ဦးထွန်းသိန်း (မလွန်) | (ဘဏ္ဍာရေးမှူး) | | ၂၅၇၇၆ | ။ |
| ၈။ | ဦးမျိုးထွန်း | (စာရင်းစစ်) | | ၂၅၂၉၇ | ။ |
| ၉။ | ဦးမောင်မောင် | (စာရင်းစစ်) | | | |
| ၁၀။ | ဦးသန်းမောင် | (စာရင်းစစ်) | | ၂၄၇၄၅ | ။ |
| ၁၁။ | ဦးအောင်ကျော်သက် | (စာရင်းစစ်) | | | |
| ၁၂။ | ဦးဘသန်း | (အလုပ်အမှုဆောင်) | | ၂၅၂၆၀ | ။ |
| ၁၃။ | ဦးညဏ်ထွန်း | (အလုပ်အမှုဆောင်) | | ၂၃၇၉၇ | ။ |
| ၁၄။ | ဦးကံညွန့် | (အလုပ်အမှုဆောင်) | | ၃၃၀၉၄ | ။ |
| ၁၅။ | ဦးရှမ်း | (အလုပ်အမှုဆောင်) | | ၂၃၁၂၆ | ။ |

# မန္တလေးမြို့
# ပရိယတ္တိသာသနဟိတအသင်းကြီး၏
# ၁၃၆၀-ခုနှစ်၊ သင်းမလူကြီးများစာရင်း

၁။ ဦးမြတ်သင်း
၂။ ဦးစိုးလွင်
၃။ ဦးကျော်စိုး
၄။ ဦးလှသောင်
၅။ ဦးကျော်ကျော်
၆။ ဦးချစ်
၇။ ဦးမြင့်ထွန်း
၈။ ဦးကြည်မောင်
၉။ ဦးကံထွန်း
၁၀။ ဦးစိန်လှိုင်
၁၁။ ဦးသင်းမောင်
၁၂။ ဦးခင်မောင်လေး
၁၃။ ဦးကျော်သိန်း
၁၄။ ဦးငွေအောင်
၁၅။ ဦးအေးကျော်
၁၆။ ဦးဘဌေး .
၁၇။ ဦးကျော်အေး
၁၈။ ဦးလှအောင်
၁၉။ ဦးမြသီး
၂၀။ ဦးသိန်းအောင်
၂၁။ ဦးညွန့်မောင် (မိုးဆန်း)
၂၂။ ဦးစိုးလင်း
၂၃။ ဦးအောင်တင့်
၂၄။ ဦးတင်မောင်ရီ
၂၅။ ဦးခင်မောင်မြင့်
၂၆။ ဦးစိုးညွန့်
၂၇။ ဦးချစ်ဆွေ
၂၈။ ဦးညွန့်တင်
၂၉။ ဦးကြည်ဝင်း
၃၀။ ဦးအောင်ဖြိုး
၃၁။ ဦးတင်မောင်
၃၂။ ဦးအောင်တင့်
၃၃။ ဦးကောင်း
၃၄။ ဦးလှကျော်
၃၅။ ဦးထွန်းဦး
၃၆။ ဦးလေးမောင်
၃၇။ ဦးသန်းဖေ
၃၈။ ဦးတင်ချို
၃၉။ ဦးမြချို
၄၀။ ဦးကျော်လှိုင်
၄၁။ ဦးစိန်မင်း
၄၂။ ဦးခင်မောင်
၄၃။ ဦးအုန်းလွင်
၄၄။ ဦးအောင်သန်း
၄၅။ ဦးအောင်မင်း
၄၆။ ဦးမောင်ကို
၄၇။ ဦးတင်ရွှေ
၄၈။ ဦးစိုးမြင့်
၄၉။ ဦးသိန်းထွန်း
၅၀။ ဦးတင်မြင့်
၅၁။ ဦးသိန်းကြည်
၅၂။ ဦးကျော်ကျော် (မို)
၅၃။ ဦးအောင်ကျော်မိုး
၅၄။ ဦးကျော်ဆွေ
၅၅။ ဦးအောင်ငွေ (ဘယဆေး)
၅၆။ ဦးသောင်းတင်
၅၇။ ဦးကံလှိုင်
၅၈။ ဦးဖေအောင်
၅၉။ ဦးအောင်နိုင်
၆၀။ ဦးအေးပို
၆၁။ ဦးသန်းအောင်
၆၂။ ဦးမောင်မောင်တင်
၆၃။ ဦးလှမြင့်
၆၄။ ဦးစံသိန်း

၆၅။ ဦးဘိုငွေး
၆၆။ ဦးညွန့်
၆၇။ ဦးသန်း
၆၈။ ဦးလေးဖေ
၆၉။ ဦးစိန်ရှင်
၇၀။ ဦးမောင်မောင် (ရွှေလက်ရာ)
၇၁။ ဦးကြင်သိန်း
၇၂။ ဦးကြံအောင်
၇၃။ ဦးအောင်လွင်
၇၄။ ဦးအောင်ငွေ (ဆီစက်)
၇၅။ ဦးသန်းစိုး
၇၆။ ဦးဝင်းမြင့်
၇၇။ ဦးတင်အုန်း
၇၈။ ဦးစိန်ပျော်
၇၉။ ဦးထွန်းကြိုင်
၈၀။ ဦးမောင်မောင်အေး
၈၁။ ဦးညွန့်မောင် (အုတ်သူကြီး)
၈၂။ ဦးကြည်မောင်
၈၃။ ဦးသာဒွန်း
၈၄။ ဦးမင်းဆွေ
၈၅။ ဦးကျော်ဆင့်
၈၆။ ဦးတင်ဖေ
၈၇။ ဦးမြမောင် (ဒေးဝန်း)
၈၈။ ဦးညွန့်မောင် (ဇရာထွန်း)
၈၉။ ဦးကျော်
၉၀။ ဦးအောင်ချစ်
၉၁။ ဦးထွန်းမော်
၉၂။ ဦးနေဝင်း
၉၃။ ဦးမြတ်ထွန်း
၉၄။ ဦးမောင်မောင်ထွေး
၉၅။ ဦးမြင့်ဦး
၉၆။ ဦးကြည်မောင်
၉၇။ ဦးမြမောင်
၉၈။ ဦးချစ်ထွန်း

# ထာဝရအဆောက်အဦး ၊ မြေနှင့် သီးခြားအလှူရှင်များ



ဒေါ်ဦးဖွန်း



ချမ်းအေးသာဇံ အကွက်နံပါတ် (၅၉၀)၊ ဦးပိုင်နံပါတ် (၇/၈)
မြေကွက်ကို ဒေါ်ဦးဖွန်းမှ လှူဒါန်း၍ အသင်းငွေဖြင့်
(၁၂) ခန်း (၂) ထပ်တိုက် တည်ဆောက်ပါသည်။



ချမ်းအေးသာဇံအနောက် အကွက်နံပါတ် (၅၉၀)၊ ဦးပိုင်နံပါတ် (၃၁/၁)
ခြံဝင်းမြေများနှင့် တစ်ထပ်တိုက် (ဦးအဲရား)+ဒေါ်ကြီးကြီး ဝါးတန်းရပ်မှ
၁၃၀၈–ခု၊ လှူဒါန်းရာ သာသနိက အဆောက်အဦး (၉၅) ခန်း
ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ (၅–၄–၉၅) နေ့တွင် ဖွင့်ပွဲကျင်းပခဲ့ပါသည်။



ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ၁၃ လမ်းထောင့်ရှိ မြေနှင့်အဆောက်
အဦးကို တောင်းတွင်းကြီးမြို့ ဦးစက်ပု+ဒေါ်စောတို့မှ လှူဒါန်း၍
ပင်လုံ ထိပ်ထားကုမ္ပဏီလီမိတက် ဦးစံနီသွင်+ဒေါ်လှမြင့် (၁၉/
က) ၁၅လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့မှ (၈) ထပ်တိုက်
အဆောက်အဦးကို ဆောက်လုပ်လှူဒါန်းပါသည်။



ပင်လုံထိပ်ထား ကုမ္ပဏီလီမိတက် ဦးစံနီသွင်+ဒေါ်လှမြင့်



▼ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းတိုက်ကြီးတွင် တပ်ဆင်ထားသော ဓာတ်လှေကားကို စက်သူဌေး ဦးသာဌေး+ဒေါ်သန်း (သား၊ သမီး၊ မြေး) တစ်စု တို့မှ ၁၃၃၀–ပြည့်နှစ်တွင် အပြီးတပ်ဆင်လှူဒါန်းပါသည်။



▼ စက်သူဌေး ဦးသာဌေး+ဒေါ်သန်း

ပရိယတ္တိသာသနဟိတအသင်းတိုက်ဝင်းအတွင်းရှိ ရွှေမြင်းတန်ဆောင်း (အုတ်မဏ္ဍပ်) ၆+၂ခန်းရှိ သာသနိကအဆောက်အဦးကြီးကို မန္တလေးမြို့ မင်္ဂလာလမ်း ဦးထွန်းလှိုင်+ဒေါ်သိန်း (မိသားစု) တို့မှ လှူဒါန်းပါသည်။ ◀





ရတနာဘုမ္မိအနောက် အကွက်နံပါတ် ၅၅၁၊ ဦးပိုင်နံပါတ် (၂၂/၂၃) (၇) ခန်းတန်းလျားကို ဒေါ်စိမ့် တောင်ကြယ်ခတ်ဝင်းမှ လှူဒါန်းပါသည်။



သီရိဟေမာအရှေ့၊ အကွက်နံပါတ် ၂၄၃၊ ဦးပိုင်နံပါတ် (၃၄/၁) မြေနှင့်အဆောက်အဦးကို ဒေါ်သီ ဒဂ်ါးဝင်းရပ်မှ လှူဒါန်းပါသည်။

စဉ့်ကိုင်မြို့၊ ကွင်းနံပါတ် (၁၀၂/က) ၇၃×၇ ဧကရှိ လယ်မြေကို ဦးမြို့ (သမီး) ဒေါ်အုန်းရွှေ တို့မှ လှူဒါန်းပါသည်။



သီရိဟေမာအရှေ့၊ အကွက်နံပါတ် ၂၄၃၊ ဦးပိုင်နံပါတ် (၄၀/၁) မြေနှင့်အဆောက်အဦးကို ဒေါ်သီ ဒဂ်ါးဝင်းရပ်မှ လှူဒါန်းပါသည်။



အောင်နန်းရိပ်သာအနောက်၊ အကွက်နံပါတ် ၅၆၀၊ ဦးပိုင်နံပါတ် (၅၀/၁) မြေနှင့်အဆောက်အဦးကို ဒေါ်ခခ၊ ဦးတင်မောင်၊ ဒေါ်အေးကျင် တို့မှ လှူဒါန်းပါသည်။



▶ ဦးအောင်သိန်း+ဒေါ်တင်တင် (အောင်ခေတ်သစ်ပုံနှိပ်တိုက်)



ဦးအောင်သိန်း+ဒေါ်တင်တင် (အောင်ခေတ်သစ်တိုက်)
တို့မှ လှူဒါန်းထားသော ပရိယတ္တိသာသနဟိတဝင်း ◀
အတွင်းရှိ ပိဋကတ်တိုက်အဆောက်အဦး



▶ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်နံပါတ် (၇၉၉)၊ ဦးပိုင်နံပါတ် (၄၂/၄)၊ မြေနှင့်အဆောက်အဦးကို ဦးအောင်သိန်း+ဒေါ်တင်တင် (အောင်ခေတ်သစ်တိုက်) တို့မှ လှူဒါန်းပါသည်။



ရတနာဘုမ္မိအရှေ့၊ အကွက်နံ့ပါတ် (၅၄၁)၊ ဦးပိုင် (၆၇/၁) မြေနှင့်တစ်ထပ်တိုက်အဆောက်အဦးကို တာရဲတန်းရပ် ဒေါ်စိန်မှ လှူဒါန်းပါသည်။



မဟာအောင်မြေအနောက်၊ အကွက်နံ့ပါတ် (၅၂၆)၊ ဦးပိုင် (၃၃/၃၄) မြေနှင့်တစ်ထပ်တိုက်အဆောက်အဦး ကို (ဦးစိုးတင့်)+ဇနီးဒေါ်မြခင် တို့မှ လှူဒါန်းပါသည်။



မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ ၆၃လမ်းနှင့် ၂၉လမ်းထောင့်ရှိ မြေနှင့်အဆောက်အဦးကို ဒေါ်အေးရင် မှ လှူဒါန်းပါသည်။



▼
မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ ၆၃လမ်းနှင့် ၂၉လမ်းထောင့်ရှိ မြေနှင့်အဆောက်အဦးကို လှူဒါန်းသူ ဒေါ်အေးရင်



▼
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်အမှတ် (၅၄၃)၊ ၃၅×၈၁ လမ်းထောင့်၊ အမှတ် (၂၇၅)၊ ဦးပိုင်အမှတ် (၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈(က)၊ ၁၈(ခ)၊ ၁၉၊ ၂၄(က) မြေများနှင့် နှစ်ထပ်တိုက်အဆောက်အဦး (၃) လုံးတို့ကို ဦးဘအေး+ဒေါ်လှလှ (သမီး) မဝင်းဝင်းအေး (မြန်မာ့သရဖူ ရွှေထီးနှင့် နိဗ္ဗာန်ကုန်သည်) မိသားစုတို့မှ လှူဒါန်းပါသည်။



▼
ဦးဘအေး+ဒေါ်လှလှ (သမီး) မဝင်းဝင်းအေး (သာသနဂုဏဒါယီ)



▼
ရာပြည့်ကျောက်စာအလှူရှင် ဦးချစ်ဆွေ+ဒေါ်တင်မမ ချစ်ဆွေပရိဘောဂ မိသားစု



▼
ရာပြည့်ကျောက်စာကို ဦးချစ်ဆွေ+ဒေါ်တင်မမ
(ချစ်ဆွေပရိဘောဂ) မိသားစု တို့မှ လှူဒါန်းပါသည်။



▼
ဦးစိန်တင် (သုခဝတီစာပုံနှိပ်တိုက်)
ကွန်ပျူတာစက်၊ မိတ္တူစက်အလှူရှင်



▼
သိန်း (၃၀) ငွေပဒေသာပင် အလှူရှင် ဒေါ်နီ



▼
ဦးစိန်တင်+ဒေါ်ခင်ညွန့်မေ (သုခဝတီပုံနှိပ်တိုက်)
မိသားစုတို့မှ ကွန်ပျူတာစက်၊ မိတ္တူကူးစက်တို့ကို လှူဒါန်းပါသည်



▼
မီးစက်အလှူရှင် ဒေါ်နုနု



▼
မန္တလေးမြို့၊ ပွဲကုန်းရပ်နေ ဒေါ်စိန်လှ (မောင်) ဦးပြည့်စုံ၊ တူမ ဒေါ်နုနု တို့မှ မီးစက်ကို လှူဒါန်းပါသည်။



သဒ္ဒပါရဂူ
ရှေးဆရာမြတ်တို့သည်
စီရင်တော်မူအပ်သော
**သဒ္ဒါငယ်-၂-စောင်ပေါင်း**

ပရိယတ္တိသာသနဟိတ
မှ
မန္တလေးမြို့

▼
သမားတော်ကြီး ဦးညာဏ်ထွန်း (ဆေးကျောင်းဆေးရုံအုပ်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်) (အငြိမ်းစား) +ဇနီး ဒေါ်စန်းရီ မိသားစု တို့မှ သဒ္ဒါငယ်-၂-စောင်ပေါင်း ကျ... ...ပ်ငွေ (၁၀၀၀) တိတိ လှူဒါန်းပါသည်။ အလိုရှိသော စာချစာသင် အရှင်မြတ်တို့သည် သက်ဆိုင်ရာ ကျောင်းထိုင်စာချဆရာတော်တို့၏ ထောက်ခံစာဖြင့် အသင်းကြီးသို့လာရောက် အလှူခံနိုင်ကြပါသည်။



▸ မန္တလေးမြို့၊ ဈေးချိုတော် (ဂျေရှ) မိသားစုများမှ အသံချဲ့စက် လှူဒါန်းပါသည်။




◂ နှစ်တစ်ရာပြည့် ရွှေချည်ထိုး ပိုးတာအလှူရှင် ဦးခင်မောင် (မုံရွာ)



▸ ဦးထွန်းရှပ်တု အလှူရှင် ဦးအုန်းဖေ+ဒေါ်ခင်တင့်



ဗိမာန်တော်ကြီးရှေ့ဝင်ပေါက် မြောက်ဘက်မုခ်ဦး
အလှူရှင် သင်းမလူကြီး ဦးအောင်တင့်+ဒေါ်သန်းဌေး



ဗိမာန်တော်ကြီးရှေ့ဝင်ပေါက် မြောက်ဘက်မုခ်ဦးကို
သင်းမလူကြီး ဦးအောင်တင့်+ဒေါ်သန်းဌေး မိသားစု တို့မှ
လှူဒါန်းပါသည်။



မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းသို့
မန္တလေးမြို့၊ ၈၄လမ်း၊ ၃၃ × ၃၄လမ်းကြား၊ ယခုလက်ရှိ
နန်းထိုက် အထည်ဆိုင်အား ငှားရမ်းထားသော
မြေနှင့်အဆောက်အဦးအား လှူဒါန်းသောအလှူရှင်
ဒေါ်အေးကျင်

# ဦးမောင်ကြီး (ဘီ၊ အိုဝ်၊ စီ ရှယ်ယာ)

# အလှူတော်ရံပုံငွေ အလှူရှင်၏ မြေးများ



ဦးမောင်ကြီး

ဗိုလ်မှူးတင်ထွဋ်+ဒေါ်တင်အေးခိုင် ၁၂၃၊ လမ်း (၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးမျိုးအေး+ဒေါ်ခင်ခင်၊ ဒေါ်တင်တင်၊ ဦးမောင်မောင်ထွန်း၊ ဦးမျိုးမြင့်+ဒေါ်မေဖြူလှ၊
ဒေါ်ခင်ညို အမှတ် (၂၉၉)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုန်မြို့နယ်၊ ရန်ကုန်မြို့။
ဦးဇော်ဝင်း+ဒေါ်ဝင်းဝင်းသိန်း၊ အမှတ် (၅၀)၊ ၂၅လမ်း၊ ရန်ကုန်မြို့။

<u>လှူဒါန်းပြီးခဲ့သော ငွေများ</u>

| | |
|---|---|
| ၁၉၆၇ ခု၊ မေလ (၂၃) ရက် | ၅၆၂၆၀ိ/- |
| ၁၉၉၄ ခု၊ ဧပြီလ (၂၄) ရက် | ၈၀၀၀၀ိ/- |
| ၁၉၉၄ ခု၊ အောက်တိုဘာလ (၂၉) ရက် | ၁၁၂၅၀၀ိ/- |
| ၁၉၉၅ ခု၊ ဇူလိုင်လ (၂) ရက် | ၁၁၁၀၀၀ိ/- |
| ၁၉၉၆ ခု၊ ဖေဖော်ဝါရီလ (၁၃) ရက် | ၁၂၃၀၀၀ိ/- |
| ၁၉၉၆ ခု၊ နိုဝင်ဘာလ (၂၀) ရက် | ၁၆၉၅၀၀ိ/- |
| ၁၉၉၇ ခု၊ မတ်လ (၂၄) ရက် | ၁၅၉၂၀၀ိ/- |

## ဦးညွန့် + ဒေါ်ခင်မြ

**လှည်းထောင်တန်းရပ်၊ ရွှေးခေတ်ကျပ်ငွေ (၁၀၀,၀၀၀ိ/–) တစ်သိန်းအလှူရှင်**





## နယုန်လ စာလျှောက်မေးခမ်းတွင် လှူဒါန်းကြသော
## ဆွမ်းဒါယကာ–ဒါယိကာမများစာရင်း



နယုန်လဆန်း (၄) ရက်နေ့တွင်
(ဦးထွန်း)+ဒေါ်ဝင်းစိန် တို့က
သံဃာတော် (၁၆၀) ကျော်တို့အား ဆွမ်း၊
လှူဒါန်းပါသည်။

ဈေးချိုတော် ဝါးတန်းရပ်
ပုဏ္ဏာထုတ်ဆရာတော်၊ စာဖြေ
ခဲဖွယ်၊ ချိုချဉ် တို့ဖြင့် ဆက်ကပ်

ဦးထွန်း+ဒေါ်ဝင်းစိန်



ဦးခင်မောင်မြဲ



ဒေါ်ညွန့်ညွန့်

နယုန်လဆန်း (၆) ရက်နေ့တွင် ဈေးချိုတော် ဝါးတန်းရပ် ပင်ရင်းဆေးပွဲရုံ ဦးခင်မောင်မြဲ+ဒေါ်ညွန့်ညွန့် မိသားစုတို့က အထက်ပါဆရာတော်၊ စာဖြေသံဃာတော်များအား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ် တို့ဖြင့် ဆက်ကပ် လှူဒါန်းပါသည်။



ဦးခို



ဒေါ်စိမ့်ညို

နယုန်လဆန်း (၇) ရက်နေ့တွင် ပွဲကုန်းရပ် ပွဲစားကြီး ဦးခို+ဒေါ်စိမ့်ညို နှင့် သား, သမီး တစ်စုတို့က အထက်ပါဆရာတော်၊ စာပြေသံဃာတော်များအား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ် တို့ဖြင့် ဆက်ကပ် လှူဒါန်းပါသည်။



ဒေါ်တင်အိ

နယုန်လဆန်း (၈) ရက်နေ့တွင် ၈၅လမ်း၊ ဝါးတန်းရပ် ပွဲစားကြီး ဦးအောင်တင်၊ (တူမ) ဒေါ်တင်အိ တို့က အထက်ပါ ဆရာတော်၊ စာပြေသံဃာတော် (၁၆၀) ကျော်တို့အား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ် တို့ဖြင့် ဆက်ကပ် လှူဒါန်းပါသည်။



ဦးချစ်မောင် နာယကကြီး မိသားစု

မန္တလေးမြို့၊ ဘုရားကြီး၊ ကျောက်ဆစ်တန်း၊ အသင်းနာယကလူကြီး ဦးချစ်မောင်+ဒေါ်အမ သား, သမီး တစ်စုတို့က ပဋ္ဌာထုတ် ဆရာတော်ကြီးများအား (၅) ရက် တိုင်တိုင် နံနက် အာရုဏ်ဆွမ်း၊ မုန့်မျိုးစုံ၊ ကော်ဖီတို့ဖြင့် ဆက်ကပ် လှူဒါန်းပါ သည်။



ဦးရှင်+ဒေါ်နု

နယုန်စာအောင်ပူဇော်ပွဲနေ့တွင် မန္တလေးမြို့ အိမ်တော်ရာ၊ ဆင်တဲတားရပ် ကိုးအမှတ်တံဆိပ် ပိတ်ထီးနှင့် ဆီကုန်သည် ဣန္ဒြိယာရာမ ရွှေငှုပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်းရှိ ဓမ္မာစရိယကျောင်း ကျောင်းဒါယကာ ဦးရှင်+ဒေါ်နု သား,သမီးတစ်စုတို့က ပင့်သံဃာတော်များနှင့် စာအောင်ပုဂ္ဂိုလ်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပါသည်။



ဦးကျော်ငွေ+ဒေါ်ခင်ဝင်းကြည်

မန္တလေးမြို့၊ ၈၄လမ်း၊ ဒါးတန်းရပ်၊ အက်စ်ကေအုတ်လုပ်ငန်း ပိုင်ရှင် ဦးကျော်ငွေ+ဒေါ်ခင်ဝင်းကြည် မိသားစုတို့က ပုဏ္ဏာထုတ် ဆရာတော်၊ စာဖြေသံဃာတော်တို့အား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ် တို့ဖြင့် ဆက်ကပ် လှူဒါန်းကြပါသည်။

၁။ နယုန်လဆန်း (၅) ရက်နေ့တွင် လွှထောင်တန်းရပ် ရွှေပန်းထိမ်ဆရာကြီး ဦးဘရှင်+ဒေါ်သိန်းသိန်း တို့က အထက်ပါ ဆရာတော်၊ စာဖြေသံဃာတော်တို့အား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းပါသည်။

၂။ မန္တလေးမြို့၊ ကျောက်သွေးတန်းရပ် ရွှေ , ငွေ ရတနာကုန်သည် ဦးဝင်းမောင်+ဒေါ်သန်းရင် နှင့် သား သမီးတစ်စုတို့က ပုဏ္ဏာစစ်ဆေး အမှတ်ပေးဆရာတော်များအား နံနက်ဆွမ်း ဆက်ကပ်လှူဒါန်းပါသည်။

၃။ မန္တလေးမြို့၊ ဈေးချို ပွဲစား ဒေါ်စောလေးက အထက်ပါ ဆရာတော်များနှင့် စာဖြေသံဃာတော်များအား သရက်သီး ဆက်ကပ်လှူဒါန်းပါသည်။

၄။ မန္တလေးမြို့၊ ဈေးချိုတော် ဝါးတန်းရပ် တန်ဆောင်းဒါယကာ ပွဲစားကြီး ဦးထီ+ဒေါ်အမ တို့ကို ရည်စူး၍ ဦးသန်းထိုက်+ဒေါ်ကျင်စု မိသားစု တို့က အထက်ပါ ဆရာတော်များနှင့် စာအောင်ပုဂ္ဂိုလ်တို့အား ချိုချဉ်၊ ခဲဖွယ်များ ဆက်ကပ် လှူဒါန်းပါသည်။

## ပြာသိုလ စာလျှောက်ပေးခမ်းတွင် လှူဒါန်းကြသော ဆွမ်းဒါယကာ–ဒါယိကာမများစာရင်း

ဦးစံဝင်း+ဒေါ်သန်းသန်းထိုက်
ပုဇ္ဇကဆရာတော်များနှင့်
ခဲဖွယ်၊ ချိုချဉ်တို့ဖြင့်



မိသားစု ရှမ်းပွဲရပ်မှ
စာဖြေသံဃာတော်များအား ဆွမ်း၊
ဆက်ကပ်လှူဒါန်းပါသည်။ (၇–ကြိမ်)

ဦးစံဝင်း+ဒေါ်သန်းသန်းထိုက်



ဦးဘသန်း



ဒေါ်ခင်သိန်း

ပုဇ္ဇာစစ်ဆေး အမှတ်ပေးသောနေ့တွင် ဦးဘသန်း+ဒေါ်ခင်သိန်း မိသားစု၊ ငွေထိန်းလူကြီးဟောင်း ဆိုင်းတန်းရပ်မှ ဆရာတော်များအား နေ့ဆွမ်းအဖြစ် ကြက်ဥခေါက်ဆွဲဆွမ်း တစ်နှစ်လျှင် (၃) ကြိမ် ယနေ့တိုင် ဆက်ကပ်လှူဒါန်းလျက် ရှိပါသည်။ (၃၅–ကြိမ်)



ဦးသောင်းညဏ်+ဒေါ်ခင်လှ

သင်းမလူကြီး ဦးသောင်းညဏ်+ဒေါ်ခင်လှ (သား) မောင်မြင့်ဇော်+မအောင်မေစီ (မြေး) မစုစုဇော်၊ မဟာဂန္ဓာရုံကျောင်း ဒါယကာကြီး ပွဲကုန်းရပ်၊ ဘုရင့်နောင်လမ်း၊ ပွဲကုန်းရပ်မှ စာအောင်ပွဲအခမ်းအနားနေ့တွင် စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များအား နေ့ဆွမ်း ယနေ့တိုင် ဆက်ကပ် လှူဒါန်းလျက် ရှိပါသည်။ (၁၃) နှစ်



ဦးထီ



ဒေါ်အမ

မန္တလေးမြို့၊ သကျသီဟတန်ဆောင်းဒါယကာ (ပွဲစားကြီး) ဦးထီ+ဒေါ်အမ မိသားစုမှ စာအောင်လက်မှတ် ဆက်ကပ်သည့် အခမ်းအနားနေ့တွင် တစ်နှစ်လျှင် (၂) ကြိမ် ယနေ့တိုင် ဆက်ကပ်လှူဒါန်းလျက် ရှိပါသည်။ (၃၅) ကြိမ်



ဦးလှဘူး+ဒေါ်စိမ်းရီ

ဦးလှဘူး+ဒေါ်စိမ်းရီ မိသားစု (ပွဲစားကြီး) ၃၅လမ်း၊ ဒေးဝန်းရပ်မှ ပုဇ္ဇကဆရာတော်များနှင့် စာဖြေသံဃာတော်များအား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းပါသည်။ (၁၂–ကြိမ်)



ဦးရှမ်း



ဒေါ်ခင်သန်း

ပြာသိုလဆန်း (၄) ရက်နေ့တွင် မန္တလေးမြို့၊ ၈၂လမ်း၊ ၃၅×၃၆လမ်းကြား၊ ဆေးဆိုးတိုက် ဘိနပ်ပစ္စည်းကုန်သည် ဦးရှမ်း+(ဒေါ်ခင်သန်း) မိသားစုတို့က ဆွမ်း၊ ခဲဘွယ်ဘောဇဉ်၊ ချိုချဉ် အရသာတို့ဖြင့် တာဝန်ယူ၍ ဆက်ကပ်လှူဒါန်းကြပါသည်။



ဦးကွန်းစိန်+ဒေါ်သက်ရှည်

ပြာသိုလဆန်း (၃) ရက်နေ့တွင် မန္တလေးမြို့၊ ပဲလော်ချောင်ရပ် ဆေးပွဲစားကြီး ဦးကွန်းစိန်+(ဒေါ်သက်ရှည်)
မိသားစုတို့က ဆွမ်း၊ ခဲဘွယ်ဘောဇဉ်၊ ချိုချဉ်အံ့ရသာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါသည်။

၁။ ဦးလှမောင်+ဒေါ်သိန်းတင်တို့ ကြီးမှူး၍ ဆေးပွဲစားကြီး ဦးထွန်းစိန်+ဒေါ်သက်ရှည် သား, သမီး တစ်စု၊ ပဲလော်ချောင်ရပ်မှ ပုဒ္ဓကဆရာတော်များနှင့် စာဖြေသံဃာတော်များအား ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းပါသည်။ (၃၅–ကြိမ်)

၂။ အသင်းနာယကကြီး ဦးချစ်မောင်+ဒေါ်အမ မိသားစု (ရွှေပန်းတိမ်ဆရာကြီး) မိသားစုတို့က ပုဒ္ဓကဆရာတော်များအား အာရုဏ်ဆွမ်းနှင့် ချိုချဉ်၊ ခဲဖွယ်တို့ဖြင့် ယနေ့တိုင် ဆက်ကပ် လှူဒါန်းလျက်ရှိပါသည်။ (၃၅–ကြိမ်)

၃။ ဦးဝင်းမောင်+ဒေါ်သန်းရင် မိသားစု (ရတနာကုန်သည်) ကျောက်သွေးတန်းရပ်မှ နှစ်စဉ် ပုဒ္ဓာစစ်ဆေး အမှတ်ပေးသည့် ဆရာတော်များအား တစ်နှစ်လျှင် (၃) ကြိမ် နံနက်ဆွမ်း၊ ဘောဇဉ်၊ ချိုချဉ်၊ ခဲဖွယ်တို့ဖြင့် ယနေ့တိုင် ဆက်ကပ်လှူဒါန်းပါသည်။ (၃၅–ကြိမ်)

၄။ အသင်းနာယကကြီး ဦးသုတ+ဒေါ်လှကြင် (ဆားတောင်) သား, သမီးတစ်စုတို့က စာအောင်လက်မှတ် ဆက်ကပ်သည့် အခမ်းအနားနေ့တွင် ကြွရောက်လာကြသည့် စာအောင်ပုဂ္ဂိုလ်များ၊ ပင့်သံဃာတော်များနှင့် ဧည့်ပရိတ်သတ်တို့အား သီးစုံဖျော်ရည်တို့ဖြင့် ယနေ့တိုင် ဆက်ကပ်လှူဒါန်း ကုသိုလ်ပြုပါသည်။ (၁၁) နှစ်

## တပေါင်းလဆန်း နှစ်စဉ်ကျင်းပမြဲလုပ်လျှက်ရှိသော နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ (အာဂုံ) ရေးမြေ စာလျှောက်ပေးခမ်း၌ လှူဒါန်းကြသော ဆွမ်းဒါယကာ–ဒါယိကာမများစာရင်း



▼
နိကာယ်စာတော်ပြန်ပွဲ ဒါယကာ
ပဓာန ဒါယကာဦးသာဌေး+ဒေါ်သန့် (သားကြီး)
ဦးမောင်မောင်တင်+ဒေါ်ခင်စန်းရီ



▼
နိကာယ်စာတော်ပြန်ပွဲ ဒါယိကာမ
ပဓာန ဒါယကာဦးသာဌေး+ဒေါ်သန့် (သမီး)
ဒေါ်မြင့်မြင့်



နိကာယ်စာတော်ပြန်ပွဲ ဒါယကာ
ပဓာန ဒါယကာဦးသာဌေး+ဒေါ်သန့် (သားငယ်) ◀
ဦးညွန့်ရီ+ဒေါ်တင်တင်လှ



▼
နိကာယ်စာတော်ပြန်ပွဲ ဒါယကာ
ဦးမောင်မောင်+ဒေါ်ငြိမ်း
လူပျံတော်ပတ္တမြားအဘယသုခဆေးတိုက်ပိုင်ရှင်



▼
နိကာယ်စာတော်ပြန်ပွဲ
ပဓာန ဒါယကာဦးထင်

၁။ နှစ်စဉ် တပေါင်းလဆန်း (၂) ရက်နေ့တွင် ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းနှင့် လမ်းသစ်လမ်းထောင့် လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်+ဒေါ်ငြိမ်း မိသားစုတို့က ပုစ္ဆကဆရာတော်များနှင့် စာဖြေသံဃာတော်တို့အား ဆွမ်း၊ လက်ဖက်ရည်တို့ဖြင့် ဆက်ကပ်လှူဒါန်းပါသည်။

၂။ နှစ်စဉ်တပေါင်းလဆန်း (၃) ရက်နှင့် တပေါင်းလပြည့်ကျော် (၅) ရက်နေ့တွင် ဓာတ်လှေကား ဒါယကာ စက်သူဌေး ဦးသာဌေး+ဒေါ်သန်း သား, သမီး, မြေးတို့က နှစ်ကြိမ်တိုင်တိုင် ဆွမ်း၊ လက်ဖက်ရည်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြပါသည်။

၃။ နှစ်စဉ်တပေါင်းလဆန်း (၂)ရက်၊ (၃)ရက်နေ့တို့တွင် ကျောက်ဆစ်တန်းရပ် အသင်းနာယကလူကြီး ဦးချစ်မောင်+ဒေါ်အမ မိသားစုတို့က ပုဏ္ဏာထုတ်ဆရာတော်အရှင်မြတ်တို့အား အရုဏ်ဆွမ်း၊ လက်ဖက်ရည်တို့ဖြင့် တစ်နှစ်လျှင် (၃) ကြိမ် ရာသက်ပန် ဆက်ကပ်လှူဒါန်းကြပါသည်။

၄။ နှစ်စဉ်တပေါင်းလဆန်း (၇) ရက်နေ့တွင် ကျောက်သွေးတန်းရပ် (ရတနာကုန်သည်) ဦးဝင်းမောင်+ဒေါ်သန်းရင် မိသားစုတို့က နံနက်ဆွမ်း၊ လက်ဖက်ရည်တို့ဖြင့် တစ်နှစ်လျှင် (၃) ကြိမ် ရာသက်ပန် ဆက်ကပ်လှူဒါန်းကြပါသည်။

၅။ နှစ်စဉ်တပေါင်းလဆန်း (၇) ရက်နေ့တွင် ဆိုင်းတန်းရပ် ငွေထိန်းလူကြီးဟောင်း ဦးဘသန်း+ဒေါ်ခင်သိန်း မိသားစုတို့က ကြက်ဥခေါက်ဆွဲဆွမ်းဖြင့် တစ်နှစ်လျှင် (၃) ကြိမ် ရာသက်ပန် ဆက်ကပ်လှူဒါန်းကြပါသည်။

# ပဒေသာပင် အလှူရှင်များ




မလွန်ပဒေသာပင်အဖွဲ့



ရွှာဟိုင်းဈေးနယ်လုံးဆိုင်ရာ (မန်းမြို့ဈေး)
ပဒေသာပင်အဖွဲ့



ဝါးတန်းပဒေသာပင်အဖွဲ့



ရွှေဘုန်းရှိန်
ရှမ်းပွဲပဒေသာပင်အဖွဲ့



ပြည်ကြီးချမ်းသာဆန်စက်ပိုင်
ဦးချစ်ဖေ မိသားစု ပဒေသာပင်အဖွဲ့



အာနန္ဒာစောင်းတန်း ပဒေသာပင်အဖွဲ့



ပွဲစားကုန်သည်–စက်ပိုင်ရှင်ကြီးမျ..
ကထိန်တော်အသင်း ပဒေသာပင်အဖွဲ့



အုတ်သူကြီးပဒေသာပင်အဖွဲ့

၁။ အောင်နန်းရိပ်သာအနောက် မလွန်ပဒေသာပင်
နှစ်စဉ် အောင်နန်းရိပ်သာအနောက် မလွန်ပဒေသာပင်ကို နယုန်လ စာလျှောက်မေးခမ်းတွင် အောင်မြင်တော်မူကြသော အရှင်မြတ်တို့အား စာရေးတံမဲချ၍ လှူဒါန်းပါသည်။
၂။ မန်းမြို့ဈေး (ရွာဟိုင်းဈေး) နယ်လုံးဆိုင်ရာ ပဒေသာပင်
နှစ်စဉ် မန်းမြို့ဈေး (ရွာဟိုင်းဈေး) နယ်လုံးဆိုင်ရာ ပဒေသာပင်။
၃။ ဈေးချို ဝါးတန်းရပ် ပဒေသာပင်။
၄။ ရွှေဘုန်းရှိန်၊ ရှမ်းပွဲပဒေသာပင်။
၅။ ပြည်ကြီးချမ်းသာ ဆန်စက်ပိုင် ဦးချစ်ဖေ မိသားစု ပဒေသာပင်။
၆။ ကိုင်းတန်းဈေး ပွဲကတော်ကြီး ဒေါ်ဒေါ်ကြင် မိသားစု ပဒေသာပင်။
၇။ အာနန္ဒာစောင်းတန်း၊ စာတိုက်တန်း၊ နိဗ္ဗာန်ကုန်သည်ကြီးများ ပဒေသာပင်။
အရံပဒေသာပင်များ
၈။ ညွှန့်ပေါင်းဈေးရပ် (ခ) မန်းရတနာဈေးရပ် ပဒေသာပင်။
အသင်းနာယကကြီး ဦးရွှေအား အမှူးထား၍ ဦးနေဝင်း+ဒေါ်လှထွေး (ယောနသံစင်ရော်) မိသားစု ဦးဆောင်သော ဆွေမျိုး မိတ်သင်္ဂဟများ ပဒေသာပင်။
၉။ အုတ်သူကြီးများ ပဒေသာပင်
၁၀။ ဦးအောင်ကြည်+ဒေါ်လှပြုံး မိသားစု ဦးဆောင်သော တရုတ်တန်းဈေး ပဒေသာပင်။
၁၁။ ဦးဖေါ်ငွေး+ဒေါ်ကြူကြူဝင်း မိသားစု ဦးဆောင်သော တရုတ်တန်းဈေး ပဒေသာပင်။
၁၂။ ပရိယတ္တိသာသနဟိတအသင်း ဒုတိယဥက္ကဋ္ဌ (ငွေတာရီ) ဦးထွန်းသိန်း+ဒေါ်လှမြိုင် မိသားစု ဦးဆောင်သော ပဒေသာပင်။
၁၃။ မန္တလေးမြို့ အနောက်ခင်မကန်တိုက် ဦးသီလအုတ်ကျောင်းဆရာတော် သ-စ-အ-ဓမ္မာစရိယ ပဒေသာပင်။
၁၄။ ပွဲစား၊ ကုန်သည်၊ စက်ပိုင်ကြီးများ ကထိန်တော်အသင်း ပဒေသာပင်။

## နှစ်(၁၀၀)ပြည့်ပူဇော်ပွဲအခမ်းအနားတွင်
## ပင့်ဖိတ်ထားသည့် ဆရာတော်သံဃာတော်(၄၀၀)ခန့်နှင့် ဧည့်ပရိတ်သတ်တို့အား
## အောက်ပါကုသိုလ်ရှင်များမှ ဆွမ်းဘောဇဉ်ဆက်ကပ်ခြင်းနှင့်
## ဧည့်ခံကျွေးမွေးခြင်းများကို ကုသိုလ်ပြုကြပါသည်။

၁။ ၁၃၆၀-ခုနှစ်၊ တပို့တွဲလဆန်း (၉) ရက်နေ့တွင် ဦးအေးကို (ပရိယတ္တိသာသနဟိတအသင်း အတွင်းရေးမှူး)-ဒေါ်တင်အုန်းကြည် (သမီး) - မသီတာကို၊ မ... ...ကို မိသားစု၊ အမှတ်-၁၉၈/၇၊ ၂၆-၁၇လမ်း၊ ဆိုင်းတန်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

၂။ ၁၃၆၀-ခုနှစ်၊ တပို့တွဲလဆန်း (၁၀) ရက်နေ့တွင် နွားနို့ဂျုံစက်ပိုင်ရှင် ဦးခင်မောင်မြ-ဒေါ်ညွှန့်ညွှန့် သား၊ သမီး၊ မြေးတစ်စု၊ အမှတ် - ၃၁၂၊ ၂၉-လမ်း၊ ဈေးချို၊ ဂါးတန်းနှပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၃။ ၁၃၆၀-ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက်နေ့တွင် ဦးသန်းမောင်-ဒေါ်ခင်စီ (သမီး) - မခိုင်စိုးသန်း၊ (သား) - မောင်ဟန်ဝင်းကျော်၊ အမျိုးသားပခွဲစက်နှင့်ဂျုံစက်ပိုင်၊ ၃၅လမ်း၊ ၈၆-၈၇လမ်းကြား၊ မန္တလေးမြို့။

၄။ ၁၃၆၀-ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက်နေ့တွင် ဘိုးဘွားမိဘများဖြစ်ကြသော နိကာယ်ပဓာနဒါယကာကြီး၊ ဓာတ်လှေကား ဒါယကာစက်သူဌေး ဦးသာဌေး-ဒေါ်သန်း၊ ဦးမောင်မောင်တင်-ဒေါ်ခင်စန်းရီ တို့အား ရည်စူး၍ မန္တလေးမြို့၊ ၂၆လမ်းနေ ဒေါ်မြင့်မြင့် အားအမှူးထားလျှက် ဦးအေးကိုကို-ဒေါ်သက်သက်ထွန်း (သမီး) - မဟန်နီကို၊ (သား) - မောင်ဖြိုးပြည့် (Beauty World မိသားစု) ကောင်းမှု၊

၅။ ၁၃၆၀-ခုနှစ်၊ တပို့တွဲလဆန်း (၁၃) ရက်နေ့တွင် ဦးသောင်းညွှန့်-ဒေါ်ခင်ဝင်း၊ ကိုခင်မောင်သိန်း-မခခ၊ ကိုစိန်ဝင်း-မရီမြင့်၊ ကိုသောင်းဆွေဦး-မချိုတူး၊ စိန်ဝင်းဝင်းလှက်ရည်ဆိုင် မိသားစု၊ ၃၄လမ်း၊ ၈၅-၈၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၆။ ၁၃၆၀-ခုနှစ်၊ တပို့တွဲလဆန်း (၁၄) ရက်နေ့တွင် ဦးရှင်-ဒေါ်နုနှင့် ဦးကံမြင့် တို့အား ရည်စူး၍ ဒေါ်ကွယ် (သား) - ဦးအေးပို-ဒေါ်မြင့်မြင့်သန်း (သမီး) - မခိုင်ရည်ဦး၊ မနှင်းရေအေး စိန်ရွှေရတနာကုန်သည် မိသားစုကောင်းမှု၊ အမှတ် - ၅၀၅/၂ ၃၅-၃၆ လမ်း၊ ၈၀-၈၁လမ်းကြား၊ တောင်ကျားလျှာဝင်း၊ ဖုန်း - ၃၃၄၃၀၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

၇ ၁၃၆၀-ခုနှစ်၊ တပို့တွဲလဆန်း (၁၅) ရက်နေ့တွင် ဒေါ်တင်အောင် (မောင်) - ဦးအောင်သိန်း-ဒေါ်လှမြိုင် သား၊ သမီး၊ မြေးများ ( ဘင်ရတနာမိသားစု၊ အောင်ရတနာခြံ၊ အမှတ် - ၁၃၄/က၊ လမ်း ၂၀၊ အောင်ရတနာလမ်း၊ ၆၅-၆၆လမ်းကြား၊ နန်းရှေ့၊ မန္တလေးမြို့။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

၁။ ကျေးဇူးရှင် ဘုရားဒါယိကာမကြီး ဒေါ်လှခင်၊ ဘုရားဒါယကာကြီး ဦးရ၊ ဘုရားဒါယကာကြီး (ဦးလှိုင်) တို့ကို ရည်စူး၍ ဘုရားဒါယိကာမကြီး ဒေါ်ရီ (သား) - ရန်အောင်၊ မင်္ဂလာရှစ်မျက်နှာ ဘုရားဒါယကာကြီး ဦးဘမောင်၊ ဘုရားဒါယိကာမကြီး ဒေါ်တင်မာ၊ (မြေး) - (မောင်ပီတာ)၊ (သမီး) - မဥမ္မာခင်၊ မအေးအေးခိုင်မင်း၊ မအေးအေးအောင်၊ (မောင်) - ပြည့်စုံမင်း-မခိုင်ဇာနီထွေး အလှူတော်မင်္ဂလာ စူပါအကယ်ဒမီနို့ဆီ မိသားစုတို့မှ မိုးတားသာသနာပိုင်ဆရာတော်ရုပ်ထုကို လှူဒါန်းပါသည်။

၂။ ကျောင်းများဒါယကာကြီး ဦးအုန်းဖြေ-ကျောင်းများဒါယိကာမကြီး (ဒေါ်ခင်တင့်) (သား) - ကိုအောင်ကျော်စိုး-မဝင်းဝင်းမာ (သား) - ကိုအောင်ကျော်မိုး၊ ကိုမြဇော်-မမိမိလွင်၊ (သမီး) - မခင်သန့်ဇင်၊ (မြေး) - မဆွေဇင်စိုး၊ မသန်းသန်းဟန် မိသားစု စေတနာ ရွှေဘုံပါးပိ၊ ငပြာရည်ရောင်းဝယ်ရေးလုပ်ငန်း၊ မလွန်ခဲလန်တန်း... ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့မှ အသင်းကြီး၏ ပထမဥက္ကဋ္ဌကြီး ဦးထွန်းရုပ်ထုကို လှူဒါန်းပါသည်။

၃။ ဦးရှမ်း-(ဒေါ်ခင်သန်း) မိသားစု၊ ဆေးဆိုးလုပ်ငန်းနှင့်ဘိနပ်ပစ္စည်းကုန်သည် ကေတီတံဆိပ်ဘိနပ်လုပ်ငန်း၊ ၈၂လမ်း၊ ၃၅-၃၆လမ်းကြား၊ မန္တလေးမှ ပင့်ဖိတ်ထားသည့် သံဃာတော်အပါး (၃၀၀) တို့အား ဘိနပ်တစ်ရံစီ လှူဒါန်းပါသည်။

ပရိယတ္တိသာသနဟိတအသင်းကြီးချုပ်

## ပဓာနတာဝန်ကြီး(၄)ရပ်

၁။ နယုန်လ ရဟန်းတော်များအတွက် သီးခြားစာသင်တန်းနှင့် စာချတန်း စာလျှောက်မေးပွဲများ ကျင်းပပေးခြင်း။

၂။ ပြာသိုလ ရှင်သာမဏေများအတွက် သာသနာလင်္ကာရသာမဏေကျော် စာလျှောက်မေးပွဲများ ကျင်းပပေးခြင်း။

၃။ တပေါင်းလသာသနာ့ဝန်ထမ်းရဟန်းသာမဏေများအတွက်နိကာယ်ငါးရပ် ပိဋကတ်တော် စာလျှောက်မေးပွဲများ ကျင်းပပေးခြင်း။

၄။ အသင်းကြီး၏ကိုးကွယ်ခံ အရှင်မြတ်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား စသော ပစ္စည်းလေးပါးတို့ဖြင့် လစဉ် နိဗဒ္ဓဝတ်မပျက် ထောက်ပံ့ လှူဒါန်း ခြင်းတို့ဖြစ်ပါသည်။